၄၂၃	သံ၊၂။ ၁၅၀။	ကောသလ	သာဝတ္ထိ	ဇေတဝန-ဗုဒ္ဓ	ရဟန်းများ
	သံ၊၂။ ၁၆၉။	။	။	။ ။	။

၄၂၄။ နောစေအသာသုတ္တ (၂)

၄၂၄	သံ၊၂။ ၂၄၄-၅။	ကောသလ	သာဝတ္ထိ	ဇေတဝန-ဗုဒ္ဓ	ရဟန်းများ
	သံ၊၂။ ၂၄၅-၆။	။	။	။ ။	။

၄၂၅။ နောစေဒံသုတ္တ

၄၂၅	သံ၊၁။ ၃၈၁-၂။	ကောသလ	သာဝတ္ထိ	ဇေတဝန-ဗုဒ္ဓ	ရဟန်းများ

၄၂၆။ နောပရိယေသနာ နာနတ္တသုတ္တ

၄၂၆	သံ၊၁။ ၃၆၁။	ကောသလ	သာဝတ္ထိ	ဇေတဝန-ဗုဒ္ဓ	ရဟန်းများ

၄၂၇။ နောဖဿနာနတ္တသုတ္တ

၄၂၇	သံ၊၁။ ၃၅၈-၉။	ကောသလ	သာဝတ္ထိ	ဇေတဝန-ဗုဒ္ဓ	ရဟန်းများ

ဣတိပိဋကသူစိကျမ်း

(စ-ဝဂ်၊ စက္ကသုတ်မှ တ-ဝဂ်၊ နောဖဿနာနတ္တသုတ္တ အထိ)

သုတ်အရေအတွက်ပေါင်း (၈၀၂) သုတ်

ဒုတိယတွဲ ပြီးပါပြီ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ဒုတိယပါမောက္ခချုပ်(စီမံ)

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်
မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
ပဓာနနာယကဆရာတော်

အဂ္ဂမဟာပဏ္ဍိတ

အရှင်ကုမာရဏေရ

စီရင်ရေးသားအပ်သော

တိပိဋက သုတ္တသုစီ ဝိဘာဝိနီ

(စ–ဝဂ်၊ စက္ကသုတ္တ မှ ဘ–ဝဂ်၊
နောဖယသနာနတ္တသုတ္တ အထိ
သုတ်ပေါင်း ၈၀၂–သုတ်)

(ဒုတိယတွဲ)

အဂ္ဂမဟာပဏ္ဍိတ အရှင်ကုမာရ

ဒုတိယပါမောက္ခချုပ်ဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပဓာနနာယကဆရာတော်၊ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ရတနတ္တယပဏာမ

သုတ္တန္ဆံ ဒေသကံ ဗုဒ္ဓံ၊
သုတ္တမမ္ဆံ နိသေဝိတံ။
သုတ္တေ နိရဂ်ံဏံ သံဃံ၊
အဟံ ဝန္ဒာမိ သာဒရံ။

အဟံ – အရှင်ကုမာရ ခေါ်ဝေါ်ကြသား နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။

သုတ္တန္ဆံ – ဒီဃ, မဇ္ဈိမ, သံယုတ္တနှင့် အင်္ဂုတ္တရ, ခုဒ္ဒက–ဟု ငါးဝန်ကာယ ခေါ်ဆိုကြသည့် သုတ္တန္တ, ဝိနယ, အဘိဓမ္မဒေသနာတော်ကို။

ဒေသကံ – ဝေနေယျအလိုက် သိသင့် သိထိုက်သမျှ မြွက်ဟလှစ်ဖော် ဟောကြားတော်မူတတ်သော။

ဗုဒ္ဓံ – သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် ကိုယ်လည်း မြင်၍ သုံးပြင်ဘုံသား ဝေနေအားလည်း ဟောကြားလှစ်ချွေ ကျွတ်ဆုဝေလျက် သိစေတော်မူတတ် ဘုရားရှင်ကိုယ်တော် မြတ်ကိုလည်းကောင်း။

နိသေဝိတံ – ဘုရားမြတ်စွာ စိန္တေယျာသည် ဂေါစရ,ဘာဝနာ နှစ်ဖြာသော သေဝနာတို့ဖြင့် အမြဲမပြတ် မှီဝဲတော်မူအပ်သော။

သုတ္တမမ္ဆံ – မဂ်,ဖိုလ်,နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်ထင်ရှား နိကာယ်ငါးစု မှတ်သားပြုအပ် တရားတော်မြတ်ကိုလည်းကောင်း။

သုတ္တေ – အဇ္ဈာသယအလိုက် ထိုက်သည့်အလျောက် ဟောကြားမြွက်ဖော် တရားတော်ကြောင့်။

နိရဂ်ံဏံ – ကိလေသာအင်္ဂ ကင်းစင်ပတော်မူသော။

သံဃံ – ရှစ်ဖော်အရိယာ မြတ်သံဃာတော်ကိုလည်းကောင်း။

သာဒရံ – ဘယ,လာဘ, သမ္မောဟနှင့် ကုလ,အာစာ မိစ္ဆာမယှဉ် ဂုဏ်တော်အစဉ် စိတ်ဝယ်တင်လျက် လေးမြတ်ပိုမို ရှိသေလှစွာ။

ဝန္ဒာမိ – အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်အောင် နှိမ့်ချရိုးကျိုး လက်စုံမိုးကာ ရှိခိုးဦးချပါ၏။

အဘိစရိယာဂုဏ်ဝန္ဒနာ
(ဂုရုပဏာမ)

နိကာယေ ပါရမိပွတ္တံ၊
နိကာယေ ကောဝိဒံ ဝိဒုံ။
နိကာယေ အာသယံ ဓီရံ၊
ဝန္ဒေ နိကာယ အာသဘံ။

အဟံ – 'အရှင်ကုမာရ'ဟု နာမမှည့်ခေါ် တပည့်တော်သည်။

နိကာယေ – ဒီဃ, မဇ္ဈိမ, သံယုတ္တနှင့် အင်္ဂုတ္တရ, ခုဒ္ဒက–ဟု ငါးဝနိကာယ် ကျမ်းပင်လယ်၌။

ပါရမိပွတ္တံ – နာနာနယ နိပုဏာဂမ္ဘီရ စုံညီပြည့်ဝတော်မူကြသဖြင့် ဟိုမှာ ဘက်ကမ်း ကူးသန်း၍ တက်လှမ်းတော်မူပြီးထသော

နိကာယေ – ဆုံးစမထင် ကောင်းကင်ပမာ ကျယ်ဝန်းလှစွာသော နိကာယ် ငါးဖြာ ကျမ်းထိုစာ၌။

ကောဝိဒံ – ထုံးကဲ့သို့ချေ ရေကဲ့သို့နှောက် ထွင်းဖောက်သိမြင် ကျွမ်းကျင် လိမ္မာတော်မူသော

ဝိဒုံ – ဝိဒူခေါ်လောက် တံခွန်ဆောက်သို့ တစ်မိုးအောက်တစ်ယောက် တစ်ခေါ်လောက်အောင် တတ်မြောက်ကျွမ်းကျင် သိမြင်တော် မူသော။

နိကာယေ – ကြီးမားထုထည် ပြန့်ကျယ်ပါလှ မဟာပထဝီသမာန နိကာယ် ငါးဝ၌။

အာသယံ – ကိုယ်စိတ်နှစ်ဖြာ စွဲမြဲစွာ တည်တော်မူသော။

ဓီရံ – ရေ,ကြာ,ရိုးသား, လေးပါးကြွင်းစေ လေးထွေဝိရိယ ထက်သန်တော်မူလှပေသော။

(နိကာယ အာသဘံ) – နိကာယ်တောအုပ် ကုန်တုန်လှုပ်အောင် ရှေ့ဆောင်လမ်းထွင် ပညာရှင်ကြီးများသာ ဖြစ်တော်မူကြသော ဆရာသခင် အရှင် မြတ်အပေါင်းကို။

ဝန္ဒာမိ – ဆရာ့ပုံတော် စိတ်ရည်ရော်၍ ဂုဏ်တော်အစွမ်း ပညာလွှမ်း လျက် မှန်းဆရိုကျိုး လက်စုံမိုးကာ ရှိခိုးဦးချပါ၏။

ပဋ္ဌိညာဉ်

ကရိသာမိ သမာသေန၊
ဂရုံ ဘာရံ သုမာနိတံ။
ထေရေန ထိရသီလေန၊
နိယျာတိတံ ဝိဘာဝိနိ။

ထိရသီလေန– လာဘာလာဘ စသည်ရှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ ပကတိခိုင်မြဲသော သီလရှိတော်မူသော။

ထေရေန – အရာရာအမျိုးမျိုး လွန်အားကိုးရ ပြည့်စုံလှသည့် ခိုင်မာသော သမာဓိ, ရဲရင့်သော ပညာရှိတော်မူသည့် ဆရာသခင် ပခုက္ကူ အရှင်ကေလာသထေရ်အရှင်သည်။

သုမာနိတံ – စေတနာ,အနစ်နာ, ဝါသနာနှင့် နည်းနာတွေတိုး လွန်စွာပင် မြတ်နိုးဖွယ်ဖြစ်ထသော။

ဂရုံ – ဆရာ့စကား မိုးကြိုးသွားသို့ အလွန် ဝန်လေးလှစွာသော။

ဘာရံ – ''သုတ္တန်ဟောသမျှ စုံပြည့်ဝအောင် အကျယ်မသွင်း အကျဉ်းချုပ်ရေးသား ထုတ်ဝေပွား''ဟု မိန့်ကြားပေးအပ် တာဝန်အရပ်ရပ်ကို။

နိယျာတိတံ– ယုံကြည်ပေလတ် ပေးအပ်ခဲ့ပါပြီ။

ဝိဘာဝိနိ – ''တိပိဋကသုတ္တသူစိဝိဘာဝိနိ'' သုတိသာယာ ကျမ်းရွှေစာကို။

သမာသေန – အကျယ်မပွား အကျဉ်းချုပ်အားဖြင့်။

ကရိသာမိ – ဆရာ့ကျေးဇူး မြင့်မိုရ်ဦးကို အထူးသိတတ် ကျေးဇူးဆပ်ရန် စိတ်ရည်သန်၍ တဖန်တုံ့ဆပ် သပ်ယပ်သေချာ ဒေသနာဝမ္မ စေတနာဗလဝဖြင့် ရေးသားပြုစုပါအုံ့။

ကျမ်းပြုအရှင်၏ ဦးထျောရဉ်

တိပိဋကသုတ္တသူစိဝိဘာဝိနီ

သုတ္တသူစိ = သုတ်တို့ကို ထုတ်နှုတ်ဖော်ပြထားသည့်ကျမ်း၊ သုတ်–ဟူသည်မှာ များသောအားဖြင့် သဒ္ဒါအစီအရင်တို့ကိုပြဆိုသည့် သုတ်ဟူ၍ အများက သဘောပေါက် နားလည်ကြပါလိမ့်မည်။ သဒ္ဒါကျမ်းများ၌ သုတ်, ဝုတ္တိ, ဥဒါဟရဏ်, ကိဉ္စဒါဟရဏ်ဟု အစီအစဉ်များကို ရေးသားပြဆိုထားပါ သည်။ သုတ်–ဟူသည် ကျမ်းပြုဆရာ၏ စီရင်လိုသော သဒ္ဒါအစီအရင်, ပရိဘာသာ (လက်စွဲစကား) အမည်သညာတို့ကို အကျဉ်းချုပ် ပြဆိုထားသည့် စကားရပ်ဖြစ်ပါသည်။ ဝုတ္တိသည် သုတ်၏အစီအစဉ်ကို ဖွင့်ဆိုထားချက်များဖြစ်ပြီး ဥဒါဟရဏ်သည် ထိုစီရင်ရာ၌ ဖြစ်ပေါ်လာသည့် သာဓကပုံစံတို့ဖြစ်ပါသည်။ ကိဉ္စဒါဟရဏ်သည် ထိုမူလ ဥဒါဟရဏ် အတိုင်း မစီရင်ရသောပုံစံများကို ပြဆိုထားခြင်း ဖြစ်ပါသည်။ သဒ္ဒါကျမ်းလာ ဝေါဟာရ နှင့် မရောနှောစေရန် ''**တိပိဋကသုတ္တသူစိဝိဘာဝိနီ**'ဟူ၍ ကျမ်းစာ၏အမည်ကို သတ်မှတ်ထားပါသည်။ ပိဋကတ်သုံးပုံ၌ သုတ္တအမည်ဖြင့် ဟောတော်မူအပ်သော ဗုဒ္ဓပါဝစနတို့၏ အကျဉ်းချုပ်အဓိပ္ပါယ်ကို ဖော်ပြသော ကျမ်းစာဖြစ်ပါသည်။

တိပိဋကသုတ္တသူစိကျမ်း

မူရင်းကျမ်းပြုဆရာတော်ဖြစ်တော်မူသော ပခုက္ကူ **အရှင်ကေလာသ** (ဓမ္မာစရိယ၊ **B.A** ဝိဇ္ဇာဂုဏ်ထူး၊ (သီရိလင်္ကာ) အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်၏ မူလက အမည်ပေး သတ်မှတ်ထားသော ကျမ်းအမည်မှာ ''**တိပိဋကသူစိ**''ဟူ၍ ဖြစ်ပါသည်။ ထိုကျမ်းပြုဆရာတော်သည် ၁၃၁၈–ခုနှစ်မှ ၁၃၂၂–ခုနှစ်အထိ (၅)နှစ် တိုင်တိုင် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ ဇမ္ဗူဒီပကျောင်းဆောင်၌ သီတင်းသုံးလျက် ဆဋ္ဌသံဂီတိ ပဋ္ဌိဝိသောဓကတာဝန်၊ ဆဋ္ဌသံဂီတိ ဩသာနသောဓက တာဝန်၊ ဆဋ္ဌသံဂီတိ ကျမ်းညွှန်း ဩသာန သောဓက၊ ဆဋ္ဌသံဂီတိဘာဏကတာဝန်တို့ကို ထူးချွန်စွာ ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆရာတော်သည် ယင်းဆဋ္ဌသံဂီတိတာဝန်များကို ဆောင်ရွက်တော်မူရင်း အတ္ထဒ္ဒါရသူစိကျမ်း၊ တိပိဋကသုတ္တသူစိကျမ်း၊ ဇာတကသူစိကျမ်းတို့ကို ရေးသား ပြုစုတော်မူခဲ့ပါသည်။ ထိုတိပိဋကသူစိကျမ်းသည် တိပိဋကပါဠိမြန်မာ အဘိဓာန် ကျမ်းပြုစုရာ၌ လွန်စွာ ကျေးဇူးပြုပါသည်။ ထို့ကြောင့် မိမိက ကျေးဇူးတော်ရှင်

ဆရာတော်ဘုရားအား ''ဤစာအုပ်သည် ပညာရှင်လောကၨ အလွန်အသုံးဝင်သော စာအုပ်ဖြစ်နိုင်သည့်အတွက် ပညာရှင်များအား ကျေးဇူးပြုသော ကျမ်းစာအုပ်တစ်အုပ် အဖြစ် ဆောင်ရွက်တော်မူပါရန်'' လျှောက်ထားခဲ့ပါသည်။

တာဝန်ပေးအပ်

ဆရာတော်ဘုရားက ''ထိုက်သင့်သလောက်တော့ အသုံးဝင်ပါလိမ့်မည်၊ ဒီအတိုင်း စာအုပ်ထုတ်တာထက် ဦးပဋ္ဌင်းက သုတ်အကျဉ်းချုပ်ရေးပါ၊ ပြီးတဲ့အခါ စာအုပ်အဖြစ် ဆောင်ရွက်ပါ''ဟု မိမိအား တာဝန်တစ်ရပ်အနေဖြင့် ပေးအပ်ခဲ့ပါသည်။ မိမိသည် ဆရာတော်ပေးအပ်သော ထိုတာဝန်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အခြေအနေ မပေးသေးသဖြင့် မဆောင်ရွက်နိုင်ခဲ့ပါ။

စွမ်းနိုင်သလောက် ဆောင်ရွက်ခြင်း

၁၃၄၅–ခုနှစ်၊ ဝါဆိုလဆန်းတွင် မိမိအား နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇–ပါးစုံညီက သာသနာ့တက္ကသိုလ် မော်ကွန်းထိန်းတာဝန်အပြင် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကတာဝန်ကိုပါ ပေးအပ်ခဲ့ပါသည်။ ထိုနှစ် နတ်တော်လမှစ၍ ဥပုသ်နေ့၊ စာဝါနားချိန်များ၌ ဆရာတော်ဘုရားမှ ပေးအပ်ခဲ့သောတာဝန်ကို အနည်းငယ် အနည်းငယ် အချိန်ပေး၍ စွမ်းနိုင်သလောက် စတင် ပြုစုခဲ့ပါသည်။ သို့သော်လည်း အခြားဆောင်ရွက်ရမည့် တာဝန်များက ရှိလာပြန်သဖြင့် ဤတာဝန်ကို နားထားလိုက်, ရေးလိုက်စသည်ဖြင့် ပြုစု ဆောင်ရွက်ရပါသည်။

ထိုသို့ စွမ်းနိုင်သလောက် ဆောင်ရွက်ခဲ့ရာမှ အ,သရမှ စ,ဝဂ်(စူဠဥတဏှာသင်္ခယသုတ်)အထိ ရေးသားပြုစုခဲ့ပြီးဖြစ်ပါသည်။ အားလုံးပြီးစီးမှ စာအုပ်ထုတ်မည်ဆိုလျှင် အချိန်မှာ နှစ်ပေါင်း မည်မျှကြာမည်ဟု မခန့်မှန်းနိုင်းသဖြင့် ယခု ရေးသားပြုစုပြီးသမျှထဲမှ သရနှင့် က,ဝဂ်ရှိ သုတ်များကိုသာ ရှေ့ပြေးစာအုပ် (ပထမတွဲ) အဖြစ် ၁၃၇၀–ခုနှစ် (၂၀၀၈)ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေ၍ ပညာရှင် သုတေသီများနှင့် စာကြည့်တိုက် အသီးသီးသို့ ဓမ္မဒါနပြုကာ ထုတ်ဝေလှူဒါန်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ကျမ်းပြုအရှင်၏ ဥယျောဇဉ်

" တိပိဋကသုတ္တသူစိ ဝိဘာဝိနီကျမ်း"
ဒုတိယတွဲကို ဓမ္မဒါနပြု ဖြန့်ဝေလှူဒါန်း ပူဇော်ခြင်း

မိမိ၏အနန္တကျေးဇူးတော်ရှင် ပခုက္ကူအရှင်ကေလာသ (အဂ္ဂမဟာပဏ္ဍိတ၊ သီရိပဝရဓမ္မာစရိယ၊ **B.A** ဂုဏ်ထူး (သီရိလင်္ကာ)၊ ဂဏဝါစက၊ မဟာဝိသုတာရာမ တိုက်၊ ပခုက္ကူ) မထေရ်၏ မိန့်ကြားတော်မူချက်အရ ဆရာတော်၏ ''တိပိဋကသုတ္တသူစိကျမ်း''ကို အနည်းငယ်ဖွင့်ဆို၍ ''တိပိဋကသုတ္တသူစိ ဝိဘာဝိနီ''ကျမ်းစာ၊ ပထမတွဲ (အ–သရ အကတညုတာသုတ္တ မှ က–ဝဂ်၊ ဃောသိတသုတ္တအထိ) သုတ်တော်ပေါင်း (၈၃)သုတ်ကို စွမ်းနိုင်သမျှ ရေးသားစီရင်ပြီး သာသနာနှစ် ၂၅၅၂၊ ကောဇာသက္ကရာဇ် ၁၃၇၀–ခုနှစ်၊ ခရစ်နှစ် ၂၀၀၈–ခုနှစ်တွင် စာအုပ် အုပ်ရေ (၁၀၀၀) ဓမ္မဒါနပြု၍ ထုတ်ဝေလှူဒါန်းပူဇော်ခဲ့ပြီး ဖြစ်ပါသည်။

ဒုတိယတွဲ ထုတ်ဝေလှူဒါန်းပူဇော်ခြင်း

အလိုရှိအပ်သော သုတေသီပုဂ္ဂိုလ်များ မိမိတို့သိလိုသည့် သုတ်တို့ကို အလွယ်တကူ သိရှိနိုင်ရန်လည်းကောင်း၊ အချိန်တိုအတွင်း လေ့လာအသုံးပြုနိုင်ကြစေရန်လည်းကောင်း၊ မိမိ၏အနန္တကျေးဇူးရှင် ဆရာတော်၏ကျေးဇူးတရားများကို ပြန်လည်တုံ့ဆပ်သောအားဖြင့်လည်းကောင်း ယခုတဖန် သာသနာတော်နှစ် ၂၅၅၆–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၄–ခုနှစ်၊ ခရစ်နှစ် ၂၀၁၂–ခုနှစ်၊ အောက်တိုဘာလတွင် ''တိပိဋကသုတ္တသူစိ ဝိဘာဝိနီ''ကျမ်းစာ ဒုတိယတွဲ၊ စ–ဝဂ် စက္ကသုတ္တမှ တ–ဝဂ်၊ နောဖဿနာနတ္တသုတ္တ အထိ **သုတ်တော်ပေါင်း (၈၀၂)သုတ်ကို ရေးသားပြုစု၍** (တိပိဋကသုတ္တသူစိ ဝိဘာဝိနီကျမ်း– ဒုတိယတွဲ)အဖြစ် ဓမ္မဒါနပြုကာ ထုတ်ဝေဖြန့်ချီလှူဒါန်းပူဇော်လိုက်ပါသည်။

အဆက်မပြတ် ရေးသားပြုစု၍ ထုတ်ဝေလှူဒါန်း ပူဇော်လိုပါသော်လည်း အခြားသော သာသနာရေးရာ တာဝန်ကိစ္စရပ်များကို မဖြစ်မနေ ဆောင်ရွက်နေရသည့် အတွက် အားလပ်သည့်အချိန်အခါမှသာ ရေးသားပြုစုရခြင်းကြောင့် ဤကဲ့သို့ ကြန့်ကြာနေရခြင်းကို နားလည်ခွင့်လွှတ်ပေးပါရန် သုတေသီတို့အား တောင်းပန်အပ်ပါသည်။

ကျေးဇူးဆပ်ပူဇော်ခြင်း

မိမိဆရာသခင် ကျေးဇူးရှင်၏ အနန္တဂုဏ်ကျေးဇူးတော်များကို ပူဇော်သော အားဖြင့် ဆရာတော်၏–

= ပင်းယသာသနာဝင်ကျမ်း၊
= အင်းဝသာသနာဝင်ကျမ်း၊
= အမရပူရသာသနာဝင်ကျမ်း၊
= ပုဂံသာသနာဝင်ကျမ်း၊
= ဝိမုတ္တိမဂ္ဂကျမ်းစာ –

တို့ကိုလည်း သုတေသီများအား ကွန်ပျူတာ စာစီထုတ်ဝေ၍ ဓမ္မဒါနပြုကာ ဖြန့်ချီ လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။

စေတနာရှင်များက ဝိုင်းဝန်းကူညီကြ

အင်းဝ, အမရပူရ, ပုဂံသာသနာဝင်ကျမ်းစာတို့ကို သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့် (ငြိမ်း)က ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။ ကျန်ကျမ်းစာများကို စေတနာရှင်များက ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချီလှူဒါန်းနိုင်ရန် ပူဇော်ကြပါသည်။ သုတေသီများ၏ လိုအပ်ချက်ကို ဖြည့်ဆီးပေးနိုင်ရန် မိမိ တစ်ဦးတည်းအနေဖြင့် မည်သို့မျှ မဖြစ်နိုင်ပါ။ ဤ ''တိပိဋကသုတ္တသူစိ ဝိဘာဝိနီ''ကျမ်းစာကို ဆရာတော်၏ တိပိဋကသုတ္တသူစိ ကျမ်း၊ ဓမ္မာစရိယ ဦးစိုးမြင့်၏ ပိဋကတ်လမ်းညွှန်နှင့် ကျက်မှတ်စရာ ဂါထာများ ကျမ်းစာတို့ကို ပဓာနထား၍ ဆိုင်ရာပိဋကတ်ကျမ်းစာတို့မှ ထုတ်နှုတ်အကျဉ်းချုံး၍ ရေးသားပြုစုပါသည်။ တစ်ခါတစ်ရံ အကျဉ်းချုံး၍ရေးသားပြုစုသော်လည်း အကျယ် ဖြစ်နေသည်ကို တွေ့မြင်နိုင်ပါသည်။ အကြောင်းအရာများ ပြည့်စုံသည်ထက် ပြည့်စုံစေ နိုင်ရန် ရေးသားရာက အနည်းငယ် ကျယ်ပြန့်သွားခြင်းမျိုး ဖြစ်ပါသည်။

မှတ်တမ်းတင်လွှာ

ဤစာအုပ်ကို တပည့်ဖြစ်သူ ဒေါက်တာ အရှင်ဥက္ကဋ္ဌ၊ အရှင်တေဇောဘာသ (ဓမ္မာစရိယ M.A)၊ အရှင်တေဇိန္ဒာစာရ (ဓမ္မာစရိယ M.A, မဟာစည်)နှင့် မသန္တာထွန်း တို့က စာမူကြမ်းမှ စာမူချောဖြစ်အောင် ကွန်ပျူတာစာစီပေးကြပြီး အရှင်နန္ဒသိရိ

ကျမ်းပြုအရှင်၏ ဥယျောဇဉ်

(ရွှေမြေနန္ဒ)နှင့် တပည့်ဖြစ်သူ ဒေါက်တာအရှင်ဥက္ကဋ္ဌ (ဆရာ့တပည့်-မြစ်ကျိုး)တို့က စာအုပ်မျက်နှာဖုံးနှင့် စာအုပ်ဖြစ်လာသည့်အထိ ဆောင်ရွက်ပေးကြပါသည်။ ဤကဲ့သို့ စာအုပ်ဖြစ်အောင် ဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ ပုံနှိပ်တိုက်၊ စာအုပ်ချုပ်လုပ်ငန်းရှင်များအားလည်းကောင်း၊ ဤစာအုပ်အတွက် ဓမ္မဒါန အလှူရှင်အဖြစ် ခံယူကြသော စေတနာရှင်, ဓမ္မဒါနကုသိုလ်ရှင် အပေါင်းတို့အားလည်းကောင်း၊ ဤကျမ်းစာနှင့်ဆက်စပ်၍ အဖက်ဖက်က ကာယအား၊ ဉာဏအား၊ ဓနအားတို့ဖြင့် ကျေးဇူးပြု ကူညီဆောင်ရွက်ပေးကြသူ ပုဂ္ဂိုလ်အပေါင်းတို့အားလည်းကောင်း များစွာပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဤစာအုပ်ဖြင့် မှတ်တမ်းတင် ဂုဏ်ပြု ဖော်ပြအပ်ပါသည်။

အရှင်ကုမာရ

အဂ္ဂမဟာပဏ္ဍိတ

ဒုတိယပါမောက္ခချုပ်ဆရာတော်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)

၂၈-၉-၂၀၁၂။ သောကြာနေ့။

တိပိဋကာ သုတ္တာသုစီ ဝိဘာဝနီကျမ်း
(စ–ဝဂ် မှ တ–ဝဂ် အထိ၊ ဒုတိယတွဲ)

မာတိကာ

စဉ်	*သုတ်အမည်*		*စာမျက်နှာ*
၁။	စက္ကသုတ္တ	----------	၁
၂။	စက္ကဝတ္တိသုတ္တ (၃)	----------	၁
၃။	စက္ကဝတ္တိအစ္ဆရိယသုတ္တ	----------	၄
၄။	စက္ကဝတ္တိရာဇသုတ္တ	----------	၄
၅။	စက္ကာနုဝတ္တနသုတ္တ (၂)	----------	၅
၆။	စက္ခုသုတ္တ (၆)	----------	၆
၇။	စက်ေမသုတ္တ (၂)	----------	၇
၈။	စက်ီသုတ္တ	----------	၈
၉။	စဏ္ဍသုတ္တ	----------	၉
၁၀။	စဏ္ဍာလသုတ္တ	----------	၉
၁၁။	စတုစက္ကသုတ္တ	----------	၉
၁၂။	စတုတ္ထသုတ္တ	----------	၁၀
၁၃။	စတုတ္ထဈာနပဏ္ဍာသုတ္တ	----------	၁၀
၁၄။	စတုဓာတုသုတ္တ	----------	၁၁
၁၅။	စတုပဋိသမ္ဘိဒါသစ္ဆိကိရိယသုတ္တ	----------	၁၁
၁၆။	စတုမဟာရာဇသုတ္တ (၂)	----------	၁၁
၁၇။	စန္ဒနသုတ္တ (၆)	----------	၁၂
၁၈။	စန္ဒိမသုတ္တ	----------	၁၃
၁၉။	စန္ဒိမသသုတ္တ	----------	၁၃
၂၀။	စန္ဒိမာဒိသုတ္တ (၃)	----------	၁၃
၂၁။	စန္ဒူပမသုတ္တ	----------	၁၄
၂၂။	စရသုတ္တ (၂)	----------	၁၄
၂၃။	စရိယသုတ္တ	----------	၁၅

မာတိကာ

စဉ်	သုတ်အမည်		စာမျက်နှာ
၂၄။	စဝနသုတ္တ	----------	၁၅
၂၅။	စာတုဒ္ဒိသသုတ္တ	----------	၁၆
၂၆။	စာတုမသုတ္တ	----------	၁၆
၂၇။	စာလာသုတ္တ	----------	၁၇
၂၈။	စိတ္တသုတ္တ	----------	၁၇
၂၉။	စိန္ဒသုတ္တ	----------	၁၈
၃၀။	စိန္ဒီသုတ္တ	----------	၁၈
၃၁။	စိရဋ္ဌိတိသုတ္တ	----------	၁၈
၃၂။	စိရာသုတ္တ	----------	၁၉
၃၃။	စီဝရသုတ္တ (၂)	----------	၁၉
၃၄။	စုန္ဒသုတ္တ (၄)	----------	၂၀
၃၅။	စုန္ဒီသုတ္တ	----------	၂၁
၃၆။	စူဠအသယပူရသုတ္တ	----------	၂၂
၃၇။	စူဠကမ္မဝိဘင်္ဂသုတ္တ	----------	၂၂
၃၈။	စူဠဂေါပါလကသုတ္တ	----------	၂၃
၃၉။	စူဠဂေါသိင်္ဂသုတ္တ	----------	၂၃
၄၀။	စူဠတဏှာသင်္ခယသုတ္တ	----------	၂၅
၄၁။	စူဠဒုက္ခက္ခန္ဓသုတ္တ	----------	၂၆
၄၂။	စူဠဓမ္မသမာဒါနသုတ္တ	----------	၂၇
၄၃။	စူဠနိကာသုတ္တ	----------	၂၈
၄၄။	စူဠပန္ထကသုတ္တ	----------	၃၀
၄၅။	စူဠပုဏ္ဏမသုတ္တ	----------	၃၀
၄၆။	စူဠဗျူဟသုတ္တ	----------	၃၁
၄၇။	စူဠဗျူဟသုတ္တနိဒ္ဒေသ	----------	၃၁
၄၈။	စူဠမာလုက္ကျပုတ္တသုတ္တ	----------	၃၁

မာတိကာ

စဉ်	သုတ်အမည်		စာမျက်နှာ
၄၉။	စူဠရာဟုလောဝါဒသုတ္တ	----------	၃၃
၅၀။	စူဠဝေဒလ္လသုတ္တ	----------	၃၃
၅၁။	စူဠသကုလုဒါယိသုတ္တ	----------	၃၈
၅၂။	စူဠသစ္စကသုတ္တ	----------	၄၈
၅၃။	စူဠသာရောပမသုတ္တ	----------	၄၂
၅၄။	စူဠသီဟနာဒသုတ္တ	----------	၄၃
၅၅။	စူဠသုညတသုတ္တ	----------	၄၈
၅၆။	စူဠဟတ္ထိပဒေါပမသုတ္တ	----------	၄၉
၅၇။	စေတနာသုတ္တ (၄)	----------	၅၁
၅၈။	စေတနာကရဏီယသုတ္တ (၂)	----------	၅၃
၅၉။	စေတသောဝိနိဗန္ဓသုတ္တ (၃)	----------	၅၅
၆၀။	စေတိယသုတ္တ	----------	၅၆
၆၁။	စေတောခိလသုတ္တ (၄)	----------	၅၉
၆၂။	စေတောပရိယသုတ္တ	----------	၆၀
၆၃။	စေတောဝိမုတ္တိဖလသုတ္တ (၂)	----------	၆၁
၆၄။	စေလသုတ္တ	----------	၆၂
၆၅။	စောဒနာသုတ္တ	----------	၆၂
၆၆။	စောရသုတ္တ	----------	၆၃
၆၇။	ဆဆက္ကသုတ္တ	----------	၆၄
၆၈။	ဆဠဋ္ဌသုတ္တ	----------	၆၅
၆၉။	ဆန္ဒသုတ္တ	----------	၆၅
၇၀။	ဆန္ဒပ္ပဟာနသုတ္တ (၂)	----------	၆၆
၇၁။	ဆန္ဒရာဂသုတ္တ (၂)	----------	၆၆
၇၂။	ဆန္ဒသမာဓိသုတ္တ	----------	၆၇
၇၃။	ဆန္ဒသုတ္တ (၃)	----------	၆၈

မာတိကာ

စဉ်	သုတ်အမည်		စာမျက်နှာ
၁၄။	ဆန္ဒောဝါဒသုတ္တ	----------	၇၀
၁၅။	ဆပ္ပါဏကောပမသုတ္တ	----------	၇၀
၁၆။	ဆဖဿာယတနသုတ္တ (၄)	----------	၇၁
၁၇။	ဆဗ္ဗိသောဓနသုတ္တ	----------	၇၃
၁၈။	ဆဝါလာတသုတ္တ	----------	၇၄
၁၉။	ဆဝိသုတ္တ	----------	၇၅
၈၀။	ဆဥဂ်ဒါနသုတ္တ	----------	၇၆
၈၁။	ဆဥာဘိဇာတိသုတ္တ	----------	၇၆
၈၂။	ဆိဂ္ဂဠုယုဂသုတ္တ (၂)	----------	၇၇
၈၃။	ဆေတွာသုတ္တ (၂)	----------	၇၈
၈၄။	ဆေဒနာဒိသုတ္တ (၆)	----------	၇၉
၈၅။	ဇဋ္ဌာသုတ္တ (၂)	----------	၈၀
၈၆။	ဇဋိလသုတ္တ	----------	၈၁
၈၇။	ဇနသုတ္တ (၃)	----------	၈၁
၈၈။	ဇနပဒကလျာဏီသုတ္တ	----------	၈၂
၈၉။	ဇနဝသဘသုတ္တ	----------	၈၃
၉၀။	ဇန္တုသုတ္တ	----------	၈၆
၉၁။	ဇမ္ဗာလီသုတ္တ	----------	၈၇
၉၂။	ဇရာသုတ္တ (၂)	----------	၈၈
၉၃။	ဇရာမရဏသုတ္တ	----------	၈၉
၉၄။	ဇရာမရဏသုတ္တ (၂)	----------	၈၉
၉၅။	ဇလာဗုဇဒါနုပကာရသုတ္တ(၃၀)	----------	၉၁
၉၆။	ဇလာဗုဇဒီဒါနုပကာရသုတ္တတ္ထိသက(၃၀)----------		၉၁
၉၇။	ဇဝသုတ္တ	----------	၉၂
၉၈။	ဇဝနပညာသုတ္တ	----------	၉၂

မာတိကာ

စဉ်	သုတ်အမည်		စာမျက်နှာ
၉၉။	ဇာဂရသုတ္တ	----------	၆၂
၁၀၀။	ဇာဂရိယသုတ္တ	----------	၉၃
၁၀၁။	ဇာဏုဿောဏိသုတ္တ (၃)	----------	၉၃
၁၀၂။	ဇာဏုဿောဏိဗြာဟ္မဏသုတ္တ	----------	၉၈
၁၀၃။	ဇာတရူပရဇတသုတ္တ	----------	၉၈
၁၀၄။	ဇာတိသုတ္တာဒိဒသကသုတ္တ(၁၀)	----------	၉၆
၁၀၅။	ဇာတိမ္မာဒိသုတ္တဒသက(၁၀)	----------	၉၇
၁၀၆။	ဇာလိယသုတ္တ	----------	၉၈
၁၀၇။	ဇိဂုစ္ဆိတဗ္ဗသုတ္တ	----------	၉၉
၁၀၈။	ဇိဏ္ဏသုတ္တ	----------	၁၀၀
၁၀၉။	ဇိဝကသုတ္တ (၂)	----------	၁၀၁
၁၁၀။	ဇိဝကမ္မဝနပဋ္ဌိသလ္လာနသုတ္တ	----------	၁၀၃
၁၁၁။	ဇိဝကမ္မဝနသမာဓိသုတ္တ	----------	၁၀၄
၁၁၂။	ဇိဝိကသုတ္တ	----------	၁၀၄
၁၁၃။	ဇိဝိတိန္ဒြိယသုတ္တ	----------	၁၀၅
၁၁၄။	ဇောတဝနသုတ္တ	----------	၁၀၅
၁၁၅။	ဈာနသုတ္တ (၂)	----------	၁၀၆
၁၁၆။	ဈာနပဟာသုတ္တ (၅)	----------	၁၀၇
၁၁၇။	ဈာနာဒီသုတ္တ (၁၃)	----------	၁၀၈
၁၁၈။	ဈာနာဘိညာသုတ္တ	----------	၁၀၉
၁၁၉။	ညာဏသုတ္တ (၂)	----------	၁၀၉
၁၂၀။	ညာဏဝတ္ထုသုတ္တ (၂)	----------	၁၁၀
၁၂၁။	ညာတသုတ္တ	----------	၁၁၁
၁၂၂။	ညာတိကသုတ္တ	----------	၁၁၂
	ဋ-ဝဂ်		
၁၂၃။	ဌာနသုတ္တ (၄)	----------	၁၁၃
၁၂၄။	ဌာနိယသုတ္တ	----------	၁၁၆

မာတိကာ

စဉ်	သုတ်အမည်		စာမျက်နှာ
၁၂၅။	ဌိတိသုတ္တ	----------	၁၁၆
၁၂၆။	ဌိတိမူလကဝဋ္ဋာနသုတ္တာဒိအဋ္ဌက(၈)	----------	၁၁၇
	တ–ဝ		
၁၂၇။	တဏ္ဍာနသုတ္တ (၂)	----------	၁၁၈
၁၂၈။	တဏှာကွယသုတ္တ	----------	၁၁၉
၁၂၉။	တဏှာသုတ္တ (၉)	----------	၁၁၉
၁၃၀။	တဏှာကွယသုတ္တ	----------	၁၂၃
၁၃၁။	တဏှာနိရောဓသုတ္တ	----------	၁၂၃
၁၃၂။	တဏှာပဋိဘာသုတ္တ	----------	၁၂၄
၁၃၃။	တဏှာမူလကသုတ္တ	----------	၁၂၄
၁၃၄။	တဏှာသင်္ခယသုတ္တ	----------	၁၂၅
၁၃၅။	တဏှာသံယောဇနသုတ္တ	----------	၁၂၅
၁၃၆။	တဏှာပ္ပဟာနသုတ္တ (၂)	----------	၁၂၅
၁၃၇။	တတိယသုတ္တ	----------	၁၂၆
၁၃၈။	တတိယစျာနပဋိဘာသုတ္တ	----------	၁၂၆
၁၃၉။	တထသုတ္တ (၂)	----------	၁၂၇
၁၄၀။	တထာဂတသုတ္တ (၃)	----------	၁၂၇
၁၄၁။	တထာဂတအစ္ဆရိယသုတ္တ(၂)	----------	၁၂၉
၁၄၂။	တထာဂတာဒိသုတ္တ (၂၀)	----------	၁၃၀
၁၄၃။	တဒင်္ဂနိဗ္ဗာနသုတ္တ	----------	၁၃၁
၁၄၄။	တပနိယသုတ္တ (၄)	----------	၁၃၁
၁၄၅။	တပုဿသုတ္တ (၂)	----------	၁၃၃
၁၄၆။	တပေါကမ္မသုတ္တ	----------	၁၃၄
၁၄၇။	တမောတမသုတ္တ	----------	၁၃၄
၁၄၈။	တယောဓမ္မသုတ္တ	----------	၁၃၅
၁၄၉။	တရုဏရုက္ခသုတ္တ	----------	၁၃၇

မာတိကာ

စဉ်	သုတ်အမည်	စာမျက်နှာ
၁၅၀။	တသိနာသုတ္တ	၁၃၇
၁၅၁။	တာယနသုတ္တ	၁၃၈
၁၅၂။	တာလပုဋ္ဌသုတ္တ	၁၃၈
၁၅၃။	ဘိကဏ္ဍကီသုတ္တ	၁၃၉
၁၅၄။	တိကဏ္ဍ	၁၄၀
၁၅၅။	တိကဒ္ဒပညာသုတ္တ	၁၄၀
၁၅၆။	တိကိစ္ဆကသုတ္တ	၁၄၁
၁၅၇။	တိဌာနသုတ္တ (၂)	၁၄၂
၁၅၈။	တိဏကဋ္ဌသုတ္တ	၁၄၃
၁၅၉။	တိတ္ထာယတနသုတ္တ	၁၄၄
၁၆၀။	တိမ္မရုကသုတ္တ	၁၄၅
၁၆၁။	တိရစ္ဆာနကထာသုတ္တ	၁၄၅
၁၆၂။	တိရစ္ဆာနဒေဝနိရယာဒိသုတ္တ(၃)	၁၄၆
၁၆၃။	တိရစ္ဆာနမနုဿနိရယာဒိသုတ္တ	၁၄၆
၁၆၄။	တိရောဂုဋ္ဌသုတ္တ	၁၄၇
၁၆၅။	တိသသုတ္တ (၂)	၁၄၉
၁၆၆။	တိသပြဟ္မာသုတ္တ	၁၅၀
၁၆၇။	တိသမေတ္တေယျသုတ္တ	၁၅၁
၁၆၈။	တိသမေတ္တေယျမာဏဝက(ပုစ္ဆာ)သုတ္တ	၁၅၁
၁၆၉။	တိသမတ္တသုတ္တ	၁၅၂
၁၇၀။	တိဟိဝမ္မေဟိသုတ္တ	၁၅၂
၁၇၁။	တုရူပြဟ္မသုတ္တ	၁၅၃
၁၇၂။	တုလာကူဋ္ဌသုတ္တ	၁၅၃
၁၇၃။	တုဝဋ္ဌကသုတ္တ	၁၅၃
၁၇၄။	တေဝိဇ္ဇသုတ္တ (၂)	၁၅၄

မာတိကာ

စဉ်	သုတ်အမည်		စာမျက်နှာ
၁၇၅။	တေဝိဇ္ဇဝစ္ဆသုတ္တ	----------	၁၅၇
၁၇၆။	တောဒေယျမာဏဝပုစ္ဆာ	----------	၁၅၈
၁၇၇။	တံဒိဝံ တံသရီရံသုတ္တ	----------	၁၅၉
၁၇၈။	ထပတိသုတ္တ	----------	၁၅၉
၁၇၉။	ထူပါရဟသုတ္တ	----------	၁၆၀
၁၈၀။	ထေရသုတ္တ (၂)	----------	၁၆၀
၁၈၁။	ထေရနာမကသုတ္တ	----------	၁၆၁
၁၈၂။	ဒက္ခိဏာသုတ္တ	----------	၁၆၁
၁၈၃။	ဒက္ခိဏာဝိဘင်္ဂသုတ္တ	----------	၁၆၂
၁၈၄။	ဒဠ္ဠဇသုတ္တ (၃)	----------	၁၆၄
၁၈၅။	ဒဏ္ဍသုတ္တ (၃)	----------	၁၆၅
၁၈၆။	ဒဏ္ဍကဋ္ဌသုတ္တ	----------	၁၆၆
၁၈၇။	ဒန္တဘူမိသုတ္တ	----------	၁၆၇
၁၈၈။	ဒဗ္ဗသုတ္တ (၂)	----------	၁၆၇
၁၈၉။	ဒလိဒ္ဒသုတ္တ	----------	၁၇၈
၁၉၀။	ဒသကမ္မသုတ္တ	----------	၁၆၉
၁၉၁။	ဒသကမ္မပထသုတ္တ	----------	၁၇၀
၁၉၂။	ဒသင်္ဂုတ္တ	----------	၁၇၀
၁၉၃။	ဒသဗလသုတ္တ (၂)	----------	၁၇၁
၁၉၄။	ဒသမသုတ္တ	----------	၁၇၂
၁၉၅။	ဒသမဂ္ဂသုတ္တ	----------	၁၇၂
၁၉၆။	ဒသသိက္ခာပဒ	----------	၁၇၃
၁၉၇။	ဒသုတ္တရသုတ္တ	----------	၁၇၃
၁၉၈။	ဒဟရသုတ္တ	----------	၁၇၄
၁၉၉။	ဒါနသုတ္တ (၄)	----------	၁၇၅
၂၀၀။	ဒါနမဟပ္ဖလသုတ္တ	----------	၁၇၇
၂၀၁။	ဒါနဝတ္ထုသုတ္တ	----------	၁၇၇

မာတိကာ

စဉ်	သုတ်အမည်		စာမျက်နှာ
၂၀၂။	ဒါနာနိသံသသုတ္တ (၂)	----------	၁၇၇
၂၀၃။	ဒါနူပပတ္တိသုတ္တ	----------	၁၇၈
၂၀၄။	ဒါမလိသုတ္တ	----------	၁၇၈
၂၀၅။	ဒါရုကမ္မိကသုတ္တ	----------	၁၇၉
၂၀၆။	ဒါရုက္ခန္ဓသုတ္တ	----------	၁၇၉
၂၀၇။	ဒါရုက္ခန္ဓောပမသုတ္တ (၂)	----------	၁၈၀
၂၀၈။	ဒါရုဏသုတ္တ	----------	၁၈၁
၂၀၉။	ဒါသိဒါသသုတ္တ	----------	၁၈၂
၂၁၀။	ဒိဋ္ဌဓမ္မနိဗ္ဗာနသုတ္တ	----------	၁၈၂
၂၁၁။	ဒိဋ္ဌိသုတ္တ (၂)	----------	၁၈၂
၂၁၂။	ဒိဋ္ဌိဂတသုတ္တ	----------	၁၈၃
၂၁၃။	ဒိဋ္ဌသုတ္တ	----------	၁၈၄
၂၁၄။	ဒိဗ္ဗစက္ခုသုတ္တ	----------	၁၈၅
၂၁၅။	ဒိဗ္ဗသောတသုတ္တ	----------	၁၈၅
၂၁၆။	ဒီဃစာရိကသုတ္တ (၂)	----------	၁၈၆
၂၁၇။	ဒီဃဇာဏုသုတ္တ	----------	၁၈၆
၂၁၈။	ဒီဃနခသုတ္တ	----------	၁၈၇
၂၁၉။	ဒီဃလဋ္ဌိသုတ္တ	----------	၁၈၈
၂၂၀။	ဒီဃလောမိကသုတ္တ	----------	၁၈၈
၂၂၁။	ဒီဃာဝုဥပါသကသုတ္တ	----------	၁၈၉
၂၂၂။	ဒုက္ခထာသုတ္တ	----------	၁၈၉
၂၂၃။	ဒုက္ခရသုတ္တ (၂)	----------	၁၉၀
၂၂၄။	ဒုက္ခရပဏ္ဏာသုတ္တ	----------	၁၉၁
၂၂၅။	ဒုက္ခသုတ္တ (၁၂)	----------	၁၉၁
၂၂၆။	ဒုက္ခဆန္ဒ(ဒုက္ခဆန္ဒာဒိ)သုတ္တ(၃)	----------	၁၉၅
၂၂၇။	ဒုက္ခဆန္ဒရာဂသုတ္တ	----------	၁၉၆

မာတိကာ

စဉ်	သုတ်အမည်		စာမျက်နှာ
၂၂၇။	ဒုက္ခတာသုတ္တ	----------	၁၉၆
၂၂၈။	ဒုက္ခမမ္မသုတ္တ (၂)	----------	၁၉၇
၂၂၉။	ဒုက္ခနိဗ္ဗာနသပ္ပါယသုတ္တ	----------	၁၉၈
၂၃၀။	ဒုက္ခပညာသုတ္တ	----------	၁၉၈
၂၃၁။	ဒုက္ခရာဂသုတ္တ	----------	၁၉၈
၂၃၂။	ဒုက္ခဝိပါကသုတ္တ	----------	၁၉၉
၂၃၃။	ဒုက္ခဝိဟာရသုတ္တ	----------	၁၉၉
၂၃၄။	ဒုက္ခသမုဒယသုတ္တ	----------	၂၀၀
၂၃၅။	ဒုက္ခာနုပဿီသုတ္တ (၂)	----------	၂၀၀
၂၃၆။	ဒုက္ခဒြိယသုတ္တ(၂)	----------	၂၀၁
၂၃၇။	ဒုက္ခပ္ပါဒသုတ္တ (၂)	----------	၂၀၂
၂၃၈။	ဒုဂ္ဂသုတ္တ	----------	၂၀၃
၂၃၉။	ဒုဂ္ဂတိဘယသုတ္တ	----------	၂၀၃
၂၄၀။	ဒုဂ္ဂတိဝိနိပါတဘယသုတ္တ	----------	၂၀၃
၂၄၁။	ဒုစ္စရိတသုတ္တ (၆)	----------	၂၀၄
၂၄၂။	ဒုစ္စရိတဝိပါကသုတ္တ	----------	၂၀၆
၂၄၃။	ဒုဋ္ဌုကသုတ္တ	----------	၂၀၇
၂၄၄။	ဒုဋ္ဌုကသုတ္တနိဒ္ဒေသ	----------	၂၀၇
၂၄၅။	ဒုတိယသုတ္တ (၂)	----------	၂၀၇
၂၄၆။	ဒုတိယစျာနပညာသုတ္တ	----------	၂၀၈
၂၄၇။	ဒုပ္ပညသုတ္တ (၂)	----------	၂၀၉
၂၅၀။	ဒုပ္ပဋိဝိနောဒယသုတ္တ	----------	၂၀၉
၂၅၁။	ဒုဗ္ဗဏ္ဏိယသုတ္တ	----------	၂၁၀
၂၅၂။	ဒုလ္လဘသုတ္တ	----------	၂၁၀
၂၅၃။	ဒုသီလသုတ္တ (၄)	----------	၂၁၁
၂၅၄။	ဒုတေယျသုတ္တ (၂)	----------	၂၁၂

မာတိကာ

စဉ်	သုတ်အမည်		စာမျက်နှာ
၂၅၅။	ဒေဝစာရိကသုတ္တ (၃)	----------	၂၁၂
၂၅၆။	ဒေဝစုတိတိရစ္ဆာနသုတ္တ	----------	၂၁၄
၂၅၇။	ဒေဝစုတိနိရယသုတ္တ	----------	၂၁၅
၂၅၈။	ဒေဝစုတိပေတ္တိဝိသယသုတ္တ	----------	၂၁၅
၂၅၉။	ဒေဝတာသုတ္တ (၂)	----------	၂၁၅
၂၆၀။	ဒေဝဒတ္တသုတ္တ (၃)	----------	၂၁၇
၂၆၁။	ဒေဝဒတ္တဝိပတ္တိသုတ္တ	----------	၂၁၇
၂၆၂။	ဒေဝဒဟသုတ္တ (၃)	----------	၂၁၈
၂၆၃။	ဒေဝဒူတသုတ္တ (၂)	----------	၂၂၁
၂၆၄။	ဒေဝပဒသုတ္တ (၂)	----------	၂၂၂
၂၆၅။	ဒေဝမနုဿတိရစ္ဆာနသုတ္တ	----------	၂၂၃
၂၆၆။	ဒေဝမနုဿနိရယသုတ္တ	----------	၂၂၃
၂၆၇။	ဒေဝမနုဿပေတ္တိဝိသယသုတ္တ	----------	၂၂၄
၂၆၈။	ဒေဝလောကသုတ္တ	----------	၂၂၄
၂၆၉။	ဒေဝသဒ္ဒသုတ္တ	----------	၂၂၄
၂၇၀။	ဒေဝသဘာဂသုတ္တ	----------	၂၂၅
၂၇၁။	ဒေဝဟိတသုတ္တ	----------	၂၂၅
၂၇၂။	ဒေဝါသုရသင်္ဂါမသုတ္တ	----------	၂၂၅
၂၇၃။	ဒေသနာသုတ္တ	----------	၂၂၆
၂၇၄။	ဒေါဏသုတ္တ	----------	၂၂၆
၂၇၅။	ဒေါဏပါကသုတ္တ	----------	၂၂၇
၂၇၆။	ဒေါဏဗြာဟ္မဏသုတ္တ	----------	၂၂၇
၂၇၇။	ဒေါဝစဿတာသုတ္တ	----------	၂၂၈
၂၇၈။	ဒေါသသုတ္တ	----------	၂၂၈
၂၇၉။	ဒေါသအဘိညာဒိသုတ္တ(၃၀)	----------	၂၂၈
၂၈၀။	ဒေါသပရိညာသုတ္တ	----------	၂၂၉

မာတိကာ

စဉ်	သုတ်အမည်		စာမျက်နှာ
၂၈၁။	ဒွယသုတ္တ (၂)	----------	၂၂၉
၂၈၂။	ဒွယကာရီသုတ္တ (၄)	----------	၂၃၀
၂၈၃။	ဒွယတာနုပဿနာသုတ္တ	----------	၂၃၁
၂၈၄။	ဒွိဓာပထသုတ္တ	----------	၂၃၁
၂၈၅။	ဒွေဓာဝိတက္ကသုတ္တ	----------	၂၃၁
၂၈၆။	ဒွေဗြဟ္မဏာသုတ္တ (၂)	----------	၂၃၂
၂၈၇။	ဓဇဂ္ဂသုတ္တ	----------	၂၃၃
၂၈၈။	ဓနသုတ္တ	----------	၂၃၄
၂၈၉။	ဓနဉ္ဇာနီသုတ္တ (၂)	----------	၂၃၄
၂၉၀။	ဓနိယသုတ္တ	----------	၂၃၆
၂၉၁။	ဓနုဂ္ဂဟသုတ္တ	----------	၂၃၆
၂၉၂။	ဓမ္မသုတ္တ (၃)	----------	၂၃၇
၂၉၃။	ဓမ္မကထိကသုတ္တ (၄)	----------	၂၃၈
၂၉၄။	ဓမ္မကထိကပုစ္ဆသုတ္တ	----------	၂၃၉
၂၉၅။	ဓမ္မစက္ကပဝတ္တနသုတ္တ	----------	၂၃၉
၂၉၆။	ဓမ္မစရိယသုတ္တ	----------	၂၄၀
၂၉၇။	ဓမ္မစေတိယသုတ္တ	----------	၂၄၁
၂၉၈။	ဓမ္မညူသုတ္တ	----------	၂၄၂
၂၉၉။	ဓမ္မဒါယာဒသုတ္တ	----------	၂၄၂
၃၀၀။	ဓမ္မဒိန္နသုတ္တ	----------	၂၄၃
၃၀၁။	ဓမ္မပဒသုတ္တ	----------	၂၄၄
၃၀၂။	ဓမ္မရာဇာသုတ္တ	----------	၂၄၄
၃၀၃။	ဓမ္မဝါဒီပဉ္ဘာသုတ္တ	----------	၂၄၄
၃၀၄။	ဓမ္မဝိဟာရီသုတ္တ (၂)	----------	၂၄၅
၃၀၅။	ဓမ္မသဿဝနသုတ္တ	----------	၂၄၅
၃၀၆။	ဓမ္မာနုဓမ္မပဋိပန္နသုတ္တ	----------	၂၄၆

မာတိကာ

စဉ်	သုတ်အမည်		စာမျက်နှာ
၃၀၇။	ဓမ္မာနုပဿီသုတ္တ	----------	၂၄၆
၃၀၈။	ဓမ္မိကသုတ္တ (၂)	----------	၂၄၇
၃၀၉။	ဓာတုသုတ္တ (၅)	----------	၂၄၇
၃၁၀။	ဓာတုနာနတ္တသုတ္တ	----------	၂၄၉
၃၁၁။	ဓာတုဝိဘင်္ဂသုတ္တ	----------	၂၅၀
၃၁၂။	ဓာတုသောသံသန္ဒနသုတ္တ	----------	၂၅၁
၃၁၃။	ဓာရဏာသုတ္တ (၂)	----------	၂၅၂
၃၁၄။	ဝိတုသုတ္တ	----------	၂၅၂
၃၁၅။	ဓောတကမာဏဝကပုစ္ဆာ	----------	၂၅၃
၃၁၆။	ဓောဝနသုတ္တ	----------	၂၅၃
၃၁၇။	နကုလပိတုသုတ္တ (၃)	----------	၂၅၅
၃၁၈။	နကုလမာတာသုတ္တ	----------	၂၅၆
၃၁၉။	နခသိခါသုတ္တ (၄)	----------	၂၅၆
၃၂၀။	နဂရသုတ္တ	----------	၂၅၇
၃၂၁။	နဂရဝိနေ္ဒယျသုတ္တ	----------	၂၅၈
၃၂၂။	နဂရောပမသုတ္တ	----------	၂၅၉
၃၂၃။	နစ္စဂီတသုတ္တ	----------	၂၅၉
၃၂၄။	နဇိရတိသုတ္တ	----------	၂၆၀
၃၂၅။	နတုမ္ဟသုတ္တ	----------	၂၆၀
၃၂၆။	နတုမ္ဟာကသုတ္တ (၆)	----------	၂၆၁
၃၂၇။	နတ္ထိဒိန္နသုတ္တ	----------	၂၆၂
၃၂၈။	နတ္ထိပုတ္တသမသုတ္တ	----------	၂၆၃
၃၂၉။	နဒီသုတ္တ (၂)	----------	၂၆၃
၃၃၀။	နဒီသောတသုတ္တ	----------	၂၆၄
၃၃၁။	နဒုဗ္ဘိယသုတ္တ	----------	၂၆၄
၃၃၂။	နန္ဒသုတ္တ (၄)	----------	၂၆၅

မာတိကာ

စဉ်	သုတ်အမည်		စာမျက်နှာ
၃၃၃။	နန္ဒကသုတ္တ	----------	၂၆၆
၃၃၄။	နန္ဒကလိစ္ဆဝိသုတ္တ	----------	၂၆၇
၃၃၅။	နန္ဒကောဝါဒသုတ္တ	----------	၂၆၇
၃၃၆။	နန္ဒတိသုတ္တ (၂)	----------	၂၆၈
၃၃၇။	နန္ဒနသုတ္တ (၂)	----------	၂၆၈
၃၃၈။	နန္ဒမာဏဝပုစ္ဆာ	----------	၂၆၉
၃၃၉။	နန္ဒမာတာသုတ္တ	----------	၂၇၀
၃၄၀။	နန္ဒိက္ခယသုတ္တ (၂)	----------	၂၇၀
၃၄၁။	နန္ဒိယသုတ္တ (၃)	----------	၂၇၁
၃၄၂။	နန္ဒိယသက္ကသုတ္တ	----------	၂၇၂
၃၄၂။	နန္ဒိဝိသာလသုတ္တ	----------	၂၇၂
၃၄၃။	နပ္ပိယသုတ္တ	----------	၂၇၃
၃၄၄။	နဝသုတ္တ	----------	၂၇၃
၃၄၅။	နဝကမ္မိကသုတ္တ	----------	၂၇၃
၃၄၆။	နဝဂုံပေါသထသုတ္တ	----------	၂၇၄
၃၄၇။	နဝမသုတ္တ	----------	၂၇၄
၃၄၈။	နဝါတသုတ္တ	----------	၂၇၅
၃၄၉။	နသန္ဓိသုတ္တ	----------	၂၇၅
၃၅၀။	နသေဝိတဗ္ဗာဒိသုတ္တာနိ(၁၂)	----------	၂၇၆
၃၅၁။	နဟောတိတထာဂတောသုတ္တ	----------	၂၇၆
၃၅၂။	နဠကပါနသုတ္တ (၃)	----------	၂၇၇
၃၅၃။	နဠကလာပီသုတ္တ	----------	၂၇၉
၃၅၄။	နာဂသုတ္တ (၆)	----------	၂၇၉
၃၅၅။	နာဂဒတ္တသုတ္တ	----------	၂၈၂
၃၅၆။	နာဂိတသုတ္တ (၂)	----------	၂၈၃
၃၅၇။	နာထသုတ္တ (၂)	----------	၂၈၄

မာတိကာ

စဉ်	သုတ်အမည်		စာမျက်နှာ
၃၅၈။	နာနာဂရဏသုတ္တ (၂)	----------	၂၈၄
၃၅၉။	နာနာတိတ္ထိယသုတ္တ (၃)	----------	၂၈၅
၃၆၀။	နာနာတိတ္ထိယသာဝကသုတ္တ	----------	၂၈၈
၃၆၁။	နာနာဓာတုသုတ္တ	----------	၂၈၈
၃၆၂။	နာနာဝိမုတ္တိသုတ္တ	----------	၂၈၉
၃၆၃။	နာမသုတ္တ	----------	၂၈၉
၃၆၄။	နာမရူပသုတ္တ	----------	၂၉၀
၃၆၅။	နာရဒသုတ္တ	----------	၂၉၁
၃၆၆။	နာလကသုတ္တ	----------	၂၉၁
၃၆၇။	နာလန္ဒသုတ္တ	----------	၂၉၂
၃၆၈။	နာဝါသုတ္တ (၂)	----------	၂၉၃
၃၆၉။	နာသေနိသုတ္တ	----------	၂၉၄
၃၇၀။	နာဥန္ဒသုတ္တ	----------	၂၉၄
၃၇၁။	နာတကသုတ္တ	----------	၂၉၄
၃၇၂။	နိကဋ္ဌသုတ္တ	----------	၂၉၅
၃၇၃။	နိကဏ္ဍကီသုတ္တ	----------	၂၉၅
၃၇၄။	နိဂဏ္ဌသုတ္တ (၁၁)	----------	၂၉၆
၃၇၅။	နိဂဏ္ဌနာဋပုတ္တသုတ္တ	----------	၂၉၇
၃၇၆။	နိကြောဓကပ္ပ(ဝဏ္ဏ)သုတ္တ	----------	၂၉၇
၃၇၇။	နိစ္ဆဝိသုတ္တ	----------	၂၉၈
၃၇၈။	နိစ္ဆဝိတ္ထိသုတ္တ	----------	၂၉၈
၃၇၉။	နိဂ္ဂရသုတ္တ	----------	၂၉၉
၃၈၀။	နိဋ္ဌဂ်ိတသုတ္တ	----------	၂၉၉
၃၈၁။	နိဒါနသုတ္တ (၅)	----------	၃၀၀
၃၈၂။	နိဒ္ဒသသုတ္တ (၂)	----------	၃၀၂

မာတိကာ

စဉ်	သုတ်အမည်		စာမျက်နှာ
၃၈၃။	နိဒ္ဒသဝတ္ထုသုတ္တ	----------	၃၀၃
၃၈၄။	နိဒ္ဒါတန္ဒီသုတ္တ	----------	၃၀၃
၃၈၅။	နိဒ္ဓမနီယသုတ္တ	----------	၃၀၄
၃၈၆။	နိဓိကဏ္ဍသုတ္တ	----------	၃၀၄
၃၈၇။	နိဗ္ဗာနသုတ္တ (၄)	----------	၃၀၅
၃၈၈။	နိဗ္ဗာနဓာတုသုတ္တ	----------	၃၀၆
၃၈၉။	နိဗ္ဗာနပဏ္ဍာသုတ္တ	----------	၃၀၇
၃၉၀။	နိဗ္ဗာနပဋိသံယုတ္တသုတ္တ (၄)	----------	၃၀၇
၃၉၁။	နိဗ္ဗာနသပ္ပါယပဋိပဒါသုတ္တ	----------	၃၀၈
၃၉၂။	နိဗ္ဗာနသုခသုတ္တ	----------	၃၀၈
၃၉၃။	နိဗ္ဗိဒါသုတ္တ (၃)	----------	၃၀၉
၃၉၄။	နိဗ္ဗိဒါဗဟုလသုတ္တ	----------	၃၁၀
၃၉၅။	နိဗ္ဗုတသုတ္တ	----------	၃၁၀
၃၉၆။	နိဗ္ဗေဓဘာဂိယသုတ္တ	----------	၃၁၁
၃၉၇။	နိဗ္ဗေဓိကသုတ္တ	----------	၃၁၁
၃၉၈။	နိဗ္ဗေဓိကပညာသုတ္တ	----------	၃၁၁
၄၀၀။	နိမိတ္တသုတ္တ	----------	၃၁၂
၄၀၁။	နိမောက္ခသုတ္တ	----------	၃၁၂
၄၀၂။	နိရယသုတ္တ (၅)	----------	၃၁၃
၄၀၃။	နိရယဒေဝနိရယာဒိသုတ္တ(၃)	----------	၃၁၄
၄၀၄။	နိရယမနုဿနိရယာဒိသုတ္တ(၃)	----------	၃၁၅
၄၀၅။	နိရယသဂ္ဂသုတ္တ (၂)	----------	၃၁၅
၄၀၆။	နိရာမိသသုတ္တ	----------	၃၁၆
၄၀၇။	နိရုတ္တိပထသုတ္တ	----------	၃၁၆
၄၀၈။	နိရောဓသုတ္တ (၃)	----------	၃၁၇

မာတိကာ

စဉ်	သုတ်အမည်		စာမျက်နှာ
၄၀၉။	နိရောဓမ္မသုတ္တ (၃)	----------	၃၁၈
၄၁၀။	နိရောဓသမာပတ္တိသုတ္တ	----------	၃၁၉
၄၁၁။	နိဝါပသုတ္တ	----------	၃၁၉
၄၁၂။	နိဝေသကသုတ္တ	----------	၃၂၀
၄၁၃။	နိဿယသုတ္တ (၃)	----------	၃၂၁
၄၁၄။	နိဿရဏိယသုတ္တ	----------	၃၂၂
၄၁၅။	နိဿာရဏိယသုတ္တ(၂)	----------	၃၂၂
၄၁၆။	နိဃသုတ္တ	----------	၃၂၃
၄၁၇။	နိဝရဏသုတ္တ (၃)	----------	၃၂၄
၄၁၈။	နိဝရဏပဟာနဝဂ္ဂ (၁၀–သုတ်)	----------	၃၂၅
၄၁၉။	နေဝရူပီနာရူပီအတ္တာသုတ္တ	----------	၃၂၅
၄၂၀။	နေဝသညာနာသညာယတနသုတ္တ	----------	၃၂၆
၄၂၁။	နေဝသညာနာသညာယတနပဏ္ဍာသုတ္တ	----------	၃၂၆
၄၂၂။	နေဝဟောတိ နု နှဟောတိသုတ္တ	----------	၃၂၇
၄၂၃။	နေဝဟောတိ နနဟောတိ တထာဂတောသုတ္တ	----	၃၂၇
၄၂၄။	နေသဇ္ဇိကသုတ္တ	----------	၃၂၈
၄၂၅။	နောစ မေ သိယာသုတ္တ(၂)	----------	၃၂၉
၄၂၆။	နောစ အဿာဒသုတ္တ (၂)	----------	၃၂၉
၄၂၇။	နောစေဒံသုတ္တ	----------	၃၂၉
၄၂၈။	နောပရိယေသနာနာနတ္တသုတ္တ	----------	၃၃၀
၄၂၉။	နောဖဿနာနတ္တသုတ္တ	----------	၃၃၀

တိပိဋကသုတ္တသူစီဝိဘာဝနီကျမ်း

(၈-ဝဂ် စက္ကသုတ် မှ
၁၀-ဝဂ် နောဖယသနာနုတ္တသုတ်
အထိ
သုတ်ပေါင်း ၈၀၂-သုတ်)

ဒုတိယတွဲ

တိပိဋကာ သုတ္တသုစိ ဝိဘာဝိနီ
(စ–ဝဂ်၊ စက္ကသုတ္တ မှ တ–ဝဂ်၊ နောဟသနာနုတ္တသုတ္တ အထိ)
(ဒုတိယတွဲ)

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

စက္ကသုတ္တ

–အံ၊ဘ။၃၄၁။ အံ၊မြန်၊ဘ။၃၅၈။ အံ၊ဌ၊၂။၂၀၉–၂၉၀။ အံ၊ဋီ၊၂။၂၈၀။
–အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ ပဌမပဏ္ဏာသက၊ ၄–စက္ကဝဂ္ဂ၊ ပထမသုတ်။

ပတိရူပဒေသဝါသအစရှိသော သမ္မတ္တိစက်၄–ပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် စည်းစိမ်ဥစ္စာတို့၌ ပြန့်ပြောများပြားခြင်းသို့ ရောက်နိုင်၏ဟု ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ၌–ဉာဏသမ္ပယုတ်ကုသိုလ်ကံသည် ဤစက်များနှင့် ပြည့်စုံ အောင်ဆောင်ရွက်ပုံ ပုဗ္ဗေကတစက်သာပမာဏဖြစ်ပုံကို ဖွင့်ပြထားပါသည်။

♦ ဋီကာ၌–စက်ငါးမျိုးရှိပုံ၊ ပုဗ္ဗေကတပုညတာ–ဟုဆိုအပ်သော သမ္မတ္တိစက် သည်သာ ပမာဏဖြစ်ကြောင်း ဖွင့်ပြထားပါသည်။

❖❖❖❖❖

စက္ကဝတ္တိသုတ္တ (၃)

– ဒီ၊၃။၄၈–၆၅။ ဒီ၊မြန်၊၃။၄၉–၆၉။ ဒီ၊ဌ၊၃။၂၉–၄၂။ ဒီ၊ဋီ၊၃။၂၄–၃၅။
– ဒီဃနိကာယ၊ ပါထိကဝဂ္ဂ၊ တတိယသုတ်။

ဤသုတ်တော်ကို ဘုရားရှင် မဂဓနိုင်ငံ မာတုလမြို့၌ ဟောတော်မူပါသည်။ ''မိမိကိုယ်တိုင် သတိပဋ္ဌာန်လေးပါးဟူသော ဓမ္မကို မှီခိုရာ ကိုးကွယ်ရာပြု၍နေကြ၊

တိပိဋကသုတ္တသူစိ ဝိဘာဝိနီ

မိမိမှတစ်ပါး အခြားသူကို မှီခိုကိုးကွယ်၍မနေကြကုန်လင့်၊ဘုရားရှင်ဟူသော ဖခင်၏ ဥစ္စာဖြစ်သော (သတိပဋ္ဌာန်ဝမ္မ)အာရုံ၌ လှည့်လည်ကျက်စားကြကုန်လော့၊ ဖခင်၏ ဥစ္စာဖြစ်သော (သတိပဋ္ဌာန်ဝမ္မ) အာရုံ၌ ကျက်စားနေကြသော သင်တို့အား (ဒေဝ ပုတ္တမာရ် မစ္စုမာရ် ကိလေသမာရ်)သည် နှိပ်စက်ဖို့ရန် အခွင့်အကြောင်းကို မရနိုင်၊ ကုသိုလ်တရားတို့ကို ဆောက်တည် ကျင့်သုံးခြင်းဟူသော အကြောင်းကြောင့် ဤကောင်းမှုအကျိုးသည် တစ်နေ့တခြား တိုးပွားလာသည်''ဟု မိန့်ကြားတော်မူပြီး ဒဠ္ဌနေမိစကြာမင်းအကြောင်းကို ဟောတော်မူပါသည်။

ထိုဝတ္ထုတ္ထ ဒဠ္ဌနေမိစကြာမင်း သားတော်ကြီးကိုလွဲအပ်၍ ရဟန်းပြုသွားပုံ၊ စက္ကဝတ္တိအရိယကျင့်ဝတ် (၁၂)ပါး၊ စကြာရတနာဖြစ်ပေါ်လာပုံ၊ စကြာမင်း(၇)ဆက် တိုင်အောင်ဖြစ်ပေါ်ခဲ့ပုံ၊ စကြာမင်းကျင့်ဝတ် ချုတ်ယွင်းလာရာအခါ၌ ဆင်းရဲသားများဖြစ် ပေါ်လာပုံ၊ 'အဒိန္နာဒါန'ဖြစ်ပေါ်လာပုံ၊ ပါဏာတိပါတဖြစ်ပေါ်လာပုံ၊ သတ္တဝါတို့ အနှစ် ရှစ်သောင်းအထိ အသက်တမ်း အဆင်းတို့ ဆုတ်ယုတ်လာပုံ၊ မုသာဝါဒ ဖြစ်ပေါ် လာပုံ၊ အသက်တမ်းလေးသောင်းအထိ ဆုတ်ယုတ်ပုံ၊ ပိသုဏာဝါစာဖြစ်ပေါ်လာပုံ၊ သတ္တဝါတို့အသက်တစ်သောင်းတမ်း၌ 'သုဝဏ္ဏ''ဒုဗ္ဗဏ္ဏ'ကွဲပြားလာခြင်းကြောင့် အဘိဇ္ဈာ, ကာမေသုမိစ္ဆာစာရ–တို့ဖြစ်ပေါ်လာပုံ၊ အသက်တမ်းငါးသောင်းအထိ ဆုတ်ယုတ်သွားပုံ၊ 'ဖရုသဝါစါ သမ္ဖပ္ပလာပ'တို့ဖြစ်ပေါ်လာပုံ၊ အသက်တမ်း (၂၅၀၀) မှ (၂၀၀၀)အထိ ဆုတ်ယုတ်သွားပုံ၊ 'အဘိဇ္ဈာဗျာပါဒ'တို့ဖြစ်ပေါ်လာပုံ၊ အသက်တမ်း (၁၀၀၀)အထိ ဆုတ်ယုတ်သွားပုံ၊ မိစ္ဆာဒိဋ္ဌိဖြစ်ပေါ်လာပုံ၊ အသက်တမ်း (၅၀၀) အထိ ဆုတ်ယုတ်သွားပုံ၊ 'အဝမ္မရာဂ ဝိသမလောဘ မိစ္ဆာဝမ္မ'တို့ဖြစ်ပေါ်လာပုံ၊ အသက်တမ်း (၂၅၀) မှ (၂၀၀) အထိ ဆုတ်ယုတ်သွားပုံ၊ 'အမတ္တေယျတာ အပေတ္တေယျတာ အသာမညတာ အပြဟ္မညတာ ကုလေ နု ဇေဋ္ဌာပစာယိတာ'တို့ ဖြစ်ပေါ်လာပုံ၊ အသက်တမ်း (၁၀၀) အထိ ဆုတ်ယုတ်သွားပုံ၊ တဖြေးဖြေး (၁၀)နှစ်တမ်းအထိ၊ 'သပ္ပိ တေလ နဝနီတ မဓု ဖာဏိတ လောဏ' အရသာငါးမျိုး ပျောက်ကွယ်သွားပုံ၊ လူးထမင်းသာ ထိုအခါ၌ အကောင်းဆုံးဖြစ်တော့ပုံ၊ ကုသလကမ္မပထတရား (၁၀)ပါးတို့ အကုန်လုံးပျောက်ကွယ်သွားပုံ၊ အကုသလကမ္မပထတရားတို့ ထွန်းကားပုံ၊ မကောင်းမှုပြုသူများ အပူဇော်ခံကြရပုံ၊ ချီးမွမ်းမှုခံကြရပုံ၊ ဆိတ်,သိုး,ခွေး, ဝက်တို့ကဲ့သို့ ပမာ ရောနှောရှုပ်ထွေးပြီး လောကဝမ္မပျက်စီးပုံ၊ အချင်းချင်း 'အာဃာတ' 'ဗျာပါဒ' 'မနောပဒေါသ' အားကြီးကြပြီး သတ်ဖြတ်ကြပုံ၊သတ္တုန္ဒရကပ်ကြောင့် သတ္တဝါတို့ ပျက်စီးကြပုံ၊ အသွားရခက်ခဲသော တောအုပ်အစရှိသောအရပ်တို့သို့ ပြေးအောင်း

သောသတ္တဝါတို့ အနည်းငယ်သာ ကျန်ရှိတော့ပုံ၊ ထိုသတ္တဝါတို့အသိဉာဏ် ဖြစ်ပေါ်လာကြပြီး ပါဏာတိပါတမှ ရှောင်ကြဉ်၍ ကုသိုလ်ကောင်းမှုများ ဆောက်တည် ကျင့်သုံးကြရာက အသက်တမ်း အဆင်းတို့ တဖြေးဖြေးတိုးတက်လာကြပုံ၊ အကုသိုလ်တရားတို့ကိုပယ်ရှားပြီး ကုသိုလ်ကောင်းမှုများကို ပြုကျင့်ကြခြင်းကြောင့် သတ္တဝါတို့ အနှစ်ရှစ်သောင်းအထိ အသက်ရှည်ကြပုံ၊ ထိုအခါ'ကျွဿာ, အနသန, ဇရာ' ဟူသော ရောဂါသုံးမျိုးသာရှိပုံ၊ ဇမ္ဗုဒီပါကျွန်းသည် မြို့ရွာလူဦးရေတို့ ကြက်ပျံတစ်ကျ အထိ စည်ကားတိုးတက်ပုံ၊ သင်္ခဉ်စကြာမင်း ပေါ်လာပုံ၊မေတ္တယျဘုရားရှင် ပွင့်တော်မူပုံ၊ သင်္ခဉ်စကြာမင်းရဟန်းပြုပုံ၊ ရဟန်းတော်တို့၏ ''အာယု ဝဏ္ဏ သုခ ဘောဂ ဗလ'' တရားတို့နှင့် ပြည့်စုံအောင် ကျင့်သုံးကြပုံ၊ ကုသိုလ်တရားတို့ကို ဆောက်တည်ကျင့်သုံးကြခြင်းကြောင့် လွှမ်းမိုးနိုင်ခဲသော ဒေဝပုတ္တမာရ် မစ္စုမာရ် ကိလေသမာရ်တို့ကို လွှမ်းမိုးနိုင်ပုံတို့ကို ဟောတော်မူပါသည်။

အဌကထာ၌ ဤသုတ်တော်ကို မာတုလမြို့အပြင်ဖက် မာတုလ (ပညောင်) ပင်အောက်၌ ဟောတော်မူကြောင်း၊ ''ဗီလုံး''ဌက်ငယ်ဝတ္ထု၊ ဝဋ္ဋဂါမိကုသိုလ်၊ ဝိဝဋ္ဋဂါမိကုသိုလ်အကြောင်း၊ စကြာရတနာရွှေပုံအကြောင်း၊ မိဖအမွေ ခံစားထိုက် မထိုက်၊ ဓမ္မိကရက္ခာဝရဏဂုတ္တိ သံဝိဒဟန၊ စက္ကဝတ္တိအရိယကျင့်ဝတ် (၁၀)ပါး (၁၂)ပါး ရေကွက်ပုံ၊ ကပ်ကြီးသုံးပါးဆိုက်ရောက်ခြင်း အကြောင်းသုံးပါး၊ သတ္တဝါတို့လားရာဂတိ၊ သားစဉ်မြေးဆက်အသက်ရှည်ခြင်းအကြောင်း၊ သင်္ခဉ်စကြာမင်း၏ရှေးကောင်းမှု၊ ရဟန်းတော်တို့၏ 'အာယု ဝဏ္ဏ သုခ ဘောဂ ဗလ'ဖွင့်ဆိုချက်များ၊ ဤသုတ်တော်ဒေသနာ၏အဆုံး၌ ရဟန်းတော်နှစ်သောင်း ရဟန္တာဖြစ်ပုံ၊ သတ္တဝါ(၈၄၀၀၀)တို့ တရားသိမြင်ကျွတ်တမ်းဝင်ပုံတို့ကို ဖွင့်ပြထားပါသည်။

♦ ဋီကာ၌ စကြာမင်းကျင့်ဝတ် ပြီးပြည့်စုံရာ နှစ်အပိုင်းအခြား၊ သားသမီးများ အသက်ရှည်နိုင်ပုံ အစရှိသည်တို့ကို ဖွင့်ပြထားပါသည်။

– သံ၊ ၃။ဧရ။ သံ၊မြန်၊ ၃။၉၂။သံ၊ဌ၊ ၃။၁၉၀–၂။သံ၊ဋီ၊ ၂။၄၂၉–၄၃၀။

– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၂–ဗောဇ္ဈင်သံယုတ္တ၊ ၅–စက္ကဝတ္တိဝဂ္ဂ၊ ဒုတိယသုတ်။

စကြာမင်းဖြစ်ပေါ်လာခြင်းကြောင့် ရတနာရပါးတို့ ထင်ရှားစွာ ဖြစ်ပေါ်လာသည်။ ဘုရားရှင်ပွင့်တော်မူလာခြင်းကြောင့် ဗောဇ္ဈင်ရတနာ (၇)ပါး ထင်ရှားဖြစ်ပေါ်လာသည်ဟု ဘုရားရှင် ဟောတော်မူသည်သုတ်။

တိပိဋကသုတ္တသူစီ ဝိဘာဝိနီ

အဋ္ဌကထာ၌–ရာဇာ၊စက္ကဝတ္တိ၊ရတန၊ပါတုဘာဝါ–ပုဒ်တို့၏အဖွင့်များ၊စကြာမင်း၏ရတနာ (၇)ပါးနှင့် ဗောဇ္ဈင်ရပါးတို့ နှိုင်းယှဉ်၍ ဖွင့်ဆိုချက်တို့ ပါရှိပါသည်။

–အံ၊ဘ။ဘဝရ–၉။ အံ၊မြန်၊ဘ။ဘ၂၆–၇။ အံ၊ဌ၊၂။ရရ–၉။ အံ၊ဋီ၊၂။ဓဘ–၃။
–အဂ်ုတ္တရနိကာယ၊ တိကနိပါတ၊ ပဌမပဏ္ဏာသက၊ ၂–ရထကာရဝဂ္ဂ၊ စတုတ္ထသုတ်။

ဤသုတ်၌ "စကြာမင်းနှင့် ဘုရားရှင်တို့၏သဘာဝ စက္ကဝတ္တိ၊ ဓမ္မိကရက္ခာ ဝရဏာဂုတို့ဖြစ်ပုံကို" အကျယ်ပြောဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ – ဓမ္မ, ဓမ္မိက, ဓမ္မရာဇာ, သံဝိဒဟနာကာရ, အပ္ပဋိဝတ္တိ, ရက္ခ, အာဝရဏ, ဂုတ္တိ စသော ပုဒ်တို့၏ မှတ်သားဖွယ်အဖွင့်များ။

♦ ဋီကာ၌ – စက္က(၇)မျိုး၊ စက္ကဝတ္တိ၊ စက္ကဝတ္တိဝတ္တ စသည်တို့ကို ဖွင့်ပြထားပါသည်။

❖❖❖❖❖

စက္ကဝတ္တိအစ္ဆရိယသုတ္တ

–အံ၊ဘ။၄၄၉–၄၅၀။ အံ၊မြန်၊ဘ။၄၆၂–၃။ အံ၊ဌ၊၂။၃၃၅–၆။
–အဂ်ုတ္တရနိကာယ၊ စတုက္ကနိပါတ၊ တတိယပဏ္ဏာသက၊ (ဘ၃) ၃–ဉာယဝဂ္ဂ၊ ဒသမ သုတ်။

စကြာမင်း၏ အစ္ဆရိယ၊ အဘ္ဘုတဓမ္မလေးပါးနှင့် အရှင်အာနန္ဒာမထေရ်၏ အစ္ဆရိယ၊ အဘ္ဘုတဓမ္မလေးပါးတို့ကို ဘုရားရှင်ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ – စကြာမင်းတို့ ပရိသတ်အလိုက် ပြောကြားသည့်စကားတို့ကို ဖွင့်ဆိုထားပါသည်။

❖❖❖❖❖

စက္ကဝတ္တိရာဇသုတ္တ

– သံ၊၃။၂၉၈–၉။ သံ၊မြန်၊၃။၂၉၉–၃၀၀။ သံ၊ဌ၊၃။၃၀ရ–၈။ သံ၊ဋီ၊၂။၅၂ရ။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၁–သောတာပတ္တိသံယုတ္တ၊ ၁–ဝေဠုဒ္ဒါရဝဂ္ဂ၊ ပထမသုတ်။

အရိယာသာဝကတို့ ဝမ္မလေးပါးနှင့် မပြည့်စုံသော စကြာမင်းသည် စကြာမင်းစည်းစိမ်ကို ခံစားပြီး နတ်စည်းစိမ်ခံစားနေရသော်လည်း အပါယ်လေးပါးမှ မလွတ်နိုင်။ အရိယာသာဝကသည် ဆွမ်းခံ၍ရသောဆွမ်းဖြင့် မျှတလျက် အမြိတ်အဆာမရှိသော သက်နှံးကို ဝတ်ရုံနေသော်လည်း အရိယဝမ္မလေးပါးနှင့် ပြည့်စုံသောကြောင့် အပါယ်လေးပါးမှ လွတ်မြောက်၏–ဟု လေးကျွန်းလုံးကို အစိုးရသော စကြာမင်းဘဝထက် အရိယမမ္မလေးပါးကိုရသော အရိယာသာဝက က မြင့်မြတ်ပုံကို ဟောတော်မူသည့်သုတ်။

❖❖❖❖❖

စက္ကာနုဝတ္တနသုတ္တ (၂)

– အံ၊ ၂။ ၁၃၀–၁။ အံ၊ မြန်၊ ၂။ ၁၆၂–၃။ အံ၊ ဌ၊ ၃။ ၄၇။ အံ၊ ဋ္ဌ၊ ၃။ ၄၃–၄။
– အဂ္ဂံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ တတိယပဏ္ဏာသက၊ (၁၄) ၄–ရာဇဝဂ္ဂ၊ ပထမသုတ်။

လူဖြစ်သော ရန်သူတစ်စုံတစ်ယောက်မျှ မဖျက်ဆီး မတားမြစ်နိုင်သော စကြာရတနာကို လည်စေနိုင်သော စကြာမင်း၏ အရည်အချင်းငါးမျိုးနှင့် တစ်စုံတစ်ယောက်သော နတ်,လူ,ဗြဟ္မာမျှ မလည်စေနိုင်သော အနုတ္တရဝမ္မစက်ကို လည်စေတော်မူနိုင်သော ဘုရားရှင်၏ အရည်အချင်းငါးမျိုးတို့ကို ဟောတော်မူသည့်သုတ်။

– အံ၊ ၂။ ၁၃၁။ အံ၊ မြန်၊ ၂။ ၁၆၃–၄။ အံ၊ ဌ၊ ၃။ ၄၇။ အံ၊ ဋ္ဌ၊ ၃။ ၄၄။
– အဂ္ဂံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ တတိယပဏ္ဏာသက။ (၁၄) ၄–ရာဇဝဂ္ဂ၊ ဒုတိယသုတ်။

စကြာမင်းသားတော်ကြီးနှင့် အရှင်သာရိပုတ္တရာ–တို့၏ အထက်သုတ်ပါ အရည်အချင်းတို့ကို ဟောတော်မူသည့်သုတ်။

♦ အဌကထာ၌ စကြာရတနာကွယ်ပျောက်ပုံ၊ ပြန်လည်ဖြစ်စေပုံတို့ကို ဖွင့်ပြထားပါသည်။

♦ ဋီကာ၌လည်း ဖွင့်ဆိုချက်များ များစွာရှိပါသည်။

❖❖❖❖❖

စက္ခုသုတ္တ (၆)

- သံ၊၁။၄၃၃။ သံ၊ မြန်၊ ၁။၄၂၈။ သံ၊ဌ၊၂။၁၉၆။ သံ၊ဋ္ဌ၊၂။၁ရ၉။
- သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၇–ရာဟုလသံယုတ္တ၊ ပဌမဝဂ်၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်ရာဟုလာ၏ လျှောက်ထားချက်အရ– စက္ခုအစရှိသော အဖျတ္တိကာယတန (၆)ပါးတို့ကို တစ်ပါးစီ တစ်ပါးစီ အနတ္တလက္ခဏာသုတ်ဒေသနာတော်အတိုင်း ဟောတော်မူသည့်သုတ်။

- သံ၊၁။၄၄၂–၃။ သံ၊မြန်၊၁။၄၃၂။
- သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၇–ရာဟုလသံယုတ္တ၊ ဒုတိယဂ်၊ ပဌမသုတ်။

အနိုးသို့ရောက်ရှိလာသော ရာဟုလာအား အထက်ပါသုတ်ဒေသနာတော်နည်းဖြင့် အဖျတ္တိကာယတန (၆)ပါးတို့ကို တစ်ပါးစီ ကစ်ပါးစီ ဟောတော်မူသည့်သတ်။

- သံ၊၂။၁၈၆။ သံ၊မြန်၊၂။၁ရရ။ သံ၊ဌ၊၂။၃၁ရ။ သံ၊ဋ္ဌ၊၂။၂ရ၃။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၄–သြက္ကန္တသံယုတ္တ၊ ပဌမသုတ်။

သဒ္ဓါနုသာရီသောတာပန်ပုဂ္ဂိုလ်နှင့် ဓမ္မာနုသာရီသောတာပန်ပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြစ်ပုံကို ဟောတော်မူသည့်သုတ်။

♦ အဌကထာ၌– ဤပုဂ္ဂိုလ်များသည် 'ဌိတကပ်ပ' ပုဂ္ဂိုလ်ဖြစ်ပုံကို ဖွင့်ပြထားပါသည်။

- သံ၊၂။ ၁၉၀။ သံ၊မြန်၊၂.၁၈၁။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၅–ဥပ္ပါဒသံယုတ္တ၊ ပဌမသုတ်။

မျက်စိ၏စ၍ဖြစ်မှုသည် ဒုက္ခ၏ စ၍ဖြစ်မှု၊ မျက်စိ၏ တည်တံ့မှုသည် ရောဂါတို့၏ တည်တံ့မှု၊ မျက်စိ၏ အသစ်ဖြစ်ပေါ်မှု, ထင်ရှားဖြစ်ပေါ်မှုသည် ဇရာ, မရဏာ၏ အသစ်ဖြစ်ပေါ်မှု, ထင်ရှားဖြစ်ပေါ်မှုဟူ၍လည်းကောင်း၊ မျက်စိ၏ချုပ်မှုသည် ဒုက္ခချုပ်မှု, မျက်စိ၏ငြိမ်းမှုသည် ရောဂါတို့၏ငြိမ်းမှု၊ မျက်စိ၏ကွယ်ပျောက်မှုသည် ဇရာမရဏာတို့၏ ကွယ်ပျောက်မှု–ဟူ၍လည်းကောင်း အဖျတ္တိကာယတန (၆)ပါးတို့ကို တစ်ပါးစီ တစ်ပါးစီ ဟောတော်မူသည့်သုတ်။

– သံ၊၂။၁၉၄။ သံ၊မြန်၊၂။၁၈၄။ သံ၊ဌ၊၂။၃၁၈။ သံ၊ဋ္ဌ၊၂။၂၇၃။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၆–ကိလေသသံယုတ္တ၊ ပဌမသုတ်။

မျက်စိ၌ လိုချင်,တပ်မက်မှုသည် စိတ်၏ ညစ်ညူးမှုမည်၏–အစရှိသည်ဖြင့် အစ္ဆတ္တိကာယတန (၆)ပါးတို့ကို တစ်ပါးစီ တစ်ပါးစီ ဟောတော်မူပြီး ဤ (၆)ဌာနတို့၌ စိတ်ညစ်ညူးမှုကို ပယ်အပ်ပြီးသော ရဟန်း၏စိတ်သည် နေကျွမ်မှိန်၍, နေကျွမ်မပရိဘာဝိတ, အဘိညာသစ္ဆိကရဏီယဓမ္မ ကမ္မနိမိတ်ဖြစ်ပုံကို ဟောတော်မူသည်သုတ်။

– ဣတိဝုတ်။၂၃၁။ ဣတိဝုတ်။ မြန်၊၂၁၅။ ဣတိဝုတ်၊ဌ။၁၉၆–၈။
– ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ ၃–တိကနိပါတ၊ ဒုတိယဝဂ်၊ ဒုတိယသုတ်။

မံသစက္ခု, ဒိဗ္ဗစက္ခု, အတုမရှိသော ပညာစက္ခု–ဟု စက္ခုသုံးပါးကို ဘုရားရှင် ဟောတော်မူပုံ၊ မံသစက္ခုသည် ဒိဗ္ဗစက္ခု၏အကြောင်းဖြစ်ပုံ၊ အတုမရှိသော အာသဝက္ခယညာဏ်ဟူသော ပညာစက္ခုကိုရခြင်းကြောင့် ဒုက္ခအားလုံးမှ လွတ်မြောက်၏–ဟု ဘုရားရှင် ဟောတော်မူပုံကို ခုဇ္ဈတ္တရာက သာမာဝတီအမှူးရှိသော မိဖုရားတို့အား ဟောပြသည်သုတ်။

♦ အဌကထာ၌ အကျယ်ဖွင့်ပြချက်များ များစွာ ပါရှိပါသည်။

❖❖❖❖❖

စက်မသုတ္တ (၂)

– သံ၊၁။၃၆၈–၉။ သံ၊မြန်၊၁။၃၅၅–၄။ သံ၊ဌ၊၂။၁၂၉–၁၃။ သံ၊ဋ္ဌ၊၂။၁၃၈–၉။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၃–ဓာတုသံယုတ္တ၊ ဒုတိယဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင်၏ မနီးမဝေးသောအရပ်၌ မိမိတို့၏ ပရိသတ်တို့နှင့်အတူ စကြိုန်လျှောက်နေသော အရှင်သာရိပုတ္တရာ အစရှိသော မထေရ(၈)ပါးတို့၏ ဂုဏ်ပုဒ်များကို အသီးအသီး မိန့်ကြားတော်မူပြီး သတ္တဝါတို့သည် ဓာတ်သဘောတူအချင်းချင်း ပေါင်းသင်းနေထိုင်ကြပုံကို အကျယ်ရှင်းလင်း ဟောကြားတော်မူသည်သုတ်။

♦ အဌကထာ၌– မထေရ်မြတ်တို့၏ ဂုဏ်ကျေးဇူးများနှင့် မထေရ်မြတ်များ စကြိုန်လျှောက်နေကြခြင်း အကြောင်းများကိုလည်း ဖွင့်ပြထားပါသည်။

(၈) တိပိဋကသုတ္တသုစိ ဝိဘာဝိနီ

– အံ၊၂။၂၄။ အံ၊မြန်၊၂။၃၂။ အံ၊ဌ၊၃။၁၂။
– အဂ္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ပဌမပဏ္ဏာသက၊ ၃–ပဉ္စင်္ဂိကဝဂ္ဂ၊ နဝမသုတ်။

လမ်းလျှောက် (စင်္ကြန်)သွားခြင်းအကျိုးငါးပါးတို့ကို ဘုရားရှင် ဟောတော်မူသည်သုတ်။

❖❖❖❖❖

စင်္ကီသုတ္တ

– မ၊၂။၃၇၅–၃၈၈။ မ၊မြန်၊၂။၃၈၀–၃၉၃။ မ၊ဌ၊၃။၂၈၃–၂၉၁။ မ၊ဋ္ဌ၊၃။၁၈၉–၁၉၅။
– မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ၊ ၅–ဗြာဟ္မဏဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ ဩပါသာဒဗြာဟ္မဏဂါမ နတ်တို့ကို ဗလိနတ်စာကြွေးရာ အင်ကြင်းတောင် သီတင်းသုံးနေတော်မူစဉ် ဩပါသာဒဗြာဟ္မဏဂါမ၏ အကြီးအကဲဖြစ်သော စင်္ကီဗြာဟ္မဏအမှူးရှိသော ပရိသတ်တို့အလယ်၌ စင်္ကီဗြာဟ္မဏ၏ လျှောက်ထားချက်အရ အသက် (၁၆)နှစ်သာရှိသေးသော ဗြာဟ္မဏပညာတတ် ခေါင်းဆောင် ''ကာပဋိက'' လုလင်၏ မေးလျှောက်ချက်အရ ''ဗြာဟ္မဏဝါဒသည် သူကန်းအဆက်ဆက်နှင့်တူပုံ၊ ဗြာဟ္မဏတို့၏ ယုံကြည်ချက်သည် အခြေအမြစ်မရှိပုံ၊ သဒ္ဓါ, ရုစိ, အနုဿဝ, အာကာရ, ပရိဝိတက္က, ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ–တို့သည် အမှန်/အမှားနှစ်မျိုးဖြစ်နိုင်ပုံ၊ သစ္စာကို စောင့်ရှောက်ခြင်း၊ သစ္စာကို ထိုးထွင်း၍သိခြင်း၊ ဖိုလ်ကို မျက်မှောက်ပြုခြင်း၊ ဖိုလ်ကို မျက်မှောက်ပြုခြင်းအား မျှားစွာ ကျေးဇူးပြုတတ်သော တရားတို့ကို အကျယ်ဝေဖန်၍ ဖြေကြားတော်မူပါသည်။ ကာပဋိကလုလင်သည် အဖြေအားလုံးကို ကျေနပ်နှစ်သက်ပါကြောင်း၊ ရှေးက ဦးပြည်း, ကြွယ်ဝ, မည်းညစ်ကုန်, ဗြဟ္မာ၏ခြေဖမိုးမှ မွေးဖွားကုန်သော ရဟန်းယုတ်တို့သည် အဘယ်မှာလျှင် တရားသဘောကို သိကြကုန်အံ့နည်း–ဟု အထင်မှားကြပုံ၊ ယခုအခါ ရဟန်းတို့၌ ရဟန်းဟူသော ချစ်ခြင်း၊ ကြည်ညိုခြင်း၊ ရိုသေခြင်းကို လွန်စွာ ဖြစ်စေပါကုန်၏။ ယနေ့မှစ၍ မိမိကို ဥပါသကာဟု မှတ်တော်မူပါ''ဟု လျှောက်ထားသည်သုတ်။

♦ အဌကထာ၌– စင်္ကီဗြာဟ္မဏ၏ ဇာတိဂုဏ်အဖွင့်များ၊ ဘုရားရှင်၏ ဇာတိဂုဏ်အဖွင့်များ၊ မိမိတို့နှင့် ဘုရားရှင်၏ ကွားခြားရာ၌ ဥပမာများ၊ ရွှေအိုးကြီးလေးလုံး၊ ဘုရားရှင်ကို တိုင်းတာမရနိုင်ပုံ၊ ရာဟုအသူရိန်အကြောင်း၊ အန္ဓဝေဏီအဖွင့် အစရှိသည်ကိုကို လေ့လာနိုင်ပါသည်။

စက္ကာသုတ္တ

- သံ၊၂။၄၉၃-၄။ သံ၊မြန်၊၂။၄၈၇။ သံ၊ဌ၊၃။၁၄၀။ သံ၊ဋ္ဌ၊၂။၃၇၉။
- သံယုတ္တနိကာယ၊ သဋ္ဌာယတနဝဂ္ဂသံယုတ်၊ ၈-ဂါမဏိသံယုတ္တ၊ ပထမသုတ်။

စက္ကာဂါမဏိ၏လျှောက်ထားချက်အရ ''ရာဂ, ဒေါသ, မောဟတရားများကို မပယ်ရသေးသူသည် စိတ်ဆိုးစေကုန်၏။ သူတစ်ပါးတို့ စိတ်ဆိုးသည်ရှိသော် စိတ်ဆိုးမှု ထင်ရှားလာ၏။ ထို့ကြောင့် ''စက္ကာ, စက္ကာ''ဟု ပြောဆိုအပ်၏။

ရာဂ,ဒေါသ,မောဟတရားများကို ပယ်ပြီးသူသည် သူတစ်ပါးတို့ကို စိတ်မဆိုးစေတတ်၊ သူတစ်ပါးတို့က စိတ်ဆိုးစေကုန်သော်လည်း စိတ်ဆိုးမှုကို ထင်ရှားစွာ မပြု။ ထို့ကြောင့် ထိုသူတော်ကောင်းကို ''သောရတ, သောရတ''ဟု ဆိုအပ်၏။ ဟု ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖❖❖❖❖

စက္ကာလသုတ္တ

- အံ၊၂။၁၈၁။ အံ၊မြန်၊၂။၂၃၁။ အံ၊ဌ၊၃။၆၂။
- အဂုံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ စတုတ္ထပဏ္ဏာသက၊ (၁၈) ၃-ဥပါသကဝဂ္ဂ၊ ပဉ္စမသုတ်။

ဥပါသကစက္ကာလ၊ ဥပါသကမလ၊ ဥပါသကပဋ္ဌိကဋ္ဌ၏ အရည်အချင်းငါးမျိုးနှင့် ဥပါသကရတန, ဥပါသကပဒုမ, ဥပါသကပုဏ္ဏရိက၏ အရည်အချင်းငါးမျိုးတို့ကို ဟောတော်မူသည့်သုတ်။

❖❖❖❖❖

စတုစက္ကသုတ္တ

- သံ၊၁။၁၅၂။ သံ၊မြန်၊၁။၁၅၂။ သံ၊ဌ၊၁။၅၃၁။ သံ၊ဋ္ဌ၊၁။၉၇၊-၉၈။
- သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁-ဒေဝတာသံယုတ္တ၊ ၃-သတ္တိဝဂ္ဂ၊ နဝမသုတ်။

ကောဓ, ဥပနာဟကြောင့်ဖြစ်သော အားကြီးသောအမျက်ထွက်မှုဟူသော ကြီး, ကိလေသာဟူသောလွန်ကြီး, ယုတ်ညံ့သော ဒုဗ္ဘလလောဘ, ဗလဝလောဘ,

အဝိဇ္ဇာဟူသော အမြစ်နှင့်တကွဟူသောတဏှာ ဤတရားတို့ကို အရဟတ္တမဂ်ဖြင့် ပယ်ဖြတ်နိုင်လျှင် ဣရိယာပုထ်လေးပါးဟူသော စက်ဘီးရှိသော, ကိုးပေါက်သော အနာဝရှိသော, ရှုံ့စဖွယ်လိလိ အပုတ်အသိုးတို့ဖြင့် ဒင်းကြမ်းပြည့်နေသော ကိလေသာဟူသော ညွန်ပျောင်းရှိသော ဤခန္ဓာကိုယ်၏ ထွက်မြောက်ရာဖြစ်၏–ဟု အညတရနတ်သားအား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖❖❖❖❖

စတုဋ္ဌသုတ္တ

– အံ၊ ၃။၄၅၁။ အံ၊မြန်၊ ၃။၄၄၃။
– အဂ္ဂိတ္တရနိကာယ၊ ဒသကနိပါတ၊ တတိယပဏ္ဏာသက၊ (၁၃) ၃–ပရိသုဒ္ဓဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင်သာသနာတော်မှတစ်ပါး အခြားသာသနာ၌မဟောသော ရာဂ, ဒေါသ, မောဟတို့ကို ပယ်ဖျောက်ခြင်းလျှင်အဆုံးရှိသော တရားဆယ်ပါးတို့ကို ဟောတော်မူသည်သုတ်။

❖❖❖❖❖

စတုတ္ထဗျာနပဒ္ဓာသုတ္တ

– သံ၊ ၂။၄၅၉။ သံ၊မြန်၊ ၂။၄၅၄။
– သံယုတ္တနိကာယ၊သဠာယတနဝဂ္ဂသံယုတ္တ၊ ၆–မောဂ္ဂလာနသံယုတ္တ၊ စတုတ္ထသုတ်။

စတုတ္ထဈာန်နှင့်ဆက်စပ်၍ အကြံအစီဖြစ်ခဲ့ပုံ၊ စတုတ္ထဈာန်ကို ဝင်စားပုံ၊ စတုတ္ထဈာန်ကိုဝင်စားနေသော မိမိအား သုခနှင့်တကွဖြစ်သော သညာမနသိကာရတို့ဖြစ်ပုံ၊ ဘုရားရှင် မိန့်ကြားတော်မူပုံ၊ မိမိကိုယ်တိုင် စတုတ္ထဈာန်ကိုဝင်စားပုံ၊ ဘုရားရှင်ကိုယ်တော်တိုင် ချီးမြှောက်အပ်သော ထူးမြတ်သော အသိဉာဏ်ရှိသောတပည့်–ဟု မှန်ကန်စွာ ပြောဆိုလိုသူသည် မိမိကိုသာ ပြောဆိုရာရောက်ပုံ–တို့ကို အရှင်မောဂ္ဂလာန်ထေရ်က သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်၌ ရဟန်းတို့အား ဟောတော်မူသည်သုတ်။

❖❖❖❖❖

စတုတ္ထသုတ္တ

– သံ၊ဝ။၃၃၇။ သံ၊မြန်၊ဝ။၃၆၇။ သံ၊ဌ၊ဝ။၁၄၁။ သံ၊ဋ္ဌ၊၂။၁၄၆။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၃–ဓာတုသံယုတ္တ၊ စတုတ္ထဝဂ္ဂ၊ ပဌမသုတ်။

ပထဝီ, အာပေါ, တေဇော, ဝါယော–ဟု ဓာတ်ကြီးလေးပါးရှိပုံကို ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖❖❖❖❖

စတုပဋိသမ္ဘိဒါသင်္ဆေကိရိယာသုတ္တ

– အံ၊ဝ။၂၂။ အံ၊မြန်၊ဝ။၃၀။ အံ၊ဌ၊ဝ။၉၃။အံ၊ဋ္ဌ၊ဝ။၁၄၀–ဝ။
– အဂုံတ္တရနိကာယ၊ ဧကကနိပါတ၊ ၁၃–ဧကပုဂ္ဂလဝဂ္ဂ၊ ဒသမသုတ်။

အရဟံဂုဏ်ရှင် သမ္မာသမ္ဗုद္ဓဂုဏ်ရှင် တထာဂတဖြစ်တော်မူသော ဘုရားဟု၏ ထင်ရှားစွာ ဖြစ်ပွင့်တော်မူခြင်းသည် အတ္ထ,ဓမ္မ,နိရုတ္တိနှင့် ပဋိဘာန–ဟူသော လောကီ,လောကုတ္တရာ ပဋိသမ္ဘိဒါဉာဏ်လေးတန်ကို ကိုယ်ထိလက်ရောက် မျက်မှောက်ပြုနိုင်ရန်ဖြစ်၏–ဟု ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖❖❖❖❖

စတုမဟာရာဇသုတ္တ (၂)

– အံ၊ဝ။၁၄၁–၃။ အံ၊မြန်၊ဝ။၁၅၉–၁၆၂။ အံ၊ဌ၊၂။၁၂၂–၄။ အံ၊ဋ္ဌ၊၂။၁၁၇–၈။
– အင်္ဂုတ္တရနိကာယ၊ တိကနိပါတ၊ ပဌမပဏ္ဏာသက၊ ၄–ဒေဝဒူတဝဂ္ဂ၊ သတ္တမသုတ်။

ကုသိုလ်ကောင်းမှုပြုသူစာရင်း ကောက်ယူဖို့ရန် သိကြားမင်း၏ တာဝန်ပေး ချက်အရ လဆန်း, လဆုတ် (၈)ရက်နေ့များ၌ စတုမဟာရာဇ်နတ်မင်းကြီးတို့၏ အမတ်များ၊ (၁၄)ရက်ဥပုသ်နေ့များ၌ နတ်မင်းတို့၏ သားတော်များ၊ (၁၅)ရက် ဥပုသ်နေ့များ၌ စာတုမဟာရာဇ်နတ်မင်းတို့ကိုယ်တိုင် လူပြည်သို့ဆင်း၍ ကုသိုလ် စာရင်း ကောက်ယူကြပုံ၊ ကုသိုလ်ပြုသူနည်းပါသည့်အခါ တာဝတိံသာနတ်တို့ စိတ်မချမ်းသာကြပုံ၊ ကုသိုလ်ပြုသူ များပြားသည့်အခါ တာဝတိံသာနတ်တို့ ပျော်ရွှင်ကြ ပုံ၊ ''စာတုဒ္ဒသီ''အစရှိသောဂါထာကို ဥပုသ်စောင့်သုံးကြရန်အတွက် ရာဂ, ဒေါသ, မောဟများ မကင်းသေးသော သိကြားမင်းရွတ်ဆိုခြင်း၊ ယက် ရဟန္တာပုဂ္ဂိုလ်ရွတ်ဆိုခြင်း

သည် သင့်မြတ်သောရွတ်ဆိုခြင်းဖြစ်ပုံတို့ကို ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊၁။၁၄၃။ (အဂ္ဂုတ္တရနိကာယ၊ ..... အဋ္ဌမသုတ်။)

"စာတုဒ္ဒသီ"အစရှိသောဂါထာကို ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့မှ မလွတ်ကင်းသေးသော သိကြားမင်းရွတ်ဆိုခြင်းထက် ရဟန္တာပုဂ္ဂိုလ်ရွတ်ဆိုခြင်းက ကောင်းမြတ်ပုံကို ဒေသနာတော်တစ်လှည့်ပြောင်း၍ ဘုရားရှင် ဟောတော်မူသည်သုတ်။

❖❖❖❖❖

စန္ဒနသုတ္တ (၆)

– သံ၊၁။၅၁။ သံ၊မြန်၊၁။၅၀။ သံ၊ဋ္ဌ၊၁။၁၀၂။ သံ၊ဋီ၊၁။၁၅၁–၂။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၂–ဒေဝပုတ္တသံယုတ္တ၊
  ၂– အနာထပိဏ္ဍိကဝဂ္ဂ၊ ပဌမသုတ်။

စန္ဒနနတ်သား၏ မေးလျှောက်ချက်အရ "အခါခပ်သိမ်း သီလ, သမာဓိ, ပညာရှိသော လုံ့လဝီရိယထက်သန်သူ၊ နိဗ္ဗာန်သို့ စိတ်ကိုစေလွှတ်ထားသူသည် လွန်မြောက်နိုင်ခဲသော သံသရာရေယာဉ်ကို ကူးမြောက်နိုင်ပုံ၊ ကာမသညာမှကင်းသူ၊ ရူပသံယောဇဉ်ကိုလွန်မြောက်သူ၊ နန္ဒီရာဂကုန်ပြီးသူသည် နက်လှစွာသော သံသရာရေအလျဉ်၌ မနစ်မြုပ်နိုင်ပုံတို့ကို ဘုရားရှင် ဟောတော်မူသည်သုတ်။

– သံ၊၂။ ၄၇၃။ သံ၊မြန်၊၂။ ၄၆၈။
– သံယုတ္တနိကာယ၊ သဋာယတနဝဂ္ဂသံယုတ္တ၊ ၆–မောဂ္ဂလာနသံယုတ္တ။
  ဇကာဒသမ၊ ဒွါဒသမ၊ တေရသမ၊ စုဒ္ဒသမ၊ ပန္နာရသမသုတ်များ။

အရှင်မောဂ္ဂလာန်ထေရ် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူရာ နတ်သားငါးရာတို့ခြံရံလျက် ချဉ်းကပ်ရောက်ရှိလာသော သိကြားမင်းအား ဟောတော်မူသော သက္ကသုတ်တော်ကဲ့သို့ စန္ဒနနတ်သား၊ သုယာမနတ်သား၊ သန္တုသိတနတ်သား၊ သုနိမ္မိတနတ်သား၊ ဝသဝတ္တိနတ်သားတို့အား အသီးသီး ဟောကြားတော်မူသည်သုတ်များ။

❖❖❖❖❖

စန္ဒိမသုတ္တ

- သံ၊ ၁။၄၈။ သံ၊ မြန်၊ ၁။၄၇။ သံ၊ ဌ၊ ၁။၁၀၀။ သံ၊ ဋ္ဌ၊ ၁။၁၄၈။
- သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၂–ဒေဝပုတ္တသံယုတ္တ၊ ၁–ပဌမဝဂ္ဂ၊ နဝမသုတ်။

လဗိမာန်(လနတ်သား)ကို ရာဟုအသူရိန်ဖမ်းပုံနှင့်စပ်၍ လနတ်သားက ''နမော တေ''အစရှိသောဂါထာဖြင့် ဘုရားရှင်၏ဂုဏ်တော်တို့ကို အောက်မေ့ပြီး ရွတ်ဆိုရာ ဘုရားရှင်က ''တထာဂတံ''အစရှိသော ဂါထာတော်ဖြင့် မိန့်ကြားတော်မူသဖြင့် ရာဟုအသူရိန်က လနတ်သားကိုလွှတ်ပြီး ထွက်ပြေးသွားပုံ၊ ဝေပစိတ္တိအသူရိန်အားမိမိ ကြောက်လန့်ခြင်းအကြောင်းကို ပြောကြားပုံတို့ကို ပြဆိုသည်သုတ်။

❖❖❖❖❖

စန္ဒိမသသုတ္တ

- သံ၊ ၁။၄၉–၅၀။ သံ၊ မြန်၊ ၁။၄၉။ သံ၊ ဌ၊ ၁။၁၀၁–၂။ သံ၊ ဋ္ဌ၊ ၁။၁၅၀။
- သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၂–ဒေဝပုတ္တသံယုတ္တ၊ ၂–အနာထပိဏ္ဍိကဝဂ္ဂ၊ ပဌမသုတ်။

ဘေးရန်မသမ်း ချမ်းချမ်းသာသာအရပ်သို့ သွားရောက်သောပုဂ္ဂိုလ်တို့နှင့် စပ်လျဉ်း၍ စန္ဒိမသနတ်သား၏ လျှောက်ထားချက်ကို ဘုရားရှင်က ''စျာန်ရပြီးနောက် မမေ့မလျော့သောသတိဖြင့် ကိလေသာတို့ကို စွန့်လွှတ်ပြီးသောပုဂ္ဂိုလ်တို့သည် ပိုက်ကွန်မှ လွတ်ပြီးသောငါးကဲ့သို့ နိဗ္ဗာန်သို့ရောက်ကြရကုန်၏ဟု ဟောတော်မူသည်သုတ်။

❖❖❖❖❖

စန္ဒိမာဒိသုတ္တ (၃)

- သံ၊ ၃။၄၁။ သံ၊ မြန်၊ ၃။၄၃–၄။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁–မဂ္ဂသံယုတ္တ၊ အပ္ပမာဒပေယျာလဝဂ္ဂ၊ အဌမ၊ နဝမ၊ ဒသမသုတ်။

ဤသုတ်၌ ''စန္ဒိမသုတ်၊ အာဒိစ္စသုတ်၊ ကာသိကဝတ္ထုသုတ်''ဟု သုတ်သုံးသုတ် ပါရှိသည်။

တိပိဋကသုတ္တသူစိ ဝိဘာဝိနီ

နက္ခတ်, ကြယ်တာရာ အလင်းရောင်အပေါင်းတို့ထက် လရောင်သည် အလင်းဆုံးဖြစ်သကဲ့သို့လည်းကောင်း၊ သရဒရတုအခါ မိုးတိမ်ကင်းစင် ထက်ကောင်းကင်၌ နေရောင်သည် အမှောင်ပယ်ခွင်း အလင်းဆုံးဖြစ်သကဲ့သို့လည်းကောင်း၊ အဝတ်အထည်အားလုံးတို့ထက် ကာသိတိုင်းဖြစ် အဝတ်အထည်သည် အကောင်းဆုံးဖြစ်သကဲ့သို့လည်းကောင်း၊ ကုသိုလ်တရားအားလုံးတို့ထက် အပ္ပမာဒ(သတိ)တရားသည် အမြတ်ဆုံးဖြစ်သည်။ အပ္ပမာဒရှိသောရဟန်းသည် ဝိဝေကနိဿိတ, ဝိရာဂနိဿိတ, နိရောဓနိဿိတ, ဝေါဿဂ္ဂပရိဏာမိကဖြစ်သော အဋ္ဌင်္ဂိကအရိယာမဂ်ကို ပွားများ၏။ ကြိမ်ဖန်များစွာ အလေ့အလာပြု၏–အစရှိသည်ဖြင့် အကျယ်ဟောတော်မူသည့်သုတ်။

❖❖❖❖❖

စန္ဒူပမသုတ္တ

– သံ၊ဝ။၄၀၁–၃။ သံ၊မြန်၊ဝ။၃၈၉။ သံ၊ဋ္ဌ၊၂။ဝ၅၄–၈။ သံ၊ဋီ၊၂။ဝ၅၇–၉။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၅–ကဿပသံယုတ္တ၊တတိယသုတ်။

ဒါယကာတို့အိမ်သို့ ချဉ်းကပ်မည့်ရဟန်းသည် လ–ဥပမာစိတ်ထားဖြင့် ချဉ်းကပ်သင့်ပုံ၊ ချဉ်းကပ်နေသောရဟန်းသည် အာကာသ၌ လက်ကိုဝှေ့ရမ်းပြသော ဥပမာစိတ်ထားဖြင့် ချဉ်းကပ်ရပုံ၊ မသန့်ရှင်း မစင်ကြယ်သော ဓမ္မဒေသနာ, သန့်ရှင်း စင်ကြယ်သော ဓမ္မဒေသနာတို့ကို အရှင်မဟာကဿပထေရ်ကို နမူနာစံထား၍ ဟောတော်မူအပ်သောအတိုင်း ကျင့်ကြံရမည်ဟု အကျယ်ဟောတော်မူသည့်သုတ်။

❖ အဋ္ဌကထာ၌– စန္ဒူပမာ၊ အပကဿ၊ နိစ္စနဝက၊ ဒွေဘာတိကဝတ္ထု၊ အပ္ပဂဗ္ဘ၊ ကာယပါဂဗ္ဘိယဌာန (၈)ပါး၊ ဝစီပါဂဗ္ဘိယဌာန (၄)ပါး၊ မနောပါဂဗ္ဘိယအနေကဌာန၊ ရေတွင်းဟောင်းဥပမာသံသန္ဒန–တို့ကို အကျယ်ဖွင့်ပြသော ဖွင့်ဆိုချက်များ ပါရှိပါသည်။

❖❖❖❖❖

စရသုတ္တ (၂)

– အံ၊ဝ။၃၁၉–၃၂၁။ အံ၊မြန်၊ဝ။၃၃၅–၆။ အံ၊ဋ္ဌ၊၂။၂၅၈။ အံ၊ဋီ၊၂။၂၃၁–၃။
– အဂ္ဂုတ္တရနိကာယ၊ စတုက္ကနိပါတ၊ ပဌမပဏ္ဏာသက၊ ၂–စရဝဂ္ဂ၊ ပဌမသုတ်။

စဝနသုတ္တ

ဤသုတ်၌ ''သတတ, သမိတ, ကုသိတ, ဟီနဝိရိယ''ပုဂ္ဂိုလ်လေးမျိုးနှင့် သတတ, သမိတ, အာရဒ္ဓဝိရိယ, ပဟိတတ္တ''ပုဂ္ဂိုလ်လေးမျိုးတို့ကို ဟောတော်မူပါသည်။ ပဌမပုဂ္ဂိုလ်လေးမျိုးသည် 'သမ္မောဓိပရာယဏပုဂ္ဂိုလ်' မဖြစ်ထိုက်ပုံနှင့် ဒုတိယပုဂ္ဂိုလ်လေးမျိုးသည် 'သမ္မောဓိပရာယဏပုဂ္ဂိုလ်' ဖြစ်ထိုက်ပုံတို့ကို ဟောတော်မူပါသည်။

– ဣတိဝုတ်၊ ၂၇၂–၄။ ဣတိဝုတ်၊မြန်၊ ၂၅၈–၂၆၀။
– ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ စတုက္ကနိပါတ၊ ဧကာဒသမသုတ်။

အထက်သုတ်တော်အတိုင်း ခုဇ္ဈတ္တရာက သာမာဝတီအမှူးရှိသော မိဖုရားတို့အား ဟောပြသည့်သုတ်။

❖❖❖❖❖

စရိယသုတ္တ

– အံ၊ ၁။၅၃။ အံ၊မြန်၊ ၁။၆၅။ အံ၊ဋ္ဌ၊ ၂။၇–၈။ အံ၊ဋီ၊ ၂။၈။
– အဂုံတ္တရနိကာယ၊ ဒုကနိပါတ၊ ပဌမပဏ္ဏာသက၊ ၁–ကမ္မကရဏဝဂ္ဂ၊ နဝမသုတ်။

သုက္ကဝမ္မနှစ်ပါးတို့ လောကကို စောင့်ရှောက်ခြင်းကြောင့် လောက၌ အမိ–အစရှိသော ပိုင်းခြားထားမှု မပျက်မစီးပုံ၊ သုက္ကဝမ္မနှစ်ပါးတို့ မစောင့်ရှောက်ထားလျှင် ခွေး,မြေခွေး အစရှိသော တိရစ္ဆာန်လောကကဲ့သို့ အမိ–အစရှိသော ပိုင်းခြားထားမှု မထင်ရှားတော့ဟု ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖❖❖❖❖

စဝနသုတ္တ

– အံ၊ ၂။၆။ အံ၊မြန်၊ ၂။၇–၈။ အံ၊ဋ္ဌ၊ ၃။၃။ အံ၊ဋီ၊ ၃။၃။
– အဂုံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ပဌမပဏ္ဏာသက၊ ၁–သေခဝလဝဂ္ဂ၊ အဋ္ဌမသုတ်။

သူတော်ကောင်းတရားမှ ရွှေ့လျှောသော သူတော်ကောင်းတရား၌ မတည်တံ့နိုင်သော ရဟန်းငါးမျိုးနှင့် သူတော်ကောင်းတရားမှ မရွှေ့လျှောနိုင်သော သူတော်ကောင်းတရား၌ တည်တံ့နိုင်သော ရဟန်းငါးမျိုးတို့ကို ဟောတော်မူသည့်သုတ်။

- ♦ အဋ္ဌကထာ၌–အသဒ္ဓါ–အရ သြကပ္ပနသဒ္ဓါ, ပကၽွန္နနသဒ္ဓါနှစ်မျိုး မရှိသူ ဖြစ်ပုံ၊

♦ ဋီကာ၌– သဒ္ဓါငါးမျိုးရှိပုံနှင့် အဝိပ္ပါယ်အကျယ် ဖွင့်ပြချက်ပါရှိပါသည်။

❖❖❖❖❖

စာတုဋ္ဌိသသုတ္တာ

– အံ၊ ၂။၁၁၉။ အံ၊မြန်၊ ၂။ ၁၄၆။ အံ၊ဌ၊ ၃။၄၄။
– အဂုံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ တတိယပဏ္ဏာသက၊ (၁၁) ၁–ဖာသုဝိဟာရဝဂ္ဂ၊ နဝမသုတ်။

အရပ်လေးမျက်နှာတို့၌ အပိတ်အပင် အဆီးအတားမရှိ လှည့်လည်သွား လာနိုင်သော ရဟန္တာ၏ အရည်အချင်းငါးမျိုးတို့ကို ဟောတော်မူသည်သုတ်။

❖❖❖❖❖

စာတုမသုတ္တာ

– မ၊ ၂။၁၁၉–၁၂၅။ မ၊မြန်၊ ၂။၁၂၉–၁၃၅။ မ၊ဌ၊ ၃။၁၂၀–၄။ မ၊ဋီ၊ ၃။ရ၈–၈၀။
– မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ၊ ဘိက္ခုဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် စာတုမရွာ ရှစ်ရှား(သျှစ်သျှား)တောင်၌ သီတင်းသုံးနေတော်မူစဉ် ဘုရားရှင်ကိုဖူးမြင်ရန်နှင့် တရားတော်ကိုနာကြားရန် ရောက်လာကြကုန်သော အဂ္ဂသာဝကနှစ်ပါးနှင့် တပည့်ရဟန်းသစ်ငါးရာတို့ သပိတ်သက်နှီး သိမ်းဆည်းခြင်း, တံခါးဖွင့်ခြင်း, ဖုံခါခြင်း,အချင်းချင်းနှုတ်ဆက်ခြင်းအစရှိသော ဆူဆူညံညံ အသံပြုခြင်းကို အကြောင်းပြု၍ အဂ္ဂသာဝကနှစ်ပါးနှင့်အတူ အာဂန္တုကရဟန်းတို့ကို ဘုရားရှင်နှင်ထုတ်မှုကို စာတုမရွာသား သက္ကများနှင့် သဟမ္ပတိဗြဟ္မာကြီးတို့၏ တရုဏာဗီဇုပမာနှင့် ဝစ္ဆကဥပမာတို့ဖြင့် ကြောင်းကျိုးဖော်ပြ တောင်းပန်လျှောက်ထားခြင်းကြောင့် ပြန်လည် လက်ခံတော်မူပြီး ''ဤသာသနာတော်၌ သီတင်းသုံးဖော်တို့၏ ဆိုဆုံးမခြင်းကြောင့် အမျက်ထွက်ပြီး လူထွက်ခြင်း, ''ဥဒိမိဘယ (လှိုင်းတံပိုးဘေး)'' စားရေးသောက်ရေးကို အကြောင်းပြု၍ လူထွက်ခြင်း ''ကုမ္ဘိလဘယ (မိကျောင်းဘေး)၊ ငါးဖြာအာရုံ ကာမဂုဏ်ကို ခံစားလိုမှုကြောင့် လူထွက်ခြင်း ''အာဝဋ္ဋဘယ (ဝဲကတော့ဘေး)''၊ မာတုဂါမကို အကြောင်းပြု၍ လူထွက်ခြင်း ''သုသုကာဘယ (ငါးမာရ်း

ဘေး)''ဟူသော ဘေးလေးမျိုးကြောင့် ပျက်စီးတတ်ပုံကို ဘုရားရှင် ဟောတော်မူပါသည်။

❖ အဌကထာ၌– ဤဘေးလေးမျိုးကိုကြောက်၍ သာသနာတော်၌ ရဟန်းပြုသူ, ရဟန်းမပြုသူတို့ကို ရေထဲဆင်းသူနှင့် မဆင်းသူဥပမာတို့ဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးတို့ကို ခံစားရပုံနှင့် မခံစားနိုင်ပုံတို့ကို ဖွင့်ဆိုထားပါသည်။ ဤသုတ်ကို နေယျပုဂ္ဂိုလ်၏အစွမ်းအားဖြင့် ဟောတော်မူပုံကိုလည်း ဖွင့်ပြထားပါသည်။

❖❖❖❖❖

စာလာသုတ္တ

– သံ၊ဝ။၁၃၃–၄။ သံ၊မြန်၊ဝ။၁၂၈–၉။ သံ၊ဌ၊ဝ။၁၆၆–၇။ သံ၊ဋ္ဌ၊ဝ။၂၂၆။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၅–ဘိက္ခုနီသံယုတ္တ၊ ဆဋ္ဌသုတ်။

ကောသလနိုင်ငံ သာဝတ္ထိမြို့တော်အနီး အန္ဓဝန်တောအုပ်အတွင်း သစ်ပင်တစ်ပင်အောက်ဝယ် နေ့သန့်နေသော စာလာဘိက္ခုနီကို မာရ်နတ်ကလာရောက်၍ ''ဇာတိကို ဘယ်လူမိုက်က မနှစ်သက်စေသနည်း။ ဇာတိ၏ရရှိနိုင်သောအကျိုးကို ပြ၍ မေးလျှောက်လာသော မာရ်နတ်အား စာလာဘိက္ခုနီက ''ဇာတသ မရဏံ ဟောတိ'' အစရှိသည်ဖြင့် ဇာတိ၏အပြစ်များကိုဖော်ပြ၍ ဇာတိကို ဘုရားရှင်က မနှစ်သက်စေပုံ အစရှိသည်တို့ကို ပြန်လည်မိန့်ကြားရာ မာရ်နတ်က စိတ်ညစ်၍ ပြန်လှည့်သွားရပုံကို ပြဆိုသည့်သုတ်။

❖❖❖❖❖

စိတ္တသုတ္တ

– သံ၊ဝ။၃၆။ သံ၊မြန်၊ဝ။၃၆။ သံ၊ဌ၊ဝ။၈၉။ သံ၊ဋ္ဌ၊ဝ။၁၃၂။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁–ဒေဝတာသံယုတ္တ၊ ၇–အဒ္ဓဝဂ္ဂ၊ ဒုတိယသုတ်။

စိတ်သည် လောကကို ဆောင်ထားပုံ၊ စိတ်သည် လောကကို ဆွဲငင်ထားပုံ၊ အလုံးစုံသောတရားတို့သည် တစ်ခုတည်းသော စိတ်အလိုသို့သာ လိုက်ပါကြရပုံကို ဘုရားရှင်ဟောတော်မူသည့်သုတ်။

❖❖❖❖❖

(၁၈) တိပိဋကသုတ္တသူစိ ဝိဘာဝိနီ

စိန္ဒသုတ္တ

- သံ၊ ၃။၃၆၆–၇။ သံ၊ မြန်၊ ၃။၃၇၁–၂။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂–သစ္စသံယုတ္တ၊ ၁–သမာဓိဝဂ္ဂ၊ အဋ္ဌမသုတ်။

''သဿတော လောကော ....။ နေဝ ဟောတိ နာ နဟောတိ တထာဂတော ပရံ မရဏာ''ဟူသော ယုတ်ညှဉ်းသောအကုသိုလ်စိတ်ကို မကြံစည်ကုန်လင့်၊ ယင်းယုတ်ညှဉ်းသော အကုသိုလ်စိတ်အကြံအစည်တို့သည် အတ္ထသံဟိတ, အာဒိဗြဟ္မစရိယက မဖြစ်ကြ၊ **နိဗ္ဗိဒါ, ဝိရာဂ, နိရောဓ, ဥပသမ, အဘိညာ, သမ္ဗောဓ, နိဗ္ဗာနတို့အတွက်လည်း** မဖြစ်၊ အတ္ထသံဟိတ, အာဒိဗြဟ္မစရိယက ဖြစ်သော **နိဗ္ဗိဒါ, ဝိရာဂ, နိရောဓ, ဥပသမ, အဘိညာ, သမ္ဗောဓ, နိဗ္ဗာန**တို့အတွက်ဖြစ်သော သစ္စားလေးပါးကို ကြံစည်ကြကုန်လော–ဟု ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

စိန္ဒိသုတ္တ

- အံ၊ ၁။၁၀၀–၁။ အံ၊ မြန်၊ ၁။၁၁၉။ အံ၊ ဌ၊ ၂–၇၁။ အံ၊ ဋီ၊ ၂။ရ၆။
- အဂုံတ္တရနိကာယ၊ တိကနိပါတ၊ ပဌမပဏ္ဏာသက၊ ၁–ဗာလဝဂ္ဂ၊ တတိယသုတ်။

ဗာလ၏ ဗာလလက္ခဏာ, ဗာလနိမိတ္တ၊ ဗာလာပဒါနတရားသုံးပါးနှင့် ပဏ္ဍိတ၏ ပဏ္ဍိတလက္ခဏာ, ပဏ္ဍိတနိမိတ္တ ပဏ္ဍိတာပဒါနတရားသုံးပါးတို့ကို ဟောတော်မူသည်သုတ်။

❖❖❖❖❖

စိရဋ္ဌိတိသုတ္တ

- သံ၊ ၃။၁၄၉။ သံ၊ မြန်၊ ၃။၁၅၄–၅။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၃–သတိပဋ္ဌာနသံယုတ္တ၊ သီလဋ္ဌိတိဝဂ္ဂ၊ ဒုတိယသုတ်။

အရှင်အာနန္ဒာနှင့် အရှင်ဘဒ္ဒထေရ်တို့ မဂဓနိုင်ငံ ပါဋလိပုတ္တမြို့ ကုက္ကုဋာရာမ ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် အရှင်ဘဒ္ဒထေရ်ကလျှောက်ထားသဖြင့်

''သတိပဋ္ဌာန်လေးပါးကို ပွားများခြင်း, ကြိမ်ဖန်များစွာ လေ့လာခြင်းကြောင့် ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံပြီးသော်လည်း သူတော်ကောင်း(သဒ္ဓမ္မ)တရားများ ကြာရှည်လေးမြင့်စွာ တည်ရှိနိုင်မည်။ ယင်းသတိပဋ္ဌာန်လေးပါးကို မပွားများကြ, ကြိမ်ဖန်များစွာ အလေ့အလာ မပြုကြလျှင် သူတော်ကောင်း(သဒ္ဓမ္မ)တရားများ ကြာရှည်လေးမြင့်စွာ တည်လိမ့်မည်မဟုတ်''ဟု အရှင်အာနန္ဒာထေရ် ဖြေကြားတော်မူသည့်သုတ်။

❖❖❖❖❖

စိရာသုတ္တ

- သံ၊၁။၂၁၅-၆။ သံ၊မြန်၊၁။ ၂၀၀။ သံ၊ဋ္ဌ၊၁။ ၃၁၈။
- သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁၀-ယက္ခသံယုတ္တ၊ ဇကာဒသမသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥပါသကာတစ်ယောက်၏ စိရာထေရီအား သက်နှံးလှူမှုနှင့်စပ်၍ ကြည်ညိုသောဘီလူးက ''ပုညံ ဝတ''အစရှိသောဂါထာကို ရွတ်ဆိုသည့်သုတ်။

❖❖❖❖❖

စီဝရသုတ္တ (၂)

- သံ၊၁။၄၁၈-၄၂၁။ သံ၊မြန်၊၁။ ၄၀၇-၄၁၀။ သံ၊ဋ္ဌ၊ ၂။ ၁၆၄-၁၈၅။
- သံ၊ဋ္ဌ၊ ၂။ ၁၆၄-၉။
- သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ကဿပသံယုတ္တ၊ ဇကာဒသမသုတ်။

အရှင်မဟာကဿပထေရ်နှင့် အရှင်အာနန္ဒာထေရ်တို့ မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်ဝယ် သီတင်းသုံးတော်မူနေစဉ် အရှင်အာနန္ဒာထေရ်၏တပည့် ရဟန်းငယ်(၃၀)တို့ လူထွက်မှုကိုအကြောင်းပြု၍ အရှင်မဟာကဿပထေရ်က ''တိကဘောဇဉ် ပညတ်တော်မူခြင်းအကြောင်းများကို မေးမြန်းတော်မူပြီး အရှင် အာနန္ဒာထေရ်အား ကြောင်းကျိုးဖော်ပြ 'ကုမာရကဝါဒ'ဖြင့် သြဝါဒပေးတော်မူခြင်းနှင့် စပ်လျဉ်း၍ ထုလ္လနန္ဒာဘိက္ခုနီက အရှင်မဟာကဿပထေရ်အား 'အညတိတ္ထိယပုဗ္ဗ' ဟု စွပ်စွဲပြောဆိုမှုနှင့်စပ်လျဉ်း၍ အရှင်မဟာကဿပထေရ်က ''မိမိ အညတိတ္ထိယပုဗ္ဗ မဖြစ်ခဲ့ဖူးပုံနှင့် မိမိ၏ ရဟန်းအဖြစ် သန့်ရှင်းစင်ကြယ်ခဲ့ပုံ၊ ဘုရားရှင်၏ ခိုးမြှောက်မှုများကို မိန့်ကြားတော်မူပါသည်။ ထုလ္လနန္ဒာဘိက္ခုနီ ဗြဟ္မစရိယ (သာသနာတော်)မှ ရွှေ့လျားသွားပုံကို ပြဆိုသည့်သုတ်။

တိပိဋကသုတ္တသုစိ ဝိဘာဝိနီ

အဋ္ဌကထာ၌– ဒကွိဏာဂိရိဇနပုဒ်အကြောင်း၊ ဒေသစာရိနှစ်မျိုး၊ ဒကွိဏာဂိရိ၌ အရှင်အာနန္ဒာ ဒေသစာရိလှည့်လည်ချိန်၊ တပည့်ရဟန်းငယ်များ လူထွက်ကြပုံ၊ တိကဘောဇဉ်အကြောင်း၊ ကုမာရကဝါဒ၊ အရှင်မဟာကဿပမထေရ်အား ''အညတိတ္ထိယပုဗ္ဗ''ဟု စွပ်စွဲခြင်းအကြောင်း၊ ဃရာဝါသသမ္ဘာဖြစ်ပုံ၊ အဒ္ဒါနမဂ္ဂ ပဋိပန္န၊ အရှင်မဟာကဿပထေရ်၏ အနုပုဗ္ဗိကထာ၊ ပရိဘောဂလေးမျိုး၊ ထုလ္လနန္ဒာ ဘိက္ခုနီ၏ စွပ်စွဲချက်သည် ဒုဗ္ဘာသိတဖြစ်ပုံ၊ အရှင်မဟာကဿပထေရ်၏ သီဟနာဒ၊ အစရှိသော ဖွင့်ပြချက်များကို သိရှိနိုင်ပါသည်။ ဋီကာ၌လည်း မှတ်သားဖွယ်ရာများကို ဖွင့်ပြထားပါသည်။

– အံ၊၂။၁၉၃။ အံ၊မြန်၊၂။၂၄၆။

– အဂုံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ စတုတ္ထပဏ္ဏာသက၊ (၁၉) ၄–အရညဝဂ္ဂ၊ ဒုတိယသုတ်၊ ပံသုကူဝတင်ဆောင် ရဟန်းငါးမျိုးကို ဟောတော်မူသည့်သုတ်။

❖❖❖❖❖

ဝုန္နသုတ္တ (၄)

– သံ၊၃။၁၃၉–၁၄၁။ သံ၊မြန်၊၃။၁၄၅–၆။ သံ၊ဋ္ဌ၊၃။၂၄၅–၂၅၅။
  သံ၊ဋီ၊၂။ ၄၇၈–၄၈၀။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၃–သတိပဋ္ဌာနသံယုတ္တ၊ ၂–နာလန္ဒဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ၊ သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ဝင်စံမှုနှင့် စပ်လျဉ်း၍ အရှင်အာနန္ဒာ၏ လျှောက်ထားချက်များ၊ ဘုရားရှင်၏ ပြန်လည်မိန့်ကြားချက်များ၊ အတ္တဒီပ၊ အတ္တသရဏ၊ ဓမ္မဒီပ၊ ဓမ္မသရဏ၊ အနညသရဏဖြစ်အောင် သတိပဋ္ဌာန်လေးပါးကို ပွားများနေရမည်–ဟု ဘုရားရှင် ဟောကြားတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၌ – အရှင်သာရိပုတ္တရာ၏ ပရိနိဗ္ဗာန်ပြုပုံ အပြည့်အစုံ ပါရှိပါသည်။

♦ ဋီကာ၌ – အရှင်သာရိပုတ္တရာ၏ မွေးချင်းခြောက်ဦး ပါရှိပါသည်။

– အံ၊၃။၄၅၂–၄၈၂။ အံ၊မြန်၊၃။၄၆၅–၄၅၂။ အံ၊ဋ္ဌ၊၃။၃၃၈။
– အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ စတုတ္ထပဏ္ဏာသက၊ (၁၅) ၂–ဇာဏုဿောဏိ ဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ပါဝါမြို့ ကမ္မာရပုတ္တ စုန္ဒ၏ သရက်ဥယျာဉ်ဝယ် သီတင်းသုံးနေတော်မူစဉ် ဘုရားရှင်၏ မိန့်ကြားတော်မူချက်အရ စုန္ဒကမ္မာရပုတ္တက ''သူနှစ်သက်သော ပစ္ဆာမဘူမကအရပ်သား ဗြာဟ္မဏများ၏ သောစေယျအကျင့်များအား လျှောက်ထားမှုကို အကြောင်းပြု၍ ယင်းတို့၏ သောစေယျနှင့် မြတ်ဗုဒ္ဓ၏ သောစေယျတို့ မတူညီပုံကို ဒုစရိုက်ဆယ်ပါး သုစရိုက်ဆယ်ပါးတို့ဖြင့် အကျယ်တဝင့် ရှင်းလင်းဟောတော်မူရာ စုန္ဒကမ္မာရပုတ္တ ဥပါသကာအဖြစ် ခံယူပုံကို ပြဆိုသည်သုတ်။

= ဥဒါန။ ၁၇၉=၁၈၃။ ဥဒါန။ မြန်၊၁၆၂–၁၆၆။ ဥဒါန၊ ၌။၃၆၁–၇။
= ခုဒ္ဒကနိကာယ၊ ဥဒါန၊ ၈–ပါဋ္ဌလိဂါမိယဝဂ္ဂ၊ ပဋ္ဌမသုတ်။ (ဒီ၊၂။၁၀၅။)

ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူမည့်နေ့၌ စုန္ဒကမ္မာရပုတ္တ၏ သူကရမဒ္ဒဝ ဆွမ်းဆက်ကပ်ပုံ၊ ပါဝါမှ ကုသိနာရုံသို့ ကြွတော်မူပုံ၊ အကျိုးအာနိသင်ကြီးမားသည့် ဆွမ်းနှစ်မျိုးတို့ကို ဟောကြားတော်မူပုံ–တို့ကို ပြဆိုသည်သုတ်။

= သုတ္တနိ။၂၉၃–၄။ သုတ္တနိ။ မြန်၊၂၇၇–၈။ သုတ္တနိ၊ ၌။၁။ ၁၄၂–၉။
= ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ၁–ဥရဂဝဂ္ဂ၊ ပဋ္ဌမသုတ်။

တစ်သိန်းတန် ရွှေခွက်များဖြင့် ပါဝါမြို့၊ စုန္ဒရွှေပန်းထိန်သည်၏နေအိမ်၌ ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းလုပ်ကျွေးကြရာ ပါပဘိက္ခုက ရွှေခွက်ကို ခိုးယူထားသည်ကို မသိဟန်ပြု၍ ''လောက၌ ရဟန်းအမျိုးအစား အဘယ်မျှ ရှိပါသနည်း''ဟု စုန္ဒရွှေပန်းထိန်သည်၏ မေးလျှောက်ချက်အရ လောက၌ ရဟန်းလေးမျိုးရှိကြောင်း အကျယ်ဟောတော်မူသည်သုတ်။

♦ အဌကထာ၌– ဤသုတ်ဖြစ်ပေါ်လာပုံနှင့်တကွ ပုဒ်အဖွင့်များ ပါရှိပါသည်။

♠♠♠

စုန္ဒီသုတ္တ

– အံ၊၂။၂၉–၃၀။ အံ၊မြန်၊၂။၃၈–၄၀။ အံ၊ဌ၊၃။၁၇–၁၈။ အံ၊ဋ္ဌ၊၃။၁၅။
– အဂုံတ္တရနိကာယ၊ ပဋ္ဌကနိပါတ၊ ပဌမပဏ္ဏာသက၊ ၄–သုမနဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင်သည် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အခြံအရံအမျိုးသမီး ငါးရာနှင့်အတူ ရထားငါးရာစီး၍

စုန္ဒိမင်းသမီး ရောက်ရှိလာပြီးလျှင် မောင်တော်စုန္ဒမင်းသားနှင့် ဆွေးနွေးခဲ့သော သရဏာဂုံသုံးပါးနှင့် ငါးပါးသီလကို မေးလျှောက်သဖြင့် အပါယ်လေးပါးသို့ မကျ မရောက် သုဂတိဘဝသို့ရောက်စေနိုင်သော သရဏာဂုမ်သုံးပါးနှင့် ငါးပါးသီလ အမျိုးအစားများကို ရှင်းလင်းဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ အရိယကန္တသီလသည် မဂ္ဂဖလသီလ ဖြစ်ကြောင်း ဖွင့်ပြထားပါသည်။

❖ ❖ ❖

စူဠအာသယပုရသုတ္တ

– မ၊ ၁။ ၃၄၉–၃၅၃။ မ၊ မြန်၊ ၁။ ၃၆၀–၄။ မ၊ ဌ၊ ၂။ ၂၂၅–၆။ မ၊ ဋီ၊ ၂။ ၂၄၀–၂။
– မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ၊ ၄–မဟာယမကဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် အင်္ဂနိုင်ငံ၊ အသယပုရနိဂုံး၌ သီတင်းသုံးတော်မူစဉ် ''သမဏ–ဗြာဟ္မဏသောအမည်, သမဏ–ဗြာ ဝန်ခံမှုတို့ မှန်ကန်အောင်၊ ပစ္စည်းလေးပါးအလျှူရှင်များ အကျိုးများအောင်၊ မိမိတို့အကျိုးများအောင် ''သမဏသာမီစိပဋိပဒါ''ကို ကျင့်သုံးကြရမည်။ ကျင့်သုံးရမည့် သမဏသာမီစိပဋိပဒါကျင့်စဉ်များ၊ ဗာဟိရကသမဏများ၊ မတဇအာဝုဇဥပမာ၊ ပေါက္ခရဏီဥပမာ၊ အမျိုးလေးပါးမှ ရဟန်းပြုသူများနှင့် အာသဝက္ခယသမဏဖြစ်မှ ပရမတ္ထသမဏဖြစ်ပုံ''ကို ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ သမဏသာမီစိပဋိပဒါ, သမဏမလ, သမဏဒေါသ, သမဏကသဋ–ပုဒ်အဖွင့်တို့နှင့်တကွ မတဇ–လက်နက်အကြောင်း ဖွင့်ဆိုချက်များ ပါရှိပါသည်။

❖ ❖ ❖

စူဠကမ္မဝိဘင်္ဂသုတ္တ

– မ၊ ၃။ ၂၄၃–၉။ မ။ မြန်၊ ၃။ ၂၄၆–၂၅၂။ မ၊ ဌ၊ ၄။ ၁၇၅–၁၈၀။ မ၊ ဋီ၊ ၃။ ၃၇၁–၃၇၆။
– မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၄–ဝိဘင်္ဂဝဂ္ဂ၊ ပဉ္စမသုတ်။
(ဎင်းသုတ်ကို သုဘသုတ်ဟုလည်း ခေါ်သည်။)

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိပြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ''လူ့လောက၌ ထင်ရှားဖြစ်နေသော ''ဟိန, ပဏီတဖြစ်ခြင်း၏ အကြောင်း

၁၄–မျိုး သုဘလုလင်က မေးလျှောက်သဖြင့် ဘုရားရှင်ကိုယ်တော်တိုင် အကျယ်ဝေဘန် ရှင်းလင်း၍ ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၌ တောဒေယျပုဏ္ဏားသည် ကောသလဘုရင်၏ ပုရောဟိတ်ဖြစ်ပုံနှင့် တောဒေယျပုဏ္ဏားအကြောင်း၊ ဤသုတ်ဖြစ်ပေါ်လာပုံနှင့် ကံအကျိုးပေးပုံတို့ကို ဖွင့်ပြတော်မူထားပါသည်။

❖ ❖ ❖

စုဠဂေါပါလကသုတ္တ

– မ၊ ၁။ ၂၈၆–၉။ မ၊ မြန်၊ ၁။ ၂၉၄–၇။ မ၊ ဋ္ဌ၊ ၂။ ၁၆၇–၉။ မ၊ ဋီ၊ ၂။ ၁၉၈–၂၀၀။
– မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၄–မဟာယမကဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် ဝဇ္ဇီနိုင်ငံ၊ ဥက္ကစေလမြို့ ဂင်္ဂါမြစ်ကမ်း၌ "ဤလောက, တမလွန်လောက, ဘုံးသုံးပါး, လောကုတ္တရာတရားတို့၌ မလိမ္မာကုန်သော သမဏ, ပြဟ္မဏ အချို့တို့၏စကားကို နာယူကြ, ယုံကြည်ကြသောသူတို့ စီးပွားမဲ့၊ ချမ်းသာမဲ့ဖြစ်ကြပုံကို မလိမ္မာသော နွားကျောင်းသား၏ နွားများကို ဂင်္ဂါမြစ် တစ်ဘက်ကမ်း ဝိဒေဟတိုင်းဘက်သို့ ကူးသွား၍ ပျက်စီးပုံဥပမာဖြင့်လည်းကောင်း၊ ဆိုအပ်ပြီးသော တရားတို့၌ ကျွမ်းကျင်လိမ္မာတော်မူသော မိမိ၏စကားကို နာယူကြ, ယုံကြည်ကြသော အရိယာပုဂ္ဂိုလ်တို့ကို ခန္ဓမာရ်၏ရေအယဉ်ကို ကျော်ဖြတ်၍ နိဗ္ဗာန်ဘက်ကမ်းသို့ ရောက်သွားကြပုံတို့ကို အကျယ်ဧဖန်၍ ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၌ ဥက္ကစေလမြို့အကြောင်း၊ ဤသုတ်တော်ကို ဟောတော်မူသည့်အကြောင်း၊ မဂဓနိုင်ငံနှင့် ဝိဒေဟနိုင်ငံတို့တည်ရှိနေပုံ၊ ပညာမဲ့ နွားကျောင်းသား၏ မဆင်မခြင်ပြုလုပ်မှုကြောင့် နွားများ သေကြေပျက်စီးကြပုံ၊ မြစ်ကိုကူးရာ၌ နွားကျောင်းသား၏ ကြိုတင်သိသင့်သောအချက်များနှင့် အကုသလဟုဒ်အဖွင့် အစရှိသော ဖွင့်ဆိုချက်တို့ကို လေ့လာနိုင်ပါသည်။

❖ ❖ ❖

စုဠဂေါသိင်္ဂါလကသုတ္တ

– မ၊ ၁။ ၂၆၆–၂၇၂။ မ၊ မြန်၊ ၁။ ၂၇၄–၂၈၀။ မ၊ ဋ္ဌ၊ ၂။ ၁၃၈–၁၄၇။
မ၊ ဋီ၊ ၂။ ၁၈၀–၁၈၅။

တိုဝိဋ္ဌက သုတ္တသူစိ ဝိဘာဝိနီ

– မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၄–မဟာယမကဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ဝင်္ဂီနိုင်ငံ၊ နာတိကရွာ အုတ်ကျောင်းတော်၌ သီတင်းသုံးတော်မူ နေစဉ် ညနေချမ်းအခါ၌ သုံးပါးတစ်စိတ်တည်းဖြစ်အောင် အညီအညွတ် နေထိုင်ကြ သော 'ဂေါသိဂ်' အင်ကြင်းတော၌ သီတင်းသုံးနေထိုင်ကြသော အရှင်အနုရုဒ္ဓါ, အရှင်နန္ဒိယ, အရှင်ကိမိလတို့ထံ ကြွသွားတော်မူပြီး ဘုရားရှင်က မေးတော်မူသဖြင့် အရှင်မြတ်သုံးပါးတို့၏ အညီအညွတ်နေထိုင်လိုသောစိတ်ထား၊ အညီအညွတ် နေထိုင်ပြီး ပြုလုပ်ကြသောဆောင်ရွက်ချက်၊ အရိယာအဖြစ်သို့ ရောက်စေနိုင်သော ဉာဏ်အမြင်အထူး ရရှိကြပုံ, အနုပုဗ္ဗဝိဟာရသမာပတ်ဖြင့် နေကြပုံ၊ နိရောဓ သမာ ပတ်ဖြင့် နေကြပုံ၊ နိရောဓသမာပတ်ဖြင့် နေခြင်းထက် ကောင်းမြတ်သော နေခြင်း မရှိပုံ–တို့ကို အရှင်အနုရုဒ္ဓါထေရ်က ရှင်းလင်းလျှောက်ထားပါသည်။ ဘုရားရှင်က သာဓုခေါ်တော်မူပြီး ပြန်ကြွတော်မူပါသည်။

ဒီဃပရဏနတ်က အရှင်မြတ်တို့ဂုဏ်သတင်းကို ကြွေးကြော်သဖြင့် အရှင် မြတ်သုံးပါးတို့၏ ဂုဏ်သတင်းသည် အကနိဋ္ဌပြဟ္မာ့ဘုံအထိ ပျံ့နှံ့သွားပုံ၊ ဒီဃပရဏ နတ်သား၏ မေးလျှောက်ချက်အရ ''အရှင်မြတ်သုံးပါးတို့ကို ကြည်ညိုသောစိတ်ရှိ၍ အောက်မေ့ခဲ့ကြသူများ အကျိုးစီးပွားချမ်းသာတို့ ရှည်မြင့်စွာဖြစ်နိုင်ပုံ၊ ဤအရှင်မြတ် သုံးပါးတို့သည် များစွာသော လူအပေါင်း၏ လောက၏အကျိုးစီးပွား များစွာဖြစ်ရန် ကျင့်ရာရောက်ကြပုံ၊ သတ္တလောကကို စောင့်ရှောက်ရာရောက်ပုံ၊ နတ်လူတို့ အကျိုး စီးပွားများရန် ကျင့်ကြပုံတို့ကို ဟောတော်မူသည့်သုတ်။

♦ အဌကထာ၌ နာတိက(ဉာတိက)ရွာ ဂိဋ္ဌကာဝသထကျောင်းတော်, ဂေါသိဂ်အင်ကြင်းတောအကြောင်း၊ အရှင်မြတ်သုံးပါးတို့အကြောင်း၊ အရှင်မြတ်သုံးပါး တို့ထံ ကြွရောက်တော်မူခြင်းအကြောင်း၊ အတ္တကာမရူပ–ပုဒ်အဖွင့်၊ တောစောင့်နတ်၏ သဘောထား၊ အရှင်မြတ်သုံးပါး၏ မြတ်စွာဘုရားရှင်အား ဆက်ဆံကြပုံ၊ မေတ္တာ သုံးပါးအကြောင်း၊ သာမဂ္ဂိကာလ ရခဲပုံ၊ အရှင်မြတ်သုံးပါးတို့၏ နေ့စဉ် ဆက်ဆံပြုလုပ် မှု၊ ဒီဃပရဏနတ်အကြောင်း– အစရှိသော အကျယ်ဖွင့်ဆိုချက်တို့ကို ဖွင့်ပြထား ပါသည်။

♦ ဋီကာ၌လည်း မှတ်သွားဖွယ်ရာ ဖွင့်ပြချက်များ ပါရှိပါသည်။

❖ ❖ ❖

စူဠတဏှာသင်္ခယသုတ္တ

- မ၊ဘ။ ၃၁၈-၃၂၂။ မ၊မြန်၊ဘ။၃၂၅-၉။ မ၊ဌ၊၂။ဘ၉ဖ-၂၀၅။ မ၊ဋီ၊၂။၂ဘရ-၂၂၂။
- မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ၊ ၄-မဟာယမကဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် သာဝတ္ထိမြို့တော်၊ ပုဗ္ဗာရုံကျောင်း မိဂါရမာတုပြာသာဒ်၌ သီတင်းသုံးတော်မူစဉ် ''တပ်မက်မှုကုန်ရာ (နိဗ္ဗာန်)ကို အာရုံပြု၍ လွတ်မြောက်သော စိတ်ရှိသူ, ကေန်ပြီးဆုံးသူ, ကေန်ဘေးကင်းခြင်းရှိသူ, ကေန်မြတ်သောအကျင့်ကိုကျင့်သူ, ကေန်ပြီးဆုံးသူ နတ်လူတို့ထက် မြင့်မြတ်သူဖြစ်ကြောင်းအကျင့်ကို အကျဉ်းအားဖြင့် ဟောတော်မူပါ''ဟု သိကြားမင်း မေးလျှောက်ချက်အရ ရဟန္တာဖြစ်နိုင်သည့်အကျင့်၏ အကျဉ်းချုပ်ကို ဟောတော်မူပါသည်။ ထိုတရားတော်ကို အနုမောဒနာပြုသော နတ်၏အသံကို ကြားသိတော်မူသဖြင့် အရှင်မောဂ္ဂလာန်ထေရ်သည် တာဝတိံသာနတ်ပြည် သိကြားမင်းထံသို့ ကြွသွားတော်မူပြီး မေးမြန်းလေသည်။

ထိုအခါ၌ သိကြားမင်းသည် ကေပုဏ္ဏရိကဥယျာဉ်တော်၌ နတ်တူရိယာငါးမျိုးတို့ဖြင့် နတ်စည်းစိမ်းခံစားနေချိန်ဖြစ်၍ ''အလုပ်များ၍ မေ့လျော့သွားပါကြောင်း၊ နတ်အသူရာစစ်ပွဲအကြောင်း၊ ဝေဇယန္တာပြာသာဒ်၏ ကြီးကျယ်ခမ်းနားပုံအကြောင်းတို့ကို လျှောက်ထားပြီး သိကြားမင်းနှင့် ဝေဿဝဏ်နတ်မင်းကြီးတို့ အရှင်မောဂ္ဂလာန်ကို ဝေဇယန္တာပြာသာဒ်သို့ ပင့်ဆောင်၍ပြသပုံ၊ ဝေဇယန္တာပြာသာဒ်ကို ချီးကျူးပုံ။ အရှင်မောဂ္ဂလာန်က ဝေဇယန္တာပြာသာဒ်ကို ခြေမဖြင့်ခတ်၍ လှုပ်စေပုံ၊ ထိုအခါကျမှ တဏှာသင်္ခယသုတ်အကျဉ်းကို မေးမြန်းသည့်အခါ သိကြားမင်း၏ ဘုရားရှင်ထံတော်မှ နာယူခဲ့ရသော တဏှာသင်္ခယသုတ်တရားတော်ကို ပြန်လည်ဟောကြားပုံ၊ အရှင်မောဂ္ဂလာန်ထေရ်က ဘုရားရှင်အား လျှောက်ထားသဖြင့် ဘုရားရှင်က အရှင်မောဂ္ဂလာန်ထေရ်အား တဏှာသင်္ခယသုတ်တော်ကို ဟောကြားတော်မူပုံကို ပြဆိုသည့်သုတ်။

♦ အဌကထာ၌ ဝိသာခါနှင့် မဟာလွတာတန်ဆာအကြောင်း၊ ပုဗ္ဗာရုံကျောင်းတော်ကြီး၏ ခမ်းနားပုံ၊ အခြားသူများနှင့်ဝိသာခါ, အနာထပိဏ်တို့ခြားနားပုံ၊ သာဝတ္ထိကျောင်းတော်ကြီးများနှင့် သိဟိုဠ်ကျွန်း အနုရာဓပုရကျောင်းတော်ကြီးများ နှိုင်းယှဉ်ချက်၊ ဘုရားရှင်၏ ချီးမြှောက်တော်မူပုံ၊ သိကြားမင်း၏ တဏှာသင်္ခယအကျင့် အကျဉ်းချုပ်ကို နာယူလိုခြင်းအကြောင်း၊ တာဝတိံသာဥယျာဉ်ပွဲတော်အကြောင်း၊ တဏှာသင်္ခယသုတ်အဖွင့်၊ ဘုရားရှင်အသံတော်၏ ပရိသတ်အပြင်သို့ မထွက်ပုံ၊ တူရိယာငါးမျိုး၊

သဒ္ဓါတရားရှိသူတို့၏ အလေးဂရပြုသူများကိုတွေ့လျှင် အမြတ်တနိုး နှုတ်ခွန်းဆက်ပုံ၊ ရင်းနှီးသူများနှင့် တွေ့ဆုံကြသောသူတို့၏ နှုတ်ခွန်းဆက်စကားသဘာဝ၊ သိကြားမင်း၏ တာဝတိံသာနတ်တို့နှင့် ဆက်စပ်သည့်လုပ်ငန်း၊ နတ်တို့ မေ့လျော့တတ်ကြပုံ၊ အရှင်မောဂ္ဂလာန်ထေရ်၏ သိကြားမင်း၏ မေ့လျော့ပုံကို ပယ်ဖျောက်ခြင်းအကြောင်း၊ နတ်အသူရာစစ်ပွဲအကြောင်း၊ ဝေဿဝဏ်နတ်မင်းနှင့် သိကြားမင်းတို့ ရင်းနှီးကြပုံ၊ ဝေဇယန္တာပြာသာဒ်တုန်လှုပ်ပုံ–အစရှိသော ဖွင့်ဆိုချက်များ များစွာပါရှိပါသည်။

❖ ❖ ❖

စူဠဒုက္ခက္ခန္ဓသုတ်

– မ၊ဘ၊၁၂၆–၁၃၂။ မ၊မြန်၊ဘ၊၁၃၃–၉။ မ၊ဌ၊ ၁။ ၃၆၅–၉။ မ၊ဋီ၊ ၂။၄၅–၉။
– မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ၊ ၂–သီဟနာဒဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် သက္ကနိုင်ငံ ကပိလဝတ္ထုမြို့ နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မဟာနာမ် သာကီဝင်မင်း မေးလျှောက်သဖြင့် ဟောတော်မူသည့်သုတ်။

လောဘ၊ ဒေါသ၊ မောဟ ဥပက္ကိလေသတရားတို့ကို မပယ်ရသေးသောကြောင့် လူ့ဘောင်၌နေ၍ ကာမဂုဏ်ခံစားပုံ၊ ဥပက္ကိလေသတရားတို့ နှိပ်စက်ခံရပုံ။

ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ဖြင့် ကာမဂုဏ်အပြစ်ကို အမှန်အတိုင်းသိပုံ၊ စျာန်, အနာဂါမိမဂ်ဉာဏ်, အရဟတ္တမဂ်ဉာဏ်ကိုရလျှင် ကာမဂုဏ်ကို နှလုံးမသွင်းတော့ပုံ။

အလောင်းတော်ဘဝဖြစ်စဉ် ကာမဂုဏ်ငါးပါးကို စွဲ၍ဖြစ်သော သုခ, သောမနဿသည် အဿာဒ၊ သတ္တဝါတို့ ကာမသုခလွိုက်နေယောဂ, အတ္တကိလမထာနုယောဂကို အားထုတ်နေကြပုံ၊(ပဋိပတ္တိ)သုခဖြင့် (ဝိမောက္ခ) သုခကို မရနိုင်၊ ဒုက္ခဖြင့်သာ သုခကိုရနိုင်သည်ဟု ယူဆသော နိဂဏ္ဌာတို့အား ဗိမ္ဗိသာရမင်းဥပမာဖြင့် ရှင်းလင်းဟောတော်မူပုံ၊ ဘုရားရှင်၏သမာပတ်ဝင်စားပုံဖြင့် ရှင်းလင်း

ဟောတော်မူပုံ၊ ဘုရားမြတ်စွာ သာသနာတော်၏အစွန်းနှစ်ဖက်မှ ကင်းလွတ်ပုံကို ဟောတော်မူသည်သုတ်။

♦ အဌကထာ၌ ဘုရား၏ဂုဏ်နှင့် မဟာနာမ်သာကီဝင်မင်းတို့၏ ဆွေမျိုးတော်စပ်ပုံ၊ မဟာနာမ်သား၊ ဝင်သည် သကဒါဂါမ်ဖြစ်သော်လည်း မပယ်ရသေးသော ကိလေသာကို မ၊ဆင်ခြင်မိပုံ၊ အရိယာပုဂ္ဂိုလ်များအား ပစ္စဝေက္ခဏာ ဉာဏ် အကုန်ဖြစ်ပုံ၊ ကာမဂုဏ်အပြစ်ဟောပုဒ်များအဖွင့်၊ သာသနာတော်၏ အစွန်းနှစ်ဖက်လွတ်ပုံ၊ ဘုရားရှင်နှင့် နိဂဏ္ဌတို့ ဆွေးနွေးချက်ပုဒ်များအဖွင့်၊ မဆင်မခြင် ပြောဆိုလျှင် စကားမှားယွင်းနိုင်ပုံ အစရှိသည်တို့ကို ဖွင့်ပြထားပါသည်။

♦ ဋီကာ၌ ဝိနယကုက္ကုစ္စကဲ့သို့ ပညတ်ဝေါဟာရ၌ မကျွမ်းကျင် မလိမ္မာသော အရိယာပုဂ္ဂိုလ်တို့အား တချို့နေရာ၌ တွေးတောယုံမှားမှု ဖြစ်တတ်ပုံ၊ ဝိပဿနာပညာကို အရိယမဂ္ဂပညာဟု ဖွင့်ထားပုံ၊ သာသနာတော်၏ အစွန်းနှစ်ဖက်လွတ်ပုံ၊ ဖလသမာပတ္တိ ပရိယောသာနသည် သာသနသမ္မတ္တိဖြစ်ပုံ-အစရှိသည်တို့ကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

စူဠဝမ္မသမာဒါနသုတ္တ

- မ၊ဘ၊၃၇၉-၃၈၄။ မ၊မြန်၊၁။ ၃၉၂-၆။ မ၊ဌ၊၂။၂၆၉-၂၇၃။ မ၊ဋီ၊၂၊ ၂၉၁-၄။
- မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ။ ၅-စူဠယမကဝဂ္ဂ။ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ ရဟန်းတော်များအား ဟောကြားတော်မူသည်သုတ်။

၁။ ပစ္စုပ္ပန္နသုခ အာယတိ ဒုက္ခဝိပါက ဝမ္မသမာဒါန၊

၂။ ပစ္စုပ္ပန္နဒုက္ခ အာယတိ ဒုက္ခဝိပါက ဝမ္မသမာဒါန၊

၃။ ပစ္စုပ္ပန္နဒုက္ခ အာယတိ သုခဝိပါက ဝမ္မသမာဒါန၊

၄။ ပစ္စုပ္ပန္နသုခ အာယတိ သုခဝိပါက ဝမ္မသမာဒါန ဟူသော ဝမ္မသမာဒါန မာတိကာ လေးပါးတို့နှင့် ယင်းလေးပါးတို့၏ အကျယ်ကိုဝေဖန်၍ ဟောကြား

တော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ မာလေါနွယ်ကြောင့် နတ်တို့၏ ဗိမာန်ပျက်စီး တတ်ပုံ၊ အဝိဝတ္ထာဒေဝတာများ၊ သာခဋ္ဌကနတ်ဗိမာန်၊ ရုက္ခဋ္ဌကနတ်ဗိမာန်အကြောင်း၊ ကမ္မနိယာမကြောင့် တိဗ္ဗရာဂါဒိဇာတိကဖြစ်ပုံ (၄)မျိုး အစရှိသည်တို့ကို ဖွင့်ဆိုထားပါသည်။

♦ ဋီကာ၌ ပါတဗျပုဒ်အဖွင့် ကမ္မနိယာမအဖွင့် အစရှိသည်တို့ကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

စူဠနိကာသုတ္တ

– အံ၊ ဘ။ ၂၂ရ–၉။ အံ၊ မြန်၊ ဘ။ ၂၄၅၅–ရ။ အံ၊ ဌ၊ ၂။ ၂၀၆–၂၁၃။ အံ၊ ဋီ၊ ၂။ ၁၈၃–၅။
– အဂ္ဂုတ္တရနိကာယ၊ တိကနိပါတ၊ ဒုတိယပဏ္ဏာသက၊ (၈) ၃–အာနန္ဒဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာ၏ မေးလျှောက်ချက်ကို ဟောတော်မူသည်သုတ်။

သဟသိစူဠနိကာလောကဓာတ်၊ ဒွိသဟသိ မဇ္ဈိမိကာ လောကဓာတ်၊ တိသဟသိ မဟာသဟသိလောကဓာတ်တို့တည်နေပုံ၊ ဘုရားရှင်တို့ အလိုရှိတော်မူလျှင် တိသဟသိမဟာသဟသိ လောကဓာတ်တိုင်အောင် အသံတော်ဖြင့် သိစေတော်မူနိုင်ပုံ၊ ယင်းသို့ အသံတော်ဖြင့် သိစေတော်မူပုံ အခြင်းအရာ၊ အရှင်အာနန္ဒာ၏ ဗုဒ္ဓါရမ္မဏာပီတိအကျိုး၊ အရှင်အာနန္ဒာ ယခုဘဝမှာပင် ရဟန္တာဖြစ်နိုင်ပုံတို့ကို ဟောကြားတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ အရုဏဝတီသုတ္တန် (သံ၊ ဘ။ ၁၅ရ။) (၂)မျိုး ဖြစ်ပေါ်လာပုံ၊ စူဠနိကာသုတ်ဖြစ်ပေါ်လာပုံတို့ကို ဤစူဠနိကာသုတ်တော် အစ၌ အရှင်အာနန္ဒာ (၃) ကြိမ်တိုင် လျှောက်ထားပုံတို့ကို အပြည့်အစုံ ပြဆိုထားပါသည်။

စူဠနိကာ စကြာဝဠာ တစ်ခုအပိုင်းအခြားသတ်မှတ်ချက်၊ စကြာဝဠာ လောကဓာတ်တစ်ခု၌ ရှိသင့်သောအရာတို့ကို ပါဠိတော်၌ သတ်မှတ် ပြထားပါသည်။ စူဠနိကာလောကဓာတ်သည် အငယ်စား လောကဓာတ်ဖြစ်ပုံ၊ သာဝကတို့၏ ဖြစ်ရာဖြစ်ပုံ၊ မဇ္ဈိမိကလောကဓာတ်သည် သာဝကတို့၏အရာမဟုတ် ဗုဒ္ဓဝိသယဖြစ်ပုံ၊ မဇ္ဈိမိကလောကဓာတ်၌ အမိုက်မှောင်ကို ပယ်ဖျောက်ပြီး ဘုရားရှင်တို့ရောင်ခြည်တော်လွှတ်၍ အသံတော်ဖြင့် သိစေပုံ၊ ဗောဓိသတ္တာနှင့် ဗုဒ္ဓမြတ်စွာတို့၏ အခါတော်နေ့များ၌ တုန်လှုပ်ပုံ၊ မဟာသဟဿီလောကဓာတ် သတ်မှတ်ပုံ၊ စကြာဝဠာကုဋေတစ်သိန်းပါဝင်ပုံ၊ ဘုရားရှင်တို့ ယင်းမဟာသဟဿီလောကဓာတ်၌ ရောင်ခြည်တော်လွှတ်၍ တရားဟောတော်မူနိုင်ပုံ၊ အာဏာခေတ်ဖြစ်ပုံ ပရိတ်တော်တို့၏ အာဏာပြန့်နှံ့ပုံ၊ ဝိသယခေတ် စကြာဝဠာအပိုင်းအခြားမရှိပုံ၊ မှန်းဆသိစရာဥပမာ၊ အရှင်အာနန္ဒာထေရ် မေးခွန်းမေးလျှောက်ရန် ကြိုစည်ပုံ၊ ရောင်ခြည်တော်ဖြန့်ကြက်ပုံ၊ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်မဟာန္တဖြစ်ပုံ၊ ရောင်ခြည်တော်ဖြင့်ကြည့်၍ သိကြပုံ၊ ဓမ္မကထာဟောတော်မူပုံ၊ တထာဂတ၏ မဟာနုဘာဝဖြစ်ပုံ၊ အရှင်အာနန္ဒာ ဥဒါန်းကျူးရင့်ပုံ၊ မဟိဒ္ဓိကဖြစ်ပုံ၊ လာဠုဒါယီထေရ်သည် ဥပဇ္ဈာကမထေရ်များ အပေါ်၌ ရန်ငြိုးဖွဲ့ပုံ၊ အရှင်အာနန္ဒာမထေရ်၏ ဘုရားရှင်အပေါ်၌ ကြည်ညိုမှုကို ပျက်စီးအောင် လာဠုဒါယီထေရ်ကပြောဆိုရာ၌ ဥပမာသုံးမျိုး ဘုရားရှင်က ဥဒါယီထေရ်၏စကားကို တားမြစ်ပုံ၊ ဓမ္မဒေသနာ ပသန္နကုသိုလ်, ဗုဒ္ဓသီဟနာဒပသန္န-ကုသိုလ်အကျိုး၊ အရှင်အာနန္ဒာထေရ်၏ ပရိနိဗ္ဗာန်ပြုမည့် ပုဂ္ဂိုလ်ဖြစ်ပုံတို့ကို ဖွင့်ပြထားပါသည်။

♦ ဌီကာ၌ အတိပ္ပဂေါ၊ ဥဒ္ဓာယနန္တိပုဒ်တို့အဖွင့်၊ အာဏာပျံ့နှံ့ပုံ အစရှိသော အဌကထာ၌ သိသင့်သောပုဒ်တို့၏ အဓိပ္ပါယ်များကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

စူဠပန္ထကသုတ္တ

- ဥဒါန။ ၁၅၀–၁။ ဥဒါန၊ မြန်။ ၁၃၅။ ဥဒါန၊ ၆။ ၂၉၀–၂။
- ခုဒ္ဒကနိကာယ၊ ဥဒါန။ ၅–သောဘဏ၀ဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာ၀တ္ထိမြို့ ဇေတ၀နိ်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်မနီမ၀ေးအရပ် အာနာပါနသတိ ကမ္မဋ္ဌာန်းကို ရှုမှတ်၍ထိုင်နေသော အရှင်စူဠပန္ထကထေရ်ကို ရှုတော်မူပြီး 'သေမင်း မမြင်နိုင်ရာနိဗ္ဗာန်သို့ ရောက်နိုင်ပုံ'ကို ဥဒါန်းကျူးရင့်တော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ အရှင်စူဠပန္ထကထေရ်၏ အဋ္ဌုပ္ပတ်အကျဉ်း၊ အရှင်စူဠပန္ထက၏ အချိန်ရခိုက် ဂန္ဓကုဋီ၏ဆင်ဝင်၌ အာနာပါနရှုနေပုံ၊ အနုပါဒါပရိနိဗ္ဗာန်ဝင်စံရခြင်းအဆုံးရှိသော တရားထူးရနိုင်သော အာနာပါနသတိကို ရှုမှတ်သော ရဟန်း၏ အနုပါဒါပရိနိဗ္ဗာန် ထင်ရှားစွာဖြစ်နိုင်ပုံကို ထင်ရှားစေရန် ဤဥဒါနဂါထာကို ကျူးရင့်ပုံနှင့် ဂါထာလာ ပုဒ်တို့၏ အဓိပ္ပါယ်များကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

စူဠပဏ္ဍိတသုတ္တ

- မ၊ ၃။၊ရ၀–၄။ မ၊မြန်၊ ၃။ ၇၄–၈။ မ၊ဌ၊၄။ ၅၃–၅။ မ၊ဒု၊၃။၂၆၎–၉။
- မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၁–ဒေ၀ဒဟ၀ဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာ၀တ္ထိမြို့ ပုဗ္ဗာရုံကျောင်းတော် မိဂါရမာတုပြာသာဒ်၌ (၁၅)ရက်ဥပုသ်နေ့ ညဉ့်လွင်တီးခေါင်၀ယ် ရဟန်းတော်အပေါင်း ခြံရံလျှက် သီတင်းသုံတော်မူစဉ် ရဟန်းတော်များအား ''အသပ္ပုရိသသည် အသပ္ပုရိသ, သပ္ပုရိသကို မသိနိုင်ပုံ၊ အသပ္ပုရိသ၏ အရည်အချင်း (၈)မျိုး အသပ္ပုရိသ၏ ဂတိသည် နိရယနှင့် တိရစ္ဆာနဂတိ ဖြစ်ပုံကိုလည်းကောင်း၊ သပ္ပုရိသသည် အသပ္ပုရိသနှင့် သပ္ပုရိသတို့ကို သိနိုင်ပုံ၊ သပ္ပုရိသ၏ အရည်အချင်း (၈)မျိုး၊ သပ္ပုရိသ၏ ဂတိသည် ဒေ၀မဟတ္တ၊ မနုဿမဟတ္တ ဖြစ်ပုံတို့ကို

အကျယ်ဝေဖန်၍ ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ သိသင့်သမျှ ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

စုဠဗျူဟာသုတ္တ

– သုတ္တနိ။ ၄၁၅–၈။ သုတ္တနိ၊ မြန်။ ၃၉၂–၄။ သုတ္တနိ၊ ဋ္ဌ၊ ၂၊ ၂၆၉–၂၇၂။
– ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ၄–အဋ္ဌကဝဂ္ဂ၊ ဒွါဒသမသုတ်။

ဘုရားရှင် သက္ကနိုင်ငံ ကပိလဝတ္ထုမြို့တော်အနီး မဟာဝုန် တောအုပ်ကြီး အတွင်း၌ မင်းမျိုးချည်း, ရဟန္တာပုဂ္ဂိုလ်ချည်းဖြစ်ကြသော ရဟန်းတော်ငါးရာနှင့် စကြာဝဠာ လောကဓာတ်ပေါင်း တိုက်တစ်သောင်းမှ ရောက်လာကြသော ဝိတက် စရိုက်များသော နတ်ဗြဟ္မာအပေါင်းတို့အား နိမ္မိတဘုရားရှင်က မေးမြန်းသဖြင့် ဖြေကြားဟောတော်မူသည့်သုတ်။ ဒေသနာတော်အဆုံး၌ နတ်, ဗြဟ္မာ ကုဋေ တစ်သိန်း အရဟတ္တဖိုလ် ရရှိကြသည်။ သောတာပန်အစရှိသော အရိယာပုဂ္ဂိုလ်တို့ မရေမတွက်နိုင်အောင် ကျွတ်တမ်းဝင်ကြသည်။

❖ ❖ ❖

စုဠဗျူဟာသုတ္တနိဒ္ဒေသ

– မဟာနိ။ ၂၂၀–၂၃၆။ မဟာနိ၊ ဋ္ဌ။ ၃၁၆–၃၂၀။
– ခုဒ္ဒကနိကာယ၊ မဟာနိဒ္ဒေသ၊ ၁–အဋ္ဌကဝဂ္ဂ၊ ဒွါဒသမသုတ္တနိဒ္ဒေသ။

❖ ❖ ❖

စူဠမာလုကျမုတ္တသုတ်

– မ၊ ၂။၈၉–၉၅။ မ၊မြန်၊ ၂။ ၉၆–၁၀၂။ မ၊ဋ္ဌ၊ ၃။ ၉၉–၁၀၀။
  မ၊ဋီ၊ ၃။ ၆၄–၆၆။
– မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ၊ ၂–ဘိက္ခုဝဂ္ဂ၊ တတိယသုတ်။

တိပိဋကသုတ္တသုစိ ဝိဘာဝိနီ

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိပြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ''သဿတော လောကော''အစရှိသော မိစ္ဆာအယူ (၉)မျိုးနှင့် ဆက်စပ်၍ မာလုက္ကျပုတ္တာထေရ် လျှောက်ထားသည်ကို ဘုရားရှင် ဟော တော်မူသည်သုတ်။

မာလုက္ကျပုတ္တာထေရ်သည် 'သဿတော လောကော' အစရှိသော မိစ္ဆာအယူ (၉)မျိုးနှင့်ဆက်စပ်၍ မြတ်စွာဘုရား ပြတ်ပြတ်သားသား မိန့်ကြားတော်မမူ၊ ဘုရားရှင်က တိတိကျကျ မိန့်ကြားတော်မူလျှင် ဘုရားရှင်အထံတော်၌ ဗြဟ္မစရိယကို ကျင့်မည်၊ တိတိကျကျ မိန့်ကြား တော်မမူလျှင် လူထွက်တော့မည်ဟုကြံစိပြီး ဘုရားရှင်အား ထိုမိစ္ဆာအယူ (၉)ချက်နှင့် ပတ်သက်၍ ဘုရားရှင်မဖြေကြားသည်ကို မနှစ်သက်ကြောင်း၊ ယင်းတို့နှင့်ပတ်သက်၍ သိလျှင်သိကြောင်း၊ မသိလျှင် မသိကြောင်း ဖြေကြားခြင်းသည်သာလျှင် ဖြောင့်မတ်သူဖြစ်ကြောင်း လျှောက်ထားပါကြောင်း တိတိကျကျ ဖြေကြားတော်မူရန် လျှောက်ထားပါသည်။

ဘုရားရှင်က သင်နှင့်ငါဘုရားတို့ ဝန်ခံပြောကြားမှုမရှိခဲ့ပုံ၊ ယင်းမိစ္ဆာအယူများကို မဖြေကြားခြင်းအကြောင်း၊ မြားစူးဝင်သော ယောက်ျားဥပမာဖြင့် မိန့်ကြားတော်မူပြီး ဤမိစ္ဆာအယူများသည် အတ္ထသံဟိတ, အာဒိဗြဟ္မစရိယကနိဗ္ဗိဒ၊ ဝိရာဂနိရောဓ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယမဖြစ်၊ ထို့ကြောင့် ငါဘုရားဖြေကြားတော်မမူ၊ သစ္စာလေးပါးသည်သာ အတ္ထသံဟိတ၊ အာဒိဗြဟ္မစရိယက၊ နိဗ္ဗိဒ၊ ဝိရာဂနိရောဓ၊ ဥပသမာယ၊ အဘိညာယ၊ သမ္ဗော ဓာယ၊ နိဗ္ဗာနာယ ဖြစ်၍ ဖြေကြားတော်မူပုံ မြတ်စွာဘုရား မဖြေကြားသည်ကို မဖြေကြားသည့်အတိုင်း၊ ဖြေကြားသည်ကို ဖြေကြားသည့်အတိုင်း ဆောင်မှတ်ရမည်ဟု ဟောတော်မူသည်သုတ်။

စူဠရာဟုလောဝါဒသုတ္တ

- မ၊၃။ ၃၂၄-၅။ မ၊မြန်၊ ၃။ ၃၂၉-၃၃၂။ မ၊ဌ။ ၄။ ၂၄၃-၄။ မ၊ဋ္ဌ၊ ၃။ ၄၂၅-၉။
- မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၅-သဠာယတနဝဂ္ဂ၊ ပဉ္စမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့တော်အနီး အန္ဓဝန်တောအုပ်အတွင်း သစ်ပင်ရင်းခံ့ အရှင်ရာဟုလာအား ဟောကြားတော်မူသည့်သုတ်။

ဘုရားရှင်က အရှင်ရာဟုလာအား စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ်, စက္ခုသမ္ဖဿသကြောင့်ဖြစ်သော ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏတို့ကို အနတ္တလက္ခဏသုတ် ဒေသနာတော်အတိုင်း တစ်ပါးစီ တစ်ပါးစီတို့ကို မေးမြန်း၍ ဟောကြားတော်မူပါသည်။ ထို့အတူ ကြွင်းသော အဇ္ဈတ္တိကာယတန, ဗဟိဒ္ဓါယတန, ဝိညာဏ, သမ္ဖဿတို့ကို တစ်ပါးစီ တစ်ပါးစီ မေးမြန်း၍ ဟောကြားတော်မူပါသည်။ ဤသုတ်တော် နာယူပြီးသည့်အဆုံးခံ့ အရှင်ရာဟုလာ အာသဝေါကုန်ခမ်း ရဟန္တာဖြစ်တော်မူပါသည်။ အရှင်ရာဟုလာနှင့် ပါရမီဖြည့်ဖက် မရေမတွက်နိုင်သော နတ်, ဗြဟ္မာများ ပါရမီဉာဏ်အလျောက် အရိယာသာဝကဖြစ်၍ တရားသိမြင် ကျွတ်တမ်းဝင်ကြပါသည်။

♦ အဌကထာ, ဋီကာတို့၌ ဝိမုတ္တိပရိပါစနီယဓမ္မ၊ ဓမ္မစက္ခု၊ အနေကာနံ ဒေဝတာ သဟဿ-ပုဒ်အစရှိသော ဖွင့်ဆိုချက်များ ပါရှိပါသည်။

❖ ❖ ❖

စူဠဝေဒလ္လသုတ္တ

- မ၊၁။ ၃၇၃-၉။ မ၊မြန်၊ ၁။ ၃၈၅-၃၉၂။ မ၊ဌ၊ ၂။ ၂၅၅-၂၆၉။ မ၊ဋ္ဌ။ ၂။ ၂၇၈-၂၉၀။
- မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ၊ ၅-စူဠယမကဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဝိသာခဥပါသကာက မေးလျှောက်သဖြင့် ဓမ္မဒိန္နာထေရီက သက္ကာယ၊ သက္ကာယသမုဒယ၊ သက္ကာယနိရောဓ၊ သက္ကာယနိရောဓဂါမိနိပဋိပဒါ၊ ဥပါဒါန၊ ဥပါဒါနက္ခန္ဓာ၊ သက္ကာယဒိဋ္ဌိ၊ အရိယ အဋ္ဌင်္ဂိကမဂ္ဂ၊ တယောခန္ဓသင်္ဂဟိတ၊ သမာဓိ၊ သမာဓိနိမိတ္တ၊ သမာဓိပရိက္ခာရ၊ သမာဓိဘာဝနာ၊ သခါရ၊ သညာ ဝေဒယိတနိရောဓ သမာပတ္တိ၊ ဝေဒနာ၊ သုခ၊ ဒုက္ခ၊ အနုသယ၊ အနုသယပဟာန၊ ပဋိဘာဂ၊ ဘဂဝတော ဓမ္မဒေသနာ အနုမောဒနာ–တို့ကို အကျယ်ဟောပြသည့်သုတ်။

♦ အဋ္ဌကထာ၌ ဝိသာခနှင့် ဓမ္မဒိန္နာထေရီတို့၏ အဋ္ဌုပ္ပတ္တိ၊ ဘုရားရှင် ရာဇဂြိုဟ် နေပြည်တော်ဝင်သည့်နေ၌ ဥပါသကာအဖြစ်ခံယူသူ တစ်သောင်း၊ ဗိမ္ဗိသာရဘုရင်နှင့် သောတာပန်အရိယာဖြစ်သူ တစ်သိန်းတစ်သောင်းရှိသည်။ ထို၌ ဝိသာခသူဌေးလည်း သောတာပန်ဖြစ်ပုံ၊ အနာဂါမ်၏ အသွင်အပြင်။ ဓမ္မဒိန္နာ ဘိက္ခုနီပြုခြင်းအကြောင်း၊ အတိတ်ကုသိုလ်၊ ရဟန္တာထေရီဖြစ်ပုံ၊ ပုစ္ဆာမေးခြင်းအကြောင်း၊ ဓမ္မဒိန္နထေရီ ဖြေဆိုပုံဥပမာများ၊ ဗုဒ္ဓသာသနာတော်နှင့် အရိယသစ္စာ၊ ဂဏ္ဌိပဒ္ဓာ၊ ဂုဋ္ဌပဒ္ဓာ၊ သြဝတ္ထိကသာရပဒ္ဓာ၊ ခန္ဓာငါးပါးနှင့်အတ္တဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဘဝဒိဋ္ဌိ၊ ဝိဘဝဒိဋ္ဌိတို့ဖြစ်ပုံ၊ သမာဓိ,ဝိရိယ, သတိတို့ ကျေးဇူးပြုပုံ ဥပမာ၊ ပညာနှင့် ဝိတက်တို့ ကျေးဇူးပြုပုံ ဥပမာ၊ ဇောစိတ္တက္ခဏာ မဂ္ဂသမာဓိ၊ ဝိတက္ကဝိဒီ၊ သခါရသုံးပါး၊ သညာဝေဒယိတနိရောဓပဒ္ဓာ၊ အာဂမနီယကထာ၊ ဝေဒနာနှင့် နိရောဓသမာပတ်၊ ဝေဒနာနှင့်အနုသယ၊ အဖြေတစ်ခု အမေးနှစ်ခု၊ ဝိသဘာဂနှင့် ပဋိဘာဂ၊ သဘာဂနှင့် ပဋိဘာဂ၊ အပ္ပဋိဘာဂ၊ပဋိဘာဂ၊ ပြဿနာတို့အကြောင်း၊ ဘုရားရှင်၏ အတည်ပြုချက် ဥပမာတို့ကို ဖွင့်ပြထားပါသည်။

♦ ဋီကာ၌ ဥပနိဿယအဖွင့်၊ ဓမ္မဒိန္နာဘိက္ခုနီပြုခြင်း၏ ရည်ရွယ်ချက်၊ လာဘသက္ကာရပစ္စယ၊ ဥပါဒါနနှင့် ဥပါဒါနက္ခန္ဓာ၊ ရုပ်နှင့်အတ္တ၊ ဒိဋ္ဌိဂတိကနှင့် သာဝကတို့ ရှုမြင်မှုချင်း မတူပုံ။ သခ်ံတအဖွင့်၊ သီလ,သမာဓိ ပညာတို့၏

သပ္ပဒေသ, နိပ္ပဒေသဖြစ်ပုံ နေယျတ္တ, နီတတ္ထ အဓိပ္ပါယ်၊ အာသေဝန, ဘာဝနာ, ဗဟုလီကမ္မအဖွင့် သုညတ, အနိမိတ္တ, အပ္ပဏိဟိတ, ကာယိက, စေတသိက, အနုသယဟူသော မှတ်သားဖွယ်အဖွင့်များကို တွေ့နိုင်ပါသည်။

♦ ဤသုတ်၏ အဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များစွာ ရှိပါသည်။

❖ ❖ ❖

စုဠသကုလုဒါယိသုတ္တ

- မ၊ ၂။ ၂၂၁–၂၃၀။ မ၊ မြန်၊ ၂။ ၂၃၃–၂၄၂၊ မ၊ ဋ္ဌ၊ ၃။ ၁၈၆–၁၉၀။ မ၊ ဋီ၊ ၃။ ၁၃၀–၂။
- မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ၊ ၃–ပရိဗ္ဗာဇကဝဂ်၊ နဝမသုတ်။

ဘုရားရှင် မာဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မောရနိဝါပ ပရိဗိုဇ်ကျောင်းတိုက်၌ သကုလုဒါယိပရိဗိုဇ်၏ လျှောက်ထားချက်အရ ကေန္ဒသုခလောက, ကေန္ဒသုခလောကသို့ ရောက်ကြောင်း ပဋိပဒါ, ပြုဟ္မစရိယကို ကျင့်သုံးခြင်းကြောင့် အလွန်ထူးခြားမြင့်မြတ်သော အရဟတ္တဖိုလ်သို့ ဗုဒ္ဓသာဝကတို့ ရောက်ရှိကြပုံကို ဘုရားရှင် ဟောတော်မူသည်သုတ်။ ဘုရားရှင်သည် ဆွမ်းခံချိန်စောနေသည့်အချိန်၌ ရံခါပရိဗိုဇ်တို့၏ ကျောင်းများသို့ ကြွတော်မူပုံ၊ ပရိဗိုဇ်များက ဘုရားရှင်အား ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြပုံ၊ ပရိဗိုဇ်ပရိသတ်၏ အနေအထား၊ သကုလုဒါယိပရိဗိုဇ်က ပရိသတ်ကိုထိန်းသိမ်းပုံ၊ သကုလုဒါယိပရိဗိုဇ်က ပရိဗိုဇ်ပရိသတ်၏ မိမိအပေါ် ထားရှိသည့်သဘောထား၊ ဘုရားရှင်နှင့် တွေ့ဆုံရသည့်အခါ မိမိနှင့် ပရိဗိုဇ်ပရိသတ်၏လိုလားချက်၊ နိဂဏ္ဌနာဋပုတ္တ၏ ဂုဏ်ပုဒ်များနှင့် ဝန်ခံချက်၊ သကုလုဒါယိပရိဗိုဇ်၏ မေးမြန်းသော 'ပုဗ္ဗန္တကထာ'ကို နိဂဏ္ဌနာဋပုတ္တ၏ ဖြေရှင်းချက်၊ ယင်းကိုမကျေနပ်သဖြင့် ဘုရားရှင်ကို သတိရပုံကို လျှောက်ထားပါသည်။

ဘုရားရှင်က 'ပုဗ္ဗန္တ' ကို မေးလျှောက်သူအား ပုဗ္ဗေနိဝါသဉာဏကထာ ဖြင့်လည်းကောင်း၊ အပရန္တကို မေးလျှောက်သူအား ဒိဗ္ဗစက္ခုဉာဏကထာဖြင့် ဖြေကြားပုံ၊ ကြောင်းကျိုးနှစ်ခု ဖြစ်ချုပ်မှု ဒေသနာတော် အကျဉ်းချုပ်ကို ဟောကြား တော်မူပါသည်။ သကုလုဒါယိပရိဗိုဇ်က မိမိသည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်တို့ကို မရကြောင်း၊ ကြောင်းကျိုးနှစ်ဝ ဖြစ်ချုပ်နေမှုကိုလည်း အလွန်အမင်း မထင်မြင်ကြောင်းနှင့် မိမိဆရာ၏ဝါဒသည် 'အယံပရမောဝဏ္ဏော' ဖြစ်ကြောင်း၊ ပရမဝဏ္ဏထက်မြင့်မြတ်သော ပရမဝဏ္ဏမရှိသောကြောင့် ပရမဝဏ္ဏ ဖြစ်ကြောင်း လျှောက်ထားပါသည်။ ဘုရားရှင်က ''ဇနပဒကလျာဏီ'' ဥပမာဖြင့် ပရမဝဏ္ဏရှင်းပြချက်သည် မပီပြင်ကြောင်း မိန့်ကြားပါသည်။ သကုလုဒါယိပရိဗိုဇ်က မဏိဝေဠုရိယဥပမာဖြင့် ဝဏ္ဏအတ္တသည် အရောဂပရံ မရဏာ–ဖြစ်ပုံကို လျှောက် ထားပါသည်။

ဘုရားရှင်က မဏိဝေဠုရိယအရောင်၊ ပိုးစုန်းကြူးအရောင်၊ ဆီမီးအရောင်၊ မီးပုံကြီးအရောင်၊ နက္ခတ်ကြယ်တာရာအရောင်၊ လရောင်၊ နေရောင်တို့ကို အဆင့်ဆင့် နှိုင်းယှဉ်ပြတော်မူ၍ လရောင် နေရောင်တို့ထက် ထွန်းလင်းတောက် ပသော နတ်, ဗြဟ္မာတို့၏ အရောင်ရှိသေးပုံကို မိန့်ကြားတော်မူပြီး ဥဒါယီ၏ ပရမဝဏ္ဏသည် ပိုးစုန်းကြူ၏ အရောင်အောက်ပင် ယုတ်ညံ့နေပုံကို မိန့်တော်မူရာ သကုလုဒါယိပရိဗိုဇ်က မိမိတို့၏ အာစရိယသည် ရိတ္တ, တုစ္ဆ,အပရဒ္ဓ ဖြစ်နေပါ သည်ဟု လျှောက်ပါသည်။

ဘုရားရှင်၏ မေးမြန်းတော်မူချက်အရ သကုလုဒါယိပရိဗိုဇ်က မိမိတို့ ဆရာ၏ဝါဒ၌ ဇောန္တသုခလောကရှိပုံ၊ ဇောန္တသုခလောကသို့ ရောက်ကြောင်း ပဋိပဒါသည် ပါဏာတိပါတဝိရတိ၊ အဒိန္နာဒါနဝိရတိ၊ ကာမေသုမိစ္ဆာစာရဝိရတိ၊ မုသာဝါဒဝိရတိ၊ အညတရတပေါဂုဏ သမာဒါနဝတ္တနဖြစ်ပုံ၊ ထိုအာကာရဝတိ ပဋိပဒါကို ကျင့်သည့်အခါ ကိုယ်ခန္ဓာသည် သုခ ဒုက္ခဖြစ်ပုံ၊ မိမိတို့ ဆရာဝါဒသည် ရိတ္တ တုစ္ဆ အပရဒ္ဓ ဖြစ်ပုံကို ဘုရားရှင်၏ စိစစ်မေးမြန်းတော်မူချက်များကို ဖြေဆိုရင်း လျှောက်ထားပါသည်။

သကုလုဒါယီပရိဗိုဇ်က မေးလျှောက်သည့်အခါ ဘုရားရှင်က သာသနာတော်၌ ကေန္ဒသုခလောကရှိပုံ၊ ပထမစျာန် ဒုတိယစျာန် တတိယစျာန်တို့သည် ကေန္ဒသုခလောကသို့ရောက်နိုင်သော ပဋိပဒါဖြစ်ပုံ ထိုပဋိပဒါသည် ကေန္ဒသုခ လောက သစ္စာကတမဟုတ်သေး၊ ကေန္ဒသုခ လောကသစ္စာကိရိယာယ၏ အာကာရ ဝတီသာ ဖြစ်သေးပုံကို မိန့်တော်မူသည့်အခါ ပရိဗိုဇ်ပရိသတ်က ''တ္ထေမယံ အနသ္သာမ သာစရိယကာ၊ တ္ထေမယံ အနသ္သာမ သာစရိယကာ၊ နမယံ ဣတောဘိယျော ဥတ္တရိတရံ ပဇာနာမ''ဟု ပဲ့တင်ထပ်အောင် အော်ဟစ်ပြောဆိုကြပုံ၊ သကုလုဒါယီပရိဗိုဇ်၏ ဆက်လက်မေးလျှောက်ချက်အရ စတုတ္ထစျာန် သည် ကေန္ဒသုခ လောကသစ္စာကတဖြစ်ပုံ၊ ထိုကေန္ဒသုခ လောကထက် ထူးကဲမွန်မြတ်သော အခြားဓမ္မတို့အတွက် ရဟန်းတော်များ ဗြဟ္မစရိယကို ကျင့်သုံးနေကြပုံကို ''ဗုဒ္ဓဂုဏ်တော်ကိုးပါးနှင့်တကွ ပထမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် စုတူပပါတဉာဏ် အာသဝက္ခယဉာဏ် သစ္စာလေးအင် သိမြင်ကြပုံ၊ အရဟတ္တဖိုလ်သို့ ရောက်ရှိပုံ၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ရန်အတွက် ရဟန်းတော်များ ငါဘုရားအထံတော်၌ ဗြဟ္မစရိယကို ကျင့်သုံးနေကြပုံ ဤတရားတို့သည် အလွန်ထူခြားမြင့်မြတ်သော တရားတို့ဖြစ်ပုံကို ဟောကြားတော်မူပါသည်။

သကုလုဒါယီပရိဗိုဇ် ဥပသကာအဖြစ်ခံယူပြီး ရဟန်းပြုလိုကြောင်း လျှောက်ထားသည့်အခါ ပရိဗိုဇ်ပရိသတ်က ဝိုင်းဝန်းတားမြစ်ကြပုံကို ဟောတော်မူသည့်သုတ်။

အဌကထာ၌ ဘုရားရှင်က တရားဟောတော်မူရန်အတွက် သကုလုဒါယီပရိဗိုဇ်အား တရားဟောရန်အကြောင်း လျှောက်ထား မိန့်ကြားပုံ၊ သကုလုဒါယီပရိဗိုဇ်က ဘုရားရှင်အား သတိရပုံ၊ သုကသလပုဒ်အဖွင့်၊ ပုဗ္ဗေနိဝါသဉာဏ်ရသည့် ပုဂ္ဂိုလ်နှင့် မရသည့် ပုဂ္ဂိုလ်တို့ အခြေအနေ၊ သကုလုဒါယီ တရားမရနိုင်သော်လည်း နောင်အခါ အထောက်အပံ့ ဖြစ်နိုင်ပုံ၊ ပံသုပိသာစကဝတ္ထု အပ္ပဋိဟီရကတံပုဒ်အဖွင့်၊

သုဘကိတ္ထ ဗြဟ္မာလောကကို ပရမဝဏ္ဏဟု ယူဆပုံ၊ သြသဓိတာရကာအဖွင့်၊ တပေါဂုဏအဖွင့်၊ ကေန္ဒသုခ အာကာရဝတီ ပဋိပဒါကို မေးလျှောက်ခြင်းအကြောင်း၊ အနုသယမပုဒ်အဖွင့်နှင့် အဓိပ္ပါယ်၊ သစ္စာကိရိယာနှစ်မျိုးအဖွင့် သကုလုဒါယိပရိဗိုဇ် ဘုရားရှင်အထံတော်၌ ရဟန်းမဖြစ်ခြင်းအကြောင်း သကုလုဒါယိ ပရိဗိုဇ်အတွက် အနာဂတ်မျှော်မှန်းချက်၊ အသောကခေတ်၌ အသဃုတ္တထေရ်ဖြစ် မေတ္တာဝိဟာရီ ဖြစ်ပုံတို့ကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

စူဠသစ္စကသုတ္တ

- မ၊ ၁။ ၂၈၉–၂၉၉။ မ၊ မြန်၊ ၁။ ၂၉၇–၃၀၇။ မ၊ ဌ၊ ၂။ ၁၆၉–၁၈၄။ မ၊ ဋီ၊ ၂။ ၂၀၀ –၉ ။
- မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ၊ ၄–မဟာယမကဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ဝဇ္ဇီနိုင်ငံ ဝေသာလီမြို့တော်အနီး မဟာဝုန်တော ကူဋာဂါရ သာလာကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် နိဂဏ္ဌပုတ္တ သစ္စကပရိဗိုဇ်အား အောင်မြင်တော်မူစဉ် ဟောတော်မူသည့်သုတ်။

သစ္စကနိဂဏ္ဌပုတ္တ၏ ဂုဏ်ပုဒ်များ ပရိတ်သတ် အစည်းအဝေး ပွဲများ၌ သစ္စက၏ကြိုးဝါးချက်များ၊ သစ္စကပရိဗိုဇ် ဝေသာလီမြို့တော်အတွင်း၌ လမ်းလျှောက်သွားစဉ် အရှင်အသဇိမထေရ်နှင့် တွေ့ဆုံပုံ၊ အရှင်အသဇိမထေရ်အား ဘုရားရှင်၏ တပည့်သာဝကတို့အား အနုသာသနိကထာ မိန့်ကြားချက် အကျဉ်းချုပ်ကို မေးမြန်းခန်း၊ မြတ်စွာဘုရားရှင်အား မိစ္ဆာအယူမှ ကင်းဆိတ်အောင်ပြုလိုပုံ၊ လိစ္ဆဝီမင်းငါးရာတို့ သန္ဌာဂါရ၌ စည်းဝေးနေကြပုံ၊ လိစ္ဆဝီမင်းတို့အား ဘုရားရှင်နှင့် ဝါဒယှဉ်ပြိုင်ပြောဆိုရာ၌ ကြိုးဝါးပုံ ဥပမာလေးမျိုး၊ လိစ္ဆဝီမင်း ပရိသတ်ဖြင့် ခြံရံလျက် ဘုရားရှင်ထံ ရောက်လာကြပုံ၊ ဘုရားရှင် နှုတ်ဆက်စကား ပြောဆိုပုံ၊ ဘုရားရှင်ထံ ရောက်ရှိလာကြသော ပရိသတ်လေးမျိုးတို့ ဘုရားရှင်ထံချဉ်းကပ်ပုံ

လေးမျိုး၊ ဘုရားရှင်ထံ သစ္စကပရိဗိုဇ် ဝါဒတင်ရန်အတွက် အယူဝါဒကို ရှေးဦးစွာ မေးမြန်းပုံ၊ မိမိ၏အတ္တဝါဒကို တင်ပြပုံ၊ ဘုရားရှင်က ကောသလမင်း, အဇာတသတ်မင်းတို့ ဥပမာဖြင့် သစ္စက၏ဝါဒကို ချုပ်ကိုင်တော်မူပြီး 'ရူပံ မေ အတ္တာ'ကို အတ္တဖြစ်လျှင် ငါ၏ရုပ်သည် ဤစိတ်ကူးသည့် အတိုင်းဖြစ်စေ၊ မဖြစ်ပါစေလင့် တောင်းတတိုင်း ရ၊မရ မေးမြန်းတော်မူသည့်အခါ မင်းပရိသတ်အလယ်၌ ကြုံးဝါးခဲ့သော သစ္စကပရိဗိုဇ် မဖြေကြားပဲ ဆိတ်ဆိတ်နေပုံ၊ နှစ်ကြိမ်တိုင်တိုင် ဘုရားရှင် မေးမြန်းတော်မူသော်လည်း သစ္စကမဖြေနိုင်တော့ပုံ၊ ဘုရားရှင်က မိမိစကားကို မဖြေကြားလျှင် အန္တရာယ်ရှိနိုင်ကြောင်းကို မိန့်တော်မူသည့်အခါ သိကြားမင်း လာရောက်ခြိမ်းခြောက်၍ ပြဿနာဖြေခိုင်းပုံ၊ ဘီလူးကို ဘုရားရှင်နှင့် သစ္စကတို့သာ တွေ့မြင်ကြပုံ၊ ပြဿနာ မေးပါတော့ ဖြေဆိုပါတော့မည် ဟုဝန်ချတောင်းပန်ပုံ၊ ဘုရားရှင်က အနတ္တလက္ခဏာသုတ် ဒေသနာတော်အတိုင်း သစ္စက၏ခန္ဓာငါးပါး၌ အတ္တဟုယူပုံကို မေးပါသည်၊ သစ္စကက အတ္တမဟုတ်ပုံကို ဖြေဆိုပါသည်။ ဘုရားရှင်က ''နှလုံးသွင်း၍ ဖြေပါ။ ရှေ့စကားနှင့် နောက်စကား မဆက်စပ်တော့ပုံကို သတိပေးပြီး ခန္ဓာတစ်ပါးစီ၌ အတ္တဝါဒကိုမေးပါသည်။ သစ္စကက ခန္ဓာငါးပါး၏ အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်ပုံတို့ကိုဖြေကြားပုံ၊ ပဉ္စက္ခန္ဓဒုက္ခကို တဏှာဒိဋ္ဌိတို့ဖြင့် ငြိတွယ် ကပ်ရောက်ပုံ၊ တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် ရှုမြင်ပုံကိုမေးမြန်းတော်မူသည့်အခါ မဖြစ်နိုင်ပုံကို ဖြေကြားပုံ၊ အနှစ်မရှိသော ငှက်ပျောတုံးဥပမာဖြင့် သင့်ဝါဒကို မေးမြန်းစိစစ်သည်ရှိသော် ရိတ္တ, တုစ္ဆ, အပရဒ္ဓ ဖြစ်နေပုံ၊ ဝေသာလီပရိသတ်၌ သစ္စကကြုံးဝါးချက်ကို ထုတ်ဖော်မိန့်ကြားပုံ၊ သင်သာ ချွေးထွက်နေ၍ ချွေးပေါက်များ ကျနေသော်လည်း ငါဘုရား၌ ချွေးမထွက်ပုံကို ရှေ့ကိုယ်တော်ကို လှစ်၍ပြသပုံ၊ နိဂဏ္ဌာပုတ္တသစ္စကပရိဗိုဇ် စကားတုံ့မဖြေ မျက်နှာပျက် လည်ဂုတ်ကျိုးကျ မျက်နှာငုံ့လျက် ပြောစရာ စကားမရှိတော့ပဲ ကြံမှိုင်နေပုံကို ကြည့်၍ ဒုမ္မုခလိစ္ဆဝီက ရေကန်ထဲ၌ရှိသော ပုဇွန်လုံးဥပမာဖြင့် သစ္စကပရိဗိုဇ်ကို ရှုံချပုံ၊ သစ္စကက တားမြစ်ပုံ၊အကျွန်ုပ်နှင့် အညသမဏပြဟ္မဏတို့ ပြောဆိုသောစကားသည် ဝိလာပ, ဝိလပိတ ဖြစ်၍ထားလိုက်ပါဟု လျှောက်ထားပြီး ဘုရားရှင်အား

သေက္ခဘူမိ, အသေက္ခဘူမိ ပြဿနာနှစ်ရပ်ကို မေးလျှောက်ပါသည်။ ဘုရားရှင်က အနတ္တလက္ခဏာသုတ် ဒေသနာတော်နည်းအတိုင်း သေက္ခဘူမိ, အသေက္ခဘူမိကို ဖြေကြားတော်မူပါသည်။ ဝိမုတ္တစိတ္တပုဂ္ဂိုလ်အား အနုတ္တရိယတရားသုံးပါးပြည့်စုံပုံ၊ ဝိမုတ္တစိတ္တပုဂ္ဂိုလ်၏ ပါဠိ(၅)ပုဒ်ဖြင့် ဘုရားရှင်အား ရိုသေမြတ်နိုးရှိခိုးပူဇော်ပုံ မိန့်ကြားတော်မူပါသည်။ ထိုအခါ သစ္စကက အကျွန်ုပ်တို့သည် ဓံသီ,ပဂဗ္ဗ ဖြစ်ကြပါသည်။ အရှင်ဂေါတမကို မိမိ၏ ဝါဒဖြင့် အရှင်ဂေါတမ၏ဝါဒကို ထိပါးချုပ်ချယ်ထိုက်၏ဟု မှတ်ထင်ခဲ့ပုံ၊ အမုန်ယစ်နေသော ဆင်ဥပမာ၊ အလှိုင်တပြောင်ပြောင် တောက်လောင်နေသော မီးပုံကြီး ဥပမာ၊ အဆိပ်ပြင်းထန် သောမြွေဥပမာတို့ဖြင့် မိမိကိုယ်ကို ခိုးမြောက်၍ လျှောက်ထားပုံ၊ ဘုရားရှင်အား ဆွမ်းပင့်ဖိတ်ပုံ၊ လိစ္ဆဝိမင်းတို့ ဆွမ်းအုပ် (၅၀၀)၊ သစ္စကအိမ်သို့ ပို့ကြပုံ၊ ဆွမ်းအလှူပွဲအပြီး သစ္စက၏ အနုမောဒနာကထာအတွက် လျှောက်ထားချက်၊ ဘုရားရှင်၏ အနုမောဒနာကထာတို့ကို ပြဆိုသည့်သုတ်။

♦ အဌကထာ၌ (၁) ကပိလဝတ္ထုမြို့တော်အနီးရှိ မဟာဝုန်တော၊ (၂) ဝေသာလီမြို့တော်အနီးရှိ မဟာဝုန်တောတို့၏ ခြားနားချက်၊ ကူဋာဂါရသာလာကျောင်းတော်ကြီး တည်ဆောက်ထားသည့် အခြေအနေ။ သစ္စကပရိဗိုဇ်၏ အတ္တုပ္ပတ္တိ၊ သစ္စက၏ မွေးချင်းအစ်မ လေးယောက်ရှိပုံ၊ အရှင်သာရိပုတ္တရာက ချေချွတ်ပုံ၊ ရဟန္တာထေရီများဖြစ်သွားကြပုံ၊ သစ္စကပရိဗိုဇ် ဝေသာလီမြို့တော်၌နေ၍ မင်းသားငယ်တို့အား ပညာသင်ကြားပေးနေပုံ၊ ဝမ်းဗိုက်၌ သံပြားဖြင့်ပတ်ထားပုံ၊ အရှင်အဿဇိမထေရ်က သစ္စကအား အနိစ္စ၊အနတ္တတို့ဖြင့် ပြဿနာကို ဖြေဆိုပုံ၊ သစ္စက၏ဂုဏ်ပုဒ်များ၊ ကြီးဝါးချက် ပုဒ်ဖွင့်ဆိုချက်များ၊ သာဏဝေါဟိုရကမည်သော ကစားပျော်မြူးနည်း။ နေ့ဆွမ်းဘုဉ်းပေးပြီး ရဟန်းတော်များ၏ အခြေအနေများ၊ သစ္စကအကြောင်းကို ကြိုတင် သိမြင်တော်မူပုံ၊ လိစ္ဆဝိမင်းသားငါးရာအပြင် အခြားလူများလည်း မရေမတွက်နိုင်အောင် များစွာလိုက်လာကြပုံ၊ ဘုရားရှင်ထံ ချဉ်းကပ်သော ပရိတ်သတ်အမျိုးမျိုး၏ အနေအထားများ၊ သဗ္ဗညုတဝါရဏာ

အကြောင်း၊ သစ္စကတ၏ ဝါဒတင်ရန်မေးလျှောက်ချက်ကို ဘုရားရှင်က အရှင်အဿဇိ ဖြေဆိုချက်အတိုင်း ဖြေဆိုပုံ၊ ဝေနေယျပုဂ္ဂိုလ်(၂)မျိုးရှိပုံ၊ မင်းတို့၏ မိမိနိုင်ငံအတွင်း အာဏာပုံ့နှံ့ပုံကို ပြဆိုသောပုဒ်များအဖွင့်၊ နိဂဏ္ဌ၏ဖြေဆိုချက်ကို ဖွင့်ပြချက်၊ သစ္စကပရိဗိုဇ် စကားမပြောတော့ပဲ ငြိမ်ကြသွားပုံ၊ ဘီလူးယောင်ဆောင်သော သိကြားမင်းအကြောင်း၊ မြွေကိုက်သောသူကို ထိုမြွေကို ပြန်ကိုက်စေပြီး အဆိပ်ထုတ်ပုံဥပမာ၊ ဒုက္ခအရ ပဉ္စက္ခန္ဓဒုက္ခကိုယူပုံ၊ တိတ္ထိဆရာကြီးများနှင့် သစ္စကတို့တွေ့ကြပုံ၊ ဤအခါ၌ သစ္စကပရိဗိုဇ်တစ်ကိုယ်လုံး ချွေးရွှဲစိုအောင် ထွက်နေသော်လည်း ဘုရားရှင်၌ ချွေးမထွက်ပုံ၊ ဒုမ္မုခဆိုသော်လည်း အဘိရူပ၊ ပါသာဒိက ဖြစ်ပုံ၊ ဒုမ္မုခလိစ္ဆဝီ၏လျှောက်ထားချက်ကို သစ္စကက တားမြစ်ခြင်းအကြောင်း၊ ဝိလာပ, ဝိလပိတ, အနုတ္တရိယသုံးပုဒ်အဖွင့်များ၊ ဗုဒ္ဓဝန္ဒနာ ပါဠိအဖွင့်များ၊ သစ္စကတ၏ ဥပမာ(၃)မျိုးသည် မိမိကိုယ်ကို ချီးမြှောက်၍ လျှောက်ထားပုံ၊ ဆွမ်းပင့်လျှောက်သည်ကို ဘုရားရှင် လက်ခံတော်မူပုံ၊ လိစ္ဆဝီမင်းတို့၏ ဆွမ်းအုပ်ငါးရာအကြောင်း သစ္စကတ၏ လျှောက်ထားချက်နှင့် ဘုရားရှင်၏ အမိန့်ရှိတော်မူပုံ အချက်များကို ဖွင့်ပြထားပါသည်။

ဘုရားရှင်၏ တရားတော်သည် သစ္စကအား အနာဂတ်ဘဝ၌ အထုံဝါသနာ ဖြစ်ခြင်းအကျိုးရှိပါသည်။

♦ ဋ္ဌိကာ၌ အရှင်အဿဇိထေရ်၏ သစ္စကမေးခွန်းကို ဖြေဆိုချက်၊ သန္ဓာဂါရ၊ အရှင်အဿဇိထေရ်၏အဖြေ၌ ဒုက္ခမပါပဲ အနိစ္စနှင့် အနတ္တကိုဖြေဆိုပုံ၊ ယာတိသဒ္ဒါအကြောင်း၊ ဦးခေါင်း(၇)စိတ်ကွဲပုံ၊ သိကြားမင်း ဘီလူးဟန် ဖန်ဆင်းလာပုံ၊ အနုတ္တရိယ(၃)ပါးအဖွင့် အစရှိသောပုဒ်များကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

တိပိဋကသုတ္တသူစီ ဝိဘာဝိနီ

စူဠသာရောပမသုတ်

- မ၊ ၁၊ ၂၅၅၇–၂၆၅၅၊ မ၊ မြ၊ ၁၊ ၂၆၆–၂၇၃။ မ၊ ဌ၊ ၂။ ၁၃၅–၇။ မ၊ ဋ္ဌ၊ ၂။ ၁၇၈–၉။
- မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ၊ ၃–သြေပမ္မဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ''ပိဂ်လကောစ္ဆ''ပုဏ္ဏား မေးလျှောက်သဖြင့် ဟောတော်မူသည့် သုတ်။

ပိဂ်လကောစ္ဆပုဏ္ဏားက သင်္ဃီ, ဂဏီ, ဂဏာစရိယ, ဉာတ, ယသဿီ, တိတ္ထကရ, ဗဟုဇနသာဓုသမ္မတ ဖြစ်ကြကုန်သော တိတ္ထိဆရာကြီး (၆)ယောက် တို့သည် မိမိတို့ ဝန်ခံထားသည့်အတိုင်း ထူးသောဉာဏ်ပညာဖြင့် သိ၊ မသိ (သို့မဟုတ်) အချို့ပုဂ္ဂိုလ်တို့အား ထူးသောဉာဏ်ပညာဖြင့် သိကြ၊ အချို့သော ပုဂ္ဂိုလ်တို့ကား ထူးသောဉာဏ်ပညာဖြင့် မသိကြပါကုန်သလော''ဟု မေးလျှောက်ပါသည်။

ဘုရားရှင်က သင်လျှောက်ထားသည့် စကားကိုထားလိုက်ပါ။ သင့်အား ငါဘုရား ဓမ္မကိုဟောကြားမည်။ ထိုဓမ္မကို ရှိသေစွာ နာယူ၊ ကောင်းမွန်စွာ နှလုံးသွင်းပါ၊ ငါဘုရား ဟောတော်မူမည်ဟု မိန့်တော်မူပြီး–

၁။ သစ်ပင်၏ အခက်အရွက်ကို အနှစ်ဟု မှတ်ထင်သလို လာဘသက္ကာရ သိလောကမျှဖြင့် ကျေနပ်နေသည့် မိမိကိုယ်ကိုမြှောက်ပင့်၊ သူတစ်ပါးကို ကဲ့ရဲ့ရှုချ သည့်ပုဂ္ဂိုလ်။

၂။ အပွေးကို အနှစ်ဟု မှတ်ထင်သူကဲ့သို့ သီလသမ္ပဒါမျှဖြင့် ကျေနပ်နေပြီး မိမိကိုယ်ကိုချီးမြှောက်, သူတစ်ပါးကို ကဲ့ရဲ့ရှုချနေသူ။

၃။ အခွံကို အနှစ်ဟု မှတ်ထင်သူကဲ့သို့ သမာဓိသမ္ပဒါမျှဖြင့် ကျေနပ်နေပြီး မိမိကိုယ်ကို ဝါကြွားပလွှား၊ သူတစ်ပါးကို ကဲ့ရဲ့ရှုတ်ချသည့်ပုဂ္ဂိုလ်။

၄။ အကာကို အနှစ်ဟုထင်သူကဲ့သို့၊ ဉာဏဒဿနမျှဖြင့် ကျေနပ်နေပြီး မိမိကိုယ်ကို ဝါကြွား၊ သူတစ်ပါးအား ကဲ့ရဲ့ရှုတ်ချသည့်ပုဂ္ဂိုလ်။

၅။ သစ်ပင်၏ အနှစ်ကို [illegible]စ်ဟုသိသူကဲ့သို့ သဒ္ဓါတရားဖြင့် ဆင်းရဲဒုက္ခတို့ ကုန်ဆုံးရန်ကို ရည်ရွယ်၍ [illegible]ားပြုပြီး၊ ရူပစျာန် (၄)ပါး၊ အရူပစျာန် (၄)ပါးနှင့် အကုပ္ပစေတောဝိမုတ္တိကို [illegible]ားသော ပုဂ္ဂိုလ်ကို ''သာရေန သာရကရဏီ'' ပုဂ္ဂိုလ်ဟု ဟောတော်မူ[illegible]။

ဤပြဟ္မစရိယ၌ လာဘ၊ သက္ကာရ၊ သီလောကာနိသံသ၊ သီလ သမ္ပဒါနိသံသ၊ သမာဓိသမ္ပဒါနိသံသ၊ ဉာဏဒဿနာနိသံသတို့သည် သာရ မဟုတ်သေး၊ ''အကုပ္ပါ စေတောဝိမုတ္တိ''သည်သာ သာရဖြစ်သည် ပရိယောသာန ဖြစ်သည်ဟု အကျယ်ဟောတော်မူသည့်သုတ်။ ဤသုတ်တော်၏အဆုံး၌ ပိဂ်လ ကောစ္ဆပုဏ္ဏားက ဥပါသကာအဖြစ် ခံယူလျှောက်ထားပါသည်။

♦ အဌကထာ၊ ဋီကာတို့၌ ပိဂ်လကောစ္ဆ၊သံဃ၊ဂဏအဖွင့်များ ဗဟုဇနဿ ဤနေရာ၌ ''အဿုတဝတ အန္ဓဗာလ ပုထုဇဉ်များကိုယူ၊ တိတ္ထိဆရာကြီး (၆)ဦး၏ သမိုင်းအကျဉ်း၊ ပိဂ်လကောစ္ဆ၏ မေးခွန်းကို ''**အလံ**''ဟု မိန့်တော်မူခြင်း အကြောင်း၊ ဤသုတ်၌ ဉာဏဒဿနထက် ပဂ္ဂမဇ္ဈာနဝမ္မက မြင့်မြတ်ခြင်း သည်။ ဝိပဿနာပါဒကမဟုတ် နိရောဝပါဒကပထမဇ္ဈာနဝမ္မတို့ဖြစ်ပုံ အစရှိသည် တို့ကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

စုဋ္ဌသီဟနာဒသုတ်

– မ၊ ၁။ ၉၂–၇။ မ၊မြန်၊ ၁။ ၉၉–၁၀၅။ မ၊ဌ၊ ၁။ ၃၀၆–၃၂၄။ မ၊ဋီ၊ ၂။ ၁–၁၄။
– မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ၊ ၂–သီဟနာဒ၀ဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာ၀တ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ ရဟန်းတော်များအား ဟောကြားတော်မူသည့်သုတ်။

ဘုရားရှင်က ရဟန်းတော်များအား "ဣဝေ သမဏော –(ပ)–သုညာ ပရပ္ပဝါဒါ သမဏောဘိ အညေဟိ" ဟု ဤသီဟနာဒ (၅)မျိုးကို ရဲဝံ့စွာ ပြောကြား ကြကုန်လော့။ ပရိဗိုဇ်တို့က မေးလာလျှင် ဇာနတာ၊ ပဿတာ၊ အရဟတာ၊ သမ္မာသမ္မုဘုရားရှင် ဟောကြားတော်မူအပ်သော တရားလေးပါးတို့ ငါတို့သန္တာန် ဝယ်ရှိနေသောကြောင့်ဟု ပြောဆိုကြောင်း ရဲဝံ့စွာ ပြောကြားကြ။ တိတ္ထိတို့က ထိုတရားလေးပါး ငါတို့မှာလည်း ရှိနေခြင်းကြောင့် သင်ဟို့နှင့်ငါတို့ မထူးခြားကြ ကြောင်း ပြောကြားကြလိမ့်မည်။

အကျင့်၏ပြီးဆုံးခြင်း ရည်မှန်းချက်ပန်းတိုင် တူ–မတူ မေးမြန်းခဲ့သော် အမှန်အတိုင်းဖြေဆိုသော တိတ္ထိယသည် တူ၏ဟု ဖြေဆိုပေလိမ့်မည်၊ ရည်မှန်း ချက်ပန်းတိုင်ကို မေးမြန်းလျှင် အကျင့်၏အပြီးအဆုံး (ရည်မှန်းချက်ပန်းတိုင်)သည် ရာဂကင်းသူ၊ ဒေါသကင်းသူ၊ မောဟကင်းသူ၊ တဏှာကင်းသူ၊ ဥပါဒါန်မရှိသူ၊ ဉာဏ်ပညာရှိသူ၊ ချစ်ခြင်း မုန်းခြင်းမရှိသူ၊ ပပဉ္စတရား၌ မမွေ့လျော်သူအားသာ ဖြစ်ပုံကို ဖြေဆိုလိမ့်မည်။

ပုထုဇဉ်တို့၏ အယူ(အမြင်)များခြင်းသည် ဘဝဒိဋ္ဌိ၊ ဝိဘဝဒိဋ္ဌိ ဟု (၂)မျိုးရှိပုံ ဘဝဒိဋ္ဌိကို စွဲမြဲစွာယူသောသူတို့သည် ဝိဘဝဒိဋ္ဌိနှင့် ဆန့်ကျင်ကြကုန်၏။ ဝိဘဝဒိဋ္ဌိကို စွဲမြဲစွာယူသောသူတို့သည် ဘဝဒိဋ္ဌိနှင့် ဆန့်ကျင်ကြကုန်၏။ ထိုဒိဋ္ဌိ နှစ်ပါးတို့၏ ဖြစ်ကြောင်း၊ ချုပ်ကြောင်း၊ သာယာဖွယ်၊ အပြစ်မှ ထွက်မြောက် ရာတို့ကို အမှန်အတိုင်း မသိကြခြင်းကြောင့် ရာဂ၊ ဒေါသ၊ မောဟ၊ တဏှာ၊ ဥပါဒါန်တို့ ရှိကြကုန်၏။ ဉာဏ်ပညာမရှိကြကုန်၊ ချစ်ခြင်း၊ မုန်းခြင်းရှိကြကုန်၏။ ပပဉ္စတရားသုံးပါး၌ မွေ့လျော် ပျော်ပိုက်ကြကုန်ခြင်းကြောင့် ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ဒေါမနဿ၊ ဥပါယာသဒုက္ခတို့မှ မလွတ်ကြကုန်။

ထိုဒိဋ္ဌိနှစ်ပါးတို့၏ အသာဒ၊ အာဒီနဝနိဿရဏတို့ကို အမှန်အတိုင်း သိကြကုန်သော သမဏပြဟ္မဏတို့သည် ရာဂ၊ ဒေါသ၊ မောဟ၊ တဏှာတို့မှ ကင်းလွတ်ကြကုန်၏။ ဥပါဒါန်မရှိကုန် ဉာဏ်ပညာရှိကုန်၏။ ချစ်ခြင်း၊ မုန်းခြင်းတို့

မရှိတော့ကုန်၊ ပပဉ္စတရားခ၌ မမွေ့လျော် မပျော်ပိုက်ကြကုန်။ ဇာတိ၊ ဇရာ၊ မရဏာ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဒုက္ခအပေါင်းမှ လွတ်မြောက်ကြကုန်၏။

သဗ္ဗုပါဒါနပရိညာဝါဒ ရှိကြကုန်သော သမဏာပြဟ္မဏာတို့သည် ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန် ဟူသော မိမိတို့သိသော(၁)ပါး၊ (၂)ပါး၊ (၃)ပါးကိုသာပညတ်ကြကုန်၏။ အတ္တဝါဒုပါဒါန်ကို မပညတ် ကြကုန်။ ဤသို့သဘောရှိကုန်သောဓမ္မဝိနယ၌ ဆရာ၊ ဓမ္မတို့၌ ကြည်ညိုခြင်းသည် မှန်ကန်သောကြည်ညိုခြင်းဟု မဆိုနိုင်၊ သီလဖြည့် ကျင့်မှုကိုလည်း မှန်ကန်သော ဖြည့်ကျင့်မှုဟု မဆိုနိုင်။ သီတင်းသုံးဖော်တို့၌ နှစ်သက်မြတ်နိုးမှုကိုလည်း မှန်ကန်၏ဟု မဆိုနိုင်၊ အဘယ်ကြောင့်နည်းဟူမူ ဒုရက္ခာတာ၊ ဒုပ္ပဝေဒိတာ၊ အနိယျာနိက၊ အနုပသမသံဝတ္တနိက၊ အသမ္မာသမ္မုဒ္ဓပဝေဒိတဓမ္မဝိနယ ဖြစ်သောကြောင့်တည်း။

ဥပါဒါန်လေးပါးလုံးကို ပိုင်းခြား၍သိသော ဓမ္မဝိနယ၌ ဆရာ (ဘုရားရှင်)၊ ဓမ္မတို့၌ ယုံကြည်ခြင်းကို မှန်ကန်သောကြည်ညိုခြင်း၊ မှန်ကန်သောသီလဖြည့်ကျင့်မှု၊ သီတင်းသုံးဖော်တို့အပေါ်၌ မှန်ကန်သော နှစ်သက်မြတ်နိုးမှုဟု ဆိုနိုင်ခြင်းသည် သွာက္ခာတသုပ္ပဝေဒိတနိယျာနိက ဥပသမသံဝတ္တနိက သမ္မာသမ္မုဒ္ဓပဝေဒိတဖြစ်သောကြောင့်တည်း။

ဥပါဒါန်လေးပါးတို့၏ နိဒါန သမုဒယ ဇာတိက ပဘာဝသည် တဏှာဖြစ်ပုံ၊ တဏှာ၏နိဒါနအစရှိသည်သည် ဝေဒနာဖြစ်ပုံအစရှိသည်ဖြင့် အဝိဇ္ဇာတိုင်အောင် ပဋ္ဌိလောမ ပဋ္ဌိစ္စသမုပ္ပါဒဒေသနာတော်ကို ဟောတော်မူပြီး အဝိဇ္ဇာကိုပယ်လျှင် ဝိဇ္ဇာဖြစ်ပုံ၊ အဝိဇ္ဇာဝိရာဂ၊ ဝိဇ္ဇုပ္ပါဒဖြစ်လျှင် ဥပါဒါန်လေးပါးတို့၌ အစွဲအလမ်းမတောင့်တပုံ၊ ကိလေသာငြိမ်းအေးပုံ၊ ရဟန္တာဖြစ်ပုံတို့ကို ဟောကြားတော်မူသည်သုတ်။

♦ အဌကထာ၌ လာဘသက္ကာရ ပစ္စယတိတ္ထိယပရိဒေဝဟူသော အဌပ္ပတ္တိကြောင့် ဤသုတ်ကိုဟောတော်မူပုံ၊ လူ(သတ္တဝါ)တို့၏ စတုပ္ပမာဏ၊

စတုပ္ပဿန္နဖြစ်ကြောင်းကို အကျယ်ဖွင့်ပြချက်၊ ဘုရားရှင်၌ ပမာဏ၊ ပသန္နဖြစ်ကြောင်း မှတ်သားဖွယ် ရှင်းလင်းဖွင့်ဆိုချက်၊ တိတ္ထိတို့ လာဘသက္ကာရပရိဟီနဖြစ်ပုံ၊ ယင်းကိုအကြောင်းပြု၍ ပရိဒေဝ၊ ဝိရဝပြုကြပုံ၊ သီဟနာဒသမဏအဖွင့်များ ပရပ္ပဝါဒသည် မိစ္ဆာဒိဋ္ဌိ (၆၂)ပါး ဖြစ်သည်။ ထိုဗာဟိရကဝါဒ၌ ဖလဋ္ဌသမဏ (၄)ပါး၊ မဂ္ဂဋ္ဌသမဏ (၄)ပါး၊ စတုမဂ္ဂဋ္ဌာယအာရဒ္ဓ ဝိပဿကသမဏ(၄)ပါးအားဖြင့် သမဏ(၁၂)မျိုးမှ ကင်းဆိတ်ပုံ၊ ပွတ်ဆောက်ဖျား၌ မုံညင်းစေ့ မတည်နိုင်၊ ရေအပြင်၌ မီးမတောက်နိုင်၊ ကျောက်ဖျာအပြင်၌ မျိုးစေ့မပေါက်နိုင်သကဲ့သို့ ဗာဟိရတိတ္ထာယတနာ၌ အထက်ပါ သမဏများမရှိကြပဲ အထက်ပါ ရဟန်းတော်(၁၂)ပါးတို့သည် ဗုဒ္ဓမြတ်စွာသာသနာတော်၌သာ ဖြစ်နိုင်ပုံ၊ အရိယာပုဂ္ဂိုလ်တို့ဖြစ်ရာခေတ် ဟုတ်၊ မဟုတ်ဟူသည် အရိယာအင်္ဂဏိက မဂ်ရှိခြင်း၊ မရှိခြင်းပင်ဖြစ်သည်။

ခြသေ့မင်း၊ ဆဒ္ဒန္တဆင်မင်း၊ ဝလာဟကအသရာဇာ ခပ်သိမ်းသော လိုလားချက်တို့ကို ဖြည့်ဆည်းပေးနိုင်သော ပတ္တာမြားရတနာ၊ တိမိရပိင်္ဂလငါးမင်း၊ ဂဠုန်မင်း၊ ဓတရဋ္ဌဟသင်္သမင်း၊ စကြာမင်းတို့၏ ဖြစ်ရာအရပ်၊ မဖြစ်ရာအရပ်တို့ကဲ့သို့ အရိယမဂ်တံတိုင်းဖြင့် ကာရံအပ်သော ဗုဒ္ဓမြတ်စွာသာသနာတော်၌သာ အရိယာရဟန်းတော်များ ပေါ်ထွန်းပုံ။

– သီဟနာဒ၊ တိတ္ထ၊ တိတ္ထကရ၊ တိတ္ထိယ အဖွင့်များ၊
– အရိယသာဝကသည် ဘဝတစ်ပါးပြောင်းသွားသော်လည်း ငါးပါးသီလကို မလွန်ကျူးပုံ၊ ငါးပါးသီလသည် အရိယကန္တသီလ၊ သဟဓမ္မိကအဖွင့်၊ ဗြာဟ္မဏနိဋ္ဌာ၊ မဟာတာပသနိဋ္ဌာ ၊ ပရိဇ္ဇာဇကနိဋ္ဌာ၊ အာဇီဝကနိဋ္ဌာ၊ ဗုဒ္ဓသာသနနိဋ္ဌာများ၊ ရာဂရတ္တပုဂ္ဂိုလ် အစရှိသည်တို့အား နိဋ္ဌာမရှိနိုင်ပုံ၊ ရာဂနှင့်တဏှာ၊ ဥပါဒါန်၊ ဒိဋ္ဌ(၂)မျိုး၊ ဒိဋ္ဌသမုဒယ(၂)မျိုး၊ ပစ္စယဘဝမုဒယ(၈)မျိုး၊ အတ္တဂ်ိမနုစ်မျိုး၊ အသဘဒ၊ အာဒီနဝ၊ နိဿရဏအဖွင့်၊ ဥပါဒါန်အဖွင့်များ၊ အတ္တသလ္လာပိကာ (သသက)ဥပမာ၊ အနိယျာနိကသာသနာ၊ ကာဠသိဂ်ိလဝတ္ထု၊ နိယျာနိကသာသနာ၊ နိယျာနိက

ဝတ္ထုများ အစရှိသည်တို့ကို ဖွင့်ပြထားပါသည်။

♦ ဋီကာ၌ ပါသဏ္ဍာအယူများနှင့် ဖွင့်သင့်သောပုဒ်တို့ကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

စုဌသုညတသုတ္တ

- မ၊ ၃။ ၁၄၇–၁၅၁။ မ၊ မြန်၊ ၃။ ၁၅၁–၆။ မ၊ ဌ၊ ၄။ ၁၀၇–၁၁၀။
  မ၊ ဋီ၊ ၃။ ၃၂၁–၃။
- မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၃–သုညတဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ပုဗ္ဗာရုံကျောင်းတော် မိဂါရမာတုပြာသာဒ်၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာ မေးလျှောက်သဖြင့် သုညတဝိဟာရကို ဟောတော်မူသည်သုတ်။

အရှင်အာနန္ဒာမထေရ်က သာကီဝင်မင်းတို့၏ နဂရကနိဂုံး၌ သီတင်းသုံးတော်မူစဉ်အခါက "အာနန္ဒာ ---ယခုအခါ၌ ငါဘုရားသည် သုညတာဝိဟာရဖြင့် များစွာနေတော်မူ၏" ဟုမိန့်ကြားတော်မူသည်ကို ကြားနာမှတ်သား ဆောင်ထားပါကြောင်း လျှောက်ထားသည်ကို အကြောင်းပြု၍ (မိဂါရမာတုပြာသာဒ် သီတင်းသုံးတော်မူစဉ်) ယခုအခါ၌လည်း သုညတာဝိဟာရဖြင့် ကြိမ်ဖန်များစွာ သီတင်းသုံးတော်မူနေကြောင်းကို မိန့်ကြားတော်မူပြီး ဤမိဂါရမာတုပါသာဒသည် ဟတ္ထိ၊ ဂဝ၊ အဿ၊ ဝဠဝ၊ ဇာတရူပရဇတ၊ ဣတ္ထိပုရိသသန္နိပါတတို့မှ ကင်းဆိတ်ပုံ၊ ဂါမသညာ၊ မနုဿသညာတို့ကို နှလုံးမသွင်းဘဲ အရညသညာကို တည်ကြည်ငြိမ်သက်အောင် စွဲစွဲမြဲမြဲ သက်ဝင်ကြည်လင်အောင် နှလုံးသွင်းနေလျှင် ဂါမသညာ၊ မနုဿသညာတို့၌ ဖြစ်သော ပူပန်မှု(ကိလေသာ)များ မရှိတော့ကြောင်း ဂါမသညာ၊ မနုဿသညာတို့မှဆိတ်သုဉ်းပြီး အရညသညာ၌သာ စွဲစွဲမြဲမြဲတည်နေပုံ၊ ဤအရညသညာသည် ငြိမ်သက်အေးချမ်း၏ဟုသိ၏။ ဤသို့ ထိုရဟန်းအား ဟုတ်မှန်သော

ဖောက်ပြန်ခြင်းမရှိသော သုညတ ဖြစ်ပေါ်လာ၏။ ထိုအတူ ပထဝီသည်၊ အာကာသာနဉ္စာယတနသည်၊ ဝိညာဏဉ္စာယတနသည်၊ အာကိဉ္စညာယတနသည်၊ နေဝသညာနာသညာယတနသည် အနိမိတ္တ(ဝိပဿနာစိတ္တ) စေတောသမာဓိ တစ်ပါးစီသောသညာတို့ကို အစဉ်အတိုင်း နှလုံးသွင်းပွားများလျှင် ရှေးရှေးသညာနှင့် တကွဖြစ်သော ကိလေသာပူပန်မှုတို့ ငြိမ်းပျောက်ပြီး ဟုတ်မှန်သော ဖောက်ပြန်ခြင်းမရှိသော သုညတဖြစ်လာသည်။ အနိမိတ္တ(ဝိပဿနာစိတ္တ) စေတောသမာဓိသည် ပြုပြင်ရ၊ စေ့ဆော်ရသော တရားဖြစ်၏။ ထိုတရားသည် မမြဲ၊ ချုပ်ခြင်းသဘောရှိ၏ ဟု သိမြင်၏။ ထိုသိမြင်လာလျှင် စိတ်သည် ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ တို့မှလွတ်မြောက်ပုံ၊ လွတ်မြောက်ပြီဟု သိမြင်တတ်သော ပစ္စဝေက္ခဏာ ဉာဏ်ဖြစ်ပုံ။

ဤအရိယာမဂ်သည်၊ အရိယာဖိုလ်သည်၌ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝကြောင့်ဖြစ်သော ပူပန်မှုမရှိတော့ပုံ၊ အရိယမဂ်သည်၊ အရိယဖိုလ်သည်သည် ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ မှဆိတ်သုဉ်းပုံကို သိမြင်ပုံ၊ ဤရူပကာယကိုသာ စွဲ၍ဖြစ်သော အာယတနခြောက်ပါးနှင့်စပ်သော ဇိဝိတိန္ဒြေဟူသော အကြောင်းကြောင့်ဖြစ်သော ဤမကင်းဆိတ်သည်၏ အဖြစ်သည်သာရှိ၏ဟု သိပုံ၊ ဤသို့လျှင် အနိမိတ္တအရိယမဂ္ဂဖလ စေတောသမာဓိသည်၌ ပူပန်ခြင်းမှ ကင်းဆိတ်နေပုံကို အဖန်ဖန်ရှု၏။ ဤရူပကာယကိုသာ စွဲ၍ဖြစ်သော အာယတနခြောက်ပါးနှင့်စပ်သော ဇိဝိတိန္ဒြေဟူသော အကြောင်းကြောင့်ဖြစ်သော မကင်းဆိတ်သေးသော ပူပန်မှုထင်ရှားရှိနေသည်ကိုသိပုံ၊ ဤသို့လျှင် ဟုတ်မှန်သော သဘောရှိသော စင်ကြယ်သော အလွန် အတုမရှိမြတ်သော သုညတ ဖလသမာပတ်၏ ဖြစ်ပေါ်မှုသည်ဖြစ်၏။

အတိတ်ကာလ၌ ဗုဒ္ဓ, ဗုဒ္ဓသာဝက, သမဏဗြာဟ္မဏတို့သည် ပရိသုဒ္ဓ ပရမာနုတ္တရ သုညတအရိယဖလသမာပတ်ကိုသာ ပြည့်စုံစေ၍ နေခဲ့ကြကုန်ပြီး အနာဂတ်ကာလ၌ သမဏ၊ဗြဟ္မဏတို့သည် ဤသုညတအရိယ ဖလသမာပတ်

ကိုပြည့်စုံစေ၍ နေကြကုန်လိမ့်လတ္တံ့၊ ယခုပစ္စုပ္ပန်ကာလ၌ သမဏ-ဗြာဟ္မဏတို့သည် ဤသုညတအရိယဖလ သမာပတ်ကို ပြည့်စုံစေ၍ နေကြကုန်၏။ အာနန္ဒာ-ထို့ကြောင့် ပရိသုဒ္ဓ ပရမာနုတ္တရ သုညတအရိယဖလသမာပတ်ကို ပြည့်စုံစေ၍ နေကြကုန်တော့အံ့ဟု ကျင့်ရမည်ဟု ဟောတော်မူသည်သုတ်။

♦ အဌကထာ၌ အရှင်အာနန္ဒာမထေရ်၏ နိဗ္ဗာနာရမ္မဏသုညတ ဖလသမာပတ်မှ ထခဲ့ပုံ၊ သုညတဖလသမာပတ္တိကထာ ဒေသနာတော်ကို ကြားနာလိုခြင်းကြောင့် ဥပါယ်တမျဉ်းသုံး၍ လျှောက်ထားပုံ၊ အရှင်အာနန္ဒာမထေရ်၏ ဉာဏ်စွမ်းရည်၊ အရှင်အာနန္ဒာနှင့် တခြားပုဂ္ဂိုလ်များ၌ ဖြစ်တတ်သော သဘာဝ၊ သဝန၊ ဥဂ္ဂဟ၊ ကထနနှင့်ဆက်စပ်သော ပုဂ္ဂိုလ်သုံးမျိုးနှင့် အရှင်အာနန္ဒာ၊ မိဂါရမာတုပါသာဒ၌ သုညတနှင့်အသုညတများ ဂါမသညာ၊ အရညသညာ၊ ပထဝီသညာနှင့် ဆက်စပ်သော နှလုံးသွင်းမှု ဟုတ်-မဟုတ်သောသိမှတ်ဖွယ်၊ ဥသဘသားရေနှင့် အခြားနွားတို့၏ သားရေ၊ အနိမိတ္တ စေတောသမာဓိအရ၊ အတီတသမဏဗြဟ္မဏအရ၊ သုညတအရ တို့ကိုဖွင့်ပြထားပါသည်။

♦ ဋီကာ၌ သုညတဖလသမာပတ္တိအပေါ်တွင်ပုဒ်ဖြင့် ပယ်အပ်သော ဝါဒ၊ သေက္ခပုဂ္ဂိုလ်တို့၏သုညတ၊ ဂါမ, မနုဿသဒ္ဒါတို့ဖြင့် ပေါင်းယူထားသော သညာများ၊ သုညတဖလသမာပတ္တိအရ ဗုဒ္ဓသာသနာရှိနေစဉ် ပစ္စေကဗုဒ္ဓါအရှင်မြတ်များ မရှိသေးပုံ အစရှိသည်တို့ကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

စူဠဟတ္ထိပဒေါပမသုတ္တ

- မ၊ ၁။ ၂၃၂-၂၄၁။ မ၊ မြန်၊ ၁။ ၂၄၀-၉။ မ၊ ဌ၊ ၂။ ၉၈-၁၂၁။ မ၊ ဋီ၊ ၂။ ၁၄၃-၁၆၃။
- မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ၊ ၃-သြေပမ္မဝဂ္ဂ၊ သတ္တမသုတ်။

တိပိဋကသုတ္တသုစိ ဝိဘာဝိနီ

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဇာဏုဿောဏိပုဏ္ဏားအား ဟောကြားတော်မူသည်သုတ်။

တိုင်းခန်းလှည့်လည်လာသော ဇာဏုဿောဏိပုဏ္ဏားက ဝစ္ဆာယနအနွယ် ပိလောတိကပရိဗိုဇ်ကို လမ်း၌တွေ့မြင်ခြင်းကြောင့် အဘယ်မှပြန်လာသနည်း အစရှိသော မေးခွန်းများကို မေမြန်းပါသည်။

ပိလောတိကပရိဗိုဇ်က ရဟန်းဂေါတမထံက ပြန်ခဲ့ကြောင်း ရဟန်းဂေါတမ၏ ဉာဏ်ပညာစွမ်းရည်ကို မိမိမသိနိုင်ပုံ၊ ရဟန်းဂေါတမလို ပုဂ္ဂိုလ်မှသာ သိနိုင်မည် ဖြစ်ကြောင်း၊ ရဟန်းဂေါတမသည် ချိုးမွမ်းထိုက်သူ အားလုံးတို့ထက် ချိုးမွမ်းထိုက်နတ်၊လူအားလုံးတို့ထက် မြင့်မြတ်သူ ဖြစ်ကြောင်း၊ ဆင်များနေရာ တောထဲ၌ ဆင်ခြေရာကိုကြည့်ရှုပြီး ဆင်၏ကြီးမားပုံကို ခန့်မှန်း၍ပြောပြသူကဲ့သို့ ရဟန်းဂေါတမ၏ ဉာဏ်ခြေရာ လေးမျိုးကိုသိရသဖြင့် "သမ္မာသမ္မုဒ္ဓေါ ဘဂဝါ၊ သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော"ဟု ဆုံးဖြတ်ခဲ့ပုံ၊ ဉာဏပဒလေးမျိုး၏ အကျယ်ကိုပြောဆိုရာ ဇာဏုဿောဏိပြာဟ္မဏကြီး ရထားပေါ်မှဆင်းသက်၍ ဘုရားရှင် သီတင်းသုံးတော်မူရာဖက်သို့ လှည့်၍ "**နမော တဿ**" မဟာပဏာမဖြင့် လက်အုပ်ချီမိုးရှိခိုးပုံ၊ ဘုရားရှင်ထံတော်သို့ သွားရောက်ပြီး မိမိနှင့် ပိလောတိကပရိဗိုဇ်တို့ ဆွေးနွေးကြပုံ အပြည့်အစုံကို ဘုရားရှင်အား လျှောက်ထားပါသည်။

ဘုရားရှင်က ဟတ္ထိပဒေါပမဒေသနာတော်ကို အကျယ်အားဖြင့် သာမည ဖလသုတ်တော်နည်းတူ သီလ, သမာဓိ, ပညာတို့ကို အရဟတ္တဖိုလ် ရောက်သည် အထိ ဟောကြားတော်မူပြီး အရိယာသာဝက၏ "**သမ္မာသမ္မုဒ္ဓေါ ဘဂဝါ**" အစရှိသော ရတနာမြတ်သုံးပါးအား ဆုံးဖြတ်ကြည်ညိုပုံကို ဟောကြားတော်မူပါသည်။ ဇာဏုဿောဏိပုဏ္ဏားကြီး ဥပါသကာအဖြစ် ခံယူသွားပုံတို့ကို ဟောကြားတော်မူသည်သုတ်။

အဌကထာ၌ သဗ္ဗသေတဝဋ္ဌဝါရထ၊ ရထားနှစ်မျိုးအနေအထား၊ ဇာဏုဿောဏိပုဏ္ဏား အခမ်းအနားဖြင့် သာဝတ္ထိမြို့တွင်းသို့ (၆)လတစ်ကြိမ် တိုင်းခန်းလှည့်လည်ထွက်ပုံ အစီအစဉ်၊ ပိလောတိက ပရိဗိုဇ်အကြောင်း၊ ပညာဝေယျတို့၊ ပသတ္ထ ပသတ္ထာပုဂ္ဂိုလ်များနှင့် ဖွင့်ဆိုချက်၊ စတ္တာရိပဒအဖွင့်၊ ပညာရှင်များ ဘုရားရှင်အား ပြဿနာ ပြင်ဆင်ပြီးသော်လည်း မမေးခြင်းအကြောင်း မှတ်သားဖွယ်နှင့် မေတ္တာတော်စွမ်းအား ရူပဂ္ဂ အရှိန်အဝါ ဥဒါန၊ ဟတ္ထိပဒ၊ နာဂဝနိက–အဖွင့်များ ဒေသနာတော်နှင့် ဟတ္ထိပဒ ဥပမာန ဥပမေယျ နှိုင်းယှဉ်ချက်၊ မဇ္ဈိမပဒေသ နယ်ပယ်သတ်မှတ်ချက် သောကျွမ်း လောကံ အစရှိသော ပုဒ်တို့၏ ဖွင့်ဆိုချက်များသည် သီလက္ခန္ဓဝဂ္ဂ အဌကထာ ဖွင့်ဆိုချက်များနှင့် တူပါသည်။

♦ ဋီကာ၌လည်း မှတ်သားဖွယ်များကို ပြည့်ပြည့်စုံစုံ ထပ်ဆင့်၍ ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

စေတနာသုတ္တ (၄)

– သံ၊ ၁။ ၂၉၅။ သံ၊ မြန်၊ ၁။ ၂၈၂။ သံ၊ ဌ၊ ၂။ ၆၅–၆။ သံ၊ ဋီ၊ ၂။ ၈၁–၃။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁–နိဒါနသံယုတ္တ၊ ၄–ကဌာရခတ္တိယဝဂ္ဂ၊ အဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် စေတနာ, ပကပ္ပနာ, အနုသယ တို့ကြောင့် ကမ္မဝိညာဏ် ဖြစ်တည်ပုံ၊ ကမ္မဝိညာဏ် ဖြစ်တည်ပြန့်ပွားခြင်းကြောင့် ဘဝအသစ်ဖြစ်တည်ပုံ၊ ဘဝအသစ်၌ ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဒုက္ခတို့ဖြစ်ပုံ၊ ကမ္မဝိညာဉ် မဖြစ်တည် မစည်းပင် မပြန့်ပွားခြင်းကြောင့် ဘဝအသစ်နှင့် ဇာတိအစရှိသော ဒုက္ခတို့ မဖြစ်တော့ပုံကို အကျယ်ဟောတော်မူသည်သုတ်။

♦ အဌကထာ၊ ဋီကာတို့၌ မှတ်သားဖွယ်များကို ဖွင့်ဆိုထားပါသည်။

တိုဝိဋ္ဌက သုတ္တသူစိ ဝိဘာဝိနီ

– သံ၊ ၁။ ၂၉၆။ သံ၊ မြန်၊ ၁။ ၂၈၃။ သံ၊ ဋ္ဌ၊ ၂။ ၆ရ။ သံ၊ ဋီ၊ ၂၊ ၈၄။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁–နိဒါနသံယုတ္တ၊ ၄–ကဠာရခတ္တိယဝဂ္ဂ၊ နဝမသုတ်။

အထက်သုတ်ဒေသနာတော်အတိုင်း ကမ္မဝိညာဏ် ဖြစ်တည် ပြန့်ပွားလျှင် နာမ်ရုပ်ဖြစ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်–အစရှိသည်ဖြင့် ပဋိစ္စသမုပ္ပါဒ အနုလောမဒေသနာတော်နည်း၊ ကမ္မဝိညာဏ် မဖြစ်တည် မပြန့်ပွားလျှင် နာမ်ရုပ် မဖြစ်၊ နာမ်ရုပ်ချုပ်သည်ရှိသော် သဠာယတနချုပ်၏ အစရှိသည်ဖြင့် ပဋိစ္စသမုပ္ပါဒ ပဋိလောမ ဒေသနာတော်နည်းဖြင့်လည်းကောင်း ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

– သံ၊ ၁။ ၂၉၆–ရ။ သံ၊ မြန်၊ ၁။ ၂၈၃–၄။ သံ၊ ဋ္ဌ၊ ၂။ ၆ရ။ သံ၊ ဋီ၊ ၂။ ၈၄။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁–နိဒါနသံယုတ္တ၊ ၄–ကဠာရခတ္တိယဝဂ္ဂ၊ ဒသမသုတ်။

အထက်သုတ်ဒေသနာတော်အတိုင်း ကမ္မဝိညာဏ်ဖြစ်တည် ပြန့်ပွားလျှင် နတိအာဂတိဂတိ စုတိဥပပါတတို့ အဆင့်ဆင့်ဖြစ်ပုံ၊ စုတူပပါတဖြစ်လျှင် ဇာတိ အစရှိသော ဆင်းရဲဒုက္ခဖြစ်ပုံ၊ အထက်ပါ တရားတို့မဖြစ်လျှင် ဇာတိအစရှိသော ဆင်းရဲဒုက္ခတို့ချုပ်ပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

– အံ၊ ၁။ ၄ရ၆–၈။ အံ၊ မြန်၊ ၁။ ၄၉၀–၃။ အံ၊ ဋ္ဌ၊ ၂။ ၃၄ရ–၃၅၀။ အံ၊ ဋီ၊ ၂၊ ၃၄၅–ရ။
– အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ ၄–စတုတ္ထပဏ္ဏာသက၊
– (၁၈)၃–သဠေတနိယဝဂ္ဂ၊ ပဌမသုတ်။ (အဘိ၊က။ ၂၉၀။ သံ၊ ၁။ ၂ရ၅–၆။)

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အဝိဇ္ဇာလျှင် အကြောင်းရင်းရှိသော ဒွါရသုံးပါးတို့၌ စေတနာ(ကံ)(၂ရ၆)မျိုး အားထုတ်ကြပုံ၊ ထိုစေတနာတို့ကြောင့် အဗျတ္တာသန္ဓာန် သုခဝေဒနာ,

ဒုက္ခဝေဒနာတို့ဖြစ်ပုံ၊ အရဟတ္တာမဂ်ဖြင့် ထိုစေတနာ၏သတ္တိကို ပယ်သတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်၏ ကုသိုလ်စေတနာ အကျိုးမပေးတော့ပုံ၊ ထိုစေတနာ၏ အကျိုးပေး ရာဌာန(ဘဝ) လေးမျိုးတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူပါသည်။

အရှင်သာရိပုတ္တရာထေရ်က "ဘုရားရှင် အကျဉ်းချုပ် ဟောတော်မူအပ်သော တရားဒေသနာ၏ အနက်အဓိပ္ပါယ်အကျယ်ကို မိမိသိရှိ နားလည်ပုံကို လျှောက်ထားပြီး၊ အမှတ်(၄) အတ္တဘာဝပဋိလာဘကို မေးလျှောက်သည့်အခါ ဘုရားရှင်က ထိုအတ္တဘာဝပဋိလာဘသည် 'နေဝသညာနာသညာယတနုပဂ' ဖြစ်ပုံ၊ သြရမ္ဘာဂိယသံယောဇဉ်တို့ကို မပယ်ရသေးသောပုဂ္ဂိုလ်တို့ ဤကာမဘုံသို့ ပဋိသန္ဓေပြန်နေရပုံ၊ ပယ်ပြီးသောပုဂ္ဂိုလ်တို့ ပြန်မလာတော့ပုံ အကျယ်ကို ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၌ ကာယ၊ ကာယသင်္ခေတနာ၊ အဏ္ဏတ္တသုခဒုက္ခ၊ သာမံ ကာယ သခ်ါရ၊ ပရကာယသခ်ါရ၊ သမ္ဘဇနု၊ အသမ္ဘဇနုကာယသခ်ါရ၊ အာယူဟန စေတနာ၊ ပဋ္ဌာနဒ္ဓ၊ ဒုက္ခသစ္စာဖြစ်ပုံ၊ ခီဏာသဝကုသလကမ္မ၊ အတ္တသင်္ခေတနာ ဟေတုစဝနပုဂ္ဂိုလ်၊ ပရသင်္ခေတနာ ဟေတုစဝနပုဂ္ဂိုလ်၊ အတ္တသင်္ခေတနာ ပရသင်္ခေတနာဟေတုစဝနပုဂ္ဂိုလ်၊ အရှင်သာရိပုတ္တရာ၏ မေးလျှောက်ခြင်းအကြောင်း၊ အာဂန္တာရ, အနာဂန္တာရတို့နှင့်ဆက်စပ်၍ မှတ်သားဖွယ်တို့ကို ပြည့်ပြည့်စုံစုံ ဖွင့်ပြထားပါသည်။

♦ ဋီကာ၌လည်း အထက်ပါ အကြောင်းအရာတို့နှင့် ခိဠာပဒေါသိက မနောပဒေါသိက၊ အက္ကုဒ္ဓအစရှိသည်တို့ကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

စေတနာကရဏီယသုတ္တ (၂)

– အံ၊ ၃။ ၂၅၈–၉။ အံ၊ မြန်၊ ၃။ ၂၅၉–၂၆၀။ အံ၊ ဋ္ဌ၊ ၃၊ ၂၈၅။ အံ၊ ဋီ၊ ၃။ ၃၀၅။

တိပိဋကသုတ္တသုစိ ဝိဘာဝိနီ

– အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ ပဌမပဏ္ဏာသက၊ ၁–အာနိသံသဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သီလနှင့်ပြည့်စုံသော ရဟန်း၏ အဝိပ္ပဋိသာရမှ ဝိမုတ္တိဉာဏဒဿနတိုင်အောင် ရရှိခံစားနိုင်သော အကျိုးတရား (၁၀)ပါးတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

(စတုပါရိသုद्ध)သီလနှင့် ပြည့်စုံသော ရဟန်းသည် ''ငါ့အား အဝိပ္ပဋိသာရ=နှလုံးသာရှင်မှု ဖြစ်ပါစေ''ဟု အားထုတ်၍ ပြုလုပ်စရာမလို၊ (စတုပါရိသုद्ध) သီလရှိသောရဟန်းအား အဝိပ္ပဋိသာရဖြစ်ခြင်းသည် ဖြစ်ပေါ်လာမြဲဖြစ်သည့် ဓမ္မတာသဘာဝပေတည်း။ ထိုအတူ အဝိပ္ပဋိသာရ ဖြစ်ပေါ်လာပြီးသောရဟန်းအား ဝမ်းမြောက်မှု ''ပါမောဇ္ဇ''၊ နှစ်သက်(ကျေနပ်)မှု **ပီတိ**၊ နာမကာယ,ရူပကာယ၏ ငြိမ်းအေးမှု ''**ပဿဒ္ဓိ**''၊ ကာယိကသုခဝေဒနာ, စေတသိကသုခဝေဒနာကို ခံစားရမှု၊ စိတ်တည်ကြည်ငြိမ်သက်မှု ''**သမာဓိ**''၊ အမှန်အတိုင်း သိမြင်တတ်သော တရုဏဝိပဿနာဉာဏ်၊ တောဘူမကဝဋ္ဋဒုက္ခတို့၌ ငြီးငွေ့စိတ်ပျက်မှု '**နိဗ္ဗဒ္ဓဉာဏ်**'၊ တက်မက်ခြင်းကင်းမှု '**ဝိရာဂဉာဏ်**'၊ ကိလေသာတို့မှ လွတ်မြောက်မှုကို သိမြင်တတ်သော '**ဝိမုတ္တိဉာဏဒဿန**'ကို မျက်မှောက်ပြုခြင်းဟူသော နောက်နောက်၌ ဖြစ်သော အကျိုးအဆက်ဆက်သည် စတုပါရိသုद्ध သီလနှင့် ပြည့်စုံခြင်းဟူသော ရှေးရှေးသော အကြောင်းအဆက်ဆက်ကြောင့် ဖြစ်ပေါ်လာမြဲ ဓမ္မတာသဘာဝပေတည်း။

– နိဗ္ဗိဒါ, ဝိရာဂသည် ဝိမုတ္တိဉာဏဒဿန–ဟူသော အကျိုးအာနိသင်ရှိ၏။
– ယထာဘူတ ဉာဏဒဿနသည် နိဗ္ဗိဒါဝိရာဂ–ဟူသော အကျိုးအာနိသင်ရှိ၏။
– သမာဓိသည် ယထာဘူတဉာဏဒဿနဟူသော အကျိုးအာနိသင်ရှိ၏။
– သုခသည် သမာဓိဟူသော အကျိုးအာနိသင်ရှိ၏။

- ပဿဒ္ဓိသည် သုခဟူသော အကျိုးအာနိသင်ရှိ၏။
- ပီတိသည် ပဿဒ္ဓိဟူသော အကျိုးအာနိသင်ရှိ၏။
- ပါမောဇ္ဇသည် ပီတိဟူသော အကျိုးအာနိသင်ရှိ၏။
- အဝိပ္ပဋိသာရသည် ပါမောဇ္ဇဟူသော အကျိုးအာနိသင်ရှိ၏။
- ကုသလသီလသည် အဝိပ္ပဋိသာရဟူသော အကျိုးအာနိသင်ရှိ၏။

ဤသို့လျှင် အပြစ်မရှိသော သီလအစရှိသော အကြောင်းတရားတို့သည် အဝိပ္ပဋိသာရ–အစရှိသော အကျိုးတရားတို့ကို ဖြစ်စေတတ်ကုန်သည်။ အပြစ်မရှိသော သီလအစရှိသော အကြောင်းတရားတို့သည် တောဘူမကဝင်္ဆတည်းဟူသော ဤမှာဖက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ထိုမှာဖက်ကမ်းသို့ သွားရောက်ကူးမြောက်ခြင်းငှာ အဝိပ္ပဋိသာရအစရှိသော အကျိုးတရားတို့ကို ပြည့်စေကုန်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

- အံ၊ ၃။ ၅၁၆–၇။ အံ၊ မြန်၊ ၃။ ၅၀၅–၆။
- အဂုံတ္တရနိကာယ၊ ဇောဒသကနိပါတ၊ ၁–နိဿယဝဂ္ဂ၊ ဒုတိယသုတ်။

နိဗ္ဗိဒါနှင့် ဝိရာဂကို တစ်ပါးစီခွဲ၍ အထက်သုတ်ဒေသနာတော်အတိုင်း ဟောတော်မူသည်သုတ်။

❖ ❖ ❖

စေတသောဝိနိဗန္ဓသုတ္တ (၄)

- အံ၊ ၃။ ၂၅၂–၃။ အံ၊ မြန်၊ ၃။ ၂၅၂–၃။
- အဂုံတ္တရနိကာယ၊ နဝကနိပါတ၊ ဒုတိယပဏ္ဏာသက၊ (၇)၂–သတိပဋ္ဌာနဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကာမေသုအဝိတရာဂ၊ ကာယေအဝိတရာဂ၊ ရူပေအဝိတရာဂ၊ ယာဝဒတ္ထံ၊ ဥဒရာဝဒေဟကံ ဘုဉ်တွာ သေယျသုခ, ပဿသုခ, မိဒ္ဓသုခအနုယုတ္တာ

(၅၆) တိပိဋကသုတ္တသူစိ ဝိဘာဝိနီ

အညတရ ဒေဝနိကာယ ပဏိဓါယ ဗြဟ္မစရိယစရဏဟူသော စေတသောဝိနိဗန္ဓ တရားငါးပါးတို့ကိုပယ်ခြင်းငှါ သတိပဋ္ဌာန်တရားလေးပါးတို့ကို ပွားများရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

- အံ၊ ၃။ ၂၅၄။ အံ၊ မြန်၊ ၃။ ၂၅၄။
- အဂုံတ္တရနိကာယ၊ နဝကနိပါတ၊ ဒုတိယပဏ္ဏာသက၊ (၉)၃–သမ္မပ္ပဓာနဝဂ္ဂ ဒသမသုတ်။

အထက်သုတ်ပါ စေတသောဝိနိဗန္ဓတရားငါးပါးတို့ကို ပယ်စွန့်နိုင် ရန် သမ္မပ္ပဓာန်တရားလေးပါးတို့ကို ပွားများကြရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

- အံ၊ ၃။ ၂၅၅။ အံ၊ မြန်၊ ၃။ ၂၅၅။
- အဂုံတ္တရနိကာယ၊ နဝကနိပါတ၊ ဒုတိယပဏ္ဏာသက၊ ၄–ဣဒ္ဓိပါဒဝဂ္ဂ၊ ဒသမသုတ်။

အထက်သုတ်တော်လာ စေတသောဝိနိဗန္ဓတရား(၅)ပါးတို့ကို ပယ်စွန့် နိုင်ရန် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွားများကြရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

စေတိယသုတ္တ

- သံ၊ ၃။ ၂၂၆–၂၃၀။ သံ၊ မြန်၊ ၃။ ၂၂၉–၂၃၃။ သံ၊ ဋ္ဌ၊ ၃။ ၂၈၂–၆။ သံ၊ ဋီ၊ ၂။၅၀၃–၅၁၀။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၇–ဣဒ္ဓိပါဒသံယုတ္တ၊ ၁–စာပါလဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ဝဇ္ဇီနိုင်ငံ ဝေသာလီမြို့အနီး မဟာဝုန်တော ကူဋာဂါရသာလာ ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် စာပါလစေတီအနီး၌ အာယုသင်္ခါရ

လွတ်တော်မူခြင်းနှင့်စပ်၍ ဟောတော်မူသည့်သုတ်။

ဝေသာလီမြို့တော်၏ ပတ်ဝန်းကျင်၌ ဥဒေနစေတီ၊ ဂေါတမကစေတီ၊ သတ္တမ္ဗစေတီ၊ ဗဟုပုတ္တစေတီ၊ သာရန္ဒဒစေတီ၊ စာပါလစေတီဟူသော ရှေးဟောင်းနတ်ကွန်းများ မွေ့လျော်ဖွယ်အဖြစ် တည်ရှိနေပုံ၊ ဣဒ္ဓိပါဒ်လေးပါးကို ဘာဝိတ၊ ဗဟုလီကတ၊ ယာနီကတ၊ ဝတ္ထုကတ၊ အနုဋ္ဌိတ၊ ပရိစိတ၊ သုသမာရဒ္ဓ–ဖြစ်အောင် ပွားများထားသူသည် အလိုရှိလျှင် အာယုကပ်ပတ်လုံးဖြစ်စေ၊ အာယုကပ်အကြွင်းအကျန်ပတ်လုံးဖြစ်စေ တည်နေနိုင်သည်။ ငါဘုရားသည်လည်း ဣဒ္ဓိပါဒ်လေးပါးကို ဘာဝိတအစရှိသော အရှိန်အဟုန်ဖြစ်အောင် ပွားများထားခြင်းကြောင့် အာယုကပ်, ကပ္ပါဝသေသအထိ တည်နေနိုင်သည်။ ဤသို့ ထင်ရှားသိသာစွာ နိမိတ်အရိပ်အယောင်ကို သုံးကြိမ်တိုင်တိုင် မိန့်ကြားသမှု ပြုပါသော်လည်း အရှင်အာနန္ဒာသည် ဘုရားရှင်၏ အလိုတော်ကိုသိရှိခြင်းငှာ မတတ်နိုင်အောင် မာရ်နတ်လှည့်ပတ်ထားသဖြင့် ''**တိဋ္ဌတု ဘန္တေ ဘဂဝါ ကပ္ပံ၊ တိဋ္ဌတု သုဂတော ကပ္ပံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ**''ဟု ဘုရားရှင်အား မလျှောက်ထားမိပါ။

ဘုရားရှင် မိန့်ကြားတော်မူချက်အရ အရှင်အာနန္ဒာ ထွက်ခွါသွားပြီး မကြာမီ ပါပိမာရ်နတ် ရောက်ရှိလာပြီး ''**ပဒါနိဗ္ဘာတု ဒါနိ ဘန္တေ ဘဂဝါ၊ ပရိနိဗ္ဗာတု သုဂတော၊ ပရိနိဗ္ဗာနကာလော ဒါနိ ဘန္တေ ဘဂဝတော ဘာသိတာ ခေါ ပနေသာ ဘန္တေ ဘဂဝတာ ဝါစာ နု တာဝါဟံ– ဘဂဝတော**''ဟု ပရိနိဗ္ဗာန်ပြုတော်မူရန် လျှောက်ထားပုံ၊ ဘုရားရှင်က ဤနေ့မှ(၃)လကြာလျှင် ပရိနိဗ္ဗာန်ပြုတော့မည်ဟု မိန့်ကြားတော်မူပြီး၊ စာပါလစေတီ၌ သတိ, သမ္ပဇဉ် ယှဉ်လျှက် အာယုသင်္ခါရကို လွှတ်တော်မူပုံ၊ မဟာဘူမိစာလဖြစ်ပုံ၊ ဘုရားရှင် ဥဒါန်းကျူးရင့်တော်မူပုံကို ဟောတော်မူသည့်သုတ်။

ဤသုတ်တော်၌ ဘုရားရှင်က သူတော်ကောင်းတရား သာသနာတော်နှင့် ဆက်စပ်၍ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာ ပရိတ်သတ်တို့၌ ပြည့်ဝရမည့်

ရှိနေရမည့် အရည်အချင်းများ၊ သာသနာတော်နှင့် ဆက်စပ်၍ လုင်ဆောင်ရမည့် လုပ်ဆောင်ချက်များကို မာရ်နတ်အား အပြည့်အစုံ မိန့်ကြားတော်မူခဲ့ပါသည်။ ဗုဒ္ဓမြတ်စွာ၏ သာဝကပရိတ်သတ်လေးပါးတို့ ပြည့်စုံရမည့် အရည်အချင်းများ လုပ်ဆောင်ရမည့်လုပ်ငန်းများကို ပီပီပြင်ပြင် တက်ညီလက်ညီ လုပ်ကိုင်ဆောင်ရွက်ကြပါက သူတော်တရား သာသနာတော်မြတ် လောကအတွင်း ထွန်းလင်းနေပြီး ဗဟုဇနဟိတ, ဗဟုဇနသုခ, ဒေဝမနုဿာနံ အတ္ထာယ ဟိတာယ သုခါယ ဖြစ်နေမည်ဖြစ်ပါသည်။

♦ အဌကထာ၌ နိသီဒဟူသည် စမ္မကွဇ္ဇာ၊ ဣဒ္ဓိပါဒ်ကို အစွမ်းသတ္တိ ထူးရှိအောင် ပွားများရမည့်ပုဒ်များအဖွင့်၊ ကပ္ပ၊ ကပ္ပါဝသေသအဖွင့်၊ ဘဒ္ဒကပ်ပတ်လုံး တည်နေနည်း၊ ကပ္ပ, ကပ္ပါဝသေဝတို့ပတ်လုံး ဘုရားရှင်မတည်နေခြင်းအကြောင်း၊ မာရပရိယုဋ္ဌိတစိတ္တာ၊ မာရအဖွင့်၊ မာရ၏ ဝေဝစန၊ ဘုရားရှင်အား ပရိနိဗ္ဗာန်စံဖို့ရန် သတ္တသတ္တာဟကာလ၏ အဌမသတ္တာဟကာလကပင် မာရ်နတ် လျှောက်ထားခဲ့ပုံ၊ သာဝကများ၌ ဘုရားရှင်လိုလားတော်မူသည့် ပြည့်ဝရမည့် အရည်အချင်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းပြုပုဒ်များအဖွင့်၊ အာယုသင်္ခါရ လွှတ်တော်မူပုံ ဖွင့်ပြချက်၊ ဒေဝဒုန္ဒဘိယောဖလိသု–အဖွင့်၊ ဥဒါန်းဂါထာတော် အဖွင့်တို့ကို ပြည့်ပြည့်စုံစုံ ဖွင့်ပြထားပါသည်။

♦ ဋီကာ၌ ဥဒေနစေတိအဖွင့်၊ ဣဒ္ဓိပါဒ်ပွားများရမည့် ပုဒ်များအဖွင့်၊ အာယုပွမာဏနှင့်ဆက်စပ်၍ မဟာသီဝထေရ်၏ မိန့်ဆိုချက်၊ ပရိယုဋ္ဌိတစိတ္တာအဖွင့်၊ ဝိပလ္လာသလေးပါး၊ မာရနှင့် ပရိယာယ်ပုဒ်များအဖွင့်၊ အဌမသတ္တာဟာ၊ တိပိဋကာ၊ သာဝကဂုဏ်ပုဒ်များ၊ သတိ,ပညာ၊ ပထဝီကမ္မန၊ ပီတိဝေဂ၊ ဥဒါနဂါထာ–အစရှိသည်တို့ကို ဖွင့်ပြထားပါသည်။

စေတောခိလသုတ္တ(၄)

- မ၊ ၁။ ၁၄၅-၉။ မ၊ မြန်၊ ၁။ ၁၅၀-၄။ မ၊ ဌ၊ ၁။ ၃၇၂-၅။ မ၊ ဋ္ဌ၊ ၂။ ၅၁-၆။
- မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ၊ ၂-သီဟနာဒဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဘုရားရှင်ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် စေတောခိလတရားငါးပါးကို မပယ်ရသေးသောရဟန်း၊ စေတသောဝိနိဗန္ဓတရားငါးပါး မပယ်ဖြတ်နိုင် သေးသောရဟန်းသည် ဤဓမ္မဝိနယ သာသနာတော်၌ ကြီးပွားစည်ပင် ပြန့်ပွားခြင်းသို့ မရောက်နိုင်ပုံ၊ ယင်းတရား(၁၀)ပါးကို ပယ်ဖြတ်ပြီး ဣဒ္ဓိပါဒ်လေးပါးနှင့် ဥဿောဠှိ-ဟူသော အဂါ(၁၅)ပါးတို့နှင့် ပြည့်စုံသောရဟန်းသည် အဘိနိဗ္ဗိဒ၊ သမ္ဗောဓိ၊ အနုတ္တရယောဂကျွေးမွေးသို့ ရောက်ထိုက်၏။ ကြက်ငယ်ဥပမာဖြင့် ရဟန်းတို့အား ဘုရားရှင် အကျယ်ဟောတော်မူသည်သုတ်။

♦ အဌကထာ,ဋီကာတို့၌ ပါဠိတော်ပုဒ်တို့ကို သိသင့်သိထိုက်သော အဓိပ္ပါယ်များဖြင့် ဖွင့်ဆိုပြီး၊ ဝုဒ္ဓိ၊ ဝိရုဠှိ၊ ဝေပုလ္လဖြစ်ပုံ၊ သုခသုံးပါး၊ ဤသုတ်၌ ပဋိသခါနပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်၊ ပဋိပ္ပဿဒ္ဓိပဟာန်တို့ကို ဟောတော်မူပုံ အစရှိသည်တို့ကို ဖွင့်ပြထားပါသည်။

- အံ၊ ၂။ ၂၁၇-၈။ အံ၊ မြန်၊ ၂။ ၂၇၃။ အံ၊ ဌ၊ ၃။ ၇၇။ အံ၊ ဋ္ဌ၊ ၃။ ၇၆-၇။ (ဒီ၊ ၃။၁၉၈)
- အဂုံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ၅-ပဉ္စမပဏ္ဏာသ၊ (၂၁)၁-ကိမိလဝဂ္ဂ၊ ပဉ္စမသုတ်။

ဘုရားရှင် စေတောခိလတရားငါးပါးကို အကျယ်ဟောတော်မူသည်သုတ်။

- အံ၊ ၃။ ၂၅၂။ အံ၊ မြန်၊ ၃။ ၂၅၂။
- အဂုံတ္တရနိကာယ၊ နဝကနိပါတ၊ ဒုတိယပဏ္ဏာသက၊ (၇)၂-သတိပဋ္ဌာနဝဂ္ဂ၊ နဝမသုတ်။

(၆၀) တိပိဋကသုတ္တသုစိ ဝိဘာဝိနီ

စေတောခိလတရားငါးပါးတို့ကို ပယ်ခြင်းငှာ သတိပဋ္ဌာန်တရားလေးပါးတို့ကို ပွားများရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊ ၃။ ၂၇၀–၃။ အံ၊ မြန်၊ ၃။ ၂၇၁–၄။

– အဂ်ုတ္တရနိကာယ၊ ဒသကနိပါတ၊ ပဋ္ဌမပဏ္ဏာသက၊ ၂–နာထဝဂ္ဂ၊ စတုတ္ထသုတ်။

စေတောခိလတရားငါးပါး၊ စေတသောဝိနိဗန္ဓတရားငါးပါးတို့ကို မပယ်, မဖြတ်နိုင်သော ဘိက္ခု၊ ဘိက္ခုနီသည် ကုသိုလ်တရားတို့၌ ဆုတ်ယုတ်ခြင်းကိုသာ အလိုရှိအပ်၏။ မကြီးပွားနိုင်ဟု လဆုတ်ပက္ခ လ–ဥပမာဖြင့် ရဟန်းတို့အား ဘုရားရှင် အကျယ်ဝေဖန်၍ ဟောတော်မူသည်သုတ်။

❖ ❖ ❖

စေတောပရိယသုတ္တ

– သံ၊ ၃။ ၂၆၅–၆။ သံ၊ မြန်၊ ၃။ ၂၆၇–၈။

– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၈–အနုရုဒ္ဓသံယုတ္တ၊ ဒုတိယဝဂ်၊ စတုတ္ထသုတ်။

သတိပဋ္ဌာန်တရားလေးပါးတို့ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သည်၏အဖြစ်ကြောင့် တစ်ပါးတခြားသော သတ္တဝါ, ပုဂ္ဂိုလ်တို့၏ သရာဂ အစရှိသောစိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြားမျှသိနိုင်၏ဟု ရဟန်းတို့အား အရှင်အနုရုဒ္ဓါ မထေရ် ကောသလနိုင်ငံ၊ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်၌ ဟောတော်မူသည်သုတ်။

❖ ❖ ❖

စေတောဝိမုတ္တိဖလသုတ္တ (၂)

- အံ၊ ၂။ ၇၄–၅။ အံ၊ မြန်၊ ၂။ ၉၀–၁။ အံ၊ ဌ၊ ၃။ ၃၁–၂။
  အံ၊ ဋ္ဌ၊ ၃။ ၂၇–၈။
- အဂုံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ဒုတိယပဏ္ဏာသက၊ (၈)၃–ယောဓာ ဇီဝဝဂ္ဂ၊ ပဌမသုတ်။

အသုဘာနုပဿီ၊ အာဟာရေပဋိကူလသညီ၊ သဗ္ဗလောကေအနဘိရတသညီ၊ သဗ္ဗသင်္ခါရေသု အနိစ္စာနုပဿီ၊ မရဏသညာ အဇ္ဈတ္တာသူပဋ္ဌိတ ဖြစ်အောင် ပွားများအပ် ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော် စေတောဝိမုတ္တိ၊ စေတောဝိမုတ္တိဖလာနိသံသ၊ ပညာဝိမုတ္တိ၊ ပညာဝိမုတ္တိဖလာနိသံသဖြစ်ပုံ၊ စေတောဝိမုတ္တ, ပညာဝိမုတ္တ ရဟန်းကို ''ဥက္ခိတ္တာပလိဃ''''သံကိဏ္ဏ ပရိခ'' ''အဗ္ဘုဋ္ဌေသိက'' ''နိရဂ္ဂဠ'' ''အရိယ ပန္နဒ္ဓဇ, ပန္နဘာရ, ဝိသံယုတ္တ''ဟု ဆိုအပ်ပုံ အကျယ်ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ၌ နိဗ္ဗာန်ကိုအာရုံပြုလျှက် ဖလသမာပတ်ချမ်းသာဖြင့် နေသော ရဟန္တာပုဂ္ဂိုလ်ကို ဟောတော်မူပုံ၊ စောရနဂရ, ခေမနဂရ–ဥပမာဖြင့် ဖွင့်ပြတော်မူပါသည်။

♦ ဋ္ဌီကာ၌လည်း မှတ်သားဖွယ်ပုဒ်တို့ကို ဖွင့်ပြထားပါသည်။

- အံ၊ ၂။ ၇၅–၆။ အံ၊ မြန်၊ ၂။ ၉၂–၃။ အံ၊ ဌ၊ ၃။ ၃၂။
- အဂုံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ဒုတိယပဏ္ဏာသက၊ (၈)၃–ယောဓာဇီဝဝဂ္ဂ၊ ဒုတိယသုတ်။

အနိစ္စသညာ၊ အနိစ္စေဒုက္ခသညာ၊ ဒုက္ခေအနတ္တသညာ၊ ပဟာနသညာ၊ ဝိရာဂသညာဟူသော တရားငါးပါးကို အထက်ပါသုတ်အတိုင်း ရဟန်းတို့အား ဘုရားရှင် အကျယ်အားဖြင့် ဟောတော်မူသည်သုတ်။

❖ ❖ ❖

စေလသုတ္တ

- သံ၊ ၃။ ၃၈၅။ သံ၊ မြန်၊ ၃။ ၃၉၁-၂။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂-သစ္စသံယုတ္တ၊ ၄-သီသပါနဝဂ္ဂ၊ စတုတ္ထသုတ်။

ပုဆိုးမီးလောင်, ခေါင်းမီးလောင်လည်း ငြိမ်းအောင်းပြုရေး မပြုသေးပဲ အရိယသစ္စာလေးပါးတို့ကို အမှန်အတိုင်းသိမြင်အောင် အလွန်အကဲ ပြင်းပြင်းထန်ထန် ဆန္ဒ, ဝီရိယ, ဉဿာဟ, ဉဿောဠှိ, အပ္ပဋိဝါနိ, သတိ, သမ္မဇ္ဇ တို့ကို ပြုလုပ်အားထုတ်ရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့် သုတ်။

❖ ❖ ❖

စောဒနာသုတ္တ

- အံ၊ ၂။ ၁၇၂-၅။ အံ၊ မြန်၊ ၂။ ၂၁၈-၂၂၃။ အံ၊ ဌ၊ ၃။ ၅၉-၆၀။ အံ၊ ဋီ၊ ၃။ ၅၂။
- အဂ္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ စတုတ္ထပဏ္ဏာသက(၁၇)။ ၂-အာဃာတဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့အား စောဒကပုဂ္ဂိုလ်၏ စောဒနာရမည့် အချက်ငါးချက်၊ စောဒကမပြုသင့်သည့် အချက်ငါးမျိုးဖြင့် စောဒနာခံရသောကြောင့် ဒေါသအမျက်ထွက်နေသော စုဒိတကပုဂ္ဂိုလ်၊ အဝမ္မစုဒိတကပုဂ္ဂိုလ်အား စိတ်သက်သာမှုရအောင်(ပြောဆို)ဖြစ်စေရုံ၊ အဝမ္မစောဒကပုဂ္ဂိုလ်အား 'အခြားရဟန်းအား မဟုတ်မမှန်ပဲ စောဒကမှု မပြုထိုက်ပုံကို သိရှိအောင်' ထိုရဟန်း၏ အဝမ္မစောဒနာချက်များကို ထောက်ပြ၍ ပြောကြားပုံ၊ ဝမ္မိကစောဒနာချက်ကို အမျက်ထွက်နေသော စုဒိတကပုဂ္ဂိုလ်၊ ဝမ္မစုဒိတကရဟန်းအား မှန်ကန်သော စောဒနာချက်တို့ကို

ထောက်ပြ၍ ဒေါသအမျက်မထွက်ရန် ပြောကြားသင့်ပုံ၊ ''အခြားရဟန်းအား ဟုတ်မှန်သော အကြောင်းဝတ္ထုဖြင့် စောဒနာသင့်သည်ကို သိရှိစေရန်'' ဓမ္မိက စောဒနာရှင်အား စောဒနာသည့်အတွက် စိတ်မချမ်းသာမှုမဖြစ်စေရန် ပြောဆိုသင့်ပုံ၊ စုဒိတကပုဂ္ဂိုလ် ရပ်တည်ရမည့် တရား(၂)မျိုး၊ ထိုတရားနှစ်မျိုးဌ ရပ်တည်၍ဖြေရှင်းပုံ တို့ကို အရှင်သာရိပုတ္တရာထေရ်က အကျယ်တဝင့် မိန့်ကြားတော်မူပါသည်။

ဘုရားရှင်၏ မေးမြန်းတော်မူချက်အရ အရှင်သာရိပုတ္တရာက မိမိ၏စကားကို အလေးအမြတ်ထား၍ မနာယူမလိုက်နာကြသော ပုဂ္ဂိုလ်(၂၆)မျိုးကို လျှောက်ထားပါသည်။ ဘုရားရှင်က ထိုပုဂ္ဂိုလ် (၂၆)မျိုးကိုထား၍ မြင့်မြတ်သောပုဂ္ဂိုလ်(၂၆)မျိုးကို ပြောဆိုလော့၊ သဗြဟ္မစာရိပုဂ္ဂိုလ်တို့ကို 'အသဒ္ဓမ္မမှထစေ၍ သဒ္ဓမ္မ၌ တည်စေအံ့' ဟု နှလုံးသွင်း၍ သြဝါဒ, အနုသာသနီပြုလေလော့၊ သာရိပုတ္တရာ ဤသို့သာ ပြုကျင့်ရမည်ဟု ဘုရားရှင် မိန့်ကြားတော်မူသည်သုတ်။

♦ အဌကထာ၌ စောဒနာဝတ္ထုလေးမျိုး၊ စုဒိတကအား စောဒနာ ရမည့် အခါ၊ စောဒနာမှု မပြုသင့်ရာဌာန၊ စောဒနာခွင့်တောင်းရပုံ၊ စောဒနာခွင့်မပြုသော် လည်း စောဒနာရမည့်ပုဂ္ဂိုလ်၊ ဖွင့်သင့်သောပုဒ်တို့ကို ဖွင့်ဆိုထားပါသည်။

♦ ဋီကာ၌လည်း အဌကထာပုဒ်တို့ကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

စောရသုတ္တ

– အံ၊ ၃။ ၁၅၃။ အံ၊ မြန်၊ ၃။ ၁၅၅–၆။ အံ၊ ဌ၊ ၃။ ၂၅၃။
– အဂ္ဂိတ္တရနိကာယ၊ အဌကနိပါတ၊ ဒုတိယပဏ္ဏာသက၊ (၉)၄–သတိဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကြာမြင့်စွာမတည် လျင်မြန်စွာ ပျက်စီးနိုင်သော ခိုးသူကြီး၏ လုပ်ဆောင်ချက်ရှစ်မျိုးနှင့် ကြာမြင့်စွာတည်တံ့ လျင်မြန်စွာ မပျက်စီးနိုင်သော

ခိုးသူကြီး၏ လုပ်ဆောင်ချက်ရှစ်မျိုးစီတို့ကို ကဏ္ဍပက္ခ သုဏ္ဏပက္ခဒေသနာတော်ဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ၌ ခိုးသူကြီးအမျိုးအစားနှင့်တကွ မဟုတ်ခတ်ကောင်းသော ပုဂ္ဂိုလ်များ၊ ဗျတ္တစောရကျင့်ဝတ်၊ အစ္စာသန္ဓ၊ နိဓါနကုသလပုဒ်တို့၏ မှတ်သား ဖွယ်ရာများကိုလည်း ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဆဆက္ကသုတ္တ

– မ၊ ၃။ ၃၂၇–၃၃၅။ မ၊ မြန်၊ ၃။ ၃၃၂–၉။ မ၊ ဋ္ဌ၊ ၄။ ၂၄၅–၇။
  မ၊ ဋီ၊ ၃။ ၄၃၀–၃။
– မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၅–သဠာယတနဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အဇ္ဈတ္တိကာယတန(၆)ပါး၊ ဗဟိဒ္ဓါယတန(၆)ပါး၊ ဝိညာဏကာယ (၆)ပါး၊ ဖဿကာယ (၆)ပါး၊ ဝေဒနာကာယ (၆)ပါး၊ တဏှာကာယ (၆)ပါးဟူသော ဆဆက္ကတရားတို့၏သရုပ်(အမျိုးအစား)များ ဆဆက္ကတရားတို့ ဖြစ်နေပုံ၊ အနတ္တ ဖြစ်ပုံ၊ ဆဆက္ကတရားတို့၌ တဏှာ, မာန, ဒိဋ္ဌိဖြစ်ခြင်းဟူသော သက္ကာယသမုဒယ ဂါမိနီပဋိပဒါဖြစ်ပုံ၊ သက္ကာယနိရောဓဂါမိနီပဋိပဒါဖြစ်အောင် ရှုမှတ်ပုံ၊ အနုသယသုံးပါး မဖြစ်အောင် သိမြင်ပုံ၊ နိဗ္ဗိဒါဉာဏ်၊ ဝိရာဂဉာဏ်၊ အရဟတ္တမဂ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တို့ဖြစ်ပုံကို ရဟန်းတို့အား ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

ဤသုတ်တော်၏အဆုံး၌ ရဟန်းတော်(၆)ကျိပ် ရဟန္တာဖြစ်ပုံကို ပြဆိုထားပါသည်။

♦ အဌကထာ၌ ဤသုတ္တန်နှင့်ဆက်စပ်၍ မှတ်သားဖွယ်များ၊ သစ္စာ(၄)ပါး၊ ဝဋ္ဋကထာ၊ ဝိဝဋ္ဋကထာများ ခွဲခြားပုံ၊ ဤသုတ္တန်ကို ဟောတော်မူရာဌာနများ၌

ရဟန္တာ(၆)ကိုပ်စီ ရဟန္တာဖြစ်ပုံနှင့် ဌာနများ တိပိဋကစူဠနာဂထေရ် ဟောတော်မူရာ၌ ရဟန်းတော်(၁၀၀၀)နှင့် လူပရိသတ်၊ နတ်ပရိသတ်တို့ ကျွတ်တမ်းဝင်ကြပုံတို့ကို ပြဆိုထားပါသည်။ .

♦ ဋ္ဌိကာ၌လည်း သိမှတ်ဖွယ်ရာများကိုဖွင့်ပြထားပါသည်။

❖ ❖ ❖

ဆဋ္ဌသုတ္တ

– အံ၊ ၃။ ၄၅၁။ အံ၊ မြန်၊ ၃။ ၄၄၃။
– အဂ်ုတ္တရနိကာယ၊ ဒသကနိပါတ၊ ၃–တတိယပဏ္ဏာသက၊
(၁၃) ၃– ပရိသုဒ္ဓဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်သာသနာတော်မှ အခြားသာသနာတို့၌ မရှိသော ဘာဝိတ, ဗဟုလီကတဖြစ်လျှင် မဖြစ်သေးသော ကုသိုလ်တရားတို့ ဖြစ်နိုင်သော သမ္မာဒိဋ္ဌိ အစရှိသော တရားဆယ်ပါးတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဆန္ဒသုတ္တ

– သံ၊ ၃။ ၁၅၈–၉။ သံ၊ မြန်၊ ၃။ ၁၆၄။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၃–သတိပဋ္ဌာနသံယုတ္တ၊
၄–အနနုသုတဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အာတာပီ, သမ္မဇာန, သတိမာတို့ဖြင့် အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ သတိပဋ္ဌာန်တရားကို ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်သည် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့၌ အလိုဆန္ဒ ကင်းပျောက်၍ အမြိုက်နိဗ္ဗာန်ကို မျှော်မှော်ပြု

နိုင်ငါ၏ဟု သတိပဋ္ဌာန် (၁)ပါးစီ ပွားများပုံကို ရဟန်းတို့အား ဘုရားရှင် ဟောကြား တော်မူသည်သုတ်။

❖ ❖ ❖

ဆန္ဒပဟာနသုတ္တ (၂)

– သံ၊ ၂။ ၁၃၁။ သံ၊ မြန်၊ ၂။ ၁၂၂။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊ (၁၁)၁–အနတ္တဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ခန္ဓာငါးပါး၌ ဆန္ဒ, ရာဂ, နန္ဒီ, တဏှာကို ပယ်စွန့် (နိုင်အောင်အားထုတ်)ကြ၊ ဤသို့ ပယ်စွန့်နိုင်သည်ရှိသော် ထိုခန္ဓာငါးပါးကို ဥစ္ဆိန္နမူလ တာလာဝတ္ထုကတ အနဘာဝံကတ အာယတိ အနုပ္ပါဒဓမ္မဖြစ်အောင် ပယ်စွန့်နိုင်မှ ဖြစ်လိမ့်မည်ဟု ခန္ဓာတစ်ပါးစီ တစ်ပါးစီကို ရဟန်းတော်တို့အား ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

– သံ၊ ၂။ ၁၃၁–၂။ သံ၊ မြန်၊ ၂၊ ၁၂၂–၃။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊ (၁၁)၁–အနတ္တဝဂ္ဂ၊ ဒသမသုတ်။

အထက်သုတ်တော်အတိုင်း ဆန္ဒ ရာဂ နန္ဒီ ဥပယုပါဒါန–စေတသော အဓိဋ္ဌာနာဘိနိဝေသာနုသယကို ပယ်စွန့်နိုင်အောင် အားထုတ်ရမည်ဟု ရဟန်းတော် တို့အား ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

❖ ❖ ❖

ဆန္ဒရာဂသုတ္တ (၂)

– သံ၊ ၂။ ၂၃။ သံ၊ မြန်၊ ၂။ ၂၂။ သံ၊ ဌ၊ ၂။ ၂၂၄။ သံ၊ ဋီ၊ ၂။ ၂၁၅။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊ ၃–ဘာရဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင်ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူစဉ် ခန္ဓာငါးပါး၌ ဆန္ဒ ရာဂကို ပယ်စွန့်(နိုင်အောင် အားထုတ်)ကြကုန်လော့။ ဤသို့ ဆန္ဒရာဂကို ပယ်စွန့်နိုင်သည်ရှိသော် ထိုခန္ဓာငါးပါးကို ဥစ္စိန္ဒမူလ တာလာဝတ္ထုကတ အနဘာဝံကတ အာယတိအနုပ္ပါဒဝမ္မဖြစ်အောင် ပယ်စွန့်ပြီးဖြစ်လတ္တံ့ဟု ခန္ဓာတစ်ပါးစီ တစ်ပါးစီကို ရဟန်းတော်တို့အား ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

– သံ၊ ၂။ ၁၅၅–၈။ သံ၊ မြန်၊ ၂။ ၁၄၉–၁၅၀။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၂–ရာဓသံယုတ္တ၊ ၁–ပဌမဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အထက်ပါ ဆန္ဒပွဟာနသုတ်တော်အတိုင်း ခန္ဓာငါးပါးတို့၌ ဆန္ဒ ရာဂ နန္ဒီ တဏှာကို ပယ်စွန့်ရန် အရှင်ရာဓထေရ်အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဆန္ဒသမာဓိသုတ္တ

– သံ၊ ၃။ ၂၃၄–၅။ သံ၊ မြန်၊ ၃။ ၂၃၅–၈။ သံ၊ ဋ္ဌ၊ ၃။ ၂၈၆–၈။
  သံ၊ ဋီ၊ ၂။ ၅၁၀–၃။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၅–ဣဒ္ဓိပါဒသံယုတ္တ၊ ၂–ပါသာဒ
  ကမ္မနဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သမ္မပ္ပဓာန်ကိစ္စကို ပြီးစီးစေနိုင်သော ဣဒ္ဓိနှင့် ဣဒ္ဓိပါဒဝမ္မတို့ကို ရဟန်းတို့အား အသီးသီးဝေဖန်၍ ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ မှတ်သားဖွယ် အဓိပ္ပါယ်များကို အကျယ်ဖွင့်ပြတော်မူထားပါသည်။

❖ ❖ ❖

တိုင်ရှက သုတ္တသူစီ ဝိဘာဝိနီ

ဆန္ဒသုတ္တ (၃)

- သံ၊ ၂။ ၁၀၈-၁၁၀။ သံ၊ မြန်၊ ၂။ ၁၀၁-၃။ သံ၊ ဌ၊ ၂။ ၂၉၁-၂။ သံ၊ ဋီ၊ ၂။ ၂၄၈။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁-ခန္ဓသံယုတ္တ၊ (၉)၄-ထေရဝဂ္ဂ၊ အဋ္ဌမသုတ်။

အရှင်ဆန္ဒထေရ်၏ တရားဟောဆုံးမ ကံမြစ်ရန် လျှောက်ထားချက်အရ ကာသိနိုင်ငံ ဗာရာဏသီမြို့တော်၏အနီး ဂ္ဂသိပတနမိဂဒါ ဝုန်တော၌ အရှင်ဆန္ဒမထေရ်အား မထေရ်ကြီးများက အနိစ္စသဘာဝ အနတ္တသဘာဝရှိသော ခန္ဓာငါးပါးတရားတော်ကို ဟောတော်မူကြပုံ၊ ဝံသနိုင်ငံ ကောသမ္မီမြို့တော်သို့သွား၍ လျှောက်ထားသဖြင့် အရှင်အာနန္ဒာမထေရ်က ကစ္စာနသုတ္တ (သံ၊၁။၂၅၅ဂ။) ဒေသနာတော်ကို ဟောတော်မူပုံ အရှင်ဆန္ဒထေရ် တရားသိမြင်ပုံကို ပြဆိုသည့် သုတ်။

♦ အဋ္ဌကထာ၌ အရှင်ဆန္ဒထေရ်အကြောင်းနှင့် ဋီကာ၌လည်း သိမှတ်ဖွယ်ရာ ဖွင့်ဆိုထားပါသည်။

- သံ၊ ၂။ ၂၈၁-၄။ သံ၊ မြန်၊ ၂။ ၂၇၄-၇။ သံ၊ ဌ၊ ၃။ ၁၈-၁၉။ သံ၊ ဋီ၊ ၂။ ၂၉၅-၇။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁-သဠာယတနသံယုတ္တ၊ စတုတ္ထသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဂိဇ္ဈကူဋ်တောင်ကျောင်းတော်၌ သီတင်းသုံး နေသော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာစုန္ဒထေရ်တို့က ဂိလာနဖြစ် (မရဏန္တိကဒုက္ခဝေဒနာ ပြင်းထန်စွာခံ)နေရသော အရှင်ဆန္ဒမထေရ်အား အာယတန(၆)ပါး၊ ဝိညာဏ်(၆)ပါး၊ ဝိညာတဗ္ဗဝမ္မတို့၌ တဏှာ, မာန, ဒိဋ္ဌတို့ဖြင့် စွဲယူပါသေးသလောဟု မေးလျှောက်

ကြရာ အရှင်ဆန္ဒမထေရ်က မယူပါကြောင်းနှင့် မယူခြင်း၏အကြောင်းတို့ကို လျှောက်ထားသည်သုတ်။

ဤသုတ်၌ အရှင်ဆန္ဒမထေရ်က ဝေဒနာပြင်းထန်စွာ ခံစား နေခြင်းနှင့် ဆက်စပ်နေသော ဥပမာနှစ်မျိုးတို့ဖြင့် ပြန်လည်လျှောက်ထားပုံ၊ ခါးဖြင့် လည်ပင်းကို လိုးဖြတ်တော့မည်ဟု လျှောက်ထားပုံ၊ အရှင်သာရိပုတ္တရာပေါရ်က တားမြစ်ခဲ့ပုံ၊ အရှင်ဆန္ဒထေရ်၏ဂတိကို မေးလျှောက်သဖြင့် ဘုရားရှင်က အရှင်ဆန္ဒထေရ် ပရိနိဗ္ဗာန်ပြုသွားပုံကို မိန့်ကြားတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ ဖွားဖက်တော်ဆန္ဒထေရ်နှင့် အမည်တူဆန္ဒ ဖြစ်ကြောင်းနှင့် သိမှတ်ဖွယ်ရာများကို ဖွင့်ဆိုထားပါသည်။ ဋီကာ၌လည်း ဖွင့်ဆိုထားပါသည်။

– အံ၊ ၁။ ၂၁၆–၈။ အံ၊ မြန်၊ ၁။ ၂၃၃–၅။ အံ၊ ဌ၊ ၂။ ၂၀၀–၁။ အံ၊ ဋီ၊ ၂။ ၁၈၀။

– အဂ္ဂုတ္တရနိကာယ၊ တိကနိပါတ၊ ဒုတိယပဏ္ဏာသက၊ (၈)၃–အာနန္ဒဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆန္ဒပရိဗိုဇ်က မေးလျှောက်သဖြင့် ရာဂ ဒေါသ မောဟ လွှမ်းမိုးမှုကို ခံနေရသူနှင့် ယင်းတရားတို့ကို ပယ်နိုင်သူ ပယ်ပြီးသူတို့ ရရှိခံစားနိုင်သည့် အကျိုး၊ ယင်းတရားတို့၏သဘာဝ၊ ယင်းတရားတို့ကို ပယ်ဖျောက်ဖျက်ဆီးနိုင်သည့် မဂ္ဂနှင့်ပဋိပဒါတို့ကို တစ်ပါးစီ တစ်ပါးစီ ဆန္ဒပရိဗိုဇ်အား အရှင်အာနန္ဒာ ဟောကြားတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ ပညာနိရောဓိကောဟ၌ ပညာသုံးမျိုးနှင့်တကွ သိမှတ်ဖွယ် အကြောင်းအရာတို့ကို ဖွင့်ဆိုထားပါသည်။ ဋီကာ၌လည်း သိမှတ်ဖွယ်ရာများကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

ဆနောဝါဒသုတ္တ

- မ၊ ၃။ ၃၀၇–၃၁၁။ မ၊ မြန်၊ ၃။ ၃၁၁–၅။ မ၊ ဋ္ဌ၊ ၄။ ၂၃၂–၃။ မ၊ ဋီ၊ ၃။ ၄၂၀–၂။
- မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၅–သဠာယတနဝဂ္ဂ၊ ဒုတိယသုတ်။ (သံ၊ ၂။ ၂၈၁–၄) သုတ်တော်နှင့် လုံးဝတူပါသည်။

ဆဠာယတနသုတ္တ

- သံ၊ ၂။ ၄၀၁–၃။ သံ၊ မြန်၊ ၂။ ၃၉ဖ–၈။ သံ၊ ဋ္ဌ၊ ၃။ ၁၁၀–၂။ သံ၊ ဋီ၊ ၂။ ၃၄၇–၃၅၀။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂ၊ ၁–သဠာယတနသံယုတ္တ၊ (၁၉)၄–အာသီဝိသဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မြှားမြက်တောသို့ဝင်ရောက်သော ကိုယ်လုံးပြည့်အနာများ မှည့်ရင့်သောသူ၏ ဆူးစူးခြင်း, မြှားမြက်ရွက်တို့ဖြင့် ခြစ်မိခြင်း ကြောင့် အတိုင်းထက်အလွန် ဒုက္ခ, ဒေါမနဿဝေဒနာကို ခံစားရသကဲ့သို့ ရှာသို့သွားသော တောသို့သွားသော ဒုဿီလပုဂ္ဂိုလ်၏ "မိမိ၏အပြုအမူ၊ အကျင့်စာရိတ္တ၊ အသုစိဂါမကဏ္ဍက (ရှာသူရှာသားတို့၏ အော့နှလုံးနာ) ဖြစ်ခြင်း"တို့ဖြင့် သီတင်းသုံးဖော်တို့၏ စွပ်စွဲပြစ်တင်ခံရပုံကိုလည်းကောင်း၊ နေရာအရပ်ဌာနမတူ, ကျက်စားရာမတူကြသော မြွေ၊ မိကျောင်း၊ ငှက်ဆင်၊ ခွေး၊ မြေခွေး၊ မျောက်–ဟူသော သတ္တဝါ (၆)ကောင်တို့ကို ဖမ်းယူပြီး ကြိုးဖြင့် ခိုင်မြဲဖွဲ့တုပ် ချီနှောင်ထားရာ၌ အားကောင်းသော သတ္တဝါနောက်သို့ ကျန်သတ္တဝါများလိုက်ရသကဲ့သို့ ကာယဂတာသတိကို မပွားများ၊ ကြိမ်ဖန်များစွာ အလေ့အလာမပြုသောပုဂ္ဂိုလ် အဒ္ဓတ္တိကာယတန(၆)ပါးတိုတွင် တစ်ပါးပါးသည် မနာပိယဗဟိဒ္ဓါယတနတို့၌ အာဝဋ္ဋနဖြစ်ပြီး အမနာပိယဗဟိဒ္ဓါယတနတို့၌ ပဋိကူလဖြစ်ခြင်း၊ အသံဝရကထာကိုလည်းကောင်း (စေတောဝိမုတ္တိ၊ ပညာ

ဝိမုတ္တိကို မှန်ကန်စွာ မသိနိုင်ခြင်း) ယင်းသတ္တဝါ(၆)ကောင်တို့ကို ၎တ်တိုင်တို့၌ ဖွဲ့ချီထားလျှင် ပင်ပန်းကြသည့်အခါ ၎တ်တိုင်၏ အနီးအနား၌ ကပ်ရောက်တည်နေ, ရပ်နေ, အိပ်နေရာသက့ဲသို့၊ ကာယဂတာသတိကို ပွားများအပ်၊ ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သည်ရှိသော် မနာပိယ ဗဟိဒ္ဓါယတနတို့၌ အာဝိဋ္ဌနမဖြစ်၊ အမနာပိယဗဟိဒ္ဓါယတနတို့၌ ပဋိကူလမဖြစ်တော့ပဲ စေတောဝိမုတ္တိ ပညာဝိမုတ္တိကို မှန်ကန်စွာ သိမြင်နိုင်သော သံဝရကထာကိုလည်းကောင်း၊ ကာယဂတာသတိကို ဘာဝိတ, ဗဟုလီကတ, ယာနီကတ, ဝတ္ထုကတ အနုဋ္ဌိတ ပရိစိတ သုသမာရဒ္ဓ ဖြစ်အောင် ကျင့်ကြံပွားများ အားထုတ်ရမည်ဟု ရဟန်းတို့အား ဘုရားရှင်ဟော တော်မူသည့်သုတ်။

♦ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ ယင်းသတ္တဝါခြောက်ကောင်၏ သဘာဝနှင့် အဖျက်တို့ကာယတနတို့တူညီပုံ သိမှတ်ဖွယ်ရာ အကြောင်းအရာတို့ကို ပြည့်ပြည့်စုံစုံ ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဆဖဿာယတနသုတ္တ (၄)

– သံ၊ ၁။ ၁၁၄–၅။ သံ၊ မြန်၊ ၁။ ၁၁၁။ သံ၊ ဌ၊ ၁။ ၁၆၃–၄။ သံ၊ ဋီ၊ ၁။ ၂၁၁။

– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၄–မာရသံယုတ္တ၊ ဒုတိယဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် ဝဇ္ဇီနိုင်ငံ ဝေသာလီမြို့တော်အနီး မဟာဝုန်တော ကူဋာဂါရ သာလာကျောင်းတော်၌ ဆဖဿာယတန ဓမ္မကထာဖြင့် ရဟန်းတို့အား သိမြင်အောင်ပြသ, ဆောက်တည်, ထက်သန်, ရှင်လန်းစေတော်မူနေသည်ကို မာရ်နတ် သိမြင်သဖြင့် ရဟန်းတို့၏ ပညာစက္ခုပျက်စီးစေရန် အနီးအနားသို့ ရောက်လာပြီး ပြင်းထန်သော မိုးခြိမ်းသံဖြစ်အောင် ပြုလုပ်လေသည်။ ရဟန်းတပါးက အခြား ရဟန်းတစ်ပါးကို 'မြေကြီးပြိုသည် ထင်၏'ဟုပြောဆိုသည့်အခါ ဘုရားရှင်က

''သင်တို့ ပညာစက္ခုပျက်စီးစေရန် မာရ်နတ်နှောက်ယှက်သည့်အသံ'' ဖြစ်ကြောင်း မိန့်ကြားတော်မူပြီး မာရ်နတ်အား ''ရူပါ–သဒ္ဒါ'' အစရှိသော နှစ်ဂါထာဖြင့် မိန့်ကြားတော်မူပုံ၊ မာရ်နတ်စိတ်ပျက် ပြန်သွားပုံကို မိန့်ကြားတော်မူသည့်သုတ်။

– သံ၊ ၂။ ၂၆၉–၂၇၀။ သံ၊ မြန်၊ ၂။ ၂၆၂။ သံ၊ ဌ၊ ၃။ ၁၅။
  သံ၊ ဋ္ဌ၊ ၂။ ၂၉၃။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ သဠာယတနသံယုတ္တ၊ (၇) ၂–မိဂဇာလဝဂ္ဂ၊ နဝမသုတ်။

ဖဿာယတန(၆)ပါးတို့၏ သမุဒယ, အတ္ထင်္ဂမ, အဿာဒ, အာဒီနဝ, နိဿရဏကိုမှန်ကန်စွာ မသိသောရဟန်းသည် ဗြဟ္မစရိယကို မကျင့်သုံးရသေး။ ထိုရဟန်းသည် ဤဝမ္မဝိနယသာသနာတော်မှ အဝေးကြီး ဝေးကွာသူပေတည်းဟု ဘုရားရှင်က မိန့်ကြားတော်မူသည့်အခါ အညတရရဟန်းက မိမိသည် ဤသာသနာတော်၌ ပျက်စီးသူဖြစ်ပါကြောင်း၊ ဖဿာယတနခြောက်ပါးတို့၏ သမุဒယ အစရှိသည်ကို မသိပါကြောင်း လျှောက်ထားပါသည်။

ဘုရားရှင်က ဖဿာယတနခြောက်ပါးတို့တွင် တစ်ပါးစီကို ထုတ်ပြ၍ ယင်းကို တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် မရှုမြင်သောရဟန်းသည် ဖဿာယတနခြောက်ပါးကို မှန်ကန်စွာ ဝိပဿနာပညာ, မဂ်ပညာဖြင့် ကောင်းမွန်စွာသိမြင်သူ ဖြစ်ကြောင်း၊ ဤသို့သိမြင်သည်ရှိသော် သင်သည်ဒုက္ခ၏ ကုန်ဆုံးရာနိဗ္ဗာန်ပေတည်းဟု ဖဿာယတန တစ်ပါးစီကို ထုတ်ပြ၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဌကထာ၊ ဋီကာတို့၌လည်း ဖွင့်ဆိုချက်များရှိပါသည်။

– သံ၊ ၂။ ၂၇၀။ သံ၊ မြန်၊ ၂။ ၂၆၃။ သံ၊ ဌ၊ ၃။ ၁၅။ သံ၊ ဋ္ဌ၊ ၂။ ၂၉၄။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ သဠာယတနသံယုတ္တ၊ (၇)၂–မိဂဇာလဝဂ္ဂ၊ ဒသမသုတ်။

အထက်ပါ သုတ်တော်အတိုင်း မိန့်ကြားတော်မူပြီး ဖဿာယတန ခြောက်ပါးကို တဏှာ, မာန, ဒိट्ठိတို့ဖြင့် မရှုမြင်သူသည် ဖဿာယတနခြောက်ပါး ကို နောက်ထပ်တဖန်မဖြစ်အောင် ပယ်ပြီးသူဖြစ်လတ္တံ့ဟု အညတရရဟန်းအား ဘုရားရှင် ဟောတော်မူသည့်သုတ်။

- သံ၊ ၂။၂ရာ။ သံ၊မြန်၊ ၂။၂၆၃-၄။ သံ၊ဌ၊ ၃။၁၆။ သံ၊ဋ္ဌ၊ ၂။၂၉၄။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ သဠာယတနသံယုတ္တ၊ (ရ)၂-မိဂဇာလဝဂ္ဂ၊ ကောဒသမသုတ်။

အထက်သုတ်တော်အတိုင်း ဘုရားရှင်၏ မိန့်ကြားတော်မူချက်ကို အညတရရဟန်း လျှောက်ထားသည့်အခါ ဖဿာယတနခြောက်ပါးကို အနတ္တ လက္ခဏာသုတ်တော် ဒေသနာနည်းဖြင့် အရဟတ္တဖိုလ်ဆိုက်အောင် အညတရ ရဟန်းအား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

ဆဗ္ဗိသောဓနသုတ္တ

- မ၊ ၃။ ၇၉-၈၆။ မ၊ မြန်၊ ၃။ ၈၃-၉၀။ မ၊ ဌ၊ ၄။ ၆၂-၇။
  မ၊ ဋ္ဌ၊ ၃။ ၂၈၁-၆။
- မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၂-အနုပဒဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ "ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာမိ"ဟု အရဟတ္တဖိုလ်၏ ဂုဏ်ကျေးဇူးလေးမျိုးဖြင့် ပြောဆိုလာသော ရဟန်းကို (၁) တထာဂတဝေါဟာရ လေးမျိုး၊ (၂) ဥပါဒါနက္ခန္ဓာငါးပါး၊ (၃) ဓာတ်(၆)ပါး၊ (၄) အဇ္ဈတ္တိက ဗာဟိရာယတန(၆)ပါး၊ ၅/၆ အတ္တပရ သဝိညာ ဏကကာယ ဗဟိဒ္ဓသဗ္ဗနိမိတ္တတို့၌ အဟင်္ကာရ, မမင်္ကာရ, မာနာနုသယ သမူ ဟတ-ဟူသော မေးမြန်းစိစစ် ချက်(၆)မျိုးတို့ဖြင့် မေးမြန်းစိစစ်၍ မှန်ကန်စွာ

ဖြေဆိုနိုင်မှ ဝမ်းမြောက်ဝမ်းသာ ရဟန္တာဟု လက်ခံသင့်ပုံကို ရဟန်းတို့အား ဘုရားရှင် အကျယ်ဟောကြားတော်မူသည်သုတ်။

ခီဏာသဝ၊ ဝုသိတဝန္တ၊ ကတကရဏီယ၊ သြဟိတဘာရ၊ အနုပ္ပတ္တသဒတ္ထ၊ ပရိက္ခီဏဘဝသံယောဇန၊ သမ္မဒညာဝိမုတ္တ တို့သည် ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ပုဒ်များ ဖြစ်ပါသည်။ ဤသုတ်သည် ရဟန္တာ ဟုတ်, မဟုတ် စိစစ်သည့်သုတ်ဖြစ်ပါသည်။

♦ အဌကထာ၊ ဋီကာတို့၌ ရဟန္တာဟုတ်,မဟုတ် စိစစ်သော အခြားနည်းများနှင့် ပါဠိတော်လာ သိသင့်သောပုဒ်တို့၏ အဓိပ္ပါယ်များကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဆဝိလာတသုတ္တ

- အံ၊ ၁။ ၄၀၇–၈။ အံ၊ မြန်၊ ၁။ ၄၂၁–၂။ အံ၊ ဌ၊ ၂။ ၃၂၅–၆။ အံ၊ ဋီ၊ ၂။ ၃၂၀။
- အဂ်ုတ္တရနိကာယ၊ စတုက္ကနိပါတ၊ ဒုတိယပဏ္ဏာသက၊ (၁၀)၅–အသုရဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ မိမိအကျိုးစီးပွား များရန်လည်းမကျင့် သူတစ်ပါးအကျိုးစီးပွား များရန်လည်း မကျင့်သောပုဂ္ဂိုလ်သည် ရွာ၌ဖြစ်စေ၊ တော၌ဖြစ်စေ သစ်သားကိစ္စ၌ အသုံးမပြုရသော အစနှစ်ဖက်၌ မီးစွဲလောင်ထား၍ အလယ်၌ မစင်လိမ်းကျံပေနေသော လူသေကောင်ကို မီးရှို့ရာ၌ အသုံးပြုသော ထင်းမီးစနှင့်တူသောပုဂ္ဂိုလ်ဟု လည်ကောင်း၊ သူတစ်ပါးအကျိုးစီးပွားကိုသာ ပြုကျင့်ပြီး မိမိ၏အကျိုးစီးပွားကို မပြုကျင့်သောပုဂ္ဂိုလ်ကို အမှတ်(၁) ပုဂ္ဂိုလ်ထက် အဘိက္ကန္တတရ၊ ပဏီတတရ ဖြစ်၏ဟု လည်းကောင်း၊ မိမိ၏အကျိုးစီးပွားကိုသာ ပြုကျင့်၍ သူတစ်ပါးတို့၏အကျိုးစီးပွားကို မပြုကျင့်သောပုဂ္ဂိုလ်သည် အမှတ်(၁၊ ၂)ပုဂ္ဂိုလ်တို့ထက် အဘိက္ကန္တတရ၊ ပဏီတတရဖြစ်၏ဟုလည်းကောင်း၊ မိမိသူတစ်ပါးနှစ်ဦးလုံး အကျိုးစီးပွားကို ပြုကျင့်သူ

သည် ရှေ့ပုဂ္ဂိုလ်(၃)ဦးတို့ထက် အဂ္ဂ, သေဋ္ဌ, ပါမောက္ခ, ဥတ္တမ, ပဝရဖြစ်သူ၊ နွားနို့အရသာ(၅)မျိုးတို့တွင် ထောပတ်ကြည်နှင့် တူသောပုဂ္ဂိုလ်ဟု ၄င်းပုဂ္ဂိုလ် လေးမျိုးကို ဝေဖန်၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ ဆဝါလာတူပမပုဂ္ဂိုလ်သည် ဒုဿီလပုဂ္ဂိုလ်မဟုတ် အပ္ပသုတ, ဝိဿဋ္ဌကမ္မန္တ ဂေါဏသဒိသပုဂ္ဂိုလ်ကို ဟောတော်မူကြောင်း ဖွင့်ပြထား ပါသည်။

❖ ❖ ❖

ဆဝိသုတ္တ

– သံ၊ ၁။ ၄၃၃။ သံ၊ မြန်၊ ၁။ ၄၂၂။ သံ၊ ဋ္ဌ၊ ၂။ ၁၉၄။ သံ၊ ဋီ၊ ၂။ ၁၇၇။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၆–လာဘသက္ကာရသံယုတ္တ၊ တတိယဝဂ္ဂ၊ အဋ္ဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် လာဘ, သက္ကာရ, သိလောကသည် အရေပါး, အရေထူ, အသား, အကြော, အရိုးတို့ကို အဆင့်ဆင့် ဖြတ်တောက်၍ ရိုးတွင်းခြင်ဆီ ထိအောင် တည်နေ၏။ လာဘ သက္ကာရ သိလောကသည် သို့ကလောက် ကြမ်းကြုတ်လှ၏။ ထို့ကြောင့် ''ဖြစ်ပေါ်ပြီးသော လာဘ သက္ကာရ သိလောကကို ပယ်စွန့်တော့အုံ၊ မဖြစ်ပေါ်သေးသော လာဘ သက္ကာရ သိလောကသည် ကုသိုလ်စိတ်ကိုကုန်စေ၍ မတည်စေနိုင်လိမ့်အုံ'' ဟု ဤသို့သာ သင်တို့ ကျင့်သုံးကြ ရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ လာဘ သက္ကာရ သိလောကသည် ငရဲအစရှိသည် တို့၌ ကျရောက်စေပြီး အတ္တဘောတစ်ခုလုံးကို ပျက်စီးစေနိုင်၊ ဤဘဝ၌လည်း မရဏ, မရဏမတ္တ ဒုက္ခသို့ရောက်အောင် ပို့ဆောင်နိုင်ပုံကို ဖွင့်ပြထားပါသည်။ ဋီကာ၌လည်း ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

ဆဋ္ဌဂ်ဒါနသုတ္တ

- အံ၊ ၂။ ၂၉၅-၆။ အံ၊ မြန်၊ ၂။ ၃၇၉-၃၈၁။ အံ၊ ဋ္ဌ၊ ၃။ ၁၀၇-၈။
- အဂုံတ္တရနိကာယ၊ ဆက္ကနိပါတ၊ ပဌမပဏ္ဏာသက၊ ၄-ဒေဝတာဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဝေဠုကဏ္ဍကီမြို့သူ နန္ဒမာတာ ဥပါသိကာ၏ အဂ္ဂသာဝကနှစ်ပါးအမှူးရှိသော ဘိက္ခုသံဃာတော်အား ဆဋ္ဌဂ်သမန္နာဂတ အလှူပွဲကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်သိတော်မူခြင်းကြောင့် ဆဋ္ဌဂ်သမန္နာဂတဖြစ်ပုံ၊ ယင်းအလှူ၏အကျိုးကို မဟာသမုဒ္ဒရာရှိ ရေဥပမာဖြင့် အသချေ်ယျ, အပွမေယျ, မဟာပုညက္ခန္ဓဖြစ်ပုံကို အကျယ်တဝင့် ရဟန်းတို့အား ဘုရားရှင် စုဏ္ဏိယ-ပါဠိဂါထာတို့ဖြင့် ဟောကြားတော်မူသည်သုတ်။

♦ အဌကထာ၌ စေတနာသုံးတန်၏ နယ်ပယ်ပမာဏ၊ ဆဋ္ဌဂ်သမန္နာဂတဖြစ်ပုံ အစရှိသော မှတ်သားဖွယ်ရာတို့ကို ပြည့်ပြည့်စုံစုံ ဖွင့်ဆိုပြထားပါသည်။ (မြန်မာပြန်နှင့် အဌကထာတို့၌ ဒါနသုတ်ဟုသာ ပြဆိုထားပါသည်။)

ဆဠာဘိဇာတိသုတ္တ

- အံ၊ ၂။ ၃၃၆-၃၄၀။ အံ၊ မြန်၊ ၂။ ၄၂၇-၄၃၁။ အံ၊ ဋ္ဌ၊ ၃။ ၁၂၆-ရ။ အံ၊ ဋီ၊ ၃။၁၂၂-၄။
- အဂုံတ္တရနိကာယ၊ ဆက္ကနိပါတ၊ ဒုတိယပဏ္ဏာသက၊ ၆-မဟာဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့, ဂိဇ္ဈကူဋ်တောင်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပုရာဏကဿပဆရာကြီး ပညတ်အပ်သော အမျိုးဇာတ်(၆)မျိုးနှင့်စပ်၍ သက်ရှိလောက၌ရှိနေသော သတ္တဝါတို့၏ အမျိုးဇာတ်(၆)မျိုးနှင့် ယင်း

အမျိုးဇာတ်ရှိသူတို့၏ မည်းညစ်သောသဘောတရား, ဖြူစင်သောသဘော တရားကို ဖြစ်စေပုံ၊ မည်းညစ်, ဖြူစင်သည်လည်းမဟုတ်သော နိဗ္ဗာန်သို့ရောက်နိုင်ပုံတို့ကို အကျယ်တဝင့် ပြည့်ပြည့်စုံစုံ အရှင်အာနန္ဒာအား ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဌကထာ၌ ကုန်သည်သွားရင်း နွားသေရာ၌ လှည်းကုန်သည်၏ လုပ်တတ်သောသဘာဝနှင့် ပါဠိတော်ပုဒ်တို့ကို ဖွင့်ပြထားပါသည်။

♦ ဋီကာ၌လည်း ကဏ္ဍကဝုတ္တိက၊ ဗိလံသြလဂ္ဂေယျ၊ ကဏ္ဍဝမ္မ၊ အကဏ္ဍအသုဂ္ဂ နိဗ္ဗာနအစရှိသော မှတ်သားဖွယ်ရာများကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဆိုဂ္ဂဠယုဂသုတ္တ (၂)

– သံ၊ ၃။ ၃၉၇။ သံ၊ မြန်၊ ၃။ ၄၀၃။ သံ၊ ဌ၊ ၃။ ၃၃၃။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂–သစ္စကသံယုတ္တ၊ ၅–ပပါတဝဂ္ဂ၊ သတ္တမသုတ်။

မဟာသမုဒ္ဒရာ၌ လွှင့်ပစ်ထားသော အပေါက်တစ်ပေါက်သာရှိသော ထမ်းပိုးတုံး၏အပေါက်၌ အနှစ်တစ်ရာ၊ အနှစ်တစ်ရာမှ တစ်ခါပေါ်သော လိပ်ကန်း၏ လည်ပင်းစွပ်မှက စွပ်နိုင်သေး၏။ ပျက်စီး၍ အပါယ်လေးဘုံသို့ ကျရောက်သွားသောလူမိုက်၏ လူ့ဘဝသို့ ပြန်ရောက်နိုင်လိမ့်မည်ဟု ငါဘုရား မိန့်ကြားတော်မမူ။ ထိုအပါယ်ဘုံ၌ ဝမ္မစရိယ, သမစရိယ, ကုသလကိရိယ, ပုညကိရိယမရှိ အချင်းချင်း အားကြီးသူက အားနည်းသူကို သတ်၍စားနေသောကြောင့်တည်း။ ထိုသို့ဖြစ်ခြင်းသည် အရိယသစ္စာလေးပါးတို့ကို မသိမမြင်ခြင်းကြောင့်တည်း။ ထို့ကြောင့် အရိယသစ္စာလေးပါးတို့ကို သိမြင်အောင် အားထုတ်ခြင်းကို ပြုကြရမည်ဟု ဝဇ္ဇီနိုင်ငံ ဝေသာလီမြို့တော် ကူဋာဂါရသာလာကျောင်းတော်၌ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

(၇၈) တိဝိဋ္ဌက သုတ္တသ္စိ ဝိဘာဝိနီ

- သံ၊ ၃။ ၃၉၈။ သံ၊ မြန်၊ ၃။ ၄၀၄။ သံ၊ ဌ၊ ၃။ ၃၃၃။
  သံ၊ ဋ္ဌ၊ ၂။ ၅၄၅-၆။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂-သစ္စကသံယုတ္တ၊ ၅-ပဝါတဝဂ္ဂ၊ အဋ္ဌမသုတ်။

မြေအပြင်တစ်ခုလုံး ရေတစ်ပြင်တည်း ဖြစ်နေချိန်ဝယ် အရပ်လေးမျက်နှာသို့ လေတိုက်ရာ မျောပါနေသော အပေါက် တစ်ပေါက်တည်းသာရှိသော ထမ်းပိုးတုံး၏ အပေါက်၌ အနှစ်တစ်ရာ တစ်ရာကြာမှ တစ်ကြိမ်သာ ရေပြင်ပေါ်သို့ ပေါ်တက်လာသော လိပ်ကန်း၏ လည်ပင်းသည် အကြောင်းညီညွတ်ပါက စွပ်နိုင်လျှင် စွပ်နိုင်သေး၏။

အကြောင်းညီညွတ်သည့်အခါ၌သာ လူဘဝကိုရ၏။ အကြောင်း ညီညွတ်သည့်အခါ၌သာ အရဟံဂုဏ်ရှင်, သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားရှင် ပွင့်တော်မူ၏။ အကြောင်းညီညွတ်သည့်အခါ၌သာ တထာဂတပဝေဒိတ ဓမ္မဝိနယ လောက၌ ထွန်းလင်းတောက်ပ၏။ ထိုအချက်သုံးချက် ပြည့်စုံနေချိန်၌ အရိယသစ္စာလေးပါး တရားတို့ကို သိမြင်အောင် အားထုတ်မှုကို ပြုကြရမည်ဟု ဘုရားရှင်က ဝဇ္ဇိနိုင်ငံ ဝေသာလီမြို့အနီး မဟာဝုန်တော ကူဋာဂါရသာလာကျောင်းတော်ဝယ် ရဟန်းတို့အား ဟောတော်မူသည့်သုတ်။

- ♦ အဋ္ဌကထာ၌ မဟာသီဝထေရ်၏ စတုယုဂအဆိုကို အကျယ် ဖွင့်ပြထားပါသည်။ ဋီကာ၌လည်း စတုယုဂအဆိုကိုပင် ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဆေတ္တာသုတ္တ (၂)

- သံ၊ ၁။ ၃၈။ သံ၊ မြန်၊ ၁။ ၃၈။ သံ၊ ဌ၊ ၁။ ၉၀-၁။ သံ၊ ဋ္ဌ၊ ၁။ ၁၃၅။
- သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁-ဒေဝတာသံယုတ္တ၊ ၈- ဆေတ္တာ ဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အညတရနတ်သား၏ မေးလျှောက်ထားချက်အရ ကောဓ(အမျက်ထွက်မှု၊ စိတ်ဆိုးမှု)ကို ပယ်ဖျောက် ဖျက်ဆီးနိုင်ခြင်းကြောင့် ချမ်းသာစွာ အိပ်စက်နိုင်သည်။ ကောဓကို ဖျက်ဆီးခြင်းကြောင့် စိုးရိမ် ပူပန်မှုမဖြစ်။ သာယာမှု(သုခ)လျှင် အဆုံးရှိသော အဆိပ်ပမာ ဆင်းရဲဒုက္ခ၏ အကြောင်းရင်းကောဓကို ပယ်သတ်ခြင်းကို အရိယာပုဂ္ဂိုလ်တို့ ချီးမွမ်းတော်မူကြပုံ၊ ကောဓကို ပယ်ဖျောက် ဖျက်ဆီးခြင်းကြောင့် စိုးရိမ်ပူပန်မှု မရှိတော့ပုံကို ဘုရားရှင် ဖြေကြားတော်မူသည့်ဒုတ်။

♦ အဌကထာ၊ ဋီကာတို့၌လည်း သိသင့်သည်များကို ဖွင့်ပြ ထားပါသည်။

- သံ၊ ၁။ ၂၃၉။ သံ၊ မြန်၊ ၁။ ၂၂၂။
- သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁၁-သက္ကသံယုတ္တ၊ တတိယဝဂ္ဂ၊ ပဌမသုတ်။

သိကြားမင်း မေးလျှောက်ခြင်းကြောင့် အထက်ပါ သုတ်အတိုင်းပင် ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

ဆေဒနာဒီသုတ္တ (၆)

- သံ၊ ၃။ ၄၁၁။ သံ၊ မြန်၊ ၃။ ၄၈၈။ သံ၊ ဋ္ဌ၊ ၃။ ၃၉၉။ သံ၊ ဋီ၊ ၂၊ ၅၅၀။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂-သစ္စကသံယုတ္တ၊ ၁၀-စတုတ္ထ အာမဂန္ဓည ပေယျာလဝဂ္ဂ၊ ဆဋ္ဌ, သတ္တမ, အဋ္ဌမ, နဝမ, ဒသမ, ဧကာဒသမ သုတ်။

ဆေဒန=ဖြတ်ခြင်း။ ဝဓ= သတ်ခြင်း။ ဗန္ဓန= နှောင်ဖွဲ့ခြင်း။ ဝိပရာမောသ=(ခရီးသွားတို့ကို)လုယက်ခြင်း။ အာလောပ=ရွာနိုဂုံးတို့ကို ဖျက်ဆီးခြင်း။ သဟသာကာရ= ဒမြတိုက်ခြင်းတို့မှ ရှောင်ကြဉ်သောသူတို့ထက် မရှောင်ကြဉ်သောသူတို့သည်သာ ပိုရ်ှမျှားပြားပုံ။ ထိုသို့ဖြစ်ခြင်းသည် အရိယသစ္စာ

လေးပါးတို့ကို မသိမမြင်ခြင်းကြောင့်ဖြစ်ပုံ။ ထို့ကြောင့် အရိယသစ္စာလေးပါးတို့ကို သိမြင်အောင် အားထုတ်ကြရမည်ဟု ဘုရားရှင် ဝဇိုနိုင်ငံ ဝေသာလီမြို့တော်အနီး မဟာဝုန်တော ကူဋာဂါရသာလာကျောင်းတော်၌ ရဟန်းတို့အား ဟောတော်မူသည့်သုတ်များ။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဇောသုတ္တ (၂)

– သံ၊ ၁။ ၁၃။ သံ၊ မြန်၊ ၁။ ၁၃။ သံ၊ ဋ္ဌ၊ ၁။ ၄၈–၄၉။ သံ၊ ဋီ၊ ၁။ ၉၁–၉၄။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁–ဒေဝတာသံယုတ္တ၊ ၃–သတ္တိဝဂ္ဂ၊ တတိယသုတ်။

သတ္တဝါတို့ ကိုယ်တွင်း ကိုယ်ပ၌ ဖွဲ့ယှက်တတ်သောတဏှာကို ဖြေရှင်းနိုင်သောပုဂ္ဂိုလ်ကို မေးလျှောက်သဖြင့် အညတရနတ်သားအား တဏှာအရှုတ်ကို ဖြေရှင်းနိုင်သူ၏ အရည်အချင်းသုံးမျိုး၊ ကျင့်စဉ်သုံးမျိုးနှင့် ဖြေရှင်းပြီးသူ ဖြေရှင်းရာ နေရာတို့ကို ဘုရားရှင် ဟောတော်မူသည့်သုတ်။

ဤသုတ်၌ သပညောဖြင့် ဇာတိပညာ၊ ပညာ့ဖြင့် ဝိပဿနာပညာ၊ နိပကောဖြင့် ပါရိဟာရိယပညာကို ပြဆိုကြောင်း၊ တဏှာကို ဖြေရှင်းရာ၌ ဥပမာ စကားအစရှိသည်တို့ကို အဋ္ဌကထာ၌ ဖွင့်ပြထားပါသည်။ ဋီကာ၌ တဏှာ၏ ပရိယာယသဒ္ဒါများ၊ ဝါးရုံတောဥပမာ လူရှင်ရဟန်းတို့၏ သကပရိက္ခာရ ၊ပဋိသန္ဓိ ပညာ၊ ပါရိဟာရိယပညာ ဝိဂြိုဟ်များ၊ သမာဓိကျေးဇူးကြောင့် ပညာထက်မြက်ပုံ၊ ပဋိသညာနှင့် ရူပသညာ–အစရှိသည်တို့ကို ဖွင့်ပြထားပါသည်။

– သံ၊ ၁။ ၁၆၇။ သံ၊ မြန်၊ ၁။ ၁၅၇–၈။ သံ၊ ဋ္ဌ၊ ၁။ ၂၁၁။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၇–ဗြာဟ္မဏသံယုတ္တ၊ အရဟန္တဝဂ္ဂ။ ဆဋ္ဌသုတ်။

အထက်သုတ်ဒေသနာတော်အတိုင်း ဇရာဘာရဒ္ဒါဇုဏ္ဏားဏ၏ မေးလျှောက်

ချက်ကြောင့် ဘုရားရှင် ဟောတော်မူသည့်သုတ်၊ ဘာရဒ္ဒါဇပုဏ္ဏား ရဟန်းပြု၍ တရားအားထုတ်ရာ ရဟန္တာဖြစ်သွားပါသည်။

❖ ❖ ❖

ဇဋိလသုတ္တ

– ဥဒါန။ ၈၃–၄။ ဥဒါန။ မြန်။ ၇၇–၈။ ဥဒါန။ ၅။ ၆၇–၉။
– ခုဒ္ဒကနိကာယ၊ ဥဒါန၊ ၁–ဗောဓိဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် ဂယာရွာအနီး ဂယာသီသကျောက်ဖျာ၌ သီတင်းသုံးတော်မူစဉ် (တပို့တွဲလ၏အဆုံး ၄–ရက်၊ တပေါင်းလ၏ အစ ၄–ရက်)အန္တရဋ္ဌကအခါနှင့် ကျနေသော ညဉ့်အခါဝယ် ဂယာမြစ်၌ ၎တ်ချီပေါ်ချီဖြင့် ရေဝတ်နေကြသော ရသေ့တို့ကိုအကြောင်းပြု၍ "ယမှိ သစ္စာ"အစရှိသောဂါထာကို ရွတ်ဆို၍ စင်ကြယ်သော ဓမ္မများဖြစ်သည့် သစ္စာနှင့် အရိယဓမ္မများကို ဥဒါန်းကျူးရင့်တော်မူသည့်သုတ်။

❖ ❖ ❖

ဇနသုတ္တ (၃)

– သံ၊ ၁။. ၃၄။ သံ၊ မြန်၊ ၁။ ၃၄။ သံ၊ ၅၊ ၁။ ၈၈။ သံ၊ ၈၊ ၁။ ၁၂၉။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁–ဒေဝတာသံယုတ္တ၊
  ၆–ဇရာဝဂ္ဂ၊ ပဌမသုတ်။

အညတရနတ်သား၏ မေးလျှောက်ချက်အရ တဏှာသည် ပုဂ္ဂိုလ်သတ္တဝါကို ဖြစ်စေ၏။ ထိုပုဂ္ဂိုလ်သတ္တဝါတို့၏ စိတ်သည် ထိုမှ ဤမျှ ပြေးသွားနေ၏။ ပုဂ္ဂိုလ်သတ္တဝါသည် သံသရာသို့ရောက်၏။ ဆင်းရဲဒုက္ခသည် ပုဂ္ဂိုလ်သတ္တဝါ၏ ဘေးဖြစ်၏ဟု ဘုရားရှင် ဟောတော်မူသည့်သုတ်။

– သံ၊ ၁။ ၃၅။ သံ၊ မြန်၊ ၁။ ၃၄။ သံ၊ ၅၊ ၁။ ၈၈။ သံ၊ ၈၊ ၁။ ၁၃၀။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁–ဒေဝတာသံယုတ္တ၊

၆–ဇရာဝဂ္ဂ၊ ဆဋ္ဌသုတ်။

အညတရနတ်သားအား တဏှာသည် ပုဂ္ဂိုလ်သတ္တဝါကို ဖြစ်စေ၏။ ထိုပုဂ္ဂိုလ် သတ္တဝါတို့၏စိတ်သည် ပြေးသွားနေ၏။ ပုဂ္ဂိုလ်သတ္တဝါသည် သံသရာသို့ ရောက်၏။ ပုဂ္ဂိုလ်သတ္တဝါသည် ဝဋ္ဋဆင်းရဲမှမလွတ်ဟု ဘုရားရှင် ဟောတော်မူ သည်သုတ်။

– သံ၊ ၁။ ၃၅။ သံ၊ မြန်၊ ၁။ ၃၄။ သံ၊ ဌ၊ ၈၈။ သံ၊ ဋ္ဌ၊ ၁။ ၁၃၀။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂ၊ ၁–သဠာယတနသံယုတ္တ၊ (၁၉)၄–အာသီဝိသဝဂ္ဂ၊ သတ္တမသုတ်။

တဏှာသည် ပုဂ္ဂိုလ်သတ္တဝါကို ဖြစ်စေ၏။ ထိုပုဂ္ဂိုလ်သတ္တဝါတို့၏ စိတ်သည် ပြေးသွားနေ၏။ ပုဂ္ဂိုလ်သတ္တဝါသည် သံသရာသို့ရောက်၏။ ကံတရားသည် ထိုပုဂ္ဂိုလ်သတ္တဝါတို့၏ မှီခိုရာဖြစ်၏ဟု မေးလျှောက်လာသော အညတရ နတ်သားအား ဘုရားရှင်ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဇနပဒကလျာဏီသုတ္တ

– သံ၊ ၁။၁၄၇–၈။ သံ၊ မြန်၊ ၁။၁၅၂–၃။ သံ၊ ဌ၊ ၃။၂၅၉–၂၆၀။ သံ၊ ဋ္ဌ၊ ၂။၄၈၁–၂။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၃–သတိပဋ္ဌာနသံယုတ္တ၊ ၂–နာလန္ဒဝဂ္ဂ၊ ဒသမသုတ်။

သုမ္ဘဇနပုဒ် သေဒကနိဂုံးဝယ် ဘုရားရှင် သီတင်းသုံးနေတော်မူစဉ် အပြစ်ခြောက်ပါးကင်းပ ကောင်းခြင်းငါးဝန္ဓင့် ပြည့်စုံလှပသော ဇနပဒကလျာဏီ ကပြသီဆိုနေသော ကပွဲသဘင်၌ လူများလာရောက်၍ ကြည့်ရှုနားဆင်နေကြရာ၌ သတ်မည့်သူသတ်သမားက ဆီဖိတ်ကျရာ၌ အသတ်ခံရမည့် အသက်ရှင်လို ချမ်းသာလိုသော နခမ်းရေးနှင့်အမျှ ဆီအပြည့်ထည့်ထားသော ဆီခွက်ကိုကိုင်၍ ပွဲလမ်းသဘင်အလယ်၌ သွားလာနေသော ယောကျ်ားကဲ့သို့ ထို့အတူ ကာယ

ဂတာသတိကို ဘာဝိတ, ဗဟုလီကတ, ယာနီကတ, ဝတ္ထုကတ, အနုဋ္ဌိတ, ပရိစိတဖြစ်အောင် ပွားများကြရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည် သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌လည်း အမျိုးသမီးတို့၏ အပြစ်ခြောက်ပါး၊ ကောင်းခြင်းငါးဖြာတို့ကို အပြည့်အစုံ ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဇနဝသဘသုတ္တ

– ဒီ၊ ၂။၁၆၂–၁ရရ။ ဒီ၊ မြန်၊ ၂ ၁၈၅–၂၀၁။ ဒီ၊ဌ၊ ၂။ ၂၃၀–၂၃၉။ ဒီ၊ဋီ၊ ၂။ ၂၀၄–၂၁ရ။ – ဒီဃနိကာယ၊ မဟာဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် နာတိကရွာ အုဋ္ဌကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကာသိတိုင်း, ကောသတိုင်း, ဝဇ္ဇီတိုင်း, မလ္လတိုင်း, စေတိတိုင်း, ဝံသတိုင်း, ကုရုတိုင်း, ပဉ္စာလတိုင်း, မစ္ဆာတိုင်း, သူရသေနတိုင်း–ဟူသော ပတ်ဝန်းကျင် တိုင်းကြီး ဆယ်တိုင်းတို့၌ ကွယ်လွန်ကုန်ပြီးသောသူတို့၏ ဖြစ်ရာဘုံဘဝကို မိန့်ကြားတော်မူပါသည်။ နာတိကရွာသား အနာဂါမ်ပုဂ္ဂိုလ်(၅၀)ကျော်၊ သကဒါဂါမ် ပုဂ္ဂိုလ်(၉၀)ကျော်၊ သောတာပန်ပုဂ္ဂိုလ် (၅၀၀)ကျော်တို့၏ ဖြစ်ရာဘဝကို မိန့်ကြား တော်မူပါသည်။ ဘုရားရှင်၏ မိန့်ကြားတော်မူချက်ကို ကြားနာရခြင်းကြောင့် နာတိကရွာသား ရတနာသုံးပါးကို ပြုစုလုပ်ကျွေးနေကြသည့်ပုဂ္ဂိုလ်များ နှစ်သက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါသည်။

ထိုအကြောင်းကို အရှင်အာနန္ဒာသိရှိသဖြင့် အင်္ဂ, မဂဓတိုင်းသား ရတနာ သုံးပါးကို ကိုးကွယ် ဆည်းကပ်သူပုဂ္ဂိုလ်များ၏ ဖြစ်ရာဘဝကို ဘုရားရှင် မိန့်တော် မမူသေး။ ကွယ်လွန်ပြီးသော အင်္ဂ, မဂဓတိုင်းသားတို့၏ ဖြစ်ရာဘဝကို ဘုရားရှင် မိန့်ကြားတော်မူသည်ရှိသော် လူအများတို့ ရတနာသုံးပါးကိုကြည်ညို လာကြ လိမ့်မည်။ ယခုထက် ပိုလွန်၍ သုဂတိဘဝသို့ ရောက်ကုန်ကြလိမ့်မည်။ ရတနာ သုံးပါးကို ကြွေးကြော်မြည်တမ်းရင်း နတ်ရွာစံသွားသော ဗိမ္ဗိသာရမင်းကြီး၏

ဖြစ်ရာဘဝကိုလည်း ဘုရားရှင်မိန့်တော်မမူသေး။ ထိုသို့ဘုရားရှင် မိန့်ကြားတော်မမူခြင်းကြောင့် အင်္ဂတိုင်းသား၊ မဂဓတိုင်းသားတို့ စိတ်ဆင်းရဲနေကြသည် 'အဘယ်သို့လျှင် ဘုရားရှင် မိန့်ကြားတော်မူပါအံ့နည်း'ဟု ကြံစည်ပြီး ထိုအကြောင်းကို မိန့်ကြားတော်မူပါရန် ဘုရားရှင်အား အရှင်အာနန္ဒာ လျှောက်ထားခဲ့ပါသည်။ အရှင်အာနန္ဒာ၏ လျှောက်ထားချက်အရ အင်္ဂတိုင်း, မဂဓတိုင်းသား ဥပါသကာများ၏ဖြစ်ရာကို သိရှိတော်မူနိုင်ရန် ဆင်ခြင်သိတင်းသုံးတော်မူစဉ် သိမြင်တော်မူပုံ ဗိမ္မိသာရမင်းကြီးဘဝမှ ဇနဝသဘအဖြစ် ရောက်ရှိနေသော နတ်ဘီလူးမင်းကလည်း လျှောက်ထားပုံ၊ ဇနဝသဘနတ်ဘီလူးသည် ထိုဘဝ၌ (၁၄)ကြိမ်တိုင်တိုင် ဖြစ်ခဲ့ခြင်းကြောင့် ဖြစ်လိုသော အာသာဆန္ဒပြင်းပြခဲ့ပုံ၊ တာဝတိံသာနတ်ပြည်၌ ဝါဆိုလပြည့် နတ်သဘင်အစည်းအဝေး၊ ယင်းအစည်းအဝေး၌ နတ်မင်းကြီးလေးပါးနှင့် နတ်တို့နေရာယူကြပုံအစီအစဉ်၊ အခြားနတ်တို့ထက် ဣဒ္ဓိ, ယသအားဖြင့် သာလွန်ကြသော ဗုဒ္ဓဘာသာနတ်သား နတ်သမီးအသစ်တွေ တိုးပွားလာခြင်းကြောင့် သိကြားမင်းနှင့်တကွ နတ်အများတို့ ဝမ်းမြောက်ကြပုံ၊ နတ်သဘင်အစည်းအဝေးသို့ သနက်ုမာရဗြဟ္မာမင်း ရောက်ရှိလာပုံ၊ ဗြဟ္မာမင်း ရောက်ရှိလာမည်ကို ကြိုတင်သိနိုင်ပုံ၊ ပကတိအသွင်အပြင်ကို ပြောင်းလဲ၍လာရပုံ၊ ဗြဟ္မာနှင့်နတ်တို့ဆက်ဆံရေး၊ ဗြဟ္မာမင်း၏ အသံအဂါရှစ်မျိုး၊ ပဠဝသိခနတ်သား၏ ကိုယ်ခန္ဓာပုံမျိုး သုံးဆယ့်သုံးယောက်ဟန် ဖန်ဆင်းပြီး သနက်ုမာရဗြဟ္မာက–

(၁) လောက၌ ဘုရားရှင် ပွင့်တော်မူလာပုံ ရည်ရွယ်ချက်များ၊ သရဏဂုံသီလ၌ တည်ရှိသူများ နတ်ပြည်အဆင့်ဆင့် ရောက်ရှိလာကြပုံ၊ ဘုရားရှင်က ဣဒ္ဓိပါဒ်လေးပါး ပွားများကြရန် ဟောကြားတော်မူပုံ၊ ဘုရားရှင်နှင့် သမဏ, ဗြာဟ္မဏတို့ ပွားများကြပုံ၊ မိမိနှင့် မဟာဗြဟ္မာကြီးတို့ ဣဒ္ဓိပါဒ်လေးပါးကို ပွားများကြခြင်းကြောင့် တန်ခိုးကြီးမားကြပုံကို ယခုမျက်မြင် တွေ့မြင်နိုင်ပုံ၊

(၂) ပထမစျာန်, စတုတ္ထစျာန်, အရဟတ္တမဂ်ဟူသော သောမနဿဖြစ်ခွင့် 'သြကာသာဓိဂမ'သုံးမျိုးကို ဘုရားရှင် သိမြင်တော်မူပုံ၊

(၃) သတိပဋ္ဌာန်လေးပါးပွားများပုံ၊ ယင်းသတိပဋ္ဌာန်လေးပါး ပွားများခြင်းကြောင့် ပရမဓမ္မညာဏဒဿနအထိ အဆင့်ဆင့်ဉာဏ်များ ဖြစ်နိုင်ပုံကို ဘုရားရှင် ဟောကြားတော်မူပုံ၊

(၄) သမ္မာသမာဓိ၏ အခြေအရံ သမ္မာသမာဓိ ဖြစ်ပေါ်ပြည့်စုံလာရန် ကျန်မဂ္ဂင်(၇)ပါးကို ဘုရားရှင် ဟောတော်မူပုံ၊ သမ္မာဒိဋ္ဌိဖြစ်နေသောပုဂ္ဂိုလ်အား သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာညာဏ၊ သမ္မာဝိမုတ္တိတို့ အဆင့်ဆင့်ဖြစ်လာပုံ၊ မိမိရရှိသော ဓမ္မဂုဏ်ရည်များကို အမှန်အတိုင်းသိမြင်ပြောဆိုနိုင်ပုံ၊ နိဗ္ဗာန်တံခါးပွင့်သွားပုံ၊ ရတနာမြတ်သုံးပါးဌ အဝေစ္ဆပသာဒ, အရိယကန္တသီလနှင့် ပြည့်စုံကြသော မဂဓတိုင်းသား ဥပါသကာများ ၂–သန်း ၄–သိန်း ရှိပုံ၊ သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်များ မရေမတွက်နိုင်ပုံကို သနက်ုမာရဗြဟ္မာကြီးက တာဝတိံသာနတ်တို့အား ဟောကြားခဲ့ပုံ၊ ထိုအခါ ဝေဿဝဏ်နတ်မင်းကြီး စိတ်ထဲ၌ ''အစ္ဆရိယ, အဗ္ဘုတ ဖြစ်ပါပေစ၊ ဤကဲ့သို့ မြင့်မြတ်သော ဘုရားရှင် ပွင့်တော်မူပါပေ၏။ ဓမ္မက္ခာနသည် ဤမျှလောက် မြင့်မြတ်လှပါပေစ၊ ဤမျှလောက် မြင့်မြတ်သော ဝိသေသာဓိဂမ ထင်ရှားပါပေစ''ဟု အကြံအစည်ဖြစ်ပုံ၊ ထိုအကြံအစည်ကိုသိ၍ သနက်ုမာရဗြဟ္မာကြီးက အတိတ်ကာလ၌လည်း မြင့်မြတ်သောဘုရားရှင်၊ ဓမ္မက္ခာန၊ ဝိသေသာဓိဂမ တို့ဖြစ်ခဲ့ပြီ၊ အနာဂတ်ကာလ၌လည်း ဤသို့ဖြစ်လတ္တံ့''ဟု ပြောဆိုပုံကို ဝေဿဝဏ်နတ်မင်းကြီးအထံမှ ကြားနာခဲ့ပါကြောင်း ဘုရားရှင်အား လျှောက်ထားပုံ၊ ဘုရားရှင်က အရှင်အာနန္ဒာအား ဤအတိုင်းပင် မိန့်ကြားတော်မူပုံ၊ အရှင်အာနန္ဒာက ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာတို့အား မိန့်ကြားပုံ၊ ဗြဟ္မစရိယ သာသနာတော် တိုးတက်စည်ပင်ပြန့်ပွားပုံတို့ကို ပြဆိုထားပါသည်။

♦ အဋ္ဌကထာ၌ အင်္ဂါတိုင်း၊ မဂဓတိုင်း၊ ယောနဂတိုင်း၊ ကမ္ဗောဇတိုင်း၊ အဿကတိုင်း၊ အဝန္တိတိုင်းဟူသော တိုင်းကြီး ခြောက်တိုင်းရှိ ကွယ်လွန်ပြီး ဥပါသကာ ဥပါသိကာများ၏ ဖြစ်ရာဘဝကို ဘုရားရှင်မိန့်ကြားတော်မမူသေးပုံ၊

ဇနဝသဘအမည်ရပုံ၊ သောတာပန် ဗိမ္ဗိသာရမင်းကြီး ဝေဿဝဏ်နတ်မင်းကြီး၏ အပေါင်းအဖော် (သဟဇျတ)ဖြစ်ခြင်းအကြောင်း၊ ဇနဝသဘနတ်ဘီလူး ဘုရားရှင်ထံ ရောက်လာခြင်းအကြောင်း(၂)မျိုး၊ နတ်သဘင်အစည်းအဝေး(၄)မျိုး၊ ဝဿူပနာယိကသင်္ဂဟ၊ ဒေဝါနုဘာဝဗြဟ္မာကြီး ရောက်လာပုံ ပုဗ္ဗနိမိတ်၊ ဒုဋ္ဌဂါမဏိ ဝတ္ထု၊ ပဠာသီခနတ်သားပုံ ဖန်ဆင်းခြင်းအကြောင်း၊ အသံတော်ရှစ်ပါးအဖွင့်၊ ဘုရားပွင့်တော်မူခြင်းနှင့် နတ်သားနတ်သမီးတို့ ကိုးပွားလာပုံ၊ ဣဒ္ဓိပါဒ်လေးပါးအဖွင့်၊ ဣဒ္ဓိပါဒ်လေးပါးနှင့် ရဟန္တာအရှင်မြတ်လေးပါး၊ အမတ်ကြီးသားလေးယောက်ဥပမာ၊ ယောနိသောမနသိကာရ တိဝိဓသြကာသာဓိဂမာဓိပ္ပါယအဖွင့်၊ စတုသတိပဋ္ဌာန၊ သတ္တသမာဓိပရိက္ခာရတို့နှင့် သိသင့်သောပုဒ်တို့ကို ဖွင့်ပြထားပါသည်။

♦ ဌီကာ၌ ပရိတောနှင့်သမန္တ၊ ပရိစာရကနှင့် ဥပါသကတို့တူပုံ၊ ဓမ္မသုဓမ္မကြောင့် သံဃသုပ္ပဋိပတ္တိဖြစ်ပုံ၊ ဓမ္မသုဓမ္မတာသည် ဗုဒ္ဓသုဗုဒ္ဓတာကြောင့်ဖြစ်ပုံ၊ ဇနဝသဘဖြစ်ပုံ၊ ဣဝ,သဒ္ဒါဘုသတ္ထ၊ အဂ္ဂ,သဒ္ဒါ အာဒိ,ပရိယာယ ဘုရားရှင်၏ ၂–သန်း၊ ၄–သိန်းသောပုဂ္ဂိုလ်တို့၏ ဉာဏဂတိကို သိမြင်တော်မူနိုင်ပုံ၊ ဝဿူပနာယိကသင်္ဂဟ၊ ပဝါရဏာသင်္ဂဟအဖွင့်၊ ပဠာသီခအသံတော်ရှစ်ပါး၊ မုချနိဗ္ဗေမတိက၊ ဥပစာနိဗ္ဗေမတိက ဣဒ္ဓိပါဒ မထေရ်မြတ်လေးပါး၊ သြကာသာဓိဂမသုံးပါး၊ စတုသတိပဋ္ဌာန၊ သတ္တသမာဓိပရိက္ခာရ၊ ပရိဝါရနှင့်ပရိက္ခာရ၊ သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်တရားများ အဆင့်ဆင့် ကျေးဇူးပြုသွားပုံ၊ အာဇီဝဋ္ဌမကသီလပြည့်စုံပုံ အစရှိသော သိသင့်သောပုဒ်တို့ကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

ဇန္ဓုသုတ္တ

– သံ၊ ၁။ ၆၀။ သံ၊ မြန်၊ ၁။ ၅၉။ သံ၊ ဋ္ဌ၊ ၁။ ၁၀၆–၈။
သံ၊ ဌီ၊ ၁။ ၁၅၇–၈။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၂–ဒေဝပုတ္တသံယုတ္တ၊
၃–နာနာတိတ္ထိယဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင်အထံတော်၌ ကမ္မဌာန်းယူလာပြီး ကောသလနိုင်ငံ ဟိမဝန္တာတောရကျောင်းတို့၌ တရားမရှုပဲ အချိန်ဖြုန်းနေကြသော ရဟန်းတို့အား အချိန်ဖြုန်းသူတို့၏ အမှုအရာနှင့်လုပ်ဆောင်ချက်၊ ရှေးရဟန်းတော်တို့၏ အခြေအနေနှင့် ယခုရောက်နေကြသော ရဟန်းတို့၏ အခြေအနေများကို နှိုင်းယှဉ်၍ ဇန္တုနတ်သားက ဥပုသ်ပြုရန် ရောက်ရှိလာသော သံဃာတော်ကို လက်အုပ်ချီလျှက် အချို့ပမတ္တရဟန်းတို့ကို သူသေကောင်တို့ကဲ့သို့ အပဝိဒ္ဓ, အနာထဖြစ်နေပုံနှင့် အပ္ပမတ္တရဟန်းတို့ကို မိမိရှိခိုးပါကြောင်း လျှောက်ထားသည့်သုတ်။

♦ အဌကထာ, ဋီကာတို့၌ ဖွင့်သင့်သောပုဒ်များကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

ဇမ္ဗာလီသုတ္တ

– အံ၊ဘာ၊၄၈၄–၆။ အံ၊မြန်၊ဘာ၊၄၉၉–၅၀ဘ။ အံ၊ဌ၊၂။၃၅၂–၆။ အံ၊ဋီ၊၂။၃၅၂–၃။
– အဂ္ဂံတ္တရနိကာယ၊ စတုက္ကနိပါတ၊ စတုတ္ထပဏ္ဏာသက၊
(၁၈) ၃–သဠေတနိယဝဂ္ဂ၊ အဌမသုတ်။

ဤသုတ်၌ (၁)အညတရ သန္တစေတောဝိမုတ္တိသမာပတ်ကို ရသော သက္ကာယနိရောဓကို နှလုံးသွင်းသော်လည်း သစ်စေးပေနေသောလက်ဖြင့် သစ်ကိုင်းအစရှိသည်ကို ကိုင်သောဥပမာဖြင့် သက္ကာယနိရောဓကို မြော်လင့်တောင့်တချက် မရှိသောပုဂ္ဂိုလ်၊ (၂) အညတရသန္တစေတော ဝိမုတ္တိသမာပတ်ကို ရသော သက္ကာယနိရောဓကို နှလုံးသွင်းသော သန့်ရှင်းသောလက်ဖြင့် သစ်ကိုင်းကို ကိုင်သော ဥပမာဖြင့် သက္ကာယနိရောဓကို မြော်လင့်တောင့်တရရှိနိုင်သောပုဂ္ဂိုလ်၊ (၃)အညတရ သန္တစေတော ဝိမုတ္တိသမာပတ်ကိုရသော အဝိဇ္ဇာပဘောဒကို နှလုံးသွင်းသော တံစည်းတွင်း (ရေဆိုးအိုင်) ဥပမာဖြင့် အဝိဇ္ဇာပဘောဒကို ရရှိရန် မြော်လင့်တောင့်တချက်မရှိသောပုဂ္ဂိုလ်၊ (၄) အညတရ သန္တစေတော ဝိမုတ္တိကို ရသော အဝိဇ္ဇာပဘောဒကို နှလုံးသွင်းသော တံစည်းတွင်း (ရေဆိုးအိုင်)ဥပမာဖြင့် အဝိဇ္ဇာပဘောဒကို မချွတ်ရနိုင်သောပုဂ္ဂိုလ်ဟု ပုဂ္ဂိုလ်လေးမျိုးကို ရဟန်းတို့အား

ဘုရားရှင် အကျယ်အားဖြင့် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၌ သိသင့်သိထိုက်သောပုဒ်တို့ကို ဖွင့်ဆိုပြီး ထင်ရှားသိလွယ်သော ဥပမာန ဥပမေယျတို့ဖြင့်လည်း ပါဠိတော်၏ ဆိုလိုချက်ကို ထင်ရှားအောင် ဖွင့်ပြထားပါသည်။

♦ ဋီကာ၌လည်း ပါရိပန္ထိကပုဒ်ကို အကျယ်ဖွင့်ပြီး သိသင့်သောပုဒ် တို့ကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

ဇရာသုတ္တ (၂)

– သံ၊ ၁။ ၃၃။ သံ၊ မြန်၊ ၁။ ၃၃။ သံ၊ ၌၊ ၁။ ၈၆–ဂ။ သံ၊ ဋီ၊ ၁။ ၁၂၈။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁–ဒေဝတာသံယုတ္တ၊
၆–ဇရာဝဂ်၊ ပဌမသုတ်။

အိုမင်းသည့်တိုင်အောင် ကောင်းသောအရာကား **'သီလ'**၊ ယုံကြည်မှု 'သဒ္ဓါ'၌ စွဲမြဲစွာတည်နေခြင်းသည် သူတော်ကောင်းဖြစ်၏။ လူသားတို့၏ ရတနာကား **ပညာ**၊ ခိုးသူတို့ မလုယူနိုင်သောအရာကား **ကုသိုလ်ကောင်းမှု**–ဟု အညတရနတ်သားအား ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုထားပါသည်။
– သုတ္တနိ။ ၄၀၅–၆။ သုတ္တနိ၊ မြန်။ ၃၈၂–၃။ သုတ္တနိ၊ ၌၊ ၂။ ၂၄၆–၉။
– ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ၄–အဋ္ဌကဝဂ္ဂ၊ ဆဋ္ဌသုတ်။

သာကေတမြို့သား ဘုရားရှင်၏ မယ်တော်, ခမည်းတော် တော်စပ်ဖူးသော ဗြာဟ္မဏဇနီးမောင်နှံနှစ်ဦးတို့ ပရိနိဗ္ဗာန်ဝင်စံသဖြင့် အန္တိမစျာပနသဘင် ဆင်ယင်ကျင်းပရာ သာကေတမြို့သုသာန်၌ ပရိသတ်တို့အား သံဝေဂဉာဏ် ဖြစ်ပွားစေရန် (၁၀)ဂါထာဖြင့် ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဌကထာ၌ ဗုဒ္ဓမာတာပိတုဝတ္ထုအပြည့်အစုံနှင့် ဂါထာများအဖွင့် ဒေသနာတော်အဆုံး၌ ပရိသတ်(၈၄၀၀၀)တို့ တရားသိမြင် ကျွတ်တမ်းဝင်ပုံကို ပြဆိုထားပါသည်။

❖ ❖ ❖

ဇရာဝဗ္ဗသုတ္တ

– သံ၊ ၃။ ၁၉၀–၁။ သံ၊ မြန်၊ ၃။ ၁၉၆–ရ။ သံ၊ ဌ၊ ၃။ ၂ရ၅–၆။
  သံ၊ ဋီ၊ ၂။ ၄၉၈–၉။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၄–ဣန္ဒြိယသံယုတ္တ၊
  ၅–ဇရာဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင်ရူပကာယတော်၏ ဇရာသဘာဝ မသိမသာဖြစ်ပေါ်လာ သည်ကို အရှင်အာနန္ဒာ လျှောက်ထားမှုနှင့်ဆက်စပ်၍ အရွယ်နုပျိုမှု၌ ဇရာဝမ္မ, ကျန်းမာမှု၌ ဗျာဓိဝမ္မ, အသက်ရှင်မှု၌ မရဏဝမ္မတို့ ဖြစ်ပေါ်လာပုံကို မိန့်ကြားတော်မူပြီး ဇရာ, မရဏတို့ သတ္တဝါတို့ကို နှိပ်စက်နေပုံကို သံဝေဂဉာဏ်ဖြစ်စေရန် သာဝတ္ထိမြို့ ပုဗ္ဗာရုံကျောင်းတိုက် မိဂါရမာတု ပြာသာဒ်အနောက်ဖက် လေသာဆောင်၌ အရှင်အာနန္ဒာအား ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဌကထာ, ဋီကာကို၌ ဘုရားရှင် နေပူဆာလှံမှုနှင့်ဆက်စပ်၍ ဖွင့်ဆိုချက်၊ ဘုရားရှင်နှင့် ပကတိလူသားတို့၏ ဇရာဝမ္မနှိုင်းယှဉ်ချက်၊ ဘုရားရှင်၏ ဇရာသဘာဝ အခြားသူတို့အား မသိသာသော်လည်း အနီးကပ်နေသော အရှင်အာနန္ဒာအား သိသာပုံ၊ အရှင်အာနန္ဒာ၏ ဂရဟနစ္ဆရိယဖြစ်ပုံ အစရှိသည်တို့ကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဇရာမရဏသုတ္တ (၂)

– သံ၊ ၁။ ၇၀–၁။ သံ၊ မြန်၊ ၁။ ၆၉–၇၀။ သံ၊ ဌ၊ ၁။ ၁၂၆–ရ။
  သံ၊ ဋီ၊ ၁။ ၁၇၅–ရ။

– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၃–ကောသလသံယုတ္တ၊ပဌမဝဂ္ဂ၊ တတိယသုတ်။

ဇရာမရဏမှလွတ်သော ဇာတိရှိပါသလော? ဟု မေးလျှောက်လာသော ကောသလဘုရင်အား 'ချမ်းသာကြွယ်ဝသော ခတ္တိယမဟာသာလ, ဗြာဟ္မဏမဟာသာလ၊ ဂဟပတိမဟာသာလတို့အားလည်း ဇရာ,မရဏမှ လွတ်သော ဇာတိမရှိပုံ၊ ရဟန္တာပုဂ္ဂိုလ်သည်လည်း ဤရူပကာယ၏ ပျက်စီးခြင်းသဘော ပစ်ချရခြင်းသဘောရှိပုံ အကျယ်ကို ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ မဟာသာလများအကြောင်းနှင့် သိသင့်သော ပုဒ်တို့ကို ဖွင့်ဆိုထားပါသည်။

– သံ၊ ၁။ ၃၄၈။ သံ၊ မြန်၊ ၁။ ၃၃၃–၄။ သံ၊ ဋ္ဌ၊ ၂။ ၁၁၈။
သံ၊ ဋီ၊ ၂။ ၁၂၅။

– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁–နိဒါနသံယုတ္တ၊
၈–သမဏဗြဟ္မဏဝဂ္ဂ၊ ပဌမသုတ်။

ဇရာမရဏ, ဇရာမရဏသမုဒယ, ဇရာမရဏနိရောဓ, ဇရာမရဏ နိရောဓဂါမိနိပဋိပဒါတို့ကို မသိကြသော သမဏ, ဗြာဟ္မဏတို့ကို သမဏ, ဗြာဟ္မဏတို့၌ သမဏ–ဗြာဟ္မဏဟု မသမုတ်အပ်ကုန်။ ထိုအရှင်တို့သည် မျက်မှောက်ဘဝ၌ပင် သာမညတ္ထ ဗြာဟ္မညတ္ထတို့ကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြု၍ မနေနိုင်ကြ။

ဇရာမရဏ အစရှိသော ဓမ္မလေးပါးတို့ကို ကွဲကွဲပြားပြား သိကြကုန်သော သမဏဗြာဟ္မဏတို့ကို သမဏဗြဟ္မဏတို့၌ သမဏဗြာဟ္မဏဟု သမုတ်အပ်ကုန်၏။ ထိုအရှင်တို့သည် သာမညတ္ထ၊ ဗြဟ္မညတ္ထတို့ကို မျက်မှောက်ဘဝမှာပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိကြကုန်၍ မျက်မှောက်ပြုကြကုန်၍ နေနိုင်ကြကုန်၏ဟု ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဇလာဗုဇေဒါနုပကာရသုတ္တာ (၃၀)

- သံ၊ ၂။ ၂၀၉။ သံ၊ မြန်၊ ၂။ ၂၀၀။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၉-သုပဏ္ဏသံယုတ္တ၊ (၁၇)မှ (၄၆)အထိ သုတ်ပေါင်း(၃၀)။ (ဇလာဗုဇဒါနုပကာရသုတ်(၁၀)၊ သံသေဒဇ ဒါနုပကာရသုတ်(၁၀)၊ ဩပပါတိကဒါနုပကာရသုတ်(၁၀)တို့ဖြစ်၏။

(ဇလာဗုဇ/သံသေဒဇ/ဩပပါတိက ဖြစ်သော ဂဠုန်တို့၏ ဂုဏ်ကျေးဇူးကို သိရ၍ ထိုဂဠုန်မျိုးတို့၌ ဖြစ်နိုင်ရန်တောင့်တ၍ လှူဖွယ်ဝတ္ထု(၁၀)မျိုးတို့တွင် တစ်မျိုးမျိုးကို ပေးလှူ၏။ ကိုယ်, နှုတ်, စိတ်တို့ဖြင့် (၂)မျိုးသောကံကို ပြုလုပ်ကြကုန်၏။ ထို့ကြောင့် (ဇလာဗုဇ/ သံသေဒဇ/ဩပပါတိက)ဂဠုန်မျိုးတို့၌ သတ္တဝါတို့ဖြစ်ကြကုန်၏ဟု မေးလျှောက်လာသော ရဟန်းများအား ဘုရားရှင် တစ်ပါးစီ တစ်ပါးစီ အသီးသီး ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဇလာဗုဇေဒါနုပကာရသုတ္တာတို်သက (၃၀)

- သံ၊ ၂။ ၂၀၆။ သံ၊ မြန်၊ ၂။ ၁၉၆-ဂ။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၈-နာဂသံယုတ္တ၊ (၂၁)မှ(၅၀)အထိ သုတ်ပေါင်း(၃၀)။ (ဇလာဗုဇဒါနုပကာရသုတ်(၁၀)၊ သံသေဒဇဒါနုပကာရသုတ်(၁၀)၊ ဩပပါတိကဒါနုပကာရသုတ်(၁၀) တို့ဖြစ်၏။)

(ဇလာဗုဇ/ သံသေဒဇ/ ဩပပါတိက)နဂါးတို့၏ ဂုဏ်ကျေးဇူးကိုသိရ၍ ထိုနဂါးမျိုးတို့၌ဖြစ်နိုင်ရန် တောင့်တ၍ လှူဖွယ်ဝတ္ထုဆယ်မျိုးတို့တွင် တစ်မျိုးမျိုးကို ပေးလှူ၏။ ကိုယ်, နှုတ်, စိတ်တို့ဖြင့် နှစ်ပါးသောကံကို ပြုလုပ်ကြကုန်၏။ ထိုသူတို့သည် ကွယ်လွန်သည်၏အခြားမဲ့၌ (ဇလာဗုဇ/ သံသေဒဇ/ ဩပပါတိက) နဂါးမျိုးတို့၌ ဖြစ်ကြကုန်၏ဟု မေးလျှောက်လာသောရဟန်းအား ကောသလနိုင်ငံ သာဝတ္ထိပြို့. ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

၆၀သုတ္တ

– အံ၊ ၁။ ၄၂၈။ အံ၊ မြန်၊ ၁။ ၄၄၁။
– အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ တတိယပဏ္ဏာသက၊
(၁၂)၂–ကေသိဝဂ္ဂ၊ ဒုတိယသုတ်။

မင်းအားထိုက်တန်သော မင်း၏အသုံးအဆောင် အာဇာနည် မြင်းကောင်း၏ အဂါလေးပါးနှင့် အာဟုနေယျအစရှိသော သံယာတော်၏ အကျိုးဂုဏ်လေးပါးနှင့်ပြည့်စုံသော ရဟန်းတော်၏ အရည်အချင်းလေးမျိုးကို ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ ရဟန်းတို့အား ဟောကြားတော်မူသည်သုတ်။

❖ ❖ ❖

၆၀နပညာသုတ္တ

– သံ၊ ၃။ ၃၆၁။ သံ၊ မြန်၊ ၃။ ၃၆၆။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၁–သောတာပတ္တိသံယုတ္တ၊
၇–မဟာပညဝဂ္ဂ၊ ဂေါဒသမသုတ်။

သပ္ပုရိသသံသေဝ၊ သဒ္ဓမ္မသဝန၊ ယောနိသောမနသိကာရ၊ ဓမ္မာနုဓမ္မပဋိပတ္တိ–ဟူသော တရားလေးပါးတို့ကို ပွားများအပ်, ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သည်ရှိသော် လျင်မြန်သောဉာဏ်ပညာဖြစ်ခြင်းငှာ ဖြစ်ကုန်၏ဟု ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

၈၀ဂရသုတ္တ

– သံ၊ ၁။ ၃။ သံ၊ မြန်၊ ၁။ ၃–၄။ သံ၊ ဋ္ဌ၊ ၁။ ၂၃–၄။
သံ၊ ဋီ၊ ၁။ ၆၈–၉။

– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁–ဒေဝတာသံယုတ္တ၊ ၁–နဠဝဂ္ဂ၊ ဆဋ္ဌသုတ်။

နိဝရဏတရားငါးပါးတို့သည် ကိလေသာဟူသော အိပ်ပျော်သည့်တရား၊ ကိလေသာမြူကို ဆွဲယူသောတရား၊ (သဒ္ဓါအစရှိသော) ဣန္ဒြေငါးပါးတို့သည် ကိလေသာမှ နှိုးကြားသောတရား၊ (ကိလေသာမြူ အညစ်အကြေးမှ) စင်ကြယ်သော တရားများဖြစ်ပုံကို အညတရနှတ်သားအား ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

ဓာဂရိယသုတ္တ

– ဣတိဝုတ်။ ၂၃၃။ ဣတိဝုတ်၊ မြန်။ ၂၀ရ။ ဣတိဝုတ်၊ ၌။ ၁၆၄–ရ။
– ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ ၂–ဒုကနိပါတ၊ ဒုတိယဝဂ္ဂ၊ ဒသမသုတ်။

သတိသမ္ပဇည, သမာဟိတ,ပမုဒိတ,ဝိပ္ပသန္နဟူသော ဓာဂရ တရားငါးပါး ဖြင့်နေ၍ ကုသိုလ်တရားတို့၌ ဝိပဿနာရှုနေသော ရဟန်းတော်သည် မျက်မှောက်ဘဝ၌ပင် အနာဂါမ်, ရဟန္တာဖြစ်နိုင်ကြောင်း ဘုရားရှင်ဟောတော်မူပုံကို ခုဇ္ဇုတ္တရာက သာမာဝတီအမှူးရှိသော မိဖုရားတို့အား ဟောကြားသည့်သုတ်။

အဋ္ဌကထာ၌ အကျယ်ဖွင့်ပြချက်ပါရှိပါသည်။ သဒ္ဓါအစရှိသော ဓာဂရ တရားတို့နှင့် ပြည့်စုံနေသူသည် အတ္တာနုဝါဒဘေး၊ ပရာနုဝါဒဘေး၊ ဒဏ္ဍဘေး၊ ဒုဂ္ဂတိဘေး၊ အလုံးစုံသော ဝဋ္ဋဘေးတို့ မရှိနိုင်ပုံကိုလည်း ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဓာတုသောကိသုတ္တ (၃)

– သံ၊ ၁။ ၃၀၄။ သံ၊ မြန်၊ ၁။ ၂၉၁–၂။ သံ၊ ၌၊ ၂။ ၇၀။ သံ၊ ဋီ၊ ၂။ ၈၉။

– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁–နိဒါနသံယုတ္တ၊ ၅–ဂဟပတိဝဂ္ဂ၊ သတ္တမသုတ်။

ဇာဏုဿောဏိပုဏ္ဏားဏ၏ မေးလျှောက်သော ''သဗ္ဗံ အတ္ထိ၊ သဗ္ဗံ နတ္ထိ'' ဟူသော အစွန်းနှစ်ဖက်လွတ် ပဋိစ္စသမုပ္ပါဒ အနုလောမဒေသနာနှင့် ပဋိလောမ ဒေသနာတော် ဟောတော်မူသည့်အဆုံး၌ ဥပါသကာအဖြစ်ခံယူပုံကို ကောသလ နိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ ဇာဏုဿောဏိပုဏ္ဏားအား ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊ ၁။ ၁၆၆–၈။ အံ၊ မြန်၊ ၁။ ၁၈၅–၇။ အံ၊ ဌ၊ ၂။ ၁၄၉။
အံ၊ ဋီ၊ ၂။ ၁၃၈။

– အဂုံတ္တရနိကာယ၊ တိကနိပါတ၊ ဒုတိယပဏ္ဏာသက၊
(၆)၁– ဗြဟ္မဏဝဂ္ဂ၊ နဝမသုတ်။

ဇာဏုဿောဏိပုဏ္ဏားဏ၏ ဗြာဟ္မဏတို့၏ တေဝိဇ္ဇနှင့်ဆက်စပ်၍ လျှောက်ထားချက်အရ ဘုရားရှင်က အရိယတေဝိဇ္ဇကို အကျယ်ဟောပြတော်မူရာ ဇာဏုဿောဏိ ဗြာဟ္မဏကြီးက ဗြာဟ္မဏတို့၏ တေဝိဇ္ဇသည် အရိယတေဝိဇ္ဇကို လိုက်မမီနိုင်ပုံကို လျှောက်ထားပြီး ဥပါသကာအဖြစ် ခံယူသွားပုံကို ဟောတော်မူသည်သုတ်။

– အံ၊ ၃။ ၄၇၈–၄၈၂။ အံ၊ မြန်၊ ၃။ ၄၆၉–၄၇၂။ အံ၊ ဌ၊ ၃။ ၃၃၈–၉။
– အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ စတုတ္ထပဏ္ဏာသ၊
(၁၇)၂–ဇာဏု သောဏိဝဂ္ဂ၊ ဇကာဒသမသုတ်။

ပုဗ္ဗပေတဉာတိသာလောဟိတဒါနနှင့်ဆက်စပ်၍ ဇာဏုဿောဏိ ဗြာဟ္မဏ ကြီး လျှောက်ထားချက်ကို ဌာန, အဌာန ဖြစ်ပုံ အကျယ်ကို ဝေဖန်၍ ကောသလ နိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ ဇာဏုဿောဏိ ဗြာဟ္မဏကြီးအား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ နေရယိက, တိရစ္ဆာနယောနိ, မနုဿ, ဒေဝ, ပေတ္တိ ဝိသယ–တို့၏ အာဟာရအသီးသီးကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဇာဏုဿောဏိပြာဟ္မဏသုတ္တ

– သံ၊ ၃။ ၄–၆။ သံ၊ မြန်၊ ၃။ ၄–၆။ သံ၊ ဌ၊ ၃။ ၁၅၆–၉။ သံ၊ ဋီ၊ ၂။ ၃၉၆–၈။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁–မဂ္ဂသံယုတ္တ၊
၁– အဝိဇ္ဇာဝဂ္ဂ၊ စတုတ္ထသုတ်။

(၆)လတစ်ကြိမ် သာဝတ္ထိမြို့တော်ကိုကြည့်ရှုရန် ထွက်လာသော ဇာဏုဿောဏိပုဏ္ဏားကြီး၏ သဗ္ဗညုတညာဉ်ကို လူအပေါင်းတို့က ''ဗြဟ္မယာန'' ဟု ပြောဆိုမှုကို အကြောင်းပြု၍ အရှင်အာနန္ဒာထေရ်က မေးလျှောက်ရာ ဘုရားရှင်က ''အရိယ အဋ္ဌင်္ဂိကမဂ္ဂ'' သည် ဤဝမ္မဝိနယ သာသနာတော်၌ 'ဗြဟ္မယာန' 'ဝမ္မယာန' 'အနုတ္တရ သဂါမဝိဇယ' ဖြစ်ပုံအကျယ်နှင့် ဝမ္မဝိနယ၌ ဗြဟ္မယာန၏ အစိတ်အပိုင်းတို့ကို ကောသလနိုင်ငံ သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတော်၌ အရှင်အာနန္ဒာမထေရ်အား ဘုရားရှင် အကျယ်ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ သဗ္ဗညုတဝဋ္ဋဝါဘိရထ အစရှိသော ဇာဏုဿောဏိ ပုဏ္ဏားကြီး၏ အဆောင်အယောင် ဗြဟ္မယာန, ဝမ္မဝိနယ ဗြဟ္မယာန အစရှိသော မှတ်သားဖွယ်ရာများကို ပြည့်ပြည့်စုံစုံ ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဇာတရူပရဇတသုတ္တ

– သံ၊ ၃။ ၄၀၉။ သံ၊ မြန်၊ ၃။ ၄၁၅။ သံ၊ ဌ၊ ၃။ ၃၃၆။ သံ၊ ဋီ၊ ၂။ ၅၄၈။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂–သစ္စသံယုတ္တ၊
၉–အာမကညပေယျာလဝဂ္ဂ၊ တတိယသုတ်။

ဇာတရူပရဇတကို ခံယူခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏။ မရှောင်ကြဉ်သော သတ္တဝါတို့သည် များကုန်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

♦ အဌကထာ၌ ဇာတရူပ, ရဇတ အမျိုးအစားနှင့် ပဋိဝိရတဖြစ်ပုံကို ဖွင့်ပြထားပါသည်။

♦ ဋီကာ၌ ပဋိဂ္ဂဟဏတ္ထ၊ ပဋိဂ္ဂဟဏ(၃)မျိုးတို့၏ အဓိပ္ပါယ်များကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဇာတိသုတ္တာဒိဒသက (၁၀)

– သံ၊ ၁။ ၃၄၉။ သံ၊ မြန်၊ ၁။ ၃၃၄။

– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁–နိဒါနသံယုတ္တ၊ ၈–သမဏဗြာဟ္မဏဝဂ္ဂ၊ ဒုတိယသုတ္တမှ ဇကာဒသမသုတ်အထိ (၁၀)သုတ်။

– ဇာတိ, ဇာတိသမုဒယ, ဇာတိနိရောဓ, ဇာတိနိရောဓဂါမိနိပဋိပဒါ၊

– ဘဝ, ဘဝသမုဒယ, ဘဝနိရောဓ, ဘဝနိရောဓဂါမိနိပဋိပဒါ၊

– ဥပါဒါန, ဥပါဒါနသမုဒယ, ဥပါဒါနနိရောဓ, ဥပါဒါနနိရောဓဂါမိနိပဋိပဒါ၊

– တဏှာ, တဏှာသမုဒယ, တဏှာနိရောဓ, တဏှာနိရောဓဂါမိနိပဋိပဒါ၊

– ဝေဒနာ,ဝေဒနာသမုဒယ, ဝေဒနာနိရောဓ, ဝေဒနာနိရောဓဂါမိနိပဋိပဒါ၊

– ဖဿ, ဖဿသမုဒယ, ဖဿနိရောဓ, ဖဿနိရောဓဂါမိနိပဋိပဒါ၊

– သဠာယတန, သဠာယတနသမုဒယ, သဠာယတနနိရောဓ, သဠာယတနနိရောဓဂါမိနိပဋိပဒါ၊

– နာမရူပ, နာမရူပသမုဒယ, နာမရူပနိရောဓ, နာမရူပနိရောဓဂါမိနိပဋိပဒါ၊

– ဝိညာဏ, ဝိညာဏသမုဒယ, ဝိညာဏနိရောဓ, ဝိညာဏနိရောဓဂါမိနိ–ပဋိပဒါ၊

– သခါရ,သခါရသမုဒယ,သခါရနိရောဓ,သခါရနိရောဓဂါမိနိပဋိပဒါတို့ကိုမသိသော

သမဏ, ဗြာဟ္မဏတို့ကို သမဏ, ဗြာဟ္မဏတို့၌ သမဏ,ဗြာဟ္မဏဟု မသမုတ်အပ်ကုန်။ ထိုအရှင်တို့သည် သာမညတ္ထ, ဗြာဟ္မညတ္ထတို့ကို မျက်မှောက်ဘဝ၌ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုနိုင် ပြီးစီးပြည့်စုံစေ၍ မနေနိုင်ကြကုန်။

ထိုလေးမျိုးကို ကွဲကွဲပြားပြားသိကြသော သမဏ, ဗြာဟ္မဏတို့ကို သမဏ, ဗြာဟ္မဏတို့၌ သမုတ်အပ်ကုန်၏။ ထိုအရှင်တို့သည် မျက်မှောက်ဘဝ၌ပင် သာမညတ္ထ, ဗြာဟ္မညတ္ထတို့ကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုနိုင် ပြီးစီးပြည့်စုံစေကြကုန်၍ နေနိုင်ကြကုန်လိမ့်လတ္တံ့–ဟု ရဟန်းတို့အား ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

❖ ❖ ❖

ဇာတိမဟာဒိသုတ္တာဒသက (၁၀)

– သံ၊ ၂။ ၂၅၆။ သံ၊ မြန်၊ ၂။ ၂၄၈။ သံ၊ ဌ၊ ၃။ ၁၁။ သံ၊ ဋ္ဌ၊ ၂။ ၂၉၁။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊
၄–ဇာတိဝမ္မဝဂ္ဂ၊ ပထမသုတ်မှ ဒသမသုတ်အထိ (၁၀)သုတ်။

အလုံးစုံသောအရာတို့သည် ဇာတိဝမ္မ, ဇရာဝမ္မ, ဗျာဓိဝမ္မ, မရဏဝမ္မ, သောကဝမ္မ, သံကိလေသဝမ္မ, ခယဝမ္မ, ဝယဝမ္မ, သမုဒယဝမ္မ, နိရောဓဝမ္မ ဖြစ်ကုန်၏။ အဇ္ဈတ္တိကာယတန(၆)ပါး၊ ဗဟိဒ္ဓါယတန(၆)ပါး၊ ဝိညာဉ်(၆)ပါး၊ ဖဿ(၆)ပါး၊ ဝေဒနာ(၁၈)ပါးတို့ကို ထိုဇာတိဝမ္မအစရှိသော (၁၀)မျိုးသော သဘောရှိကုန်၏ဟု သိမြင်သော အရိယာသာဝကသည် ထိုအဇ္ဈတ္တိကာယတနအစရှိသော တရားတို့၌ နိဗ္ဗိန္ဒဉာဏ်, ဝိရာဂဉာဏ်, ဝိမုတ္တိဉာဏ်တို့ အဆင့်ဆင့်ဖြစ်ပေါ်လာပြီး ခီဏာ ဇာတိ အစရှိသော ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဘဝအားလုံးမှ လွတ်မြောက်ပြီးပုံကို သိ၏ဟု တစ်ပါးစီ တစ်ပါးစီ အကျယ်အားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်များ။

♦ အဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

ဧလိယသုတ္တ

– ဒီ၊ ဘ။ ဘ၅၁–၂။ ဒီ၊ မြန်၊ ဘ။ ဘ၈၁–၃။ ဒီ၊ ဌ၊ ဘ။ ၂၈၂–၆။
ဒီ၊ ဋ္ဌ၊ ဘ။ ၃၄၄–၆။သီ၊ ဋ္ဌ၊ သစ်၊ ၂။ ၃၄၁–၅။
– ဒီဃနိကာယ၊ သီလက္ခန္ဓဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် ဝံသနိုင်ငံ ကောသမ္မီမြို့ ယောသိတာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မုဏ္ဍိယနှင့် ဇာလိယဟူသော ပရိဗိုဇ်ရဟန်း(၂)ပါး ရောက်လာကြပြီး ဘုရားရှင်အား အညတိတ္ထိယတို့၏ အယူဖြစ်သော ''**တံ ဇီဝံ တံ သရီရံ၊ အညံ ဇီဝံ အညံ သရီရံ**'' ဟူသော ပုစ္ဆာတစ်စုံ မေးလျှောက်ကြပါသည်။

ဘုရားရှင်က အဖြေမပေးသေးပဲ ဘုရားဖြစ်တော်မူသည်ကစ၍ သာမည ဖလသုတ် ဒေသနာတော်အတိုင်း သီလသမ္ပန္နဖြစ်ပုံ၊ ရူပစျာန်လေးပါးနှင့် ပြည့်စုံပုံတို့ကို ဟောတော်မူပါသည်။ စျာန်တစ်ပါးပြီးတိုင်း စျာန်ရပုဂ္ဂိုလ်သည် 'တံ ဇီဝံ' အစရှိသောစကားတို့ကို ပြောဆိုခြင်းငှာ သင့်မည်လောဟု မေးတော်မူပါသည်။ ပရိဗိုဇ်တို့က သင့်ပါသည်ဟု ဖြေကြားကြပါသည်။ ထိုသို့ သိတော်မူခြင်းကြောင့် ငါဘုရားသည် 'တံ ဇီဝံ' အစရှိသည်တို့ကို ဟောတော်မမူပုံကို မိန့်ကြားတော်မူပါသည်။

ဝိပဿနာဉာဏ်ဖြစ်ပုံ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြစ်ပုံ, ရဟန္တာဖြစ်ပုံအထိ ဟောတော်မူပြီး ဓမ္မကထာတစ်ခုပြီးတိုင်း တစ်ခါမေးတော်မူပါသည်။ ရဟန္တာဖြစ်ပြီးပုံကို ဟောတော်မူပြီး မေးတော်မူသည့်အခါ ပရိဗိုဇ်များက ရဟန္တာပုဂ္ဂိုလ်သည် 'တံ ဇီဝံ' အစရှိသောစကားကို မပြောဆိုတော့ပါဟု လျှောက်ထားကြပါသည်။ ဘုရားရှင်က ဤသို့ သိတော်မူ မြင်တော်မူသောကြောင့် 'တံ ဇီဝံ' အစရှိသည်တို့ကို ငါဘုရား ဟောတော်မမူဟု မိန့်တော်မူပါသည်။ ပရိဗိုဇ်များက ဘုရားရှင်၏ ဓမ္မဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံသွားပုံကို ဟောတော်မူသည့် သုတ်။

♦ အဌကထာ၌ ယောသကသူဌေးအကြောင်း, ယောသိတာရုံကျောင်း

သမိုင်း၊ သူဌေးသုံးဦး ကိုးကွယ်သောရသေ့များ ဘုရားရှင်ပွင့်တော်မူပုံကို သိသွား၍ ဘုရားရှင်ထံ ရောက်ရှိကျွတ်တမ်းဝင်ကြပုံ၊ ကောသမ္မီမြို့၌ ဘုရားရှင်သီတင်းသုံးရန် ကျောင်းတိုက်ကြီးသုံးတိုက် ဆောက်လုပ်လှူဒါန်းကြပုံ၊ မုဏ္ဍိယနှင့် ဇာလိယပရိုဗိုဓ် များအကြောင်း၊ ယင်းပရိုဗိုဓ်တို့က ဝါဒတင်လို၍ ပြဿနာမေးပုံအကြောင်း၊ ပုထုဇဉ် သည် ဝိစိကိစ္ဆာရှိနေ၍ 'တံ ဇိဝံ' အစရှိသည်တို့ကို ပြောနိုင်ကြောင်း၊ ရဟန္တာ ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာကိုလွန်မြောက်ပြီးဖြစ်၍ မပြောတော့ကြောင်း ပရိုဗိုဓ်များ၏ အယူအဆ အစရှိသည်တို့ကို ဖွင့်ပြထားပါသည်။

♦ ဌီကာဟောင်း၌လည်း မှတ်သားဖွယ်ရာများကို ဖွင့်ပြထားပါသည်။

♦ ဌီကာသစ်၌ အလ္လကပ္ပရဋ္ဌကို 'အဒ္ဒိလရဋ္ဌ' ဒမိဠရဋ္ဌ–ဟု အရေးအသား ရှိကြောင်း၊ တိရစ္ဆာန်နှင့် လူတို့၏ သဘာဝခြားနားချက်၊ ယောသကနတ်သား နတ်ဖြစ်ခြင်းအကြောင်း၊ ယင်း၏အသံပျံ့နှံ့ပုံ၊ နတ်ပြည်မှ စုတေခြင်းအကြောင်း၊ ဒီဃဘာဏကနှင့် ဓမ္မပဒဘာဏကတို့ အဆိုအမိန့် မတူပုံ၊ သူဌေးကြီးသုံးဦး သောတာပန်အရိယာသာဝကဖြစ်ပုံ၊ တံဇိဝံသည် ဥစ္ဆေဒဝါဒ, အညံဇိဝံသည် သဿတဝါဒဖြစ်ပုံ၊ အရိယမဂ္ဂသည် မဇ္ဈိမပဋိပဒါ၊ ပရိုဗိုဓ်များ၏ 'နာ ကလ္လံ တသေတံ'ဟု လျှောက်ထားခြင်းအကြောင်း အစရှိသည်တို့ကို ဖွင့်ပြထားပါ သည်။

❖ ❖ ❖

ဓိဂုဏ္ဌိတဗ္ဗသုတ္တ

– အံ၊ဘ။ဘ၂၄–၅။ အံ၊မြန်၊ဘ။ ဘ၄၂–၃။ အံ၊ဌ၊၂။ ၉၄–၅။ အံ၊ဋ္ဌ၊၂။ ၉၄။
– အဂ်ုတ္တရနိကာယ၊ တိကနိပါတ၊ ပဌမပဏ္ဏာသက၊ ၃–ပုဂ္ဂလဝဂ္ဂ၊ သတ္တမသုတ်။

(၁) ဒိဋ္ဌာနုဂတိလိုက်၍ ကျင့်နိုင်ခြင်း, မကောင်းသတင်း ကျော်စော နိုင်ခြင်းကြောင့် မစင်တွင်း၌ကျနေသော မြွေနှင့်တူသော စက်ဆုတ်ရွံမုန်းအပ် မမှီဝဲထိုက် မဆည်းကပ်ထိုက် မချဉ်းကပ်ထိုက်သော ဒုဿီလ, ပါပဓမ္မ, အသုစိ သင်္ကာသရသမာစာရ, ပဋိစ္ဆန္နကမ္မန္တ, အဿမဏော သမဏာပဋိဇ္ဇ, အဗြဟ္မစာရီ

ဗြဟ္မစာရိပဋိညဉ်, အန္တောပူတိ, အဝဿုတ, ကသမ္ဘုဇာတပုဂ္ဂိုလ်။

(၂) အမျက်ထွက်နိုင်, ဘေးကိုပြ၍ခြိမ်းခြောက်နိုင်, အကျိုးမဲ့ကိုပြုနိုင်သောကြောင့် သစ်သားထင်းမီးစ, မစင်တွင်းတို့နှင့်တူသော လျစ်လျူရှုထိုက်, မမှီခဲထိုက်, မဆည်းကပ်ထိုက်, မချဉ်းကပ်ထိုက်သော အမျက်ထွက်တတ်, မျှားစွာပင်ပန်းတတ်, အနည်းငယ်မျှသောစကားဖြင့် အမျက်ထွက်မှု, စိတ်ဆိုးမှု, မနှစ်သက်မှုကို ထင်ရှားစွာ ပြုတတ်သောပုဂ္ဂိုလ်။

(၃) ဒိဋ္ဌာနုဂတိသို့လိုက်၍ မကျင့်စေကာမူ ကောင်းသောကျေးဇူး ဂုဏ်သတင်း ကျော်စောခြင်းဖြစ်နိုင်သော မှီခဲထိုက်,ဆည်းကပ်ထိုက် ချဉ်းကပ်ထိုက်သော သီလဝန္တ, ကလျာဏဓမ္မပုဂ္ဂိုလ်ဟူသော ပုဂ္ဂိုလ်သုံးမျိုးကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ပြချက်များ ပါရှိပါသည်။

❖ ❖ ❖

ဇိဏ္ဏာသုတ္တ

– သံ၊ ၁။၄၀၅–၆။ သံ၊ မြန်၊ ၁။ ၃၉၃–၅။ သံ၊ ဌ၊ ၂။၁၅၉–၁၆၂။ သံ၊ ဋီ၊ ၂။၁၆၀–၁။

– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၅–ကဿပသံယုတ္တ၊ ပဌမသုတ်။

မိမိ၏ ဒိဋ္ဌဓမ္မသုခဝိဟာရဖြစ်ခြင်း၊ နောင်လာနောက်သား ရဟန်းအများ၏ ဒိဋ္ဌာနုဂတိသို့ လိုက်၍ကျင့်သုံးကြခြင်းကြောင့် ရှည်မြင့်စွာသော ညဉ့်နေတို့ပတ်လုံး ဟိတသုခကို ခံစားနိုင်ခြင်းဟူသော အကျိုးထူးနှစ်မျိုးတို့ သိမြင်ခြင်းကြောင့် ဓုတင်ကျင့်သုံးခြင်း၊ အပ္ပိစ္ဆ, သန္တုဋ္ဌိ, ပဝိဝိတ္တ, အသံသဋ္ဌ, အာရဒ္ဓဝီရိယပုဂ္ဂိုလ်ဖြစ်အောင် ကျင့်သုံးခြင်း၊ ယင်းတို့၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဟောပါကြောင်း အရှင်မဟာကဿပထေရ်၏ သီဟနာဒကို မြွက်ကြားစေလို၍ ''ဇိဏ္ဏာသိဒါနိ' အစရှိသော စကားကို ဘုရားရှင် မိန့်ကြားတော်မူသည့်သုတ်။

♦ အဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် အကျယ်ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဓီဝကသုတ္တ (၂)

– မ၊ ၂။ ၃၁–၅။ မ ပြုန်၊ ၂။ ၃၇–၄၀။ မဌ၊ ၃။ ၃၂–၆။ မ ဋီ၊ ၃။ ၂၄–၂၇။ – မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ၊ ၁–ဂဟပတိဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ သမားတော်ကြီးဆရာဇီဝက၏ သရက်ဥယျာဉ်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆရာဇီဝကရောက်ရှိလာပြီး ဘုရားရှင်အား အာဇီဝကများ၏ တိကောဋိပရိသုဒ္ဓမရှိသော အသားဘုဉ်းပေးမှုနှင့် စပ်လျဉ်း၍ စွပ်စွဲချက် မှန်၊ မမှန် လျှောက်ထားပါသည်။ ဘုရားရှင်က ထိုအာဇီဝကတို့ ပြောဆိုသောစကား မမှန်ကြောင်း မိန့်ကြားတော်မူပြီး၊ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားသံသယရှိခြင်းဟူသော အကြောင်းသုံးပါးဖြင့် အသားကို မဘုဉ်းပေး မသုံးဆောင်အပ်၊ မမြင်ခြင်း၊ မကြားခြင်း၊ ယုံမှားသံသယမရှိခြင်း ဟူသော အကြောင်းသုံးပါးဖြင့် အသားကို ဘုဉ်းပေးသုံးဆောင်ရမည်ဟု ငါဘုရား ဟောကြားတော်မူ၏။

ဘုရားရှင်က ဤငါဘုရား သာသနာတော်၌ ရဟန်းတော်တစ်ပါး ရှာ၊ နိုဂုံး တစ်ခုခု၌ သီတင်းသုံးနေထိုင်ပြီး ဗြဟ္မဝိဟာရ တရား(၄)ပါးကို အရပ်လေးမျက်နှာ အထက်အောက်အရပ်မျက်နှာ အားလုံးပြန့်နှံ့နေအောင် ''ဝိပုလ မဟဂ္ဂတ အပ္ပမာဏ အဝေရ အဗျာပဇ္ဈ''–ဖြစ်အောင် ပွားများနေသည့်အခါ ဂဟပတိ ဂဟပတိပုတ္တာ တစ်ဦးဦးက ဆွမ်းဘုဉ်းရန် ပင့်လျှောက်လာခဲ့၊ ထိုရဟန်းတော်သည် ထိုပင့်ဖိတ်ရာအိမ်သို့ ကြွရောက်ပြီး ခင်းထားသောနေရာ၌ သီတင်းသုံးနေ၏။ ထိုရဟန်းတော်အား အလှူရှင်များက ပဏီတဆွမ်းခဲဖွယ်ဖြင့် ပြုစုလုပ်ကျွေး၏။ ထိုရဟန်းအား ဤဂဟပတိ ဂဟပတိပုတ္တာသည် ပဏီတပိဏ္ဍပါတဖြင့် ပြုစုလုပ်ကျွေးပါမူ ကောင်းလေစွဟုလည်းကောင်း ဤဂဟပတိ ဂဟပတိပုတ္တာသည် နောင်အခါ၌လည်း ပဏီတပိဏ္ဍပါတဖြင့် ပြုစုလုပ်ကျွေးပါမူ ကောင်းလေစွဟုလည်းကောင်း မကြံမစီ ထိုရဟန်းတော်သည် ထိုဆွမ်းကို အဂထိတ, အမုစ္ဆိတ,

အနဇ္ဇောပန္န, အာဒီနဝဒဿာဝီ, နိဿရဏာပညေ–ဖြစ်အောင် ဘုဉ်းပေးသုံးဆောင်၏။ ထိုရဟန်းတော်သည် ထိုဆွမ်းဘောဇဉ်ကို ဘုဉ်းပေးသုံးဆောင်ရာအခါ၌ အတ္တဗျာဘာဝ, ပရဗျာဘာဝ, ဥဘယ ဗျာဘာဝဖြစ်အောင် အားထုတ်နေသလောဟု ဘုရားရှင်က မေးမြန်းတော်မူပါသည်။

သမားတော်ကြီး ဆရာဇီဝကက ထိုသို့မဟုတ်ပါ ထိုရဟန်းတော်သည် ထိုအခါ၌ အနဝဇ္ဇအာဟာရကိုသာ ဘုဉ်းပေးနေပါ၏။ မြတ်စွာဘုရား ဗြဟ္မာသည် ဗြဟ္မဝိဟာရ တရား(၄)ပါးကို ပွားများလျက်နေ၏ ဟူသောစကားကို အကျွန်ုပ်ကြား ဖူးပါသည်။ မြတ်စွာဘုရား အကျွန်ုပ်သည် ထိုစကားကို ယခု မျက်ဝါးဝါးထင်ထင် တွေ့မြင်နေရပါပြီ မြတ်စွာဘုရားသည် ဗြဟ္မဝိဟာရဖြင့် နေလေ့ရှိသူဖြစ်ပါ၏ဟု လျှောက်၏။

ဇီဝက ဗျာပါဒကို ဖြစ်စေတတ်သော ရာဂ, ဒေါသ, မောဟကို ငါဘုရား ပယ်စွန့်ပြီးပြီ၊ အဝိဇ္ဇာ, တဏှာဟူသောအမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးပြီ၊ ထန်းပင်၏ တည်နေရာကဲသို့ ဖြစ်အောင်ပြုပြီးပြီ၊ နောက်ထပ် တစ်ဖန်မဖြစ်အောင် ပြုအပ်ပြီးပြီ၊ နောင်အခါ (ငါဘုရားသန္တာန်ဝယ်)ဖြစ်ခြင်း မရှိတော့ပြီ။

ဇီဝက (ဗြဟ္မာကြီးသည် ဗျာပါဒအစရှိသော တရားတို့ကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်အပ်ပြီ၊ ငါဘုရားသည် သမုစ္ဆေဒပဟာန်ဖြင့် ပယ်အပ်ပြီဟူသော ဤစကားကို သင်ရည်ရွယ်၍ ပြောဆိုသည်ဖြစ်အံ့။ သင်၏ ထိုစကားကို ငါဘုရားခွင့်ပြု(ဝန်ခံ)တော်မူ၏ဟု ဘုရားရှင်က မိန့်တော်မူပြီး မြတ်စွာဘုရား ထိုစကားကိုသာရည်ရွယ်၍ လျှောက်ထားပါ၏ဟု သမားတော်ကြီး ဆရာဇီဝကက လျှောက်ထားပါသည်။

ဇီဝက 'ငါဘုရားကိုဖြစ်စေ၊ ငါဘုရား၏ တပည့်သာဝကကိုဖြစ်စေ ရည်ရွယ်၍ သတ္တဝါကိုသတ်သောသူသည် အကြောင်းငါးမျိုးတို့ဖြင့် များစွာသော အကုသိုလ်ကို ပွားစေသူဖြစ်ကြောင်း၊ ထိုအကြောင်းငါးမျိုးနှင့် ဗြဟ္မဝိဟာရလေးပါး ပွားများပုံကို တစ်ပါးစီ တစ်ပါးစီ အကျယ်ဟောတော်မူပါသည်။ ဤသုတ်၌ တိကောဋ္ဌ ပရိသုဒ္ဓ မံသမစ္ဆကို ရဟန်းတော်များ ဘုဉ်းပေးကြောင်း, ဗြဟ္မဝိဟာရ

တရားကို တိုးပွားများကြောင်း, လှုံ့မည်ဟုရည်ရွယ်၍ သတ္တဝါကိုသတ်သော အလှူရှင်တို့ မျှားစွာသော အကုသိုလ်ပွားကြောင်းငါးပါးတို့ကို ဘုရားရှင် ဟောတော်မူပါသည်။

♦ အဌကထာ, ဋီကာတို၌ ဇီဝက၏ အဌပ္ပတ္တိအကျဉ်းနှင့် သိမှတ်ဖွယ် အနက်အဓိပ္ပါယ်များကို အကျယ်ဖွင့်ဆိုထားပါသည်။

– အံ၊ ၃။ ၅၇–၈။ အံ၊ မြန်၊ ၃။ ၅၇–၈။ အံ၊ ဌ၊ ၃။ ၂၂၃။

– အဂ္ဂတ္တရနိကာယ၊ အဌကနိပါတ၊ ၁–ပဌမပဏ္ဏာသက၊ ၃–ဂဟပတိဝဂ္ဂ၊ ဆဌသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့, ဇီဝက၏အမွှေးနန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သမားတော်ကြီး ဆရာဇီဝက၏ မေးမြန်းလျှောက်ထားချက်အရ ဥပါသကဖြစ်ထိုက်သူ, ဥပါသကာ၏သီလ၊ အတ္တဟိတာယ နော ပရဟိတပဋိပန္ဒ ဥပါသကာ၊ အတ္တဟိတာယစ ပရဟိတာယစ ပဋိပန္ဒဥပါသကာတို့၏ အရည်အချင်းနှင့် ဆောင်ရွက်ချက် (၈)မျိုးစီတို့ကို ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

❖ ❖ ❖

ဇီဝကမ္ဗဝနပဋိသလ္လာနသုတ္တ

– သံ၊ ၂။ ၃၅၆။ သံ၊ မြန်၊ ၂။ ၃၅၁။ သံ၊ ဌ၊ ၃။ ၄၈။

– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁– သဠာယတနသံယုတ္တ၊ (၁၆)၁–နန္ဒိက္ခယဝဂ္ဂ၊ ဆဌသုတ်။

အာရုံများစွာ ဖဲကြဉ်ခွာ၍ သင့်ရာရည်မှန်းကမ္မဋ္ဌာန်း၌ စွဲလမ်းကပ်ငြိဖော်မရှိဘဲ တစ်ပါးတည်း ကိန်းအောင်းသောရဟန်းသည် ဒွါရ(၆)ပါး, အာရုံခြောက်ပါး, ဝိညာဏ်(၆)ပါး, ဖဿ(၆)ပါး, ဝေဒနာ(၆)ပါးတို့၌ အနိစ္စဟု မျက်မှောက်ပြုနိုင်၏။ ထင်ထင်ရှားရှားသိနိုင်၏။ တစ်ပါးတည်းကိန်းအောင်းမှု 'ပဋိသလ္လာန'၌ အားထုတ်ကြကုန်လျှင် အာယတန တစ်ပါးစီ တစ်ပါးစီခွဲခြမ်း၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဇီဝကမ္မဝနသမာဓိသုတ္တ

– သံ။ ၂။ ၃၅၆။ သံ၊ မြန်၊ ၂။ ၃၅၁။ သံ၊ ဋ္ဌ၊ ၃။ ၄၈။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊ (၁၆)၁– နန္ဒိက္ခယဝဂ္ဂ၊ ပဌမသုတ်။

သမာဓိကိုပွားများကြ၊ သမာဓိရှိသော ရဟန်းသည် ဒွါရ(၆)ပါး၊ အာရုံ(၆) ပါး၊ ဝိညာဏ်(၆)ပါး၊ ဖဿ(၆)ပါး၊ ဝေဒနာ(၆)ပါးတို့ကို အနိစ္စဟု မှန်ကန်စွာ သိနိုင်၏ဟု မဂဝနိုင်ငံ ရာဇဂြိုဟ်မြို့ သမားတော်ဆရာဇီဝက၏ သရက်ဥယျာဉ် ကျောင်းတော်၌ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဇီဝိကသုတ္တ

– ဣတိဝုတ်။ ၂၅၅–၆။ ဣတိဝုတ်၊ မြန်။ ၂၄၀–၁။ ဣတိဝုတ်၊ ဋ္ဌ။ ၂၇၆–၉။
– ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ ၃–တိကနိပါတ၊ ၅–ပဌမဝဂ္ဂ၊ ဒုတိယသုတ်။

ဆွမ်းခံစား၍ အသက်မွေးခြင်းသည် ယုတ်ညံ့သော အသက်မွေးခြင်းဖြစ်ပုံ၊ ဆဲရေးခံရပုံ၊ ကုလပုတ္တတို့သည် အကျိုးနှင့်စပ်သောအကြောင်း (အကြောင်းနှင့်စပ်သောအကျိုးထူး)ကိုစွဲ၍ ထိုအသက်မွေးမှုကို ပြုကြကုန်၏။

မင်းဘေး, ခိုးသူဘေး, ကြွေးမြီမဆပ်နိုင်ခြင်း, ကြွင်းသောဘေး အန္တရာယ် နှိပ်စက်ခြင်း, အသက်မွေးရန်ခက်ခဲခြင်းဟူသော အကြောင်းတို့ကြောင့် ရဟန်းပြုသူများသည် အခြေအနေကြောင့် ရဟန်းပြုကြရခြင်းကြောင့် သဒ္ဓါပဗ္ဗဇိတမဟုတ်၊ ဘယာပဗ္ဗဇိတများ ဖြစ်ကြသည်။

ကုလပုတ္တများသည် ဆင်းရဲဒုက္ခကုန်ဆုံးရေးအတွက် ရဟန်း ပြုကြသည်။ ထိုကဲ့သို့ ရည်ရွယ်ချက်ကောင်းခဲ့သော်လည်း အဘိဇ္ဈာများခြင်း၊ ကာမဂုဏ်တို့၌ ပြင်းထန်စွာတပ်မက်ခြင်း၊ ဖောက်ပြန်သော စိတ်ရှိခြင်း၊ ပြစ်မှားလိုသော စိတ်အကြံ ရှိခြင်း သတိလွတ်ခြင်း၊ ပညာအဆင်အခြင်မရှိခြင်း၊ စိတ်မတည်ငြိမ်ခြင်း၊ စိတ် ပျံ့လွင့်ခြင်း၊ ဣန္ဒြေမစောင့်စည်းခြင်းဟူသော တရားတို့ဖြစ်နေသောရဟန်းသည်

လူသေကောင်ကို မီးရှို့ရာ အသုံးပြုထားသဖြင့် အစွန်းနှစ်ဖက်၌ မီးလောင်ထားသော အလယ်၌ မစင်လိမ်းကျံပေနေသော ထင်း(ကုလား) တုံးသည် ရှာ၌ထင်းအဖြစ်လည်း သုံး၍မရ၊ တောင်၌လည်း အသုံးမကျသကဲ့သို့ လူ့စည်းစိမ်မှလည်း ဆုတ်ယုတ်၊ ရဟန်းပြုခြင်းအကျိုးမှလည်း ဆုံးရှုံးပျက်စီး၏ဟု ဘုရားရှင် ဟောတော်မူသည်ကို နာယူခဲ့ရကြောင်းကို ခုဇ္ဇတ္တုရာက သာမာဝတီအမှူးရှိသော မိဖုရားငါးရာတို့အား ဟောကြားသည်သုတ်။

♦ အဋ္ဌကထာ၌ ဤသုတ်တော်ဖြစ်ပေါ်လာခဲ့ပုံ အဋ္ဌပ္ပတ္တိနှင့်တကွ မှတ်သားဖွယ်ရာများကို အကျယ်ဖွင့်ဆို၍ ပြထားပါသည်။

❖ ❖ ❖

ဇိဝိတိန္ဒြိယသုတ္တ

– သံ၊ ၃။ ၁၇၉။ သံ၊ မြန်၊ ၃။ ၁၈၅။ သံ၊ ဌ၊ ၃။ ၂၆၉။ သံ၊ ဋ္ဌ၊ ၂။ ၄၉၃။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၄–ဣန္ဒြိယသံယုတ္တ၊
၃–ဆဋ္ဌိန္ဒြိယဝဂ္ဂ၊ ဒုတိယသုတ်။

ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇိဝိတိန္ဒြေဟု ဝဋ္ဋဣန္ဒြေသုံးပါးကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

ဇောတဝနသုတ္တ

– သံ၊ ၁။ ၃၁။ သံ၊ မြန်၊ ၁။ ၃၀–၁။ သံ၊ ဌ၊ ၁။ ၈၄။ သံ၊ ဋ္ဌ၊ ၁။ ၁၂၄။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁–ဒေဝတာသံယုတ္တ၊
၅–အာဒိတ္တဝဂ္ဂ၊ အဋ္ဌမသုတ်။

ဇောတဝန်ကျောင်းတော်ဘွဲ့၊ သတ္တဝါတို့(သံသရာဝဋ်မှ) စင်ကြယ်ကြောင်းတရား(၅)ပါး၊ စင်ကြယ်နိုင်သည့်နည်းလမ်း၊ အရှင်သာရိပုတ္တရာ အား ဂုဏ်ပြုပူဇော်

သောဂါထာတို့ဖြင့် အနာထပိဏ္ဍိကနတ်သားက ဘုရားရှင်အား လာရောက်လျှောက်ထားပုံကို ပြဆိုသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

ဗျာနသုတ္တ (၂)

– အံ၊ ၃။ ၂၂၀–၄။ အံ၊ မြန်၊ ၃။ ၂၂၀–၄။ အံ၊ ဌ၊ ၃။ ၂၇၇–၉။ အံ၊ ဋီ၊ ၃။ ၂၉၈–၉။
– အဂုံတွာရနိကာယ၊ နဝကနိပါတ၊ ပဌမပဏ္ဏာသက၊ ၄–မဟာဝဂ္ဂ၊ ပဌမသုတ်။

ရူပါရူပသမာပတ်(၈)ပါး, နိရောဓသမာပတ်တို့၌ ခန္ဓာငါးပါးတရားတို့ကို အနိစ္စ, ဒုက္ခ, ရောဂ, တဏှာ, သလ္လ, အဃ, အာဗာဓ, ပရ, ပလောက, သုညဿ, အနတ္တအားဖြင့် ရှုသောယောဂိပုဂ္ဂိုလ်သည် ထိုခန္ဓာငါးပါးတရားတို့မှ စိတ်ကို နစ်စေ၍ နိဗ္ဗာနဓာတ်သို့ စိတ်ကိုရောက်အောင်ဆောင်၏။ ထိုယောဂိပုဂ္ဂိုလ်သည် ထိုနိဗ္ဗာန်အာရုံ၌တည်လျှက် အာသဝေါတရားတို့ ကုန်ခြင်းသို့ရောက်၏ အစရှိသည်ဖြင့် လေးသမားဥပမာဖြင့် သမာပတ်တစ်ပါးစီ တစ်ပါးစီ ရှုမှတ်ပုံ၊ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်လျှင် သြရမ္ဘာဂိယသံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် ထိုထိုသမာပတ်၏ဘုံ၌ သြပပါတိက ပဋိသန္ဓေနေ၍ အောက်ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် မပြန်တော့ပုံကို သမာပတ်တစ်ပါးစီ တစ်ပါးစီ အကျယ်ဝေဖန်၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

– အံ၊ ၃။ ၂၆၄–၅။ အံ၊ မြန်၊ ၃။ ၂၆၅–၆။ အံ၊ ဌ၊ ၃။ ၂၈၈။
– အဂုံတွာရနိကာယ၊ ဒသကနိပါတ၊ ပဌမပဏ္ဏာသက၊ ၁–အာနိသံသဝဂ္ဂ၊ အဋ္ဌမသုတ်။

သဒ္ဓါ, သီလ, ဗဟုသုတ, ဓမ္မကထိက, ပရိသာဝစရ, ဝိသာရဒေါ ပရိသာယ ဓမ္မဒေသက, ဝိနယဓရ, အာရညိက ပန္တသေနာသန, အာဘိစေတသိကာဒီနံ စတုန္နံ ဈာနာနံ နိကာမလာဘီ, အာသဝက္ခယပုဂ္ဂိုလ်များဖြစ်အောင် အဆင့်ဆင့်အားထုတ်ရမည်။ ထိုပုဂ္ဂိုလ်များဖြစ်လျှင် သမန္တပါသာဒိက, သဗ္ဗာကာရ

ပရိပ္ပူရပုဂ္ဂိုလ်ဖြစ်ကြောင်း ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည့်သုတ်။

❖ ❖ ❖

စာနုပဋ္ဌာသုတ္တ

- သံ၊ ၂။ ၄၅၇။ သံ၊ မြန်၊ ၂။ ၄၅၂။ သံ၊ ဌ၊ ၃။ ၁၂၉။ သံ၊ ဋီ၊ ၂။ ၃၆၉။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၆–မောဂ္ဂလ္လာနသံယုတ္တ၊ ပဌမသုတ်။

ပဌမစျာန်ကိုကြံစည်ခဲ့ပုံ၊ ပထမစျာန်ရခဲ့ပုံ၊ ကာမသဟဂတာသညာ မနသိကာရတို့ဖြစ်ပေါ်လာပုံ၊ ဘုရားရှင်တန်ခိုးတော်ဖြင့် စီစဉ်ညွှန်ကြားပုံ၊ ''သတ္ထာရာ နုဂ္ဂဟိတ မဟာဘိညပတ္တသာဝက''ဟု ပြောဆိုသူသည် မိမိကိုပြောဆိုလျှင် မှန်ကန်စွာ ပြောဆိုရာရောက်ပုံကို အရှင်မောဂ္ဂလာန်က ဇော်တဝန်ကျောင်းတော်၌ ရဟန်းတို့အား ဟောကြားသည့်သုတ်။

♦ အဌကထာ, ဋီကာတို့၌ ကာမသဟဂတာအဖွင့်နှင့် သိမှတ် ဖွယ်ရာများကို ဖွင့်ဆိုထားပါသည်။

- သံ၊ ၂။ ၄၅၈။ သံ၊ မြန်၊ ၂။ ၄၅၂-၃။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၆–မောဂ္ဂလ္လာနသံယုတ္တ၊ ဒုတိယသုတ်။

ဒုတိယစျာန်နှင့်ဆက်စပ်၍ အထက်ပါသုတ်အတိုင်း အရှင်မောဂ္ဂလာန်ထေရ် ရဟန်းတို့အား ဟောကြားတော်မူသည့်သုတ်။

- သံ၊ ၂။ ၄၅၈–၉။ သံ၊ မြန်၊ ၂။ ၄၅၃–၄။

တတိယစျာန်နှင့်ဆက်စပ်၍ ပထမစျာန်အတိုင်း အရှင်မောဂ္ဂလာန်ထေရ် ရဟန်းတို့အား ဟောကြားတော်မူသည့်သုတ်။

- သံ၊ ၂။ ၄၅၈–၉။ သံ၊ မြန်၊ ၂။ ၄၅၃–၄။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၆–မောဂ္ဂလ္လာနသံယုတ္တ၊

တတိယသုတ်။

တတိယစျာန် ဖြစ်ပေါ်ရရှိပုံနှင့်ဆက်စပ်၍ ပဌမစျာန်အတိုင်း အရှင်မောဂ္ဂလာန်ထေရ်က ရဟန်းတို့အား ဟောကြားတော်မူသည်သုတ်။

- သံ၊ ၂၊ ၄၅၉။ သံ၊ မြန်၊ ၂။ ၄၅၃-၄။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၆-မောဂ္ဂလ္လာနသံယုတ္တ၊ စတုတ္ထသုတ်။

စတုတ္ထစျာန်နှင့်ဆက်စပ်၍ ရရှိပုံ၊ ဘုရားရှင် ချီးမြှောက်တော်မူပုံ၊ မဟာဘိညပတ္တဖြစ်ပုံကို ရဟန်းတို့အား အရှင်မောဂ္ဂလာန် ဟောတော်မူသည်သုတ်။

❖ ❖ ❖

စျာနာဒိသုတ္တ (၁၃)

- သံ၊ ၃။ ၂၆၇။ သံ၊ မြန်၊ ၃။ ၂၆၉။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၈-အနုရုဒ္ဓသံယုတ္တ၊ ဒုတိယဝဂ္ဂ၊ ဇကာဒသမသုတ်။

သတိပဋ္ဌာန်လေးပါးတရားတို့ကို ပွားများခြင်း ကြိမ်ဖန်များစွာ အလေ့အလာပြုခြင်းကြောင့် စျာန ဝိမောက္ခ သမာဓိ သမာပတ္တိ သံကိလေသ ဝေါဒါနဝုဋ္ဌာနတို့ကို မှန်ကန်သည့်အတိုင်း ကွဲကွဲပြားပြား သိနိုင်၏ဟု ရဟန်းတို့အား အရှင်အနုရုဒ္ဓါ မထေရ် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ ဟောတော်မူသည်သုတ်။

- သံ၊ ၃။ ၂၆၈။ သံ၊ မြန်၊ ၃။ ၂၇၁။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၉-စျာနသံယုတ္တ၊ ၁-ဂဂ်ိပေယျာလဝဂ္ဂ၊ ပဌမ---ဒွါသမသုတ်။

ဂဂ်ိမြစ်သည် အရှေ့ဖက်သို့ ညွှတ်ယိမ်းကိုင်းရှိုင်း စီးဆင်းသွားသကဲ့သို့ ရူပါဝစရစျာန်လေးပါးတို့ကို ပွားများသည်ရှိသော် ကြိမ်ဖန်များစွာ အလေ့အလာ , ပြုအပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွှတ်ယိမ်းကိုင်းရှိုင်းလေတော့၏ဟု စျာန်တစ်ပါးစီ

တစ်ပါးစီ ဖြစ်စေပုံ ပွားများပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဗျာနာဘိညသုတ္တ

– သံ၊ ၁။၄၁၂–၅။ သံ၊ မြန်၊ ၁။ ၄၀၁–၅။ သံ၊ ဋ္ဌ၊ ၂။ ၁၆၂။ သံ၊ ဋီ၊ ၂။ ၁၆၂။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၅–ကဿပသံယုတ္တ၊ နဝမသုတ်။

ငါဘုရားသည် သမာပတ်(၈)ပါး, အဘိညာဉ်(၅)ပါး, စေတောဝိမုတ္တိ, ပညာဝိမုတ္တိတို့ကို အလိုရှိသလို ဝင်စားနိုင် သိတော်မူနိုင်သကဲ့သို့ ကဿပ သည်လည်း ယင်းတို့ကို အလိုရှိသလို ဝင်စားနိုင်၊ သိနိုင်ပေ၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဉာဏသုတ္တ (၂)

– သံ၊ ၂။ ၄၃၁။ သံ၊ မြန်၊ ၂။ ၄၂၆။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၂–ဝေဒနာသံယုတ္တ၊
  ၃–အဋ္ဌသတ ပရိယာယဝဂ္ဂ၊ ပဉ္စမသုတ်။

ဝေဒနာ, ဝေဒနာသမุဒယ, ဝေဒနာနိရောဓ, ဝေဒနာနိရောဓဂါမိနိပဋိပဒါ, ဝေဒနာယအသဒ, အာဒီနဝ, နိဿရဏဟူသော ပုဗ္ဗေအနုသုတ ဓမ္မတို့၌ စက္ခု, ဉာဏ, ပညာ, ဝိဇ္ဇာ, အာလောက–တို့ဖြစ်ပုံကို ရဟန်းတို့အား တစ်ပါးစီ တစ်ပါးစီ ဘုရားရှင် ဟောတော်မူသည်သုတ်။
–သံ၊ ၃။ ၂၂၅–၆။ သံ၊ မြန်၊ ၃။ ၂၂၈–၉။
–သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၇–ဣဒ္ဓိပါဒသံယုတ္တ၊ နဝမသုတ်။

ဆန္ဒသမာဓိပွဓာန သင်္ခါရသမန္နာဂတ ဣဒ္ဓိပါဒ, ဝီရိယသမာဓိပွဓာန သင်္ခါရ သမန္နာဂတ ဣဒ္ဓိပါဒ, စိတ္တသမာဓိပွဓာနသင်္ခါရသမန္နာဂတ ဣဒ္ဓိပါဒ, ဝိမံသာ ဓိပတိပွဓာနသင်္ခါရသမန္နာဂတဣဒ္ဓိပါဒဟုလည်းကောင်း၊ ယင်းဣဒ္ဓိဒါဒတို့ကို ပွား

အပ်ဇ၏ဟုလည်းကောင်း ပုဗ္ဗေအနနုဿုတဝမ္မတို့၌ စက္ခု, ဉာဏ, ပညာ, ဝိဇ္ဇာ, အာလောကတို့ဖြစ်ပေါ်လာပုံကို တစ်ပါးစီ တစ်ပါးစီ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဉာဏဝတ္ထုသုတ္တ (၂)

- သံ၊၁။၂၈၈–၂၉၀။ သံ၊မြန်၊၁။၂၇၄–ရ။ သံ၊ဌ၊၂။၆၂။ သံ၊ဋီ၊၂။ရ၇–ဇ။
- သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁–နိဒါနသံယုတ္တ၊ ၄–ကဠာရခတ္တိယဝဂ္ဂ၊ တတိယသုတ်။

ဇရာမရဏမှ သခ်ၸိရအထိ (၁၁)ပါးသော ပဋိစ္စသမုပ္ပါဒဝမ္မတို့တွင် တစ်ပါးစီ တစ်ပါးစီ၌ သစ္စဉာဏ် မဂ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြစ်ပုံ အတိတ် ကာလ, အနာဂတ်ကာလ သမဏ,ဗြာဟ္မဏများသည် ဤပဋိစ္စသမုပ္ပါဒဝမ္မတို့၌ ငါဘုရား ထူးသောဉာဏ်ဖြင့် သိသလို သစ္စဉာဏ်, မဂ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် သိကြသည်။ ဝမ္မဉာဏဟူသော မဂ်ဉာဏ်, အနွယဉာဏဟူသော ပစ္စဝေက္ခဏာ ဉာဏ်(၂)ပါး သန့်ရှင်း စင်ကြယ်ဖြူစင်သော အရိယာသာဝကကို ဒိဋ္ဌသမ္ပန္န, ဒဿနသမ္ပန္န, အာဂတော ဂ္ဂမံ သဒ္ဓမ္မံ, ပဿတိ ဂ္ဂမံ သဒ္ဓမ္မံ, သေက္ခဉာဏေန သမန္နာဂတ, ဝမ္မသောတသမာပန္န, အရိယနိဗ္ဗေဓိကပညေ, အမတဒ္ဓါရံ အာဟစ္စ တိဋ္ဌတိပုဂ္ဂိုလ်ဟု ဆိုအပ်ပုံကို ပဋိစ္စသမုပ္ပါဒဝမ္မ တစ်ပါးစီ တစ်ပါးစီ အကျယ်ဝေဖန်၍ ဉာဏဝတ္ထု(၄၄)ပါးတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ သိသင့်သော အဓိပ္ပါယ်များကို အကျယ်ဖွင့်ဆို ထားပါသည်။

- သံ၊၁။၂၉၀–၁။ သံ၊မြန်၊၁။၂ရရ–၈။ သံ၊ ဌ၊၂။ ၆၃။ သံ၊ ဋီ၊ ၂။ ရ၉။
- သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁–နိဒါနသံယုတ္တ၊ ၄–ကဠာရခတ္တိယဝဂ္ဂ၊ စတုတ္ထသုတ်။

အထက်သုတ်ပါ ပဋ္ဌာန်းသမ္ပယုတ်ဒဝမ္မ(၁၁)ပါးတို့တွင် တစ်ပါးစီတစ်ပါးစီ၌ ဇာတိကြောင့် ဇရာမရဏာဖြစ်၏ဟု သိသောဉာဏ်,ဇာတိမရှိလျှင် ဇရာမရဏာ မရှိနိုင်ဟု သိသောဉာဏ်, အတိတ်ကာလ၌ယင်းဉာဏ်(၂)ပါး, အနာဂတ်ကာလ၌ ယင်းဉာဏ် (၂)ပါး၊ ယင်းဝမ္မဋ္ဌိတိဉာဏ်ကိုခယဝမ္မ, ဝယဝမ္မ, ဝိရာဂဝမ္မ, နိရောဓဝမ္မဟု သိသောဉာဏ်ဟု (၇)ပါးစီပွားရကား ဉာဏဝတ္ထု (၁၁ x ၇)= ၇၇ပါးတို့ကို ရဟန်းတို့အား ဘုရားရှင် အကျယ်အားဖြင့် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ မှတ်သားဖွယ်ရာများကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

ဥတသုတ္တ

– အံ၊ ၁။၁၀၄။ အံ၊ မြန်၊ ၁။၁၂၂။ အံ၊ ဋ္ဌ၊ ၂။၇၃–၄။ အံ၊ ဋီ၊ ၂။၇၇–၈

– အင်္ဂုတ္တရနိကာယ၊ တိကနိပါတ၊ပဌမပဏ္ဏာသက၊ ၂–ရထကာရဝဂ္ဂ၊ ပဌမသုတ်။

သာသနာတော်နှင့် မလျော်သော ကာယ(ဒုစရိုက်)ကံ, ဝစီ(ဒုစရိုက်)ကံ, မနော(ဒုစရိုက်)ကံဟူသော တရားသုံးမျိုးတို့ကို ဆောက်တည် ကျင့်သုံးစေသော ထင်ရှားကျော်ကြားသောရဟန်းသည် ဗဟုဇနအဟိတာယ, ဗဟုဇနဒုက္ခာယ, ဗဟုနော ဇနသ အနတ္ထာယ ဒေဝမနုဿာနံ အဟိတာယ ဒုက္ခာယဖြစ်ပုံ။ သာသနာတော်နှင့်လျော်သော ကာယ(သုစရိုက်)ကံ, ဝစီ(သုစရိုက်)ကံ, မနောကံ တရားဟူသော (၃)ပါးသောဝမ္မတို့ကို ကျင့်သုံး ဆောက်တည်စေသော ထင်ရှားကျော်ကြားသော ရဟန်းတော်သည် ဗဟုဇနဟိတာယ, ဗဟုဇနသုခါယ, ဗဟုနော ဇနသ အတ္ထာယ ဒေဝမနုဿာနံ ဟိတာယ သုခါယဖြစ်ပုံကို ကဏ္ဍပက္ခ, သုက္ခပက္ခအားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦အဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဥတိကသုတ္တ

– သံ၊ဝ။၃၀၂–၃။ သံ၊မြန်၊ဝ။ ၂၉၀–ဝ။ သံ၊ဌ၊၂။ ၆၉–ရ၀။ သံ၊ဋ္ဌ၊၂။၈၈။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊၁–နိဒါနသံယုတ္တ၊
၅–ဂဟပတိဝဂ္ဂ၊ ပဌမသုတ်။

စက္ခုပသာဒ၊ ရူပါရုံကိုစွဲ၍ စက္ခုဝိညာဏ်ဖြစ်ပုံ၊ ထိုတရား(၃)ပါး ပေါင်းဆုံမှု သည် ဖဿ, ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာ မရဏာ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ–ဟူသော ဒုက္ခအားလုံး ဖြစ်ပေါ် လာပုံကိုလည်းကောင်း၊ တဏှာအကြွင်းမဲ့ချုပ်လျှင် ဥပါဒါန်ချုပ်၊ ဥပါဒါန်ချုပ်လျှင် ကမ္မဘဝချုပ်၊ ကမ္မဘဝချုပ်လျှင် ဇာတိချုပ်၊ ဇာတိချုပ်လျှင် ဇရာ–မရဏာချုပ်၊ ဇရာ–မရဏာချုပ်လျှင် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ အကြွင်း မဲ့ ချုပ်ကုန်၏ဟု အဇ္ဈတ္တိကာယတန (၆)ပါး ဗဟိဒ္ဓါယတန(၆)ပါး ဝိညာဏ်(၆)ပါး ဖဿအစရှိသော ပဋိစ္စသမุป္ပါဒ်တရားတို့ ဖြစ်ပေါ်ပုံ၊ ချုပ်ပျောက်ပုံ (အနုလုံ/ပဋိလုံ)ကို ဘုရားရှင် ဥတိကရွာ အုတ်ကျောင်းဌ ဟောတော်မူပါသည်။ အနီးဌ တရားတော်ကို နာယူနေသော ရဟန်းတစ်ပါးအား ဤဓမ္မပရိယာယကို သင်ယူ ဆောင်ထားလော့၊ ဤဓမ္မပရိယာယသည် အတ္ထသံဟိတ၊ အာဒိဗြဟ္မစရိယကဖြစ်၏ဟု ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့ဌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဤတွင် ၈–ဝဂ် ပြီးပါပြီ။

ဌ – ဝဂ်

၁။ ဌာနသုတ္တ (၄)

- သံ၊၂။၄၄၅–၆။ သံ၊မြန်၊၂။၄၄၁–၂။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၃–မာတုဂါမသံယုတ္တ၊ ၃–ဗလဝဂ္ဂ၊ အဋ္ဌမသုတ်။

ပြုအပ်ဖူးသောကောင်းမှုမရှိ (ဘုန်းကံနည်းပါး)သောမာတုဂါမသည်

(၁) သင့်လျော်လျောက်ပတ်သောအမျိုးဌာပြုစ်ရခြင်း။
(၂) သင့်လျော်လျောက်ပတ်သော (လင်ယောကျ်ား)အိမ်သို့သွားရခြင်း။
(၃) ရန်သူ(မယားငယ်) မရှိသောအိမ်ဌာ နေရခြင်း။
(၄) သားရတနာဖွားမြင်ခြင်း။
(၅) လင်ယောကျ်ားကို လွှမ်းမိုး၍ မိမိအလိုအတိုင်း ဖြစ်စေနိုင်ခြင်း။
ဟူသော တရားငါးမျိုးကို ရနိုင်ခဲ၏။

ပြုအပ်ဖူးသောကောင်းမှု (ဘုန်းကံ)ရှိသောမာတုဂါမသည်

(၁) သင့်လျော်လျောက်ပတ်သောအမျိုးဌာပြုစ်ရခြင်း။
(၂) သင့်လျော်လျောက်ပတ်သော (လင်ယောကျ်ား) အိမ်သို့သွားရခြင်း။
(၃) ရန်သူ(မယားငယ်) မရှိသောအိမ်ဌာ နေရခြင်း။
(၄) သားရတနာဖွားမြင်ခြင်း။
(၅) လင်ယောကျ်ားကို လွှမ်းမိုး၍ မိမိအလိုအတိုင်း ဖြစ်စေနိုင်ခြင်း။
ဟူသော တရားငါးမျိုးကို ရလွယ်နိုင်ပေ၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

- သံ၊၃။၂၆၆။ သံ၊မြန်၊၃။၂၆၈။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၈–အနုရုဒ္ဓသံယုတ္တ၊ ၂–ဒုတိယဝဂ္ဂ၊ ပဌမသုတ်။

ငါ့ရှင်တို့ ငါသည် သတိပဋ္ဌာန်လေးပါးတို့ကို ပွားများအပ် ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သောကြောင့် အကြောင်းဟုတ်သည်ကိုလည်း အကြောင်း

ဟုတ်သောအားဖြင့်၊ အကြောင်းမဟုတ်သည်ကိုလည်း အကြောင်းမဟုတ်သော အားဖြင့်၊ အမှန်အတိုင်း ကွဲကွဲပြားပြား သိနိုင်ပေ၏ဟု ရဟန်းတော်တို့အား ကောသလ နိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ အရှင်အနုရုဒ္ဓါမထေရ် မြတ် ဟောတော်မူသည်သုတ်။

- အံ၊ဘ။၄၃၃-၄။ အံ၊မြန်၊ဘ။ရ၄၆-ရ။ အံ၊ဌ၊၂။ ၃၂၉-၃၃၀။
- အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊တတိယပဏ္ဏာသက၊ (ဘ၂) ၂-ကေသိဝဂ္ဂ၊ ပဌမသုတ်။

(ဘ) ပြုလုပ်ရန် နှစ်သက်ဖွယ်မရှိ၊ ပြုလုပ်သည်ရှိသော် အကျိုးမဲ့ဖြစ်နိုင်သော အရာဌာန။
(၂) ပြုလုပ်ရန် နှစ်သက်ဖွယ်မရှိ၊ ပြုလုပ်သည်ရှိသော် အကျိုးရှိနိုင်သော အရာဌာန။
(၃) ပြုလုပ်ရန် နှစ်သက်ဖွယ်ရှိ၊ ပြုလုပ်သည်ရှိသော် အကျိုးမဲ့ဖြစ်နိုင်သော အရာဌာန။
(၄) ပြုလုပ်ရန် နှစ်သက်ဖွယ်ရှိ၊ ပြုလုပ်သည်ရှိသော် အကျိုးရှိနိုင်သော အရာဌာန။
ဟု အကြောင်း(အရာဌာန) လေးမျိုးရှိပုံ။

(ဘ) ဌာန(၂)မျိုးလုံး မပြုအပ် မပြုသင့် မပြုထိုက်ဟုသိ၏။
(၂) ဌာန (၂)မျိုး၌

(က) မိုက်မဲသောပုဂ္ဂိုလ်သည် မပြုလုပ်၊ မပြုလုပ်ခြင်းကြောင့် အကျိုးမဲ့ခြင်းငှါ ဖြစ်၏။
(ခ) ပညာရှိသောပုဂ္ဂိုလ်သည် ပြုလုပ်၏။ ပြုလုပ်ခြင်းကြောင့် အကျိုးကိုပြုခြင်းငှါ ဖြစ်၏။

(၃) ဌာန (၂)မျိုး၌

(က) မိုက်မဲသောပုဂ္ဂိုလ်သည် ပြုလုပ်၏။ ပြုလုပ်ခြင်းကြောင့် အကျိုးမဲ့ခြင်းငှါ ဖြစ်၏။
(ခ) ပညာရှိသောပုဂ္ဂိုလ်သည် မပြုလုပ်၊ မပြုလုပ်ခြင်းကြောင့် အကျိုးကိုပြုခြင်းငှါ ဖြစ်၏။

(၄) ဌာန (၂)မျိုးလုံး ပြုလုပ်အပ်၊ ပြုလုပ်သင့်၊ ပြုလုပ်ထိုက်၏ဟု သိ၏။
ဟု အရာဌာနလေးမျိုးရှိပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

- အဌကထာ၌ ပထမအရာဌာန(အကြောင်း)သည်-
  သတ္တဝါများလိမ့်ကျသေစေရန် တွင်းတူးခြင်း၊ ငါးဖမ်းခြင်း၊ အိမ်ခြေစပ်ကို

ဖျက်ဆီး(ရှုလုယက်)ခြင်း အစရှိသော ဆင်းရဲခြင်း ပင်ပန်းခြင်းနှင့်တကွဖြစ်သော မကောင်းမှုဖြစ်ကြောင်း။

–ဒုတိယအရာဌာန (အကြောင်း)သည်

ညီမျှစွာ အသက်မွေးကြောင်း ပြုကုန်သောလူတို့၏ ပန်းမှိုက်သွန်လုပ်ငန်း၊ အင်္ဂေတထောင်းထုခြင်း၊ (ပန်းရန်)လုပ်ငန်း၊ အိမ်မိုးခြင်းလုပ်ငန်း၊ သန့်ရှင်းရေးလုပ်ငန်း များဖြစ်ကြောင်း။

–တတိယအရာဌာန (အကြောင်း)သည်

သေရည်အရက်သောက်ခြင်း၊ နံ့သာလိမ်းခြင်း၊ ပန်းပန်ခြင်းအစရှိသော သာယာဖွယ်၏ အစွမ်းအားဖြင့်ဖြစ်သော သူတစ်ပါးအသက်ကိုသတ်ခြင်း အစရှိသော လုပ်ငန်းများဖြစ်ကြောင်း။

–စတုတ္ထအရာဌာန (အကြောင်း)သည်

တရားနာရန်သွားသောအခါ၌ သန့်ရှင်းစင်ကြယ်စွာ ဝတ်ရုံခြင်း၊ ပန်း, နံ့သာ အစရှိသည်တို့ကိုယူ၍ ယူ၍သွားခြင်း၊ စေတီတော်ကို ရှိခိုးခြင်း၊ ဗောဓိပင်ကို ရှိခိုးခြင်း၊ ကောင်းမြတ်သောတရားတော်ကို နာယူခြင်း အစရှိသော ဝမ်းမြောက်ဝမ်းသာ ဖြစ်သော ကုသိုလ်ကောင်းမှုကိုဖြစ်ကြောင်း ဖွင့်ပြထားပါသည်။

- အံ၊ဘ။၅၀၇–၅၁၁။ အံ၊မြန်၊ဘ။၅၂၂–၅။ အံ၊ဌ၊၂။၃၆၅–၆။ အံ၊ဋ္ဌ၊၂။၃၆၂–၃။
- အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ စတုတ္ထပဏ္ဏာသက၊
  (၂၀) ၅–မဟာဝဂ္ဂ၊ ဒုတိယသုတ်။

(၁) ကိုယ်ကျင့်သီလရှိ/မရှိကို အတူတကွ ပေါင်းသင်းကြည့်မှ သိနိုင်မည်။
(၂) သန့်ရှင်းစင်ကြယ်သူ ဟုတ်/မဟုတ်ကို စကားပြောကြည့်လျှင် သိနိုင်မည်။
(၃) အစွမ်းသတ္တိ ရှိ/မရှိကို ဘေးအန္တရာယ် ကြုံတွေ့သည့်အခါ သိနိုင်သည်။
(၄) အသိပညာ၊ အတတ်ပညာ ရှိ/မရှိကို ဆွေးနွေးကြည့်လျှင် သိနိုင်သည်။

ထိုသို့ပင် သိနိုင်သည်ဆိုသော်လည်း ထိုလေးမျိုးကို ကြာရှည်စွာ လေ့လာမှ အမှန်ကိုသိမည်။ အချိန်ကာလအနည်းငယ်ဖြင့် မသိနိုင်ပါ။ သို့သော်လည်း နှလုံးသွင်း ဆင်ခြင်တတ်သူသည်သာ သိနိုင်သည်။ နှလုံးသွင်းဆင်ခြင်မှုမရှိလျှင် မသိနိုင်ပါ။ သို့သော်လည်း သိနိုင်သော ဉာဏ်ပညာရှိသူမှသာ သိနိုင်သည်။ ဉာဏ်ပညာမရှိလျှင် မသိနိုင်ပါ။ ဟု ထိုလေးမျိုးကို တစ်ပါးစီ တစ်ပါးစီ အကျယ်ဝေဖန်၍ ရဟန်းတို့အား

ဘုရားရှင်ဟောတော်မူပါသည်။

ဤအကျဉ်းချုပ်ဒေသနာတော်ကို (သံ၊၁။ရ၈)၌ ကောသလဘုရင်အား ဘုရားရှင် ဟောတော်မူပါသည်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ မှတ်သားဖွယ်ပုဒ်များကို ဖွင့်ဆိုထားပါသည်။

❖❖❖❖❖

ဌာနိယသုတ္တ

– သံ၊၃။ရ၆။ သံ၊မြန်၊၃။၈၀။ သံ၊ဋ္ဌ၊၃။၁၈၆။ သံ၊ဋီ၊၂။၄၂၅။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၂–ဗောဇ္ဈင်သံယုတ္တ၊
၃–ဥဒါယိဝဂ္ဂ၊ တတိယသုတ်။

ကာမရာဂ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥद्ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ–ဟူသော နိဝရဏတရား ငါးပါးတို့၏ အာရုံ(အကြောင်း)တရားတို့ကို နှလုံးသွင်းခြင်း၊ ကြိမ်ဖန်များစွာ အလေ့အလာပြုခြင်းကြောင့် မဖြစ်သေးသော ယင်းနိဝရဏတရားတို့ ဖြစ်ပေါ်လာကုန်၏။ ဖြစ်ပြီးသော နိဝရဏတရားတို့ အလွန်များပြားစွာ ပြန့်ပွားလာကုန်၏။

ဗောဇ္ဈင် (၇)ပါးတို့၏ အာရုံဖြစ်သောတရားတို့ကို နှလုံးသွင်းခြင်း၊ ကြိမ်ဖန်များစွာဖြစ်ပွားရန် အလေ့အလာပြုခြင်းကြောင့် မဖြစ်သေးသော ဗောဇ္ဈင်တရားတို့ ဖြစ်ပေါ်လာကုန်၏။ ဖြစ်ပြီးသောဗောဇ္ဈင်တရားတို့ ဘာဝနာပြည့်စုံခြင်းသို့ ရောက်ကုန်၏ဟု နိဝရဏတစ်ပါးစီ တစ်ပါးစီ၊ ဗောဇ္ဈင်(၇)ပါး တစ်ပါးစီ တစ်ပါးစီကို ဝေဖန်၍ ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက် အနည်းငယ်သာ ရှိပါသည်။

❖❖❖❖❖

ဋ္ဌိတိသုတ္တ

– အံ၊၃။၃၃၂–၄။ အံ၊မြန်၊၃။၃၃၁–၃။
– အင်္ဂုတ္တရနိကာယ၊ ဒသကနိပါတ၊ ဒုတိယပဏ္ဏာသက၊ (၆)
၁–သမစိတ္တဝဂ္ဂ၊ တတိယသုတ်။

ကုသိုလ်တရားတို့၌ တည်နေခြင်းကိုပင် ချီးမွမ်းတော်မမူကြောင်း၊ ဆုတ်ယုတ်နေလျှင် အဘယ်ဆိုဖွယ်ရာရှိအံ့နည်း?

ကုသိုလ်တရားတို့ တိုးပွားနေခြင်းကိုသာလျှင် ငါဘုရား ချီးမွမ်းတော်မူကြောင်း တည်နေမှု၊ ဆုတ်ယုတ်မှုတို့ကို ချီးမွမ်းတော်မမူကြောင်း။

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ပဋိဘာနတရားတို့၌ မတည်သော ယင်းတရားတို့ တိုးပွားမနေသောရဟန်းသည် ကုသိုလ်တရားတို့၌ မတည်တုံ့၊ မတိုးပွားပဲ ဆုတ်ယုတ်နေလေသည်။

ယင်းတရား(၆)ပါးတို့ မဆုတ်ယုတ်၊ မတိုးပွားသောရဟန်းသည် ကုသိုလ်တရားတို့၌ တည်တုံ့နေ၏။ မဆုတ်ယုတ်၊ မတိုးပွားပေ။

ယင်းတရား(၆)ပါးတို့ မတည်တုံ့၊ မဆုတ်ယုတ်သောရဟန်းသည် ကုသိုလ်တရားတို့၌ တိုးပွားနေသောရဟန်းဖြစ်သည်။

ပရစိတ္တာပရိယာယကုသလပုဂ္ဂိုလ်မဖြစ်ဘဲ 'သစိတ္တာပရိယာယကုသလ'ပုဂ္ဂိုလ်ဖြစ်အောင် အားထုတ်ရမည်။ သစိတ္တာပရိယာယကုသလပုဂ္ဂိုလ်ဖြစ်အောင် အားထုတ်ပုံ အကျယ်ကို ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည့်သုတ်။

❖❖❖❖❖

ဌိတိမူလကဝုဋ္ဌာနသုတ္တာဒိအဋ္ဌက (၈)

- သံ၊ ၂။ ၂၃၁။ သံ၊ မြန်၊ ၂။ ၂၂၂။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁၃-စျာနသံယုတ္တ၊ ၂၀-မှ ၂၇-အထိ၊ သုတ်ပေါင်း (၈)သုတ်။

(၁) သမာဓိသို့ ဌိတိကုသလ နှ ဝုဋ္ဌာနကုသလစျာယီပုဂ္ဂိုလ်၊
(၂) သမာဓိသို့ ဝုဋ္ဌာနကုသလ နှ ဌိတိကုသလစျာယီပုဂ္ဂိုလ်၊
(၃) သမာဓိသို့ နေဝဌိတိကုသလ နှ ဝုဋ္ဌာနကုသလစျာယီပုဂ္ဂိုလ်၊
(၄) သမာဓိသို့ ဌိတိကုသလ ဝုဋ္ဌာနကုသလစျာယီပုဂ္ဂိုလ်၊

(၁) ဌိတိမူလကဝုဋ္ဌာနသုတ္တ၊
(၂) ဌိတိမူလက ကလိတသုတ္တ၊
(၃) ဌိတိမူလက အာရမ္မဏသုတ္တ၊

(၄) ဌိတိမူလက ဂေါစရသုတ္တ၊
(၅) ဌိတိမူလက အဘိနိဟာရသုတ္တ၊
(၆) ဌိတိမူလက သက္ကစ္စကာရီသုတ္တ၊
(၇) ဌိတိမူလက သာတစ္စကာရီသုတ္တ၊
(၈) ဌိတိမူလက သပ္ပါယကာရီသုတ္တ၊ တို့ဖြစ်သည်။

ဌိတိကို မူလဝုဋ္ဌာန၊ ကလ္လိတ၊ အာရမ္မဏ၊ ဂေါစရ၊ အဘိနိဟာရ၊ သက္ကစ္စကာရီ၊ သာတစ္စကာရီ၊ သပ္ပါယကာရီတို့ကို မူလီထား၍ စာပိုဒ် (၆၆၂)သုတ် ကဲ့သို့ အသီးအသီးကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်။

❖❖❖❖❖

တ - ဝဂ်

တမ္ပေါနသုတ္တ (၂)

– အံ၊ ၂။၃၇၃။ အံ၊မြန်၊ ၂။၄၇၀–၁။ အံ၊ဋ္ဌ၊ ၃။၁၃၈။
– အဂ်ုတ္တရနိကာယ၊ ဆက္ကနိပါတ၊ ဒုတိယပဏ္ဏာသက၊ ၇–ဒေဝတာဝဂ္ဂ၊ နဝမသုတ်။

ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ–ဟူသော နီဝရဏငါးပါး နှင့် ကာမဂုဏ်၏အပြစ်ကို ဉာဏ်ပညာဖြင့် မှန်ကန်စွာ မသိမမြင်ခြင်းဟူသော တရား(၆)ပါးတို့ကို မပယ်မစွန့်နိုင်လျှင် ပဌမစျာန်ကိုရ၍နေခြင်းငှါ မဖြစ်နိုင်။

ထိုတရား (၆)ပါးတို့ကို ပယ်စွန့်နိုင်လျှင် ပဌမစျာန်ကိုရ၍နေခြင်းငှါ ဖြစ်ထိုက်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊ ၂။၃၇၄။ အံ၊ မြန်၊ ၂။၄၇၁–၂။

ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်၊ ကာမသညာ၊ ဗျာပါဒသညာ၊ ဝိဟိံသသညာ ဟူသော တရား(၆)ပါးတို့ကို မပယ်မစွန့်နိုင်လျှင် ပဌမစျာန်ကိုရ၍ နေခြင်းငှါ မဖြစ်နိုင်။

ထိုတရား (၆)ပါးတို့ကို ပယ်စွန့်နိုင်သောသူသည် ပဌမစျာန်ကို ရ၍နေခြင်းငှါ ဖြစ်ထိုက်၏ဟု ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

❖❖❖❖❖

တဏှာကၠယသုတ္တ

–သံ၊၃။ရရ–၈။ သံ၊ မြန်၊၃။၈၂။ သံ၊ဌ၊၃။၁၈၆။ သံ၊ဋ္ဌ၊၂။၄၂၆။
–သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၂–ဗောဇ္ဈင်သံယုတ္တ၊ ၃–ဥပါလိဝဂ္ဂ၊ ဆဋ္ဌသုတ်။

တဏှာကၠယမဂ္ဂ၊ တဏှာကၠယပဋိပဒါသည် ဗောဇ္ဈင်(၇)ပါးဖြစ်သည်။ ဗောဇ္ဈင်(၇)ပါးကို အဘယ်သို့ပွားများလျှင် အဘယ်သို့ ကြိမ်ဖန်များစွာ အလေ့အလာပြုလျှင် တဏှာကုန်ခြင်းငှါ ဖြစ်ပါသနည်းဟု ဥဒါယိထေရ်က မေးလျှောက်သဖြင့် ဗောဇ္ဈင်(၇)ပါးကို ဝိဝေကနိဿိတ၊ ဝိရာဂနိဿိတ၊ နိရောဓနိဿိတ၊ ဝေါဿဂ္ဂပရိဏာမိ၊ ဝိပုလ၊ မဟဂ္ဂတ၊ အပ္ပမာဏ၊ အဗျာပဇ္ဇ ဖြစ်အောင်ပွားများသော ယောဂီသည် တဏှာကို ပယ်နိုင်၏။ တဏှာကို ပယ်နိုင်ခြင်းကြောင့် (တဏှာကြောင့်ဖြစ်သော) ကံကို ပယ်နိုင် ၏။ ကံကိုပယ်နိုင်ခြင်းကြောင့် (ဝဋ်)ဆင်းရဲကို ပယ်နိုင်၏ဟု ဗောဇ္ဈင်တစ်ပါးစီ တစ်ပါးစီ ပွားများပုံကို ဟောကြားတော်မူပြီး တဏှာကုန်ခြင်းကြောင့် ကံကုန်၏။ ကံကုန် ခြင်းကြောင့် (ဝဋ်)ဆင်းရဲကုန်၏ဟု အရှင်ဥဒါယိထေရ်အား ဘုရားရှင် ဟောတော် မူသည်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖❖❖❖❖

တဏှာသုတ္တ (၉)

– သံ၊၁။၃၆။ သံ၊မြန်၊၁။၃၆။ သံ၊ဋ္ဌ၊၁။၁၃၂။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁–ဒေဝတာသံယုတ္တ၊
၇–အဒ္ဓဝဂ္ဂ၊ တတိယသုတ်။

အညတရနတ်သား၏ လျှောက်ထားချက်အရ လောကကို တဏှာသည် ဆောင်အပ်၏။ တဏှာဖြင့် ဆွဲငင်အပ်၏။ အလုံးစုံသော (တဏှာနှင့်စပ်) သူတို့သည် တဏှာဟူသော တစ်ခုတည်းသောဓမ္မ၏အလိုသို့ လိုက်ပါနေကြရကုန်၏ဟု ဘုရားရှင် ဖြေကြားတော်မူသည်သုတ်။

– သံ၊၁။၄၄၁။ သံ၊မြန်၊၁။၄၃၁။ သံ၊ဌ၊၂။၁၉၆။ သံ၊ဋ္ဌ၊၂။၁၇၉။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၇–ရာဟုလသံယုတ္တ၊ ပဌမဝဂ္ဂ၊ အဋ္ဌမသုတ်။

ရူပတဏှာအစရှိသော တဏှာ(၆)ပါးတရားတို့ကို တစ်ပါးစီ တစ်ပါးစီ အနုတ္တလက္ခဏာသုတ် ဒေသနာတော်အတိုင်း အရှင်ရာဟုလာအား ဘုရားရှင် ဟောတော်မူသည့်သုတ်။

– သံ၊ ၂။၁၉၂။ သံ၊မြန်၊ ၂။၁၈၃။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၅–ဥပ္ပါဒသံယုတ္တ၊ အဋ္ဌမသုတ်။

– ရူပတဏှာအစရှိသော တဏှာ (၆)ပါး၏ ဥပ္ပါဒသည် ဒုက္ခ၏ဥပ္ပါဒ။
– ရူပတဏှာအစရှိသော တဏှာ (၆)ပါး၏ ဌိတိသည် ရောဂါတို့၏ဌိတိ။
– ရူပတဏှာအစရှိသော တဏှာ (၆)ပါး၏ ပါတုဘာဝသည် ဇရာမရဏာ၏ ပါတုဘာဝ။
– ရူပတဏှာအစရှိသော တဏှာ (၆)ပါး၏ နိရောဓသည် ဒုက္ခ၏နိရောဓ။
– ရူပတဏှာအစရှိသော တဏှာ (၆)ပါး၏ ဝူပသမသည် ရောဂါတို့၏ ဝူပသမ။
– ရူပတဏှာအစရှိသော တဏှာ (၆)ပါး၏ အတ္ထင်္ဂမသည် ဇရာမရဏာ၏ အတ္ထင်္ဂမ။
ဖြစ်ပုံကို တစ်ပါးစီ တစ်ပါးစီ ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည့်သုတ်။

–သံ၊ ၂။၁၉၆။ သံ၊မြန်၊ ၂။၁၈၆။
–သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၆–ကိလေသသံယုတ္တ၊ အဋ္ဌမသုတ်။

ရူပတဏှာအစရှိသော တဏှာ(၆)ပါးတို့၌ (ဖြစ်သော) ဆန္ဒရာဂသည် စိတ်၏ဥပက္ကိလေသတည်း။ ဤတဏှာတရား (၆)ပါးတို့၌ စိတ်၏ဥပက္ကိလေသကို ပယ်ပြီးသောအခါ စိတ်သည် နေကျွမ်း၌ ညွတ်ကိုင်း၏။ နေကျွမ်း၌ ပွားများအပ် ထုံအပ်သော စိတ်သည် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုအပ်သောတရားတို့၌ပြုရန် သင့်လျော်သည်ဖြစ်၍ထင်၏ဟု ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည့်သုတ်။

–သံ၊ ၃။၅၃။ သံ၊မြန်၊ ၃။၅၇။
–သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁–မဂ္ဂသံယုတ္တ၊ ၇–ဘေသနာဝဂ္ဂ၊ ဒသမသုတ်။

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူသော တဏှာသုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိမြင်ရန်၊ ပိုင်းခြား၍သိမြင်ရန် ယင်းတို့ကို ကုန်စေရန် ပယ်စွန့်နိုင်ရန် အဋ္ဌင်္ဂိကအရိယာမဂ်ကို ဝိဝေကနိဿိတ, ဝိရာဂနိဿိတ, နိရောဓနိဿိတ, ဝေါဿဂ္ဂပရိဏာမီဖြစ်အောင် ပွားများရမည်ဟု အရိယာမဂ် တစ်ပါးစီ တစ်ပါးစီ ပွားများရန် ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည့်သုတ်။

- အံ၊ ၁။၅၃၂–၄။ အံ၊မြန်၊ ၁။၅၄၈–၉။ အံ၊ဌ၊ ၂။၃၈၅–၈။ အံ၊ဋ္ဌ၊ ၂။၃၈၂–၅။
- အဂုံတွာရနိကာယ၊ စတုက္ကနိပါတ၊ စတုတ္ထပဏ္ဏာသက၊
  (၂၀)၅–မဟာဝဂ္ဂ၊ နဝမသုတ်။

တဏှာသည် လွမ်းမိုးနှိပ်စက်အပ်သော ထက်ဝန်းကျင်မှ မြေးယှက်ထားအပ်သောကြောင့် ရက်ကန်းသည်တို့၏ ချည်ထွေးကဲ့သို့လည်းကောင်း၊ စာပေါင်းသိုက်ကဲ့သို့လည်းကောင်း၊ ဖြူဆံမြက် ဗြိတ်မြက်ကဲ့သို့ဖြစ်နေသော ဤသတ္တလောကသည် အပါယ၊ ဒုဂ္ဂတိ၊ ဝိနိပါတဖြစ်သော သံသရာဝဋ္ဋဆင်းရဲကို မလွန်မြောက်နိုင်။ ကွန်ယက်နှင့်တူသော ရွှေ့ပြောင်းလှည့်လည်တတ် ကပ်ငြိတတ်သောတဏှာဟူသည် တဏှာဝိစရိုက်တရား (၁၀၈)ပါးတို့ပေတည်း။

အဇ္ဈတ္တခန္ဓာငါးပါးကို စွဲ၍ဖြစ်သော တဏှာဝိစရိုက်တရား (၁၈)ပါး၊ ဗဟိဒ္ဓခန္ဓာငါးပါးကို စွဲ၍ဖြစ်သော တဏှာဝိစရိုက်တရား (၁၈)ပါး၊ နှစ်ခုပေါင်းလိုက်လျှင် ပစ္စုပ္ပန်တဏှာဝိစရိုက်တရား (၃၆)ပါး၊ အတိတ်တဏှာဝိစရိုက်တရား (၃၆)ပါး၊ အနာဂတ်တဏှာဝိစရိုက်တရား (၃၆)ပါးအားဖြင့် တဏှာဝိစရိုက်တရား (၁၀၈)ပါး ဖြစ်နေပုံကို ဘုရားရှင်က ရဟန်းတို့အား ဟောတော်မူသည်သုတ်။

♦ အဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

- အံ၊ ၂။၃၈၇။ အံ၊မြန်၊ ၂။၄၈၈–၉။
- အဂုံတွာရနိကာယ၊ ဆက္ကနိပါတ၊ ဒုတိယပဏ္ဏာသက၊
  ၁၀–အာနိသံသဝဂ္ဂ၊ ဇကာဒသမသုတ်။

ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာဟူသော တဏှာသုံးပါး၊ မာနသြမာန အတိမာနဟူသော မာနသုံးပါးတို့ကို ပယ်ပြီးသောရဟန်းကို တဏှာကို အရဟတ္တမဂ်ဖြင့် ဖြတ်ပြီးသူ၊ သံယောဇဉ်တို့ကို လွန်မြောက်ပြီးသူ၊ မာနကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်ခြင်းကြောင့် ဝဋ္ဋဆင်းရဲ၏အဆုံးကို ပြုပြီးသူဟု ဆိုအပ်ကြောင်း ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

- အံ၊ ၃။၃၄၈–၃၅၀။ အံ၊မြန်၊ ၃။၃၄၆–၉။
- အဂုံတွာရနိကာယ၊ ဒသကနိပါတ၊ ဒုတိယပဏ္ဏာသက၊
  (၇)၂–ယမကဝဂ္ဂ၊ ဒုတိယသုတ်။

ဘဝတဏှာ၏ ရှေးအစွန်းသည် မထင်ရှား၊ ထိုသို့ မထင်ရှားသော်လည်း

ဘဝတဏှာ၏အကြောင်းကား အဝိဇ္ဇာ၊ အဝိဇ္ဇာ၏အကြောင်းကား နီဝရဏာဒိပါး၊ နီဝရဏာဒိပါး၏အကြောင်းကား ဒုစရိုက်သုံးပါး၊ ဒုစရိုက်သုံးပါး၏အကြောင်းကား ဣန္ဒြိယအသံဝရ၊ ဣန္ဒြိယအသံဝရ၏အကြောင်းကား အသတောသမ္ဘဇည၊ အသတောသမ္ဘဇည၏အကြောင်းကား အယောနိသောမနသိကာရ၊ အယောနိသောမနသိ-ကာရ၏အကြောင်းကား အဿဒ္ဓိယ၊ အဿဒ္ဓိယ၏အကြောင်းကား အဿဒ္ဓမ္မဿဝန၊ အဿဒ္ဓမ္မဿဝန၏အကြောင်းကား အသပ္ပုရိသသံသေဝတည်း။

အသပ္ပုရိသသံသေဝပြည့်လျှင် အသဒ္ဓမ္မဿဝနပြည့်၏ အစရှိသည်ဖြင့် ဘဝတဏှာဖြစ်သည့်တိုင်အောင် အနုလောမ၊ ပဋိလောမဖြစ်နေပုံကို တောင်ထိပ်၌ မိုးရွာသောဥပမာဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောကြားတော်မူပါသည်။

ဝိဇ္ဇာဝိမုတ္တိ၏အကြောင်းကား ဗောဇ္ဈင် (၇)ပါး၊ ဗောဇ္ဈင် (၇)ပါး၏အကြောင်း-ကား သတိပဋ္ဌာန်လေးပါး၊ သတိဋ္ဌာန်လေးပါး၏အကြောင်းကား သုစရိုက်သုံးပါး၊ သုစရိုက်သုံးပါး၏အကြောင်းကား ဣန္ဒြိယသံဝရ၊ ဣန္ဒြိယသံဝရ၏အကြောင်းကား သတိသမ္ဘဇည၊ သတိသမ္ဘဇည၏အကြောင်းကား ယောနိသောမနသိကာရ၊ ယောနိ-သောမနသိကာရ၏အကြောင်းကား သဒ္ဓါ၊ သဒ္ဓါ၏အကြောင်းကား သဒ္ဓမ္မဿဝန၊ သဒ္ဓမ္မဿဝန၏အကြောင်းကား သပ္ပုရိသသံသေဝတည်း။ သပ္ပုရိသသံသေဝပြည့်လျှင် သဒ္ဓမ္မဿဝနပြည့်သည်အစရှိသည်ဖြင့် တောင်ပေါ်၌မိုးရွာသော ဥပမာဖြင့်ပင် အနုလောမ၊ ပဋိလောမဒေသနာနည်းဖြင့် ရဟန်းတို့အား ဘုရားရှင် အကျယ်ဟော တော်မူသည့်သုတ်။

- ဣတိဝုတ်။၂၂၉။ ဣတိဝုတ်၊မြန်။၂၁၃-၄။ ဣတိဝုတ်၊ဌ။၁၈၉-၁၉၁။
- ခုဒ္ဒကနိကာယ၊ဣတိဝုတ္တက။ တိကနိပါတ၊ပဌမဝဂ္ဂ၊နဝမသုတ်။

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ-ဟု တဏှာသုံးပါးရှိကြောင်း၊ တဏှာယောဂနှင့် ယှဉ်ခြင်းကြောင့် ဘဝကြီးငယ်၌ တပ်မက်မောသော စိတ်ရှိကြကုန်သော ယောဂမရှိရာ နိဗ္ဗာန်, အရဟတ္တဖိုလ်ကို မရရှိကြကုန်သော သတ္တဝါတို့သည် မာရ်မင်း၏ ကျော့ကွင်းနှင့်တူသော ယောဂနှင့်ယှဉ်ခြင်းကြောင့် ပဋိသန္ဓေနေခြင်း၊ သေဆုံးရခြင်းသို့ရောက်ကုန်လျက် သံသရာ၌ ဖြစ်ကြရကုန်၏။

ဘဝကြီးငယ်တို့၌ တပ်မက်မောမှုတဏှာ ကင်းပြီးကြကုန်သောပုဂ္ဂိုလ်တို့၌ တဏှာကို ပယ်ကြကုန်ပြီးသောကြောင့် အာသဝေါတရားတို့၏ ကုန်ဆုံးရာနိဗ္ဗာန်သို့

ရောက်ကြကုန်သဖြင့် နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းသို့ ဆိုက်ရောက်ကြကုန်၏ ဟု ဘုရားရှင်အထံတော်မှ နာယူခဲ့ရပါကြောင်း ခုဇ္ဇုတ္တရာက သာမာဝတီအမှူးရှိသော မိဖုရားငါးရာတို့အား ဟောကြားသည်သုတ်။

အဌကထာ၌ တဏှာသုံးပါးအဖွင့်၊ ယင်းတဏှာသုံးပါးကို အာရုံ (၆)ပါးဖြင့် ဝေဖန်လိုက်လျှင် တဏှာ (၁၈)ပါးဖြစ်ပုံ၊ ယင်းတဏှာ (၁۸)ပါးကို အဒ္ဓတ္တ, ဗဟိဒ္ဓ သန္တာန်နှစ်ပါးဖြင့် ဝေဖန်လိုက်လျှင် တဏှာ (၃۶)ပါးဖြစ်ပုံ၊ ယင်း (၃۶)ပါးကို ပစ္စုပ္ပန်, အတီတ်, အနာဂတ် ကာလသုံးပါးနှင့် ဝေဖန်လိုက်လျှင် တဏှာ (၁၀۸)ပါးဖြစ်ပေါ်လာပုံနှင့် သိမှတ်ဖွယ်ပုဒ်တို့ကို ဖွင့်ပြထားပါသည်။

❖❖❖❖❖

တဏှာဂဒ္ဓယသုတ္တ

– သံ၊၃။၂۶၂။ သံ၊မြန်၊၃။၂۶၄။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၈–အနုရုဒ္ဓသံယုတ္တ၊ ၁–ရဟောဂတဝဂ္ဂ၊ သတ္တမသုတ်။

သတိပဋ္ဌာန်လေးပါးတို့ကို ပွားများအပ် ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သည်ရှိသော် တဏှာကုန်ခမ်းခြင်းငှါ ဖြစ်ကုန်၏ဟု သတိပဋ္ဌာန်တစ်ပါးစီ တစ်ပါးစီ ပွားများပုံကို အရှင်အနုရုဒ္ဓါက ရဟန်းတို့အား ဟောကြားတော်မူသည်သုတ်။

❖❖❖❖❖

တဏှာနိုရောဝေသုတ္တ

– သံ၊၃။၇۶။ သံ၊မြန်၊၃။၈၂။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ဗောဇ္ဈင်သံယုတ္တ၊ ၃–ဥဒါယိဝဂ္ဂ၊ သတ္တမသုတ်။

ဗောဇ္ဈင်(၇)ပါးကို ဝိဝေကနိဿိတ၊ ဝိရာဂနိဿိတ၊ နိရောဓနိဿိတ၊ ဝေါဿဂ္ဂပရိဏာမိဖြစ်အောင် ပွားများလျှင် တဏှာနိုရောဖြစ်၏။ ယင်းသည် တဏှာနိုရောမဂ္ဂ၊ တဏှာနိုရောဝေဒူပဒါပင်တည်းဟု ဗောဇ္ဈင်တစ်ပါးစီ တစ်ပါးစီ ပွားများပုံကို ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

❖❖❖❖❖

တိဝိဋ္ဌက သုတ္တသုစိ ဝိဘာဝိနီ

တဏှာပဋ္ဌာသုတ္တာ

–သံ၊ ၂။၄၅၁–၂။ သံ၊မြန်၊ ၂။၄၄၇–၈။
–သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၄–ဇမ္ဗုခါဒကသံယုတ္တ၊ ဒသမသုတ်။

အရှင်သာရိပုတ္တရာ မဂဓနိုင်ငံ နာလကရွာငယ်၌ သီတင်းသုံးတော်မူစဉ် ဇမ္ဗုခါဒကပရိဗိုဇ်၏ မေးမြန်းလျှောက်ထားချက်အရ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟု တဏှာသုံးပါးရှိပုံ၊ ယင်းတဏှာသုံးပါးတို့ကို ပယ်ဖျောက်ရန် ပဋ္ဌိပဒါသည် အဋ္ဌင်္ဂိကအရိယမဂ်ဖြစ်ပုံကို ဖြေကြားတော်မူပါသည်။ ဇမ္ဗုခါဒကပရိဗိုဇ်က အဋ္ဌင်္ဂိကအရိယမဂ္ဂသည် တဏှာပယ်ရန်အတွက် ကောင်းသောမဂ္ဂ၊ ပဋ္ဌိပဒါဖြစ်ပါကြောင်း၊ အပြမာဒဖြစ်ခြင်းငှါ သင့်မြတ်လှပါပေ၏ဟု လျှောက်ထားသည့်သုတ်။

❖❖❖❖❖

တဏှာမူလကသုတ္တာ

– အံ၊ ၃။၂၀၁။ အံ၊မြန်၊ ၃။၂၀၁။ အံ၊ဋ္ဌ၊ ၃။၂၇၃–၄။ အံ၊ဋီ၊ ၃။၂၉၁–၃။
– အဂုံတ္တရနိကာယ၊ နဝကနိပါတ၊ ပဌမပဏ္ဏာသက၊
  ၃–သတ္တာဝါသဝဂ္ဂ၊ တတိယသုတ်။

တဏှာ, ပရိယေသနာ, လာဘ, ဝိနိစ္ဆယ, ဆန္ဒရာဂ, အဇ္ဈောသာန, ပရိဂ္ဂဟ, မစ္ဆရိယ, အာရက္ခဟူသော တဏှာမူလကတရား (၉)ပါးဖြစ်ပေါ်လာပုံ၊ ယင်းတို့မှ ဒဏ္ဍာဒါန, သတ္ထာဒါန, ကလဟ, ဝိဂ္ဂဟ, ဝိဝါဒ, တုံ တုံ, ပေသုည, မုသာဝါဒ, အနေကပါပက အကုသလဓမ္မတို့ ဖြစ်ပေါ်လာပုံကို ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည့်သုတ်။

နိဂုတ္တိနည်း

♦ အဋ္ဌကထာ၌ တဏှာနှစ်မျိုးနှင့်အဖွင့်၊ ဝိနိစ္ဆယ(၄)မျိုးနှင့်ဖွင့်ဆိုချက်၊ မစ္ဆရိယ၏ နိဂုတ္တိနည်း အဓိပ္ပါယ်နှင့် ဖွင့်ဆိုသင့်သောပုဒ်များနှင့် မှတ်သားဖွယ်တို့ကို ဖွင့်ဆိုထားပါသည်။

♦ ဋီကာ၌လည်း မစ္ဆရိယပုဒ်၏သဒ္ဒါနည်းနှင့် သိသင့်သောအဓိပ္ပါယ်တို့ကို ပြည့်ပြည့်စုံစုံ ဖွင့်ဆိုထားပါသည်။

❖❖❖❖❖

တဏှာသခ်ၿိဳယသုတ္တ

-ဥဒါန။ဝရ၂။ ဥဒါန၊မြန်။ဝ၅၅။ ဥဒါန၊ဌ။၃၃၆-ရ။
-ခုဒ္ဒကနိကာယ၊ ဥဒါန၊ ၇-စူဠဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့. ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်၏အနီးအနား၌ တဏှာသခ်ၿိဳယ (အရဟတ္တဖလသမာပတ်ကို ဝင်စားနေသော) ကို ရှုဆင်ခြင်နေသော အရှင်ကောဏ္ဍညထေရ်ကို မြင်တော်မူခြင်းကြောင့် ''ယသ ဆမာယံ''အစရှိသောဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူသည်သုတ်။

အဋ္ဌကထာ၌ သိသင့်သောအဓိပ္ပါယ်တို့ကို ပြည့်ပြည့်စုံစုံ ဖွင့်ဆိုထားပါသည်။

❖❖❖❖❖

တဏှာသံယောဇနသုတ္တ

- ဣတိဝုတ်၊ ၂၀ဝ။ ဣတိဝုတ်၊မြန်။ဝ၈၄။ ဣတိဝုတ်၊ဌ။၅၅-ရ။
- ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ ဧကကနိပါတ၊ ဒုတိယဝဂ္ဂ၊ ပဌမသုတ်။

တဏှာသံယောဇဉ်ဖြင့် နှောင်ဖွဲ့ခံရသော သတ္တဝါတို့သည် ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး သံသရာ၌ ပြေးသွား ကျင်လည်ကြရကုန်၏ဟု ဘုရားရှင်အထံတော်မှ နာယူခဲ့ကြောင်းနှင့် တဏှာဒုတိယောအစရှိသောဂါထာကို ဘုရားရှင်ဟောတော်မူကြောင်း ခုဇ္ဈတ္တရာက သာမာဝတီအမှူးရှိသော မိဖုရားငါးရာတို့အား ဟောကြားသည်သုတ်။

❖❖❖❖❖

တဏှာပ္ပဓိဒသုတ္တ (၂)

- အံ၊ဘ။၃ဝ၆။ အံ၊မြန်၊ဘ။၃၃၂။ အံ၊ဌ၊၂။၂၅၆။ အံ၊ဋီ၊၂။၂၂၈-ဇ။
- အင်္ဂုတ္တရနိကာယ၊ စတုက္ကနိပါတ၊ ပဌမပဏ္ဏာသက၊ ၁-ဘဏ္ဍဂါမဝဂ္ဂ၊ နဝမသုတ်။

သက်နိုး ဆွမ်း ကျောင်း အိပ်ရာနေရာ ထိုထိုဤဤ အလိုလိုသော ဆေးပစ္စည်းဟူသော တဏှာဖြစ်ခြင်းအကြောင်းလေးပါးတို့ကို ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ ပစ္စည်းလေးပါးသည် တဏှာဖြစ်ခြင်းအကြောင်းဖြစ်ပုံ၊ တဏှာ သည် သံသရာကျင်လည်သောသတ္တဝါ၏ အဖော်သဟဲဖြစ်ပုံအစရှိသည်ဖြင့် သိမှတ် ဖွယ်တို့ကို ဖွင့်ဆိုထားပါသည်။

♦ ဋီကာ၌ ဘဝါဘဝအဖွင့် တဏှာဒုတိယအဖွင့်အစရှိသည်ဖြင့် ဖွင့်သင့် သောပုဒ် တို့ကို ဖွင့်ဆိုထားပါသည်။

– ကျတိဝုတ်။၂၆၈။ ကျတိဝုတ်၊မြန်။၂၅၄–၅။ ကျတိဝုတ်၊ဌ။၃၁ရ–၈။
– ခုဒ္ဒကနိကာယ၊ ကျတိဝုတ္တက၊ စတုက္ကနိပါတ၊ ဆဋ္ဌသုတ်။

အထက် (အံ၊၁။၃၁၆။) ပါဠိတော်အတိုင်း ခုဇ္ဈတ္တရာက သာမာဝတီအမှူးရှိ သော မိဖုရားငါးရာတို့အား ဟောကြားသည်သုတ်။

အဋ္ဌကထာအဖွင့်လည်း (အံ၊ဌ၊၂။၂၅၆။) နှင့်မျှားစွာတူညီပါသည်။

❖❖❖❖❖

တတိယသုတ္တ

– အံ၊၃။၄၅၁။ အံ၊မြန်၊၃။၄၄၂–၃။
– အင်္ဂုတ္တရနိကာယ၊ ဒသကနိပါတ၊ တတိယပဏ္ဏာသက၊
(၁၃) ၃–ပရိသုဒ္ဓဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင်သာသနာတော်မှ အခြားသောသာသနာ၌ မရှိကုန်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာधိ, သမ္မာဉာဏ, သမ္မာဝိမုတ္တိဟူသော တရားဆယ်မျိုးတို့သည် မျှားစွာသော အကျိုးအာနိသင် ရှိကုန်၏ဟု ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

❖❖❖❖❖

တတိယစျာနပဏ္ဏာသုတ္တ

– သံ၊၂။ ၄၅၈–၉။ သံ၊မြန်၊၂။ ၄၅၃–၄။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၆–မောဂ္ဂလာနသံယုတ္တ၊
တတိယသုတ်။

တထာဂတသုတ္တ (၃)

အရှင်မောဂ္ဂလာန်ထေရ် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တတိယစျာန်နှင့် ဆက်စပ်၍ ကြံစိခဲ့ပုံ၊ တတိယစျာန်ရရှိပုံ၊ ပီတိသဟဂတ သညာမနသိကာရတို့ ဖြစ်လာပုံ၊ ဘုရားရှင် တန်ခိုးတော်ဖြင့် ကြွတော်မူလာပြီး ခြီးမြှောက်တော်မူပုံ၊ မဟာဘိညတာဖြစ်ပုံတို့ကို ရဟန်းတို့အား အရှင်မောဂ္ဂလာန်ထေရ် ဟောတော်မူသည်သုတ်။

❖❖❖❖❖

တထသုတ္တ (၂)

- သံ၊၃။၃ရရ။ သံ၊မြန်၊၃။၃၈၃-၄။ သံ၊ဌ၊၃။၃၂၉။ သံ၊ဋ္ဌ၊၂။၅၄၂။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂-သစ္စသံယုတ္တ၊ ၂-ဓမ္မစက္ကပ္ပဝတ္တနဝဂ္ဂ၊ ဒသမသုတ်။

သစ္စာလေးပါးတရားတို့သည် မှန်ကန်ကုန်၏။ ချွတ်ယွင်းသော သဘောမရှိကုန်။ (မိမိတို့၏ ပင်ကိုယ်သဘောမှ) တစ်ပါးသော အခြင်းအရာအားဖြင့် မဖြစ်ကုန်။ ထို့ကြောင့် သစ္စာလေးပါးတို့ကို သိမြင်အောင် အားထုတ်ကြရမည်ဟု သစ္စာ တစ်ပါးစီ တစ်ပါးစီကို ပဋ္ဌဝဂ္ဂရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌လည်း ဖွင့်ဆိုထားပါသည်။

- သံ၊၃။၃၈၁။ သံ၊မြန်၊၃။၃၈၆-၈။ သံ၊ဌ၊၃။၃၃၀။ သံ၊ဋ္ဌ၊၂။၅၄၃။
- သံယုတ္တနိကာယ၊ ၁၂-သစ္စသံယုတ္တ၊ ၃-ကောဋိဂါမဝဂ္ဂ၊ သတ္တမသုတ်။

အထက်ပါ သုတ်ဒေသနာတော်အတိုင်း ဘုရားရှင် ဝဇ္ဇီနိုင်ငံ ကောဋိဂါမ၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့အား ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖❖❖❖❖

တထာဂတသုတ္တ (၃)

- သံ၊၃။၃၈-၄၀။ သံ၊မြန်၊၃။၄၀-၂။ သံ၊ဌ၊၃။၁၇၀။ သံ၊ဋ္ဌ၊၂။၄၁၀။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၅-အပ္ပမာဒပေယျာလဝဂ္ဂ၊ ပဌမသုတ်။

အပဒ၊ ဒွိပဒ၊ စတုပ္ပဒ၊ ဗဟုပ္ပဒ၊ ရူပီ၊ အရူပီ၊ သညီ၊ အသညီ၊ နေဝသညီ နာသညီ သတ္တဝါအားလုံးတို့ထက် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားရှင်သည် အမြတ်ဆုံးဖြစ်သကဲ့သို့ ထို့အတူ ကုသိုလ်တရားအားလုံးတို့သည် အပ္ပမာဒတရားလျှင် အကြောင်းရင်းရှိကုန်၏။ အပ္ပမာဒတရား၌ အကျုံးဝင်ပါဝင်ကုန်၏။ အပ္ပမာဒတရားကို ကုသိုလ်တရားအားလုံးတို့ထက် အမြတ်ဆုံးဟု ဟောကြားအပ်၏။ အပ္ပမာဒတရားနှင့် ပြည့်စုံသောရဟန်းသည် အဋ္ဌင်္ဂိကအရိယမဂ်ကို ပွားများလိမ့်မည်။ ကြိမ်ဖန်များစွာ အလေ့အလာပြုလိမ့်မည်။

ဤသာသနာတော်၌ ရဟန်းတော်သည် အဋ္ဌင်္ဂိကအရိယမဂ်ကို ဝိဝေကနိဿိတ၊ ဝိရာဂနိဿိတ၊ နိရောဓနိဿိတ၊ ဝေါဿဂ္ဂပရိဏာမီ ဖြစ်အောင်ပွားများ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။

ရာဂဝိနယပရိယောသာန၊ ဒေါသဝိနယပရိယောသာန၊ မောဟဝိနယပရိယောသာန ဖြစ်အောင်ပွားများ၏။ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။

အမတောဂဓ၊ အမတပရာယန၊ အမတပရိယောသာန ဖြစ်အောင်ပွားများ၏။ ကြိမ်ဖန်များစွာအလေ့အလာပြု၏။

နိဗ္ဗာနနိန္နာ၊ နိဗ္ဗာနပေါဏာ၊ နိဗ္ဗာနပဗ္ဘာရ ဖြစ်အောင်ပွားများ၏။ ကြိမ်ဖန်များစွာ အလေ့အလာပြု၏ဟု အရိယမဂ္ဂင် တစ်ပါးစီ တစ်ပါးစီ ပွားများပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ၊ ဋီကာတို့၌ အပ္ပမာဒတရား၏ မြင့်မြတ်ပုံကို ဖွင့်ဆိုထားပါသည်။

- သံ၊၃။၂၅၃–၄။ သံ၊မြန်၊၃။၂၅၆–၇။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၇–ကုဋ္ဌိပါဒသံယုတ္တ၊ ၃–အယောဂုဏ္ဍဝဂ္ဂ၊ ဒွါဒသမသုတ်။

မြတ်စွာဘုရားသည် ကုဋ္ဌိပါဒ်လေးပါးတို့ကို ပွားများသည်ရှိသော် ကုဋ္ဌိပါဒ်လေးပါးတို့သည် အလွန်တွန့်တိုဆုတ်နစ်ခြင်း၊ အလွန်တက်ကြွခြင်းမရှိ၊ အဖျတ္တသန္ဓာန်၌လည်း မကြီ၊ ဗဟိဒ္ဓသန္ဓာန်၌လည်း မပြန့်လွင့်။ ရှေ့နောက်၊ အထက်အောက်၊ နေ့ ညဉ့်အဖို့တို့၌ အမှတ်သညာရှိလျက်နေ၏။ ဤသို့မြေးယှက်ခြင်းမရှိ ပွင့်လင်းသောစိတ်ဖြင့် အရောင်အလင်းရှိလာအောင် စိတ်ကိုပွားများ၏။ ဤကုဋ္ဌိပါဒ်လေးပါးတို့ကို

ပွားများခြင်း၊ ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရားသည် သို့ကလောက် တန်ခိုးအာနုဘော်ကြီးမား၏။ ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် တန်ခိုးအမျိုးမျိုးဖြစ်အောင် ပြုနိုင်၏။ အာသဝေါတရားတို့ကုန်ခြင်းကြောင့် အာသဝ(ကိလေသာ) မရှိသော စေတောဝိမုတ္တိ၊ ပညာဝိမုတ္တိကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု ပြည့်စုံစေလျက် နေတော်မူ၏ဟု ဣဒ္ဓိပါဒ်တစ်ပါးစီ တစ်ပါးစီပွားများပုံကို ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည့်သုတ်။

- သံ၊၃။၃၇၁–၂။ သံ၊မြန်၊၃။၃၇၇–၈။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂–သစ္စသံယုတ္တ၊
  ၂–ဓမ္မစက္ကပဝတ္တနဝဂ္ဂ၊ ဒုတိယသုတ်။

မြတ်စွာဘုရားရှင်တို့အား သစ္စာလေးပါးတရားတို့၌ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ဖြစ်ပုံကို ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်အတိုင်း ဘုရားရှင် ကာသီနိုင်ငံ ဗာရာဏသီမြို့တော်အနီး ဣသိပတနမိဂဒါယ၌ ပဉ္စဝဂ္ဂိရဟန်းတော်တို့အား ဟောတော်မူသည့်သုတ်။

❖❖❖❖❖

တထာဂတအစ္ဆရိယသုတ္တ (၂)

- အံ၊၁။၄၄–၇။ အံ၊မြန်၊၁။၄၅–၄၆၀။ အံ၊ဌ၊၂။၃၃၃–၄။ အံ၊ဋ္ဌ၊၂။၃၃၁–၂။
- အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ တတိယပဏ္ဏာသက၊
  (၁၃)၃–ဘယဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားအလောင်းတော် တုသိတာနတ်ပြည်မှ ဆင်းသက်၍ မယ်တော်မာယာဝမ်းကြောတိုက်၌ ပဋိသန္ဓေနေတော်မူရာအခါ၊ မီးရှူးသန့်စင် ဖွားမြင်တော်မူရာအခါ၊ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူရာအခါ၊ ဓမ္မစက္ကြာတရားတော် ဟောတော်မူရာအခါတို့၌ နတ်တို့၏အလင်းရောင်ထက် လွန်ကဲသောအလင်းရောင်ကြီး သတ္တလောက, သြကာသလောက၌ ဖြစ်ပေါ်လာပါသည်။ လရောင်, နေရောင်တို့ မရောက် (မလင်း)နိုင်သော လောကန္တရိကငရဲသားများ အလင်းရောင်ရသည်အထိ လင်းလက်ပါသည်။ ဤထူးခြားချက်လေးမျိုး ဖြစ်ပေါ်လာခြင်းသည် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားရှင်၏ အစ္ဆရိယ,အဗ္ဘုတလေးမျိုးဖြစ်ကြောင်း ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၌ ဒေဝါနံ ဒေဝါနုဘာဝ လောကန္တရိကနိရယအကြောင်းများ ဖွင့်ပြထားပါသည်။ ဋီကာအဖွင့်များလည်း ရှိပါသည်။

– အံ၊ ၁။၄၄၇–၈။ အံ၊မြန်၊ ၁။၄၆၀–၁။ အံ၊ဋ္ဌ၊ ၂။၃၃၄–၅။ အံ၊ဋီ၊ ၂။၃၃၀–၁။
– အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ တတိယပဏ္ဏာသက၊ (၁၃)၃–ဘယဝဂ္ဂ၊ အဋ္ဌမသုတ်။

(၁) ကပ်ငြိတွယ်တာဖွယ် ကာမဂုဏ်ငါးပါး၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ဝမ်းမြောက်နေကြသော သတ္တဝါအပေါင်းအား မကပ်ငြိ မတွယ်တာကြောင်း 'အနာလယဝမ္မ'။

(၂) ထောင်လွှားမှု 'မာန'၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ဝမ်းမြောက်နေကြသော သတ္တဝါအပေါင်းအား မာနပယ်ဖျောက်ကြောင်း 'မာနဝိနယဝမ္မ'။

(၃) မငြိမ်းချမ်းရာ တောဘူမိကဝဋ္ဋတရား၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ဝမ်းမြောက်နေကြသော သတ္တဝါအပေါင်းအား ငြိမ်းချမ်းကြောင်း 'သြပသမိကဝမ္မ'။

(၄) အဝိဇ္ဇာဖြစ်နေသော ဥခွံသဖွယ် အဝိဇ္ဇာဖြင့် မြှေးယှက်အပ်သော သတ္တဝါအပေါင်းအား အဝိဇ္ဇာပယ်ဖျောက်ကြောင်း အဝိဇ္ဇာဝိနယဝမ္မကို ဘုရားရှင်ဟောတော်မူအပ်သည်ရှိသော် ရိုသေလေးစားစွာ နားထောင်ကြ၏။ နားစွင့်ထောင်ကြ၏။ သိရှိနားလည်အောင်စိတ်ကို ဖြစ်စေ၏။ ဤသို့တရားတော်ကို လိုလိုလားလား နာယူခြင်း၊ သိအောင်စိတ်ကို ဖြစ်စေခြင်းသည် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ပွင့်တော်မူခြင်း၏ အစ္ဆရိယ အဗ္ဘုတဝမ္မလေးမျိုးတို့ပေတည်းဟု ဘုရားရှင် ရဟန်းတို့အား ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ပြချက်များ ရှိပါသည်။

❖❖❖❖❖

တထာဂတာနိသုတ္တ (၂၀)

– သံ၊ ၃။၁၁၉။ သံ၊မြန်၊ ၃။၁၂၄။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ်၊ ၂–ဗောဇ္ဈင်သံယုတ္တ၊ ၁၀–အပ္ပမာဒဝဂ္ဂ၊ ပထမသုတ်မှ ဒသမသုတ်အထိ (၁၀)သုတ်။

(သံ၊၃။၃၈–၄၀)သုတ် ဒေသနာတော်အတိုင်း အဋ္ဌကဝဂ်အရိယမဂ်နေရာ၌ ဗောဇ္ဈင်(၇)ပါးကို ဟောတော်မူသည့်သုတ်။

–သံ၊၃။ ၁၁၉–၁၂၁။ သံ၊မြန်၊၃။၁၂၅။
–သံယုတ္တနိကာယ၊ ၁၆–ပုနအပ္ပမာဒဝဂ္ဂ၊ ပထမသုတ်မှ ဒသမသုတ်အထိ (၁၀)သုတ်။
–သံ၊၃။၁၆၆၊ ၁၇၃။ ၂၁၅၊ ၂၁၈၊ ၂၂၀၊ ၂၅၄၊ ၂၆၈။

❖❖❖❖❖

တဒင်္ဂနိဗ္ဗာနသုတ္တ

– အံ၊၃။၂၄၆။ အံ၊မြန်၊၃။၂၄၅။ အံ၊ဌ၊၃။၂၈၄။
– အဂ္ဂံတ္တရနိကာယ၊ နဝကနိပါတ၊ ပဌမပဏ္ဏာသက၊ ၅–သာမညဝဂ္ဂ၊ နဝမသုတ်။

အရှင်ကာဠဒါယီထေရ်က မေးလျှောက်သဖြင့် တဒင်္ဂနိဗ္ဗာနကို ဝံသနိုင်ငံ၊ ကောသမ္မီမြို့၊ ဃောသိတာရုံကျောင်းတော်၌ အရှင်အာနန္ဒာထေရ် ဖြေဆိုသည့်သုတ်။

❖❖❖❖❖

တပန်ယသုတ္တ (၄)

– အံ၊၁။၅၀။ အံ၊မြန်၊၁။၆၃။ အံ၊ဌ၊၂။၅။ အံ၊ဋ္ဌ၊၂။၃–၄။
– အဂ္ဂံတ္တရနိကာယ၊ဒုကနိပါတ၊ ပဌမပဏ္ဏာသက၊
၁–ကမ္မကရဏဝဂ္ဂ၊ တတိယသုတ်။

ဒုစရိုက်သုံးပါးကို ပြုလုပ်၊ ပြောဆို၊ကြံစည်မိခြင်းကြောင့် နောင်တတဖန် ပူပန်ရ၏။ သုစရိုက်သုံးပါးကို မပြုလုပ်၊ မပြောဆို၊ မကြံစည်လိုက်ရခြင်းကြောင့် နောင်တတဖန် ပူပန်ရ၏–ဟု သတ္တဝါတို့ ပူပန်ရသော တရားနှစ်ပါးကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၌ ကာယဒုစရိုက်အရာ၌ နန္ဒဘီလူး၊ နန္ဒလုလင်၊ နန္ဒနွားသတ်သမား၊ ဒေဝဒတ္တ၊ နွားသတ်သမားညီနောင်တို့ကိုလည်းကောင်း၊ ဝစီဒုစရိုက်အရာ၌ သုပ္ပဗုဒ္ဓ သာကီဝင်၊ ကောကာလိကရဟန်း၊ စိဉ္စမာဏဝိကာအစရှိသူတို့လည်းကောင်း ထုတ်ပြထားပါသည်။

♦ ဌီကာ၌ တပနီယပုဒ်ကို ဖွင့်ပြထားပါသည်။

– အံ၊ ၃။၄၅၅။ အံ၊ မြန်၊ ၃။၄၄ရ။
– အဂ္ဂိတ္တရနိကာယ၊ ဒသကနိပါတ၊ တတိယပဏ္ဏာသက၊
(၁၄)၄–သာဓုဝဂ္ဂ၊ အဋ္ဌမသုတ်။

မိစ္ဆာမဂ္ဂင် (၈)ပါးနှင့် မိစ္ဆာဉာဏ၊ **မိစ္ဆာဝိမုတ္တိတို့**သည် ပစ္စုပ္ပန်၊ တမလွန်နှစ်တန်သောဘဝတို့၌ ပူပန်စေတတ်သောတရား၊ **အရိယမဂ္ဂင်** (၈)ပါးနှင့် **သမ္မာဉာဏ**၊ **သမ္မာဝိမုတ္တိတို့**သည် မပူပန်စေတတ်သောတရားဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊ ၃။၄၈၄။ အံ၊ မြန်၊ ၃။၄၇၄။
– အဂ္ဂိတ္တရနိကာယ၊ ဒသကနိပါတ၊ စတုတ္ထပဏ္ဏာသက၊
(၁၈)၃–သာဓုဝဂ္ဂ၊ အဋ္ဌမသုတ်။

ဒုစရိုက်တရား (၁၀)ပါးသည် တပနီယမမှ၊ သုစရိုက်တရား (၁၀)ပါးသည် အတပနီယမမှ–ဟု ရဟန်းတို့အား ဘုရားရှင်ဟော တော်မူသည်သုတ်။

– ဣတိဝုတ္တက။၂၁၂။ ဣတိဝုတ္တက၊ မြန်။ ၁၉၅။ ဣတိဝုတ်၊ ၆။၉ရ–၈။
– ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ ဒုကနိပါတ၊ ပဌမဝဂ္ဂ၊ တတိယသုတ်။

ကောင်းမှုကုသိုလ်ကို မပြုမလုပ်သော **ဆင်း**ရဲဒုက္ခမှ ကာကွယ်စောင့်ရှောက်တတ်သော ကောင်းမှုကုသိုလ်မရှိသော၊ **မ**ကောင်းမှုအကုသိုလ်ကို ပြုလုပ်သော ခက်ထန်ကြမ်းကြုတ်သောပုဂ္ဂိုလ်သည်–

(၁) ငါသည် ကောင်းမှုကုသိုလ်ကို မပြုမလုပ်မိဟုလည်းကောင်း။
(၂) ငါသည် မကောင်းမှုအကုသိုလ်ကို ပြုလုပ်မိလေပြီဟုလည်းကောင်း။
နောင်တတဖန် ပူပန်ရ၏ဟု ဘုရားရှင်ဟောတော်မူကြောင်း ခုဇ္ဈတ္တရာက သာမာဝတီ အမှူးရှိသော မိဖုရားငါးရာတို့အား ဟောပြသည်သုတ်။

❖❖❖❖❖

တဝ္ဒသ်သ္ကတ္ (၂)

- အံ၊ ၂။ ၃၉၂။ အံ၊ မြန်၊ ၂။ ၄၉၆။
- အင်္ဂုတ္တရနိကာယ၊ ဆက္ကနိပါတ၊ ၁၂-သာမညဝဂ္ဂ၊ တတိယသုတ်။

ရတနာသုံးပါးခ္ဍ သက်ဝင်ယုံကြည်မှု၊ အရိယသီလ၊ အရိယဉာဏ၊ အရိယဝိမုတ္တိ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော တပုသ်သ္ကြွယ်သည် မြတ်စွာဘုရားခ္ဍ ဆုံးဖြတ်ခြင်းသို့ရောက်၏။ အပြိုက်နိဗ္ဗာန်ကိုပြင်၏။ အပြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုရ်နေ၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

- အံ၊ ၃။ ၂၃၃-၂၄၁။ အံ၊ မြန်၊ ၃။ ၂၃၂-၂၄၀။ အံ၊ ဌ၊ ၃။ ၂၈၂-၃။ အံ၊ ဋ္ဌ၊ ၃။ ၃၀၄။
- အင်္ဂုတ္တရနိကာယ၊ နဝကနိပါတ၊ ပဌမပဏ္ဏာသက၊ ၄-မဟာဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် မလ္လနိုင်ငံ ဥရုဝေလကပ္ပနိဂုံးအနီး မဟာဝုန်တောအုပ်အတွင်းခ္ဍ နေ့သန့်တော်မူနေစဉ် တပုသ်သ္ကြွယ်လျှောက်ထားသော လူတို့နှင့်မတူသော သာသနာ့ဝန်ထမ်း ရဟန်းတော်တို့၏ ထူးခြားချက်ကို အရှင်အာနန္ဒာက ဘုရားရှင်အား လျှောက်ထားပါသည်။

ဘုရားရှင်က ဤတပုသ်သ္ကြွယ် လျှောက်ထားသောစကားသည် လျှောက်ထားသည်အတိုင်း မှန်ပေ၏ဟု ပိန့်ကြားတော်မူပြီး ကိုယ်တော်တိုင် အလောင်းတော်ဘဝမှ သဗ္ဗညုဘုရားရှင် ဖြစ်တော်မူသည်အထိ ''နေ့ဗွမ္မသည် ကောင်း၏။ ဆိတ်ငြိမ်မှုသည် ကောင်း၏။'' ဟု ရှုနေသော်လည်း ငါဘုရား၏စိတ်သည် နေ့ဗွမ္ဍ မသက်ဝင် မကြည်လင် ကောင်းစွာမဟုတ် နိဝရဏတို့မှ မကျွတ်လွတ်နိုင်ခြင်း အကြောင်းကို ဆင်ခြင်သည်ရှိသော် ကာမဂုဏ်တို့ခ္ဍ အပြစ်မမြင်။ ထိုအပြစ်ကိုလည်း မလေ့လာ၊ ကာမမှထွက်မြောက်မှု နေ့ဗွမ္ဍ၏အကျိုးကိုလည်းမသိ၊ ထိုအကျိုးကိုလည်း မမှီဝဲဘူး၊ ထို့ကြောင့် ''ထိုနေ့ဗွမ္ဍသည် ငြိမ်သက်၏'' ဟု ရှုနေသော ငါဘုရား၏စိတ်သည် ထွက်မြောက်မှုနေ့ဗွမ္ဍ မပြေးဝင် မကြည်လင် ကောင်းစွာမတည် လွတ်လွတ်မသက်ဝင် အစရှိသည်ဖြင့် အောက်အောက်သမာပတ်၏အပြစ်ကို သိမြင်ခြင်း အထက်အထက်သမာပတ်၏အကျိုးကို မှီဝဲခြင်း၊ အထက်အထက် သမာပတ်ကို ရရှိပုံတို့ကို တစ်ပါးစီ တစ်ပါးစီ ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

◆ အဌကထာ၊ ဋီကာတို့ခ္ဍ ဖွင့်ဆိုချက်များ ရှိပါသည်။

❖❖❖❖❖

တပေါကမ္မသုတ္တ

- သံ၊ဘာ၊၁၀၄။ သံ၊မြန်၊ဘာ၊၁၀၁။ သံ၊ဌ၊ဘာ၊၁၅၅-၆။ သံ၊ဋ္ဌ၊ဘာ၊၂၀၁-၂။
- သံယုတ္တနိကာယ၊ ၄-မာရသံယုတ္တ၊ ပဌမဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် သဗ္ဗညုဘုရားရှင် ဖြစ်တော်မူပြီး သတ္တသတ္တာဟစ်နေတော်မူစဉ် အဇပါလညောင်ပင်ရင်းခံ သီတင်းသုံးတော်မူနေစဉ် ''ဒုက္ကရစရိယာအကျင့်ကို ကျင့်ခြင်းမှ ငါလွတ်မြောက်ခဲ့လေပြီ၊ အကျိုးမဲ့နှင့်စပ်သော ထိုဒုက္ကစရိယာအကျင့်မှ လွတ်မြောက်ခြင်းသည် ကောင်းလေစွတကား၊ ကိလေသာတို့မှ လွတ်မြောက်၍ သဗ္ဗညုတညာဏ်ကို ရခြင်းသည် ကောင်းလေစွတကား''ဟု စိတ်အကြံအစည် ဖြစ်တော်မူနေသော ဘုရားရှင်အား မာရ်နတ်ရောက်လာပြီး သတ္တဝါတို့သည် ခေါင်းပါးသောအကျင့်မှ ဖဲခွာကြကုန်သောကြောင့် မစင်ကြယ်ကြကုန်။ သင်သည် မစင်ကြယ်ပါပဲလျက် စင်ကြယ်၏ဟု မှတ်ထင်ဘိ၏။ စင်ကြယ်သောခရီးမှ လွဲချော်နေလေပြီဟု ပြောဆိုရာ မာရ်နတ်မှန်းသိတော်မူသဖြင့် အနတ္တသံဟိတံ ဥတ္တာ အစရှိသောနှစ်ဂါထာ ဖြင့် အတ္တကိလမထအကျင့်ကို စွန့်လွှတ်ခဲ့ပုံ၊ သီလ သမာဓိ ပညာကျင့်စဉ်ကြောင့် အရဟတ္တဖိုလ်သို့ ရောက်တော်မူခြင်းကြောင့် သင်ရှုံးပြီဟု မာရ်နတ်အား ဘုရားရှင် မိန့်တော်မူသည်သုတ်။

♦ အဌကထာ၊ ဋီကာတို့၌ သိမှတ်ဖွယ်များကို ဖွင့်ဆိုထားပါသည်။

❖❖❖❖❖

တမောတမသုတ္တ

- အံ၊ဘာ၊၃၉၇-၈။ အံ၊မြန်၊ဘာ၄၁၁-၂။ အံ၊ဌ၊၂။၃၂၁-၂။ အံ၊ဋ္ဌ၊၂။၃၁၆-ရ။
- အင်္ဂုတ္တရနိကာယ၊ စတုက္ကနိပါတ၊ ဒုတိယပဏ္ဏာသက၊ (၉)၄-မစလဝဂ္ဂ၊ ပဌမသုတ်။

(၁) တမ တမပရာယဏ= အမှောင်(မှလာ/၌ဖြစ်၍) အမှောင်သို့သွားမည့်ပုဂ္ဂိုလ်။
(၂) တမ ဇောတိပရာယဏ= အမှောင်(မှလာ/၌ဖြစ်၍) အလင်းသို့သွားမည့်ပုဂ္ဂိုလ်။
(၃) ဇောတိ တမပရာယဏ= အလင်း(မှလာ/၌ဖြစ်၍) အမှောင်သို့သွားမည့်ပုဂ္ဂိုလ်။
(၄) ဇောတိ ဇောတိပရာယဏ= အလင်း(မှလာ/၌ဖြစ်၍) အလင်းသို့သွားမည့်ပုဂ္ဂိုလ်။
ဟု ပုဂ္ဂိုလ်လေးမျိုး၏ အမျိုးဇာတ်, ဘဝကျင့်စဉ်တို့ကို အကျယ်အားဖြင့် ရဟန်းတို့အား

ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များ ပါရှိပါသည်။

❖❖❖❖❖

တယောဓမ္မသုတ္တ

အံ၊၃။၃၇၀–၅။ အံ၊မြန်၊၃။၃၆၈–၃၇၁။
အဂ္ဂိတ္တရနိကာယ၊ ဒသကနိပါတ၊ ဒုတိယပဏ္ဏာသက၊
(၈)၃–အာကခ်ံဝဂ္ဂ၊ ဆဋ္ဌသုတ်။

အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားရှင်လောက၌ ပွင့်တော်မမူလျှင် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓမ္မဝိနယတို့ လောက၌ မထွန်းလင်းလျှင် ဇာတိ ဇရာ မရဏဓမ္မတရားသုံးပါးတို့ မထင်ရှားကုန်။ ထိုတရားသုံးပါးတို့ လောက၌ ထင်ရှားကုန်သောကြောင့် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်ဖြစ်တော်မူသော ဘုရားရှင် လောက၌ ဖြစ်ပွင့်တော်မူ၏။ ဘုရားရှင် ဟောကြားတော်မူအပ်သော ဓမ္မဝိနယ လောက၌ တောက်ပ ထွန်းလင်းတော်မူ၏။

ရာဂ၊ ဒေါသ၊ မောဟ တရားသုံးပါးကို မပယ်မစွန့်ပဲ ဇာတိ၊ ဇရာ၊ မရဏာ တရားသုံးပါးကို မပယ်မစွန့်နိုင်။ (၁)

သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဘရားသုံးပါးကို မပယ်မစွန့်ပဲ ရာဂ၊ ဒေါသ၊ မောဟ တရားသုံးပါးကို မပယ်မစွန့်နိုင်။ (၂)

အယောနိသောမနသိကာရ၊ ကုမ္မဂ္ဂသေဝန၊ စေတသောလိနတ္တ တရားသုံးပါး ကို မပယ်မစွန့်ပဲ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ တရားသုံးပါးကို မပယ်မစွန့်နိုင်။ (၃)

မုဋ္ဌသစ္စ၊ အသမ္ပဇည၊ စေတသောဝိက္ခေပ တရားသုံး ကို မပယ်မစွန့်ပဲ အယောနိသောမနသိကာရ၊ ကုမ္မဂ္ဂသေဝန၊ စေတသောလိနတ္တ တရားသုံးပါးကို မပယ်မစွန့်နိုင်။ (၄)

အရိယာနံ အဒဿနကမ္မတာ၊ အရိယဓမ္မသ အသောတုကမ္မတာ၊ ဥပါ ရမ္ဘစိတ္တတာ တရားသုံး ကို မပယ်မစွန့်ပဲ မုဋ္ဌသစ္စ၊ အသမ္ပဇည၊ စေတသော

ဝိကျေပ တရားသုံးပါးကို မပယ်မစွန့်နိုင်။ (၅)

ဥဒ္ဓစ္စ၊ အသံဝရ၊ ဒုဿီလျ တရားသုံးပါးကို မပယ်မစွန့်ပဲ အရိယာနံ အဒ-ဿနကမျှတာ၊ အရိယမဗွယသ အသောတုကမျှတာ၊ ဥပါရမ္ဘစိတ္တတာ တရားသုံးပါးကို မပယ်မစွန့်နိုင်။ (၆)

အသဒ္ဓိယ၊ အဝဒညုတာ၊ ကောသဇ္ဇ တရားသုံးပါးကို မပယ်မစွန့်ပဲ ဥဒ္ဓစ္စ၊ အသံဝရ၊ ဒုဿီလျ တရားသုံးပါးကို မပယ်မစွန့်နိုင်။ (၇)

အနာဒရိယ၊ ဒေါဝစဿတာ၊ ပါပမိတ္တတာ တရားသုံးပါးကို မပယ်မစွန့်ပဲ အသဒ္ဓိယ၊ အဝဒညုတာ၊ ကောသဇ္ဇ တရားသုံးပါးကို မပယ်မစွန့်နိုင်။ (၈)

အဟိရိက၊ အနောတ္တပ္ပ၊ ပမာဒ တရားသုံးပါးကို မပယ်မစွန့်ပဲ အနာဒရိယ၊ ဒေါဝစဿတာ၊ ပါပမိတ္တတာ တရားသုံးပါးကို မပယ်မစွန့်နိုင်။ (၉)

ပုဂ္ဂိုလ်သည် အဟိရိက၊ အနောတ္တာပီ၊ ပမတ္တဖြစ်၏။ ထိုပမတ္တပုဂ္ဂိုလ်ဖြစ်လျှင် အနာဒရိယ၊ ဒေါဝစဿတာ၊ ပါပမိတ္တတာကို မပယ်မစွန့်နိုင်။

– ပါပမိတ္တပုဂ္ဂိုလ်ဖြစ်လျှင် အသဒ္ဓိယ၊ အဝဒညုတာ၊ ကောသဇ္ဇကို မပယ်မစွန့်နိုင်။
– ကုသီတပုဂ္ဂိုလ်ဖြစ်လျှင် ဥဒ္ဓစ္စ၊ အသံဝရ၊ ဒုဿီလျကို မပယ်မစွန့်နိုင်။

– ဒုဿီလပုဂ္ဂိုလ်ဖြစ်လျှင် အရိယာနံ အဒဿနကမျှတာ၊ အရိယမဗွယသ အသောတုကမျှတာ၊ ဥပါရမ္ဘစိတ္တတာကို မပယ်မစွန့်နိုင်။

– ဥပါရမ္ဘစိတ္တပုဂ္ဂိုလ်ဖြစ်လျှင် မုဋ္ဌဿစ္စ၊ အသမ္ပဇည၊ စေတသော ဝိကျေပကို မပယ် မစွန့်နိုင်။

– ဝိကျိတ္တစိတ္တပုဂ္ဂိုလ်ဖြစ်လျှင် အယောနိသောမနသိကာရ၊ ကုမ္မဂ္ဂသေဝန၊ စေတသော လီနတ္တကို မပယ်မစွန့်နိုင်။

– လီနစိတ္တပုဂ္ဂိုလ်ဖြစ်လျှင် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသကို မပယ်မစွန့်နိုင်။

– ဝိစိကိစ္ဆာဖြစ်လျှင် ရာဂ၊ ဒေါသ၊ မောဟကို မပယ်မစွန့်နိုင်။
– ရာဂ၊ ဒေါသ၊ မောဟကို မပယ်မစွန့်ဘဲ ဇာတိ၊ ဇရာ၊ မရဏကို မပယ်မစွန့်နိုင်။ (၁၀)

ရာဂ၊ ဒေါသ၊ မောဟတရားသုံးပါးကို ပယ်စွန့်ခြင်းကြောင့် ဇာတိ၊ ဇရာ၊ မရဏာတရားသုံးပါးကို ပယ်နိုင်၏အစရှိသည်ဖြင့် ကဏ္ဍပဏ္ဍ၊ သုက္ကပဏ္ဍဒေသနာတော်ဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖❖❖❖❖

တရုဏာရုက္ခသုတ္တ

– သံ၊၁။၃၁၅–၆။ သံ၊မြန်၊၁။၃၀၂–၃။ သံ၊ဋ္ဌ၊၂။ရ၉။ သံ၊ဋီ၊၂။၉၈။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁–နိဒါနသံယုတ္တ၊ ၆–ဒုက္ခဝဂ္ဂ၊ သတ္တမသုတ်။

နုပျိုသောသစ်ပင်ကို ယောက်ျားသည် ပေါင်းမြက်တို့ကို သုတ်သင်ခြင်း၊ မြေစာကျွေးခြင်း၊ ရေလောင်းခြင်းကိုပြုသကဲ့သို့ သံယောဇဉ်၏အကြောင်းဖြစ်ကုန်သော တေဘူမကတရားတို့၌ သာယာဖွယ်ဟု ရှုနေသောသူအား တဏှာသည် တိုးပွားတတ်။ တဏှာကြောင့် ဥပါဒါန်ဖြစ်၏အစရှိသည်ဖြင့် ပဋိစ္စသမုပ္ပါဒ ဆင်းရဲဖြစ်ပုံကိုလည်းကောင်း၊ နုပျိုသောသစ်ပင်ကို အမြစ်ပါမကျန် တူးဖြတ်ပြီး အလုံးစုံကိုမီးရှို့ပြီး ပြာကိုမြစ်အတွင်းမျှောလိုက်သကဲ့သို့ သံယောဇဉ်၏အကြောင်းဖြစ်သော တေဘူမကတရားတို့၌ အပြစ်ကိုရှုမြင်နေသော ယောဂီပုဂ္ဂိုလ်အား တဏှာသည်ချုပ်၏။ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏အစရှိသည်ဖြင့် ပဋိစ္စသမုပ္ပါဒပဋိလောမဒေသနာတော်ဖြင့် ဒုက္ခအားလုံး ချုပ်ငြိမ်းပုံကိုလည်းကောင်း၊ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖❖❖❖❖

တသိနာသုတ္တ

– သံ၊၃။၅၄။ သံ၊မြန်၊၃။၅၈။ သံ၊ဋ္ဌ၊၃။၁၇၄။ သံ၊ဋီ၊၂။၄၁၂။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁–မဂ္ဂသံယုတ္တ၊
  ၇–သေနာဝဂ္ဂ၊ ကောဒသမသုတ်။

မွတ်သိပ်ဆာလောင်မှု ကာမတသိနာ၊ ဘဝတသိနာ၊ ဝိဘဝတသိနာ တရားသုံးပါးတို့ကို ထူးသောဉာဏ်ဖြင့်သိခြင်းငှါ၊ ပိုင်းခြားရှုသိခြင်းငှါ၊ ပယ်ခြင်းငှါ အဋ္ဌကိက

အရိယမဂ်ကို ပွားများရမည်အစရှိသည်ဖြင့် အကျယ်အားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖❖❖❖❖

တာယနသုတ္တ

- သံ၊ ၁။၄၆၆–ရ။ သံ၊မြန်၊ ၁။၄၆၆–ရ။ သံ၊ဋ္ဌ၊ ၁။၉၉–၁၀၀။ သံ၊ဋီ၊ ၁။၁၄၇–၈။
- သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၂–ဒေဝပုတ္တသံယုတ္တ၊ ပဌမဝဂ္ဂ၊ အဋ္ဌမသုတ်။

ရှေးဟောင်းအယူဝါဒ တည်ထွင်သူဖြစ်သော တာယနနတ်သား၏ လုံ့လပြု၍ တဏှာကိုဖြတ်ရန်၊ ကိလေသာကာမ ဝတ္ထုကာမတို့ကို ပယ်နုတ်ရန်၊ ကာမကို မပယ်သောရဟန်းသည် စျာန်မရနိုင်ပုံ၊ လုံ့လဝီရိယ နောက်မဆုတ်ဘဲ မြဲမြဲစွာအားထုတ်ရန်၊ လုံ့လဝီရိယလျော့လျှင် ကိလေသာမြူတို့ ကြဲဖြန့်လာပုံ၊ မကောင်းမှုနှင့် ကောင်းမှု ငရဲသို့ ဆွဲဆောင်သောရဟန်း၏ မကောင်းမှုနှင့် သမန်းမြက်ဥပမာ၊ အကျိုးမများသော တရားသုံးမျိုးတို့ကို ငါးဂါထာဖြင့် လျှောက်ထားပြီး ပြန်သွားရာ ဘုရားရှင်က ယင်းဂါထာတို့ကို ဆောင်ထားကြရန်၊ အတ္တသံဟိတ အာဒိဗြဟ္မစရိယကဖြစ်ပုံကို ရဟန်းတို့အား မိန့်ကြားတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ နန္ဒ၊ ဝစ္ဆ၊ ကိသ၊ သံကိစ္စတို့သည် တိတ္ထကရများဖြစ်ပုံ၊ ပုရဏ အစရှိသူတို့သည် တိတ္ထိယဖြစ်ပုံ၊ မိစ္ဆာအယူရှိသူဖြစ်လျက် တာယနနတ်ပြည်သို့ ရောက် လာသော ကောင်းမှုများနှင့် ဘုရားမြတ်စွာသာသနာတော်၏ နိယျာနိကဖြစ်ပုံ ကိုသိသဖြင့် သာသနာနှစ်ဆဝိကဝိရိယ ပဋိသံယုတ္တဂါထာများကို လျှောက်ထားပုံနှင့် ဖွင့်ဆို သင့်သောပုဒ်တို့ကို ဖွင့်ပြထားပါသည်။ ဋီကာ၌လည်း ဖွင့်ဆိုချက်များ ရှိပါသည်။

❖❖❖❖❖

တာလပုဋ္ဌသုတ္တ

- သံ၊ ၂။၄၉၄–၅။ သံ၊မြန်၊ ၂။၄၈၈–၉။ သံ၊ဋ္ဌ၊ ၃။၁၄၀–၁။ သံ၊ဋီ၊ ၂။၃၇၉–၃၈၀။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂနိကာယ၊ ၈–ဂါမဏိသံယုတ္တ၊. ဒုတိယသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်

မူစဉ် တာလပုဋ္ဌေတာ်ဆရာကြီးက ရှေးတာ်ဆရာကြီးများ မိန့်ကြားခဲ့သောစကားတို့ကို ဘုရားရှင်အားလျှောက်ထားရာ ဘုရားရှင်က ထိုစကားများကို မလျှောက်ထားရန် သုံးကြိမ်တိုင်တိုင် တားမြစ်တော်မူသော်လည်း တာလပုဋ္ဌေတာ်ဆရာကြီးက မေးလျှောက်မြဲ မေးလျှောက်ပါသည်။

ဘုရားရှင်က ဇာတ်သမားများ ရောက်ရာဂတိသည် ပဟာသနတ်ပြည်မဟုတ်၊ ပဟာသငရဲဖြစ်ကြောင်း၊ ငရဲရောက်ခြင်း၏အကြောင်းတို့ကို ရှင်းလင်းမိန့်ကြားတော်မူပါသည်။

တာလပုဋ္ဌေတာ်ဆရာကြီး ပြင်းထန်စွာငိုကြွေးပြီး ရှေးဆရာကြီးများ၏ လှည့်ပတ်ဖျားယောင်းမှုခံရသည်ကို ဝမ်းနည်း၍ ငိုမိပါကြောင်း လျှောက်ထားပြီး ဘုရားရှင်အထံတော်၌ ဥပါသကာအဖြစ်ခံယူပြီး ရဟန်းပြုလိုကြောင်း လျှောက်ထားပါသည်။ ရဟန်းပြု၍ မကြာမီ အာသဝေါကင်းကွာ ရဟန္တာဖြစ်ပုံကို ဘုရားရှင်ဟောတော်မူသည့်သုတ်။

♦ အဌကထာ၌ တာလပုဋ္ဌဆရာကြီး၏အကြောင်းကို အကျယ်တဝင့် ဖွင့်ဆိုထားပါသည်။ ဋီကာ၌လည်း ဖွင့်သင့်သောပုဒ်များကို ဖွင့်ဆိုထားပါသည်။

❖❖❖❖❖

တိကဏ္ဍကီသုတ္တ

– အံ၊ ၂။၁၄၉–၁၅၀။ အံ၊မြန်၊ ၂။၁၈၈–၉။ အံ၊ဌ၊ ၃။၅၂။ အံ၊ဋီ၊ ၃။၄၉။
– အဂ်ုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ တတိယပဏ္ဏာသက၊
(၁၅)၅–တိကဏ္ဍကီဝဂ္ဂ၊ စတုတ္ထသုတ်။

(၁) အပ္ပဋိကူလဖြစ်သော ရဇနီယဝမ္မတို့၌ ရာဂမဖြစ်အောင် ပဋိကူလသညာကို ပွားရှိနေရမည်။

(၂) ပဋိကူလဖြစ်သော ဒေါသနီယဝမ္မတို့၌ ဒေါသမဖြစ်အောင် အပ္ပဋိကူလသညာ ပွားရှိနေရမည်။

(၃) အပ္ပဋိကူလရဇနီယဝမ္မတို့၌ ရာဂမဖြစ်အောင် ပဋိကူလဖြစ်သော ဒေါသနီယဝမ္မတို့၌ ဒေါသမဖြစ်အောင် ပဋိကူလသညာကို ပွားများနေရမည်။

(၄) ပဋိကူလဖြစ်သော ဒေါသနီယဝမ္မတို့၌ ဒေါသမဖြစ်စေရန် အပ္ပဋိကူလဖြစ်သော

ရဇနီယဓမ္မတို့၌ ရာဂမဖြစ်စေရန် အပ္ပဋိကူလသညာကို ပွားများနေရမည်။

(၅) မည်သည့်အာရုံ မည်သည့်အရပ်၌မဆို ရဇနီယဓမ္မတို့၌ အနည်းငယ်မျှပင် ရာဂမဖြစ်ပါစေလင့်၊ မည်သည့်အာရုံ မည်သည့်အရပ်၌မဆို ဒေါသနီယဓမ္မတို့၌ အနည်းငယ်မျှပင် ဒေါသမဖြစ်ပါစေလင့်၊ မည်သည့်အာရုံ မည်သည့်အရပ်၌မဆို မောဟနီယဓမ္မတို့၌ အနည်းငယ်မျှပင် မောဟမဖြစ်ပါစေလင့်ဟု ပဋိကူလအာရုံ၊ အပ္ပဋိကူလအာရုံ ထိုနှစ်ပါးစုံကိုကြည့်၍ လျစ်လျူရှုလျှက် သတိသမ္ပဇဉ်ရှိသည်ဖြစ်၍ နေရာ၏ဟု ဘုရားရှင်ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖❖❖❖❖

တိတရုဏ္ဏသုတ္တ

– အံ၊ဘ၊ဘ၆၃–၆။ အံ၊မြန်၊ဘ၊ဘ၈၁–၅။ အံ၊ဌ၊၂။ဘ၄၄–၉။ အံ၊ဋီ၊၂။ဘ၃၀–၈။
– အဂ္ဂုတ္တရနိကာယ၊ တိကနိပါတ၊ ဒုတိယပဏ္ဏာသက၊
(၆) ၁–ပြာဟ္မဏဝဂ္ဂ၊ အဋ္ဌမသုတ်။

တိကဏ္ဍပြာဟ္မဏ၏ ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသော ပြာဟ္မဏတို့၏ ဝိဇ္ဇာသုံးပါးကို လျှောက်ထားမှုနှင့်ဆက်စပ်၍ အရိယာဖြစ်တော်မူသော ဘုရားရှင်သာသနာတော်၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ကျင့်စဉ်နှင့် ဝိဇ္ဇာသုံးပါးကို ဘုရားရှင်မိန့်ကြားတော်မူသည်အခါ တိကဏ္ဍပြာဟ္မဏက ပြာဟ္မဏတို့၏ ဝိဇ္ဇာသုံးပါးသည် အရိယသာသနာတော်၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံမှုကို (၁၆)စိတ်စိတ်၍ တစ်စိတ်မျှ မပီနိုင်ပါဟု လျှောက်ထားပြီး ဥပါသကာအဖြစ် ခံယူသွားပုံကို ပြဆိုသည်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ပြချက်များ ရှိပါသည်။
♦ ဋီကာ-(၁၃၂)၌ မဟာသာဝကစာရင်း ပါရှိပါသည်။

❖❖❖❖❖

တိတ္ထဝိဇ္ဇာသုတ္တ

– သံ၊ဂ၊ဘ၆၁။ သံ၊မြန်၊ဂ၊ဘ၆၆။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊

၁၁–သောတာပတ္တိသံယုတ္တ၊ ၇–မဟာပညာဝဂ္ဂ၊ ဒွါဒသမသုတ်။

သပ္ပုရိသသံသေဝ၊ သဒ္ဓမ္မသဝန၊ ယောနိသောမနသိကာရ၊ ဓမ္မာနုဓမ္မပဋိ-ပတ္တိဟူသော တရားလေးပါးတို့ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သည်ရှိသော် ပညာထက်မြက်ခြင်းငါဖြစ်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖❖❖❖❖

တိကိစ္ဆကသုတ္တ

– အံ၊ ၃။၄၃၃–၄။ အံ၊ မြန်၊ ၃။၄၂၅–၇။ အံ၊ ဌ၊ ၃။၃၃၅။
– အဂ္ဂိတ္တရနိကာယ၊ ဒသကနိပါတ၊ တတိယပဏ္ဏာသက၊
(၁၁) ၁–သမဏသညာဝဂ္ဂ၊ အဌမသုတ်။

သလိပ်၊ သည်းခြေ၊ လေကြောင့်ဖြစ်ကုန်သော ရောဂါဝေဒနာတို့ကို ကင်းပျောက်စေရန် သမားတော်ကြီးတို့သည် ဝမ်းနုတ်ဆေးကို ပေးကြကုန်၏။ (ကိစ္စ) ပြီးသည်လည်းရှိ၏။ မပြီးသည်လည်းရှိ၏။

ငါဘုရား ဟောကြားတော်မူအပ်သော အရိယဝမ်းနုတ်ဆေးသည် (ကိစ္စ) ပြီးစီးသည်သာဖြစ်၏။ မပြီးစီးသည်မရှိ။

ငါဘုရား ဟောကြားတော်မူအပ်သော အရိယဝမ်းနုတ်ဆေးကို အကြောင်းပြု၍ ဇာတိသဘောရှိသော သတ္တဝါတို့သည် ဇာတိမှလည်းကောင်း၊ ဇရာသဘောရှိကုန်သော သတ္တဝါတို့သည် ဇရာမှလည်းကောင်း၊ မရဏသဘောရှိကုန်သော သတ္တဝါတို့သည် မရဏမှလည်းကောင်း၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောရှိကုန်သော သတ္တဝါတို့သည် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောမှလည်းကောင်း၊ လွတ်မြောက်ကြကုန်၏။

အရိယဝမ်းနုတ်ဆေးဟူသည် သမ္မာဒိဋ္ဌိ (မှန်ကန်သောအယူအမြင်) ရှိသောသူအား မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိလျှင် အကြောင်းရှိကုန်သော များစွာသော ယုတ်ညံ့သော အကုသိုလ်တရားတို့ ပယ်နုတ်ပြီး ဖြစ်ကုန်၏။ သမ္မာဒိဋ္ဌိဟူသောအကြောင်းကြောင့် များစွာသော ကုသိုလ်တရားတို့ ပွားများပြည့်စုံခြင်းသို့ ရောက်ကုန်၏။

သမ္မာသင်္ကပ္ပ (မှန်ကန်သော အကြံအစည်) ရှိသောသူအား မိစ္ဆာသင်္ကပ္ပ၊

သမ္မာဝါစာရှိသောသူအား မိစ္ဆာဝါစာ၊ သမ္မာကမ္မန္တရှိသောသူအား မိစ္ဆာကမ္မန္တ၊ သမ္မာအာဇီဝရှိသောသူအား မိစ္ဆာအာဇီဝ၊ သမ္မာဝါယာမရှိသောသူအား မိစ္ဆာဝါယာမ၊ သမ္မာသတိရှိသောသူအား မိစ္ဆာသတိ၊ သမ္မာသမာဓိရှိသောသူအား မိစ္ဆာသမာဓိ၊ သမ္မာဉာဏရှိသောသူအား မိစ္ဆာဉာဏ၊ သမ္မာဝိမုတ္တိရှိသောသူအား မိစ္ဆာဝိမုတ္တိ၊ မိစ္ဆာဝိမုတ္တိဟူသောအကြောင်းကြောင့် မျှားစွာယုတ်မာကုန်သော အကုသိုလ်တရားတို့ ပယ်နှုတ်ပြီးဖြစ်ကုန်၏။ သမ္မာဝိမုတ္တိဟူသော အကြောင်းကြောင့် မျှားစွာသော ကုသိုလ်တရားတို့ ပွားများပြည့်စုံခြင်းသို့ ရောက်ကုန်၏။ ဤအရိယာဝမ်းနုတ်ဆေးသည် ဇာတိ၊ ဇရာ၊ မရဏာ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဟူသော ဆင်းရဲဒုက္ခဝေဒနာတို့ ကင်းပျောက်ပြီးစီးကုန်၏။ မပြီးစီးသည်မရှိဟု ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

❖❖❖❖❖

တိဏာနသုတ္တ (၂)

– အံ၊ဘ။ဘ၄၉။ အံ၊မြန်၊ဘ။ဘ၆၆။ အံ၊ဌ၊၂။ဘ၃၂–၄။ အံ၊ဋ္ဌ၊၂။ဘ၂၁–၂။
– အဂုံတ္တရနိကာယ၊ တိကနိပါတ၊ ပဌမပဏ္ဏာသက၊ ၅–စူဠဝဂ္ဂ၊ ဒုတိယသုတ္တ။

သီလဝန္တပုဂ္ဂိုလ်တို့အား ကြည့်ရှုဖူးမြင်လိုခြင်း၊ သူတော်ကောင်းတရားကို နာယူလိုခြင်း၊ မုတ္တစာဂ ပယတပါဏိ ဝေါဿဂ္ဂရတ ယာစယောဂ ဒါနသံဝိဘာဂရတ ဖြစ်၍ မစ္ဆရိယအညစ်အကြေးမှ ကင်းသောစိတ်ဖြင့် အိမ်ကိုအုပ်ချုပ်၍နေခြင်းဟူသော အကြောင်းသုံးမျိုးတို့ဖြင့် သဒ္ဓါတရားရှိသူ၊ ရတနာသုံးပါးကို ကြည်ညိုသူဟု သိအပ်၏ ဟု ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

အဌကထာဝယ် သီလသမ္ပန္နေ ဒဋ္ဌကာမောပုဒ်အရာ၌ ပါဠိလိုပုတ္တက် ဗြာဟ္မဏဝတ္ထု၊ သဒ္ဓါတိသမဟာရာဇဝတ္ထု။

သဒ္ဓမ္မံ သောတု မိစ္ဆတိ–၌ ပိဏ္ဍပါတိကတ္ထေရဝတ္ထု၊ ဥလ္လကောလိကဏ္ဍိ–ဝါသိကာ ဇောက္ကတ္ထိဝတ္ထု၊ ကဠမ္ဗရဝါသိကာ ဂ္ဂတ္ထိဝတ္ထုတို့ကို ပြဆိုထားပါသည်။ ဋီကာ၌လည်း ဖွင့်သင့်သောပုဒ်တို့ကို ဖွင့်ပြထားပါသည်။

– အံ၊၃။ဘ၉၈။ အံ၊မြန်၊၃။ဘ၉၈။ အံ၊ဌ၊၃။၂၇၃။ အံ၊ဋ္ဌ၊၃။၂၈၉–၂၉၁။
– အဂုံတ္တရနိကာယ၊ နဝကနိပါတ၊ ပဌမပဏ္ဏာသက၊ ၃–သတ္တာဝါသဝဂ္ဂ၊ ပဌမသုတ်။

ဥတ္တရကုရုကမနုဿတို့က တာဝတိံသာဒေဝါ ဇမ္ဗုဒီပကာ မနုဿာတို့ထက်

လွန်ကဲသောအရာဌာနသုံးပါး – အမမ၊ အပရိဂ္ဂဟ၊ နိယတာယုက။
တာဝတိံသာဒေဝါတို့က – ဥတ္တရကုရုကမနုဿ၊ ဇမ္ဗုဒီပကမနုဿတို့ထက်
လွန်ကဲသောအရာဌာနသုံးပါး – ဒိဋ္ဌေန အာယုနာ၊ ဒိဋ္ဌေနဝဏ္ဏေန၊ ဒိဋ္ဌေန သုခေန။
ဇမ္ဗုဒီပကမနုဿတို့က တာဝတိံသာဒေဝါ ဥတ္တရကုရုကမနုဿတို့ထက်
လွန်ကဲသောအရာဌာနသုံးပါး – သူရ၊ သတိမန္တ၊ ဗြဟ္မစရိယဝါသတို့ဖြစ်ပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ ဖွင့်ဆိုသင့်သောပုဒ်တို့ကို ဖွင့်ဆိုထားပါသည်။ ဋီကာ၌ ဥတ္တရကုရုကမနုဿတို့ သဘာဝကို အပြည့်အစုံ ဖွင့်ပြထားပါသည်။

❖❖❖❖❖

တိဏကဋ္ဌသုတ္တ

– သံ၊ဘ။ခုဓရ။ သံ၊မြန်၊ဘ။ခုရဇ။ သံ၊ဌ၊ ၂။ဘဇ၅။ သံ၊ဋ္ဌ၊ ၂။ဘ၅၀။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ပဌမဝဂ္ဂ၊ ပဌမသုတ်။

ရဟန်းတို့ သံသရာ၏အစကို မသိနိုင်။ အဝိဇ္ဇာဖြင့် ပိတ်ဖုံးအပ်ကုန်သည်ဖြစ်၍ တဏှာဖြင့် ချည်နှောင်အပ်ကုန်သည်ဖြစ်၍ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ပြေးသွားကျင်လည်နေကြရကုန်သော သတ္တဝါတို့၏ စတင်ဖြစ်ပေါ်ရာ (အစွန်း) အစသည် မထင်ရား (အစကို မသိနိုင်)။ ဥပမာအားဖြင့် ယောက်ျားသည် ဤဇမ္ဗူဒီပ၌ မြက်၊ ထင်း၊ သစ်ခက် သစ်ရွက်ကို တစ်ပေါင်းတည်း စုစည်း၍ လက်လေးသစ်စီ လက်လေးသစ်စီဖြတ်၍ ''ဤကား ငါ၏မိခင်၊ ဤကား ဤမိခင်၏မိခင်''ဟု သတ်မှတ်ပြီး ချထားရာ၏။ ထိုယောက်ျား၏ မိခင်၏ မိခင်ကား မကုန်ဆုံးနိုင်ရာ။ ဤဇမ္ဗူဒီပ၌ မြက်၊ ထင်း၊ သစ်ခက် သစ်ရွက်သည်သာ ကုန်သွားရာ၏။ အဘယ်ကြောင့်နည်း? ဟူမူ။ သံသရာ၏ စတင်ဖြစ်ပေါ်ရာ(အစ)ကိုငြိုးငွေ့ရန်၊ တပ်မက်မှုကင်းရန်၊ လွတ်မြောက်ရန် အလွန်အကဲ အားထုတ်သင့်လှပေ၏–ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ သာသနာတော်နှင့် ဗာဟိရသမယတို့၌ ဥပမာမတူပုံနှင့်တကွ မှတ်သားဖွယ်များကို ဖွင့်ဆိုထားပါသည်။ ဋီကာ၌လည်း ဖွင့်ဆိုချက်များရှိပါသည်။

❖❖❖❖❖

တိတ္ထာယတနသုတ္တ

– အံ၊ ၁။၁၇၄–၈။ အံ၊ မြန်၊ ၁။၁၉၂–၇။ အံ၊ ဌ၊ ၂။၁၅၅–၁၆၄။ အံ၊ ဋ္ဌ၊ ၂။၁၄၂–၉။
– အဂ္ဂတ္တရနိကာယ၊ တိကနိပါတ၊ ဒုတိယပဏ္ဏာသက၊ (၇) ၂–မဟာဝဂ္ဂ၊ ပဌမသုတ်။

လူသားတို့ ခံစားနေရသော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာတို့ကို အချို့သမဏဗြာဟ္မဏတို့က ပုဗ္ဗေကတဟေတုကြောင့် ဖြစ်သည်ဟုလည်းကောင်း၊ အချို့က ''ကြာသရနိမ္မာနဟေတု''ဟုလည်းကောင်း။ အချို့က ''အဟေတုက အပ္ပစ္စယ''ကြောင့်ဟုလည်းကောင်း၊ ယူဆကြကုန်၏။ ထိုမိစ္ဆာအယူသုံးမျိုးကို ပညာရှိတို့ မေးမြန်းစိစစ်သည်ရှိသော် အကိရိယဝါဒဒဋ္ဌိသာ တည်ကုန်၏ဟု မိန့်တော်မူပြီး မိစ္ဆာအယူသုံးမျိုးကို တစ်ပါးစီ တစ်ပါးစီ စိစစ်၍ နှိပ်ကွပ်ပုံကို ဘုရားရှင် ဟောတော်မူပါသည်။

ငါဘုရားဟောကြားတော်မူအပ်သော (၁) ပထဝီဓာတု၊ အာပေါဓာတု၊ တေဇောဓာတု၊ ဝါယောဓာတု၊ အာကာသဓာတု၊ ဝိညာဏဓာတု ဟူသော ဆဓာတုဝမ္မ။ (၂) စက္ခုဖဿာယတနအစ မနောဖဿာယတနအဆုံးရှိသော ဆ ဖဿာယတနဝမ္မ။ (၃) စက္ခုနှာ ရူပံ ဒိသွာ သောမနဿဌာနိယံ ရူပံ ဥပဝိစရတိ၊ ဒေါမနဿဌာနိယံ ရူပံ ဥပဝိစရတိ၊ ဥပေက္ခာဌာနိယံ ရူပံ ဥပဝိစရတိ အစရှိသော အဌာရသ မနောပဝိစာရဝမ္မ။ (၄) စတ္တာရိအရိယသစ္စဝမ္မတို့ကို ပညာရှိ သမဏဗြာဟ္မဏတို့သည် မနှိပ်ကွပ်အပ်နိုင်၊ ညစ်နွမ်းအောင် မပြုအပ်နိုင်၊ မကဲ့ရဲ့အပ်နိုင်၊ မစက်ဆုပ်နိုင်ဟု အသီးအသီး တစ်ပါးစီ တစ်ပါးစီ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ၊ ဋီကာတို့၌ တိတ္ထ၊ တိတ္ထကရ၊ တိတ္ထိယ၊ တိတ္ထိယသာဝက၊ တိတ္ထာယတနအားလုံး 'အကိရိယမတ္တ'၌သာ တည်ရှိပုံ။ ကမ္မဝေဒနာ ကိရိယဝေဒနာတို့ကိုပယ်၍ ဝိပါကဝေဒနာကိုသာ လက်ခံပုံ။ ရောဂါဖြစ်ကြောင်း သမုဒ္ဌာန် (၈)ပါးတို့တွင် ဝိပါကဝေဒနာကိုသာ လက်ခံပုံ။ ကမ္မရာသယ (၃)ပါးတို့တွင် အပရပရိယာယ ကမ္မကိုလက်ခံပုံ။ ဝိပါကရာသယ (၃)ပါးတို့တွင် အပရပရိယာယ ဝိပါကကို လက်ခံပုံ။ စေတနာရာသယ (၄)ပါးတို့တွင် ဝိပါကစေတနာကိုသာ လက်ခံပုံ။ တိတ္ထာယတနနှင့် ဘုရားရှင်ဝမ္မ နှိုင်းယှဉ်ချက်။ ဆဓာတုကမ္မဌာန၊ ဆဖဿာယတနကမ္မဌာန၊ အဌာရသမနောပဝိစာရကမ္မဌာန်းတို့ကို အရဟတ္တဖိုလ်ရောက်သည်အထိ ဉာဏ်ဖြင့် ပိုင်းခြားသိမ်းဆည်း ရှုမှတ်ပုံတို့နှင့်တကွ ပြည့်ပြည့်စုံစုံ ဖွင့်ဆိုသင့်သမျှတို့ကို ဖွင့်ဆိုထားပါသည်။

❖❖❖❖❖

တိမ္ဗရုကသုတ္တ

- သံ၊၁။၂၆၁–၂။ သံ၊မြန်၊၁။၂၄၆–ရ။ သံ၊ဌ၊၂။၃၆။ သံ၊ဋ္ဌ၊၂။၄၅။

- သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ နိဒါနသံယုတ္တ၊ ၂–အာဟာရဝဂ္ဂ၊ အဋ္ဌမသုတ်။

တိမ္ဗရုကပရိဗိုဇ်၏ သုခဒုက္ခနှင့်ပတ်သက်သော ပြဿနာကို ဘုရားရှင်က ပဋ္ဌိစ္စသမုပ္ပါဒ အနုလောမ ပဋ္ဌိလောမဒေသနာဖြင့် ဖြေကြားတော်မူပါသည်။ တိမ္ဗရုက ပရိဗိုဇ် ဥပါသကာအဖြစ် ခံယူပုံကို ပြဆိုသည့်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

တိရစ္ဆာနကထာသုတ္တ

- သံ၊၃။၃၆၈။ သံ၊မြန်၊၃။၃၇၃။ သံ၊ဌ၊၃။၃၂၅–၆။ သံ၊ဋ္ဌ၊၂။၅၃၉–၅၄၀။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂–သစ္စသံယုတ္တ၊
  ၁–သမာဓိဝဂ္ဂ၊ ဒသမသုတ်။

နှစ်ဆယ်ခုနှစ်မျိုးသော တိရစ္ဆာနကထာတို့ကို မပြောမဆိုကြနှင့်။ ယင်းတို့သည် အတ္ထသံဟိတမဖြစ်။ အာဒိဗြဟ္မစရိယက၊ နိဗ္ဗိန္ဒာယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ မဖြစ်ကြ။

အရိယသစ္စကထာကိုသာ ပြောဆိုကြ၊ အရိယသစ္စကထာသည် အတ္ထသံဟိတ အာဒိဗြဟ္မစရိယက၊ နိဗ္ဗိန္ဒာယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ ဖြစ်၏။ ထိုကြောင့် အရိယသစ္စာတရားတို့ကို သိမြင်အောင် အားထုတ်ကြရမည်ဟု ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၌ မပြောဆိုကောင်းပုံ၊ ပြောဆိုကောင်းပုံတို့နှင့် တိရစ္ဆာနကထာ (၃၂)မျိုးရှိကြောင်း၊ ဋီကာ၌လည်း ဖွင့်ဆိုသင့်သည်များကို ဖွင့်ဆိုထားပါသည်။

တိရစ္ဆာနဒေဝနိရယာဒိသုတ္တ (၃)

- သံ၊၃။၄၁၄။ သံ၊မြန်၊၃။၄၂၀။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂-သစ္စသံယုတ္တ၊ ၁၁-ပဋ္ဌဂတိပေယျာလဝဂ္ဂ၊ ၂၂ မှ ၂၄ အထိ (၃)သုတ်။

တိရစ္ဆာန်ဘဝမှ စုတေ၍ နတ်ပြည်၌ဖြစ်သောသူတို့သည် ငါဘုရား၏ လက်သည်းခွံပေါ်ရှိ မြေမှုံ့တို့ကဲ့သို့ နည်းပါးကုန်၏။ တိရစ္ဆာန်ဘဝမှစုတေ၍ ငရဲဘုံ၌ ဖြစ်သောသူ ပြိတ္တာဘုံ၌ ဖြစ်သောသူတို့သည် မြေကြီးပေါ်ရှိ မြေကြီးပမာ များပြားလှပေကုန်၏-ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖❖❖❖❖

တိရစ္ဆာနမနုဿနိရယာဒိသုတ္တ

- သံ၊၃။၄၁၃။ သံ၊မြန်၊၃။၄၂၀။
- သံယုတ္တနိကာယ၊ - ၁၉၊ ၂၀၊ ၂၁-(၃)သုတ်။

တိရစ္ဆာန်ဘဝမှ စုတေ၍ လူ့ပြည်၌ဖြစ်သောသူတို့သည် ငါဘုရား၏ လက်သည်းပေါ်ရှိ မြေမှုံ့ပမာ လွန်စွာနည်းပါးလှကုန်၏။ တိရစ္ဆာန်ဘဝမှ စုတေ၍ ငရဲဘုံ၌ ဖြစ်သောသူ ပြိတ္တာဘုံတို့၌ဖြစ်သောသူတို့သည် မြေကြီးပေါ်၌ရှိသော မြေကြီးထုပမာ များပြားလှကုန်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖❖❖❖❖

တိရောကုဋ္ဌသုတ္တ

- ခုဒ္ဒကပါဋ၊၈-၉။ ခုဒ္ဒကပါဋ၊မြန်၊၇-၈။ ခုဒ္ဒကပါဋ၊ဋ္ဌ၊၁၆၈-၁၈၂။
- ခုဒ္ဒကနိကာယ၊ ခုဒ္ဒကပါဋ၊ သတ္တမသုတ်။
- ပေတ၊၁၂၉-၁၃၀။ ပေတ၊မြန်၊၁၂၇-၈။ ပေတ၊ဋ္ဌ၊၁၈-၂၉။
- ခုဒ္ဒကနိကာယ၊ ပေတဝတ္ထု၊ ၁-ဥရဂဝဂ္ဂ၊ ပဋ္ဌမဝတ္ထု။

(၁) သာဓုခေါ်ဆိုနိုင်ရန် နေအိမ်အနီးအနားသို့ ရောက်လာတတ်ပုံ။

(၂) ကောင်းမှုကုသိုလ်ပြုကြသော်လည်း ထိုသူတို့၏ အကုသိုလ်ကံကြောင့် အမှတ်မရကြပုံ။

(၃) ကောင်းမှုပြုပြီး "ဣဒံ ဝေါ ဉာတိနံ ဟောတု၊ သုခိတာ ဟောန္တု ဉာတယော"ဟု ကုသိုလ်ရှင်က အမျှပေးဝေပုံ။
(၄) ဆွေမျိုးပြိတ္တာတို့ အနုမောဒနာပြုကြပုံ။
(၅) ဆွေမျိုးပြိတ္တာတို့ အလှူရှင်တို့အား ဆုတောင်းကြပုံ။
(၆) ပြိတ္တာဘုံ၌ စီးပွားရေးလုပ်ငန်း တစ်ခုမျှမရှိ။
(၇/၈) ဤဘဝက ကုသိုလ်စေတနာ တမလွန်ဘဝရှိ ဆွေမျိုးများထံ ရောက်ရှိပုံ ဥပမာ။
(၉) အမျှဝေခါနီး၌ မိမိအပေါ်ပြုခဲ့ဖူးသော ဆွေမျိုးများ၏ကျေးဇူးကို အာရုံပြု အမျှပေးဝေရန်။
(၁၀) ငိုကြွေးမှု စိုးရိမ်ပူပန်မှု ပြောဆိုမြည်တမ်းငိုယိုမှုများသည် ကွယ်လွန်ပြီးသူများအတွက် ဘာအကျိုးမျှမဖြစ်။
(၁၁) သံယာအားလှူဒါန်းသော ကောင်းမှုစေတနာသည်သာ ချက်ချင်းအကျိုးခံစားရပုံ၊
(၁၂) အမျှဝေခြင်းကုသိုလ်သည် ဉာတိဝမ္မ၊ ဉာတိပူဇာ အလှူခံတို့အား ဗလဒါန၊ အလှူရှင်တို့ ကောင်းမှုဆည်းပူး စုဆောင်းခြင်းဖြစ်ပုံတို့ကို ဘုရားရှင်က ဗိမ္မိသာရမင်းအား ဟောကြားတော်မူသည့်သုတ်။

အဌကထာ၌ (၉၂)ကမ္ဘာထက် ဖုဿဘုရားရှင်လက်ထက်တော်က ဖြစ်စဉ်နှင့် ဂေါတမဘုရားရှင်လက်ထက်ဖြစ်စဉ်များနှင့် ဂါထာဆိုင်ရာ ဖွင့်ဆိုချက်များ ရှိပါသည်။

❖❖❖❖❖

တိသရဏတ္တ (၂)

- သံ၊ ၁။၄ဖဋ္ဌ။ သံ၊ မြန်၊ ၁။၄ရ၅ရ–၈။ သံ၊ ဌ၊ ၂။၂၂၀–၃။ သံ၊ ဋ္ဌ၊ ၂။၁ဋ္ဌရ–၈။
- သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂ၊ ၁၀–ဘိက္ခုသံယုတ္တ၊ နဝမသုတ်။

ဘုရားရှင် ဘဝထွေးတော်၏သားဖြစ်သော အရှင်တိသဏေရ၏ ဝစနက္ခမဂုဏ် ပျက်ယွင်းခြင်းကို အကြောင်းပြု၍ ကောဓ, မာန, မက္ခတို့ကို ပယ်ဖျောက်ခြင်းအကျိုးငါ ဗြဟ္မစရိယကို ကျင့်သုံးအပ်၏ဟု တိသရဟန်းအား ဘုရားရှင် ဟောတော်မူသည့်သုတ်။

တိပိဋကသုတ္တသုစိ ဝိဘာဝိနီ

♦ အဋ္ဌကထာ၊ ဋီကာတို့၌ ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထုများကို ဖွင့်ဆိုထားပါသည်။

– သံ၊ ၂။၈၇–၉။ သံ၊မြန်၊ ၂။၈၂–၄။ သံ၊ဋ္ဌ၊ ၂။၂၈၄။ သံ၊ဋီ၊ ၂။၂၄၄။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊ (၉)၄–ထေရဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင်၏ ဘထွေးတော်သား အရှင်တိဿသည် ရဟန်းတော်များအား ''မိမိ၏ကိုယ်ခန္ဓာသည် လေးလံနေကြောင်း၊ အရပ်မျက်နှာတို့ကိုလည်း မထင်မြင်တော့ကြောင်း၊ ဝမ္မကိုလည်း မထင်မြင်ကြောင်း၊ မိမိ၏စိတ်ကို ထိနမိဒ္ဓက လွှမ်းမိုးနေကြောင်း၊ ဝမ္မ၌လည်း ယုံမှားတွေးတောမှုတွေ ဖြစ်နေကြောင်း ပြောကြားပါသည်။ ထိုအကြောင်းကို ရဟန်းတော်များက ဘုရားရှင်အား လျှောက်ထားပါသည်။

ဘုရားရှင်က ရဟန်းတစ်ပါးအခေါ်လွှတ်ပြီး အရှင်တိဿကို မေးမြန်းတော်မူရာ အရှင်တိဿက မှန်ပါကြောင်း လျှောက်ထားပါသည်။ ထိုအခါ ဘုရားရှင်က အရှင်တိဿအား ခန္ဓာငါးပါးတို့၌ စွဲမက်မှုမကင်းသူ၊ လိုချင်မှုမကင်းသူ၊ ခင်တွယ်မှု မကင်းသူ၊ မွတ်သိပ်မှု မကင်းသူ၊ ပူလောင်မှု မကင်းသူ၊ တဏှာမကင်းသူအား ထိုခန္ဓာငါးပါးတို့၏ ဖောက်ပြန်ခြင်းတစ်မျိုးတစ်ဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာပင်ပန်းမှုတို့ ဖြစ်ကုန်သည်မဟုတ်လောဟု ခန္ဓာတစ်ပါးစီ တစ်ပါးစီ မေးတော်မူပါသည်။ အရှင်တိဿက ဤသို့သာ ဖြစ်ပါသည်ဟု လျှောက်ပါသည်။

ခန္ဓာငါးပါးတို့၌ စွဲမက်မှုကင်းသူ၊ တဏှာကင်းပြီးသူတို့အား ထိုခန္ဓာတို့၏ ဖောက်ပြန်ခြင်း တစ်မျိုးတစ်ဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု၊ ပြင်းစွာပင်ပန်းမှုတို့ ဖြစ်ကုန်သေးသလောဟု ဘုရားရှင်က မေးတော်မူပါသည်။ အရှင်တိဿက မဖြစ်ပါ မြတ်စွာဘုရားဟု လျှောက်ထားသည့်အခါ ဘုရားရှင်က ''တိဿ ... ကောင်းပေစွ၊ ကောင်းပေစွ''ဟု မိန့်ကြားတော်မူပြီး ခန္ဓာငါးပါးတို့တွင် တစ်ပါးစီ တစ်ပါးစီကို အနတ္တလက္ခဏာသုတ် ဒေသနာတော်နည်းဖြင့် မေးမြန်းဟောကြားတော်မူပါသည်။

ဘုရားရှင်က လမ်းခရီး၌ ကျွမ်းကျင်သောယောက်ျား၊ မကျွမ်းကျင်သောယောက်ျားနှစ်ယောက်ဥပမာဖြင့် အကျယ်ရှင်းလင်းမိန့်ကြားတော်မူပြီး၊ တိဿ သာသနာတော်၌ ပျော်မွေ့လော့ ငါဘုရားသည် သြဝါဒ အနုသာသနီဖြင့် ဆုံးမတော်မူအပ်ပြီဟု မိန့်တော်မူပါသည်။ အရှင်တိဿသည် ဘုရားရှင်၏သြဝါဒ အနုသာသနီ ဒေသနာတော်ကို အလွန်နှစ်သက်ပြီဟု ပြဆိုသည့်သုတ်။

♦ အဌကထာ၊ ဋီကာတို့၌ ဖွင့်သင့်သည့်ပုဒ်များကို ပြည့်စုံအောင် ဖွင့်ပြပြီး အရှင်တိသဿသည် ဘုရားရှင်၏ဓမ္မကို အားထုတ်သည်ရှိသော် မကြာမီ အာသဝေါ ကုန်ခမ်းရဟန္တာ ဖြစ်သွားပုံကို ပြဆိုထားပါသည်။

❖❖❖❖❖

တိသမြဟ္ဘာသုတ္တ

– အံ၊ ၂။၄၅၃–၆။ အံ၊မြန်၊ ၃။၅၇၁–၅။ အံ၊ဌ၊ ၃။၁၇၃။ အံ၊ဋ္ဌ၊ ၃။၁၇၇။
– အဂ္ဂံတ္တရနိကာယ၊ သတ္တကနိပါတ၊ ၆–အဗျာကတဝဂ္ဂ၊ တကိယသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့တော်အနီး ဂိဇ္ဈကူဋ္ဌတောင်၌ သီတင်းသုံးတော်မူစဉ် သန်းခေါင်ယာမ်ညဉ့်အခါ၌ နတ်သားနှစ်ယောက် ဘုရားရှင်ထံ ရောက်လာပြီး ''ဇောတ ဘန္တေ ဘိက္ခုနိယော ဝိမုတ္တာ''ဟု နတ်သားတစ်ယောက်က လျှောက်ထားပါသည်။ အခြားနတ်သားတစ်ယောက်က ''ဇောတ ဘန္တေ ဘိက္ခုနိယော အနုပါဒိ–သေသာ သုဝိမုတ္တာ''ဟု လျှောက်ထားကြပြီး ဘုရားရှင် လက်ခံတော်မူခြင်းကို သိကြသဖြင့် ပြန်သွားကြပါသည်။

ဘုရားရှင်က ထိုအကြောင်းကို နံနက်မိုးလင်းသောအခါ ရဟန်းတော်တို့အား မိန့်ကြားတော်မူပါသည်။ ထိုအခါ အရှင်မောဂ္ဂလ္လာန်ထေရ်က ထိုသို့လျှောက်ထားနိုင်သော ဒေဝတာကို စဉ်းစားဆင်ခြင်သည့်အခါ မကြာခင်က ပျံ့လွန်ပြီး ဗြဟ္မာပြည်၌ ဖြစ်နေသော တိသဿဗြဟ္မာကို သိမြင်ခြင်းကြောင့် ဗြဟ္မာ့ပြည်သို့ လိုက်ကြွကော်မူပြီး မေးမြန်းတော်မူပါသည်။ တိသဿဗြဟ္မာက ဗြဟ္မာ့အာယု၊ ဝဏ္ဏ၊ သုခ၊ ယသ၊ အာဓိပ–တေယျဖြင့် တင်းတိမ်အားရ ကျေနပ်နေသောဗြဟ္မာသည် ဥတ္တရိနိဿရဏကို အမှန်အားဖြင့် မသိနိုင်သောကြောင့် သဉ္ဇပါဒိသေသ အနုပါဒိသေသကို မသိနိုင်ပါ။ ဗြဟ္မာ့အာယု၊ ဝဏ္ဏအစရှိသည်တို့နှင့်သာ တင်းမတိမ် မကျေနပ်ကြသော ဗြဟ္မာတို့သည် ဥတ္တရိနိဿရဏကို မှန်ကန်စွာ သိကြကုန်၏။ ထိုဗြဟ္မာတို့သည် သဉ္ဇပါဒိ–သေသ အနုပါဒိသေသကို သိကြကုန်၏။

အရှင်ဘုရားမောဂ္ဂလ္လာန် ဥဘတောဘာဂဝိမုတ္တရဟန်း၊ ပညာဝိမုတ္တရဟန်းကို ဤအရှင်သည် ကိုယ်ခန္ဓာရှိနေသရွေ့ နတ်လူဖူးမြင်ကြရမည်။ ကိုယ်ခန္ဓာပျက်စီးသွားသည့်အခါ မဖူးမြော်နိုင်ကြတော့ဟုလည်းကောင်း၊ ကာယသက္ခီ ဒိဋ္ဌိပ္ပတ္တ သဒ္ဓါ

ဝိမုတ္တိ ဝမ္မနုသာရီရဟန်းတော်တို့ကို ဤအရှင်သည် အနုလောမိက သေနာသနတို့ကို မှီဝဲပြီး ကလျာဏမိတ္တတို့ကို ဆည်းကပ်လျက် သဒ္ဓါအစရှိသော ဝိပဿနာဂုဏ်နှင့်တို့ကို အညီအမျှဆောင်နိုင်ပါမူ မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ကိုယ်တိုင်မျက်မှောက်ပြု၍ နေနိုင်ရာ၏ဟု သိနိုင်ပါသည်ဟု လျှောက်ထားပါသည်။

အရှင်မောဂ္ဂလ္လာန်ထေရ်သည် ဗြဟ္မာ့ဘုံမှ ပြန်လာပြီး တိသဗြဟ္မာနှင့် မိမိတို့ ဆွေးနွေးခဲ့သော ဤအကြောင်းအရာကို ဘုရားရှင်အားလျှောက်ထားပါသည်။ ဘုရားရှင်က ''မောဂ္ဂလ္လာန် တိသဗြဟ္မာသည် ခုနစ်ယောက်မြောက် အနိမိတ္တဝိဟာရီပုဂ္ဂိုလ်ကို မဟောပြောလိုက်ပါတကား''ဟု မိန့်ကြားတော်မူရာ ဘုရားရှင်က အနိမိတ္တဝိဟာရီပုဂ္ဂိုလ်အကြောင်းကို အပြည့်အစုံ မိန့်ကြားတော်မူသည်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များရှိပါသည်။

❖❖❖❖❖

တိသမေတ္တေယျသုတ္တ

- သုတ္တနိ။ ၄၀၆–၇။ သုတ္တနိ။မြန်။ ၃၈၃–၄။ သုတ္တနိ၊ ၆။၂။၂၄၉–၂၅၂။
- ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ၄–အဋ္ဌကဝဂ္ဂ၊ သတ္တမသုတ်။

အရှင်မေတ္တေယျ၏လျှောက်ထားချက်အရ တိသလုလင်အား မေထုန်အကျင့်ကို ပြုကျင့်သူ၏အပြစ်ကိုးပါးနှင့် မေထုန်အကျင့်သည် အရိယာတို့၏ အကျင့်မဟုတ်၊ ယုတ်ညံ့သော ပုထုဇဉ်၏အကျင့်ဖြစ်ပုံ၊ ဝိဝေကအကျင့်သည်သာ အရိယာတို့၏ အကျင့်ဖြစ်ပုံကို ဘုရားရှင် ဟောတော်မူသည်သုတ်။

အဋ္ဌကထာ၌ တိသနှင့် မေတ္တေယျဟု သူငယ်ချင်းနှစ်ယောက်အကြောင်းနှင့် ဖွင့်သင့်သောပုဒ်တို့ကို ဖွင့်ပြထားပါသည်။ မေတ္တေယျသည် ထိုနှစ်မှာပင် ရဟန္တာဖြစ်ပုံ၊ တိသသည် လူထွက်ပြီး ဤဒေသနာတော်အဆုံး၌ သောတာပန်အရိယာသာဝကဖြစ်၍ ရဟန်းပြုပြီး မကြာမီ ရဟန္တာဖြစ်ပုံကို ဖွင့်ပြထားပါသည်။

ဤသုတ်ကို မဟာနိ။ ၁၀၇–၁၂၄။ မဟာနိ။ ၆၊၂၂၆–၂၄၅။ တို့၌ အရှင်သာရိပုတ္တရာထေရ်နှင့် မဟာနာမထေရ်တို့ ဖွင့်ဆိုထားကြပါသည်။ မှတ်သားဖွယ် များစွာပါရှိပါသည်။

❖❖❖❖❖

တိသမေတ္တေယျမာဏဝက (ပုစ္ဆာ)သုတ္တ

- သုတ္တနိ။၄၃၅။ သုတ္တနိ၊မြန်။ ၄၁၁–၂။ သုတ္တနိ၊ဌ၊၂။၃၀၃။
- ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ပါရာယနဝဂ္ဂ၊ ဒုတိယ(ပုစ္ဆာ)သုတ်။

ဗာဝရီဆရာကြီး၏တပည့် တိသမေတ္တေယျလုလင်က ရောင့်ရဲလွယ်သူ၊ တုန်လှုပ်မှုမရှိသူ၊ အစွန်းနှစ်ဖက်နှင့်အလယ်ကို ပညာဖြင့်သိ၍ မကပ်ငြို မလိမ်းကျံသူ၊ မဟာပုရိအမည်ရှိသူတို့ကို မေးလျှောက်သဖြင့် ဘုရားရှင်ဖြေကြားတော်မူသည့်သုတ်။

♦ အဌကထာ၌ ဖွင့်သင့်သောပုဒ်တို့ကို ဖွင့်ဆိုထားပါသည်။

ဤဒေသနာတော်အဆုံး၌ တိသမေတ္တေယျ ဗြာဟ္မဏတပည့်လုလင် တစ်ထောင်နှင့်တကွ အရဟတ္တဖိုလ်၌တည်ပြီး ထောင်ပေါင်းမက များစွာသော ဝေနေယျတို့ ဓမ္မစက္ခုဖြစ်ပုံကို ဖွင့်ပြထားပါသည်။

ဤသုတ်ကို စူဠနိ။ ၄၀–၆။ စူဠနိ၊ဌ။ တို့၌ ဖွင့်ဆိုထားပါသည်။

❖❖❖❖❖

တိသမတ္တသုတ္တ

- သံ၊၁။၃၉၄–၅။ သံ၊မြန်၊၁။၃၈၁–၂။ သံ၊ဌ၊၂။၁၄၈။ သံ၊ဋ္ဌ၊၂။၁၅၃။
- သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၄–အမတဝဂ္ဂသံယုတ္တ၊ တတိယသုတ်။

မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ ပါဝါတိုင်းသား အာရည်ကင်ပိဏ္ဍပါတိက ပံသုကူလိက တေစီဝရိကဓုတင်ဆောင် ရဟန်းတော်များအား "**အနုမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော**"အစရှိသော ဒေသနာတော်ဖြင့် အဝိဇ္ဇာဖြင့် ဖုံးကွယ်၍ ချုပ်တည်းနှောင်ဖွဲ့ထားသဖြင့် တစ်ဘဝမှ တစ်ဘဝသို့ တစ်ပြောင်းပြန်ပြန် သံသရာ၌ လှည့်လည်နေကြသော ဦးခေါင်းဖြတ်ခံခဲ့ရသော သင်တို့၏ဦးခေါင်းမှ ယိုစီးထွက်ကျသော သွေးကြည်ရည်သည် မဟာသမုဒ္ဒရာလေးစင်းရှိ ရေမကများပြား လှပုံ၊ နွား၊ ကျွဲ၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက်၊ ဂါမဃာတကခိုးသူ ပရဒါရိကခိုးသူဖြစ်ပြီး ဦးခေါင်းဖြတ်ခံရသော သင်တို့၏ ဦးခေါင်းမှထွက်ကျသော သွေးရည်များ မဟာသမုဒ္ဒရာလေးစင်းရှိ ရေထက်များပြားခဲ့ပုံသည် သံသရာအစ မရှိခဲ့သောကြောင့် ဖြစ်သည်။ အလုံးစုံသော သခါရတို့၌ ငြီးငွေ့မှု နိဗ္ဗိန္ဒာဏ်၊ တပ်မက်ခြင်းကင်းမှု

ဝိရာဂဉာဏ်၊ လွတ်မြောက်မှု ဝိမုစ္စနဉာဏ်ဖြစ်အောင် အားထုတ်သင့်ပေ၏–ဟု ဟောကြားတော်မူရာ ထိုရဟန်းတော်သုံးကျိပ်တို့ အာသဝေါကုန်ခမ်း၍ ရဟန္တာဖြစ်ကြပုံကို ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖❖❖❖❖

တီဟိ ဓမ္မေဟိ သုတ္တ

– သံ၊၂။၄၃၃။ သံ၊မြန်၊၂။၄၃၃။ သံ၊ဋ္ဌ၊၃။၁၂၅။ သံ၊ဋီ၊၂။၃၆၄။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊
၃–မာတုဂါမသံယုတ္တ၊ ၁–ပဌမပေယျာလဝဂ္ဂ၊ စတုတ္ထသုတ်။

နံနက်အခါ မစ္ဆရိယ၊ နေ့ခင်း၌ ကျွဿာ၊ ညဉ့် ကာမရာဂဟူသော အညစ်အကြေး တရားသုံးပါးတို့ လွှမ်းမိုးနိုပ်စက်အပ်သောစိတ်ဖြင့် အိမ်၌နေသော မာတုဂါမသည် ကွယ်လွန်သည်၏အခြားမဲ့၌ အပါယ်ဘုံ၌ဖြစ်ရ၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖❖❖❖❖

တုရိတ္ထိဟ္ဒသုတ္တ

– သံ၊၁။၁၅၁။ သံ၊မြန်၊၁။၁၄၄။ သံ၊ဋ္ဌ၊၁။၂၄၆–ရ။ သံ၊ဋီ၊၁။၁၉ရ–၈။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၆–ဗြဟ္မသံယုတ္တ၊ ပဌမဝဂ္ဂ၊ နဝမသုတ်။

အဂ္ဂသာဝကမထေရ်နှစ်ပါး၏အပြစ်ကို ပြောဆိုသော အရိယူပဝါဒက်ကြောင့် ကိုယ်ခန္ဓာ၌ ယားယံသောအနာရောဂါဖုများဖြင့် ဝေဒနာပြင်းထန်စွာ ခံနေရသော ကောကာလိကရဟန်းအား ဆုံးမရန်ရောက်ရှိလာသော တုရူဗြဟ္မာကြီးအား အပြစ်ပြော၍ လက်မခံသောကြောင့် အရိယူပဝါဒက်၏အပြစ်တို့ကို တုရူဗြဟ္မာက ပြောဆိုသည့်သုတ်။

❖ အဋ္ဌကထာ၊ ဋီကာတို့၌ တုရူဗြဟ္မာအကြောင်းနှင့် ဖွင့်ဆိုချက်များ ပါရှိပါသည်။

❖❖❖❖❖

တူလာကူးနှိုင်းသုတ္တ

- သံ၊ ၃။၄၁၁။ သံ၊မြန်၊ ၃။၄၁၅။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂-သစ္စသံယုတ္တ၊ ၁၀-စတုတ္ထအာမဂဏ္ဍ ပေယျာလဝဂ္ဂ၊ စတုတ္ထသုတ်။

ချိန်စဉ်းလဲ၊ အသပြာစဉ်းလဲ၊ ခြင်တွယ်တိုင်းတာ စဉ်းလဲခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏။ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ များပြားလှ ကုန်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖❖❖❖❖

တုဝဋ္ဌကသုတ္တ

- သုတ္တနိ၊ ၄၂၁-၄။ သုတ္တနိ၊မြန်၊ ၃၉၅-၄၀၀။ သုတ္တနိ၊ဋ္ဌ၊ ၂။ ၂၇၇-၂၈၁။
- ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ၄-အဋ္ဌကဝဂ္ဂ၊ စုဒ္ဒသမသုတ်။

ကာယဝိဝေကအစရှိသော ဆိတ်ငြိမ်မှု 'ဝိဝေက'ကိုဖြစ်စေ၊ ရာဂအစရှိသည်ကို ငြိမ်းအေးရာနိဗ္ဗာန်ကိုဖြစ်စေ၊ အဘယ်ကဲ့သို့ ရှုမြင်လျှင် မိမိသန္တာန်၌ ရာဂအစရှိသော တရားတို့ကို ငြိမ်းအေးစေနိုင်ပါသနည်းဟု နိမ္မိတဘုရားရှင်၏ မေးမြန်းချက်ကို အရဟတ္တဖိုလ်ကို အထွဋ်တပ်၍ ငါးဂါထာဖြင့် ဘုရားရှင်က ဖြေကြားတော်မူပါသည်။

နိမ္မိတဘုရားရှင်၏ မေးလျှောက်ချက်အရ မဂ်ဖိုလ်နိဗ္ဗာန်နှင့် လျော်သော ကျင့်စဉ်၊ ပါတိမောက္ခသံဝရသီလ၊ သမာဓိတို့ကို မေးလျှောက်သဖြင့် 'စက္ခုဟိ' အစရှိသောဂါထာတို့ဖြင့် ဖြေကြားတော်မူပါသည်။ ဤတုဝဋ္ဌကသုတ်တော်သည် သဒ္ဓါအားကောင်းသော နတ်ပြဟ္မာများအား ဟောကြားတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ ဖွင့်ဆိုသင့်သောပုဒ်တို့ကို ဖွင့်ဆိုပြီးအဆုံး၌ ဆိုလိုရင်းအကျဉ်းချုပ်ကို ပြဆိုထားပါသည်။ ဤသုတ္တန်၏အဆုံး၌ နတ်ပြဟ္မာ ကုဋေတစ်သိန်း ရဟန္တာဖြစ်ကြောင်း ပြဆိုထားပါသည်။

ဤတုဝဋ္ဌကသုတ်တော်ကို အရှင်သာရိပုတ္တရာထေရ်က မဟာနိဒ္ဒေသ (၂၆၃-၃၁၅)အထိလည်းကောင်း၊ အရှင်ဥပသေနမထေရ်က မဟာနိ၊ဋ္ဌ၊ ၃၂၆-၃၇၃ အထိလည်းကောင်း ဖွင့်ဆိုတော်မူကြပါသည်။

❖❖❖❖❖

တေဝိဇ္ဇသုတ္တ (၂)

- ဒီ၊ဝ။၂၂၂-၂၃၆။ ဒီ၊မြန်၊ဝ။၂၇၇-၂၉၄။ ဒီ၊ဋ္ဌ၊ဝ။၃၉၉-၄၀၅။ သီ၊ဋ္ဌ၊သစ်၊ဝ။၄၂၅-၄၃၅။
- ဒီဃနိကာယ၊ သီလက္ခန္ဓဝဂ္ဂ၊ တေရသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံအတွင်း ဒေသစာရီ ကြွချီတော်မူစဉ် မနသာကတ ဗြာဟ္မဏရွာ၏မြောက်ဖက် အစိရဝတီမြစ်ကမ်း သရက်တောဌ သီတင်းသုံးနေတော်မူစဉ် မနသာကတရွာဌ ဩပါသာဒရွာစား စက်ပုဏ္ဏား၊ ဂ္ဂဇ္ဇာနဂ်လရွာစား တာရုက္ခပုဏ္ဏား၊ ဥက္ကဋ္ဌရွာစား ပေါက္ခရသာတိပုဏ္ဏား၊ သာဝတ္ထိမြို့တော်နေ ဇာဏုဿောဏိပုဏ္ဏား၊ တုဒိရွာစား တောဒေယျပုဏ္ဏားတို့ အမှူးရှိသော အဘိညာတ မဟာသာလ ဗြာဟ္မဏကြီးတို့သည်လည်း မိမိ မိမိတို့၏နေရာအရပ်တို့မှ အသီးအသီး ရောက်ရှိလာကြပြီး မန္တ(ဒေဝ)ကျမ်းတို့ကို ရွတ်ဖတ်ကြရန် ရောက်ရှိနေ ထိုင်ကြပါသည်။

ပေါက္ခရောသာတိပုဏ္ဏား၏ အနီးနေတပည့် ဝါသေဋ္ဌနှင့် တာရုက္ခပုဏ္ဏား၏ အနီးနေတပည့် ဘာရဒ္ဒါဇတို့ အစိရဝတီမြစ်ကမ်းဌ လမ်းလျှောက်ကြရင်း မိမိတို့ဆရာကြီးများ၏ ဗြဟ္မာ့ပြည်သို့ သွားရောက်နိုင်ရန် ခရီးစဉ်များကို ဆွေးနွေးကြပါသည်။ တစ်ဦးကိုတစ်ဦး အပြီးသတ်ဆုံးဖြတ်ချက်ချရန် လမ်းစဉ်ကို အတည်မပြုနိုင်ကြပါ။

ထိုအခါ နှစ်ဦးသားတို့ အနီးအနား သရက်တောအုပ်ဌ သီတင်းသုံးနေတော်မူသော ဘုရားရှင်ထံ ရောက်ရှိလာကြပြီး မိမိတို့ဗြာဟ္မဏဆရာကြီးများ၏ ဗြဟ္မာ့ဘုံသို့ ရောက်ကြောင်း လမ်းကြောင်းများကို လျှောက်ထားကြပါသည်။ ဘုရားရှင်က ထိုလမ်းစဉ်များဌ ဝိဂ္ဂဟ, ဝိဝါဒ, နာနာဝါဒများ ရှိပါကြောင်း။ အဒ္ဓရိယဗြာဟ္မဏများ၊ တိတ္ထိရိယဗြာဟ္မဏများ၊ ဆန္ဒောကဗြာဟ္မဏများ၊ ဗဟိရိဗ္ဗဗြာဟ္မဏများတို့ ဗြဟ္မာ့ပြည်သွားရောက်ကြောင်း လမ်းကြောင်းအသီးသီး သတ်မှတ်ထားကြပါသည်။ ရွာ၊ နိုဂုံး အနီးအနားတို့ဌ မျှားစွာသော လမ်းကြောင်းအသီးသီး ရှိကြကုန်သော်လည်း လမ်းကြောင်းအားလုံးတို့သည် ရွာအတွင်းရောက်ကုန်သကဲ့သို့၊ ထို့အတူ ဗြာဟ္မဏဆရာကြီးများ၏ လမ်းကြောင်းများသည်လည်း ဗြဟ္မာ့ပြည်သို့ ရောက်ရှိကြသည်ချည်းဖြစ်ကြောင်း ဝါသေဋ္ဌလုလင်က လျှောက်ထားပါသည်။

ဘုရားရှင်က ဝါသေဋ္ဌလုလင်အား ''ဗြာဟ္မဏဆရာကြီးများ ချမှတ်ထားသော လမ်းစဉ်များ ဗြဟ္မာ့ပြည်သို့ တကယ်ရောက်နိုင်သလား?ဟု သုံးကြိမ်တိုင်တိုင် မေး

တော်မူပါသည်။ ဝါသေဋ္ဌလုလင်ကလည်း သုံးကြိမ်တိုင်တိုင်ပင် တကယ်ရောက်နိုင်ကြောင်း လျှောက်ထားပါသည်။

ထိုဗြဟ္မာ့ပြည်ရောက်ကြောင်း လမ်းစဉ်များချမှတ်ထားကြသော တေဝိဇ္ဇ ဗြာဟ္မဏဆရာကြီးများ၊ ထိုဆရာကြီးများ၏ ဆရာများ၊ ဆရာ့ဆရာကြီးများ၊ ထိုဆရာကြီးများ၏ဆရာ ဝေဒကျမ်းပြု ရသေ့ကြီးများတို့သည် ဗြဟ္မာရှိရာအရပ်၊ ဗြဟ္မာလာရာလမ်းကြောင်း ဗြဟ္မာလာရာအချိန်အခါကို ကိုယ်တိုင်မြင်ဖူးသူရှိသလော? ကိုယ်တိုင်မြင်ဖူး၏။ သိ၏ဟု ပြောဖူးသလော?ဟု သုံးကြိမ်တိုင်တိုင် မေးတော်မူပါသည်။ ဝါသေဋ္ဌလုလင်က တွေ့မြင်ဖူးသူမရှိပါ။ တွေ့မြင်ဖူး၏ဟု ပြောကြားခဲ့သူ မရှိပါကြောင်း လျှောက်ထားပါသည်။

ထိုအခါ ဘုရားရှင်က ''အန္ဓဝေဏ္ဏူပမာဖြင့် တေဝိဇ္ဇ(ဗေဒင်သုံးပုံဆောင်) ဗြာဟ္မဏဆရာကြီးများ၏ ဗြဟ္မာ့ပြည်သို့ သွားရောက်ကြောင်း လမ်းစဉ်သည် အပ္ပါ-ဋ္ဌိဟီရကတ၊ ဟသကဟ၊ ရိတ္တက၊ တုစ္ဆကဖြစ်ကြောင်း မိန့်ကြားတော်မူပါသည်။

တေဝိဇ္ဇဗြာဟ္မဏဆရာကြီးများနှင့် လူအများတို့သည် နေ့စဉ် လ,နေတို့ထွက်ရာအရပ်၊ ဝင်ရာအရပ်တို့ကို တွေ့မြင်ကြ၊ လိုရာဆုတောင်းကြ၊ ချီးမွမ်းကြ၊ လက်အုပ်ချီမိုး ရှိခိုးလျက် လ,နေတို့သို့ ရောက်ရှိနိုင်သော လမ်းစဉ်ကို မချမှတ်နိုင်ကြပုံ၊ တေဝိဇ္ဇပုဏ္ဏားတို့၏ ဗြဟ္မာ့ပြည်သို့ သွားရောက်ကြောင်းလမ်းစဉ်သည် ဗြဟ္မာ့ပြည်သို့မရောက်နိုင်ပုံ၊ ဇနပဒကလျာဏီဥပမာ၊ ပြသာဒ်ပေါ်သို့တက်ရန် လှေကားပြုလုပ်သူဥပမာတို့ဖြင့် ရှင်းလင်းမိန့်ကြားတော်မူပြီး အပ္ပါဋ္ဌိဟီရကဖြစ်ပုံကို မိန့်ကြားတော်မူပါသည်။

အစိရဝတီမြစ်ဥပမာဖြင့် ဗြဟ္မဏကာရကတရားတို့ကို ပယ်စွန့်၍ အဗြာဟ္မဏကာရကဓမ္မတို့ကို ဆောက်တည်ကျင့်သုံးကြပြီး ခေါ်ဝေါ်ခြင်း၊ ဆုတောင်းခြင်း၊ တောင့်တခြင်း၊ အလွန်နှစ်သက် လိုလားခြင်းတို့ဖြင့် ဗြဟ္မာ့ပြည်သို့ မရောက်နိုင်ပုံ၊

အဗြာဟ္မဏကာရကဓမ္မဖြစ်သော အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ် ချစ်အပ်သောသဘော တပ်မက်စွဲလမ်းဖွယ်ဖြစ်ကုန်သော ငါးဖြာအာရုံ ကာမဂုဏ်တို့ကို စွဲမက်တွေဝေ သက်ဝင်ကြပြီး အပြစ်ဟုမမြင်ကြပဲ ကာမမှထွက်မြောက်နိုင်သော ဉာဏ်ပညာမရှိကြဘဲ သုံးဆောင်ခံစားနေကြသော တေဝိဇ္ဇဗြာဟ္မဏတို့သည် ကွယ်လွန်ပြီးနောက် ဗြဟ္မာ့ပြည်သို့ မရောက်နိုင်ကြ။ အာဝရဏ နီဝရဏ သြနာဟန

ပရိယောနာဟန ဖြစ်ကုန်သော နိဝရဏတရားငါးပါးတို့ဖြင့် ဖုံးလွှမ်းထား ပိတ်ပင်ထား နှောင်ဖွဲ့ထား မြေးယှက်ထားအပ်ကုန်သော ဗြာဟ္မဏကာရကဓမ္မတို့ကို ပယ်ရှားပြီး အဗြာဟ္မဏကာရကဓမ္မတို့ကို ဆောက်တည်ကျင့်သုံးနေကြကုန်သော တေဝိဇ္ဇ ဗြာဟ္မဏတို့သည် ကွယ်လွန်ပြီးနောက် ဗြဟ္မာ့ပြည်သို့ မရောက်နိုင်ကြကုန်။

ဗြဟ္မာကြီးသည် အပရိဂ္ဂဟာ၊ အဝေရစိတ္တာ၊ အဗျာပဇ္ဇစိတ္တာ၊ အသံကိလိဋ္ဌစိတ္တာ၊ ဝသဝတ္တီဖြစ်ပြီး တေဝိဇ္ဇဗြာဟ္မဏတို့သည် ပရိဂ္ဂဟာ၊ ဝေရစိတ္တာ၊ ဗျာပဇ္ဇစိတ္တာ၊ သံကိလိဋ္ဌစိတ္တာ၊ အဝသဝတ္တီဟူသော သဘာဝချင်းမတူကြပဲ ဗြဟ္မာ့ပြည်သို့ တေဝိဇ္ဇဗြာဟ္မဏများ မရောက်နိုင်ကြပုံ၊

တေဝိဇ္ဇဗြာဟ္မဏတို့သည် ဗေဒင်သုံးပုံကို ကိုးစားကပ်ရောက်၍ နစ်မြုပ်ပျက်စီးနေပုံ၊ တံလျှပ်ကိုရေထင်၍ အခြောက်တိုက် ကူးသည်နှင့်တူပုံ၊ ဗေဒင်သုံးပုံတို့ကို ရွာမနီးသော တောအုပ်ကြီး၊ အစာရေစာမရှိသော တောနက်ကြီး၊ ပျက်စီးရာ ပျက်စီးကြောင်းဟု ဆိုအပ်ပုံကို ဘုရားရှင် မိန့်ကြားတော်မူပါသည်။

ဝါသေဋ္ဌမနသာကတရှာ၌ မွေးဖွားကြီးပြင်းသော မနသာကတရွာမှ ထွက်သွားသောယောက်ျားအား မနသာကတရွာသို့သွားသည့်လမ်းကို မေးမြန်းသည်ရှိသော် နှုံနှေးကြန့်ကြာခြင်းမရှိပဲ ဖြေကြားနိုင်သကဲ့သို့ မြတ်စွာဘုရားသည် ဗြဟ္မာကိုလည်း သိ၏။ ဗြဟ္မာ့ပြည်ကိုလည်းသိ၍ ဗြဟ္မာ့ပြည်သို့ သွားရောက်ကြောင်းအကျင့်ကိုလည်း သိတော်မူ၏ဟု မိန့်ကြားတော်မူပါသည်။

ဝါသေဋ္ဌလုလင်က ဟောကြားတော်မူပါဟု လျှောက်ထားသဖြင့် ဘုရားဖြစ်တော်မူသည်မှ အစပြု၍ သီလနှင့်ပြည့်စုံခဲ့ပုံ၊ နိဝရဏငါးပါးကိုပယ်သတ်ပြီး ပါမောဇ္ဇ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခ၊ သမာဓိဖြစ်ပုံတို့ကို ဟောကြားတော်မူပါသည်။ အရပ်ဆယ်မျက်နှာတို့၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဓမ္မတို့ကို ဝိပုလ၊ မဟဂ္ဂတ၊ အပ္ပမာဏ၊ အဝေရ၊ အဗျာပဇ္ဇဖြစ်အောင် ပြန့်နှံ့နေအောင် ပွားများနေပုံကို ခရုသင်းမှုတ်သော ယောက်ျားဥပမာဖြင့် အပ္ပမာဏစေတောဝိမုတ္တိဖြင့် ပမာဏကတဖြစ်သော ကာမာဝစရကံသည် ထိုစေတောဝိမုတ္တိ၌ မတည်နိုင်တော့ပုံ၊ ဤဗြဟ္မဝိဟာရတရားလေးပါးဝိုင်းတွင် တစ်ပါးပါးသည်သာ ဗြဟ္မာပြည်ရောက်ကြောင်း လမ်းစဉ်ဖြစ်ပုံ။

ဤသို့ဗြဟ္မဝိဟာရဖြင့်နေသော ရဟန်းတော်သည် အပရိဂ္ဂဟာ၊ အဝေရစိတ္တာ၊ အဗျာပဇ္ဇစိတ္တာ၊ အသံကိလိဋ္ဌစိတ္တာ၊ ဝသဝတ္တီဖြစ်ပုံ၊ ဗြဟ္မသဟဗျဖြစ်ပုံကို မိန့်ကြားတော်မူသည့်အခါ ဝါသေဋ္ဌလုလင်က ဖြစ်နိုင်ပါကြောင်း ဖြေကြားလျှောက်ထားပြီး ဝါသေဋ္ဌ

နှင့် ဘာရဒ္ဒါဇတို့ ဥပါသကာအဖြစ် ခံယူသွားပုံကို ပြဆိုသည်သုတ်။

ဤသုတ်၌ဘုရားရှင်က တေဝိဇ္ဇာတို့ ပညတ်ထားသော ဗြဟ္မမဂ္ဂသည် နိဝရဏငါးပါးကို ပယ်နိုင်သော အပ္ပမာဏစေတောဝိမုတ္တိ လမ်းစဉ်မဟုတ်သောကြောင့် ဗြဟ္မာ့ပြည်သို့မရောက်နိုင်။ သီလနှင့်ပြည့်စုံပြီး နိဝရဏတရားငါးပါးကို ပယ်ပြီး သော ဗြဟ္မဝိဟာရတရားလေးပါးကို အပ္ပမာဏစေတောဝိမုတ္တိဖြစ်အောင် ပွားများနိုင်ခြင်းသည်သာ ဗြဟ္မာ့ပြည်သို့ သွားရောက်နိုင်သော လမ်းစဉ်ဖြစ်ပုံကို အကျယ်တဝင့် ဟောကြားတော်မူပါသည်။

♦ အဌကထာ၊ ဋီကာတို့၌ သိသင့်သည်များကို ပြည့်ပြည့်စုံစုံ ဖွင့်ပြထား ပါသည်။

- ဣတိဝုတ်၊ ၂၆၁–၃။ ဣတိဝုတ်၊မြန်၊ ၂၇၇–၉။ ဣတိဝုတ်၊ဋ္ဌ၊ ၂၉၆–၃၀၂။
- ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ တိကနိပါတ၊ ပဌမဝဂ္ဂ၊ ဒသမသုတ်။

သမ္မာပဋိပတ္တိကိုကျင့်သော သင့်မြတ်အကြောင်းအားဖြင့် ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်ဟူသော ဝိဇ္ဇာသုံးပါးကို ရရှိသောရဟန်းကို သာ ''တေဝိဇ္ဇ'ဟု ပညတ်ကြောင်း၊ ဗေဒင်သုံးပုံကို ရွတ်ဆိုကာမျှဖြင့် ဇာတိဗြာဟ္မဏာကို တေဝိဇ္ဇဟု ဘုရားရှင်ပညတ်တော်မမူကြောင်း ဘုရားရှင်က ရဟန်းတော်များကို ဟောကြားတော်မူသည့် တရားတော်ကို နာယူခဲ့ရပါကြောင်း ခုဇ္ဈတ္တရာက သာမာဝတီ အမှူးရှိသော မိဖုရားတို့အား ပြန်လည်ဟောကြားသည်သုတ်။

တေဝိဇ္ဇဝဏ္ဏသုတ္တ

- မ၊ ၂။၁၄၈–၁၅၀။ မ၊မြန်၊ ၂။၁၅၇–၉။ မ၊ဋ္ဌ၊ ၃။၁၃၆–၇။ မ၊ဋီ၊ ၃။၉၁–၂။
- မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ၊ ၃–ပရိဗ္ဗာဇကဝဂ္ဂ၊ ပဌမသုတ်။

ဝဇ္ဇီနိုင်ငံ ဝေသာလီမြို့တော်အနီး ကေပုဏ္ဍရိကပရိဝိဇ်ကျောင်း၌ ဝစ္ဆဂေါတ္တ ပရိဗိုဇ်၏ မေးလျှောက်ချက်အရ မြတ်စွာဘုရာသည် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်၊ ဒိဗ္ဗစက္ခုအဘိညာဏ်တို့ကို အလိုရှိသလို သိတော်မူနိုင်ခြင်း၊ မျက်မှောက်ဘဝ၌ပင် အာသဝက္ခယဉာဏ်ကို ရတော်မူခြင်းကြောင့် မြတ်စွာဘုရားကို ''**တေဝိဇ္ဇော သမဏော ဂေါတမော**''ဟု ပြောဆိုခြင်းသည် မှန်ကန်စွာပြောဆိုရာရောက်ပုံ၊ လူတို့၏

သံယောဇဉ်ကိုမစွန့်ဘဲ ဒုက္ခ၏ကုန်ဆုံးရာနိဗ္ဗာန်ကို မရောက်နိုင်ပုံ၊ လူတို့၏ သံယောဇဉ်ကိုမစွန့်ဘဲ နတ်ပြည်ရောက်သူများစွာရှိပုံ၊ အာဇီဝကသည် ဒုက္ခ၏ကုန်ဆုံးရာနိဗ္ဗာန် ရောက်သူမရှိပုံ၊ (၉၁)ကမ္ဘာထက်က အာဇီဝကတစ်ဦးသာ နတ်ပြည်ရောက်ခဲ့ပုံ၊ တိတ္ထာယတနသည် အယုတ်ဆုံးအားဖြင့် သဂ္ဂုပဂမ္မလည်း သုညဖြစ်ပုံကို ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။ လူအဝတ်ဖြင့်နေသော ရဟန္တာမရှိပုံ ဖွင့်ဆိုချက် ရှိပါသည်။

❖❖❖❖❖

တောဒေယျမာဏဝပုစ္ဆာ

– သုတ္တနိ၊၄၄၃–၄။ သုတ္တနိ၊မြန်၊၄၂၁။ သုတ္တနိ၊ဌ၊၂။၃၁၂။
– ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ၅–ပါရာယနဝဂ္ဂ၊ နဝမပုစ္ဆာ။

တောဒေယျလုလင်၏ မေးလျှောက်ချက်အရ ကာမတို့မကိန်းအောင်း၊ တပ်မက်မှုတဏှာမရှိ၊ ဝိစိကိစ္ဆာကို လွန်မြောက်ပြီးသူသည် အခြားတစ်ပါးသော ဝိမောက္ခကို အလိုမရှိအပ်၊ တွယ်တာမှုအာသာကင်းပြီးသူ၊ တွယ်တာမှုအာသာမရှိတော့သူ၊ ပညာရှိသူ၊ သမာပတ္တိအစရှိသောဉာဏ်ဖြင့် တဏှာကပ္ပ၊ ဒိဋ္ဌိကပ္ပကို မဖြစ်စေတော့သူ၊ ကြောင့်ကြမရှိသူ၊ ကာမဌာလည်းကောင်း ဘဝဌာလည်းကောင်း ကပ်ငြိမှုတဏှာမရှိတော့သူဖြစ်၍ ထိုသူကို ''မုနိ''ဟု သိလေလော့ဟု ဘုရားရှင် ဖြေကြားတော်မူသည့်သုတ်။ ဒေသနာတော်၏အဆုံး၌ အန္တေဝါသိက တပည့်တစ်ထောင်နှင့် တောဒေယျလုလင် အာသဝေါကုန်ခမ်း ရဟန္တာဖြစ်လေသည်။

♦ အဋ္ဌကထာ၌ ဖွင့်ဆိုချက်များ ရှိပါသည်။

စူဠနိဒ္ဒေသ (၁၃၀–၄)၌ တောဒေယျမာဏဝ ပုစ္ဆာနိဒ္ဒေသဟု အရှင်သာရိ–ပုတ္တရာ ဖွင့်ဆိုဟောကြားတော်မူပါသည်။ စူဠနိ၊ဌ၊၃၂။၌လည်း အရှင်ဥပသေနက ဖွင့်ဆိုထားပါသည်။

❖❖❖❖❖

တံဒိ၀ံ တံ သရိရံ သုတ္တ

- သံ၊ ၂။၁ရ၀။ သံ၊မြန်၊ ၂။၁၀ရ။
- သံယုတ္တနိကာယ၊ ခန္ဓ၀ဂ္ဂသံယုတ္တ၊ ၃–ဒိဋ္ဌိသံယုတ္တ၊
  ၁–သောတာပတ္တိ၀ဂ္ဂ၊ တေရသမသုတ်။

ခန္ဓာငါးပါးရှိလျှင် ခန္ဓာကိုအကြောင်းပြု၍ ''တံ ဒိ၀ံ တံ သရိရံ''ဟု မိစ္ဆာအယူဖြစ်ပုံကို ခန္ဓာတစ်ပါးစီ တစ်ပါးစီ ဟောတော်မူပြီး အနတ္တလက္ခဏာသုတ်ဒေသနာတော်အတိုင်း ရဟန်းများအားမေးမြန်း၍ ဟောတော်မူပါသည်။ ဤဌာနတို့နှင့် သစ္စာလေးပါးတို့၌ ယုံမှားမှုကင်္ခါကို ပယ်ပြီးသော အရိယာသာ၀ကကို သောတာပန်ဟု ခေါ်ဆိုအပ်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

ထပတိသုတ္တ

- သံ၊ ၃။၃၀၃–၄။ သံ၊မြန်၊ ၃။၃၀၄–၈။ သံ၊ဋ္ဌ၊ ၃။၃၀၉–၃၁၁။ သံ၊ဋ္ဌိ၊ ၂။၅၂၈–၉။
- သံယုတ္တနိကာယ၊ မဟာ၀ဂ္ဂသံယုတ္တ၊ ၁၁–သောတာပတ္တိသံယုတ္တ၊
  ၁–ဝေဠုဒ္ဒါရ၀ဂ္ဂ၊ ဆဋ္ဌသုတ်။

ဘုရားရှင်ကောသလနိုင်ငံတော်အတွင်း ဒေသစာရိကြွတော်မူစဉ် လမ်းခရီးဌ၀ကသိဒတ္တနှင့် ပုရာဏဟူသော လက်သမားဆရာတို့က ''မြတ်စွာဘုရားသည် သာ၀တ္ထိနေပြည်တော်မှ ကောသလနိုင်ငံတော်အတွင်း ကောသလနိုင်ငံမှ မလ္လနိုင်ငံ၊ မလ္လနိုင်ငံမှ ၀ဇ္ဇိနိုင်ငံ၊ ၀ဇ္ဇိနိုင်ငံမှ ကာသိနိုင်ငံ၊ ကာသိနိုင်ငံမှ မဂဓနိုင်ငံများသို့ ဒေသစာရိကြွတော်မူမည်။ ကြွတော်မူ၏ဟူသော သတင်းစကားကြားသိရသည့်အခါ မိမိတို့၌ ''မြတ်စွာဘုရားသည် ငါတို့နှင့် ဝေးတော့မည်''ဟု မနှစ်မြို့ခြင်း၊ စိတ်မချမ်းသာခြင်း ဖြစ်ရပါကြောင်း၊ မဂဓနိုင်ငံအစရှိသည်တို့မှ သာ၀တ္ထိမြို့တော်သို့ ဒေသစာရိကြွတော်မူလာပြီဟူသော သတင်းကို ကြားသိရသည့်အခါ နှစ်လိုဝမ်းမြောက်ခြင်း ဖြစ်ရပါကြောင်း'' လျှောက်ထားကြပါသည်။

ဘုရားရှင်က ထိုသို့အနတ္တမနတာ၊ ဒေါမနဿတာဖြစ်ကြရခြင်းသည် 'ဃရာ၀ါသ၏ သမ္ဘာ၀ ရဇာပထ'ကြောင့် ဖြစ်၏။ ပဗ္ဗဇ္ဇာသည် 'အဗ္ဘောကာသ' ဖြစ်၏။ လက်သမားတို့ အပ္ပမာဒတရားနှင့် ပြည့်စုံထိုက်၏ဟု ဘုရားရှင်က

မိန့်တော်မူပါသည်။ လက်သမားဟိုက " ယရာဝါသ သမ္မာဓထက် သမ္မာဓတရ၊ သမ္မာဓသခ်ါတတရဖြစ်သော သမ္မာဓ" ရှိပုံကို ကောသလဘုရင်၏ ဥယျာဉ်တော် ထွက်ရာ အခါဖြစ်ပုံဖြင့် ဘုရားရှင်အား လျှောက်ထားကြပါသည်။

လက်သမားတို့ သင်တို့သည် ဗုဒ္ဓေအဝေစ္ဆပသာဒ၊ ဓမ္မေအဝေစ္ဆပသာဒ၊ သံဃေ အဝေစ္ဆပသာဒ၊ ဝိဂတမလမစ္ဆေရ ဒါနသံဝိဘာဂရတ–ဟူသော သောတာပန် အရိယာသာဝကတို့၏ ဓမ္မလေးပါးတို့နှင့် ပြည့်စုံကြ၏။ ကောသလနိုင်ငံတော်အတွင်း၌ သင်တို့နှင့်တူသောသူ မည်မျှရှိသနည်းဟု ဘုရားရှင်က မိန့်တော်မူသည့်အခါ "လာဘာ နော ဘန္တေ" အစရှိသည်ဖြင့် ဘုရားရှင်အား လျှောက်ထားသည့်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ မဖ္ဆိမဒေသ၏ နိယတဖြစ်ပုံနှင့်တကွ ဖွင့်ဆိုသင့်သည်များကို ဖွင့်ဆိုထားပါသည်။

❖❖❖❖❖

ထူပါရဟသုတ္တ

– အံ၊ ၁။၅၆၎။ အံ၊မြန်၊ ၁။၅၈၂။ အံ၊ဋ္ဌ၊ ၂။၃၉၅။
အဂ္ဂိတ္ထရနိကာယ၊ စတုက္ကနိပါတ၊ ပဌမပဏ္ဏာသက၊
(၂၅) ၅–အာပတ္တိဘယဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ပစ္စေကဗုဒ္ဓါ တထာဂတသာဝက စကြာမင်း ဟူသော ထူပ တည်ထားထိုက်သောပုဂ္ဂိုလ်လေးမျိုးကို ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည့် သုတ်။

♦ အဋ္ဌကထာ၌ စကြာမင်း၏ ထူပါရဟဖြစ်ထိုက်ပုံ၊ ပုထုဇဉ်ရဟန်းတို့ ထူပါ–ရဟာ၌ မပါဝင်ပုံတို့ကို ဖွင့်ပြထားပါသည်။

❖❖❖❖❖

ထေရသုတ္တ (၂)

–အံ၊ ၂။၁၀၀–၂။ အံ၊မြန်၊ ၂။၁၂၂–၄။ အံ၊ဋ္ဌ၊ ၃။၃၉။ အံ၊ဋီ၊ ၃။၃၅။
–အဂ္ဂိတ္ထရနိကာယ၊ ပဌကနိပါတ၊ ဒုတိယပဏ္ဏာသက၊ (၉) ၄–ထေရဝဂ္ဂ။ အဋ္ဌမသုတ်။

ဗဟုဇနအဟိတာယ၊ ဗဟုဇနအသုခါယ၊ ဗဟုနောဇနသ္မ အနတ္ထာယ

အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ ပဋိပန္နဖြစ်သော ထေရ ရဟန်း၏အရည်အချင်း ငါးမျိုးနှင့် ဗဟုဇနဟိတာယ ဗဟုဇနသုခါယ ဗဟုနောဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ပဋိပန္နထေရ ရဟန်း၏အရည်အချင်းငါးမျိုးတို့ကို ကဏ္ဍပက္ခ၊ သုက္ကပက္ခအားဖြင့် ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

– အံ၊၃။၄၁၉–၄၂၀။ အံ၊မြန်၊၃။၄၁၁။
– အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ ဒုတိယပဏ္ဏာသက၊
(၁၀) ၅–ဥပါလိဝဂ္ဂ၊ အဋ္ဌမသုတ်။

မထေရ်ကြီး သီတင်းသုံးနေရာအရပ်၌ ချမ်းချမ်းသာသာနေရသော မထေရ်ကြီး၏အရည်အချင်း (ဂုဏ်ရည်) (၁၀)မျိုးတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖❖❖❖❖

ထေရနာမကသုတ္တ

– သံ၊၁။၄၆၉–၄၇၀။ သံ၊မြန်၊၁။၄၅၈–၉။ သံ၊ဋ္ဌ၊၂။၂၂၂–၃။ သံ၊ဋီ၊၂။၁၉၈–၉။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁၀–ဘိက္ခုဝဂ္ဂ၊ ဒသမသုတ်။

တစ်ပါးတည်းနေခြင်း၏ အလွန်ကျယ်ဝန်းသော အနက်အဓိပ္ပါယ်နှင့် ပြည့်စုံသောအကြောင်းကို နှလုံးသွင်းရန်တရားကို တစ်ပါးတည်းနေသော ထေရအမည် ရှိသောရဟန်းအား ဘုရားရှင်ဟောတော်မူသည်သုတ်။

= အဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖❖❖❖❖

ဒကို့ဏသုတ္တ

– အံ၊ဘ၊၃၉၂–၃။ အံ၊မြန်၊ဘ၊၄၀၆–ဂ။ အံ၊ဋ္ဌ၊၂။၁၂၀။ အံ၊ဋီ၊၂။၃၁၅။
– အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ ဒုတိယပဏ္ဏာသက၊
(၈) ၃–အပဏ္ဏကဝဂ္ဂ၊ အဋ္ဌမသုတ်။

ဒကၠိဏာဝိသုဒ္ဓိ (၄)မျိုးကို အကျဉ်း၊ အကျယ်နှစ်မျိုးဖြင့် ဟောကြားတော်မူသည့်သုတ်။

♦ အဌကထာ၌ ဒကၠိဏာဝိသုဒ္ဓိဖြစ်ပုံ (၄)မျိုးကို ဥပမာများဖြင့် ဝိသုဒ္ဓိဟူသည် မဟာဇုတိကမဟာပဌလဟု ဖွင့်ပြထားပါသည်။

❖❖❖❖❖

ဒကၠိဏာဝိဘင်္ဂသုတ္တ

– မ၊၃။၂၉၅–၃၀၀။ မ၊မြန်၊၃။၃၀၀–၅။ မ၊ဌ၊၄။၂၁၉–၂၂၈။ မ၊ဋီ၊၃။၄၀၆–၄၁၆။
– မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၄–ဝိဘင်္ဂဝဂ္ဂ၊ ဒွါဒသမသုတ်။

ဘုရားရှင် သက္ကနိုင်ငံ ကပိလဝတ္ထုမြို့ နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မိထွေးတော် မဟာပဇာပတိဂေါတမီ ကိုယ်တိုင် ကြိုးကြပ်ရက်လုပ်လျှက်ဒါန်းလာသည့် သင်္ကန်းအစုံကို အကြောင်းပြု၍ ဘုရားရှင်ဟောတော်မူသည့်သုတ်။

''သံဃေ ဂေါတမီ ဒေဟိ၊ သံဃေ တေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃော စ''ဟု သုံးကြိမ်မြွက်ကြား၍ သံဃာအား လျှာ်ဒါန်းရန် တိုက်တွန်းတော်မူပုံ၊

အရှင်အာနန္ဒာက ''မိထွေးတော်ကြီးက ဘုရားရှင်အား ကျေးဇူးများသကဲ့သို့ ဘုရားရှင်ကလည်း မိထွေးတော်ကြီးအား ကျေးဇူးများပုံတို့ကို ပြန်ကြားလျှောက်ထားပုံ၊

ဘုရားရှင်က ''သရဏဂုမ် (၃)ပါးကို ဆည်းကပ်ခွင့်ရအောင့် ငါးပါးသီလကို ကျင့်သုံးခွင့် အရိယာပုဂ္ဂိုလ်ဖြစ်အောင် သစ္စာလေးအင်သိအောင် ဆောင်ရွက်ပေးသော ဆရာ၏ ကျေးဇူးကိုပေးဆပ်၍ မကုန်နိုင်ပုံ၊ (အာစရိယဂုဏော အနန္တော''ဟူသော စကား အတွက် အထောက်အထား ဖြစ်ပါသည်။)

ပုဂ္ဂလိကဒါန (၁၄)မျိုး၊ ပုဂ္ဂလိကဒါန (၁၄)မျိုး၏အဆင့်ဆင့် ရရှိခံစားနိုင်သော အကျိုးကျေးဇူး၊ သံဃိကဒါန (၇)မျိုး၊ သံဃိကဒါနက ပုဂ္ဂလိကဒါနထက် အကျိုးကြီးမြတ်ပုံ၊ ဒကၠိဏာဝိသုဒ္ဓိလေးမျိုးနှင့် ယင်းလေးမျိုးကို တစ်ပါးစီ တစ်ပါးစီ အကျယ်ဝေဖန်၍ ဟောကြားတော်မူထားပါသည်။

♦ အဌကထာ၌ မဟာပဇာပတိဂေါတမီ အမည်ဖြစ်ပေါ်လာပုံ၊ မဟာပဇာပတိဂေါတမီ၏ ဘုရားရှင်အား သင်္ကန်းလျှာ်ဒါန်းလိုသော ဆန္ဒဖြစ်ပေါ်လာပုံ၊ သင်္ကန်းသစ်

အစုံဖြစ်အောင် ဆောင်ရွက်ပုံ၊ ဘုရားရှင်ထံ အခမ်းအနားဖြင့် သွားရောက်လျှုဒါန်းပုံ၊ ဘုရားရှင်အား သုံးကြိမ်တိုင်တိုင် လျှုဒါန်းခွင့်ရရှိရေးအတွက် လျှောက်ထားပုံ၊ သုံးကြိမ်တိုင်တိုင် ပယ်တော်မူသော ဘုရားရှင်၏ရည်ရွယ်တော်မူချက် (၂)မျိုးနှင့် ဝိတက္ကဝါဒီတို့၏ အယူဝါဒကို စိစစ်ဝေဖန်ချက်။ ဘုရားရှင်သည် သံဃာတော်၌ ပါဝင်မှုရှိ,မရှိ တို့ကို ဖွင့်ပြထားပါသည်။

အာပါဒိကာ, ပေါသိကာ, ထည်ပါယေသိ, ပုဂ္ဂလော, ပုဂ္ဂလံ, နု သုပ္ပဋိကာရ, အဘိဝါဒန, ပစ္စုဋ္ဌာန, အဉ္ဇလိကမ္မ, သာမီစိကမ္မအဖွင့်များ၊ ဘုရားရှင်နှင့် နန္ဒမင်းသားတို့ ဖွားမြင်ချိန်၊ ဘုရားရှင်အပေါ် မိထွေးတော်၏ စေတနာထားပုံ၊ ''ဆရာ့ကျေးဇူးမြင့်မိုရ်ဦး'' စကားပုံစတင်လာပုံတို့ကို ဖွင့်ပြထားပါသည်။

ပုဂ္ဂလိကဒါန (၁၄)မျိုးတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ပုဂ္ဂိုလ်သုံးမျိုးသာ ပရမဒက္ခိဏာဖြစ်ပုံ၊ ကြွင်း (၁၁)မျိုးသည် ပရမဒက္ခိဏာမဖြစ်ပုံ၊ ဗာဟိရက ကာမေသု ဝိတရာဂပုဂ္ဂိုလ် ပုထုဇဉနသီလဝန္တ, ပုထုဇဉနဒုဿီလတို့ကိုလည်း ဖွင့်ပြထားပါသည်။ တိရစ္ဆာန်အား လျှုဒါန်းမှုနှင့် ဆက်စပ်၍ သတဂုဏအကျိုးရပုံအဖွင့်၊ သောတာပတ္တိဖလသစ္ဆိကိရိယာယပုဂ္ဂိုလ်များ၊ မဂ္ဂသမင်္ဂီပုဂ္ဂိုလ်အား လျှုဒါန်းနိုင်ပုံ၊ ဗုဒ္ဓပွဲမှခဉ္စာတောသံဃာအား လျှုဒါန်းပုံနှစ်မျိုး၊ဗုဒ္ဓသန္တကပစ္စည်း ပေးရမည့်ပုဂ္ဂိုလ်၊ ကာသာဝကဏ္ဍပုဂ္ဂိုလ်၊ ဒုဿီလသံဃာမရှိပုံ၊ သံယေစိတ္တိကာရဖြစ်ဖို့ရန် ခဲရင်းပုံ၊ သံဃကတဒက္ခိဏာဖြစ်ပုံ၊ ရဟန္တာပုဂ္ဂိုလ်အား လျှုသောအလျှုထက် သံယေ စိတ္တိကာရအလျှုက အကျိုးကြီးပုံ၊ ဒက္ခိဏာဝိသုဒ္ဓိလေးမျိုး၏ပုံစံ သာဝကများ၊ အလျှုရှင်ရဟန္တာက အလျှုခံရဟန္တာအား လျှုသောအလျှု၊ ရဟန္တာမှာ ကုသိုလ် အကုသိုလ် မဖြစ်ပုံ၊

(က) ဘုရားရှင်က အရှင်သာရိပုတ္တရာအား လျှုသောအလျှု၊

(ခ) အရှင်သာရိပုတ္တရာက ဘုရားရှင်အား လျှုသောအလျှုတို့၏ အကျိုးကြီးမှုအကြောင်း ခြားနားချက်၊ မျက်မှောက်ဘဝ၌ ဒါနအကျိုးခံစားရသော သမ္ဘဒါလေးပါးတို့ကို ဖွင့်ပြထားပါသည်။

♦ ဦးကာ၌ ဘုရားရှင်နှင့်သံဃာ၊ သုပ္ပဋိကာရ မဖြစ်ပုံ၊ ပါဋိပုဂ္ဂလိက ဝစနတ္ထ၊ ပရမဒက္ခိဏေယျ စိစစ်ချက်၊ သာမဏေရသီလအစရှိသော အဌကထာလာပုဒ်တို့ကို စိစစ်ဖွင့်ဆိုထားပါသည်။

❖❖❖❖❖

တိပိဋကသုတ္တသူစိ ဝိဘာဝိနီ

ဒဠ္ဍဖဿသုတ္တ (၃)

- သံ၊ ၂။၄၀၉။ သံ၊မြန်၊ ၂။၄၀၄။ သံ၊ဌ၊ ၃။၁၁ရ။ သံ၊ဋီ၊ ၂။၃၅၆။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၂-ဝေဒနာသံယုတ္တ၊ ၁-သဂါထာဝဂ္ဂ၊ ပဌမသုတ်။

ဝေဒနာသုံးပါးတို့တွင် သုခဝေဒနာကို ဒုက္ခဟု ရှုရမည်။ ဒုက္ခဝေဒနာကို သလ္လအားဖြင့် ရှုရမည်။ အဒုက္ခမသုခဝေဒနာကို အနိစ္စအားဖြင့် ရှုရမည်။ ထိုရှုသည့် အကိုင်း ဉာဏ်ဖြင့်သိမြင်သောရဟန်းကို မှန်ကန်စွာ သိမြင်သူ၊ တဏှာကို ဖြတ်တောက်ပြီးသူ၊ သံယောဇဉ်အနှောင်အဖွဲ့ကို ခြေခွါတ်နိုင်သူ၊ မာနကို အရဟတ္တမဂ်ဖြင့် ပယ်နိုင်ခြင်းကြောင့် ဒုက္ခ၏ကုန်ဆုံးရာနိဗ္ဗာန်ကို မျက်မှောက်ပြုသူဟု ဆိုအပ်ပုံကို ရဟန်းတို့အား ဘုရားရှင် ဟောကြားတော်မူသည့်သုတ်။

♦ အဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များ ပါရှိပါသည်။

- သံ၊ ၃။၁ရ၂။ သံ၊မြန်၊ ၃။၁ရရ။ သံ၊ဌ၊ ၃။၂၆၄-၅။ သံ၊ဋီ၊ ၂။၄၈၈။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၄-ဣန္ဒြိယသံယုတ္တ၊ ၁-သုဒ္ဓိကဝဂ္ဂ၊ အဌမသုတ်။

သဒ္ဓါအစရှိသော ဣန္ဒြေငါးပါးတို့တွင်---

(၁) သောတာပတ္တိမဂ်ကို ရနိုင်သော တရား(အဂါ)လေးမျိုးတို့၌ သဒ္ဓါဣန္ဒြေသည် အကြီးအကဲဖြစ်သည်။

(၂) သမ္မပ္ပဓာန်တရားလေးပါးတို့၌ ဝီရိယိန္ဒြေသည် အကြီးအကဲဖြစ်သည်။

(၃) သတိပဋ္ဌာန်တရားလေးပါးတို့၌ သတိန္ဒြေသည် အကြီးအကဲဖြစ်သည်။

(၄) ရူပါဝစရစျာန်လေးပါးတို့၌ သမာဓိန္ဒြေသည် အကြီးအကဲဖြစ်သည်။

(၅) အရိယသစ္စာလေးပါးတို့၌ ပညိန္ဒြေသည် အကြီးအကဲဖြစ်သည်ဟု ဘုရားရှင် ရဟန်းတို့အား ဟောတော်မူသည့်သုတ်။

♦ အဌကထာ၌ ဣန္ဒြေငါးပါးတို့ကို သူ့ဌေးသားလေးယောက်နှင့် ဘုရင်တို့ နက္ခတ်ပွဲသဘင်အခါ အချင်းချင်းအပြန်အလှန် ညှိုးတိပြုပုံဥပမာဖြင့် ထင်ရှားအောင် ဖွင့်ပြထားပါသည်။ ♦ ဋီကာ၌လည်း ဖွင့်ဆိုချက်များ ရှိပါသည်။

- အံ၊ ၂။၁၀။ အံ၊မြန်၊ ၂။၁၄။ အံ၊ဌ၊ ၃။၄-၅။ အံ၊ဋီ၊ ၃။၅-၆။

– အဂ်ုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ပဌမပဏ္ဏာသက၊ ပဌမပဏ္ဏာသက၊ ၂–ဗလဝဂ္ဂ၊ ပဉ္စမသုတ်။

သဒ္ဓါအစရှိသော ဗိုလ်ငါးပါးတို့တွင်---

(၁) သဒ္ဓါဗိုလ်ကို သောတာပတ္တိယင်္ဂတရားလေးပါးတို့၌–

(၂) ဝီရိယဗိုလ်ကို သမ္မပ္ပဓာန်တရားလေးပါးတို့၌–

(၃) သတိဗိုလ်ကို သတိပဋ္ဌာန်တရားလေးပါးတို့၌–

(၄) သမာဓိဗိုလ်ကို ရူပါဝစရစျာန်လေးပါးတို့၌–

(၅) ပညာဗိုလ်ကို အရိယသစ္စာတရားလေးပါးတို့၌ အကြီးအကဲအဖြစ်ထား၍ ရှုမှတ်ရမည်ဟု ဘုရားရှင်က ရဟန်းတို့အား ဟောကြားတော်မူသည်သုတ်။

♦ အဌကထာ၌ သံယုတ်အဌကထာအတိုင်း ဗိုလ်ငါးပါးကို နက္ခတ်သဘင်ပွဲ ဆင်နွဲကြသော သူဌေးသားလေးယောက်နှင့် ရှင်ဘုရင်တို့ ပျော်ပွဲစားထွက်ပုံ ဥပမာဖြင့် ဖွင့်ပြထားပါသည်။ ဤသုတ်၌ သေခဗလကို ဟောတော်မူပုံနှင့် ကောရဏ္ဍကောလ–ဝါသီ မဟာဒန္တထေရ်၏ အဆိုအမိန့်ကိုလည်း ပြဆိုထားပါသည်။ ဋီကာ၌လည်း အကျယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖❖❖❖❖

ဒဏ္ဍာသုတ္တ (၃)

– သံ၊ ၁။ ၃၉၂။ သံ၊ မြန်၊ ၁။ ၃၇၉။ သံ၊ ဋီ၊ ၂။ ၁၅၂။

– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၄–အနမတဂ္ဂသံယုတ္တ၊ ဒုတိယဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့. ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကောင်းကင်သို့. ပစ်လွှတ်လိုက်သောဒုတ်သည် အရင်းဖြင့်ကျလိုက်၊ အလယ်ဖြင့်ကျလိုက်၊ အဆုံးဖြင့်ကျလိုက်ဖြစ်သကဲ့သို့၊ အဝိဇ္ဇာဖြင့် ဖုံးအုပ်, တဏှာဖြင့် နှောင်ဖွဲ့ထားသော သတ္တဝါတို့သည် ဘဝတစ်ခုမှ ဘဝတစ်ခုသို့. ပြေးသွား ပြောင်းရွှေ့ကြကုန်လျက် ဤဘဝမှ ထိုဘဝသို့၊ ထိုဘဝမှ ဤဘဝသို့ လာရောက်ကြရကုန်၏။ ဘဝသံသရာ အစမရှိခြင်းကြောင့်ပေတည်း။ ထို့ကြောင့် အလုံးစုံသော သခါရဝမ္မတို့၌ ငြီးငွေ့ခြင်း, တပ်မက်မှုကင်းခြင်း, လွတ်မြောက်ခြင်းငှါ, အားထုတ်ထိုက်တော့သည် သာဟု ရဟန်းတို့အား ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

♦ ဋီကာ၌ ဖွင့်ဆိုချက်များရှိပါသည်။

– သံ၊ ၃။ ၃၈၄။ သံ၊ မြန်၊ ၃။ ၃၉၂။ သံ၊ ဋ္ဌ၊ ၃။ ၃၃၁။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂–သစ္စသံယုတ္တ၊ ၄–သီသပါဝနဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် ဝံသနိုင်ငံ ကောသမ္မီမြို့တော်အနီး သီသပါဝန၌ သီတင်းသုံးနေတော်မူစဉ် အထက်ပါသုတ်အတိုင်း သစ္စာလေးပါးကို မသိခြင်းကြောင့် သံသရာ၌ ပြောင်းရွှေ့ကျင်လည်ရပုံကို မိန့်ကြားတော်မူပြီး သစ္စာသိမြင် ကျွတ်တမ်းဝင်အောင် အားထုတ်ကြရမည်ဟု ဘုရားရှင်က ရဟန်းတော်တို့အား ဟောကြားတော်မူသည့်သုတ်။

– ဥဒါန။ ၈၉၊ ဥဒါန၊ မြန်။ ၈၂–၃။ ဥဒါန၊ ဋ္ဌ။ ၉၇–၈။
– ခုဒ္ဒကနိကာယ၊ ဥဒါန၊ ၂–မုစလိန္ဒဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိမြို့တော်နှင့် ဇေတဝန်ကျောင်းတော်အကြား၌ မြွေကို ဒုတ်ဖြင့် ရိုက်နှက်သတ်ဖြတ်နေကြသော သူငယ်တို့ကို တွေ့မြင်၍ ''သုခကာမနီ'' အစရှိသော (၂)ဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူသည့်သုတ်။

♦ အဋ္ဌကထာ၌ အတ္ထုပ္ပတ္တိနှင့်တကွ အကျယ်ကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

ဒန္တကဋ္ဌသုတ္တ

– အံ၊ ၂။ ၂၁၉။ အံ၊ မြန်၊ ၂။ ၂၇၅။ အံ၊ ဋ္ဌ၊ ၃၊ ၇၈။
– အဂုံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ပဉ္စမပဏ္ဏာသက၊
(၂၁) ၁–ကိမိလဝဂ္ဂ၊ အဋ္ဌမသုတ်။

ဒန်ပူစားခြင်း၏ အကျိုးငါးပါးနှင့် ဒန်ပူမစားခြင်း၏ အပြစ်ငါးပါးတို့ကို ကဏ္ဍပက္ခ, သုက္ကပက္ခအားဖြင့် ဘုရားရှင် ရဟန်းတို့အား ဟောတော်မူသည့်သုတ်။

ဒန္တဘူမိသုတ္တ

– မ၊ ၃။ ၁၆၉–၁၇၇။ မ၊ မြန်၊ ၃။ ၁၇၄–၁၈၂။ မ၊ ဌ၊ ၄။ ၁၄၀–၁၄၂။
  မ၊ ဋီ၊ ၃။ ၃၄၅–၆။
– မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၃–သုညတဝဂ္ဂ၊ ပဉ္စမသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့, ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဗိမ္မိသာရမင်းကြီး၏ သားတော် ဇယသေနမင်းသားက ''အစိရဝတသာမဏေ၏ တရားတော်ကိုနာယူပြီး ''အပ္ပမတ္တ, အာတာပီ, ပဟိတစိတ္တ'' ပုဂ္ဂိုလ်သည် ကေဂ္ဂစိတ္တ မဖြစ်နိုင်ပုံကို''ပြောဆိုမှုနှင့် ဆက်စပ်၍ အစိရဝတ သာမဏေ၏ လျှောက်ထားချက်အရ ''ကာမဘောဂီပုဂ္ဂိုလ်များ ကေဂ္ဂစိတ္တကို မသိမမြင်နိုင် မျက်မှောက် မပြုနိုင်ပုံကို 'တောင်ထိပ်ပေါ်၌နေသော ယောက်ျား၏မြင်ကွင်းကို တောင်အောက်၌နေသော ယောက်ျားမမြင်နိုင်ပုံ ဥပမာဖြင့်လည်းကောင်း, တောဆင်ရိုင်းကို ဖမ်းယူပြီး ယဉ်ကျေးလိမ္မာသော ဆင်လိမ္မာဖြစ်အောင် ဆုံးမသောဥပမာဖြင့် အမျိုးကောင်းသား၏ ရှေးဦးစွာ ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်ပုံ၊ ဘုရားရှင်၏ တရားတော်ကို နာယူပြီး တရားတော်၌ သက်ဝင်ယုံကြည်ပုံ၊ ရဟန်းပြုပုံ၊ ရဟန်းတရားကို ပွားများအားထုတ်ပြီး ဝိဇ္ဇာသုံးပါးနှင့်တကွ ရဟန္တာဖြစ်ပုံ၊ ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ရည်များ 'ဒန္တမရဏ'ဖြစ်ပုံကို ဘုရားရှင်က အစိရဝတသာမဏေအား ဟောတော်မူပုံကို ပြဆိုသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဒဗ္ဗသုတ္တ (၂)

– ဥဒါန၊ ၁၉၁–၂။ ဥဒါန၊ မြန်။ ၁၇၃–၄။ ဥဒါန၊ ဌ။ ၃၈၅–၃၉၀။
– ခုဒ္ဒကနိကာယ၊ ဥဒါန၊ ၈–ပါဋ္ဌလိဂါမိယဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့, ဝေဠုဝန်ကျောင်းတော်၌ သီတင်း

တိပိဋကသုတ္တသူစိ ဝိဘာဝိနီ

သုံးနေတော်မူစဉ် ဘုရားရှင်ထံ လျှောက်ထားခွင့်ပန်ပြီး ကောင်းကင်အပြင်၌ အရှင်ဒဗ္ဗ၏ ပရိနိဗ္ဗာန်ပြု၍ တေဇောဓာတ်လောင်ပြီး ကွယ်ပျောက်သွားသော အရှင်ဒဗ္ဗကို အကြောင်းပြု၍ ဥဒါန်းကျူးရင့်တော်မူသောသုတ်။

- ဥဒါန။ ၁၉၂-၃။ ဥဒါန၊ မြန်။ ၁၇၄-၅။ ဥဒါန၊ ၌။ ၃၉၀-၂။
- ခုဒ္ဒကနိကာယ ၊ ဥဒါန။ ၈-ပါဠိလိဂါမိယဝဂ္ဂ၊ ဒသမသုတ်။

အရှင်ဒဗ္ဗ၏ ကောင်းကင်၌ ပရိနိဗ္ဗာန်စံဝင်ပြီး တေဇောဓာတ်လောင်မှုနှင့် ဆက်စပ်၍ ရဟန်းတို့အား မိန့်ကြားတော်မူပြီး ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ ဥဒါန်းကျူးရင့်တော်မူသည်သုတ်။

❖ ❖ ❖

ဒလိဒ္ဒသုတ္တ (၂)

- သံ၊ ၁။ ၂၃၃-၄။ သံ၊ မြန်၊၁။ ၂၁၇၊ သံ၊ ၌၊ ၁။ ၃၁၉-၃၂၀။
  သံ၊ ဋီ၊ ၁ ၃၃၈-၉။
- သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁၁-သက္ကသံယုတ္တ၊ ၂-ဒုတိယဝဂ်၊ စတုတ္ထသုတ်။

သဒ္ဓါ,သီလ,သုတ,စာဂ, ပညာတရား ငါးပါးနှင့်ပြည့်စုံသော အထီးကျန်မွဲ လူဆင်းရဲသည် ကွယ်လွန်၍ တာဝတိံသာနတ်ပြည်၌ နတ်ဖြစ်လျှင် အခြားနတ်တို့ထက် ဝဏ္ဏ, ယသနှစ်မျိုးဖြင့် သာလွန်ပုံ, ကဲ့ရဲ့သော တာဝတိံသာနတ်တို့ကို တားမြစ်၍ သိကြားမင်းက ဂါထာ(၃)ပုဒ်ဖြင့် ရွတ်ဆိုပုံကို ရဟန်းတို့အား မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ၌ ယင်းနတ်သား၏ လူ့ဘဝ၌ သုပ္ပဗုဒ္ဓအမည်ရှိသော နှုနာ ရောဂါ နှိပ်စက်နေသော အတိတ်ဝတ္ထု, ပစ္စပ္ပန်ဝတ္ထုတို့နှင့်တကွ သောတာပန် အရိယာသာဝကဖြစ်ခဲ့ပုံ အစရှိသည်တို့ကို ဖွင့်ပြထားပါသည်။

♦ ဋီကာ၌လည်း ဖွင့်ဆိုချက်များ ရှိပါသည်။

– သံ၊ ၃။ ၈၈။ သံ၊ မြန်၊ ၃။ ၉၃။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၂–ဗောဇ္ဈင်္ဂသံယုတ္တ၊ ၅–စက္ကဝတ္တိဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် 'ဒလိဒ္ဒ' ဟူသော ဝေါဟာရနှင့်ဆက်စပ်၍ ရဟန်းတို့က မေးမြန်းလျှောက်ထားသဖြင့် 'ဗောဇ္ဈင်ခုနှစ်ပါးကို မပွားများခြင်း, ကြိမ်ဖန်များစွာ မလေ့လာ မပြုလုပ်ခြင်းကြောင့် 'ဒလိဒ္ဒ=လူဆင်းရဲ' ဟု ခေါ်ဆိုကြပုံကို ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒသကမ္မသုတ္တ

– အံ၊ ၁။ ၅၄၂–၃။ အံ။ မြန်၊ ၁။ ၅၅၈။
– အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ ပဉ္စမပဏ္ဏာသက၊ (၂၁)၁–သပ္ပုရိသဝဂ္ဂ၊ စတုတ္ထသုတ်။

၁။ ဒုစရိုက်တရား(၁၀)ပါးကိုပြုလုပ် ပြောဆို ကြံစီနေသူသည် 'အသပ္ပုရိသ'၊
၂။ ဒုစရိုက်တရား(၁၀)ပါးကို ကိုယ်တိုင်ပြုလုပ်ပြောဆို ကြံစီနေရုံမျှမက သူတစ်ပါးတို့အား ထိုဒုစရိုက်တရားတို့ကို ပြုလုပ်ပြောဆိုကြံစည်ရန် စည်းရုံး ဆောက်တည်စေသူသည် 'အသပ္ပုရိသတရ'၊
၃။ သုစရိုက်တရား(၁၀)ပါးကို ပြုလုပ်ပြောဆိုကြံစည်နေသူသည် 'သပ္ပုရိသ'၊
၄။ ယင်းတို့ကို သူတစ်ပါးတို့ကိုလည်း ပြောဆိုပြုလုပ်ကြံစည်ရေးအတွက် စည်းရုံးဆောက်တည်နေသူသည် 'သပ္ပုရိသတရ'ဖြစ်ပုံ စတုက္ကကို ကောသလနိုင်ငံ သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ ရဟန်းတို့အား ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

❖ ❖ ❖

ဒသကမ္မပထသုတ္တ

– သံ၊ ၁။ ၃၇၈။ သံ။ မြန်၊ ၁။ ၃၆၅–၆။ သံ၊ ၌၊ ၂။ ၁၃၃–၁၄၀။
သံ၊ ဋီ၊ ၂။ ၁၄၁–၅။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၃–ဓာတုသံယုတ္တ၊ တတိယဝဂ္ဂ၊ ပဠမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒုစရိုက်ဆယ်ပါးနှင့် သုစရိုက်ဆယ်ပါးရှိသူတို့ သဘောတူသူချင်းသာ ပေါင်းဆုံညီညွတ်ကြပုံကို ဒုစရိုက်, သုစရိုက် တစ်ပါးစီ ကဏ္ဍပက္ခ, သုက္ကပက္ခ ခွဲ၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ၌ ဒုစရိုက်ဆယ်ပါး, သုစရိုက်ဆယ်ပါးအကျယ်နှင့် ယင်းတို့ကို ဝမ္မ, ကောဋ္ဌာသ, အာရမ္မဏ, ဝေဒနာ, မူလအားဖြင့် ဝေဖန်၍ ဖွင့်ဆိုထားပါသည်။

♦ ဋီကာ၌လည်း ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဒသဂ်သုတ္တ

– သံ၊ ၁။ ၃၇၈။ သံ၊ မြန်၊ ၁။ ၃၆၆–ရ။ သံ၊ ၌၊ ၂။ ၁၄၀။ သံ၊ ဋီ၊ ၂။ ၁၄၅–၆။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၃–ဓာတုသံယုတ္တ၊ တတိယဝဂ္ဂ၊ သတ္တမသုတ်။

မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ၊ မိစ္ဆာ ဉာဏ်၊ မိစ္ဆာဝိမုတ္တိဟူသော ဓာတ်သဘောတူသူချင်းသာ ပေါင်းသင်းညီညွတ်ကြပုံ၊

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာ ဉာဏ်၊ သမ္မာဝိမုတ္တိဟူသော ဓာတ်သဘောတူသူချင်းသာ ပေါင်းသင်းညီညွတ်ကြပုံ တစ်ပါးစီကို ကဏ္ဍပက္ခ, သုက္ကပက္ခခွဲ၍ ဘုရားရှင် ရဟန်းတို့အား ဟောတော်မူသည်သုတ်။

အဌကထာ, ဋီကာတို့၌ မိစ္ဆာသတိ၊ မိစ္ဆာဉာဏ်၊ မိစ္ဆာဝိမုတ္တိ၊ သမ္မာဉာဏ်၊ သမ္မာဝိမုတ္တိပုဒ်တို့နှင့် ဆက်စပ်၍ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဒသဗလသုတ္တ (၂)

– သံ၊ ၁။ ၂၆၅–၆။ သံ၊ မြန်၊ ၁။ ၂၅၀–၁။ သံ၊ ဌ၊ ၂။ ၄၁။ သံ၊ ဋီ၊ ၂။ ၅၃။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ နိဒါနသံယုတ္တ၊ ၃–ဒသဗလဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်က အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါး ဒသဗလတရား, ဝေသာရဇ္ဇဉာဏ်လေးပါးတို့နှင့်ပြည့်စုံသော ဘုရားရှင်သည်သာလျှင် သူ့ရဲ့ကောင်း အာဇာနည်ပုဂ္ဂိုလ်အဖြစ်ဝန်ခံနိုင်ပုံ, ပရိသတ်ဗိုလ်ပုံအလယ်၌ မရွံ့မကြောက် ခြေသေ့ဟောက်သို့ရဲ့ဝံ့စွာ ဓမ္မရတနာကို မိန့်ကြားနိုင်ပုံ၊ မြတ်သောဓမ္မစက္ကကို ဖြစ်တည်(လည်စေ)နိုင်ပုံကို မိန့်ကြားတော်မူပြီး ခန္ဓာငါးပါးတို့၏ အသီးအသီး ခန္ဓ, သမုဒယ, အတ္ထင်္ဂမ, ကြောင်း,ကျိုးဝမ္မတို့၏ ဖြစ်,ချုပ်နေပုံ ပဋိစ္စသမုပ္ပါဒ အနုလောမ, ပဋိလောမတို့ကို ရဟန်းတို့အား အကျဉ်းချုပ် ဟောကြားတော်မူသည်သုတ်။

– သံ၊ ၁။ ၂၆၆–ရ။ သံ၊ မြန်၊ ၁။ ၂၅၁–၂။ သံ၊ ဌ၊ ၂။ ၄၁–၈။
  သံ၊ ဋီ၊ ၂။ ၅၃–၆၃။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ နိဒါနသံယုတ္တ၊ ၃–ဒသဗလဝဂ္ဂ၊ ဒုတိယသုတ်။

ဤသုတ်၌ ပဌမသုတ်ဒေသနာတော်အတိုင်း ရှေးဦးစွာ ဟောတော်မူပါသည်။ ပေါ်ပေါ်လွင်လွင် ပွင့်ပွင့်လင်းလင်း အပြစ်ကင်းစွာ ပြည့်ပြည့်စုံစုံ ဟောကြားတော်မူ၏။ ငါဘုရား၏တရားတော်အတိုင်း သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားသည် အဂါလေးပါးရှိသောဝိရိယကို အရဟတ္တဖိုလ်ကိုမရမချင်း အားထုတ်သင့်ပုံ ကိုလည်းကောင်း, ပျင်းရိသူသည် (ဤသာသနာတော်၌) ဆင်းရဲစွာနေရပုံ, ဝိရိယရှိသူသည် ချမ်းသာစွာနေရပုံကိုလည်းကောင်း, ယုတ်ညံ့သော (သဒ္ဓါ, ဝိရိယ, သတိ,

ပညာ)ဖြင့် မြင့်မြတ်သော (အရဟတ္တဖိုလ်)သို့ မရောက်နိုင်ပုံ, မြင့်မြတ်သော (သဒ္ဓါ, ဝီရိယ, သတိ, ပညာ)ဖြင့်သာ မြင့်မြတ်သော အရဟတ္တဖိုလ်သို့ ရောက်ရှိနိုင်ပုံကို လည်းကောင်း, ရဟန်းပြုရကျိုးနပ်အောင်, မိမိ၏ပစ္စည်းလေးပါး အလှူရှင်များ အကျိုးကြီးမားအောင် အရဟတ္တဖိုလ် ရရှိရေးအတွက် အားထုတ်သင့်ပုံကို လည်းကောင်း, မိမိ၏အကျိုးစီးပွား, သူတစ်ပါး၏ အကျိုးစီးပွား, နှစ်ဦးလုံး၏ အကျိုးစီးပွားကို ရှုမြင်လိုသောပုဂ္ဂိုလ်သည် အပွမာဒ သတိတရားဖြင့် ပြီးပြည့်စုံအောင် အားထုတ်ထိုက်ပုံကို အကျယ်တဝင့် ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဌကထာ, ဋီကာတို့၌ မှတ်သားဖွယ်များ ပြည့်ပြည့်စုံစုံ ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဒသမသုတ္တ

– အံ၊ ၃။ ၄၅၂။ အံ၊ မြန်၊ ၃။ ၄၄၅။
– အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ တတိယပဏ္ဏာသက၊
(၁၃) ၃– ပရိသုဒ္ဓဝဂ္ဂ၊ ဒသမသုတ်။

မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ၊ မိစ္ဆာဉာဏ၊ မိစ္ဆာဝိမုတ္တိဟူသော တရား (၁၀)ပါးတို့သည် မိစ္ဆတ္တတရားတို့ဖြစ်သည်ဟု ဘုရားရှင်က ရဟန်းတို့အား ဟောကြားတော်မူသည့်သုတ်။

❖ ❖ ❖

ဒသမဝဂ္ဂသုတ္တ

– အံ၊ ၁။ ၅၄၄။ အံ၊ မြန်၊ ၁။ ၅၆၀။
– အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ ပဉ္စမပဏ္ဏာသက၊ (၂၁)၁–သပ္ပုရိသဝဂ္ဂ၊ ဆဋ္ဌသုတ်။

အထက်သုတ်တော်ပါ မိစ္ဆတ္တတရား (၁၀)ပါးရှိသူသည် 'အသပ္ပုရိသ'

ယင်းတရားဆယ်ပါးတို့ကို မိမိနှင့် ပတ်ဝန်းကျင်သို့ ပြန့်ပွားအောင်ပြုသူသည် 'အသပ္ပုရိသတရ' သမ္မတ္တတရားဆယ်ပါးရှိသူသည် 'သပ္ပုရိသ', သမ္မတ္တတရားဆယ်ပါးကို မိမိနှင့် မိမိပတ်ဝန်းကျင်သို့ ပြန့်ပွား အောင် ပြုလုပ်သူသည် 'သပ္ပုရိသတရ' ဖြစ်သည်ဟု ပုဂ္ဂိုလ်လေးယောက်ကို ခွဲခြား၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒသသိက္ခာပဒ

- ခုဒ္ဒကာ။၁-၂။ ခုဒ္ဒကာမြန်။၂၊ ခုဒ္ဒကာဌ။၁၃-၂၇။ (ဝိ၊ ၃။၁၁၇။)
- ခုဒ္ဒကနိကာယ၊ ခုဒ္ဒကပါဋ၊ ဒသသိက္ခာပဒ။

ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သာမဏေတို့၏ သိက္ခာပုဒ်ကို သတ်မှတ်ခြင်းအကျိုးငှါ ဘုရားရှင် ဟောတော်မူသည်။

♦ အဋ္ဌကထာ၌ အကျယ်ဖွင့်ဆိုချက်များ များစွာရှိပါသည်။

❖ ❖ ❖

ဒသုတ္တရသုတ္တ

- ဒီ၊ ၃။၂၂၇-၂၆၀။ ဒီ၊မြန်၊ ၃။၂၄၉-၂၈၃။ ဒီ၊ဌ၊ ၃။၂၃၇-၂၄၉။ ဒီ၊ဋ္ဌ၊ ၃။၂၇၅-၂၉၀။
- ဒီဃနိကာယ၊ ပါထိကဝဂ္ဂ၊ ကောဒသမသုတ်။

ဘုရားရှင် အင်္ဂနိုင်ငံ စမ္ပာမြို့တော် ဂဂ္ဂရာရေကန် ကမ်းနား၌ သီတင်းသုံးနေတော်စဉ် အရှင်သာရိပုတ္တရာထေရ်က ရဟန်းတော်တို့အား ကေကဓမ္မမှစ၍ ဒသဓမ္မအထိ တစ်မျိုးတစ်မျိုးလျှင် ဆယ်ပါးစီသောဓမ္မတို့ကို ဟောတော်မူသည်သုတ်။ ဤသုတ်တော်၏အဆုံး၌ ရဟန်းတော် (၅၀၀)တို့ ပဋိသမ္ภိဒါဉာဏ် လေးတန်နှင့်တကွ အရဟတ္တဖိုလ်ကို ရရှိပုံကို အဋ္ဌကထာ၌ ပြဆိုထားပါသည်။

♦ အဋ္ဌကထာ၌ ဘုရားရှင်လက်ထက်တော်၌ ဘိက္ခုသန္ဓိပါတ တစ်နှစ်လျှင် (၂)ကြိမ်ရှိပုံ၊ အလုပ်ပေးကမ္မဋ္ဌာန်း ပေးတော်မူပုံ၊ အခါအားလျော်စွာ အဂ္ဂသာဝက

နှစ်ပါးထံ ရဟန်းများကို ဘုရားရှင် စေလွှတ်တော်မူပုံ၊ ဝေနေယျပုဂ္ဂိုလ်များကို ပြဆိုပြီး ပါဠိတော်လာပုဒ်တို့ကို ဖွင့်ဆိုထားပါသည်။ ဋီကာ၌လည်း ဖွင့်သင့်သမျှ ဖွင့်ပြချက်များရှိပါသည်။

❖ ❖ ❖

ဒဟာရသုတ္တာ

- သံ၊ ၁။ ၆၈–၇၀။ သံ၊ မြန်၊ ၁။ ၆၇–၉။ သံ၊ ဌ၊ ၁။ ၁၁၉–၁၂၅။
  သံ၊ ဋီ၊ ၁။ ၁၆၉–၁၇၄။
- သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၃–ကောသလသံယုတ္တ၊
  ပဌမဝဂ္ဂ၊ ပဌမသုတ်။

ထင်ရှားကျော်ကြား, အခြံရံများ, လူအပေါင်းက သူတော်ကောင်းဟု သမုတ်ထားကြသော တိတ္ထိဆရာကြီး (၆)ဦးက 'အနုတ္တရသမ္မာသမ္ဗောဓိ'ကို သိသူဟု ဝန်မခံကြပဲ ရဟန်းပြုသစ်စ ရဟန်းငယ်မျှသာဖြစ်သော အရှင်ဂေါတမက 'အနုတ္တရသမ္မာသမ္ဗောဓိ'ကို ထိုးထွင်းသိမြင်သူဟု ဝန်ခံမှုနှင့်စပ်လျဉ်း၍ ကောသလဘုရင်၏ မေးမြန်းလျှောက်ထားမှုနှင့်ဆက်စပ်၍ မင်းသား, မြွေ, မီး, သီလရှိသော ရဟန်းဟူသည် ငယ်သည် (အနည်းငယ်)ဟု အထင်မသေးသင့်ပုံ၊ မထေမဲ့မြင် မပြုသင့်ပုံ၊ အပြစ်လုပ်လျှင် အပြစ်ရနိုင်ပုံတို့ကို အကျယ်တဝင့် ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဌကထာ၌ သမ္မောဒနီယ, သာရတ္ထဒီပနီအဖွင့်၊ တိတ္ထိဆရာကြီးများ၏ ဂုဏ်ပုဒ်အဖွင့်များ၊ ကပ္ပ, ဗုဒ္ဓ, စက္ကဝတ္တိဟူသော ကောလာဟလသုံးမျိုး အဓိပ္ပါယ်, ဆသတ္ထာရတို့ကို ကောသလဘုရင်တွေ့ဆုံပြီး နန်းတော်မှနှင်ထုတ်ခဲ့ပုံ၊ ဗုဒ္ဓဟု ဝန်မခံရဲကြပုံ၊ အထင်အမြင်မသေးသင့် မထေမဲ့မြင် မပြုသင့်သော အရာလေးမျိုးနှင့် ဆက်စပ်၍ အကျိုးအပြစ်အစရှိသော ဖွင့်ဆိုချက်အပြည့်အစုံ ၊ သရဏဂုံဆောက်တည်ခြင်းဆိုင်ရာ အကျဉ်းဖွင့်ဆို ချက်တို့ကို ဖွင့်ဆိုထားပါသည်။

♦ ဒီကာ၌ ကောသလဘုရင်သည် ဘုရားရှင်၏ ဂုဏ်တော်တို့ကို မသိပဲ မိမိ၏ ခတ္တိယမာန်ဖြင့် ဘုရားရှင်အား ပြောဆိုခဲ့ပုံ၊ သမ္မောဒနီယ, သာရဏီယ ပုဒ်များဖွင့်ဆိုချက်၊ ပီတိနှင့် ပါမောဇ္ဇအထူး ကောသလဘုရင်၏ တိတ္ထိ ဆရာကြီးနှင့် တွေ့ဆုံစဉ် အဖြစ်အပျက်ကြောင့် သမ္မာသမ္ဗောဓိဉာဏ်ကို အယုံအကြည်မရှိမှု အစရှိသော ဖွင့်သင့်သောပုဒ်တို့ကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

ဒါနသုတ္တ (၄)

– အံ၊ ၃။ ၆၈၊ အံ၊ မြန်၊ ၃။ ၇၀။ အံ၊ ဌ၊ ၃။ ၂၂၈။ အံ၊ ဋ္ဌ၊ ၃။ ၂၃၆။
– အဂုံတ္တရနိကာယ၊ အဋ္ဌကနိပါတ၊ ပဌမပဏ္ဏာသက၊ ၄– ဒါနဝဂ္ဂ၊ ပဌမသုတ်။

ဒါနပြုခြင်း (၈)မျိုးကို ဘုရားရှင်က ရဟန်းတော်များအား ကောသလနိုင်ငံ သာဝတ္ထိမြို့. ဇေတဝန်ကျောင်းတော်၌ ဟောကြားတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၌ ဖွင့်ဆိုသင့်သောပုဒ်တို့ကို ဖွင့်ဆိုပြီး စိတ္တာလင်္ကာရဒါန သာအမြင့်မြတ်ဆုံးဖြစ်ပုံ၊ ''အဒန္တဒမနံ ဒါနံ'' ဂါထာကို ပြဆိုထားပါသည်။

♦ ဒီကာ၌လည်း အဋ္ဌကထာလာပုဒ်တို့ကို ဖွင့်ဆိုထားပါသည်။ စိတ္တာ လင်္ကာရဒါန မြင့်မြတ်ခြင်း အကြောင်းကို ဖွင့်ပြထားပါသည်။

– ဒီ၊ ၃။ ၂၁၄။ ဒီ၊ မြန်။ ၃။ ၂၃၇။ ဒီ၊ ဌ။ ၃။ ၂၂၇။ ဒီ၊ ဋ္ဌ၊ ၃။ ၂၆၂။

ဒါနဝတ္ထု=ဒါနဖြစ်ခြင်း၏ အကြောင်းရှစ်မျိုးဟု ဟောတော်မူပါသည်။

♦ အဋ္ဌကထာ၌ ''အဒန္တဒမနံ ဒါနံ'' ဂါထာလည်း ပါရှိပါသည်။

– အံ၊ ၃။ ၆၈။ အံ၊ မြန်၊ ၃။ ၇၀။ အံ၊ ဌ၊ ၃။ ၂၂၉။ (အဘိ၊ က။ ၂၅၅။)
– အဂုံတ္တရနိကာယ၊ အဋ္ဌကနိပါတ၊ ပဌမပဏ္ဏာသက၊ ၄– ဒါနဝဂ္ဂ၊ ဒုတိယသုတ်။

သဒ္ဓါ, ဟိရီ, ကုသလဒါန တရားသုံးပါးတို့.သည် သူတော်ကောင်းတို့သို့ အစဉ်တစိုက်လိုက်ပါပုံ၊ နတ်ပြည်၏လမ်းကြောင်းဖြစ်ပုံ၊ နတ်ပြည်သို့ ရောက်နိုင်ပုံတို့ကို

(၁၇၆) တိပိဋကသုတ္တသူစီ ဝိဘာဝနီ

ဘုရားရှင်က ရဟန်းတို့အား ဟောတော်မူသည့်သုတ်။
– ကျမ်းတိုတ်။ ၂၀၇–၈။ ကျမ်းတိုတ်၊ မြန်။ ၁၉၁။ ကျမ်းတိုတ်၊ ဌ။ ၈၃–၅။
– ခုဒ္ဒကနိကာယ၊ ကျမ်းတိုတ္တက၊ ဇေကနိပါတ၊ တတိယဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဒါနသံဝိဘာဂဝိပါကကို သိသောပုဂ္ဂိုလ်နှင့် မသိသောပုဂ္ဂိုလ်တို့၏ ခြားနားချက်၊ အကျိုးများသော ဒါနသံဝိဘာဂပြုပုံနှင့် ဒါန၏အကျိုးခံစားရပုံကို ဘုရားရှင် ဟောတော်မူပုံကို ခုဇ္ဈတ္တရာက သာမာဝတီမဟေသီအမှူးပြုသော မိဖုရားတို့အား ဟောပြသည့်သုတ်။

♦ အဋ္ဌကထာ၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များပါရှိပါသည်။

– ကျမ်းတိုတ်။ ၂၆၀–၁။ ကျမ်းတိုတ်၊ မြန်။ ၂၄၆–ရ။ ကျမ်းတိုတ်၊ ဌ။ ၂၉၄–၆။
– ခုဒ္ဒကနိကာယ၊ ကျမ်းတိုတ္တက၊ တိကနိပါတ၊ ပဉ္စမဝဂ္ဂ၊ နဝမသုတ်။
– အာမိသ, ဝမ္မ ဟူသော ဒါန နှစ်မျိုးတို့တွင် ဝမ္မဒါနသာ အမြတ်ဆုံး၊
– အာမိသ, ဝမ္မ သံဝိဘာဂ နှစ်မျိုးတို့တွင် ဝမ္မသံဝိဘာဂသာ အမြတ်ဆုံး၊
– အာမိသ, ဝမ္မာနုဂ္ဂဟ နှစ်မျိုးတို့တွင် ဝမ္မာနုဂ္ဂဟသာ အမြတ်ဆုံး ဖြစ်ပုံနှင့်
– ပရမအနုတ္တရဒါန, သံဝိဘာဂကို ဘုရားရှင်များ ချီးမွမ်းတော်မူပုံ အဂ္ဂခေတ္တ၌ ပသန္နစိတ္တဖြင့် အခါအားလျော်စွာ ပူဇော်သင့်ပုံဟူသော အာမိသဒါန၊ အာမိသသံဝိဘာဂ, အာမိသာနုဂ္ဂဟကို ဟောတော်မူပါသည်။

ဝိမုတ္တာယတနဟူသော ထိပ်ထက်၌တည်၍ ဟောပြောသော ဝမ္မဒေသက ပုဂ္ဂိုလ် နာယူသော ဝမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့၏ ဝမ္မဒါန, ဝမ္မသံဝိဘာဂ, ဝမ္မာနုဂ္ဂဟသည် ကိလေသာအညစ်အကြေး အားလုံးတို့မှ စင်ကြယ်သန့်ရှင်းနိုင်ပုံကို ဘုရားရှင် ဟောတော်မူကြောင်း ခုဇ္ဈတ္တရာက သာမာဝတီမဟေသီ အမှူးပြုသော မိဖုရားတို့အား ဟောပြသည့်သုတ်။

♦ အဋ္ဌကထာ၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များပါရှိပါသည်။

❖ ❖ ❖

ဒါနဓာတုလသုတ္တ

- အံ၊ ၂။ ၄၄၁-၄။ အံ၊ မြန်၊ ၂။ ၅၅၇-၅၆။ အံ၊ ဌ၊ ၃။ ၁၆၈-၉။
  အံ၊ ဋီ၊ ၃။ ၁၇၄-၅။
- အဂ္ဂံတ္တရနိကာယ၊ သတ္တကနိပါတ၊ ၅-မဟာယညဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် အင်္ဂနိုင်ငံ စမ္ပာမြို့ ဂဂ္ဂရာရေကန်အနီး၌ သီတင်းသုံးနေ တော်မူစဉ် စမ္ပာမြို့သား ဥပါသကာများကို ဦးဆောင်၍ ရောက်ရှိ လျှောက်ထားသော အရှင်သာရိပုတ္တရာမထေရ်အား တဏှာတ္တရိယဒါန၊ စိတ္တီကာရဒါန၊ ဟိရောတ္တပ္ပဒါန၊ နိရဝ သေသဒါန၊ ဒက္ခိဏေယျဒါန၊ သောမနဿုပဝိစာရဒါန၊ အလက်ာရပရိဝါရ ဒါန ဟူသော ဒါန(၅)မျိုးကို ဘုရားရှင်ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဒါနဝတ္ထုသုတ္တ

- အံ၊ ၃။ ၆၉။ အံ၊ မြန်၊ ၃၊ ၇၀။ အံ၊ ဌ၊ ၃။ ၂၂၉။
- အဂ္ဂံတ္တရနိကာယ၊ အဋ္ဌကနိပါတ၊ ပဌမပဏ္ဏာသက၊ ၄၊ နိဒါနဝဂ္ဂ၊ တတိယသုတ်။

အလှူပေးခြင်း၏ အကြောင်း(၈)မျိုးတို့အား ရဟန်းတို့အား ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

❖ ❖ ❖

ဒါနာနိသံသသုတ္တ

- အံ၊ ၂။ ၃၄-၅။ အံ၊ မြန်၊ ၂။ ၄၄။ အံ၊ ဌ၊ ၃။ ၂၀-၁။
- အဂ္ဂံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ပဌမပဏ္ဏာသက၊ ၄၊ သုမနဝဂ္ဂ၊ ပဉ္စမသုတ်။

အလှူရှင်များ၏ မျက်မှောက်ဘဝ၌ ခံစားရသော အကျိုး(၄)ပါး တမလွန်ဘဝ၌ခံစားရမည့် အကျိုး(၁)ပါးတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌လည်း ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဒါနုပပတ္တိသုတ္တ

– အံ၊ ၃။ ၇၀–၂။ အံ၊ မြန်၊ ၃။ ၇၂–၄။ အံ၊ ဌ၊ ၃။ ၂၃၀။ အံ၊ ဋီ၊ ၃။ ၂၃၇။
– အဂ်ုတ္တရနိကာယ၊ အဋ္ဌကနိပါတ၊ ပဌမပဏ္ဏာသက၊ ၄၊ ဒါနဝဂ္ဂ၊ ပဋ္ဌမသုတ်။

သီလရှိသော ပုဂ္ဂိုလ်၏ လူစည်းစိမ်ချမ်းသာ, နတ်ပြည် (၆)ထပ်ရှိ နတ်စည်းစိမ်ချမ်းသာ, ဗြဟ္မာချမ်းသာကို တောင်းတ၍ လှူဖွယ်ဝတ္ထုတို့ကို သမဏ, ဗြာဟ္မဏတို့အား ပေးလှူသော ဒါနစေတနာကြောင့် တောင်းတ လင့်ဆို အလိုရှိတိုင်း ပြည့်စုံနိုင်ပုံ၊ သီလမရှိသောပုဂ္ဂိုလ်အား မပြည့်စုံနိုင်ပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များပါရှိပါသည်။

❖ ❖ ❖

ဒါမလိသုတ္တ

– သံ၊ ၁။ ၄၄–၅။ သံ၊ မြန်၊၁။ ၄၄။ သံ၊ ဌ၊ ၁။ ၉၆–ဂ။ သံ၊ ဋီ၊ ၁။ ၁၄၄။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၂– ဒေဝပုတ္တသံယုတ္တ၊ ပဌမဝဂ္ဂ၊ ပဋ္ဌမသုတ်။

ဒါမလိနတ်သား၏ 'ရဟန္တာပုဂ္ဂိုလ်သည် ဝိရိယကိုပြင်းစွာ အားထုတ်ရမည်'ဟု လျှောက်ထားမှုနှင့် ဆက်စပ်၍ ရဟန္တာပုဂ္ဂိုလ်အား အားထုတ်ရမည့် ကိစ္စပြီးစီးနေပုံကို ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ပါရှိပါသည်။

❖ ❖ ❖

ဒါရုကမ္မိကသုတ္တ

- အံ၊ ၂။ ၃၄၃-၄။ အံ၊ မြန်၊ ၂။ ၄၃၅-၆။ အံ၊ ဌ၊ ၃။ ၁၃၁။
  အံ၊ ဋီ၊ ၃။ ၁၃၂-၃။
- အဂုံတ္တရနိကာယ၊ ဆက္ကနိပါတ၊ ဒုတိယပဏ္ဏာသက၊ ၆။မဟာဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ဝဇ္ဇီနိုင်ငံ နာတိကရွာ အုတ်ကျောင်းဌ သီတင်းသုံးနေ တော်မူစဉ် ဒါရုကမ္မိကဥပါသကာ၏ အလှူခံပုဂ္ဂိုလ်နှင့်ဆက်စပ်၍ လျှောက်ထားချက်ကို အကြောင်းပြု၍ 'လူများအနေဖြင့် အရဟတ္တမဂ္ဂဉာန်, ရဟန္တာပုဂ္ဂိုလ်ကို သိရန်မလွယ်ကူပုံနှင့် ကဲ့ရဲ့အပ်, ချီးမွမ်းအပ်သော အာရည်က, ဂါမဏ္ဍိဟာရီ, ပိဏ္ဍပါတိက, နေမဏ္ဍနိက, ပံသုကူလိက, ဂဟပတိစီဝရဓရတို့ကို (၂)မျိုးစီတို့ကို ခွဲခြားမိန့်ကြား တော်မူပြီး၊ သံဃာအား ဒါနကောင်းမှုပြုရန် သံယိကဒါနသည် သင်၏စိတ်ကို ကြည်လင်စေလိမ့်မည်။ သုဂတိလောကသို့ ရောက်ရှိနိုင်လိမ့်မည်'ဟု ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များပါရှိပါသည်။

❖ ❖ ❖

ဒါရုကဋ္ဌနသုတ္တ

- အံ၊ ၂။ ၂၉၉။ အံ၊ မြန်၊ ၂။ ၃၈၅။ အံ၊ ဌ၊ ၃။ ၁၀၉။
- အဂုံတ္တရနိကာယ၊ ဆက္ကနိပါတ၊ ပဌမပဏ္ဏာသက၊ ၄-ဒေဝတာဝဂ္ဂ၊
  ကောဒသမသုတ်။

အရှင်သာရိပုတ္တရာထေရ် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့တော်အနီး ဂိဇ္ဈကူဋ်တောင် ကျောင်းတော်မှ ရာဇဂြိုဟ်မြို့တွင်းသို့ ရဟန်းတော်များနှင့် ဆင်းသက်ကြွစဉ် သစ်တုံးကြီးကို တွေ့မြင်တော်မူသည့်အခါ 'စေတောဝသိပွတ္တ တန်ခိုးရှင်ပုဂ္ဂိုလ်သည် ဤသစ်တုံးကြီးကို ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, သုဘဓာတ်, အသုဘဓာတ် တစ်မျိုးမျိုးဖြင့် နှလုံးသွင်း(မှတ်သား)နိုင်ပုံ၊ သစ်တုံးကြီး၌

ထိုဓာတ်(၆)ပါး ရှိနေသောကြောင့် ပင်တည်းဟု ရဟန်းတို့အား အရှင်သာရိပုတ္တရာ ဟောတော်မူသည့်သုတ်။

♦ အဌကထာ၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များပါရှိပါသည်။

❖ ❖ ❖

ဒါရုက္ခန္ဓောပမသုတ် (၂)

– သံ၊ ၂။ ၃၈၆–၈။ သံ၊ မြန်၊ ၂။ ၃၈၂–၄။ သံ၊ ဋ္ဌ၊ ၃။ ၇၄–၈၅။ သံ၊ ဋီ၊ ၂။ ၃၃၂–၄။

– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊ (၁၉)၄–အာသီဝိသဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် ဝံသနိုင်ငံ ကောသမ္မီမြို့တော်အနီး ဂင်္ဂါမြစ်ကမ်း၌ သီတင်းနေတော်မူစဉ် ဂင်္ဂါမြစ်၌ မျောပါလာသော သစ်တုံးကြီးပမာထား၍ သင်တို့လည်း ဤဘက်ကမ်း ဟိုဘက်ကမ်းမကပ်, အလယ်၌မနစ်မြုတ်, ကြည်းကုန်း၌လည်းမတင်, လူမဆယ်, နတ်, ဘီလူးမဆယ်, ဝဲမစုတ်, အတွင်းမပုပ်ကြပဲ နိဗ္ဗာန်၌ ညွှတ်ယိမ်းကိုင်းရှိုင်းကြကုန်လော့၊ သမ္မာဒိဋ္ဌိသည် နိဗ္ဗာန်သို့ ညွှတ်ယိမ်းကိုင်းရှိုင်းသော တရားပေတည်း'ဟု မိန့်ကြားတော်မူစဉ် အညတရ ရဟန်းလျှောက်ထားသဖြင့် ယင်းအပြစ်(၈)ပါးကို ရဟန်းတို့အား ဘုရားရှင် အကျယ်ဟောကြားတော်မူသည့်သုတ်။

ဒေသနာတော်အဆုံး၌ နန္ဒနွားကျောင်းသား ရဟန်းအဖြစ်ကို တောင်းပန်လျှောက်ထားပြီး ရဟန်းပြု၍ တရားအားထုတ်ရာ မကြာမီ အာသဝေါကင်းကွာ ရဟန္တာဖြစ်ပုံကို ပြဆိုသည့်သုတ်။

ဤသုတ်၌ သမုဒ္ဒရာသို့ မရောက်နိုင်သောသစ်တုံး၏ အပြစ်ရှစ်ပါးနှင့် သဒ္ဓါပဗ္ဗဇိတကုလပုတ္တာ၏နိဗ္ဗာန်သို့ မရောက်နိုင်သော အပြစ်ရှစ်ပါးတို့ကို ဟောတော်မူပါသည်။

♦ အဌကထာ၌ အဌဒေါသရိမုတ္တသစ်ပင် (၈)မျိုးနှင့် နိဗ္ဗာန်သို့ မရောက်

နိုင်သော ရဟန်း(၈)မျိုးတို့ကို အကျယ်နှိုင်းယှဉ်ပြဆိုချက် ပါဠိတော်လာပုဒ်တို့၏ မှတ်သားဖွယ် ဖွင့်ဆိုချက်တို့ကို ပြည့်ပြည့်စုံစုံ ဖွင့်ပြထားပါသည်။

♦ ဋီကာ၌လည်း လိုအပ်သော ဖွင့်ဆိုချက်များ ပါရှိပါသည်။

– သံ၊ ၂။ ၃၈၈။ သံ၊ မြန်၊ ၂။ ၃၈၄။ သံ၊ ဋ္ဌ၊ ၃။ ၈၆။ သံ၊ ဋီ၊ ၂။ ၃၃၄။

– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊ (၁၉)၄–အာသီဝိသဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ပဌာလ(ဒက္ခိဏာ) နိုင်ငံ၊ ကိမိလမြို့တော်အနီး ဂင်္ဂါမြစ်ကမ်း ဝယ် သီတင်းသုံးနေတော်မူစဉ် ဂင်္ဂါမြစ်၌ မျောလာသော သစ်တုံးကြီးကို အကြောင်းပြု၍ အထက်သုတ်တော်အတိုင်း ရဟန်းတို့အား ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက် အနည်းငယ်ရှိပါသည်။

❖ ❖ ❖

ဒါရုဏသုတ္တ

– သံ၊ ၁။ ၄၂၄။ သံ၊ မြန်၊ ၁။ ၄၁၃။ သံ၊ ဋ္ဌ၊ ၂။ ၁၉၀။ သံ၊ ဋီ၊ ၂၊ ၁၇၃။

– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၆–လာဘသက္ကာရသံယုတ္တ၊ ပဌမဝဂ္ဂ။ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ''လာဘ သက္ကာရ သိလောက၏ နိဗ္ဗာန်၏ အန္တရာယ်ကိုပြုနိုင်သည့် အထိ အပြစ်များကို မိန့်ကြားတော်မူပြီး ဖြစ်ပေါ်လာသော လာဘသက္ကာရ သိလောက ကို စွန့်ကြကုန်အံ့၊ လာဘသက္ကာရ သိလောကသည် ကုသိုလ်စိတ်ကို မလွှမ်းမိုးနိုင် အောင် ကျင့်ကြရမည်''ဟု ရဟန်းတို့အား ဟောကြားတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌လည်း ဖွင့်ဆိုချက် အနည်းငယ်ရှိပါသည်။

❖ ❖ ❖

ဒါသိဒါသသုတ္တာ

– သံ၊ ၃။ ၄၀၉။ သံ၊ မြန်၊ ၃။ ၄၀၆။ သံ၊ ဋ္ဌ၊ ၃။ ၃၃၆။

– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂–သစ္စသံယုတ္တ၊ ၉–တတိယ အာမဂဏ္ဍ ပေယျာလဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒါသိ, ဒါသကို ခံယူခြင်းမှ ရှောင်ကြဉ်သောပုဂ္ဂိုလ်တို့ နည်းပါးလှပုံ၊ မရှောင်ကြဉ်သော ပုဂ္ဂိုလ်တို့က များပြားလှပုံကို ရဟန်းတို့အား ဟောကြားတော်မူသည့်သုတ်။

♦ အဌကထာ၌ ဒါသိ,ဒါသတို့ကို ရဟန်းတော်တို့အား အပ်စပ်အောင် လျှုဒါန်းနည်း၊ အလျှုခံနည်းကို ပြဆိုထားပါသည်။

❖ ❖ ❖

ဒိဋ္ဌဝမ္မနိဗ္ဗာနသုတ္တာ

– အံ၊ ၃။ ၂၄၆။ အံ၊ မြန်၊ ၃။ ၂၄၆။

– အဂုံတ္တရနိကာယ၊ နဝကနိပါတ၊ ပဌမပဏ္ဏာသက၊ ၅–သာမညဝဂ္ဂ၊ ဒသမသုတ်။

အရှင်အာနန္ဒာထေရ် ဝံသနိုင်ငံ ကောသမ္မီမြို့တော် ဃောသိတာရုံ ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ''ဒိဋ္ဌဝမ္မနိဗ္ဗာန''နှင့်စပ်၍ အရှင်ဥဒါယီထေရ်က မေးလျှောက်သဖြင့် သမာပတ်ကိုးပါးကိုလွန်မြောက်၍ သညာဝေဒယိတ နိရောဓ သို့ရောက်၍ (အရဟတ္တဖိုလ်)ပညာဖြင့် သိမြင်ပြီး အာသဝေါတရားတို့ ကုန်ပြီးသည်ကို မုချအားဖြင့် 'ဒိဋ္ဌဝမ္မနိဗ္ဗာန်'ဟု ဘုရားရှင် ဟောတော်မူပုံကို ဟောတော်မူသည့်သုတ်။

❖ ❖ ❖

ဒိဋ္ဌိသုတ္တာ (၂)

– အံ၊ ၁။ ၅၄၈။ အံ၊ မြန်၊ ၁။ ၅၆၃–၄။ အံ၊ ဋ္ဌ၊ ၂။ ၃၈၉။

– အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ ပဌမပဏ္ဏာသက၊ (၂၂)၂–ပရိသသောဘန ဝဂ္ဂ၊ ဒုတိယသုတ်။

ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်, မိစ္ဆာဒိဋ္ဌိဟူသော တရား(၄)ပါးနှင့်ပြည့်စုံသူသည် ငရဲသို့ရောက်ရ၏။ ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်, သမ္မာဒိဋ္ဌိဟူသော တရားသုံးပါးနှင့် ပြည့်စုံသောသူသည် နတ်ပြည်သို့ရောက်ရ၏ဟု ကဏ္ဍပက္ခ, သုက္ကပက္ခ တရားလေးပါးတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ၌ မိစ္ဆာဒိဋ္ဌိသည် မနောဒုစရိုက်တွင်ပါဝင်သော်လည်း အပြစ်ကြီးသောကြောင့် သီးခြားထုတ်၍ ဟောတော်မူကြောင်း ဖွင့်ပြထားပါသည်။

– အံ၊ ၁။ ၅၅၀–၁။ အံ၊ မြန်၊ ၁။ ၅၆၆။
– အဂ်ုတ္တရနိကာယ၊ စတုက္ကနိပါတ၊ ပဌမပဏ္ဏာသက၊
(၂၃) ၃–ဒုစ္စရိတဝဂ္ဂ၊ ဒုတိယသုတ်။

အထက်သုတ်ပါ ကဏ္ဍပက္ခတရားလေးပါးနှင့်ပြည့်စုံ မိုက်မဲ, မလိမ္မာ သောသူယုတ်မာသည် မိမိခန္ဓာကိုယ်ကို တူးဖြိုဖျက်ဆီးလျက် ဆောင်ရွက်၏။ အပြစ်လည်းရှိ၏။ ပညာရှိတို့လည်း ကဲ့ရဲ့အပ်၏။ မျှားစွာသော မကောင်းမှုကို ဖြစ်ပွားစေ၏။

သုက္ကပက္ခတရားလေးပါးတို့နှင့် ပြည့်စုံသောပညာရှိ လိမ္မာသော သူတော်ကောင်းသည် မိမိကိုယ်ခန္ဓာကို မတူးဖြို မဖျက်ဆီးပဲဆောင်၏။ အပြစ်လည်းမရှိ၊ ပညာရှိတို့သည်လည်း မကဲ့ရဲ့အပ်၊ မျှားစွာသောကောင်းမှုကို ဖြစ်ပွားစေ၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒိဋ္ဌိဂတသုတ္တ

– ဣတိဝုတ်။ ၂၂၄–၅။ ဣတိဝုတ်၊ မြန်။ ၂၀၈။ ဣတိဝုတ်၊ ဌ။ ၁၆၉–၁၇၁။
– ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ ဒုကနိပါတ၊ ဒုတိယဝဂ္ဂ၊ ဒွါဒသမသုတ်။
(သဿတ,ဥစ္ဆေဒ) ဒိဋ္ဌိနှစ်ပါးတို့ လွှမ်းမိုးထားအပ်သော အချို့သော နတ်, လူတို့သည် ဘဝချုပ်ငြိမ်းသည့် ဓမ္မကိုဟောတော်မူအပ်သည်ရှိသော် ဘဝ၌ မွေ့လျော်ပျော်ပိုက်နေ

(၁၈၄) တိပိဋကသုတ္တသုစိ ဝိဘာဝိနီ

သောပုဂ္ဂိုလ်တို့သည် စိတ်မဝင်စား, စိတ်မကြည်လင်, မသက်ဝင်, နှလုံးမသွင်းကြပဲ သဿတအယူကို ယူကြသည်။ ဘဝကို စက်ဆုတ်ရွံမုန်းသော ပုဂ္ဂိုလ်တို့သည် သေလျှင်ပြတ်၏–ဟု ဥစ္ဆေဒအယူကို ယူကြသည်။

ဉာဏ်ပညာစက္ခုအမြင်ရှိသော နတ်လူတို့သည် မှန်ကန်သော ခန္ဓာငါးပါးကို ခန္ဓာငါးပါးဟု မှန်ကန်သည့်အတိုင်း သိမြင်ကြပြီး ခန္ဓာငါးပါး၌ ငြီးငွေ့ရန်၊ တပ်မက်မှုကင်းရန်၊ ချုပ်ငြိမ်းရန် သမ္မာပဋိပတ်ကို ကျင့်သုံးကြသည်ဟု ဘုရားရှင်ထံတော်မှ နာယူခဲ့ရသောတရားကို ဝံသနိုင်ငံ၊ ကောသမ္မီမြို့၊ ဥတေနမင်းနန်းတော်၌ ခုဇ္ဈတ္တရာက သာမာဝတီအမှူးရှိသော မိဖုရားငါးရာအား ဟောကြားတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဒိဋ္ဌသုတ္တ

– သံ၊ ၁။ ၄၂၅။ သံ၊ မြန်၊ ၁။ ၄၁၆။ သံ၊ ဋ္ဌ၊ ၂။ ၁၉၁။ သံ၊ ဋီ၊ ၂၊ ၁၇၄။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၆–လာဘသက္ကာရသံယုတ္တ၊ ပဌမဝဂ်၊ သတ္တမသုတ်။

အဆိပ်လူးထားသော မြှားနှင့်တူသော လာဘ သက္ကာရ သိလောကသည် သေကွဲပုဂ္ဂိုလ်၌လည်း စူးဝင်နိုင်သည်။ လာဘ သက္ကာရ သိလောကသည် ကြမ်းကြုတ်ခက်ထန်လှ၏။ အနုတ္တရယောဂကျွေမကို မရနိုင်။ ထိုကြောင့် 'ဖြစ်ပြီးသော လာဘ သက္ကာရ သိလောကကို စွန့်နိုင်ဖို့ရန်၊ ဖြစ်ပြီးသော လာဘ သက္ကာရ သိလောကသည် ကုသိုလ်စိတ်ကို ကုန်ခန်း၍ မတည်စေနိုင်ရန် ကျင့်ကြရမည်ဟု ရဟန်းတို့အား ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဒီဗွစက္ခုသုတ္တ

- သံ၊ ၃။ ၂ဖြဲရ။ သံ၊ မြန်၊ ၃။ ၂ဖြဲ၉။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၈–အနုရုဒ္ဓသံယုတ္တ၊ ဒုတိယဝဂ္ဂ၊ တေရသမသုတ်။

သတိပဋ္ဌာန်လေးပါးတို့ကို ပွားများအပ် ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သောကြောင့် ဝိသုဒ္ဓ, အတိက္ကန္တမာနုသက ဒိဗ္ဗစက္ခုအဘိညာဉ်ဉာဏ်ဖြင့် စုတေနေဆဲ, ပဋိသန္ဓေနေပြီးကာစ သတ္တဝါတို့ကို မိမိမြင်နိုင်ပုံ၊ ထိုထိုကုသိုလ်က်, အကုသိုလ်က်အားလျော်စွာ ထိုထိုဘုံဘဝ၌ ကပ်ရောက်ဖြစ်နေသော သတ္တဝါတို့ကို မိမိမြင်သိနိုင်သည်ဟု ကောသလနိုင်ငံ သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ အရှင်အနုရုဒ္ဓါမထေရ်က ရဟန်းတို့အား ဟောကြားတော်မူသည်သုတ်။

❖ ❖ ❖

ဒီဗွသောတသုတ္တ

- သံ၊ ၃။ ၂ဖြ၅။ သံ၊ မြန်၊ ၃။ ၂ဖြ၇။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၈–အနုရုဒ္ဓသံယုတ္တ၊ ဒုတိယဝဂ္ဂ၊ တတိယသုတ်။

သတိပဋ္ဌာန်လေးပါးတို့ကို ပွားများအပ် ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သောကြောင့် ဝိသုဒ္ဓ, အတိက္ကန္တမာနုသက ဒိဗ္ဗသောတအဘိညာဉ်ဉာဏ်ဖြင့် ဒိဗ္ဗ, မာနုသ, ဒုရ, သန္တိက သဒ္ဒါရုံတို့ကို မိမိကြားသိ နိုင်ကြောင်းကို သမ္မဟုလရဟန်းတို့အား ကောသလနိုင်ငံ သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ အရှင်အနုရုဒ္ဓါမထေရ် ဟောကြားတော်မူသည်သုတ်။

❖ ❖ ❖

တိပိဋကသုတ္တသုစိ ဝိဘာဝိနီ

ဒီဃစာရိကသုတ္တ (၂)

- အံ၊ ၂။ ၂၂၄။ အံ၊မြန်၊ ၂။ ၂၈၄။ အံ၊ဌ။၃။၈၁။
- အဂုံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ၅-ပဉ္စမပဏ္ဏာသက။ (၂၃) ၃-ဒီဃစာရိကဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အပိုင်းအခြားမရှိ ခရီးသွားသောရဟန်း၏ အပြစ်ငါးပါးနှင့် အပိုင်းအခြားရှိသော ခရီးသွားခြင်း၏ အကျိုးငါးပါးတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

- အံ၊ ၂။ ၂၂၅။ အံ၊မြန်၊ ၂။ ၂၈၄-၅။ အဂုံတ္တရနိကာယ၊ ဒုတိယသုတ်။

အပိုင်းအခြားမရှိ ခရီးရှည်သွားသောရဟန်း၏ အပြစ်ငါးမျိုးနှင့် အပိုင်းအခြားရှိသော ခရီးသွားခြင်း၏ အကျိုးအာနိသင်ငါးမျိုးတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

ဒီဃဇာဏုသုတ္တ

- အံ၊ ၃။ ၁၀၇-၁၁၀။ အံ၊ မြန်၊ ၃။ ၁၀၇-၁၁၀။ အံ၊ ဌ၊ ၃။ ၂၃၉-၂၄၀။ အံ၊ ဋီ၊ ၃။၂၄၄။
- အဂုံတ္တရနိကာယ၊ အဋ္ဌကနိပါတ၊ ဒုတိယပဏ္ဏာသက(၆) ၁-ဂေါတမီဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် ကောလိယနိုင်ငံ ကက္ကရပတ္တအမည်ရှိသော ကောလိယနိုဂုံး၌ သီတင်းသုံးနေတော်မူစဉ် ကောလိယမင်းသား ဒီဃဇာဏု၏ လျှောက်ထားချက်အရ မျက်မှောက်ဘဝ၌ ကြီးပွားချမ်းသာနိုင်သော သမ္မာဒိဋ္ဌိတရားလေးပါး, ရွာထိပ်၌ ရေဝင်ပေါက်လေးပေါက် ရေထွက်ပေါက် လေးပေါက်ရှိသော ရေကန်ကြီးကို ပမာထား၍ ပျက်စီးနိုင်သောတရား၊ မပျက်စီးနိုင်သောတရားလေးပါး, တမလွန်ဘဝ၌ ကြီးပွားချမ်းသာနိုင်သော တရားလေးပါးတို့ကို အကျယ်ဝေဖန်၍ ဘုရားရှင် ဟော်တော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဒီဃနခသုတ္တ

– မ၊ ၂။ ၁၆၅–၉။ မ၊ မြန်။ ၂။ ၁၇၅–၉။ မ၊ ဌ။ ၃။ ၁၄၁–၆။
  မ၊ ဋီ။ ၃။ ၉၇–၁၀၂။
– မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ၊ ၃–ပရိဗ္ဗာဇကဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့တော်အနီး ဂိဇ္ဈကူဋ်တောင် သူကရခတ လိုဏ်ဂူ၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာ၏တူ ဒီဃနခပရိဗိုဇ် ရောက်ရှိလာပြီး ဘုရားရှင်အား မိမိ၏အယူဝါဒကို လျှောက်ထားပါသည်။ ဘုရားရှင်က အယူဝါဒနှင့် ဆက်စပ်၍ဖြစ်တတ်သော သဘာဝများကို အသေးစိတ် မိန့်ကြားတော်မူပြီး ရူပကာယ၏ဖြစ်ပုံသဘာဝ ရူပကာယကို အခြင်းအရာ(၁၁)ပါးဖြင့် ရှုမှတ်နည်း၊ ယင်းသို့ ရှုမှတ်သော ယောဂိပုဂ္ဂိုလ်သည် ရူပကာယ၌ ကာယဆန္ဒ, ကာယသ္နေဟ, ကာယန္ဓယတာတို့ကိုပယ်နိုင်ပုံ, ဝေဒနာသုံးပါတို့၌ ရှုမှတ်ပွားများပုံ, သုတဝန္တ အရိယာ သာဝက၏ နိဗ္ဗိန္ဒဉာဏ်ဖြစ်ပုံမှအစပြုပြီး ရဟန္တာဖြစ်သွားသည်အထိ မိန့်ကြားတော်မူပါသည်။ (ဝိမုတ္တာ) လွတ်မြောက်ပြီးသောပုဂ္ဂိုလ်၏ သဘာဝတို့ကို ဟောကြားတော်မူပါသည်။

ဝေဒနာပရိဂ္ဂဟသုတ္တန်၏အဆုံး၌ အရှင်သာရိပုတ္တရာ အာသဝေါကင်းကွာ ရဟန္တာဖြစ်ပုံ, ဒီဃနခပရိဗိုဇ် သောတာပန်အရိယာ သာဝကဖြစ်ပုံ, ဥပါသကာအဖြစ် ခံယူပုံတို့ကို ပြဆိုထားပါသည်။

♦ အဋ္ဌကထာ, ဋီကာတို၌ သူကရခတ လိုဏ်ဂူဖြစ်ပေါ်လာပုံ, ဒီဃနခပရိဗိုဇ် အရှင်သာရိပုတ္တရာထံ လိုက်လာရင်း ဘုရားရှင်နှင့်တွေ့ပုံ ဒီဃနခပရိဗိုဇ်၏ အယူဝါဒ၊ အယူဝါဒနှင့်ဆက်စပ်၍ ဘုရားရှင်နှင့် ဒီဃနခပရိဗိုဇ်တို့ အပြန်အလှန် ဆွေးနွေးချက်များ၊ သဿတဒိဋ္ဌိရှိသူနှင့် ဥစ္ဆေဒဒိဋ္ဌိရှိသူတို့၏ သဘာဝနှင့်ခြားနားချက်၊ မှတ်သားဖွယ် ဥပမာများ၊ အရှင်သာရိပုတ္တရာ၏ သာဝကပါရမီဉာဏ် အထွတ်အထိပ်ရောက်ပုံ၊ ဝေဠုဝန်ကျောင်းတော်၌ အဂါလေးပါးရှိသော သာဝကသန္ဓိပါတဖြစ်ပုံ၊ အစရှိ

သည်တို့ကို ပြည့်ပြည့်စုံစုံ ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဒီဃလဒ္ဓိသုတ္တ

– သံ၊ ၁။ ၅၀။ သံ၊ မြန်၊ ၁။ ၄၉။ သံ၊ ဌ။ ၁။ ၁၀၂။ သံ၊ ဋီ။ ၁။ ၁၅၁။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၂–ဒေဝပုတ္တသံယုတ္တ၊
၂–အနာထပိဏ္ဍိကဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒီဃလဒ္ဓိနတ်သား အဖူးအမြော် ရောက်ရှိလာပြီး '' အရဟတ္တဖိုလ် အလိုရှိသောရဟန်း ကျင့်သုံးရမည့် ကျင့်ဝတ်ငါးပါးကို'' လျှောက်ထားသည့်သုတ်။

♦ အဌကထာ, ဋီကာတို့၌ ဒီဃလဒ္ဓိနတ်သား၏ အကြောင်းကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဒီဃလောမိကသုတ္တ

– သံ၊ ၁။ ၄၂၆။ သံ၊ မြန်၊ ၁။ ၄၁၄–၅။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၆–လာဘသက္ကာရသံယုတ္တ၊
ပဌမဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆူးတောသို့ဝင်သွားသော အမွှေးရှည်သောသိုး၏ ထိုထိုအရပ်၌ ပျက်စီးခြင်းကဲ့သို့ ထို့အတူ လာဘ သက္ကာရ သိလောကဖြင့် နှိပ်စက်မှုကိုခံရသော ကုသိုလ်စိတ်ကုန်နေသောရဟန်း၏ ထိုထိုအရပ်၌ အကျိုးမဲ့ပျက်စီးသည်အထိ လာဘ သက္ကာရ သိလောက၏ ကြမ်းတမ်း ကြမ်းကြုတ်ပုံ ဖြစ်ပြီးသော လာဘ သက္ကာရ သိလောကကို စွန့်လွှတ်နိုင်ရန်၊ လာဘ သက္ကာရ သိလောကသည် ကုသိုလ်စိတ်ကို

ကုန်စေ၍ မတည်နိုင်ရန် ကျင့်သုံးရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူ သည်သုတ်။

❖ ❖ ❖

ဒီဃာဝုဥပါသကသုတ္တ

- သံ၊ ၃။ ၂၉၉-၃၀၁။ သံ၊ မြန်၊ ၃။ ၃၀၀-၃။ သံ၊ ဋ္ဌ၊ ၃။ ၃၀၈။ သံ၊ ဋီ၊ ၂။ ၅၂၈။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ်၊ ၁၁-သောတာပတ္တိသံယုတ္တ၊ ၁-ဝေဠုဒ္ဒါရဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေ တော်မူစဉ် ဒီဃာဝုဥပါသကာ ရောဂါအသည်းအသန်ဖြစ်နေ၍ ဖခင်ဇောတိကဥပါ သကာ၏ ကျန်းမာရေးကို မေးမြန်းတော်မူပြီး ဒီဃာဝုဥပါသကာအား သောတာပတ္တိ ယင်္ဂတရားလေးပါးနှင့် ဝိဇ္ဇာဘာဂိယတရား (၆)ပါးတို့ကို နှလုံးသွင်းရန် ဘုရားရှင် မိန့်ကြား တော်မူ၍ ပြန်ကြွပြီး မကြာခင် ကွယ်လွန်ပုံ၊ သြရမ္ဘာဂိယသံယောဇဉ်တို့ကို ပယ်ပြီးပုံ၊ ဗြဟ္မာ့ပြည်၌ ပရိနိဗ္ဗာန်ဝင်စံပုံတို့ကို ဘုရားရှင် ရဟန်းတို့အား မိန့်ကြားတော်မူ ပုံကို ပြဆိုထားပါသည်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက် အနည်းငယ် ရှိပါသည်။

❖ ❖ ❖

ဒုက္ခထာသုတ္တ

- အံ၊ ၂။ ၁၅၉-၁၆၁။ အံ၊ မြန်၊ ၂။ ၂၀၃-၆။
- အဂုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ စတုတ္ထပဏ္ဏာသက၊ (၁၆)၁-သဒ္ဓမ္မဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် ကောင်းစွာပြောဆိုအပ်သော စကားငါးမျိုးသည် ပြောဆိုအပ်သော

ပုဂ္ဂိုလ်ကိုလိုက်၍ ဒုက္ခထာ၊ သုကထာဖြစ်ပုံကို ကဏ္ဍပက္ခ, သုက္ကပက္ခ အကျယ်ဝေ ဖန်၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

ဒုက္ခရသုတ္တ (၂)

– သံ၊ ၁။ ရ။ သံ၊ မြန်၊ ၁။ ရ။ သံ၊ ဌ၊ ၁။ ၃၅။ သံ၊ ဋီ၊ ၁။ ၈၀။

– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁–ဒေဝတာသံယုတ္တ၊

၂–နန္ဒနဝဂ္ဂ၊ သတ္တမသုတ်။

သမဏာဝမ္မကို မလိမ္မာသော ဗာလပုဂ္ဂိုလ်၏ ပြုကျင့်ရန် ခဲယဉ်းပုံ၊ သည်းခံနိုင်ခဲပုံ၊ အရိယမဂ္ဂဝမ္မ၌ ကိလေသာဖြင့် စိတ်ဆုတ်နစ်နိုင်ပုံ ဘေးရန်များလှပုံကို အညတရနတ်သားက လျှောက်ထားလာပါသည်။

ကာမဝိတက်အစရှိသော မိစ္ဆာဝိတက်သုံးပါးတို့ အလိုသို့ လိုက်နေသော ရဟန်းသည်အာရုံတိုင်း အာရုံတိုင်း၌ ကိလေသာဖြင့် စိတ်ဆုတ်နစ်နေပုံ၊ ထိုဆုတ်နစ်နေသောစိတ်ကို မတားမြစ်ပါက သမဏာဝမ္မကို အနည်းငယ်မျှသော နေ့ရက်မျှ ကျင့်နိုင်ရာအံ့နည်း။ လိပ်သည် မိမိ၏ အင်္ဂါအစိတ်အပိုင်းတို့ကို အခွံတွင်းသို့ သွင်းထားသကဲ့သို့ ရဟန်းတော်သည် စိတ်အကြံအစည်တို့ကို ကမ္မဋ္ဌာန်းအာရုံ၌ထားလျက် တဏှာဒိဋ္ဌိတို့ဖြင့် တစ်စုံတစ်ခုသော အာရုံသို့မကပ်ပဲ၊ အခြားသူများကို မညှင်းဆဲပဲ၊ တစ်စုံတစ်ယောက်ကိုမျှ မစွပ်စွဲပဲ ငြိမ်းအေးနိုင်ကြောင်းကို ဘုရားရှင်က ဟောကြားတော်မူပါသည်။ ဤသုတ်၌ သမဏာဝမ္မတို့ကို ပြုကျင့်ပုံ အကျဉ်းချုပ်ကို ဟောတော်မူပါသည်။

♦ အဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များရှိပါသည်။

– သံ၊ ၂။ ၄၅၆။ သံ၊ မြန်၊ ၂။ ၄၅၀။

– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသုံယုတ္တ၊ ၅–သာမဏ္ဍကသံယုတ္တ၊ ဒုတိယသုတ်။

အရှင်သာရိပုတ္တရာ ဝဇ္ဇီနိုင်ငံ ဥက္ကစေလမြို့ ဂင်္ဂါမြစ်ကမ်းဝယ် သီတင်းသုံး

တော်မူနေစဉ် သာမဏ္ဍကပရိဗိုဇ်၏ မေးလျှောက်ချက်အရ ပဗ္ဗဇ္ဇဒုက္ခရ၊ အဘိရတိဒုက္ခရ၊ ဓမ္မာနုဓမ္မပဋိပတ္တိဒုက္ခရ ဓမ္မာနုဓမ္မပဋိပန္နဟုဂ္ဂိုလ်၏ ရဟန္တာဖြစ်ချိန်တို့ကို ဖြေဆိုဟောကြားတော်မူသည်သုတ်။

❖ ❖ ❖

ဒုတ္ထရဟန္တာသုတ်

– သံ၊ ၂။ ၄၅၄။ သံ၊ မြန်၊ ၂။ ၄၅၀။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊
  ၄–ဇမ္ဗုခါဒကသံယုတ္တ၊ သောဠသမသုတ်။

အရှင်သာရိပုတ္တရာ မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့အနီး နာလကရွာ၌ သီတင်းသုံးနေတော်မူစဉ် ဇမ္ဗုခါဒကပရိဗိုဇ်၏ လျှောက်ထားချက်အရ ပဗ္ဗဇ္ဇဒုက္ခရ၊ အဘိရတိဒုက္ခရ၊ ဓမ္မာနုဓမ္မပဋိပတ္တိဒုက္ခရ၊ ဓမ္မာနုဓမ္မပဋိပန္နကဟုဂ္ဂိုလ်၏ ရဟန္တာဖြစ်ချိန်တို့ကို အရှင်သာရိပုတ္တရာထေရ် ဟောကြားတော်မူသည်သုတ်။

❖ ❖ ❖

ဒုက္ခသုတ္တ (၁၂)

– သံ၊ ၁။ ၃၀၀–၁။ သံ၊ မြန်၊ ၁။ ၂၈၈။ သံ၊ ဌ၊ ၂။ ၆၉။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁–နိဒါနသံယုတ္တ၊ ၅–ဂဟပတိဝဂ္ဂ၊
  တတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒုက္ခ၏သမုဒယနှင့် အတ္ထင်္ဂမတို့ကို ပဋိစ္စသမုပ္ပါဒ အနုလောမ, ပဋိလောမ ဒေသနာတော်နည်းဖြင့် ရဟန်းတို့အား ဟောကြားတော်မူသည်သုတ်။

– သံ၊ ၂။ ၁၈။ သံ၊ မြန်၊ ၂။ ၁၈။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊ ၂–အနိစ္စဝဂ္ဂ၊ ဒုတိယသုတ်။

(၁၉၂) တိပိဋကသုတ္တသူစီ ဝိဘာဝိနီ

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ခန္ဓာငါးပါးတို့တွင် တစ်ပါးစီ တစ်ပါးစီ၌ ဒုက္ခလက္ခဏာကို သိမြင်သော သုတဝန္တ အရိယာသာဝကသည် ခန္ဓာတို့၌ ငြီးငွေ့၏ အစရှိသည်ဖြင့် အနတ္တလက္ခဏာသုတ် ဒေသနာတော်အတိုင်း အရဟတ္တဖိုလ်ဆိုက်သည်အထိ ရဟန်းတို့အား ဟောတော်မူသည့်သုတ်။

– သံ၊ ၂။ ၆၄။ သံ၊ မြန်၊ ၂။ ၆၁။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊
(၇) ၂–အရဟန္တဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အညတရရဟန်းက ''အကျဉ်းချုပ်တရား ဟောတော်မူပါ။ အာတာပီ, ပဟိတတ္တဖြစ်အောင် နေထိုင်ကျင့်သုံးပါမည်''ဟု လျှောက်ထားသဖြင့် ဘုရားရှင်က 'ဒုက္ခသဘောရှိသောတရား၌ ဆန္ဒကို ပယ်ရမည်'ဟု ဟောတော်မူသော အကျဉ်းချုပ်ဒေသနာတော်ကို အညတရရဟန်းက 'မိမိအကျယ်အားဖြင့် ခန္ဓာငါးပါးတွင် တစ်ပါးစီ တစ်ပါးစီ၌ ဒုက္ခသဘောရှိသော ခန္ဓာ၌ ဆန္ဒကိုပယ်ရမည်ဟု သဘောပေါက်နားလည်ပါကြောင်း လျှောက်ထားသဖြင့် ဘုရားရှင်က သာဓုခေါ်တော်မူပြီး ထိုလျှောက်ထားသည့်အတိုင်း အညတရရဟန်းအား ဟောတော်မူပုံ၊ အညတရရဟန်း ရဟန္တာဖြစ်ပုံကို ဟောတော်မူထားပါသည်။

– သံ၊ ၂။ ၁၂၉။ သံ၊ မြန်၊ ၂။ ၁၂၀။ သံ၊ ဋ္ဌ၊ ၂။ ၃၀၄။ သံ၊ ဋီ၊ ၂။ ၂၅၅။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊
(၁၁) ၁–အန္တဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒုက္ခဟူသည် ဥပါဒါနက္ခန္ဓာငါးပါး အစရှိသည်ဖြင့် တစ်ပါးစီ သရုပ်ထုတ်၍ ဒုက္ခသမုဒယ, ဒုက္ခနိရောဓ, ဒုက္ခနိရောဓဂါမိနိပဋိပဒါတို့ကို ဓမ္မစက္ကပဝတ္တနသုတ်တော်အတိုင်း ရဟန်းတို့အား ဟောကြားတော်မူသည့်သုတ်။

- သံ၊ ၂။ ၁၄၀။ သံ၊ မြန်။ ၂။ ၁၃၇။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊ (၁၄) ၄–ကုက္ကုဋဝဂ္ဂ၊ ပဋ္ဌမသုတ်။

ဒုက္ခသဘောရှိသော ခန္ဓာငါးပါး၌ ဆန္ဒကိုပယ်ရမည်ဟု ခန္ဓာတစ်ပါးစီ အကျယ်ဟောတော်မူသည်သုတ်။

- သံ၊ ၂။ ၁၄၀။ သံ၊ မြန်၊ ၂။ ၁၃၇။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊ (၁၄) ၄–ကုက္ကုဋဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဒုက္ခသဘောရှိသော ခန္ဓာ(၅)ပါး၌ ရာဂကိုပယ်ရမည်ဟု ခန္ဓာတစ်ပါးစီ အကျယ်ဟောတော်မူသည်သုတ်။

- သံ၊ ၂။ ၁၄၀။ သံ၊ မြန်၊ ၂။ ၁၃၇။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊ (၁၄) ၄–ကုက္ကုဋဝဂ္ဂ၊ သတ္တမသုတ်။

အထက်သုတ်တော်အတိုင်း ဆန္ဒ,ရာဂကို ပယ်ရမည်ဟု ခန္ဓာတစ်ပါးစီ အကျယ်ဟောတော်မူသည်သုတ်။

- သံ၊ ၂။ ၁၆၀။ သံ၊ မြန်၊ ၂။ ၁၅၂။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၂–ရာဓသံယုတ္တ၊ ဒုတိယဝဂ်၊ ပဋ္ဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်ရာဓထေရ် မေးမြန်းလျှောက်ထားချက်အရ ခန္ဓာငါးပါးသည် ဒုက္ခသဘောရှိပုံ၊ ဤသို့ သိမြင်သော အရိယာသာဝက သည် ရဟန္တာဖြစ်နိုင်ပုံကို အနုတ္တလက္ခဏာသုတ် ဒေသနာတော်နည်းဖြင့် အရှင်ရာဓထေရ်အား ဘုရားရှင် ဟောတော်မူသည်သုတ်။

- သံ၊ ၃။ ၁၁၆။ သံ၊ မြန်၊ ၃။ ၁၂၁။

တိပိဋကသုတ္တသူစီ ဝိဘာဝိနီ

– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၂–ဗောဇ္ဈင်သံယုတ္တ၊
  ၈–နိရောဓဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အနိစ္စဖြစ်သော ခန္ဓာ(၅)ပါး၌ ဒုက္ခသညာနှင့် တကွဖြစ်သော ဗောဇ္ဈင်(၇)ပါးကို ဝိဝေကနိဿိတ၊ ဝိရာဂနိဿိတ၊ နိရောဓနိဿိတ၊ ဝေါဿဂ္ဂပရိဏာမီဖြစ်အောင် ပွားများလျှင် ကြိမ်ဖန်များစွာ အလေ့အလာပြုလျှင် များစွာအကျိုးအာနိသင် ရှိပုံကို ဗောဇ္ဈင်တစ်ပါးစီ အကျယ်ဟောတော်မူသည်သုတ်။

ယင်း အနိစ္စ ဒုက္ခသညာကို ပွားများသော ရဟန်းသည် အနာဂါမ်, ရဟန္တာ တစ်မျိုးမျိုး ဖြစ်နိုင်ပုံ၊ အကျိုးများရန်, ယောဂ(၄)ပါး ကုန်ခမ်းရန် များစွာ သံဝေဂ(သဟောတ္တပ္ပဉာဏ်) ဖြစ်ရန်, များစွာ ဖာသုဝိဟာရဖြစ်ရန် ဖြစ်နိုင်ပုံကို အကျယ်ဟောတော်မူသည်သုတ်။

– အံ၊ ၂။ ၂–၃။ အံ၊ မြန်၊ ၂။ ၃–၄။
– အဂုံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ပဌမပဏ္ဏာသက၊ ၁–သေခဗလဝဂ္ဂ၊
  တတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အဿဇိ, အဟိရိက, အနောတ္တပ္ပ, ကုသီတ, ဒုပ္ပညဟူသော တရားငါးပါးနှင့် ပြည့်စုံသောရဟန်းသည် မျက်မှောက်ဘဝ၌ ငြိုငြင်ပင်ပန်း ပူပန်ခြင်းနှင့်တကွ ဆင်းရဲစွာနေရပုံ၊ ကွယ်လွန်ပြီးနောက် ဒုဂ္ဂတိဘဝသို့ ရောက်ရပုံ၊ သဒ္ဓါ, ဟိရိ, သြတ္တပ္ပ, အာရဒ္ဓဝိရိယ, ပညာဟူသော တရားငါးပါးနှင့် ပြည့်စုံသောရဟန်းသည် မျက်မှောက်ဘဝ၌ပင် မငြိုငြင် မပင်ပန်း မပူပန်မှု၍ ချမ်းသာစွာနေရပုံ၊ ကွယ်လွန်ပြီးနောက် သုဂတိဘဝသို့ ရောက်နိုင်ပုံတို့ကို ကဏ္ဍပဏ္ဍ, သုက္ကပဏ္ဍအားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊ ၂။ ၃၇၄။ အံ၊ မြန်၊ ၂။ ၄၇၂။
– အဂုံတ္တရနိကာယ၊ ဆက္ကနိပါတ၊ ဒုတိယပဏ္ဏာသက၊ ၈–အရဟတ္တဝဂ္ဂ၊ ပဌမသုတ်။

၁. ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိပြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူစဉ် ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်, ကာမသညာ ဗျာပါဒ သညာ၊ ဝိဟိံသာသညာဟူသော တရား(၆)ပါးတို့နှင့် ပြည့်စုံသောသူသည်။ မျက်မှောက် ဘဝ၌ပင် ငြိုငြင်, ပင်ပန်း, ပူပန်, ဆင်းရဲစွာနေရပုံ၊ ကွယ်လွန်ပြီးနောက် ဒုဂ္ဂတိဘဝသို့ ရောက်ရပုံ၊ နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသာဝိတက်, နေက္ခမ္မသညာ, အဗျာပါဒသညာ, အဝိဟိံသာသညာဟူသော တရား(၆)ပါးတို့နှင့် ပြည့်စုံသောသူသည် ပစ္စုပ္ပန်ဘဝ၌ပင်လျှင် ငြိုငြင်ပင်ပန်း ပူပန်ခြင်းမရှိမူ၍ ချမ်းသာစွာနေရ၏ဟု ကဏ္ဍပက္ခ, သုက္ကပက္ခအားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

- အံ၊ ၂။ ၃၈၅။ အံ၊ မြန်၊ ၂။ ၄၈၅။
- အဂ္ဂတ္တရနိကာယ၊ ဆက္ကနိပါတ၊ ဒုတိယပဏ္ဏာသက၊ ၁၀–အာနိသံသဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိပြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူနေစဉ် တစုံတစ်ခုသော သခါရကို သုခဟု အဖန်ဖန် ရှုမှတ်သောရဟန်းသည် အနုလောမိကခွန်၊ သမ္မတ္တနိယာမသို့ မသက်ရောက် ဖိလ်လေးပါးကို မျက်မှောက်မပြု နိုင်ပုံ၊ ဒုက္ခဟု အဖန်ဖန်ရှုမြင်သော ရဟန်းသည် အနုလောမိကခွန်၊ သမ္မတ္တနိယာမသို့ သက်ရောက်နိုင်ပုံ, ဖိလ်လေးပါးကို မျက်မှောက်ပြုနိုင်ပုံကို ဘုရားရှင်က ရဟန်းတော် များအား ဟောတော်မူသည့်သုတ်။

❖ ❖ ❖

(ဒုက္ခဆန္ဒာဒိသုတ္တ)

ဒုက္ခဆန္ဒသုတ္တ (၃)

- သံ၊ ၂။ ၃၆၀။ သံ၊ မြန်၊ ၂။ ၃၅၆။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊ (၁၇) ၂–သဋ္ဌေပေယျာလဝဂ္ဂ၊ စတုတ္ထသုတ်။

ဒုက္ခသဘောရှိသော အဋ္ဌင်္ဂိကာယတန (၆)ပါး၌ ဆန္ဒကို ပယ်ရမည်ဟု

အာယတနတစ်ပါးစီ အကျယ်အားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒုက္ခဆန္ဒရာဂသုတ္တ

– သံ၊ ၂။ ၃၆၀။ သံ၊ မြန်၊ ၂။ ၃၅၆။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊ (၁၇) ၂–သဋ္ဌိပေယ္ယာလဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဒုက္ခသဘောရှိသော အဇ္ဈတ္တိကာယတန(၆)ပါးဌ ဆန္ဒရာဂကို ပယ်ရမည်ဟု အာယတနတစ်ပါးစီ အကျယ်အားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒုက္ခတာသုတ္တ

– သံ၊ ၃။ ၅၂။ သံ၊ မြန်၊ ၃။ ၅၆။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁–မဂ္ဂသံယုတ္တ၊ ၇–ဇေနာဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်ဌ သီတင်းသုံးတော်မူစဉ် ဒုက္ခဒုက္ခတာ, သင်္ခါရဒုက္ခတာ, ဝိပရိဏာမဒုက္ခတာ–ဟူသော ဒုက္ခတာ (၃)ပါးတို့ကို ထူးသောဉာဏ်ဖြင့် သိမြင်နိုင်ရန် ပိုင်းခြား၍ သိမြင်နိုင်ရန် ကုန်ခမ်းသွားစေရန်, ပယ်စွန့်နိုင်ရန် အဋ္ဌင်္ဂိကအရိယမဂ်ကို ဝိဝေကနိဿိတ, ဝိရာဂနိဿိတ, နိရောဓနိဿိတ, ဝေါဿဂ္ဂပရိဏာမီဖြစ်အောင် ပွားများရမည်ဟု အရိယာမဂ် တစ်ပါးစီ တစ်ပါးစီ ပွားများပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒုက္ခဝေဒနာသုတ္တ (၂)

- သံ၊ ၂။ ၁၆၀။ သံ၊ မြန်၊ ၂။ ၁၅၂။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၂-ရာဓသံယုတ္တ၊ ဒုတိယဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်ရာဓထေရ်၏ လျှောက်ထားချက်အရ ဒုက္ခဝေဒနာသည် ခန္ဓာငါးပါးဖြစ်ပုံ၊ ခန္ဓာတစ်ပါးစီ တစ်ပါးစီ၌ ဒုက္ခဝေဒနာကို သိမြင်သော အရိယာသာဝက၏ နိဗ္ဗိန္ဒာဉာဏ် ဖြင့်ပုံမှစ၍ ရဟန္တာဖြစ်သည့်အထိ အရှင်ရာဓထေရ်အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

- သံ၊ ၂။ ၃၉၃-၆။ သံ၊ မြန်၊ ၂။ ၃၈၈-၃၉၁။ သံ၊ ဋ္ဌ၊ ၃။ ၉၆-ဂ။
  သံ၊ ဋီ၊ ၂။ ၃၄၀-၁။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁-သဠာယတနသံယုတ္တ၊ (၁၉) ၄-အာသီဝိသဝဂ္ဂ၊ သတ္တမသုတ်။

(၁) ဒုက္ခဝေဒနာအားလုံးတို့၏ သမုဒယ, အတ္တင်္ဂမတို့ကို မှန်ကန်စွာ သိမြင်သော ရဟန်းသည် (၂) ကာမတို့ကို သိမြင်ပုံ၊ (၃) ကာမတို့ကို သိမြင်သောရဟန်း၏ (သန္တာန်၌) ကာမတို့၌ ကာမစ္ဆန္ဒ, ကာမသေ့ဟ၊ ကာမမုစ္ဆာ၊ ကာမပရိဠာဟတို့ မကိန်းတော့ပုံ၊ (၄) အဘိဇ္ဈာ, ဒေါမနဿ-ဟူကုန်သော ပါပက အကုသလဓမ္မတို့ မကိန်းသောရဟန်း၏ စာရ, ဝိဟာရ တို့ကို ထိုးထွင်း၍ သိနိုင်ပုံယင်းတို့၏ တစ်ခုစီ တစ်ခုစီ၏ အကျယ်ကို ဥပမာနှင့် တကွနှိုင်းခိုင်းပြီး ဟောတော်မူပုံကိုလည်းကောင်း၊ သံဝရ အသံဝရတို့၏ အကျယ်ကိုလည်းကောင်း, စာရ, ဝိဟာရတို့ကို ထိုးထွင်း၍ သိမြင်သော ရဟန်းသည် သိက္ခာချ၍ လူမထွက်တော့ပုံကိုလည်း ဂဂ်ါမြစ် ဥပမာဖြင့် အကျယ်တဝင့် ရဟန်းတို့အား ဘုရားရှင်ဟောတော်သည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ပါရှိသည်။

❖ ❖ ❖

တိပိဋကသုတ္တသူစီ ဝိဘာဝိနီ

ဒုတ္ခနိဗ္ဗာနသစ္စာသုတ္တ

- သံ၊ ၂။ ၃၄၇-၈။ သံ၊ မြန်၊ ၂။ ၃၄၁-၂။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁-သဠာယတနသံယုတ္တ၊ (၁၅) ၅-နဝပုရာဏဝဂ္ဂ၊ တတိယသုတ်။

အဇ္ဈတ္တိကာယတန (၆)ပါး၊ ဗဟိဒ္ဓါယတန (၆)ပါး၊ ဝိညာဏ် (၆)ပါး၊ ဝေဒနာ (၆)ပါးတို့ကို တစ်ပါးစီ တစ်ပါးစီ ဒုက္ခဟု ရှုမြင်နေမှုသည် နိဗ္ဗာနဂါမိနီ ပဋိပဒါပေ တည်းဟု ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒုက္ခဝဏ္ဏာသုတ္တ

- သံ၊ ၂။ ၄၅၃။ သံ၊ မြန်၊ ၂။ ၄၄၉။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၄-ဇမ္ဗုခါဒကသံယုတ္တ၊ စုဒ္ဒသမသုတ်။

အရှင်သာရိပုတ္တရာထေရ် မဂဓနိုင်ငံ နာလကရွာ၌ သီတင်းသုံး နေတော်မူစဉ် ဇမ္ဗုခါဒကဗရိဗိုဇ်က 'ဒုက္ခနှင့် ယင်းကိုသိနိုင်သော မဂ္ဂပဋိပဒါတို့ကို မေးလျှောက်သဖြင့် ဒုက္ခတာသုံးပါးနှင့် ယင်းတို့ကို ပိုင်းခြား၍ သိနိုင်သောမဂ္ဂနှင့် ပဋိပဒါသည် အဋ္ဌင်္ဂိကအရိယာမဂ္ဂဖြစ်ကြောင်း အရှင်သာရိပုတ္တရာ ဖြေကြားတော်မူသည်သုတ်။ ဇမ္ဗုခါဒကပရိဗိုဇ်က ဒုက္ခသဘောတို့ကို ပိုင်းခြား၍သိခြင်းငှာ မဂ္ဂ, ပဋိပဒါတို့ ကောင်းမွန်လှပါသည်။ မမေ့မလျော့ခြင်းငှာ သင့်ပါပေ၏ဟု လျှောက်ထားပါသည်။

❖ ❖ ❖

ဒုက္ခရောဂသုတ္တ

- သံ၊ ၂။ ၃၆၀။ သံ၊ မြန်၊ ၂။ ၃၅၆။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁-သဠာယတနသံယုတ္တ၊ (၁၇) ၂-သဠေယျာလဝဂ္ဂ၊ ပဌမသုတ်။

ဒုက္ခသဘောရှိသော အဇ္ဈတ္တိကာယန(၆)ပါး၌ ရာဂကို ပယ်ရမည်ဟု အာယတနတစ်ပါးစီ အကျယ်အားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒုက္ခဝိပါကသုတ္တ

- အံ၊ ၃။ ၄၅၅။ အံ၊ မြန်၊ ၃။ ၄၄၈။
- အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ ၃–တတိယပဏ္ဏာသက၊ (၁၅)၄–သာဓုဝဂ္ဂ၊ ကောဒသမသုတ်။

မိစ္ဆာဒိဋ္ဌိအစ မိစ္ဆာဝိမုတ္တိအဆုံးရှိသော ဒုက္ခဝိပါကတရားဆယ်ပါး၊ သမ္မာဒိဋ္ဌိအစ သမ္မာဝိမုတ္တိအဆုံးရှိသော သုခဝိပါကတရားဆယ်ပါးတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒုက္ခဝိဘာရသုတ္တ

- ကျတိဝုတ္တက၊ ၂၁၁။ ကျတိဝုတ်၊ မြန်။ ၁၉၄။ ကျတိဝုတ်၊ ၌၊ ၉၂–၉၆။
- ခုဒ္ဒကနိကာယ၊ ကျတိဝုတ္တက၊ ၂–ဒုကနိပါတ၊ ပဌမသုတ်။

(၁) ကျန္ဒြိယေသု အဂုတ္တဒ္ဒါရတာ၊ (၂) ဘောဇနေ အမတ္တညုတာ ဟူသော အကုသိုလ်တရား (၂)ပါးသည် မျက်မှောက်ဘဝ၌ပင် ဆင်းရဲ ပင်ပန်းစွာနေရပြီး တမလွန်ဘဝ၌ ဒုဂ္ဂတိဘဝသို့ ရောက်နိုင်ပုံကို ဘုရားရှင် ဟောတော်မူကြောင်းကို ခုဒ္ဓဏ္ဍရာက သာမာဝတီအမှူးရှိသော မိဖုရားတို့အား အကျယ်တဝင့် ဟောပြသည်သုတ်။

အဌကထာ၌ သံဝဏ္ဏေတဗ္ဗပုဒ်အဖွင့်မျှား၊ အကုသိုလ်တရားနှစ်ပါးနှင့် ဆက်စပ်၍ အကျယ်ဖွင့်ပြချက်၊ မဟိစ္ဆတာ (၃)မျိုး၊ မဟိစ္ဆပုဂ္ဂိုလ်အကြောင်း၊ သုခသုံးမျိုး၊ အလှူခံရာ၌ သတိပြုဖွယ်၊ စက္ခုငါးမျိုး၊ မံသစက္ခုအကြောင်း၊ ကာယ

အမျိုးမျိုး၊ အထက်ပါ အကုသိုလ်တရားနှစ်ပါးကြောင့် ဒုက္ခဝိဟာရသာ ဖြစ်ရပုံ၊ သုခဝိဟာရမရှိပုံကို အကျယ်ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဒုက္ခသမုဒယသုတ္တ

– သံ၊ ၂။ ၃၀၆–၇။ သံ၊ မြန်၊ ၂။ ၂၉၉–၃၀၀။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊
(၁၁) ၁–ယောဂက္ခေမဝဂ္ဂ၊ တတိယသုတ်။

အဒ္ဌင်္ဂိကာယတန (၆)ပါး၊ ဗဟိဒ္ဓါယတန (၆)ပါး၊ ဝိညာဏ် (၆)ပါး တို့ပေါင်းဆုံမှုကြောင့် ဖဿဖြစ်ပုံ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာဖြစ်ပုံ၊ ယင်းတဏှာသည် 'ဒုက္ခသမုဒယ' အထက်ပါတရားတို့ကြောင့် ဖြစ်ပေါ်လာသော တဏှာအကြွင်းမဲ့ချုပ်ခြင်းကြောင့် ဥပါဒါနချုပ်ပုံ အစရှိသည်ဖြင့် ပဋိစ္စသမုပ္ပါဒပဋိလောမ ဒေသနာတော်အတိုင်း ဒုက္ခအားလုံး ချုပ်ငြိမ်းသွားခြင်းသည် 'ဒုက္ခအတ္ထင်္ဂမ'ဖြစ်ပုံတို့ကို အာယတန, အာရုံ, ဝိညာဏ်တစ်ပါးစီ တစ်ပါးစီ ရဟန်းတို့အား ဘုရားရှင် အကျယ်ဟောကြားတော်မူသည့်သုတ်။

❖ ❖ ❖

ဒုက္ခာနုပဿီသုတ္တ (၂)

– သံ၊ ၂။ ၁၄၈။ သံ၊ မြန်၊ ၂။ ၁၃၉။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊
(၁၄) ၄–ကုက္ကုဋဝဂ္ဂ၊ တေရသမသုတ်။

သဒ္ဓါပဗ္ဗဇိတကုလပုတ္တအား တရားအစဉ်ဖြစ်ပုံ၊ ခန္ဓာတစ်ပါးစီ တစ်ပါးစီ၌ ဒုက္ခဟုရှုလျက် နေသည်ရှိသော် ခန္ဓာတစ်ပါးစီ တစ်ပါးစီကို ပိုင်းခြားရှု သိမြင်ပုံ၊ ခန္ဓာတစ်ပါးစီ တစ်ပါးစီမှ လွတ်မြောက်ပုံ၊ ဇာတိ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဒုက္ခအားလုံးတို့မှ လွတ်မြောက်ဏေါဟု ဟောတော်မူပုံကို ခန္ဓာ

တစ်ပါးစီ တစ်ပါးစီ အကျယ်ဝေဖန်၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူ သည့်သုတ်။

– အံ၊ ၂။ ၄၀၆။ အံ၊ မြန်၊ ၂။ ၅၁၄။
– အဂုံတ္တရနိကာယ၊ သတ္တကနိပါတ၊ ၂–အနုသယဝဂ္ဂ၊ သတ္တမသုတ်။

အလုံးစုံသော သခါရတရားတို့၌ ဒုက္ခဟု အဖန်ဖန်ရှုလျက် ဒုက္ခဟု အမှတ် သညာရှိသည်ဖြစ်၍ ဒုက္ခဟု ထင်ရှားစွာ သိသည်ဖြစ်၍ အမြဲမပြတ် (တစ်ပါးသော စိတ်တို့နှင့်) မရောမပွမ်းမူ၍ စိတ်ဖြင့်နှလုံးသွင်းပြီး ပညာဖြင့် သက်ဝင်လျက်နေ၏။

(၁) အာသဝေါတရားတို့ ကုန်ခြင်းကြောင့် အနာသဝ စေတောဝိမုတ္တိ၊ ပညာဝိမုတ္တိကို မျက်မှောက်ပြုလျက် ပြီးပြည့်စုံစေလျက် နေသောပုဂ္ဂိုလ်။

(၂) မရှေးမနှောင်း အာသဝပရိယာဒါန ဇိဝိတပရိယာဒါန ဖြစ်သောပုဂ္ဂိုလ်။

(၃) အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်

(၄) ဥပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ်

(၅) အသခါရ ပရိနိဗ္ဗာယီပုဂ္ဂိုလ်

(၆) သသခါရ ပရိနိဗ္ဗာယီပုဂ္ဂိုလ်

(၇) ဥဒ္ဓံသောတအကနိဋ္ဌဂါမီပုဂ္ဂိုလ်ဟူသော ပုဂ္ဂိုလ်(၇)ယောက် တို့သည် အာဟုနေယျ ပါဟုနေယျ ဒက္ခိဏေယျ အဥ္ဇလိကရဏီယ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဖြစ်၏ဟု အသီးအသီး ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည် သုတ်။

❖ ❖ ❖

ဒုက္ခုဒြယသုတ္တ (၂)

– အံ၊ ၃။ ၄၅၅။ အံ၊ မြန်၊ ၃။ ၄၄၈။
– အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ ၃–တတိယပဏ္ဏာသက၊ (၁၄) ၄–သာဓုဝဂ္ဂ၊ ဒသမသုတ်။

မိစ္ဆာဒိဋ္ဌိ, မိစ္ဆာဝိမုတ္တိဟူသော ဒုက္ခဒြ = ဒုက္ခဖြစ်ကြောင်း တရား ဆယ်ပါးနှင့် သမ္မာဒိဋ္ဌိ,သမ္မာဝိမုတ္တိဟူသော သုခဒြ=သုခဖြစ်ကြောင်း တရားဆယ်ပါးတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊ ၃။ ၄၈၄။ အံ၊ မြန်၊ ၃။ ၄၇၅။

– အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ ၄–စတုတ္ထပဏ္ဏာသ၊

(၁၈) ၃–သာဓုဝဂ္ဂ၊ ဒသမသုတ်။

ပါဏာတိပါတ (၀) မိစ္ဆာဒိဋ္ဌိဟူသော ဒုက္ခဒြတရားဆယ်ပါးနှင့် ပါဏာတိပါတာဝေရမဏိ (၀) သမ္မာဒိဋ္ဌိဟူသော သုခဒြတရားဆယ်ပါးတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒုက္ခပ္ပါဒသုတ္တ(၂)

– သံ၊ ၂။ ၂၄၇။ သံ၊ မြန်၊ ၂။ ၂၃၈။

– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊

၂–ယမကဝဂ္ဂ၊ နဝမသုတ်။

အဒ္ဓတ္တိကာယတန (၆)ပါးတို့၏ ဥပ္ပါဒ၊ ဋ္ဌိတိ၊ အဘိနိဗ္ဗတ္တိ၊ ပါတုဘာဝသည် ဒုက္ခဖြစ်မှု၊ ရောဂါတို့၏ တည်တံ့မှုသည် ဇရာ မရဏ၏ ထင်ရှားဖြစ်မှု၊ အဒ္ဓတ္တိကာယတန (၆)ပါးတို့၏ နိရောဓ၊ ဝူပသမအတ္ထင်္ဂမသည် ဒုက္ခနိရောဓ၊ ရောဂဝူပသမသည် ဇရာမရဏတို့၏ အတ္ထင်္ဂမပေတည်းဟု အာယတန တစ်ပါးစီ တစ်ပါးစီ ခွဲခြား၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– သံ၊ ၂။ ၂၄၇။ သံ၊ မြန်၊ ၂။ ၂၃၉။

– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊ ၂–ယမကဝဂ္ဂ၊ ဒသမသုတ်။

အထက်သုတ်တော်အတိုင်း အဒ္ဓတ္တိကာယတနအရာ၌ ဗာဟိရာယတန (၆)ပါးကို ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒုတိယသုတ္တ

- သံ၊ ၁။ ၃၉၃။ သံ၊ မြန်၊ ၁။ ၃၈၀–၁။ သံ၊ ဋ္ဌ၊ ၂။ ၁၄၈။ သံ၊ ဋီ၊ ၂။ ၁၅၃။
- သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၄–အနမတဂ္ဂသံယုတ္တ၊ ဒုတိယဝဂ္ဂ၊ ပဌမသုတ်။

အဝိဇ္ဇာ, တဏှာကြောင့် သတ္တဝါတို့ သံသရာ ရှည်လျားနေကြပုံ၊ ကိုယ်အဂါ၊ အစိတ်အပိုင်းလည်း မလှမပ၊ ဆင်းဆင်းရဲရဲနေရသည့် သတ္တဝါကို ကြည့်ရှုသုံးသပ်၍ ''ငါတို့လည်း ဤကဲ့သို့ ဘဝမျိုးဌ များစွာ ဖြစ်ခဲ့ရလေပြီ''ဟု ဆုံးဖြတ်ချက်ချ၍ သခါရအားလုံးတို့ဌ ငြီးငွေ့ရန် တပ်မက်မောမှုကင်းရန် ယင်းတို့မှ လွတ်မြောက်ရန် (ဘာဝနာလုပ်ငန်းကို) အလွန်အကဲ အားထုတ်သင့်လှပေ၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

ဒုတိယသုတ္တ

- သံ၊ ၃။ ၃၁၇။ သံ၊ မြန်၊ ၃။ ၃၁၈။ သံ၊ ဋ္ဌ၊ ၃။ ၃၁၆။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၁–သောတာပတ္တိသံယုတ္တ၊ ၂–ရာဇကာရာမဝဂ္ဂ၊ စတုတ္ထသုတ်။

ရတနာမြတ်သုံးပါး ဂုဏ်တော်များဌ မတုန်မလှုပ် သက်ဝင် ကြည်ညိုခြင်း, အရိယကန္တသီလနှင့် ပြည့်စုံခြင်းဟူသော တရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာ သာဝကသည် ဒုဂ္ဂတိဘေးအားလုံးတို့ကို လွန်မြောက် ပြီးသူဖြစ်၏ဟု ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည့်သုတ်။

❖ ❖ ❖

ဒုတိဝိနိဗန्ဓိတဘယသုတ္တ

- သံ၊ ၃။ ၃၁၇။ သံ၊ မြန်၊ ၃။ ၃၁၈–၉။ သံ၊ ဋ္ဌ၊ ၃။ ၃၁၆။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၁–သောတာပတ္တိသံယုတ္တ၊

တိပိဋကသုတ္တသူစိ ဝိဘာဝိနီ

၂–ရာဇကာရာမဝဂ္ဂ၊ ပဌမသုတ်။

ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော်များ၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း, အရိယကန္တသီလနှင့် ပြည့်စုံခြင်းဟူသော (အရည်အချင်း) ဓမ္မလေးပါးနှင့် ပြည့်စုံသော အရိယသာဝကသည် အလုံးစုံသော ဒုဂ္ဂတိဝိနိပါတဘေးကို ကောင်းစွာ လွန်မြောက်ပြီးသူဖြစ်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

အဌကထာ၌ အလုံးစုံသော ဒုဂ္ဂတိဝိနိပါတဘေးဟူသော စကားရပ် ဖြင့် လူတို့တွင် အမျိုးယုတ်ညံ့ ဘုန်းကံနည်းပါး လူစဉ်မမီသောလူတို့နှင့်တကွ အပါယ်လေးပါးကို တားမြစ်ကြောင်း ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဒုစ္စရိတသုတ္တ (၆)

– သံ၊ ၃။ ၁၆၄။ သံ၊ မြန်၊ ၃။ ၁၇၀–၁။ သံ၊ ဌ၊ ၃။ ၂၆၃။ သံ၊ ဋ္ဌ၊ ၂။ ၄၈၆။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၃–သတိပဋ္ဌာနသံယုတ္တ၊
၅–အမတဝဂ္ဂ၊ သတ္တမသုတ်။

အညတရ ရဟန်း၏ လျှောက်ထားချက်အရ ကာယ,ဝစီ,မနော ဒုစရိုက်(၃) မျိုးကိုပယ်စွန့်၍ ယင်းသုစရိုက်သုံးမျိုးကို ပွားများလျှင် သီလရှိသူဖြစ်မည်။ သီလ၌တည်၍ သတိပဋ္ဌာန်လေးပါးကို ပွားများလျှင် ကုသိုလ်တရားတို့၌ မဆုတ်ယုတ်တော့မူ၍ ကြီးပွားတိုးတက်မည်ဟု ဘုရားရှင် ဟောတော်မူသည်အတိုင်း ကျင့်သုံးခြင်းကြောင့် အညတရရဟန်း ရဟန္တာဖြစ်ပုံကို ဟောတော်မူသည်သုတ်။

ဤသုတ်၌ 'ကော၊ ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဟု ယောဂီ၏ အရည်အချင်းငါးမျိုးကို သိရပါသည်။

♦ အဌကထာ၌ ကာယဝစီသုစရိုက်တို့သည် ပါတိမောက္ခသံဝရသီလ၊ မနောသုစရိုက် ကြွင်းသီလသုံးပါးဟု ဤသုတ်၌ စတုပါရိသုဒ္ဓိသီလကို ဟောတော်မူပုံ ကိုလည်းကောင်း။

♦ ဋ္ဌိကာ၌ မနောသုစရိုက်(၃)ပါးသည် သီလမည်ပုံ၊ သတိပဋ္ဌာနသံယုတ်၌ ဝဂ္ဂ,သုတ္တတို့ကို ချုံးထားပုံကို ပြဆိုထားပါသည်။

– အံ၊ ၁။ ၄၅၈။ အံ၊ မြန်၊ ၁။ ၄၇၀။
– အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ တတိယပဏ္ဏာသက၊
(၁၅) ၅–အာဘာဝဂ္ဂ၊ အဋ္ဌမသုတ်။

ဝစီဒုစရိုက် (၄)ပါးကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။
– အံ၊ ၁။ ၅၅၀။ အံ၊ မြန်၊ ၁။ ၅၆၆။
– အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ ပဉ္စမပဏ္ဏာသက၊
(၂၃) ၃–ဒုစ္စရိတဝဂ္ဂ၊ ပဌမသုတ်။

ဝစီဒုစရိုက်(၄)ပါးသရုပ်နှင့် သစ္စဝါစာ, အပိသုဏာဝါစာ, သဏှဝါစာ၊ မန္တဝါစာဟု ဝစီသုစရိုက်(၄)ပါးတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။
– အံ၊ ၂။ ၂၃၃။ အံ၊ မြန်၊ ၂။ ၂၉၆။ အံ၊ ဋ္ဌ၊ ၃။ ၈၄။
– အဂုံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ပဉ္စမပဏ္ဏာသက၊
(၂၅) ၅–ဒုစ္စရိတဝဂ္ဂ၊ ပဌမသုတ်။

ဤသုတ်၌ ဒုစရိုက်(ရှိသောပုဂ္ဂိုလ်)၏ အပြစ်ငါးပါးနှင့် သုစရိုက် (ရှိသောပုဂ္ဂိုလ်)၏ အကျိုးငါးပါးတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။
– အံ၊ ၂။ ၃၈၈။ အံ၊ မြန်၊ ၂။ ၄၉၀။
– အဂုံတ္တရနိကာယ၊ ဆက္ကနိပါတ၊ ၁၁–တိကဝဂ္ဂ၊ ပဌမသုတ်။

ဤသုတ်မှ ကာယ ဝစီ မနောဒုစရိုက်တို့ကို ပယ်စွန့်နိုင်ရန် သုစရိုက်(၃)ပါးတို့ကို ပွားများရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူပါသည်။
– ဣတိဝုတ်။ ၂၃၂။ ဣတိဝုတ်၊ မြန်။ ၂၁၆–၇။ ဣတိဝုတ်၊ ဋ္ဌ။ ၂၀၂–၃။
– ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ တိကနိပါတ၊ ဒုတိယဝဂ်၊ ပဉ္စမသုတ်။

တိပိဋကသုတ္တသုစိ ဝိဘာဝိနီ

ပညာမဲ့သူသည် ကုသိုလ်ကောင်းမှုကိုမပြုပဲ ဒုစရိုက်(၃)မျိုးနှင့် ရာဂ အစရှိသော အကုသိုလ်တရားတို့ကို ပြုလုပ်ခြင်းကြောင့် ငရဲသို့ ရောက်ရ၏–ဟု ဘုရားရှင် ဟောတော်မူကြောင်းကို ခုဇ္ဈတ္တရာက သာမာဝတီ အမှူးရှိသော မိဖုရားတို့အား ဟောကြားသည်သုတ်။

♦ အဌကထာ၌ ယင်းတို့၏ သဒ္ဒတ္ထနှင့် အဓိပ္ပါယတ္ထများကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဒုစ္စရိတဝိဘါဂသုတ္တ

– အံ၊ ၃။ ၇၇–၈။ အံ၊ မြန်၊ ၃။ ၇၉–၈၀။ အံ၊ ဌ၊ ၃။ ၂၃၂–၃။

– အဂ္ဂိတ္တရနိကာယ၊ အဌကနိပါတ၊ ပဌမပဏ္ဏာသက၊ ၄–ဒါနဝဂ္ဂ၊ ဒသမသုတ်။

ကာယဒုစရိုက်(၃)ပါး၊ ဝစီဒုစရိုက်(၄)ပါးနှင့် သုရာပါနတို့ကို ပွားများအပ်, အကြိမ်များစွာ အလေ့အလာပြုအပ်သည်ရှိသော် ငရဲ, တိရစ္ဆာန်, ပြိတ္တာဘုံတို့၌ ဖြစ်ရ၏။ ပါဏာတိပါတ၏ အပေါ်ဆုံးအပြစ်သည် အသက်တို၏၊ အဒိန္နာဒါန၏ အပေါ်ဆုံးအပြစ်သည် စည်းစိမ်ဥစ္စာပျက်စီးခြင်းကို ဖြစ်စေတတ်၏။ ကာမေသု မိစ္ဆာစာရ၏ အပေါ်ဆုံးအပြစ်သည် ရန်များ၏။ မုသာဝါဒ၏ အပေါ်ဆုံးအပြစ်သည် မဟုတ်မမှန် စွပ်စွဲခံရ၏။ ပိသုဏာဝါစာ၏ အပေါ်ဆုံးအပြစ်သည် မိတ်ဆွေတို့နှင့် ကွဲပြားရ၏။ ဖရုသဝါစာ၏ အပေါ်ဆုံးအပြစ်သည် မနှစ်သက်ဖွယ်အသံကို ဖြစ်စေတတ်၏။ သမ္ဖပ္ပလာပ၏ အပေါ်ဆုံးအပြစ်သည် သူတစ်ပါးတို့ မနာယူသော စကားရှိသူ ဩဇာတိက္ကမ မရှိသူဖြစ်ရ၏။ သုရာမေရယ၏ အပေါ်ဆုံးအပြစ်သည် ရူးသွပ် (စိတ်မနှံ့စကားမပီသူ)ဖြစ်ရ၏–ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ၌ ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

ဒုဋ္ဌဋ္ဌကသုတ္တ

– သုတ္တနိ။ ၄၀၁–၂။ သုတ္တနိ၊ မြန်။ ၃၇၈–၉။ သုတ္တနိ၊ ဌ၊ ၂။ ၂၃၅–၉။
– ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ၄–အဋ္ဌကဝဂ္ဂ၊ တတိယသုတ်။

၇၈၇။ စွပ်စွဲမှု သဘာဝနှင့် ဘုရားရှင်အား ဖြစ်ပေါ်လာသော စွပ်စွဲမှု မရောက်ပုံ။

၇၈၈။ မိစ္ဆာအယူကို မကျော်လွန်နိုင်သူ၊

၇၈၉။ သူယုတ်မာတို့၏ သဘော၊

၇၉၀။ သူတော်ကောင်းတို့၏ သဘော၊

၇၉၁။ မိစ္ဆာအယူကို မှီပုံ

၇၉၂။ မိစ္ဆာအယူရှိသူ

၇၉၃။ ၇၉၄။ ရဟန္တာပုဂ္ဂိုလ်၏ သဘောတို့ကို အရှင်အာနန္ဒာနှင့် ကောသလမင်းတို့အား ဘုရားရှင်ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၌ ဒုဋ္ဌဋ္ဌကသုတ် ဖြစ်ပေါ်လာပုံ သုန္ဒရီပရိဗိုဇ်မဝတ္ထု ကဲ့ရဲ့ ဆဲရေးမှု၏သဘာဝနှင့် ဂါထာတို့၏ အဓိပ္ပါယ်များကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဒုဋ္ဌဋ္ဌကသုတ္တနိဒ္ဒေသ

– မဟာနိ။ ၄၇–၆၄။ မဟာနိ၊ ဌ။ ၁၆၄–၁၈၅။

❖ ❖ ❖

ဒုတိယသုတ္တ (၂)

– သံ၊ ၁။ ၃၅။ သံ၊ မြန်၊ ၁။ ၃၅။ သံ၊ ဌ၊ ၁။ ၈၈။ သံ၊ ဋီ၊ ၁။ ၁၃၁။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁–ဒေဝတာသံယုတ္တ၊
၆–ဇရာဝဂ္ဂ၊ ဆဋ္ဌသုတ်။

အညတရနတ်သား၏ မေးလျှောက်ချက်အရ သဒ္ဓါသည် (သုဂတိ, နိဗ္ဗာန်သို့သွားမည့်) ယောက်ျား၏အဖော်ဖြစ်ပုံ၊ ပုဂ္ဂိုလ်ကို အသိဉာဏ်ပညာက ဆုံးမပုံ

နိဗ္ဗာန်၌ မွေ့လျော်သောပုဂ္ဂိုလ်သည် ဒုက္ခအားလုံးမှ လွတ်မြောက်ပုံကို ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

– အံ၊ ၃။ ၄၅၀။ အံ၊ မြန်၊ ၃။ ၄၄၂။

– အဂ္ဂုတ္တရနိကာယ၊ ဒသကနိပါတ၊ တတိယပဏ္ဏာသက၊

(၁၃) ၃–ပရိသုဒ္ဓဝဂ္ဂ၊ ဒုတိယသုတ်။

သမ္မာဒိဋ္ဌိ (၀) သမ္မာဝိမုတ္တိဟူသော ဤဆယ်ပါးသောတရားတို့သည် ဘုရားရှင်သာသနာတော်မှ တစ်ပါးသောသာသနာ၌ မဖြစ်ဖူးကုန်–ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒုတိယစျာနပဋ္ဌာသုတ္တ

– သံ၊ ၂။ ၄၅၈။ သံ၊ မြန်၊ ၂။ ၄၅၂–၃။ သံ၊ ဋီ၊ ၂။ ၄၃၀။

– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၆–မောဂ္ဂလာနသံယုတ္တ၊ ဒုတိယသုတ်။

အရှင်မောဂ္ဂလာန် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဒုတိယစျာန်ကို ရရှိရန် စိတ်ကူးပုံ၊ ဒုတိယစျာန်ရရှိပုံ၊ ဝိတက်နှင့် တကွ သညာမနသိကာရတို့ဖြစ်ပုံ။ ဘုရားရှင် တန်ခိုးတော်ဖြင့် ကြွတော်မူလာပြီး ခြိုးမြောက်မိန့်ကြားတော်မူပုံ၊ မဟာဘိညာသို့ ရောက်ခဲ့ပုံတို့ကို ရဟန်းတို့အား အရှင်မောဂ္ဂလာန် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒုမ္ဗညာသုတ္တ (၂)

– သံ၊ ၃။ ၈၈။ သံ၊ မြန်၊ ၃။ ၉၃။ သံ၊ ဋီ၊ ၂။ ၄၃၀။

– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၂–ဗောဇ္ဈင်္ဂသံယုတ္တ၊

၅–စက္ကဝတ္တိဝဂ္ဂ၊ စတုတ္ထသုတ်။

ဗောဇ္ဈင်(၇)ပါးတို့ကို မပွားများအပ်, ကြိမ်ဖန်များစွာ အလေ့အလာ မပြုအပ် သောပုဂ္ဂိုလ်ကို ဒုပ္ပညာ, ဌေမူဂဟာ ခေါ်ဆိုအပ်ပုံကို အညတရ ရဟန်းအား ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊ ၁။ ၅၅၂။ အံ၊ မြန်၊ ၁။ ၅၆၈။

– အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ ပဌမပဏ္ဏာသက၊ (၂၃) ၃–ဒုစ္စရိတဝဂ္ဂ၊ ဒသမသုတ်။

အသဒ္ဓ, ဒုဿီလ, ကုသီတ, ဒုပ္ပညာ–ဟူသော ဓမ္မလေးမျိုးတို့နှင့် ပြည့်စုံသော ဗာလ, အဗျတ္တဖြစ်သော သူယုတ်မာသည် မိမိ၏ ကုသိုလ်မူလကို တူးဖြိုဖျက်ဆီး၍ မိမိကိုယ်ကိုဆောင်သူ အပြစ်ရှိသူ ပညာရှိတို့ကဲ့ရဲ့အပ်သူ, အကုသိုလ်များစွာ တိုးပွားစေသူဖြစ်ပုံနှင့် သဒ္ဓ, သီလဝန္တ, အာရဒ္ဓဝိရိယ, ပညာဝန္တ–ဟူသော ဓမ္မလေးမျိုးတို့နှင့် ပြည့်စုံသော ပဏ္ဍိတ၊ ဗျတ္တဖြစ်သော သူတော်ကောင်းသည် မိမိ၏ ကုသိုလ်မူလကို မတူးဖြို မဖျက်ဆီးပဲ မိမိကိုယ်ကိုဆောင်သူ, အပြစ်ကင်းသူ, ပညာရှိတို့ မကဲ့ရဲ့အပ်သူ, ကုသိုလ်ကောင်းမှုများစွာ ပွားများနေသူဖြစ်ပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

ဒုပ္ပဋိဝိနောဒယသုတ္တ

– အံ၊ ၂။ ၁၆၂။ အံ၊ မြန်၊ ၂။ ၂၀၈။ အံ၊ ဌ၊ ၃။ ၅၅။

– အဂုံတ္တရနိကာယ၊ ပဌကနိပါတ၊ စတုတ္ထပဏ္ဏာသက၊ (၁၆) ၁–သဒ္ဓမ္မဝဂ္ဂ၊ ဒသမသုတ်။

ဖြစ်ပေါ်လာသော ရာဂ, ဒေါသ, မောဟ, ပဋိဘာန, ဂမိကစိတ္တ–ဟူသော တရားငါးမျိုးတို့ကို ပယ်ဖျောက်နိုင်ခဲ့၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူ သည်သုတ်။

♦ အဋ္ဌကထာ၌ သင့်လျော်သော အကြောင်း, သင့်လျော်သော ဆင်ခြင်မှု, ဆုံးမမှုအစရှိသည်တို့ဖြင့် ပယ်ဖျောက်နိုင်ကြောင်း ဖွင့်ပြထားပါသည်။

❖ ❖ ❖

ဒုမ္ဗဏ္ဏိယသုတ္တာ

– သံ၊ ၁။ ၂၃၉။ သံ၊ မြန်၊ ၁၊ ၂၂၃။ သံ၊ ဋ္ဌ၊ ၁။ ၃၂၃–၄။ သံ၊ ဋီ၊ ၁။ ၃၄၃။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁၁–သက္ကသံယုတ္တ၊ တတိယဝဂ္ဂ၊ ဒုတိယသုတ်။

ကောဓဘက္ခနတ်သားနှင့် တာဝတိံသာနတ်များ၊ သိကြားမင်း တို့အကြောင်း၊ သိကြားမင်းက ဒေါသအကြောင်း, မိမိ၌ ဒေါသမရှိအောင် နှိပ်ကွပ်ထားပုံတို့ကို တာဝတိံသာနတ်တို့အား ဟောပြသည်ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဒုလ္လဘသုတ္တာ

– အံ၊ ၁။ ၂၆၉။ အံ၊ မြန်၊ ၁။ ၂၈၆။ အံ၊ ဋ္ဌ၊ ၂။ ၂၃၃။ အံ၊ ဋီ၊ ၂။ ၂၀၄။
– အင်္ဂုတ္တရနိကာယ၊ တိကနိပါတ၊တတိယပဏ္ဏာသက၊ (၁၂) ၂–အာပါယိကဝဂ္ဂ၊ ဒုတိယသုတ်။

(၁) လောက၌ အရဟံ, သမ္မာသမ္ဗုဒ္ဓဘုရားရှင် ပွင့်တော်မူခြင်း၊

(၂) တထာဂတ ပဝေဒိတ ဓမ္မဝိနယကို ဟောပြောသောပုဂ္ဂိုလ်၊

(၃) ကတညူ, ကတဝေဒီ ပုဂ္ဂိုလ် ဟူသော ရခဲကြုံခဲသောပုဂ္ဂိုလ် သုံးမျိုးကို ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ ကတညူ, ကတဝေဒီ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဒုသီလသုတ္တ (၄)

– သံ၊ ၁။ ၃၇၆။ သံ၊ မြန်၊ ၁။ ၃၆၃။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၃–ဓာတုသံယုတ္တ၊
၃–ကမ္မပထဝဂ္ဂ၊ ဒုတိယသုတ်။

(က) အသဒ္ဓ, အဟိရိက, အနောတ္တပ္ပီ, ဒုသီလ, ဒုပ္ပညာ၊

(ခ) သဒ္ဓ, ဟိရိမန, သြတ္တပ္ပီ၊ သီလဝန္တ, ပညဝန္တ, ဓာတ်(သဘော)တူသူ ပုဂ္ဂိုလ်အချင်းချင်းသာ ပေါင်းဆုံညီညွတ်ကြပုံကို ကဏ္ဍပက္ခ, သုက္ကပက္ခအားဖြင့် ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

– သံ၊ ၂။ ၄၃၉။ သံ၊ မြန်၊ ၂။ ၄၃၅။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၃–မာတုဂါမသံယုတ္တ၊
၁–ပဌမပေယျာလဝဂ္ဂ၊ ဒသမသုတ်။

အသဒ္ဓ, အဟိရိက, အနောတ္တပ္ပီ၊ ဒုသီလ–ဟူသော ဓမ္မငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ကွယ်လွန်ပြီးနောက် အပါယ, ဒုဂ္ဂတိ, ဝိနိပါတ, နိရယသို့ ရောက်ရသည်ဟု အရှင်အနုရုဒ္ဓါအား ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊ ၁။ ၅၅၀။ အံ၊ မြန်၊ ၁။ ၅၆၅။
– အဂုံတ္တရနိကာယ၊ စတုတ္ထနိပါတ၊ ပဌမပဏ္ဏာသက၊
(၂၂) ၂–ပရိသသောဘနဝဂ္ဂ၊ ဒသမသုတ်။

အသဒ္ဓ, ဒုသီလ, ကုသီတ, ဒုပ္ပညာ– ဓမ္မလေးမျိုးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ကွယ်လွန်ပြီးနောက် ငရဲသို့ရောက်ရပုံ၊ သဒ္ဓ, သီလဝန္တ, အာရဒ္ဓဝီရိယ, ပညဝန္တ–ဓမ္မလေးမျိုးနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ကွယ်လွန်ပြီး နောက် နတ်ပြည်သို့ ရောက်ရပုံကို ကဏ္ဍပက္ခ, သုက္ကပက္ခ ဒေသနာတော်အားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊ ၂။ ၁၆၊ အံ၊ မြန်၊ ၂။ ၂၂–၃။ အံ၊ ၆၊ ၃။ ၇။
– အဂုံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ပဌမပဏ္ဏာသက၊ ၃–ပဉ္စဂိုဏဝဂ္ဂ၊ စတုတ္ထသုတ်။

ဒုဿီလ သီလဝိပန္နပုဂ္ဂိုလ်အား သမ္မာသမာဓိပျက်စီးပုံ၊ သမ္မာသမာဓိမရှိ၊ သမ္မာသမာဓိ ပျက်စီးသူအား ယထာဘူတဉာဏဒဿန၊ နိဗ္ဗိဒါဝိရာဂ, ဝိမုတ္တိဉာဏ ဒဿနတို့ အဆင့်ဆင့်ပျက်စီးပုံ၊ သီလဝန္တပုဂ္ဂိုလ်အား ယင်းဓမ္မများ အားကြီးသော ပြည့်စုံပုံတို့ကို သစ်ပင်ဥပမာဖြင့် ကဏ္ဍပဏ္ဍ၊ သုဂ္ဂပဏ္ဍအားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

ဒုတေယျသုတ္တ (၂)

– သံ၊ ၃။ ၄၁၁။ သံ၊ မြန်၊ ၃။ ၄၁၅။

– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂–သစ္စသံယုတ္တ၊ ၁၀–စတုတ္ထ အာမဂန္ဓပေယျာလဝဂ္ဂ၊ တတိယသုတ်။

ဒုတေယျ ပဟိနဂမနာနုယောဂမှ ရှောင်ကြဉ်ကြသောသတ္တဝါတို့သည် နည်းပါးကုန်၏။ မရှောင်ကြဉ်သော သတ္တဝါတို့သည် အထူးသဖြင့် များကုန်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

– အံ၊ ၃။၃၅။ အံ၊မြန်၊ ၃။၃၈–၉။ အံ၊ဌ၊ ၃။၂၁၆–၇။

– အဂ်ုတ္တရနိကာယ၊ အဋ္ဌကနိပါတ၊ ပဌမပဏ္ဏာသက၊ ၂–မဟာဝဂ္ဂ၊ ဆဋ္ဌသုတ်။

တမန်ပြုလုပ်မည့်သူ၏ အရည်အချင်းရှစ်မျိုးနှင့် ယင်းအရည်အချင်းများ အရှင်သာရိပုတ္တရာ၌ ပြည့်စုံနေပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

ဒေဝစာရိကသုတ္တ (၃)

– သံ၊ ၃။ ၃၁၈–၉။ သံ၊ မြန်၊ ၃။ ၃၂၀–၁။

– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၁–သောတာပတ္တိသံယုတ္တ၊ ၂–ရာဇကာရာမဝဂ္ဂ၊ အဋ္ဌမသုတ်။

ဗုဒ္ဓ, ဓမ္မ, သံဃာ့ဂုဏ်ရည်များ အဝေစ္ဆပသာဒဖြစ်အောင် ကြည်ညို၊ ယုံကြည်

သူ, အရိယကန္တသီလနှင့် ပြည့်စုံသူများသည် ကွယ်လွန်ပြီးနောက် နတ်ပြည်သို့ ရောက်နိုင်ပုံကို တာဝတိံသာနတ်တို့အား အရှင်မောဂ္ဂလ္လာန်ထေရ်က ဟောတော်မူရာ တာဝတိံသာနတ်တို့က ဤအတိုင်းဖြစ်ပါကြောင်းကို အရှင်မောဂ္ဂလ္လာန်ထေရ်အား လျှောက်ထားသည်သုတ်။

- သံ၊ ၃။ ၃၁၉-၃၂၀။ သံ၊ မြန်၊ ၃။ ၃၂၁-၂။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၁-သောတာပတ္တိသံယုတ္တ၊ ၂-ရာဇကာရာမဝဂ္ဂ၊ နဝမသုတ်။
- သံ၊ ၃။ ၃၂၀-၁။ သံ၊ မြန်၊ ၃။ ၃၂၃-၄။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၁-သောတာပတ္တိသံယုတ္တ၊ ၂-ရာဇကာရာမဝဂ္ဂ၊ ဒသမသုတ်။

အထက်ပါ အဋ္ဌမသုတ်တော်အတိုင်း အရှင်မောဂ္ဂလ္လာန်ထေရ်က မိန့်ကြားသည်ကို တာဝတိံသာနတ်တို့က ပြန်လည်လျှောက်ထားသည်သုတ်။

❖ ❖ ❖

ဒေဝစုတိတိရစ္ဆာနသုတ္တ

- သံ၊ ၃။ ၄၁၃။ သံ၊ မြန်၊ ၃။ ၄၁၉။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂-သစ္စသံယုတ္တ၊ ၁၁-ပဠဂတိ ပေယျာလဝဂ္ဂ၊ အဋ္ဌမသုတ်။

နတ်ပြည်မှစုတေ၍ နတ်ပြည်၌ဖြစ်သော သတ္တဝါတို့ နည်းပါးပြီး တိရစ္ဆာန်ဘဝ၌ ဖြစ်ကြသောသတ္တဝါတို့ များပြားကုန်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒေဝဒူတိန်ရယသုတ္တ

- သံ၊ ၃။ ၄၁၃။ သံ၊ မြန်၊ ၃။ ၄၁၉။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂-သစ္စသံယုတ္တ၊ ၁၁-ပဌမတိ ပေယျာလဝဂ္ဂ၊ သတ္တမသုတ်။

နတ်ပြည်မှစုတေ၍ နတ်ပြည်၌ဖြစ်သောသတ္တဝါတို့ နည်းပါးပြီး ငရဲ၌ဖြစ်သော သတ္တဝါတို့ များပြားကုန်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒေဝဒူတိပေတ္တိဝိသယသုတ္တ

- သံ၊ ၃။ ၄၁၃။ သံ၊ မြန်၊ ၃။ ၄၁၉။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂-သစ္စသံယုတ္တ၊ ၁၁-ပဌမတိ ပေယျာလဝဂ္ဂ၊ နဝမသုတ်။

နတ်ပြည်မှစုတေပြီး နတ်ပြည်၌ဖြစ်သောသတ္တဝါတို့ နည်းပါးပြီး ပြိတ္တာဘုံ၌ ဖြစ်သောသတ္တဝါတို့ များပြားကုန်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူ သည်သုတ်။

❖ ❖ ❖

ဒေဝတာသုတ္တ (၂)

- အံ၊ ၂။ ၃၇၀-၁။ အံ၊ မြန်၊ ၂။ ၃၆၅-၇။ အံ၊ ဌ၊ ၃။ ၁၃၇။
- အင်္ဂုတ္တရနိကာယ၊ ဆက္ကနိပါတ၊ ဒုတိယပဏ္ဏာသက၊ ၇-ဒေဝတာဝဂ္ဂ၊ ပဌမသုတ်။

ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ အညတရနတ်သား လျှောက်ထားသော ဘိက္ခုအပရိဟာနိယတရား (၆)ပါးကို ရဟန်းတို့အား ဘုရားရှင်က ဟောတော်မူရာ ယင်းအပရိဟာနိယတရား (၆)ပါးကို အကျယ်အားဖြင့် မိမိသိရှိပါ ကြောင်း အရှင်သာရိပုတ္တရာက လျှောက်ထားပါသည်။ ဘုရားရှင်က သာရိပုတ္တရာ လျှောက်သည့်အတိုင်း ဘိက္ခုအပရိဟာနိယတရားတို့၏ အကျယ်ကို သိမှတ်ရမည်ဟု

အတည်ပြု မိန့်ကြားတော်မူသည်သုတ်။

- အံ၊ ၃။ ၁၉၃-၄။ အံ၊ မြန်၊ ၃။ ၁၉၄-၅။ အံ၊ ဌ၊ ၃။ ၂၆၇။
- အဂ္ဂိတ္တရနိကာယ၊ နဝကနိပါတ၊ ပဌမပဏ္ဏာသက၊ ၂-သီဟနာဒဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်ဝယ် သီတင်းသုံးနေတော်မူစဉ်-

(၁) မိမိတို့ လူဖြစ်စဉ်က နေအိမ်သို့ ကြွလာသော ရဟန်းတော်များအား ခရီးဦး မကြိုဆိုကြသောနတ်များ။။

(၂) ခရီးဦးကြိုဆိုမှု, ရှိခိုးမှုကို မပြုခဲ့ကြသောနတ်များ။။

(၃) ခရီးဦးကြိုဆိုမှု၊ ရှိခိုးမှု၊ နေရာမပေးလျှုခဲ့ကြသော နတ်များ။။

(ခရီးဦးကြိုဆိုမှု၊ ရှိခိုးမှု၊ နေရာပေးလျှုမှု၊ သတ္တိစွမ်းအားရှိသမျှ မလျှုဒါန်းခဲ့ကြသာ နတ်များ။။

(၅) ခရီးဦးကြိုဆိုမှု လျှုဒါန်းမှု၊ အနီးဌ် တရားမနာခဲ့ကြသောနတ်များ။။

(၆) ခရီးဦးကြိုဆိုမှု တရားနာမှု၊ နားစိုက်၍ တရားမနာခဲ့ကြသောနတ်များ။

(၇) ခရီးဦးကြိုဆိုမှုနာယူပြီးသော တရားတော်ကို မဆောင်ထားခဲ့ကြသော နတ်များ။

(၈) ခရီးဦးကြိုဆိုမှု ဆောင်ထားသော ဓမ္မ၏ အနက်အဓိပ္ပါယ်ကို သိရှိ နားလည်အောင် မဆင်ခြင်ခဲ့သော နတ်များတို့သည် ကောင်းမှု၏ မပြည့်စုံခြင်း၊ နှလုံးမသာယာခြင်း၊ နောင်တ တဖန်ပူပန်ခြင်း ရှိကြပြီး ယုတ်နိမ့်သောနတ်ပြည်ဌ် ဖြစ်ကြရပုံ။

(၉) ခရီးဦးကြိုဆိုမှု၊ ရှိခိုးမှု၊ နေရာပေးလျှုမှု၊ သတ္တိစွမ်းအားရှိသမျှ လျှုဒါန်းမှု၊ အနီးဌ်နေ၍ တရားနာယူမှု၊ တရားတော်ကို နားစိုက်၍ နာယူမှု၊ နာယူပြီးသော တရားတော်ကို ဆောင်ထားမှု၊ ဆောင်ထားအပ်သော တရားတော်၏ အနက်အဓိပ္ပါယ်ကို သိရှိနားလည်အောင် ဆင်ခြင်မှု၊ ဓမ္မ၏အနက်အဓိပ္ပါယ်, ဓမ္မကို သိမြင်ပြီး ဓမ္မာနုဓမ္မပဋိပတ်ကို ဖြည့်ကျင့်ခဲ့ကြရသဖြင့် ကောင်းမှု၏ ပြီးပြည့်စုံမှု စိတ်နှလုံးသာယာမှု နောင်တတဖန် ပူပန်မှုမရှိကြဘဲ မြင့်မြတ်သော နတ်ပြည်ဌ် ဖြစ်ကြရပါကြောင်း

မိမိတို့၏ နတ်ပြည်ရောက်ကြောင်း ကောင်းမှုများကို သမ္မာဟုလနတ်များက လာရောက်ပြီး လျှောက်ထားကြပုံ၊ ဘုရားရှင်က ရဟန်းတို့အား ပြန်လည် မိန့်ကြားတော်မူပြီး ရုက္ခမူလ, သုညာဂါရဟူသော ဌာနတို့၌ ရဟန်းတရားပွားများ အားထုတ်ကြ၊ ထိုနတ်များကဲ့သို့ နောက်ကာလရောက်မှ နှလုံးမသာမယာ မဖြစ်ကြနှင့်ဟု နတ်တို့ကို ပမာထား၍ ဟောကြားတော်မူသည့်သုတ်။

❖ ❖ ❖

ဒေဝဒတ္တသုတ္တ (၃)

– သံ၊ ၁။ ၁၅၅–၆။ သံ၊ မြန်၊ ၁။ ၁၄၇။ သံ၊ ဋ္ဌ၊ ၁။ ၂၄၈–၉။ သံ၊ ဋီ၊ ၁။ ၂၀၁။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၆–ဗြဟ္မသံယုတ္တ၊
ဒုတိယဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့, ဂိဇ္ဈကူဋ်တောင်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ္တ သံဃာသင်းခွဲ၍ ထွက်သွားပြီး မကြာမီ သဟမ္မတိဗြဟ္မာ ရောက်လာပြီး 'ဖလံ ဝေ ကဒလီ ဟန္တိ' အစရှိသော ဂါထာဖြင့် လျှောက်ထားသည်ကို ပြဆိုသည့်သုတ်။

– အံ၊ ၁။ ၃၈၅။ အံ၊ မြန်၊ ၁။ ၃၉၉–၄၀၀။ အံ၊ ဋ္ဌ၊ ၂။ ၃၁၆။ အံ၊ ဋီ၊ ၂။ ၃၁၂။
– အဋ္ဌကနိကာယ၊ စတုက္ကနိပါတ၊ ဒုတိယပဏ္ဏာသက၊
(၇) ၂–ပတ္တကမ္မဝဂ္ဂ၊ အဋ္ဌမသုတ်။

ဒေဝဒတ္တ၏ သံဃာသင်းခွဲထွက်သွား၍ မကြာမီ 'ဒေဝဒတ္တ၏ လာဘ, သက္ကာရ သိလောကသည် မိမိကိုသတ်ခြင်းငှာ ပျက်စီးခြင်းငှာ ဖြစ်ပေါ်လာပြီဟု ၄က်ပျော်သီး၊ ဝါးသီး, ကျူသီး, အဿတိုရ်မြည်းမ၏ ကိုယ်ဝန်ဥပမာဖြင့် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့, ဂိဇ္ဈကူဋ်တောင်ကျောင်းတော်၌ ရဟန်းတော်တို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

– ဣတိဝုတ်။ ၂၅၃–၄။ ဣတိဝုတ်၊ မြန်။ ၂၃၈–၉။ ဣတိဝုတ်။ ဋ္ဌ။ ၂၆၅–၇။
– ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ တိကနိပါတ၊ စတုတ္ထဝဂ္ဂ၊ ဒသမသုတ်။

သူယုတ်မာတို့၏ တရားသုံးပါးတို့ လွှမ်းမိုးနှိပ်စက်အပ်သော ကုသိုလ်စိတ်ကုန်သွားသော ဒေဝဒတ္တသည် အပါယ်ငရဲ၌ တစ်ကမ္ဘာပတ်လုံးတည်သူ ကုစားရ၍မရအပ်သူဖြစ်ကြောင်း, မာဇာတု–အစရှိသော ဒေသနာတော်ကို ဘုရားရှင် ဟောတော်မူကြောင်း ခုဇ္ဈတ္တရာက သာမာဝတီ အမှူးရှိသော မိဖုရားတို့အား ဟောကြားသည်သုတ်။

♦ အဌကထာ၌ ဤသုတ်တော်ဖြစ်ပေါ်လာပုံနှင့် မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဒေဝဒတ္တဝိပတ္တိသုတ္တ

– အံ၊ ၃။ ၉–၁၀။ အံ၊ မြန်၊ ၃။ ၁၀–၁၂။ အံ၊ ဌ၊ ၃။ ၁၉၆။
– အဂ်ုတ္တရနိကာယ၊ အဌကနိပါတ၊ပဌမပဏ္ဏာသက၊ ၁–မေတ္တာဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့, ဂိဇ္ဈကူဋ်တောင်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ္တသံဃာသင်းခွဲ၍ ထွက်သွားပြီး မကြာမီ ဒေဝဒတ္တကို အကြောင်းပြု၍ 'သူတော်ကောင်းဖြစ်သော ရဟန်းသည် ရံဖန်ရံခါ မိမိ၏ပျက်စီးမှု, သူတစ်ပါးတို့၏ ပျက်စီးမှု, မိမိ၏ပြည့်စုံမှု, သူတစ်ပါးတို့၏ ပြည့်စုံမှုကို ဆင်ခြင်သိမြင်နေရမည်၊ လာဘ, အလာဘ, ယသ, အယသ, သက္ကာရ, အသက္ကာရ၊ ပါပိစ္ဆတာ, ပါပမိတ္တတာ ဟူသော အသဒ္ဓမ္မရစ်ပါးတို့ လွှမ်းမိုးနှိပ်စက်အပ်သော ကုသိုလ်စိတ်ကုန်နေသော ဒေဝဒတ္တသည် အာပါယိက, နေရယိက, ကပ္ပဋ္ဌ, အတေကိစ္ဆ ဖြစ်ပုံ၊ သူတော်ကောင်းဖြစ်သော ရဟန်းတော်သည် ယင်းတရားရှစ်ပါးကို လွှမ်းမိုး၍နေရမည်။ ယင်းအသဒ္ဓမ္မရစ်ပါးကို မလွှမ်းမိုးပဲနေသော ရဟန်းအား ဒုက္ခာသဝ, ကိလေသာသဝ, ဝိယာတ ပရိဠာဟတို့ ဖြစ်ကုန်ရာ၏။ လွှမ်းမိုး၍နေသော ရဟန်းအား မဖြစ်ကုန်၊ ထို့ကြောင့် ဖြစ်ပေါ်လာသော ယင်းအသဒ္ဓမ္မရစ်ပါးတို့ကို လွှမ်းမိုး၍နေအံ့ဟု ကျင့်ရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒေဝဒဟသုတ္တ (၃)

- မ၊ ၃။ ၁-၁၇။ မ၊ မြန်၊ ၃။ ၁-၁၉။ မ၊ ဌ၊ ၄။ ၁-၁၀။ မ၊ ဋ္ဌ၊ ၃။ ၂၁၁-၈။
- မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၁-ဒေဝဒဟဝဂ္ဂ၊ ပထမသုတ်။

ဘုရားရှင် သက္ကနိုင်ငံ ဒေဝဒဟမြို့တော်အနီး လုပ္မိနီဥယျာဉ်တော်၌ သီတင်းသုံးတော်မူစဉ် နိဂဏ္ဌတို့၏ ပုဗ္ဗေကတဟေတုကဒိဋ္ဌိနှင့် ဒုက္ခချုပ်ငြိမ်းပုံ အယူဝါဒ၊ ယင်းဝါဒနှင့် ဆက်စပ်၍ 'အဟုဝမ္ပေ အစရိသော ပြဿနာ ငါးချက်ကို သိ၊ မသိ မေးမြန်း၍ မြှားစူးဝင်ခံရသူဥပမာဖြင့် နိဂဏ္ဌဝါဒကို ချေဖျက်ပုံ'၊ နိဂဏ္ဌတို့က 'နာဋပုတ္တ နိဂဏ္ဌ၏ မိန့်ကြားချက်၊ ယင်းမိန့်ကြားချက်ကို နှစ်သက်ကြေနပ်ပုံ'၊ ဘုရားရှင်က မှန်၊ မမှန် အကျိုးနှစ်မျိုးရှိသော သဒ္ဓါအစရှိသော တရားငါးမျိုးဖြင့် စိစစ်ပြရာ နိဂဏ္ဌတို့ ပြန်လည်မချေပနိုင်ပုံ၊ ဘုရားရှင်က 'နိဂဏ္ဌတို့ကျင့်စဉ်၌ ဆင်းရဲဒုက္ခခံစားမှုရှိ၊ မရှိကို မေးမြန်း၍ နိဂဏ္ဌဝါဒ စိစစ်ပြတော်မူရာ နိဂဏ္ဌတို့ ပြန်လည်မချေပနိုင်ပုံ'၊ ဘုရားရှင်က 'ဒိဋ္ဌဓမ္မဝေဒနီယကံကိုသမ္ပရာယဝေဒနီယကံ၊ သုခဝေဒနီယကံကို ဒုက္ခဝေဒနီယကံ၊ ပရိပက္ကဝေဒနီယကံကို အပရိပက္ကဝေနီယကံ၊ အပ္ပဝေဒနီယကံကို ဗဟုဝေဒနီယကံ၊ သဝေဒနီယကံကို အဝေဒနီယကံတို့ အပြန်အလှန်ဖြစ်အောင် လုံ့လပြုအားထုတ်၍ ရနိုင်၊ မရနိုင်ကို မေးမြန်းစိစစ်တော်မူပုံ'၊ ပုဗ္ဗေကတဟေတု၊ ဣဿရနိမ္မာနဟေတု၊ သင်္ဂတိဘာဝဟေတု၊ အဘိဇာတိဟေတု၊ ဒိဋ္ဌဓမ္မူပဂ္ဂမဟေတုကြောင့် သတ္တဝါတို့ သုခဒုက္ခခံစားရလျှင် နိဂဏ္ဌတို့သည် ပုဗ္ဗေဒုက္ကဋကမ္မကာရီပုဂ္ဂိုလ် ပါပကေန ဣဿရေန နိမ္မိတပုဂ္ဂိုလ်၊ ပါပသင်္ဂတိကပုဂ္ဂိုလ်၊ ပါပါဘိဇာတိက ပုဂ္ဂိုလ်၊ ဒိဋ္ဌဓမ္မူပဂ္ဂမ ပုဂ္ဂိုလ်များဖြစ်ပုံ၊ နိဂဏ္ဌဝါဒသည် 'ဒသသဟဓမ္မိက ဝါဒါနုဝါဒ ဂါရယှ ဌာန'သို့ ရောက်ရှိပုံ။ နိဂဏ္ဌဝါဒ၌ ဥပဏ္ဏမ, ပဓာနလုပ်ငန်းတို့ အကျိုးမရှိပုံကို မိန့်ကြားတော်မူပါသည်။

နိယျာနိကသာသနာတော်၌ အားထုတ်မှု, လုံ့လဝိရိယ၏ အကျိုးရှိပုံ၊ အမျိုးသမီးတစ်ဦး၌ ချစ်ကြိုက်နေသော ယောကျ်ားဥပမာဖြင့် ရှင်းလင်း မိန့်ကြားတော်မူပြီး၊ သုခဝိဟာရ, ဒုက္ခဝိဟာရတို့၌ အကုသိုလ်တရားတို့ ဆုတ်ယုတ်မှု, ကုသိုလ်တရားတို့

တိုးပွားမှုကို သုံးသပ်၍ မြားဖြောင့်အောင် ပြုလုပ်သော ယောက်ျားဥပမာဖြင့် အားထုတ်မှု လုံ့လဝီရိယ၏ အကျိုးရှိပုံကို မိန့်ကြားတော်မူပါသည်။

ဆက်လက်၍ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ဘုရားရှင်နှင့် တရားတော် အပေါ် ယုံကြည်သက်ဝင်ပုံ၊ ရဟန်းပြုပုံ၊ သီလနှင့်ပြည့်စုံပုံ၊ အနဝဇ္ဇသုခ ခံစားရပုံ၊ ဣန္ဒြိယ သံဝရသီလနှင့်ပြည့်စုံပုံ၊ သတိသမ္ပဇဉ်နှင့်ပြည့်စုံပုံ၊ တရားအားထုတ်ရာအရပ်၌ တရားအားထုတ်ပုံ၊ ဥပစာရသမာဓိ, အပ္ပနာ သမာဓိနှင့် ပြည့်စုံပုံ၊ ရူပစျာန်လေးပါးရရှိပုံ၊ ပု,ဒိ,အာ, ဝိဇ္ဇာသုံးပါးရရှိပြီး ရဟန္တာဖြစ်ပုံ၊ ဤသို့ ဝါဒရှိတော်မူသော အားထုတ်မှု၊ လုံ့လဝီရိယ၏ အကျိုးရှိပုံ၊ ဘုရားရှင်တို့၏ ဒသသဟဓမ္မိကပါသံသဌာနသို့ ရောက်ရှိပုံ တို့ကို ရဟန်းတို့အား ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များနှင့်အတူ ဒိဋ္ဌဓမ္မဝေဒနီယ ကုသိုလ်ကံအရာဝယ် ပုဏ္ဏသေဋ္ဌိဝတ္ထု၊ ကာဠဝဠိယသေဋ္ဌိဝတ္ထု, မလ္လိကာ ဒေဝီဝတ္ထု၊ အကုသိုလ်အရာ၌ နန္ဒမာဏဝကဝတ္ထု, နန္ဒယက္ခဝတ္ထုတို့ကို ပြဆိုထားပါသည်။

♦ ဋီကာ၌လည်း မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

– သံ၊ ၂။ ၅–၈။ သံ၊ မြန်၊ ၂။ ၅–၈။ သံ၊ ဋ္ဌ၊ ၂။ ၂၃၆–၈။ သံ၊ ဋီ၊ ၂။ ၂၀၈–၉။

– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊
၁–နကုလပိတုဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင် သက္ကနိုင်ငံ ဒေဝဒဟနိဂုံး၌ သီတင်းသုံးတော်မူစဉ် ပစ္စာဘူမိ အရပ်သို့သွား၍ နေလိုကြသော လျှောက်ထားလာသော ရဟန်းတို့အား အရှင်သာရိပုတ္တရာကို ပန်ကြားပြီးမှ ခရီးထွက်ကြရန် ဘုရားရှင်က မိန့်တော်မူပါသည်။

အရှင်သာရိပုတ္တရာက ခွင့်ပန်လာကြသော ရဟန်းတော်များအား နိုင်ငံခြားမင်း, ပုဏ္ဏား, သူကြွယ်, ရဟန်းပညာရှိများ စူးစမ်းတတ်သောလူများက ပြဿနာမေးလာလျှင် ဘုရားရှင် ဟောတော်မူသည့်အတိုင်း ဟောကြားရန်, ဘုရားရှင်အား မဟုတ်မမှန်သောအားဖြင့် စွပ်စွဲရာမရောက်ရန်, တရားတော်အားလျော်သော တရား

ကိုသာ ဖြေကြားရန်၊ မိမိပြောဆိုသောဝါဒ, ဝါဒအားလျှော်သောစကားကို အကြောင်းနှင့်တကွ ကဲ့ရဲ့ရာ မရောက်အောင် ဝမ္မကိုနာကြား, သင်ယူ, မှန်ကန်စွာ နှလုံးသွင်း၊ မှန်ကန်စွာ ဆောင်ထားပြီး, ပညာဖြင့် ထိုးထွင်း၍သိဖို့ လိုအပ်ပုံကို မိန့်ကြားတော်မူသည့်အခါ ရဟန်းတို့၏ လျှောက်ထားချက်အရ (၁) မြတ်စွာဘုရားသည် ခန္ဓာငါးပါးတို့၌ ဆန္ဒရာဂကို ပယ်ဖျောက်ဖို့ရန် ဟောတော်မူပုံ၊ (၂) ခန္ဓာငါးပါး၌ ဆန္ဒ, ရာဂ, ပေမ, ပိပါသ, ပရိဠာဟ, တဏှာ, မကင်းသေးသူအား ခန္ဓာငါးပါး ဖောက်ပြန်ခြင်း, တမျိုးတမည် ပြောင်းလဲဖြစ်ခြင်းကြောင့် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ ဖြစ်လာပုံ၊ ဤအပြစ်ကို မြင်၍ ဆန္ဒ ရာဂ ပယ်ဖျောက်ရန် ဟောတော်မူပုံ၊ (၃) ခန္ဓာငါးပါး၌ ဆန္ဒရာဂတဏှာကင်းပြီးသောသူအား ခန္ဓာငါးပါး ဖောက်ပြန်ခြင်း အစရှိသည်ကြောင့် သောကအစရှိသော ပူပန်မှုများ မရှိပုံ၊ ထို့ကြောင့် ဆန္ဒရာဂကို ပယ်ဖျောက်ရမည်ဟု ခန္ဓာတစ်ပါးစီ တစ်ပါးစီ အသေးစိတ် ဟောတော်မူပုံ၊ (၄) အကုသိုလ်တရားများ ဖြစ်နေသော သူအား မျက်မှောက်ဘဝ၌ ဆင်းရဲပင်ပန်း, ပူပန်စွာနေရပုံ၊ ကွယ်လွန်ပြီးနောက် ဒုဂ္ဂတိဘဝသို့ရောက်နိုင်ပုံ၊ (၅) ကုသိုလ်တရားတို့ ဖြစ်နေသောသူသည် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရပုံ၊ ကွယ်လွန်ပြီးနောက် သုဂတိဘဝသို့ ရောက်ရပုံတို့ကိုဖြေကြားရမည်ဟု အရှင်သာရိပုတ္တရာက ပစ္ဆာဘူမိအရပ်သို့ ခရီးထွက်မည့် ရဟန်းတို့အား ဟောကြားတော်မူသည့်သုတ်။

♦ အဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များရှိပါသည်။

– သံ၊ ၂။ ၃၄၀–၁။ သံ၊ မြန်၊ ၂။ ၃၃၃–၄။ သံ၊ ဋ္ဌ၊ ၃။ ၄၄။ သံ၊ ဋီ၊ ၂။ ၃၁၃။

– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊ (၁၄)၄– ဒေဝဒဟဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် သက္ကနိုင်ငံ ဒေဝဒဟနိုဂုံး၌ သီတင်းသုံးတော်မူစဉ် ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ရည်များကို မိန့်ကြားတော်မူပြီး ရဟန္တာပုဂ္ဂိုလ်တို့အား ဖဿာယတန(အာရုံ)(၆)ပါးတို့၌ အပ္ပမာဒဖြင့် ပြုကြပြီး၊ မေ့လျော့ခြင်း မဖြစ်ထိုက်သောကြောင့် အပ္ပမာဒဖြင့် ပြုရမည်ဟု ဟောတော်မမူပုံ၊ အရဟတ္တဖိုလ်သို့ မရောက်သေးကုန် ယောဂကုန်ရာ

နိဗ္ဗာန်ကို တောင်းတ၍ကျင့်နေကြကုန်သော ရဟန်းတို့အား ဝိညာဏ်(၆)ပါးတို့ဖြင့် သိအပ်ကုန်သော စိတ်၏မွေ့လျော်ဖွယ်ဖြစ်ကုန်, မွေ့လျော်ဖွယ်မဖြစ်ကုန်သော အာရုံ(၆)ပါးတို့သည် တွေ့ထိကုန်၍ တွေ့ထိကုန်၍ ကုသိုလ်စိတ်ကိုကုန်စေ၍ မတည်နိုင်ခြင်းကြောင့် တွန့်တိုဆုတ်နစ်မှု မရှိအောင် ဝိရိယကို အားထုတ်ထားခြင်းကြောင့် သတိသည် မပျောက်မပျက် အာရုံ၌ စွဲမြဲစွာ တည်နေ၏။ နာမကာယ၊ ရူပကာယသည် ပူပန်မလိမ်း ငြိမ်းအေးနေ၏။ စိတ်သည် အာရုံတစ်ခုတည်း၌ ငြိမ်သက်စွာတည်နေ၏။ အပွမာဒ၏အကျိုးကို သိမြင်ကြကုန်သော ထိုရဟန်းတို့အား ဖဿာယတန (အာရုံ)(၆)ပါးတို့၌ တွေ့ထိကုန်၍ တွေ့ထိကုန်၍ ကုသိုလ်စိတ်ကိုကုန်စေ၍ မတည်နိုင်အောင် မမေ့မလျော့ အားထုတ်သမျှပြုရမည်ဟု ငါဘုရား ဟောတော်မူ၏ဟု ဖဿာယတန နှင့်ဝိညာဏ် တစ်ပါးစီ တစ်ပါးစီကို ဝေဘန်၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

ဒေဝဒူတသုတ္တ (၂)

- မ၊ ၃။ ၂၁၆-၂၂၅။ မ၊ မြန်၊ ၃။ ၂၂၀-၈။ မ၊ ဌ၊ ၄။ ၁၆၃-၉။
  မ၊ ဋီ၊ ၃။ ၃၅၉-၃၆၅။
- မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၃-သုညတဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဒီဃစက္ခု (ယထာကမ္မုပဂ) အဘိညာဉ်ဖြင့် ကွယ်လွန် ပြီးနောက် နတ်ပြည်, လူပြည်သို့ ရောက်ရှိကြကုန်သော ကုသိုလ်ရှင်များ၊ ပြိတ္တာ တိရစ္ဆာန် ငရဲဘုံသို့ ရောက်ရှိကြကုန်သော ဒုစရိုက်ရှင်များကို သိမြင်တော်မူပုံ၊ ငရဲသို့ ရောက်လာသူကို ငရဲထိန်းတို့က ယမမင်းထံ ခေါ်ဆောင်သွားပုံ၊ ယမမင်းက ကလေးသူငယ်, သူအို, သူနာ, ရာဇဝတ်သား, သူသေဟူသော ဒေဝဒူတ(၅)မျိုးဖြင့် ကုသိုလ်ကောင်းမှုပြု၊ မပြု မေးမြန်းစစ်ပုံ၊ ကောင်းမှုမပြုသူအား ငရဲထိန်းတို့က ညှင်းပန်းနှိပ်စက်ပုံ၊ အဝီစိငရဲကြီး၌ ငရဲသားတို့ ဆင်းရဲခံစားကြရပုံ၊ အဝီစိငရဲကြီး၏ အပြင်ဖက်၌ ငရဲယ

(၂၂၂) တိပိဋကသုတ္တသုစိ ဝိဘာဝိနီ

(၅)မျိုးခ္ဍ မကောင်းမှု အပြစ်ခံကြရပုံ၊ ယမမင်းကြီး၏ အကြံအစီတို့ကို ကိုယ်တော်တိုင် သိမြင်၍ ဟောတော်မူကြောင်းကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

– အံ၊ ၁။ ၁၃၇–၁၄၁။ အံ၊ မြန်၊ ၁။ ၁၅၅–၈။ အံ၊ ဋ္ဌ၊ ၂။ ၁၁၇–၁၂၁။
  အံ၊ ဋီ၊ ၂။ ၁၁၁–၇။
– အဂ္ဂိတ္တရနိကာယ၊ တိကနိပါတ၊ ပဌမပဏ္ဏာသက၊ ၄–ဒေဝဒူတဝဂ္ဂ၊ ဆဋ္ဌသုတ်။

ငရဲထိန်းတို့ ခေါ်ယူလာသော ငရဲသားကို ယမမင်းက သူအို, သူနာ, သူသေ–ဟူသော ဒေဝဒူတ (၃)မျိုးဖြင့် ကောင်းမှုပြု၊ မပြုကို မေးမြန်းသတိပေးပုံ၊ ငရဲထိန်းတို့က ငရဲသားအား ပဋ္ဌိဝေဒနာဖြင့် နှိပ်စက်ပုံ အဝီစိငရဲအကြောင်း, ယမမင်း၏ အကြံအစီတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဥပရိပဏ္ဏာသသုတ်နည်းတူ မှတ်သားဖွယ် များစွာကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

ဒေဝပဒသုတ္တ (၂)

– သံ၊ ၃။ ၃၄၃။ သံ၊ မြန်၊ ၃။ ၃၄၆။ သံ၊ ဋ္ဌ၊ ၃။ ၃၁၉။ သံ၊ ဋီ၊ ၂။ ၅၃၅။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၁–သောတာပတ္တိသံယုတ္တ၊
  ၄–ပုညာဘိသန္ဒဝဂ္ဂ၊ စတုတ္ထသုတ်။

မစင်ကြယ်သောသတ္တဝါတို့ စင်ကြယ်စေနိုင်သော, မဖြူစင်သော သတ္တဝါတို့ ဖြူစင်တောက်ပစေနိုင်သော ဝိသုဒ္ဓိဒေဝတို့၏ ဒေဝပဒတရား (၄)ပါးတို့ကို ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဒေဝ, ဒေဝပဒတို့ကို ဖွင့်ဆိုထားပါသည်။

– သံ၊ ၃။ ၃၄၃–၄။ သံ၊ မြန်၊ ၃။ ၃၄၇။

- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၁-သောတာပတ္တိသံယုတ္တ၊
  ၄-ပုညာဘိသန္ဒဝဂ္ဂ၊ ပဌမသုတ်။

အထက်သုတ်ပါ ဒေဝပဒတရားတို့နှင့် ပြည့်စုံနေသောသူသည် မိမိ၌ ဒေဝပဒတရားတို့ ပြည့်စုံနေခြင်းကို သိမြင်နေပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

ဒေဝမနုဿတိရစ္ဆာနသုတ္တ

- သံ၊၃။၄၁၃။ သံ၊မြန်၊၃။၄၁၉။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂-သစ္စသံယုတ္တ၊
  ၁၁-ပဋ္ဌဂတိပေယျာလဝဂ္ဂ၊ ကောဒသမသုတ်။

လက်သည်းပေါ်၌ တင်ထားသော အနည်းငယ်သော မြေမှုံ့ကို ဥပမာထား၍ နတ်ပြည်မှစုတေ၍ လူပြည်၌ဖြစ်သော သတ္တဝါတို့ထက် တိရစ္ဆာန်ဘဝ၌ဖြစ်သော သတ္တဝါတို့များပြားပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

ဒေဝမနုဿနိရယသုတ္တ

- သံ၊၃။၄၁၃။ သံ၊မြန်၊၃။၄၁၉။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂-သစ္စသံယုတ္တ၊
  ၁၁-ပဋ္ဌဂတိ ပေယျာလဝဂ္ဂ၊ ဒသမသုတ်။

အထက်သုတ်အတိုင်း နတ်ပြည်မှ စုတေ၍ လူပြည်၌ဖြစ်သော သတ္တဝါတို့ထက် ငရဲ၌ဖြစ်သော သတ္တဝါတို့ များပြားပုံကို ဟောတော်မူသောသုတ်။

❖ ❖ ❖

တိပိဋကသုတ္တသူစိ ဝိဘာဝိနီ

ဒေဝမဏ္ဍလပေတ္တိဝိသယသုတ္တ

– သံ၊ ၃။ ၄၁၃။ သံ၊ မြန်၊ ၃။ ၄၁၉။

– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂–သစ္စသံယုတ္တ၊ ၁၁–ပဋ္ဌာဂတိ ပေယျာလ ဝဂ္ဂ၊ ဒွါဒသမသုတ်။

အထက်ပါသုတ်အတိုင်း နတ်ပြည်မှစုတေ၍ လူ့ပြည်၌ဖြစ်သော သတ္တဝါတို့ထက် ပြိတ္တာဘုံ၌ဖြစ်သော သတ္တဝါတို့မျှားပြားပုံကို ဟောကြားတော် မူသည်သုတ်။

❖ ❖ ❖

ဒေဝလောကသုတ္တ

– အံ၊ ၁။ ၁၁၃။ အံ၊ မြန်၊ ၁။ ၁၃၁။ အံ၊ ဋ္ဌ၊ ၂။ ၈၅။ အံ၊ ဋီ၊ ၂။ ၈၈။

– အင်္ဂုတ္တရနိကာယ၊ တိကနိပါတ၊ ပဌမပဏ္ဏာသက၊ ၂–ရထကာရဝဂ္ဂ၊ အဋ္ဌမသုတ်။

အညတိတ္ထိယတို့ကို နတ်ပြည်၌ဖြစ်ရန်အတွက် ဗြဟ္မစရိယကို ကျင့်သုံးပါကုန် သလောဟူသော မေးခွန်းနှင့်နတ်တို့၏ အာယု, ဝဏ္ဏ, သုခ,အာဓိပတေယျတို့ကို ငြိုးငွေ့,ရှက်နှိုး,စက်ဆုပ်ခဲ့လျှင် ကာယ၊ ဝစီ၊ မနောဒုစရိုက်(၃)မျိုး၌ ရှေးဦးကပင် ငြိုးငွေ့, ရှက်နှိုး, စက်ဆုပ်ကြရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒေဝသဒ္ဒသုတ္တ

– ဣတိဝုတ်။ ၂၄၆–ရ။ ဣတိဝုတ်၊ မြန်။ ၂၃၀–၁။ ဣတိဝုတ်၊ ဋ္ဌ။ ၂၃၉–၂၄၂။

– ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ တိကနိပါတ၊ စတုတ္ထဝဂ်၊ တတိယသုတ်။

အရိယသာဝကဏ် (၁) ရှင်ရဟန်းပြုခြင်း၊ (၂) ဗောဓိပက္ခိယတရား (၇)ပါးကို အားထုတ်ခြင်း၊ (၃) အာသဝေါကုန်ခမ်း ရဟန္တာပြစ်မှုတို့ကို အကြောင်းပြု၍ နတ်ပြည်တို့၌ နတ်တို့အချင်းချင်း ပြောဆိုသံ 'ဒေဝသဒ္ဒ'တို့ ဖြစ်ပေါ်လာကုန်၏ဟု ခုဇ္ဈတ္တရာက သာမာဝတီအမှူးရှိသော မိဖုရားတို့အား ဟောကြားသည်သုတ်။

❖ ❖ ❖

ဒေဝသဘာဝသုတ္တ

- သံ၊ ၃။ ၃၄၄။ သံ၊ မြန်၊ ၃။ ၃၄၈။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၁-သောတာပတ္တိသံယုတ္တ၊
  ၄-ပုညာဘိသန္ဒဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဒေဝသဘာဝတရား (၄)ပါးနှင့် ပြည့်စုံသူကို နတ်တို့သည် နှစ်သက်ကုန်သည်ဖြစ်၍ သဘောတူသူအဖြစ်ကို ပြောဆိုကုန်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒေဝဟိတသုတ္တ

- သံ၊ ၁။ ၁၇၆-၇။ သံ၊ မြန်၊ ၁။ ၁၆၆-၇။ သံ၊ ဋ္ဌ၊ ၁။ ၂၃၇-၈။
  သံ၊ ဋီ၊ ၁။ ၂၇၅- ၆။
- သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၇-ဗြာဟ္မဏသံယုတ္တ၊
  ၂-ဥပါသက ဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် လေနာရောဂါပျောက်ကင်းရေးအတွက် ရေနွေးချိုးရည်နှင့် တင်လဲလျှုဒါန်းသော ဒေဝဟိတပုဏ္ဏားဇ၏ မေးလျှောက်ချက်အရ ဒါနကောင်းမှုနှင့် ဆက်စပ်၍ ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

ဒေဝါသုရသင်္ဂါမသုတ္တ

- အံ၊ ၃။ ၂၂၈-၂၃၀။ အံ၊ မြန်၊ ၃။ ၂၂၈-၂၃၀။ အံ၊ ဋ္ဌ၊ ၃။ ၂၈၀-၁။ အံ၊ ဋီ၊ ၃။ ၃၀၁-၃။
- အဂုံတ္တရနိကာယ၊ နဝကနိပါတ၊ ပဌမပဏ္ဏာသက၊ ၄-မဟာဝဂ္ဂ၊ အဋ္ဌမသုတ်။

နတ်, အသုရာစစ်ပွဲကို ပမာထား၍ ရှုပါဝစရစျာန်ရပြီးသော ရဟန်းသည် ငါသည် ယခုအခါ ဘေးရန်လုံခြုံရာသို့ရောက်သော ကိုယ်ဖြင့် ယခုနေနိုင်ပြီ၊ မာရ်နတ်

သည် တစုံတရာမပြုနိုင်တော့ပြီဟု အကြံအစီ ဖြစ်သကဲ့သို့၊ မာရ်နတ်ကလည်း အကြံအစီဖြစ်ပုံ အရှုပစျာန်ကို ရပြီးသော ရဟန်း, အာသဝေါကုန်ပြီးသော ရဟန်းကို၊ 'ငါသည် မာရ်နတ်ကို (ပြုစီရင်နိုင်သော) အကြောင်းမရှိအောင် ကုန်ဆုံးအောင်ပြုနိုင်ပြီ၊ မာရ်နတ်၏ မာရ်နတ်စကၠုကို ဖျက်ဆီး၍ မမြင်နိုင်ရာသို့ရောက်ပြီ လောကဌ ကဖ်ငြိ တွယ်တာမှု တဏှာကို လွန်မြောက်သူ'ဟု ဆိုအပ်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ နတ်,အသုရာတို့ စစ်ပွဲနှင့် ဆက်စပ်၍ သိမှတ် ဖွယ်များကို အကျယ်တဝင့် ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

ဒေသနာသုတ္တာ

– ဣတိဝုတ်။ ၂၁၈။ ဣတိဝုတ်၊ မြန်။ ၂၀၁။ ဣတိဝုတ်၊ ၆။ ၁၄၅–ရ။
– ခုဒ္ဒကနိပါတ၊ ဣတိဝုတ္တက၊ ဒုကနိပါတ၊ ဒုတိယဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင်၏ ပရိယာယဒေသနာတော် (၂)မျိုးကို သာမာဝတီအမှုးရှိသော မိဖုရားတို့အား ခုဇ္ဈတ္တရာက ပြန်၍ ဟောသည်သုတ်။

♦ အဌကထာ၌ ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

ဒေါဏသုတ္တာ

– အံ၊ ၁။ ၃၄၆–၈။ အံ၊ မြန်၊ ၁။ ၃၆၁–၃။ အံ၊ ၆၊ ၂။ ၂၉၇–၃၀၀။
  အံ၊ ဋီ၊ ၂။ ၂၉၁–၃။
– အဂ်ုတ္တရနိကာယ၊ စတုက္ကနိပါတ၊ ပဌမပဏ္ဏာသက၊ ၄–စက္ကဝဂ္ဂ၊ ဆဌသုတ်။

ဘုရားရှင် ခြေတော်ရာ၌ စက်လက္ခဏာတို့ကို တွေ့မြင်သဖြင့် ဒေါဏပြဟ္မဏာက မည်သည့်ပုဂ္ဂိုလ် ဖြစ်ပါသနည်းဟု မေးလျှောက်သဖြင့် မိမိသည် ဒေဝ, ဂန္ဓဗ္ဗ, ယက္ခ, မနုဿမဟုတ် ဗုဒ္ဓဖြစ်ကြောင်း ရှင်းလင်း၍ ဘုရားရှင် မိန့်ကြားတော်

မူသည့်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဒေါဏပါဟာသုတ္တ

– သံ၊ ၁။ ၈၂–၃။ သံ၊ မြန်၊ ၁။ ၈၁။ သံ၊ ဋ္ဌ၊ ၁။ ၁၄၀–၁။ သံ၊ ဋီ၊ ၁။ ၁၈၅။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၃–ကောသလသံယုတ္တ၊
ဒုတိယဝဂ္ဂ၊ တတိယသုတ်။

ဆန်တစ်စိတ်ချက် ထမင်းနှင့်ဟင်းကို သုံးဆောင်ပြီး ဘုရားရှင်ထံ ချဉ်းကပ်၍ မအီမသာဖြစ်နေသော ပသေနဒီကောသလမင်းကို ဘုရားရှင်က ''မနုဇဿ သဒါ'' အစရှိသောဂါထာကို မိန့်တော်မူပါသည်။

ကောသလမင်းက နောက်ကပါလာသော သုဒဿနလုလင်အား ယင်းဂါထာကို ဘုရားရှင်ထံမှ သင်ယူစေပြီး ပွဲတော်တည်ရာ၌ ရွတ်စေရာ တစ်စလယ်ချက် ထမင်းဖြင့် မျှတနိုင်ပြီး ကောင်းစွာလျှော့ပါး ကိုယ်ကိုသုံးသပ်ပြီး ''ဥဘယေန ဝတ'' အစရှိ ဥဒါန်းစကားကို ကျူးရင့်ပုံကို ပြဆိုသည့်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဒေါဏဗြာဟ္မဏသုတ္တ

– အံ၊ ၂။ ၁၉၆–၂၀၂။ အံ၊ မြန်၊ ၂။ ၂၄၉–၂၅၆။ အံ၊ ဋ္ဌ၊ ၃။ ၆၅–၇။
အံ၊ ဋီ၊ ၃။ ၅၇–၈။
– အဂ္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ စတုတ္ထပဏ္ဏာသက၊
(၂၀) ၅–ဗြာဟ္မဏဝဂ္ဂ၊ ဒုတိယသုတ်။

ဒေါဏပုဏ္ဏား၏ မေးလျှောက်ချက်အရ အဋ္ဌကအစရှိသော ဗေဒင်ကျမ်းပြုရှေးရသေ့တို့ သတ်မှတ်ခဲ့သော ဗြာဟ္မဏ(၅)မျိုးကို အကျယ်ဝေဘန်၍ ဘုရားရှင်

ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာကို၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဒေါဝစဿတာသုတ္တ

– အံ၊ ၂။၃၉၀။ အံ၊မြန်၊ ၂။၄၉၄။
– အဂုံတ္တရနိကာယ၊ ဆက္ကနိပါတ၊ ၁၁–တိကဝဂ္ဂ၊ နဝမသုတ်။

ဒေါဝစဿတာကိုပယ်ရန် သောဝစဿတာကို၊ ပါပမိတ္တတာကို ပယ်ရန် ကလျာဏမိတ္တတာကို၊ စေတသောဝိကြွေပကိုပယ်ရန် အာနာပါနဿတိကို ပွားများရမည်ဟု ရဟန်းဘိုးအား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

ဒေါသသုတ္တ

– ဣတိဝုတ်။ ၁၉၅။ ဣတိဝုတ်။ မြန်။ ၁၇၈။ ဣတိဝုတ်၊ ဌ။ ၄၂–၄၅။
– ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ ဧကကနိပါတ၊ ပဌမဝဂ္ဂ၊ ဒုတိယသုတ်။

ဒေါသကိုပယ်စွန့်ကြ အနာဂါမ်ဖြစ်ရန် ငါဘုရားတာဝန်ယူသည်ဟု ဘုရားရှင် ဟောတော်မူပုံ၊ ဒေါသ၏ အစွမ်းသတ္တိ၊ ဒေါသကို ပယ်စွန့်နိုင်သောအကျင့်၊ ဒေါသကို ပယ်စွန့်နိုင်လျှင် ကာမဘုံသို့ ဘယ်တော့မှ ပြန်မလာတော့ပုံကို ခုဇ္ဈတ္တရာက သာမဝတီအမျိုးရှိသော မိဖုရားတို့အား ဟောကြားသည့်သုတ်။

♦ အဋ္ဌကထာ၌ ဒေါသနှင့်ဆက်စပ်၍ သိသင့်သောသုတ်တို့ကို ထုတ်ပြ၍ ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

ဒေါသအဘိညာဒိသုတ္တ (၃၀)

– အံ၊ ၁။ ၅၈၀။ အံ၊ မြန်၊ ၁။ ၅၉၄။
– အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ (၂၈) ၈–ရာဂပေယျာလ၊ ဧကတ္တိသသုတ်မှ

ပညာသသုတ်အထိ သုတ်ပေါင်းသုံးဆယ်။

ဒေါသကို ထူးသောဉာဏ်ဖြင့်သိရန်, သတိပဋ္ဌာန်လေးပါ, သမ္မပ္ပဓာန်လေးပါး, ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွားများရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဒေါသပရိညာသုတ္တ

– ဣတိဝုတ်။ ၁၉၉။ ဣတိဝုတ်၊ မြန်။ ၁၈၁။

– ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ ဧကကနိပါတ၊ ပဌမဝဂ္ဂ၊ ဒသမသုတ်။

ဒေါသနှင့်ဆက်စပ်၍ ဆင်းရဲကုန်ခြင်းငါ မထိုက်သူနှင့် ထိုက်သူတို့ကို ဘုရားရှင် ဟောတော်မူကြောင်းကို ခုဇ္ဇတ္တရာက သာမာဝတီအမှူးရှိသော မိဖုရားတို့အား ဟောကြားသည်သုတ်။

❖ ❖ ❖

ဒုယသုတ္တ (၂)

– သံ၊ ၂။ ၂၉၁။ သံ၊ မြန်၊ ၂။ ၂၈၃။

–သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊ (၉) ၄–ဆန္ဒဝဂ္ဂ၊ နဝမသုတ်။

အဖွဏ္ဍိကာယတန (၆)ပါး, ဗဟိဒ္ဓါယတန(၆)ပါး နှစ်ခု နှစ်ခုသော အစုတရားတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူပါသည်။ ယင်းတို့ကို ဟောရန် တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်၏ အရာမဟုတ်ပုံကို ဘုရားရှင်က ရဟန်းတို့အား ဟောတော်မူသည်သုတ်။

– သံ၊ ၂။ ၂၉၁–၂။ သံ၊ မြန်၊ ၂။ ၂၈၃–၄။ သံ၊ ဋ္ဌ၊ ၃။ ၂၆–ဂ။
  သံ၊ ဋီ၊ ၂။ ၂၉၉–၃၀၀။

– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊ (၉) ၄–ဆန္ဒဝဂ္ဂ၊ ဒသမသုတ်။

အဒ္ဓတ္တိကာယတန (၆)ပါး၊ ဗဟိဒ္ဓါယတန(၆)ပါးတို့ ယင်းတို့၏ ပေါင်းဆုံမှုကြောင့် ဖြစ်ပေါ်လာသော ဝိညာဏ် (၆)ပါး၊ ယင်းဝိညာဏ်၏ အကြောင်းဖြစ်သော ဝတ္ထု အာရုံ၊ အာယတန (၂)မျိုး ဝိညာဏ်တို့၏ ပေါင်းဆုံမှု ဖဿ၊ ဖဿကြောင့်ဖြစ်သော ခံစားမှု–ဝေဒနာ, စေ့ဆော်မှု–စေတနာ အမှတ်ပြု၍ သိမှု–သညာ၊ ခန္ဓာငါးပါး ဤဓမ္မ သဘာဝရုပ်, နာမ်တရားအားလုံးသည် အနိစ္စ, ဝိပရိဏာမီ, အညထာဘာဝိ ဖြစ်ပုံကို တစ်ပါးစီ တစ်ပါးစီ ခွဲခြမ်းဝေဖန်၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဒွယကာရီသုတ္တ (၄)

– သံ၊၂။၂၀၇–၈။ သံ၊မြန်၊၂။၁၉၈–၉။

– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၉–သုပဏ္ဏသံယုတ္တ၊ တတိယ, စတုတ္ထ, ပဉ္စမ, ဆဋ္ဌသုတ်။

ဤလူပြည်၌ ကိုယ်,နှုတ်,စိတ်တို့ဖြင့် ကုသိုလ်, အကုသိုလ်နှစ်မျိုးကို ပြုလုပ်ပြီး အဏ္ဍဇ, ဇလာဗုဇ,သံသေဒဇ,သြပပါတိက ဂဠုန်မျိုးတို့၏ 'ဒီဃာယုက, ဝဏ္ဏဝန္တ, သုခဗဟုလ'အကျိုးတို့ကို ကြားသိတောင့်တကြသူများသည် မိမိတို့ တောင်းတသည့် အတိုင်း အဏ္ဍဇဂဠုန်မျိုး၌ ဖြစ်ကြပုံကို ဟောတော်မူသော (အဏ္ဍဇ) ဒွယကာရီသုတ်၊ ဇလာဗုဇဂဠုန်မျိုး၌ ဖြစ်ပုံကို ဟောတော်မူသော (ဇလာဗုဇ) ဒွယကာရီသုတ်၊ သံသေဒဇဂဠုန်မျိုး၌ ဖြစ်ပုံကို ဟောတော်မူသော (သံသေဒဇ) ဒွယကာရီသုတ်၊ သြပပါတိကဂဠုန်မျိုး၌ ဖြစ်ပုံကို ဟောတော်မူသော (သြပပါတိက) ဒွယကာရီသုတ်တို့ဖြစ်သည်။ အညတရ ရဟန်း၏ မေးလျှောက်ချက်အရ ဘုရားရှင် ဟောတော်မူပါသည်။

❖ ❖ ❖

ဒုယတာနုပသဿနာသုတ္တ

- သုတ္တနိ။ ၃၉၀-၇။ သုတ္တနိ၊ မြန်။ ၃၆၈-၃၇၆။ သုတ္တနိ၊ ဌ၊ ၂။ ၂၁၉-၂၂၇။
- ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ၃-မဟာဝဂ္ဂ၊ ဒွါဒသမသုတ်။ ·

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့, ပုဗ္ဗာရုံကျောင်းတော် မိဂါရမာတုပါသာဒ၌ ကုသိုလ်ဖြစ်ကုန်သော ဖြူစင်ကုန်သောလောကမှ ထွက်မြောက်စေတတ်ကုန်သော အရဟတ္တဖိုလ်သို့ ရောက်စေတတ်ကုန်သော နှစ်မျိုးသော အစိတ်အပိုင်းရှိသော တရား(၁၆)မျိုးကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ ဖွင့်ဆိုချက်များ ရှိပါသည်။

တစ်ဝါရပြီးတိုင်း ရဟန်း (၆)ကျိပ် ရဟန္တာဖြစ်တော်မူသည်။
(၁၆)ဝါရပြီးသည့်အခါ ရဟန်းတော် (၉၆၀) ရဟန္တာဖြစ်သည်သုတ်။

❖ ❖ ❖

ဒွိဓာပထသုတ္တ

- ဥဒါန။ ၁၈၉။ ဥဒါန၊ မြန်။ ၁၇၁-၂။ ဥဒါန၊ ဌ။ ၃၈၂-၄။
- ခုဒ္ဒကနိကာယ၊ ဥဒါန၊ ၈-ပါဋ္ဋလိဂါမိယဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် ပဋ္ဌာသမဏ နာဂသမာလထေရ်နှင့် ကောသလတိုင်း၌ ခရီးအတူကြွတော်မူစဉ် လမ်းခွဲ၍သွားသော နာဂ်သမာလထေရ် ခိုးသူတို့ နှိပ်စက်ခံရမှုနှင့် ဆက်စပ်၍ ဥဒါန်းကျူးတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ပါရှိသည်။

❖ ❖ ❖

ဒွေဓာဝိတက္ကသုတ္တ

- မ၊ ဘ၊ ၁၆၁-၇။ မ၊ မြန်၊ ဘ၊ ၁၆၅-၁၇၁။ မ၊ ဌ၊ ဘ၊ ၃၈၃-၃၉၀။
  မ၊ ဋီ၊ ၂။ ၆၇-၇၂။

– မဇ္ဈိမနိကာယ၊ မူလကပဏ္ဏာသ၊ ၂– သီဟနာဒဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မိမိအလောင်းတော်ဖြစ်စဉ် သစ္စာလေးအင် မသိမမြင်သေးမီကာလက မိစ္ဆာဝိတက်(၃)ပါး တစ်မျိုးတစ်စု, သမ္မာဝိတက်(၃)ပါး တစ်စုပြု၍ နေခဲ့ပုံ၊ အပ္ပမတ္တ, အာတာပီ, ပဟိတတ္တဟူသော ယောဂိအဂ်ါရပ် များနှင့် အားထုတ်နေစဉ် မိစ္ဆာဝိတက်များဖြစ်ပေါ်လာပုံ၊ ယင်းဝိတက်များသည် အတ္တဗျာပါဒ ပရဗျာပါဒ, ဉာဘယဗျာပါဒဖြစ်ပုံ, ပညာနိရောဓ, ဝိယာတပက္ခိက အနိဗ္ဗာနသံဝတ္တနိက ဖြစ်ပုံတို့ကို ရှုဆင်ခြင်လိုက်သည့် အခါ ပယ်ရှားနိုင်, ပယ်နှုတ်နိုင်, ကုန်ဆုံးအောင်ပြုနိုင်ခဲ့ပုံ၊ သမ္မာဝိတက်များ နှလုံးသွင်းသည့်အခါ မိစ္ဆာဝိတက်များကိုပယ်နိုင်ပုံ၊ သရဒဥတုအခါ နွားကျောင်းသားဥပမာဖြင့် မိန့်ကြားတော်မူပါသည်။ သမ္မာဝိတက် (၃)ပါး ဖြစ်ပေါ်လာသည့်အခါ ဤသမ္မာဝိတက်သည် အတ္တဗျာပါဒ, ပရဗျာပါဒ, ဉာဘယဗျာပါဒ မဖြစ်ပုံ၊ ပညာဝုဒ္ဓိက, အဝိယာတပက္ခိက, နိဗ္ဗာနသံဝတ္တနိကဖြစ်ပုံ၊ ယင်းဝိတက်များကို အဖန်ဖန်ကြံစီ၊ သုံးသပ်ခြင်းကြောင့် ဘေးမဖြစ်ပုံ၊ ကိုယ်ပင်ပန်းသည်ရှိသော် စိတ်ပျံ့လွင့်သောကြောင့် စိတ်ကို အဇ္ဈတ္တသန္တာန်၌သာ ထားပုံ၊ ငြိမ်ဝပ်နေစေပုံ၊ တစ်ခုတည်းသော အာရုံရှိအောင်ပြုခဲ့ပုံကို နွေရာသီ နောက်ဆုံးလ နွားကျောင်းသားဥပမာဖြင့် မိန့်ကြားတော်မူပါသည်။

သမ္မာဝိတက်များကို ကြိမ်ဖန်များစွာ ကြံစီသုံးသပ်သည့်အခါ ရူပါဝစရစျာန်စိတ်များ, ပု–ဒိ–အာ ဝိဇ္ဇာ(၃)ပါးဖြစ်ပုံ၊ မုဆိုးဥပမာ, သူတော်ကောင်း ဥပမာတို့ဖြင့် သာဝကတို့၏ အကျိုးစီးပွားအလို့ငှာ ဆောင်ရွက်တော်မူနေပုံ၊ မမေ့မလျော့ အားထုတ်သင့်ပုံ အနုသာသနီကို မိန့်ကြားတော်မူပါသည်။

♦ အဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဒေဖြောဗ္ဗဏာသုတ္တ (၂)

– အံ၊ ၁။ ၁၅၄။ အံ၊ မြန်၊ ၁။ ၁ရ၃။ အံ၊ ဌ၊ ၂။ ၁၄၀။ အံ၊ ဋီ၊ ၂။ ၁၂ရ။

– အဂုံတ္တရနိကာယ၊ တိကနိပါတ၊ ဒုတိယပဏ္ဏာသက၊

(၆) ၁–ဗြာဟ္မဏဝဂ္ဂ၊ ပဌမသုတ်။

ဇိဏ္ဏာ, ဝုဒ္ဓ, မဟာလွက, အဒ္ဓဂတ, ဝယောအနုပ္ပတ္တဖြစ်ကြသော အသက် (၁၂၀) ရှိပြီးသော ဗြာဟ္မဏကြီး (၂)ဦးတို့၏ လျှောက်ထားချက်အရ ဤလောကကို ဇရာ, ဗျာဓိ, မရဏတို့ အဆင့်ဆင့်ဆောင်နေရာ၌ ကိုယ်, နှုတ်, စိတ်တို့ အကုသိုလ် မဖြစ်အောင် စောင့်ရှောက်နေခြင်းသည် တမလွန်ဘဝ၌ တာဏ, လေဏ, ဒီပ, သရဏ, ပရာယဏ–ဖြစ်သည်ဟု ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊ ၁။ ၁၅၅။ အံ၊ မြန်၊ ၁။ ၁၇၄။ အံ၊ ဌ၊ ၂။ ၁၄၁။ အံ၊ ဋီ၊ ၂။ ၁၂၇။

– အဂ္ဂံတ္တရနိကာယ၊ တိကနိပါတ၊ ဒုတိယပဏ္ဏာသက၊

(၆) ၁– ဗြာဟ္မဏဝဂ္ဂ၊ ဒုတိယသုတ်။

ဤလောကကို ဇရာမီး, ဗျာဓိမီး, မရဏမီးတို့ ရဲရဲပြောင်ပြောင် တောက်လောင်နေပုံ၊ ထိုသို့ ဇရာ,ဗျာဓိ,မရဏမီးတို့ ငြိုးငြိုးထိန်ပြောင် တောက်လောင်နေသော ဤလောကကြီးထဲ၌ ကိုယ်,နှုတ်,စိတ်တို့ဖြင့် (အကုသိုလ်မဖြစ်အောင်) ထိန်းသိမ်းစောင့်ရှောက်နေခြင်းသည် တမလွန်ဘဝ၌ တာဏ, လေဏ, ဒီပ, သရဏ, ပရာယဏ ဖြစ်သည်ဟု ဗြာဟ္မဏကြီး (၂)ဦးတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဓမ္မဋ္ဌသုတ္တ

– သံ၊ ၁။ ၂၂၀–၂။ သံ၊ မြန်၊ ၁။ ၂၀၅–ဂ။ သံ၊ ဌ၊ ၁။ ၃၁၁–၂။
သံ၊ ဋီ၊ ၁။ ၃၃၁–၂။

– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁၁–သက္ကသံယုတ္တ၊
ပဌမဝဂ္ဂ၊ တတိယသုတ်။

ပရိတ္တ(၁၁)သုတ်အပါအဝင် သုတ်ဖြစ်ပါသည်။

နတ်, အသူရာတို့စစ်ပွဲ၌ ဘယ, ဆမ္ဘီတတ္တ, လောမဟံသဖြစ်သော နတ်တို့သည် သိကြားမင်း, ပဇာပတိနတ်မင်း, ဝရုဏနတ်မင်း, ဤသာနနတ်မင်းကြီးတို့၏ ရထားဦး အောင်လံတံခွန်ဖျားကိုကြည့်လျှင် ယင်းတို့ ပျောက်ကင်းလိမ့်မည်ဟု သိကြားမင်းက မိန့်ကြားသော်လည်း သိကြားမင်းသည် ရာဂ, ဒေါသ, မောဟ မကင်းသေး

သောကြောင့် ပျောက်ချင်လည်းပျောက်လိမ့်မည်၊ မပျောက်ချင်လည်း မပျောက်နိုင်။

အရည, ရုက္ခမူလ, သုညာဂါရ၌နေ၍ ဘာဝနာလုပ်ငန်း အားထုတ်ကြ ကုန်သော ရဟန်းတို့အား ယင်းသဘာဝတို့ဖြစ်ပေါ်လာလျှင် ဘုရားဂုဏ်တော်, တရား ဂုဏ်တော်, သံဃာဂုဏ်တော် တစ်မျိုးမျိုးကို ပွားများလျှင် ယင်းတို့ ပျောက်ကင်းသွား မည်။ မြတ်စွာဘုရားသည် ရာဂ, ဒေါသ, မောဟ ကင်းပြီးသောကြောင့် ဖြစ်ပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ သိကြားမင်း၏ ဝေဇယန္တာရထားအကြောင်းနှင့် "**ဝေ၇ဂ္ဂ ပရိတ္တံ မံ ရက္ခတု** 'ဟု ရွတ်ဆိုခြင်းကြောင့် ဒီဃဝါပီစေတီတော်အကြည်မှ ကျလာ သောရဟန်း အသက်ဘေးမှ ချမ်းသာခဲ့ပုံကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

ဝနသုတ္တ

– အံ၊ ၂။ ၄၆–ရ။ အံ၊ မြန်၊ ၂။ ၅၅–၉။
– အဂ္ဂိတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ပဌမပဏ္ဏာသက၊ ၅–မုဏ္ဍရာဇဝဂ္ဂ၊ သတ္တမသုတ်။

သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ ဟူသော ဝန(၅)မျိုးရှိသူသည် အဒလိဒ္ဓ, အမောဃဇိဝိတဖြစ်ပုံအကျယ်ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဝနဋ္ဌာနိသုတ္တ (၂)

– မ၊ ၂။ ၃၉၅–၄၀၆။ မ၊ မြန်၊ ၂။ ၄၀၀–၄၁၁။ မ၊ ဋ္ဌ၊ ၃။ ၂၉၃–၄။
မ၊ ဋီ၊ ၃။ ၁၉၆–ရ။
– မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ၊ ၅–ဗြာဟ္မဏဝဂ္ဂ၊ သတ္တမသုတ်။

အရှင်သာရိပုတ္တရာ မဂဓနိုင်ငံ ဒက္ခိဏာဂိရိဇနပုဒ်၌ ဝါကပ်တော်မူစဉ် သီတင်း ကျွတ်ပြီး၍ ရာဇဂြိုဟ်မှကြွလာသော အညတြရဟန်း၏ လျှောက်ထားချက်အရ ဝနဋ္ဌာနိပုဏ္ဏားမိသားစုနှင့် ဝနဋ္ဌာနိပုဏ္ဏား၏ အဝမ္မစရိယာ, ဝိသမစရိယာအကြောင်း ကို ကြားသိတော်မူပုံ။

အရှင်သာရိပုတ္တရာက ဝနဋ္ဌာနိပုဏ္ဏားကြီးအား အဝမ္မစရိယာ, ဝိသမစရိယာ

၏အကြောင်း (၁၀)မျိုးကြောင့် ငရဲ၌ဖြစ်နိုင်ပုံ ယင်းအကြောင်းပါ ပုဂ္ဂိုလ်များက ငရဲမှလွတ်အောင် မဆောင်ရွက်နိုင်ပုံ ယင်းအကြောင်း (၁၀)မျိုးနှင့်ဆက်စပ်၍ အဝမ္မ စရိယာ ဝိသမစရိယာထက် ဓမ္မစာရီ၊ သမစာရီ၊ ဓမ္မိကကမ္မဋ္ဌ၊ အပါပကမ္မ၊ ပုညပဋိ ပဒါကို ပြုကျင့်သင့်ပုံ၊ ဓနဉ္ဇာနီပုဏ္ဏားဏ၊ ဘဝနေဝင်ချိန် ဝေဒနာခံစားမှုနှင့် ဆက်စပ်၍ ဥပမာ(၃)မျိုး၊ ဓနဉ္ဇာနီပုဏ္ဏားအား ဗြဟ္မာပြည်ရောက်ကြောင်းလမ်းစဉ် ဟောတော်မူပုံ၊ မကြာမီစုတေ၍ ဗြဟ္မာပြည်၌ဖြစ်ကြောင်းကို ဘုရားရှင်ဟောတော်မူပုံကို ပြဆိုသည့် သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ ရာဇဂြိုဟ်မြို့တော် ဒက္ခိဏာဂိရဇနပုဒ်၊ ဝိလုမ္ပ, ဥာတိ, သာလောဟိတ–အစရှိသော မှတ်သားဖွယ် ဖွင့်ဆိုချက်များ ပါရှိပါသည်။

– သံ၊ ၁။ ၁၆၂–၃။ သံ၊ မြန်၊ ၁။ ၁၅၃–၄။ သံ၊ ဋ္ဌ၊ ၁။ ၂၀၇–၉။
  သံ၊ ဋီ၊ ၁။ ၂၅၄–၅။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၇–ဗြာဟ္မဏသံယုတ္တ၊
  ၁–အရဟန္တဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူစဉ် သောတာပန် အရိယာသာဝိကာ ဓနဉ္ဇာနီပုဏ္ဏားမ၏ ''နမော တဿ'' မဟာပဏာမဖြင့် ဘုရားရှင်အား ရှိခိုးမှုနှင့်ဆက်စပ်၍ မိစ္ဆာအယူရှိသော ဘာရဒ္ဒါဇ ပုဏ္ဏား၏ ဘုရားရှင်အား နှိပ်ကွပ်ရန် ''ကိုသု ဆေတွာ''အစရှိသော ဂါထာဖြင့် ရွတ်ဆိုမေးမြန်းသည်ကို ''ကောမံ ဆေတွာ''အစရှိသော ဂါထာဖြင့် ဘုရားရှင်က ဖြေကြားတော်မူရာ ဘာရဒ္ဒါဇပုဏ္ဏားက သရဏဂုံတည်၍ ရဟန်းပြုလိုကြောင်း လျှောက်ထားပြီး ရဟန်းတရားအားထုတ်သဖြင့် မကြာမီ ရဟန္တာဖြစ်သည်ကို ဟောတော်မူသည့်သုတ်။

♦အဋ္ဌကထာ၊ ဋီကာတို့၌ ဓနဉ္ဇာနီမျိုးနွယ် ဥဒါန်းမြွက်ဆိုသည့် ဗြာဟ္မဏ ဘတ္တပွဲ အရိယာသာဝိကာအကြောင်း၊ ဥဘတောကောဋိက ဂါထာဖွင့်ဆိုချက်၊ သံလျှက်နှစ်မျိုး–အစရှိသော မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။ ဋီကာ၌ 'နမော တဿ'သည် ပဋ္ဌပဒိကဂါထာဟု မိန့်ဆိုထားပါသည်။

❖ ❖ ❖

ဓနိယသုတ္တ

- သုတ္တနိ။ ၂၈၂-၄။ သုတ္တနိ၊ မြန်။ ၂၆၇-၉။ သုတ္တနိ၊ ဌ၊ ၁။ ၂၄-၄၁။
- ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ၁-ဥရဂဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင်သည် သာဝတ္ထိမြို့တော်မှ ယူဇနာ (၇၀၀)ဝေးကွာသော ဓနိယ ဂေါပါ၏ နွားခြံသို့ကြွရောက်တော်မူပြီး မဟီမြစ်ကမ်းဌ သုံးသောင်းသောနွားအုပ်၊ ဇနီးနှင့်တကွ သား(၇)ယောက်၊ သမီး(၇)ယောက်၊ ချွေးမ(၇)ယောက်၊ အလုပ်သမား ပေါင်း မျှားစွာဖြင့် ဝိဒေဟ(တိုင်း)နိုင်ငံ၊ ပဇ္ဇတတိုင်း၊ ဓမ္မကောဏ္ဍမြို့သား နွားသူဌေး ဓနိယ၏ မိုးကြိုးရွာတော့မည်ကို သိသဖြင့် မိုးကြိုးရွာခြင်းကြောင့် မိုးတွင်းကာလ၌ ပြုလုပ်သင့်သည့်လုပ်ငန်းတို့ကို ပြုလုပ်ပြီးခြင်းကြောင့် မိုးအတွက် ကြောင့်ကြဖွယ်မရှိပုံ၊ မိမိ နွားအုပ်၏ခံနိုင်ရည်ရှိပုံ၊ အိမ်ရှင်မဂေါပီ၏ဂုဏ်ရည်၊ ကိုယ်ပိုင်လုပ်ငန်းနှင့် ကျန်းမာ ရေး ကောင်းမွန်သော သားလိမ္မာ, သမီးလိမ္မာတို့၏ဂုဏ်ရည်၊ နွားအုပ်ရှိ နွားတို့ အကြောင်း ဆောင်ရွက်ဖွယ်အသွယ်သွယ်တို့ ပြီးစီးနေပုံတို့ကိုလည်းကောင်း ဘုရား ရှင်က သဒ္ဓါတူ အနက်အဓိပ္ပါယ်မတူသည့် လောကုတ္တရာဂုဏ်ရည်ပြ ဂါထာတို့ဖြင့် လည်းကောင်း တစ်ဂါထာစီ ဓနိယသိဆိုသည့် ဂါထာပြီးတိုင်း မိန့်ကြားတော်မူပါသည်။

သစ္စာလေးပါးကို ပြဆိုသည့် ဂါထာအဆုံးဌ ဓနိယဇနီးမောင်နှံနှစ်ဦးနှင့် သမီး နှစ်ယောက်တို့ သောတာပန် အရိယာသာဝကဖြစ်ကြသည်။ ဓနိယနှင့် ဇနီးတို့က ရဟန်းပြုပေးရန် တောင်းပန်သည့်အခါ မာရ်နတ်လာရောက် နှောက်ယှက်သဖြင့် ဘုရားရှင်က ''သောစတိ ပုတ္တေဟိ ပုတ္တိမာ'' အစရှိသောဂါထာဖြင့် အရဟတ္တဖိုလ် အထွဋ်တပ်၍ ဟောတော်မူပါသည်။ ဓနိယဇနီးမောင်နှံတို့ ရဟန်းပြုကြပြီး အရဟတ္တ ဖိုလ် ရောက်ရှိပုံကို ပြဆိုသည့်သုတ်။

♦ အဌကထာ၌ မှတ်သားဖွယ်ရာများစွာ ရှိပါသည်။

❖ ❖ ❖

ခဏ္ဍဟာသုတ္တ

- သံ၊ ၁၊ ၄၅၆။ သံ၊ မြန်၊ ၁။ ၄၄၅။ သံ၊ ဌ၊ ၂။ ၂၀၇-၉။
  သံ၊ ဋီ၊ ၂။ ၁၈၉-၁၉၀။
- သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၉-သြပမ္မသံယုတ္တ၊ ဆဌသုတ်။

အလွန်လိမ္မာကျွမ်းကျင်သော လေးသမားတို့ အရပ်လေးမျက်နှာသို့ ပစ်လွှတ်အပ်သောအခါ မြှားတို့ကို မြေပြင်သို့မကျမီ ကောက်ယူနိုင်သော ယောက်ျား၏ လျင်မြန်ခြင်းထက် လ,နေတို့က လျင်မြန်ပုံ၊ လ–နေတို့ လျင်မြန်ချင်းထက် လ နေ တို့ရှေ့မှ ပြေးသွားကုန်သောနတ်တို့က လျင်မြန်ပုံ၊ ယင်းနတ်တို့ လျင်မြန်ခြင်းထက် အလွန်လျင်မြန်စွာ အသက်တို့သည် ကုန်ဆုံးနေပုံကို မိန့်ကြားတော်မူပြီး ''ဤသာသနာတော်၌ ငါတို့သည် မမေ့မလျော့ နေကြကုန်အံ့''ဟု ဤသို့လျှင် သင်တို့ကျင့်ရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ၊ ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

ဓမ္မသုတ္တ(၃)

– အံ၊ ၃။ ၄၅၄။ အံ၊ မြန်၊ ၃။ ၄၄၆။
– အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ တတိယပဏ္ဏာသက၊
(၁၄) ၄–သာဓုဝဂ္ဂ၊ ပဌမသုတ်။

မိစ္ဆာဒိဋ္ဌိ (၀) မိစ္ဆာဝိမုတ္တိဟူသော တရားဆယ်ပါးသည် အဓမ္မဖြစ်ပြီး သမ္မာဒိဋ္ဌိ (၀) သမ္မာဝိမုတ္တိဟူသော တရားဆယ်ပါးသည် ဓမ္မဖြစ်ပုံကို အထက်ပါ သာဓုသုတ် အတိုင်း ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊ ၃။ ၄၈၃။ အံ၊ မြန်၊ ၃။ ၄၇၃။
– အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ စတုတ္ထပဏ္ဏာသက၊
(၁၈)၃–သာဓုဝဂ္ဂ၊ ပဌမသုတ်။

ဒုစရိုက်တရားဆယ်ပါးသည် 'အဓမ္မ'၊ သုစရိုက်တရားဆယ်ပါးသည် 'ဓမ္မ' ဖြစ်သည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– သုတ္တနိ။ ၃၂၅–၆။ သုတ္တနိ၊ မြန်။ ၃၀၈။ သုတ္တနိ၊ ဌ၊ ၂။ ၆၀–၅။
– ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ၂–စူဠဝဂ္ဂ၊ အဋ္ဌမသုတ်။

အရှင်သာရိပုတ္တရာထေရ်၏ အရှင်အဿဇိထေရ်အား အရှိအသေပြုမှုနှင့် ဆက်စပ်၍ ပညာရှိဆရာနှင့် လူမိုက်ဆရာတို့ကို ဆည်းကပ်မှုကြောင့် ရနိုင်သော အကျိုး, အပြစ်တို့ကို ခွဲခြားမိန့်ကြားပြီး ပညာရှိသူတော်ကောင်း ဆရာကို ဆည်းကပ်

ထိုက်ပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဓမ္မကထိကသုတ္တ (၄)

– သံ၊ ၁၊ ၂၅၈။ သံ၊ မြန်၊ ၁။ ၂၄၃။ သံ၊ ဋ္ဌ၊ ၂၊ ၃၂။ သံ၊ ဋီ၊ ၂။ ၃၉။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁–နိဒါနသံယုတ္တ၊
၂–အာဟာရဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဇရာမရဏာမှ အဝိဇ္ဇာတိုင်အောင်သော ပဋိစ္စသမုပ္ပါဒဝမ္မ၏ တစ်ပါးစီ တစ်ပါးစီကို နိဗ္ဗိန္ဒ, ဝိရာဂ, နိရောဓဖြစ်ပုံကို ဟောပြနိုင်သော ရဟန်းကို 'ဓမ္မကထိကရဟန်း'၊ ယင်းဝမ္မ၏ နိဗ္ဗိန္ဒ၊ ဝိရာဂ၊ နိရောဓဖြစ်ရန် ကျင့်ကြံအားထုတ်သောရဟန်းကို 'ဓမ္မာနုဝမ္မပဋိပန္နရဟန်း' ၊ ယင်းဝမ္မ၏ နိဗ္ဗိဒ၊ ဝိရာဂ၊ နိရောဓမှ အနုပါဒါဝိမုတ္တ ရဟန်းကို 'ဒိဋ္ဌဓမ္မနိဗ္ဗာနပတ္တရဟန်း'ဟု ခေါ်ဆိုသင့်ပုံကို အညတရရဟန်း၏ မေးလျှောက်ချက်အရ ဘုရားရှင် ဟောတော်မူသည်သုတ်။

– သံ၊ ၂။ ၁၃၃။ သံ၊ မြန်၊ ၂။ ၁၂၄။ သံ၊ ဋ္ဌ၊ ၂။ ၃၀၅။ သံ၊ ဋီ၊ ၂။ ၂၅၉။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊ (၁၂) ၂–ဓမ္မကထိကဝဂ္ဂ၊
တတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အညတရရဟန်း၏ မေးလျှောက်ထားချက်အရ ခန္ဓာတစ်ပါးစီ တစ်ပါးစီ၌ နိဗ္ဗိဒါ, ဝိရာဂ, နိရောဓဖြစ်ရန် ဓမ္မကိုဟောသောရဟန်းကို 'ဓမ္မကထိကရဟန်း' 'ဓမ္မာနုဝမ္မပဋိပန္နရဟန်း' 'ဒိဋ္ဌဓမ္မနိဗ္ဗာနပတ္တရဟန်း'ဟု ခေါ်ဆိုသင့်ပုံကို ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

– သံ၊ ၂။ ၁၃၃။ သံ၊ မြန်၊ ၂။ ၁၂၄။ သံ၊ ဋ္ဌ၊ ၂။ ၃၀၅။ သံ၊ ဋီ၊ ၂။ ၂၅၉။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊
၁၂–ဓမ္မကထိကဝဂ္ဂ၊ စတုတ္ထသုတ်။

အညတရ ရဟန်း၏ မေးလျှောက်ချက်အရ အထက်ပါသုတ်အတိုင်း ခန္ဓာတစ်ပါးစီ တစ်ပါးစီ၌ ဓမ္မကထိကရဟန်း၊ ဓမ္မာနုဝမ္မပဋိပန္နရဟန်း၊ ဒိဋ္ဌဓမ္မနိဗ္ဗာနပတ္တ ရဟန်းတို့ကို ဘုရားရှင် ဟောတော်မူသည်သုတ်။

- အံ၊ ၁။ ၄၅၅။ အံ၊ မြန်၊ ၁။ ၄၆ရ–၈။ အံ၊ ဌ၊ ၂။ ၃၃၈။ အံ၊ ဋ္ဌ၊ ၂။ ၃၃၆။
- အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ တတိယပဏ္ဏာသက၊
  (၁၄)၄–ပုဂ္ဂလဝဂ္ဂ၊ နဝမသုတ်။

ဓမ္မကထိကပုဂ္ဂိုလ်လေးမျိုး၊ ဒေသနာ(၄)မျိုး၊ ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်(၄)မျိုး တို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဓမ္မကထိကပုဒ္ဓသုတ္တ

- သံ၊ ၂။ ၃၅၃။ သံ၊ မြန်၊ ၂။ ၃၄၈။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊
  (၁၅)၅–နဝပုရာဏဝဂ္ဂ၊ ဒသမသုတ်။

အဇ္ဈတ္တိကာယတန တစ်ပါးစီ, တစ်ပါးစီ၏ နိဗ္ဗိဒါ၊ ဝိရာဂ၊ နိရောဓအကျိုးငှာ ဓမ္မကိုဟောပြောသောရဟန်းကို 'ဓမ္မကထိကရဟန်း'၊ ယင်းတို့၏ နိဗ္ဗိဒ၊ ဝိရာဂ၊ နိရောဓ အကျိုးငှာ ကျင့်သုံးသောရဟန်းကို 'ဓမ္မာနုဓမ္မပဋိပန္နရဟန်း'၊ ယင်းတို့၏ နိဗ္ဗိဒ၊ ဝိရာဂ၊ နိရောဓမှ အနုပါဒါဝိမုတ္တရဟန်းကို 'ဒိဋ္ဌဓမ္မနိဗ္ဗာနပတ္တရဟန်း' ဟုခေါ်ဆိုသင့်ပုံကို အညတရရဟန်း၏ မေးလျှောက်ချက်အရ ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဓမ္မစက္ကပဝတ္တနသုတ္တ

- သံ၊ ၃။ ၃၆၈–၃၇၁။ သံ၊ မြန်၊ ၃။ ၃၇၃–၈။ သံ၊ ဌ၊ ၃။ ၃၂၇–၉။ သံ၊ ဋ္ဌ၊ ၂။ ၅၄၀–၁။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂–သစ္စသံယုတ္တ၊ ၂–ဓမ္မစက္ကပဝတ္တန ဝဂ္ဂ၊ ပဌမသုတ်။ (ဤဓမ္မစက္ကပဝတ္တနသုတ်တော်သည် ဝိ၊ ၃။ ၁၄–၁၇။ ၌ ပဋ္ဌဝဂ္ဂိယ ကထာ ဟုလည်းကောင်း၊ ပဋိသံ။၃၂၉–၃၃၂။ ၌ ဓမ္မစက္ကပဝတ္တနဝါရဟုလည်းကောင်း ပါရှိလေသည်။)

ဤသုတ်တော်၌ ရှောင်ကြဉ်ရမည့် တရားနှစ်မျိုးနှင့် အပြစ်များ၊ ဆောင်ရ(ကျင့်သုံး)ရမည့်တရား(၈)ပါးနှင့် အကျိုးကျေးဇူးများ၊ သိရမည့် တရား(၄)မျိုးနှင့် သိပုံ(၁၂)ပါး၊ အဘိသမ္မုဒ္ဓဟု ဝန်မခံသေးပုံ နှင့်ဝန်ခံပြီးပုံ၊ ပဋ္ဌဝဂ္ဂိရဟန်းတော်များ

ဤသုတ်တော်ကိုလက်ခံကြပုံ၊ အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ၊ နတ်ပြဟ္မာတို့ ကောင်းချီးပေး ကြွေးကြော်ကြပုံ၊ ဘုရားရှင်၏ ဥဒါန်းကျူးရင့်ပုံတို့ကို ဟောပြထားပါသည်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။ –ပဋိသံ၊ ၌၊ ၂။ ၂၁၄–၉။ ပဋိသံ၊ ဂဏ္ဌိ။ ၃၃၄–၃၄၀။ တို့၌လည်း ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဓမ္မစရိယသုတ္တ

– သုတ္တနိ။ ၃၂၁–၂။ သုတ္တနိ၊ မြန်။ ၃၀၃–၄။ သုတ္တနိ၊ ၌၊ ၂။ ၄၂–၈။
– ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ။ ၂–စူဠဝဂ္ဂ၊ ဆဋ္ဌသုတ်။

ကောသလဘုရင်၏ လျှောက်ထားချက်အရ ကပိလဝါးကြီးကို အကြောင်းပြု၍ အရဟတ္တဖိုလ်ကို အထွတ်တပ်၍ ဘုရားရှင် ဟောတော်မူသည့်သုတ်။ ဤသုတ်၌ အမြတ်ဆုံးဥစ္စာဖြစ်သော အကျင့်မြတ်(၂)ပါး၊ သားသမင်နှင့် တူသောရဟန်း၊ ဘုရားရှင်၏တရားတော်ကို မသိနိုင်သောရဟန်း၊ ငရဲရောက်ကြောင်း အကုသိုလ်ခရီးလမ်းကို မသိသောရဟန်း၊ တမလွန်ဘဝ၌ ဆင်းရဲရောက်မည့်ရဟန်း၊ ဆေးကြော၍ မစင်နိုင်သည့် အကုသိုလ်အညစ်အကြေး လိမ်းကျံနေသောရဟန်း၊ သာသနာတော်မှ ထုတ်ပယ်ရမည့်ရဟန်း၊ ဆင်းရဲ၏အဆုံးသို့ ရောက်အောင်ပြုကျင့်ရန် ရဟန်းတို့အား ဘုရားရှင်ဟောတော်မူပါသည်။ ဒေသနာတော်၏အဆုံး၌ ကပိလ(ရွှေ) ဝါးကြီးဖမ်းဆီး ယူဆောင်လာသော တံငါသည်ဝါးရာတို့ ဘုရားရှင်အထံတော်၌ ရဟန်းပြုကြပြီး အရဟတ္တဖိုလ်သို့ ရောက်ရှိကြပြီး ဘုရားရှင်နှင့်အတူ အာနေဥဝိဟာရသမာပတ်ကို သုံးဆောင်ကြသူများဖြစ်ကြပုံ။ ဥဒါနပါဠိတော်၌ ယသောဇသုတ် အမည်ရှိပုံကို ပြဆိုသည့်သုတ်။

♦ အဋ္ဌကထာ၌ ကပိလဝါးကြီး၏ အတိတ်ဝတ္ထုနှင့် ပစ္စုပ္ပန်ဝတ္ထု တံငါသည်ဝါးရာ၏ အတိတ်ဝတ္ထုနှင့် ပစ္စုပ္ပန်ဝတ္ထုများ ပါရှိပါသည်။

❖ ❖ ❖

ခမ္မစေတိယသုတ္တ

– မ၊ ၂။၃၂၀–၆။ မ၊မြန်၊ ၂။ ၃၂၄–၃၃၀။ မ၊ဌ၊ ၃။၂၄၀–၅။ မ၊ဋ္ဌ၊ ၃။ ၁၆၂–၃။
– မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ၊ ၄–ရာဇဝဂ္ဂ၊ နဝမသုတ်။

ကောသလမင်းကြီး ကြီးကျယ်သောမင်းခမ်းမင်းနားဖြင့် အပင်ပမ်းဖြေ ရှုမျှော်ခင်းများရှုစားရန် မြို့ပဉ္ဇယျာဉ်သို့ထွက်ပုံ၊ ဉယျာဉ်တော်၌ သာယာဖွယ်များကို ရှုစားနေစဉ် ဘုရားရှင်ကိုသတိရသဖြင့် ဘုရားရှင် သီတင်းသုံးတော်မူရာ ထိုနေရာမှ သုံးယူဇနာကွာဝေးသော သက္ကနိုင်ငံ မေဒါဠုပနိဂုံးသို့ သွားရောက်၍ ဘုရားရှင်အား ဖူးမြော်ပြီး အရိုအသေပြုပုံ၊ အလွန်အကဲ အရိုအသေပြုမှုနှင့် ဆက်စပ်၍ ဘုရားရှင်က မေးတော်မူသဖြင့်–

(၁) ဤဘုရားရှင်သာသနာတော်မှ အခြားသာသနာတော်၌ ဤကဲ့သို့ ပြည့်စုံစင်ကြယ်သော ဗြဟ္မစရိယမရှိဟု ရှုမြင်ပုံ၊

(၂) ဤဘုရားရှင်သာသနာတော်မှ ပြင်ပ၌ ဤကဲ့သို့ ညီညွတ်သော ပရိတ်သတ်မရှိပုံ၊

(၃) မြတ်စွာဘုရားသာသနာတော်၌ အရှင်ကောင်းတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာ တက်ကြွစွာ မွေ့လျော်ပျော်ပိုက်သောသဘောရှိကြပြီး ပြည့်ဖြိုးသောဣန္ဒြေဖြင့် ကြောင့်ကြမဲ့ မာန်မာနအမွေးကိုချထားကြပြီး သူတစ်ပါးတို့ပေးလှူသဖြင့် အသက်မွေးကြ၍ သားသမင်တို့ကဲ့သို့သော စိတ်ဖြင့် နေနိုင်ကြပုံ၊

(၄) ဤသာသနာတော်မှပြင်ပ၌ မတွေ့ရသော တုတ်၊ လက်နက်မပါဘဲ ယဉ်ကျေးအောင် ဆုံးမထားသည့် ပရိတ်သတ်ကို ရှုမြင်ရပုံ၊

(၅) ဘုရားရှင်၏ ဓမ္မကထာကို နာယူကြရသဖြင့် ဘုရားရှင်အား ဝါဒတင်ရန် အယူဝါဒကို ပြင်ဆင်ပြီးလာကြသော မင်း, သမဏ, ဗြာဟ္မဏ, ဂဟပတိ ပညာရှိတို့ ဝါဒမတင်နိုင်ကြတော့ပဲ ဘုရားရှင်၏ တပည့်အဖြစ် ခံယူသွားကြပုံ၊

(၆) ရဟန်းပြုပြီး ရဟန္တာဖြစ်သွားကြပုံ၊

(၇) ဣသိဒတ္တ၊ ပုရာဏတို့ ကျေးဇူးအလွန်များသော မိမိထက် ဘုရားရှင်ကိုသာ ပိုမိုအလေးပြုကြပုံ အစရှိသဖြင့် ဘုရားရှင်သာသနာတော်နှင့် အခြားသာသနာ အစရှိသည်တို့ကို အကျယ်တဝင့် နှိုင်းယှဉ်လျှောက်ထားပြီး သမ္မာသမ္ဗုद्ध ဘဂဝါ၊ သွက္ခာတော ဘဂဝတာဓမ္မော၊ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ဟူသော ဤဓမ္မနယဖြစ်နေပါ၏။ အမျိုးဇာတ်၊ သက်တူရွယ်တူဖြစ်သော တပည့်တော်သည်

ဤအကြောင်းကြောင့် အလွန်အရိုအသေပြုပါ၏ဟု လျှောက်ထားပြီး ပြန်လည်ထွက်ခွါသွားပုံ၊ ဘုရားရှင်က ရဟန်းတို့အား ကောသလဘုရင်လျှောက်ထားသွားသည့် ဤဝမ္မ စေတိယသင်ယူထားကြရန်၊ ဆောင်ထားကြရန် အတ္ထသံဟိတ၊ အာဒိဗြဟ္မစရိယက ဖြစ်သွားပုံကို ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ ဗန္ဓုလစစ်သူကြီးနှင့် သား(၃၂)ယောက်တို့ အကြောင်းမဲ့ ကွပ်မျက်ခံကြရပုံ၊ ဤကိစ္စကြောင့် နောင်တရပြီး ကောသလဘုရင် နေမထိဖြစ်ပုံ၊ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာ၏ ခံနိုင်ရည်ရှိပုံ၊ ဒီဃကာရာယနစစ်သူကြီးဖြစ်ပုံ၊ ကကုဓဘဏ္ဍာဂါးမျိုး၊ အဆောင်အယောင်များဖြင့် ရှင်ဘုရင်များ ဘုရားရှင်ထံတော်သို့ မဝင်ကြပုံ၊ ဒီဃကာရာယန အထင်လွဲသွားပုံ၊ ဝိဌဋ္ဌဗျာဘကို မင်းမြှောက်ပြီး သာဝတ္ထိသို့ ပြန်သွားပုံ၊ ကောသလဘုရင် နတ်ရွာစံပုံ အစရှိတို့ကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

ဝမ္မညူသုတ္တ

– အံ၊ ၂။၄၈၃–၆။ အံ၊မြန်၊ ၂။၆၀၄–ရ။ အံ၊ဌ၊ ၃။၁၈၄။ အံ၊ဋီ၊ ၃။ ၁၉၁–၂။
– အဂ္ဂိတ္တရနိကာယ၊ သတ္တကနိပါတ၊ ရ–မဟာဝဂ္ဂ၊ စတုတ္ထသုတ်။

ဝမ္မညူ၊, အတ္ထညူ၊, အတ္တညူ၊, မတ္တညူ၊, ကာလညူ၊, ပရိသညူ၊, ပုဂ္ဂလ ပရောပရညူ၊ဟူသော ပုဂ္ဂိုလ်(၇)မျိုးကို အကျယ်ဝေဖန်၍ ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဝမ္မဒါယာဒသုတ္တ

– မ၊ ၁။၁၅–၉။ မ၊မြန်၊ ၁။ ၁၆–၂၁။ မ၊ဌ၊ ၁။ ၉၁–၁၁၃။ မ၊ဋီ၊ ၁။ ၁၈၀–၂၀၅။
– မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ၊ ၁–မူလပရိယာယဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်ဝယ် သီတင်းသုံးတော်မူနေစဉ် လာဘဂရုကရဟန်းတို့ကို အကြောင်းပြု၍ အာမိသဒါယာဒ မဖြစ်ကြရန် ဝမ္မဒါယာဒသာဖြစ်ကြရန်၊ အာမိသဒါယာဒရဟန်းတို့ကို အကြောင်းပြု၍ ဘုရားရှင်နှင့် ရဟန်းတို့ ကဲ့ရဲ့ဖွယ်ဖြစ်နိုင်ပုံ၊ ဝမ္မဒါယာဒရဟန်းတို့ကို အကြောင်းပြု၍

ဘုရားရှင်နှင့်ရဟန်းတို့ ချီးမွမ်းခံကြရပုံ၊ အာမိသဂရုကရဟန်းနှင့် ဓမ္မဂရုကရဟန်းတို့ ခြားနားကြပုံ၊ ဓမ္မဂရုကရဟန်းကိုသာ ချီးမွမ်းထိုက်ပုံကို ရဟန်းတို့အား မိန့်ကြားတော်မူပါသည်။

အရှင်သာရိပုတ္တရာက ဆက်လက်၍ ထေရ, နဝ, မဇ္ဈိမရဟန်းများ၏ ကဲ့ရဲ့ဖွယ်သုံးမျိုး၊ ချီးမွမ်းဖွယ်သုံးမျိုး၊ မဇ္ဈိမပဋိပဒါ၏ အကျိုး(၆)မျိုး၊ မဇ္ဈိမပဋိပဒါကို ကျင့်သုံးခြင်းကြောင့် လောဘအစရှိသော တရား(၁၆)ပါးကို ပယ်စွန့်နိုင်ပုံကို ဟောကြားတော်မူပါသည်။

♦ အဌကထာ၊ ဋီကာတို့၌ အထူးမှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဓမ္မဒိန္နသုတ္တ

– သံ၊၃။၃၅၆။ သံ၊မြန်၊၃။ ၃၆၁–၂။ သံ၊ဋ္ဌ၊ ၃။ ၃၂၁–၂။ သံ၊ဋီ၊ ၂။ ၅၃၇။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၁–သောတာပတ္တိသံယုတ္တ၊
၆–သပ္ပညဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် ကာသိနိုင်ငံ ဗာရာဏသီမြို့တော်အနီး ဣသိပတနမိဂဒါဝုန်တော ဝယ် သီတင်းသုံးနေတော်မူစဉ် ဥပါသကာအခြံအရံငါးရာနှင့်အတူ ဓမ္မဒိန္နဥပါသကာ ရောက်ရှိလာပြီး မိမိတို့အား ဒီယရတ္တာဟိတသုခဖြစ်စေရန် သြဝါဒ၊ အနုသာသနီပေး တော်မူရန် လျှောက်ထားသဖြင့် သြဝါဒအနုသာသနီ ချီးမြှင့်တော်မူသောအခါ ထိုသြဝါဒ အနုသာသနီကို မိမိတို့လူသားများ မကျင့်နိုင်ကြသဖြင့် ငါးပါးသီလ၌ တည်သည့်လူသားတို့အား ဥတ္တရိဓမ္မကို ဟောတော်မူရန် လျှောက်ထားသဖြင့် သောတာပတ္တိယင်္ဂတရားလေးပါးကို ဟောတော်မူပါသည်။ မိမိတို့၌ ယင်းတရားများ တည်ရှိနေပုံကို လျှောက်ထားသည့်အခါ သင်တို့ သောတာပတ္တိဖိုလ်ကို ကောင်းစွာ ရအပ်ပေ၏ဟု ဘုရားရှင် မိန့်တော်မူသည်သုတ်။

အဌကထာ၌ ဥပါသကာငါးရာစီ အခြံအရံရှိသော ဥပါသကာ (၅)ဦးနှင့် ဘုရားရှင် မိန့်ကြားတော်မူအပ်သော ကျင့်သုံးရမည့် သုတ်တော်များ သရုပ်ကို ဖွင့်ပြပြီး မနိုင်သောဝန်ကို တောင်းပန်ကြခြင်းကြောင့် ဘုရားရှင်က ကြိုးလေးသော ဝန်ကို မိန့်ကြားတော်မူပုံ အစရှိသည်တို့ကို ဖွင့်ပြထားပါသည်။

♦ ဋီကာ၌လည်း ဖွင့်ဆိုချက်များရှိပါသည်။

ဓမ္မပဒသုတ္တ

– အံ၊ ၁။ ၃၃၇–၈။ အံ၊ မြန်၊ ၁။ ၃၅၃–၄။ အံ၊ ဌ၊ ၂။ ၂၈၈။ အံ၊ ဋီ၊ ၂။ ၂၇၇။
– အဂုံတွဲရနိကာယ၊ စတုက္ကနိပါတ၊ ပဌမပဏ္ဏာသက၊ ၃–ဥရုဝေဠုဝဂ္ဂ၊ နဝမသုတ်။

အနုဘိဇ္ဈာ, အဗျာပါဒ, သမ္မာသတိ, သမ္မာသမာဓိ–ဟူသော အဂ္ဂည, ရတ္တည, ဝံသည, ပေါရာဏ, အသံကိဏ္ဏ, အသံကိဏ္ဏပုဗ္ဗ, ဝိညူသမဏဗြဟ္မဏ အပ္ပဋိကုဋ္ဌ ဓမ္မပဒလေးပါးတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဓမ္မရာဇာသုတ္တ

– အံ၊ ၂။ ၁၃၂–၃။ အံ၊ မြန်၊ ၂။ ၁၆၄–၆။ အံ၊ ဌ၊ ၃။ ၄၇။
– အဂုံတွဲရနိကာယ၊ ပဉ္စကနိပါတ၊ တတိယပဏ္ဏာသက၊
(၁၄)၄–ရာဇဝဂ္ဂ၊ တတိယသုတ်။

ဓမ္မိက, ဓမ္မရာဇာဖြစ်သော စကြာမင်းသည် ဓမ္မကိုအမှီပြု၍ ဓမ္မကို ပူဇော သက္ကာရ, လေးမြတ်, ပူဇော်ခြင်းအစရှိသည်ကိုပြုလျက် နောက်လိုက် နောက်ပါ ပရိသတ်အပေါင်း၌ ဓမ္မိကရက္ခာဝရဏဂုတ္တိကို စီရင်လျက် တစ်စုံတစ်ယောက်သော ဆန့်ကျင်ဘက်ရန်သူသည် လက်ဖြင့်မလည်နိုင်သော စကြာရတနာကို လည်စေ သကဲ့သို့ ဘုရားရှင်သည်လည်း ဘိက္ခု, ဘိက္ခုနီ, ဥပါသက, ဥပါသိကာ ပရိတ်သတ် လေးမျိုးမှီဝဲအပ်သော ကာယ, ဝစီ, မန အာဇီဝ, ဂါမနိဂမ မမှီဝဲအပ်သော ကာယ, ဝစီ, မန,အာဇီဝ, ဂါမနိဂမ ဓမ္မိကရက္ခာဝရဏဂုတ္တိကို စီရင်တော်မူလျက် ဤလောက၌ တစ်စုံတစ်ယောက် သော သမဏ, ဗြဟ္မဏ, ဒေဝ, မာရ, ဗြဟ္မာသည် မလည်စေ နိုင်သော ဓမ္မစက္ကကို လည်စေနိုင်၏ အစရှိသည်ဖြင့် ရဟန်းတို့အား အကျယ်အားဖြင့် ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဓမ္မဝိနိဒေါဒါသုတ္တ

–သံ၊ ၂။ ၄၄၈။ သံ၊ မြန်၊ ၂။ ၄၄၄။
–သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၄–ဇမ္ဗုခါဒကသံယုတ္တ၊ တတိယသုတ်။

အရှင်သာရိပုတ္တရာထေရ် မဂဓနိုင်ငံ နာလကရွာ၌ သီတင်းသုံးတော် မူစဉ် ဇမ္ဗုဒါဒကပရိဗိုဇ်၏ မေးလျှောက်ချက်အရ
–ရာဂ၊ ဒေါသ၊ မောဟ ပယ်ခြင်းငှာ ဓမ္မကို ဟောပြောသူသည် 'ဓမ္မဝါဒီ'၊
–ရာဂ၊ ဒေါသ၊ မောဟ ပယ်ရန် ကျင့်သုံးနေသူသည် 'သုပ္ပဋိပန္နော'၊
–ရာဂ၊ ဒေါသ၊ မောဟ ကိုအကြွင်းမဲ့ပယ်ပြီးသူသည် 'သုဂတ'၊
–ရာဂ၊ ဒေါသ၊ မောဟ ပယ်ရန်အကျင့်သည် 'အဋ္ဌင်္ဂိကအရိယမဂ်' ဖြစ်ကြောင်း ဖြေကြားတော်မူသည်သုတ်။

❖ ❖ ❖

ဓေါရိတာရိသုတ္တ (၂)

– အံ၊ ၂။ ၇၆။ အံ၊ မြန်၊ ၂။ ၉၃။ အံ၊ ဌ၊ ၃။ ၃၂–၃။ အံ၊ ဋီ၊ ၃။ ၂၈–၉။
– အဂ္ဂတ္တရနိကာယ၊ ပဋ္ဌကနိပါတ၊ ဒုတိယပဏ္ဏာသက၊ ၃–ယောဓာဇီဝဝဂ္ဂ၊ တတိယသုတ်။

အညတရ ရဟန်း၏ မေးလျှောက်ချက်အရ ပရိယတ္တိဗဟုလပုဂ္ဂိုလ်၊ ပညတ္တိဗဟုလပုဂ္ဂိုလ်၊ သဏ္ဌာယဗဟုလပုဂ္ဂိုလ်၊ ဝိတက္ကဗဟုလပုဂ္ဂိုလ်၊ ဓမ္မဝိဟာရီပုဂ္ဂိုလ်တို့ကို မိန့်ကြားတော်မူပြီး 'ဓမ္မဝိဟာရီပုဂ္ဂိုလ်'ဖြစ်ရန် ကျင့်သုံးဖို့ ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ၊ ဋီကာတို့၌ မှတ်သားဖွယ်ဖွင့်ဆိုချက်များရှိပါသည်။

–အံ၊ ၂။ ၇၇–၈။ အံ၊ မြန်၊ ၂။ ၉၅–၆။
–အဂ္ဂတ္တရနိကာယ၊ ပဋ္ဌကနိပါတ၊ ဒုတိယပဏ္ဏာသက၊ ၃–ယောဓာဇီဝဝဂ္ဂ၊ စတုတ္ထသုတ်။

အညတရ ရဟန်း၏ မေးလျှောက်ချက်အရ အထက်သုတ်ပါ ပုဂ္ဂိုလ် (၅)မျိုး ကိုပင် တဆင့်တိုး၍ ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဓမ္မသဝနသုတ္တ

– အံ၊ ၂။ ၂၁၆။ အံ၊ မြန်၊ ၂။ ၂၇၂။
– အဂ္ဂတ္တရနိကာယ၊ ပဋ္ဌကနိပါတ၊ ပဋ္ဌမပဏ္ဏာသက၊ (၂၁)၁–ကိမိလဝဂ္ဂ၊

ဒုတိယသုတ်။

တရားနာခြင်းကြောင့် ရရှိခံစားနိုင်သော အကျိုးငါးပါးကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

ဓမ္မာနုဓမ္မပဋိပန္နသုတ္တ

–ဣတိဝုတ်။ ၂၅၀။ ဣတိဝုတ်၊ မြန်။ ၂၃၅။ ဣတိဝုတ်၊ ၅။ ၂၅၆–ဂ။
–ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ တိကနိပါတ၊ စတုတ္ထဝဂ္ဂ၊ သတ္တမသုတ်။

ဓမ္မာနုဓမ္မပဋိပန္နကရဟန်း၏ ဓမ္မာနုဓမ္မပုဂ္ဂိုလ်အဖြစ် လျှော်လျောက် ပတ်သော ဖြေဆိုချက်များကို ဓမ္မာရာမောအစရှိသော ဂါထာတို့ကို ထောက်ထား၍ ဘုရားရှင် ဟောကြားတော်မူပုံကို ခုဇ္ဇုတ္တရာက သာမာဝတီအမှူးရှိသော မိဖုရားတို့အား ဟောကြားည့်သုတ်။

အဌကထာ၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

ဓမ္မာနုပဿီသုတ္တ

–အံ၊ ၂။ ၃၉၁။ အံ၊ မြန်၊ ၂။ ၄၉၆။
–အဂုံတ္တရနိကာယ၊ ဆက္ကနိပါတ၊ ၁၂–သာမညဝဂ္ဂ၊ ဒုတိယသုတ်။

ကမ္မာရာမ, ဘဿာရာမ, နိဒ္ဒါရာမ, သင်္ကိကာရာမ, ဣန္ဒြေယသု အဂုတ္တဒ္ဒါ ရတာ, ဘောဇနေ အမတ္တညုတာဟူသော တရား (၆)ပါးတို့ကို မပယ်မစွန့်ပဲ အဗ္ဗတ္တ, ဗဟိဒ္ဓ, အဗ္ဗတ္တဗဟိဒ္ဓ ဖြစ်သော ကာယတို့၌ ကာယာနုပဿီ, ဝေဒနာတို့၌ ဝေဒနာ နုပဿီ၊ စိတ်၌ စိတ္တာနုပဿီ၊ ဓမ္မတို့၌ ဓမ္မာနုပဿီဖြစ်၍ နေခြင်းငှါ မဖြစ်ထိုက်၊ ယင်းတရား(၆)ပါးတို့ကို ပယ်စွန့်၍ရှုနေလျှင် ဖြစ်နိုင်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

ဓမ္မိကသုတ္တ (၂)

– အံ၊ ၂။ ၃၂၁–၈။ အံ၊ မြန်၊ ၂။ ၄၁၀–ရ။ အံ၊ ဌ၊ ၃။ ၁၂၀–၂။
အံ၊ ဋီ၊ ၃။ ၁၁၈–၉။
– အဂ္ဂုတ္တရနိကာယ၊ ဆက္ကနိပါတ၊ ပဌမပဏ္ဏာသက၊ ၅–ဓမ္မိကဝဂ္ဂ၊ ဒွါဒသမသုတ်။

ဇာတိဘူမိအရပ်၌ အာဂန္တုကရဟန်းတို့ကို ဆဲရေးခြင်း အစရှိသော အကြောင်းကြောင့် ဥပါသကာတို့ နှင်ထုတ်လိုက်သော ကျောင်းတိုက်(၅) တိုက်တို့၏ ကျောင်းထိုင်ပုဂ္ဂိုလ် အရှင်ဓမ္မိကအား တိရဒဿိကသကုဏ ဥပမာအားဖြင့် မိန့်တော်မူပြီး ကောရဗျမင်း၏ သုပ္ပတိဋ္ဌ နိဂြောဓရာဇာအကြောင်း၊ ဆသတ္တာရ တို့အား ပြစ်မှားဆဲရေးသူတို့ ခံစားရသော အပြစ်ထက် သောတာပန်ပုဂ္ဂိုလ်အား ပြစ်မှား ဆဲရေးသူတို့ ခံစားရသော အပြစ်ကြီးမားပုံ၊ သဗြဟ္မစာရိပုဂ္ဂိုလ်တို့၌ စိတ်မပြစ်မှားပဲ ကျင့်ရန် ဘုရားရှင် ဟောတော်မူသည်သုတ်။

အဋ္ဌကထာ၊ ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

–သုတ္တနိ။ ၃၃၅–၉။ သုတ္တနိ၊ မြန်။ ၃၁၅–၉။ သုတ္တနိ၊ ဌ၊ ၂။ ၉၉–၁၀၉။
–ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ၂–စူဠဝဂ္ဂ၊ စုဒ္ဒသမသုတ်။

အခြံအရံ ဥပါသကာငါးရာနှင့်အတူ ရောက်ရှိလာသော ဓမ္မိက အနာဂါမ် ဥပါသ´ကာက ဂါထာ(၉)ပုဒ်ဖြင့် ဘုရားရှင်၏ ဂုဏ်တော်တို့ကို ချီးကျူး လျှောက်ထားမေးလျှောက်သဖြင့် ဘုရားရှင်က ဂါထာ(၂၀)တို့ဖြင့် 'အဂါရိယ, အနဂါရိယ ပဋိပဒါ' တို့ကို ဟောကြားတော်မူသည်သုတ်။

အဋ္ဌကထာ၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များစွာ ပါရှိပါသည်။

❖ ❖ ❖

ဓာတုသုတ္တ (၅)

– သံ၊ ၁။ ၄၄၂။ သံ၊ မြန်၊ ၁။ ၄၃၁။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၅–ရာဟုလသံယုတ္တ၊ ပဌမဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်,

အာကာသဓာတ်, ဝိညာဏဓာတ်ဟူသော ဓာတ် (၆)ပါးတို့တွင် တစ်ပါးစီ တစ်ပါးစီကို အနတ္တလက္ခဏာသုတ် ဒေသနာတော်နည်းဖြင့် မေးမြန်းတော်မူပြီး သားတော် ရာဟုလာအား ဟောတော်မူသည့်သုတ်။

– သံ၊ ၂။ ၁၉၂။ သံ၊ မြန်၊ ၂။ ၁၈၃။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၅–ဥပ္ပါဒသံယုတ္တ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အထက်သုတ်ပါ ဓာတ်(၆)ပါးတို့၏ စတင်၍ဖြစ်ခြင်း, တည်တံ့ခြင်း, အသစ်ဖြစ်ပေါ်ခြင်း ထင်ရှားစွာဖြစ်ခြင်းသည် ဆင်းရဲဒုက္ခ၏ စတင်၍ဖြစ်မှု, အနာရောဂါတို့၏ တည်တံ့မှု, ဇရာမရဏာ၏ ထင်ရှားစွာ ဖြစ်မှုပေတည်းဟု လည်းကောင်း၊ ယင်းဓာတ် (၆)ပါးတို့၏ ချုပ်ခြင်း, ငြိမ်းပျောက်ခြင်း, ကွယ်ပျောက်ခြင်း သည် ဆင်းရဲ၏ချုပ်မှု, ရောဂါတို့၏ငြိမ်းမှု, ဇရာ မရဏာ၏ ကွယ်ပျောက်မှုပေတည်းဟု လည်းကောင်း ဓာတ်တစ်ပါးစီ တစ်ပါးစီကို ခွဲခြမ်းဝေဖန်၍ အနုလောမ, ပဋိလောမ နည်းအားဖြင့် ရဟန်းတို့အား ဟောတော်မူသည့်သုတ်။

– သံ၊ ၂။ ၁၉၆။ သံ၊ မြန်၊ ၂။ ၁၈၆။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၆–ကိလေသသံယုတ္တ။ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အထက်သုတ်ပါ ဓာတ်(၆)ပါးတို့၌ ဆန္ဒရာဂဖြစ်ခြင်းသည် စိတ်၏ညစ်နွမ်းမှုဖြစ်ကြောင်း၊ ယင်းဆန္ဒရာဂကို ပယ်နိုင်သော အခါ စိတ်၏ညစ်နွမ်းမှုကို ပယ်ပြီးဖြစ်ပုံ၊ ကာမမှတွက်မြောက်မှု၌ စိတ်ညွှတ်ပုံ၊ နေက္ခမ္မဖြင့် ထုံမွမ်းအပ်သော စိတ်သည် အဘိညာ, သစ္စာကရဏီယဓမ္မတို့၌ (သိနိုင်, မျက်မှောက်ပြုနိုင်ရန်)ခုံပုံ၊ ဓာတ် တစ်ပါးစီ တစ်ပါးစီ ခွဲခြမ်းဝေဖန်တော်မူ၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

– အံ၊ ၂။ ၃၈၉။ အံ၊ မြန်၊ ၂။ ၄၉၂။
– အဋ္ဌကနိပါတ၊ ဆက္ကနိပါတ၊ ၁၁–တိကဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကာမဓာတ်ကိုပယ်ရန် နေက္ခမ္မဓာတ်ကို ပွါးများရမည်။ ဗျာပါဒဓာတ်ကို ပယ်ရန် အဗျာပါဒဓာတ်ကို ပွါးများရမည်။ ဝိဟိံသာဓာတ်ကို ပယ်ရန်

အဝိဟိသာဓာတ်ကို ပွားများရမည်ဟု အချင်းချင်း ဆန့်ကျင်ဘက်ဓာတ်များကို ဘုရားရှင် ရဟန်းတော်တို့အား ဟောတော်မူသည်သုတ်။

– ဣတိဝုတ်။ ၂၂၆။ ဣတိဝုတ်၊ မြန်၊ ၂၁၀။ ဣတိဝုတ်၊ ၌။ ၁ရ၃-၅။
– ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ ၃-တိကနိပါတ၊ ဒုတိယသုတ်။

ရူပဓာတ်ကို ပိုင်ခြားသိ၍ အရူပဓာတ်တို့၌ မကပ်ငြိပဲ နိရောဓဓာတ်၌ အာရုံပြုကာ အရိယာမဂ်ဖြင့် ကိလေသာမှ လွတ်သောသူတို့သည် သေခြင်းမှ လွတ်မြောက်ပုံ၊ အာသဝေါကင်းပြီးသော မြတ်စွာဘုရားသည် နာမကာယဖြင့် ဥပဓိကင်းသော အမတဓာတ်သို့ ရောက်တော်မူ၍ ဥပဓိတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူပြီး စိုးရိမ်မှု, ကိလေသာ မြူကင်းသော နိဗ္ဗာန်တရားတော်ကို ဟောတော်မူပုံကို ခုဇ္ဈတ္တရာက သာမာဝတီအမှူးရှိသော မိဖုရားတို့အား ဝံသ နိုင်ငံ ကောသမ္မီမြို့, ဥတေနမင်းနန်းတော်၌ ဟောကြားသည်သုတ်။

အဌကထာ၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

ဓာတုနာနတ္တသုတ္တ

– သံ၊ ၁။ ၃၅၈။ သံ၊ မြန်၊ ၁။ ၃၄၃။ သံ၊ ၌၊ ၂၊ ၁၂၁။ သံ၊ ဋီ၊ ၂။ ၁၂၉။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၃-ဓာတုသံယုတ္တ၊
၁-နာနတ္တဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်-
(က)စက္ခုဓာတု, ရူပဓာတု, စက္ခုဝိညာဏဓာတု၊
(ခ)သောတဓာတု, သဒ္ဒဓာတု, သောတဝိညာဏဓာတု၊
(ဂ)ဃာနဓာတု, ဂန္ဓဓာတု, ဃာနဝိညာဏဓာတု၊
(ဃ)ဇိဝှါဓာတု, ရသဓာတု, ဇိဝှါဝိညာဏဓာတု၊
(င)ကာယဓာတု, ဖောဋ္ဌဗ္ဗဓာတု, ကာယဝိညာဏဓာတု၊
(စ)မနောဓာတု, ဓမ္မဓာတု, မနောဝိညာဏဓာတုဟု ဓာတုနာနတ္တဖြစ်ပုံကို ရဟန်းတော်တို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

အဋ္ဌကထာ၌ ယင်းဓာတ်(၁၈)ပါးတို့၏ ပရမတ္ထသဘာဝဓမ္မများနှင့် ရှေ့ပိုင်းဓာတ် (၁၆)ပါးတို့သည် ကာမာဝစရဓာတ်များ ဖြစ်ပြီး အဆုံးဓာတ် (၂)ပါးသည် စာတုဘူမိကဓာတ်များဖြစ်ပုံကို ဖွင့်ပြတော်မူထားပါသည်။

ဋီကာ၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ပါရှိပါသည်။

❖ ❖ ❖

ဓာတုဝိဘင်္ဂသုတ္တ

- မ၊ ၃။ ၂၈၁–၂၉၀။ မ၊ မြန်၊ ၃။ ၂၈၄–၂၉၅။ မ၊ ဌ၊ ၄။ ၁၉၄–၂၁၇။ မ၊ ဋီ၊ ၃။ ၃၉၃–၄၀၄။
- မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၄–ဝိဘင်္ဂဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဘဂ္ဂဝ၏ အိုးလုပ်ရာတဲ၌ ပုဂ္ဂိုလ်သတ္တဝါ၌ ရှိသော ဓာတ် (၆)ပါး၊ ဖဿာယတန (၆)ပါး၊ စိတ် ၏ကြံစည်သုံးသပ်ခြင်း (၁၈)ပါး ၊ တည်ရာ (၄)ပါး ၊ယင်းတည်ရာ (၄)ပါးတို့၌ ထင်မှတ်ခြင်း အာသဝတို့ မဖြစ်သော ရဟန်းကို =ကိလေသာ ငြိမ်းသောရဟန်း, ဟူ၍ဆိုရပုံ၊ ဝိပဿနာပညာကို မမေ့ရာ၊ဝစီသစ္စာကို စောင့်ရာ၏။ကိလေသာစွန့်ခြင်း ကို အားထုတ်ရာ၏၊ရဟန်းသည် ကိလေသာငြိမ်းအေးမှုကိုသာလျှင် ကျင့်ရာ၏ ဟူသော ဥဒ္ဒေသခေါင်းစဉ်များကို အကျယ်ဝေဖန်၍ ပုဂ္ဂလသာတိရဟန်းအား ဟောတော်မူသည်သုတ်။

ဤသုတ္တန်၏ အဆုံး၌ ပုဂ္ဂလသာတိရဟန်းသည် အနာဂါမ်အရိယာသာဝက ဖြစ်၍ သင်္ကန်း, သပိတ်, ပရိက္ခရာကို ရှာမှီးရင်း ကွယ်လွန်သွားပုံကို ဟောတော်မူပါသည်။

ဤဓာတ် (၆)ပါးဟူသည် ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, အာကာသဓာတ်, ဝိညာဏဓာတ်တို့ ဖြစ်ပါသည်။

ဖဿာယတန (၆)ပါးဟူသည် စက္ခုသမ္ဖဿ (၀) မနောသမ္ဖဿ တို့ဖြစ်သည်။

စိတ်၏ကြံစည်သုံးသပ်ခြင်း ဥပဝိစာရ (၁၈)ပါးဟူသည် ဒွါရ (၆)ပါးတို့၌ အာရုံ (၆)ပါး ထင်ရာဝယ် သောမနဿူပဝိစာရ (၆)ပါး၊ဒေါမနဿုပဝိစာရ (၆)ပါး၊ ဥပေက္ခုပဝိစာရ (၆)ပါး တို့ဖြစ်သည်။

ပညာဓိဋ္ဌာန, သစ္စာဓိဋ္ဌာန, စာဂါဓိဋ္ဌာန, ဥပသမာဓိဋ္ဌာနဟူသော တည်ရာ (၄)ပါး တို့ဖြစ်သည်။

ဤသုတ်တော်၌-

- အဇ္ဈတ္တိက ပထဝီဓာတ် ---------- ၁၉ ပါး (၂၀)
- အဇ္ဈတ္တိက အာပေါဓာတ် ---------- ၁၂ ပါး (၁၃)
- အဇ္ဈတ္တိက တေဇောဓာတ် ---------- ၄ ပါး (၅)
- အဇ္ဈတ္တိက ဝါယောဓာတ် ---------- (၆)ပါး (၇)
- အာကာသဓာတ် ---------- (၆)မျိုး (၇)

တို့ကို ဟောတော်မူထားပါသည်။

အဌကထာ၌ ဘဂ္ဂဝ၏အကြံအစည်၊ ကုလပုတ္တ (၂) မျိုး မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့. ဗိမ္ဗိသာရမင်းနှင့် ဂန္ဓာရနိုင်ငံ တက္ကသိုလ်မြို့. ပုက္ကုသာတိဘုရင်တို့ အဒိဋ္ဌသဟာယဖြစ်ပုံမှစ၍ ပုက္ကုသာတိ နှင့် ဘုရားရှင်တို့ တွေ့ကြုံ၊ သုတ်တော်လာ ပုဒ်တို့၏ မှတ်သားဖွယ် ဖွင့်ဆိုချက် ပုက္ကုသာတိ= ဟေဘိက္ခုရဟန်း မဖြစ်ပုံ၊ ကွယ်လွန်ပုံ၊ ဗိမ္ဗိသာရမင်းက သဂြိုဟ်ပုံ ၊အဝိဟာဘုံသို့ ရောက်ပြီး ပရိနိဗ္ဗာန်ပြုကြ သော ရဟန်းတော်များ အစရှိသည်တို့.ကို ဖွင့်ပြတော်မူထားပါသည်။

♦ ဌီကာ၌လည်း မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဓာတုသောသံသန္ဒနသုတ္တ

- ကျတိဝုတ်။ ၂၄၂-၃။ ကျတိဝုတ်၊ မြန်။ ၂၂၇-၈။ ကျတိဝုတ်၊ ဌ။ ၂၃၂-၅။
- ခုဒ္ဒကနိကာယ၊ ကျတိဝုတ္တက၊ တိကနိပါတ၊ နဝမသုတ်။

အတိတ်, အနာဂါတ်, ပစ္စုပ္ပန်ကာလတို့၌ ယုတ်ညံ့သော နှလုံးသွင်းရှိသူ အချင်းချင်း, မြင့်မြတ်သော နှလုံးသွင်းရှိသူအချင်းချင်း ဓာတ်သဘောတူကြသူ သတ္တဝါများ နီနောကြ ပေါင်းဆုံကြသည်။ ရောင်သင့်သူ, ပေါင်းသင့်သူတို့ကို ဘုရားရှင် ဟောတော်မူပုံကို အသီးအသီး ကာလအလိုက် ခုဇ္ဈတ္တရာက သာမာဝတီ အမျိုးရှိသော မိဖုရားငါးရာတို့အား ဝံသနိုင်ငံ ကောသမ္ဗီမြို့. ဥတေနမင်း နန်းတော်၌ ဟောပြသည့် သုတ်။

♦ အဌကထာ၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

ဓာရဏာသုတ္တ (၂)

- သံ၊ ၃။ ၃၇၄။ သံ၊ မြန်၊ ၃။ ၃၈၀–၁။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂– သစ္စသံယုတ္တ၊ ပဌမသုတ်။

ငါဘုရားဟောကြားတော်မူအပ်သော အရိယသစ္စာလေးပါးကို ဆောင်ထားကြကုန်လျှင်ဟု ဘုရားရှင်က မိန့်တော်မူရာ အညတရ ရဟန်းက သစ္စာလေးပါးကို မိမိအစဉ်အတိုင်း ဆောင်ထားပုံကို လျှောက်သည့်အခါ ဘုရားရှင်က သာဓုခေါ်တော်မူပြီး သစ္စာသိအောင် အားထုတ်ကြရမည်ဟု သစ္စာတစ်ပါးစီ တစ်ပါးစီကို ရဟန်းတော်တို့အား ဟောတော်မူသည်သုတ်။

- သံ၊ ၃။ ၃၇၅–၆။ သံ၊ မြန်၊ ၃။ ၃၈၁–၂။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂– သစ္စသံယုတ္တ၊ ဆဋ္ဌသုတ်။

ငါဘုရားဟောကြားတော်မူသည့် အရိယသစ္စာတရားတို့ကို ဆောင်ထားကြကုန်လျှင်ဟု ဘုရားရှင်က မိန့်ကြားတော်မူရာ အညတရ ရဟန်းက အခြားသော ပုဂ္ဂိုလ်များ ပြောဆိုသော သစ္စာတရားကို လက်မခံပဲ ဘုရားရှင် ဟောတော်မူသည့် အတိုင်း အရိယသစ္စာတို့ကို ဆောင်ထားပုံကို တစ်ပါးစီ တစ်ပါးစီ လျှောက်ထားသည့် အခါ ဘုရားရှင်က ဤအတိုင်းသာ ဆောင်ထားပြီး သစ္စာသိမြင်အောင် အားထုတ်ကြရမည်ဟု အကျယ်တဝင့် ရဟန်းတို့အား ဟောကြားတော်မူသည်သုတ်။

ဒီဃာသုတ္တ

- သံ၊ ၁။ ၃၉၆။ သံ၊ မြန်၊ ၁။ ၃၈၃။
- သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၄–အနမတဂ္ဂသံယုတ္တ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည့်အခါ အဝိဇ္ဇာဖြင့်ပိတ်ဖုံးအပ် တဏှာဖြင့် ဖွဲ့တုတ်ချည်နှောင်အပ်သည် ဖြစ်၍ အနမတဂ္ဂသံသရာ၌ ပြေးသွားလှည့်လည် လာခဲ့ကြကုန်သော သင်တို့အား သမီး မတော်ခဲ့ဘူးသူကို မရနိုင်၊ ရှည်မြင့်စွာသော ကာလပတ်လုံး ဆင်းရဲ, ပြင်းထန်သောဆင်းရဲ, ပျက်စီးခြင်းကို ခံစားခဲ့ရလှလေပြီ၊ သခ်ၣေးမြေပုံသည် တိုးပွားခဲ့လှလေပြီ၊ ရဟန်းတို့ ဤအလုံးစုံသော သခါရတရားတို့၌ ငြီးငွေ့ခြင်းငှါ၊ တပ်မက်မှု ကင်းခြင်းငှါ

လွတ်မြောက်ခြင်းငှါ အားထုတ်သင့်လှတော့သည်သာတည်း ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

ဓောတကမာဏဝကပုစ္ဆာ

- သုတ္တနိ။ ၄၃၈-၉။ သုတ္တနိ၊ မြန်။ ၄၁၅-၆။ သုတ္တနိ၊ ဌ၊ ၂။ ၃၀၇-၈။
- ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ၅-ပါရာယနဝဂ္ဂ၊ ၅-ပုစ္ဆာ (သုတ္တ)။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့တော်အနီး ပါသာဏကစေတီ၌ သီတင်းသုံးတော်မူလျက် ဗာဝရီပြာဟ္မဏဆရာကြီး၏တပည့် ဓောတကလုလင်၏ မေးလျှောက်သည့် မေးခွန်းတို့ကို ဖြေကြားတော်မူသည်သုတ်။

မိမိ၏ရာဂစသည် ငြိမ်းအေးရန် သမ္မပ္ပဓာန် လုံ့လဖြင့် ပြင်းထန်စွာ အားထုတ်ရမည် ရင့်ကျက်သောပညာ, အောက်မေ့မှု သတိရှိရမည်။

သင်သည် မြတ်သော နိဗ္ဗာန်တရားကို သိမြင်လျှင် သံသရာအယဉ် 'သြဃ'ကို လွန်မြောက်နိုင်လိမ့်မည်။

ငြိမ်းအေးမှု နိဗ္ဗာန်တရားကို ကိုယ်တိုင်မြင်သိ၍ သတိရှိလျက် ကျင့်ကြံအားထုတ်သူသည် တဏှာကို လွန်မြောက်နိုင်လိမ့်မည်။

ကာလသုံးပါး တရားအားလုံးကို အနိစ္စအစရှိသော အခြင်းအရာအားဖြင့် သိလျှင် ကပ်ငြိတွယ်တာမှုတဏှာကို မပြုလေလင့် အစရှိသည်ဖြင့် ဘုရားရှင် ဟောတော်မူသည်သုတ်၊

ဒေသနာတော်အဆုံး၌ ဓောတကလုလင်သည် တပည့်တစ်ထောင်နှင့်အတူ ရဟန္တာဖြစ်၍ ဟေဘိက္ခုရဟန်း ဖြစ်ကြသည်။

အဋ္ဌကထာ၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

- စူဠနိဒ္ဒေသ။ ၈၉-၁၀၁။ စူဠနိ၊ ဌ။ ၂၅-၂၇။

❖ ❖ ❖

ဓောဝနသုတ္တ

- အံ၊ ၃။ ၄၃၁-၃။ အံ၊ မြန်၊ ၃။ ၄၂၄-၅။ အံ၊ ဌ၊ ၃။ ၃၃၅။
- အဂ္ဂုတ္တရနိကာယ၊ ဒသကနိပါတ၊ တတိယပဏ္ဏာသက၊

(၁၁) သမဏသညာဝဂ္ဂ၊ သတ္တမသုတ်။

ဒကွိဏာဇနပုဒ်တို့၌ ကြီးကျယ်ခမ်းနားသော အရိုးဆေးပွဲအကြောင်းကို မိန့်တော်မူပြီး ယင်းအရိုးဆေးပွဲသည် ဟီန ဂါမ္ဗ ပေါထုဇ္ဇနိက အနရိယ အနတ္တ သံဟိတဖြစ်ပုံ၊ နိဗ္ဗိဒါဉာဏ်၊ ဝိရာဂဉာဏ်၊ နိရောဓ၊ ဥပသမ၊ အဘိညာ၊ သမ္ဗောဓ၊ နိဗ္ဗာနတို့အတွက် မဖြစ်ပုံ။

အရိယဓောဝနသည်သာ ဇကန္ဓနိဗ္ဗိဒ၊ ဝိရာဂ၊ နိရောဓ၊ ဥပသမ၊ အဘိညာ၊ သမ္ဗောဓ၊ နိဗ္ဗာနတို့အတွက်ဖြစ်ပုံ၊ ဇာတိ ဇရာ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့မှ လွတ်မြောက်နိုင်ပုံ၊

– မှန်ကန်သောအယူရှိသူအား မိစ္ဆာဒိဋ္ဌိကို ဆေးကြောပြီးပုံ၊
– မှန်ကန်သောအကြံအစည်ရှိသူအား မိစ္ဆာသင်္ကပ္ပကို ဆေးကြောပြီးပုံ၊
–မှန်ကန်သောစကားရှိသူအား မိစ္ဆာဝါစာကို ဆေးကြောပြီးပုံ၊
–မှန်ကန်စွာပြုလုပ်နေသူအား မိစ္ဆာကမ္မန္တကို ဆေးကြောပြီးပုံ၊
–မှန်ကန်သောအသက်မွေးမှုရှိသူအား မိစ္ဆာအာဇီဝကို ဆေးကြောပြီးပုံ၊
–မှန်ကန်သောအားထုတ်မှုရှိသူအား မိစ္ဆာဝါယာမကို ဆေးကြောပြီးပုံ၊
–မှန်ကန်သော သတိရှိသူအား မိစ္ဆာသတိကို ဆေးကြောပြီးပုံ၊
–မှန်ကန်စွာ သိမြင်တတ်သူအား မှားယွင်းစွာသိမှု မိစ္ဆာဉာဏ်ကို ဆေးကြောပြီးပုံ၊
–မှန်ကန်စွာ လွတ်မြောက်မှုရှိသူအား မိစ္ဆာဝိမုတ္တိကို ဆေးကြောပြီးဖြစ်ပုံ။

ထိုမဂ္ဂင် (၈)ပါးနှင့် သမ္မာဉာဏ်, သမ္မာဝိမုတ္တိတို့ကြောင့် ယုတ်မာသော မျှားစွာသော အကုသိုလ်တရားတို့ မဖြစ်နိုင်ပုံ၊ မျှားစွာသော ကုသိုလ်တရားတို့ကို ပွားများမှု ပြည့်စုံခြင်း ရောက်ရှိပုံ ဤအရိယဓောဝန (၁၀)ပါးသည် ဇကန္ဓနိဗ္ဗိဒါ, ဝိရာဂနိရောဓ, ဥပသမ, အဘိညာ သမ္ဗောဓနိဗ္ဗာဖြစ်ပုံ၊ ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့မှ လွတ်မြောက်ပုံကို အရိယဓောဝနတရား တစ်ပါးစီ တစ်ပါးစီ အကျယ်အားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့် သုတ်။

♦ အဌကထာ၌ အရိုးဆေးပွဲအကြောင်း ဖွင့်ပြထားပါသည်။

❖ ❖ ❖

နကုလပိတုသုတ္တ (၃)

- သံ၊ ၂။ ၁–၅။ သံ၊ မြန်၊ ၂။ ၁–၅။ သံ၊ ဋ္ဌ၊ ၂။ ၂၂၉–၂၃၆။
  သံ၊ ဋီ၊ ၂။ ၂၀၁–၇ ။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊ ၁–နကုလပိတုဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ဘဂ္ဂနိုင်ငံ သုသုမာရဂိရိမြို့အနီး ဘေသကဠာ တောအုပ်ဝယ် သီတင်းသုံးတော်မူစဉ် ဘုရားရှင်က နကုလပိတုသူကြွယ်အား ကိုယ်နာကျင်သော်လည်း စိတ်မနာကျင်အောင် ရှုနည်းဖြင့်လည်းကောင်း, အရှင်သာရိပုတ္တရာထေရ်က (က)ကိုယ်လည်းနာကျင်, စိတ်လည်းနာကျင်သောရှုနည်း, (ခ)ကိုယ်နာကျင်သော်လည်း စိတ်နာကျင်မှုကင်းအောင်ရှုနည်းတို့ဖြင့်လည်းကောင်း သြဝါဒကထာအဖြစ် မိန့်ကြားတော်မူသည်သုတ်။

♦အဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ပါရှိပါသည်။

- သံ၊ ၂။၃၃၃–၄။ သံ၊မြန်၊ ၂။ ၃၂၇–၈။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊
  ၁–သဠာယတနသံယုတ္တ၊ (၁၃) ၃–ဂဟပတိဝဂ္ဂ၊ အဌမသုတ်။

ဘုရားရှင် ဘဂ္ဂနိုင်ငံ သုသုမာရဂိရိမြို့အနီး ဘေသကဠ မိဂဒါယတောအုပ်ဝယ် သီတင်းသုံးတော်မူစဉ် နကုလပိတာ သူကြွယ်၏ မေးမြန်းလျှောက်ထားချက်အရ မျက်မှောက်ဘဝ၌ ကိလေသာမငြိမ်းနိုင်သောရဟန်း, ကိလေသာငြိမ်းအေးနိုင်သော ရဟန်းတို့ကို အဖျတ္တိကာယတန ၆–ပါး၊ ဗဟိဒ္ဓါယတန ၆–ပါး၊ ဝိညာဏ် ၆–ပါးတို့ ဖြင့် ဘုရားရှင် ဟောကြားတော်မူသည်သုတ်။

- အံ၊ ၂။ ၂၆၁–၄။ အံ၊ မြန်၊ ၂။ ၃၃၈–၃၄၁။
- အံ၊ ဋ္ဌ၊ ၃။ ၉၇။ အံ၊ ဋီ၊ ၃။ ၉၇။
- အဂုံတ္တရနိကာယ၊ ဆက္ကနိပါတ၊ ပဌမပဏ္ဏာသက၊ ၂– သာရဏီယဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဘုရားရှင် ဘဂ္ဂနိုင်ငံ သုသုမာရဂိရိမြို့အနီး ဘေသကဠာတောအုပ်၌ သီတင်းသုံးတော်မူစဉ် ပြင်းထန်စွာ မကျန်းမမာဖျားနာနေသော နကုလပိတာ သူကြွယ်အား နကုလမာတာ ဥပါသိကာက မိမိ၏ဂုဏ်ရည် (၆)မျိုးတို့ကို ပြောဆို၍ သစ္စာပြုရာ ရောဂါပျောက်ကင်းသွားပုံ၊ ဘုရားရှင်က နကုလမာတာ ဥပါသိကာ၏ ဂုဏ်ရည်တို့ကို ချီးကျူး မိန့်ကြားတော်မူပုံကို ပြဆိုသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နကုလမာတာသုတ္တာ

– အံ၊ ၃။ ၉၅–၆။ အံ၊ မြန်၊ ၃၊ ၉၅–၆။
– အဂ်ုတ္တရနိကာယ၊ အဋ္ဌကနိပါတ၊ ပဌမပဏ္ဏာသက၊ ၅–ဥပေါသထဝဂ်၊ အဋ္ဌမသုတ်။

ဘုရားရှင် ဘဂ္ဂနိုင်ငံ သုသုမာရဂိရမြို့အနီး ဘေသကဋ္ဌာတောအုပ်ဝယ် သီတင်းသုံးတော်မူစဉ် နကုလမာတာအား ကွယ်လွန်ပြီးနောက် မနာပကာယိကာနတ် ဖြစ်နိုင်သော အမျိုးသမီး၏ အရည်အချင်းရှစ်မျိုးကို ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နခသိခါသုတ္တာ (၄)

– သံ၊ ၁။ ၃၅၂။ သံ၊ မြန်၊ ၁။ ၃၃၇။ သံ၊ ဋ္ဌ၊ ၂။ ၁၁၉။ သံ၊ ဋီ၊ ၂။၁၂၇။
– သံယုတ္တနိကာယ၊ နိဒါနဝဂ်သံယုတ္တ၊ ၂–အဘိသမယသံယုတ္တ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သတ္တကဒ္ဒတ္တပရမ သောတာပန်ပုဂ္ဂိုလ်သည် မြေကြီးထုပမာ များပြားစွာသော ဆင်းရဲဒုက္ခကုန်သွားပုံ၊ လက်သည်းခွံပေါ်၌ရှိသော မြေမှုံ့ပမာ ဆင်းရဲဒုက္ခ အနည်းငယ်သာကျန်ရှိပုံ၊ ဓမ္မာဘိသမယ, ဓမ္မစက္ခုပဋိလာဘ၏အကျိုး များပုံကို ရဟန်းတို့အား ဟောကြားတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ပါရှိပါသည်။
– သံ၊ ၁။ ၄၅၄။ သံ၊ မြန်၊ ၁။ ၄၄၃။ သံ၊ ဋ္ဌ၊ ၂။ ၂၀၆။ သံ၊ ဋီ၊ ၂။၁၈၇။
– သံယုတ္တနိကာယ၊ နိဒါနဝဂ်သံယုတ္တ၊ ၉– သြပမ္မသံယုတ္တ၊ ဒုတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် လက်သည်းဖျားပေါ်၌ရှိသော မြေမှုံ့ပမာ လူပြည်၌ လူပြန်ဖြစ်သော သတ္တဝါတို့ နည်းပါးလှပုံ၊ မြေကြီးထုပမာ လူပြည်မှ (အပါယ်ဘုံတို့၌)ဖြစ်ကြသော သတ္တဝါတို့ များပြားလှပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

– သံ၊ ၂။ ၁၂၀။ သံ၊ မြန်၊ ၂။ ၁၁၁–၂။

– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊ (၁၀) ၅–ပုဗ္ဗဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အညတရ ရဟန်း၏ မေးလျှောက်ချက်အရ လက်သည်းဖျားပေါ်၌ တည်ရှိသော မြေမှုံ့ပမာ နိစ္စ ဓုဝ သဿတ အဝိပရိဏာမဓမ္မ၊ သဿတိသမ ကဲ့သို့ တည်ရှိသော ခန္ဓာ(၅)ပါး အနည်းငယ်မျှပင် မရှိပုံ၊ ဆင်းရဲဒုက္ခကုန်ဆုံးရန် ဗြဟ္မစရိယကို ပြည့်စုံအောင် ကျင့်သုံးမူထင်ရှားပုံကို ခန္ဓာတစ်ပါးစီ ဟစ်ပါးစီ ဖြေကြားတော်မူပြီး ယင်းခန္ဓာ (၅)ပါးကို အနတ္တလက္ခဏာသုတ် ဒေသနာတော်အတိုင်း ဘုရားရှင် ဟောတော်မူသည့်သုတ်၊ အညတရရဟန်း ရဟန္တာ ဖြစ်သွားပါသည်။

– သံ၊ ၃။ ၄၀၀။ သံ၊ မြန်၊ ၃၊ ၄၀၆။

– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂–သစ္စသံယုတ္တ၊

၆–အဘိသမယဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်သည် မဟာပထဝီ မြေကြီးထုပမာ ဆင်းရဲဒုက္ခများစွာကုန်သွားပုံ လက်သည်းဖျားပေါ်ရှိ မြေမှုံ့ပမာ ဆင်းရဲဒုက္ခ အနည်းငယ်မျှသာ ကျန်တော့ပုံ၊ သစ္စာလေးတန်တရားမှန်ကို သိမြင်ပြီးပုံ၊ သစ္စာလေးတန်တရားမှန်ကို သိမြင်အောင် အားထုတ်ရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

နဂရသုတ္တ

– သံ၊ ၁။ ၃၂၂–၉။ သံ၊ မြန်၊ ၁။ ၃၁၄–၆။ သံ၊ ဌ၊ ၂။ ၁၀၆–၁၁၀။
သံ၊ ဋီ၊ ၂။ ၁၁၆–၁၁၉။

– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁–နိဒါနသံယုတ္တ၊ ၇–မဟာဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဘုရားမဖြစ်မီ အလောင်းတော်ဘဝ၌ ဇရာ–မရဏဟူသော ဆင်းရဲခြင်းအကြောင်းကို ကြံစည်ရာက ဇာတိမှ ဝိညာဏအထိ အနုလောမ ပဋိစ္စသမုပ္ပါဒဓမ္မ

တို့၏ ကြောင်းကျိုး ဝိညာဏ်၏အကြောင်းသည် နာမ်ရုပ်ဖြစ်ပုံ, နာမ်ရုပ်၏အကြောင်းသည် သဠာယတနဖြစ်ပုံမှ ဆင်းရဲအစုဖြစ်ပုံအထိ အနုလောမ ပဋိစ္စသမုပ္ပါဒဝမ္မတို့၏ ကြောင်းကျိုးဆက်၍ ဖြစ်နေပုံကို လည်းကောင်း ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏချုပ်ပုံမှစ၍ နာမ်ရုပ်ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်ပုံ အစုံအဆန် ပဋိလောမ ပဋိစ္စသမုပ္ပါဒဝမ္မတို့ကိုလည်းကောင်း ရှေးကမကြားဖူးသော ပဋိစ္စသမုပ္ပါဒဝမ္မတို့၌ ဉာဏ်မျက်စိ အသိဉာဏ် ပညာဝိဇ္ဇာ အလင်းရောင်ဖြစ်ပုံ တောအုပ်အတွင်း လမ်းဟောင်းဖြင့်သွားသောယောက်ျား၏ ရှေးဟောင်း မင်းနေပြည် မြို့တော်ဟောင်းကို တွေ့မြင်ပုံ၊ မြို့တော်အသစ် ပြန်လည်တည်ဆောက်ပုံ ဥပမာကိုလည်းကောင်း အဋ္ဌင်္ဂိက အရိယာမဂ္ဂင် ရှစ်ပါးသည် ရှေးဘုရားရှင်တို့ ကြွသွားတော်မူခဲ့သော လမ်းဟောင်း လမ်းမှန်ဖြစ်ပုံ၊ ထိုလမ်းကြောင်း အတိုင်းသွားလျှင် ပဋိစ္စသမုပ္ပါဒဝမ္မတို့နှင့် နိဗ္ဗာန်ကို သိမြင်နိုင်ပုံ၊ အဋ္ဌင်္ဂိကအရိယာ မဂ်တည်းဟူသော အကျင့်မြတ်ကို သိနိုင်ရန် ပရိသတ်လေးပါးတို့အား ဟောကြားတော်မူပုံကို အကျယ်အားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဤသုတ်တော်လာဝမ္မတို့နှင့် ဆက်စပ်၍ မှတ်သား ဖွယ်များကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

နဂရဝိနေယျသုတ္တ

- မ၊ ၃။ ၃၃၉–၃၄၂။ မ၊ မြန်၊ ၃။ ၃၄၄–ဂ။ မ၊ ဌ၊ ၄။ ၂၄၉။
  မ၊ ဋီ၊ ၃။ ၄၃၅–ဂ။
- မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၅–သဠာယတနဝဂ္ဂ၊ အဋ္ဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ နဂရဝိန္ဒပုဏ္ဏားရွာ၌ သီတင်းသုံးနေတော်မူစဉ် အရိုအသေ အလေးအမြတ်မပြုထိုက် မမြတ်နိုးထိုက် မပူဇော်ထိုက်သော သမဏ, ဗြာဟ္မဏနှင့် အရိုအသေ အလေးအမြတ် မပြုထိုက် မမြတ်နိုးထိုက် မပူဇော်ထိုက်ခြင်း အကြောင်း, အရိုအသေ အလေးအမြတ်ပြုထိုက် မြတ်နိုးထိုက် ပူဇော်ထိုက်သော သမဏဗြာဟ္မဏနှင့် ယင်းသို့ပြုခြင်း၏အကြောင်းနှင့် ရာဂ, ဒေါသ, မောဟ ကင်းပြီးခြင်း, ယင်းသို့ကင်းအောင် ကျင့်သုံးနေသူများဟု သိနိုင်သော အထောက် အထားတို့ကို ဘုရားရှင် က နဂရဝိန္ဒရွာသားသူကြွယ်တို့အား ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ပါရှိပါသည်။

❖ ❖ ❖

နဂရောပမသုတ္တ

– အံ၊ ၂။ ၄ရစ–၄၈၃။ အံ၊ မြန်၊ ၂။ ၅၉၉–၆၀၄။
– အံ၊ ဌ၊ ၃။ ၁၈၁–၄။ အံ၊ ဋီ၊ ၃။ ၁၈၉–၁၉၁။
– အဂ္ဂိတ္တရနိကာယ၊ သတ္တကနိပါတ၊ ရ–မဟာဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မြို့သူမြို့သားများ လုံခြုံ, ပျော်မွေ့ချမ်းသာစေရန်, ပြင်ပရန်သူတို့ မနှိပ်စက်, မဖျက်ဆီးနိုင်ရန် ပစ္စန္တ (နယ်စပ်) မြို့တော် အခြံအရံ (၇)မျိုးနှင့် အာဟာရ (၄)မျိုးတို့ကို ပမာထားတော်မူ၍ မာရ်နတ် မနှိပ်စက်နိုင်ရန်, အလိုရှိတိုင်းမပြုနိုင်ရန် အရိယာသာဝကသည် သူတော်ကောင်းတရား (၇)ပါးနှင့် အာဘိစေတသိက, ဒိဋ္ဌဓမ္မသုခဝိဟာရဖြစ်သော ရူပါဝစရ စျာန် (၄)ပါးဟူသော အာဟာရ (၄)ပါးတို့ကို အလိုရှိတိုင်း မဆင်းရဲ မငြိုမငြင် မပင်မပန်းပဲရအောင် အားထုတ်ရမည် အစရှိသည်ဖြင့် ရဟန်းတော်တို့အား ဘုရားရှင် အကျယ်ဝေဖန်၍ ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နစ္စဂီတသုတ္တ

– သံ၊ ၃။ ၄၀၈။ သံ၊ မြန်၊ ၃၊ ၄၁၅။ သံ၊ ဌ၊ ၃။ ၃၃၅။ သံ၊ ဋီ၊ ၂။ ၅၄ရ–၈။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ။ ၁၂–သစ္စသံယုတ္တ၊ ၉– တတိယ အာမဂဓည ပေယျာလဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင်သီတင်းသုံးတော်မူစဉ် လက်သည်းဖျားပေါ်၌ တင်ထားသော မြေမှုံ့ပမာ နစ္စဂီတဝါဒိတ ဝိသူကဒဿန ရှောင်ကြဉ်သောပုဂ္ဂိုလ်တို့ နည်းပါးလှပြီး မြေကြီးထုပမာ မရှောင်ကြဉ်သောပုဂ္ဂိုလ်တို့ များပြားလှပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နဇီရတိသုတ္တ

– သံ၊ ၁။ ၄၀။ သံ၊ မြန်၊ ၁။ ၃၉–၄၀။ သံ၊ ဌ၊ ၁။ ၉၃–၄။
သံ၊ ဋီ၊ ၁။ ၁၃၈–၉။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁–ဒေဝတာသံယုတ္တ၊
၈–ဆေတ္တာဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အညတရနတ်သား၏ မေးလျှောက်ချက်အရ ဆွေးမြေ့သော အရာကား သတ္တဝါတို့၏ရုပ်၊ မဆွေးမြေ့သောအရာကား အမည်အနွယ်၊ လမ်းမှားကား စွဲမက်မှု 'ရာဂ'၊ တရားတို့၏ဘေးရန်ကား လိုချင်မှု 'လောဘ'၊ ညဉ့်နေ့တို့ကို ကုန်စေသော အရာကား အရွယ်၊ မြတ်သောအကျင့်၏ အညစ်အကြေးကား မိန်းမ၊ ရေမဟုတ်သော ဆေးကြောဖွယ်ဝတ္ထုကား ကိလေသာကို ပူပန်စေတတ်သောအကျင့်နှင့် မေထုန်မှ ရှောင်ကြဉ်ခြင်း ဗြဟ္မစရိယ၊ လောကဌ် စီးပွားဥစ္စာ မတည်ကြောင်းအပေါက်တို့ကား ပျင်းရိခြင်း, မေ့လျော့ခြင်း, ထကြွလုံ့လမရှိခြင်း, မစောင့် စည်းခြင်း, အအိပ်ကြူးခြင်း, မပျော်မွေ့ခြင်းတို့ဖြစ်ပုံကို ဘုရားရှင် ဖြေကြားတော်မူ သည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နတ္ထိမသုတ္တ

– သံ၊ ၁။ ၂၉၄–၅။ သံ၊ မြန်၊ ၁။ ၂၈၂။ သံ၊ ဌ၊ ၂။ ၆၅။ သံ၊ ဋီ၊ ၂။ ၈၁။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁–နိဒါနသံယုတ္တ၊
၄–ကဠာရခတ္တိယဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဤကိုယ်သည် သင်တို့၏ ဥစ္စာမဟုတ်သလို၊ အခြားသူတို့၏ ဥစ္စာလည်း မဟုတ်၊ ရှေးကံဟောင်းကြောင့် ဖြစ်လာပုံ၊ အကြောင်းတရားတို့ ပြုစီရင်ပုံ၊စေတနာကံ လျှင် အကြောင်းရင်းရှိပုံ၊ ခံစားမှုဝေဒနာ၏ တည်ရာဖြစ်ပုံနှင့် အကြားအမြင်ရှိသော အရိယာသာဝကဏ္ဍ ပဋိစ္စသမုပ္ပါဒ်ကိုသာ လျှင် ကောင်းစွာသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းပုံ ပဋိစ္စသမုပ္ပါဒ, အနုလောမ, ပဋိလောမဒေသနာတော်ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နတုမှာကသုတ္တ (၆)

– သံ၊ ၂။ ၂၈။ သံ၊ မြန်၊ ၂။ ၂၇။ သံ၊ ဋ္ဌ၊ ၂။ ၂၁၆။ သံ၊ ဋီ၊ ၂။ ၂၄၄-၅။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁-ခန္ဓသံယုတ္တ၊ ၄-နတုမှာကဝဂ္ဂ၊ ပထမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သင်တို့၏ ဥစ္စာမဟုတ်သော ခန္ဓာငါးပါးကို ပယ်စွန့်သည် ရှိသော် စီးပွားချမ်းသာ အကျိုးငှါဖြစ်ပုံ၊ မြက်ထင်း, သစ်ခက်, သစ်ရွက်တို့ကဲ့သို့ အတ္တ, အတ္တနိယ မဟုတ်ပုံကို ခန္ဓာတစ်ပါးစီ ရဟန်းတို့အား အကျယ်ဝေဖန်၍ ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

– သံ၊ ၂။ ၂၈။ သံ၊ မြန်၊ ၂။ ၂၇။ သံ၊ ဋ္ဌ၊ ၂။ ၂၁၆။ သံ၊ ဋီ၊ ၂။ ၂၄၅။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁-ခန္ဓသံယုတ္တ၊ ၄-နတုမှာကဝဂ္ဂ၊ ဒုတိယသုတ်။

အထက်သုတ်တော်ကဲသို့ ဥပမာမပါဘဲ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– သံ၊ ၂။ ၃၀၂-၃။ သံ၊ မြန်၊ ၂။ ၂၉၅-၆။ သံ၊ ဋ္ဌ၊ ၃။ ၃၁။ သံ၊ ဋီ၊ ၂။ ၃၀၄။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁-သဠာယတနသံယုတ္တ၊ (၁၀) ၅- သဠဝဂ္ဂ၊ အဋ္ဌမသုတ်။

မြက် ထင်း သစ်ခက် သစ်ရွက် ဥပမာဖြင့် အဇ္ဈတ္တိကာယတန (၆)ပါး, ဗဟိဒ္ဓါယတန (၆)ပါး၊ ဝိညာဏ် (၆)ပါး၊ ဖဿ (၆)ပါး၊ ဝေဒနာ (၆)ပါးတို့ကို ပယ်စွန့်သည်ရှိသော် စီးပွားချမ်းသာအလို့ငှါ ဖြစ်ပုံကို ဝတ္ထု, အာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာတစ်စုံစီ တစ်စုံစီ အကျယ်ဝေဖန်၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– သံ၊ ၂။ ၃၀၄။ သံ၊ မြန်၊ ၂။ ၂၉၆-၇။ သံ၊ ဋ္ဌ၊ ၃၊ ၃၁။ သံ၊ ဋီ၊ ၂။ ၃၀၄။

– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ (၁၀) ၅– သဠဝဂ္ဂ၊ နဝမသုတ်။

အထက်သုတ် ဒေသနာတော်အတိုင်း ဥပမာမပါဘဲ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

– သံ၊ ၂။ ၃၄၃–၄။ သံ၊ မြန်၊ ၂။ ၃၃၆–ရ။

– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊ (၁၄) ဒေဝဒဟဝဂ္ဂ၊ ပဌမသုတ်။

အထက်သုတ် ဒေသနာတော်အတိုင်း အဒ္ဓတ္တိကာယတန (၆)ပါးကို ဥပမာဖြင့် ဟောတော်မူသည့်သုတ်။

– သံ၊ ၂။ ၃၄၄။ သံ၊ မြန်၊ ၂။ ၃၃ရ။

– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊ (၁၄) ဒေဝဒဟဝဂ္ဂ၊ ဆဋ္ဌသုတ်။

အထက်သုတ် ဒေသနာတော်နည်းအတိုင်း အဒ္ဓတ္တိကာယတန (၆)ပါးတို့ကို ဥပမာမပါပဲ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

နတ္တိဒိန္နသုတ္တ

– သံ၊ ၂။ ၁၆၉–၁ရ၁။ သံ၊ မြန်၊ ၂။ ၁၆၀–၂။

– သံ၊ ၆၊ ၂။ ၃၁၁။ သံ၊ ဋီ၊ ၂။ ၃၁၁–၂။

– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၃–ဒိဋ္ဌိသံယုတ္တ၊ သောတာပတ္တိဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ခန္ဓာငါးပါးကိုစွဲ၍ မှားမှားယွင်းယွင်း နှလုံးသွင်းခြင်းကြောင့် မိစ္ဆာအယူ (အဇိတကေသကမ္ဗလဝါဒ၊ ဒီ၊ ၁။ ၅၁–၂) ဖြစ်ပုံကို မိန့်တော်မူပြီး ခန္ဓာငါးပါးကို အနတ္တလက္ခဏာသုတ် ဒေသနာတော်အတိုင်း ရဟန်းတို့အား ခန္ဓာတစ်ပါးစီ အကျယ်ဝေဖန်၍ ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

နတ္ထိပုတ္တသမသုတ်

- သံ၊ ၁။ ၆။ သံ၊ မြန်၊ ၁။ ၆။ သံ၊ ဌ၊ ၁။ ၃၁-၂။ သံ၊ ဋ္ဌ၊ ၁။ ၇၇။
- သံယုတ္တနိကာယ၊သဂါထာဝဂ္ဂသံယုတ္တ၊ ၁-ဒေဝတာသံယုတ္တ၊ ၂-နန္ဒနဝဂ္ဂ၊ တတိယသုတ္တ။

ဘုရားရှင်သီတင်းသုံးတော်မူစဉ် နတ္ထိပုတ္တသမံ ပေမံအစရှိသော နတ်သား၏ ထင်မြင်ယူဆလျှောက်ချက် (၄)မျိုးကို နတ္ထိအတ္တသမံ ပေမံ အစရှိသည်ဖြင့် ပြင်ဆင်၍ ဘုရားရှင် မိန့်ကြားတော်မူသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ နတ်သားအယူအဆ, ဘုရားရှင်၏ ပြင်ဆင်မိန့်ကြားချက်များကို ရှင်းလင်းဖွင့်ဆိုထားပါသည်။

❖ ❖ ❖

နဒီသုတ္တ (၂)

- သံ၊ ၂။ ၁၁၂-၃။ သံ၊ မြန်၊ ၂။ ၁၀၅။ သံ၊ ဌ၊ ၂။ ၂၉၂-၃။ သံ၊ ဋ္ဌ၊ ၂။ ၂၄၉။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁-ခန္ဓသံယုတ္တ၊ (၁၀) ၅- ပုဗ္ဗဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရေစီးသန်သောတောင်ကျချောင်း၌ မျောပါလာသော ယောက်ျားဥပမာဖြင့် အရိယာပုဂ္ဂိုလ် သူတော်ကောင်းတို့ကို မဖူးမြင် မတွေ့ဖူးသော အရိယဓမ္မ သပ္ပုရိသဓမ္မ၌မလိမ္မာ မဆုံးမအပ်သော ဗာလပုထုဇဉ်သည် ရုပ်ကို အတ္တ၊ အတ္တ၌ ရုပ်ရှိ၏ အစရှိသည်ဖြင့် ရှုမြင်ခြင်းကြောင့် အကျိုးမဲ့ပျက်စီးရပုံ၊ ကြွင်းခန္ဓာလေးပါး၌လည်း အယူမှားခြင်းကြောင့် အကျိုးမဲ့ပျက်စီးရပုံကို ခန္ဓာတစ်ပါးစီ ဟောတော်မူပြီး အနတ္တလက္ခဏာသုတ် ဒေသနာတော်နည်းဖြင့် အတ္တဒိဋ္ဌိပြုတ်အောင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

- သံ၊ ၃။ ၄၉-၅၀။ သံ၊ မြန်၊ ၃။ ၅၂-၃။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁- မဂ္ဂသံယုတ္တ၊ ၆- ဗလကရဏီယဝဂ္ဂ၊ ဒွါဒသမသုတ်။

တိပိဋကသုတ္တသူစီ ဝိဘာဝိနီ

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှေ့အရပ်သို့ စီးဆင်းနေသော ဂင်္ဂါမြစ် ကို လူအင်အားဖြင့် အနောက်ဖက်သို့ စီးဆင်းအောင် မပြုလုပ်နိုင်သကဲသို့၊ ထို့အတူ အဋ္ဌင်္ဂိကအရိယ မဂ်ကို ပွားများနေသော ကြိမ်ဖန်များစွာ အလေ့အလာပြုနေသော ရဟန်းကို မင်းအစ ရှိသောပုဂ္ဂိုလ်တို့ ပစ္စည်းဥစ္စာတို့ကို ယူဆောင်ကြကုန်၍ သိက္ခာချပြီး လူထွက်၍ စည်းစိမ်ခံစားရန် စည်းရုံးဆွဲဆောင်မှု မပြုနိုင်ပုံ၊ ထိုရဟန်း၏ စိတ်သည် ရှည်မြင့်စွာ သော ကာလပတ်လုံး ဝိဝေကနိန္နဿ, ဝိဝေကပေါဏ, ဝိဝေကပဗ္ဗာရဖြစ်နေသောကြောင့် လူမထွက်တော့ အစရှိသည်ဖြင့် အကျယ်အားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟော တော်မူသည်သုတ်။

❖ ❖ ❖

နဒီသောတသုတ္တာ

– ဣတိဝုတ်။ ၂၇၁–၂။ ဣတိဝုတ်၊ မြန်။ ၂၅၅–၈။ ဣတိဝုတ်၊ ဌ။ ၃၂၆– ၃၃၃။
– ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ ၄– စတုက္ကနိပါတ၊ ဒသမသုတ်။

မြစ်ထဲ၌ မျောပါလာသော ယောက်ျားအား မြစ်အတွင်းရှိ ဘေးအန္တရာယ် များရှိပုံကို ပြောကြားသော ယောက်ျားဥပမာဖြင့် မြစ်ရေအယဉ်၊ ပိယရူပသာတရူပ၊ ဟေဋ္ဌာရဟဒ၊ ဥဒမိဘယ၊ အာဝဋ္ဋ၊ ဂဟရက္ခသ၊ ပဋ္ဌိသောတ၊ ဟတ္ထေဟိစ ပါဒေဟိစ ဝါယာမ၊ တိရေ၌တ စက္ခုမာပုရိသတို့၏ အဓိပ္ပါယ်များကို ဖွင့်ဆိုလျက် ခုဒ္ဓတ္တရာ က ဝံသနိုင်ငံ ကောသမ္ဗီမြို့၊ ဥဒေနမင်းနန်းတော်၌ သာမာဝတီအမှူးရှိသော မိဖုရား ငါးရာတို့အား ဟောပြသည်သုတ်။

♦ အဋ္ဌကထာ၌ အကျယ်ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နဒုတ္တိယသုတ္တာ

– သံ၊ ၁။ ၂၂၆–ရ။ သံ၊ မြန်၊ ၁။ ၂၁၁–၂။ သံ၊ ဌ၊ ၁။ ၃၁၈။ သံ၊ ဋီ၊ ၁။ ၃၃၄။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁၁– သက္ကသံယုတ်၊
၁–ပဌမဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သိကြားမင်း၏ စိတ်အကြံအစီကိုသိ၍ ချဉ်းကပ်လာသော ဝေပစိတ္တိအသူရိန်အား သိကြားမင်းဖမ်း၍ ကျိန်စာဆိုစေပုံကို ပြဆိုသည်သုတ်။

♦ အဌကထာ၌ မဟာပါပလေးမျိုးနှင့် ဖွင့်ဆိုချက်များ ရှိပါသည်။ ဋီကာ၌ လည်း ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နန္ဒသုတ္တ (၄)

– သံ၊ ၁။ ၆၂။ သံ၊ မြန်၊ ၁။ ၆၁။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၂–ဒေဝပုတ္တသံယုတ္တ၊ သတ္တမသုတ်။

"ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အညတရနတ်သား၏ လျှောက်ထားချက်ကို အချိန်အခါ၊ ညဉ့်တို့သည် (ပုဂ္ဂိုလ်ကို) လွန်ကုန်၏။ (ပဌမ,မဇ္ဈိမ,ပစ္ဆိမ)အရွယ်တို့သည် (ပုဂ္ဂိုလ်ကို)အစဉ်အတိုင်း စွန့်ကုန်၏။ ငြိမ်းချမ်းရာ နိဗ္ဗာန်ကို အလိုရှိသူသည် ထိုကြောက်ဖွယ် ဘေးသုံးမျိုးကို ရှုသည်ဖြစ်၍ လောကာမိသ (တေဘူမကဝဋ်)ကို စွန့်ရာ၏ဟု ဘုရားရှင် ဟောတော်မူသည်သုတ်။

– သံ၊ ၁။ ၄၆၈။ သံ၊ မြန်၊ ၁။ ၄၅၇။ သံ၊ ဌ၊ ၂။ ၂၁၉။ သံ၊ ဋီ၊ ၂။၁၉၇။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁၀–ဘိက္ခုသံယုတ္တ၊ အဌမသုတ်။

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ညီတော်နန္ဒရဟန်း၏ သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တနှင့် မလျော်သောကိစ္စကို အကြောင်းပြု၍ ကဲ့ရဲ့တော်မူပြီး ''ကဒါဟံ''အစရှိသောဂါထာကို ဟောတော်မူခြင်းကြောင့် ဘုရားရှင် မနှစ်သက်သောအရာတို့ကို ပယ်စွန့်၍ ဟောတော်မူသည့်အတိုင်း လိုက်နာ ကျင့်သုံးခြင်းကြောင့် မကြာခင် ရဟန္တာဖြစ်ပုံကို ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို၌ ဖွင့်ဆိုချက်များ ရှိပါသည်။

– အံ၊ ၃။ ၁၄–၅။ အံ၊ မြန်၊ ၃။ ၁၅–ဂ။ အံ၊ ဌ၊ ၃။ ၁၉ဖ–ဂ။
– အံ၊ ဋီ၊ ၃၊ ၂၀ဖ–ဂ။
– အဂုတ္တရနိကာယ၊ အဌကနိပါတ၊ ပဌမပဏ္ဏာသက၊ ၁–မေတ္တာဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်

နန္ဒရဟန်း၏ပြဟ္မစရိယကို ပရိပုဏ္ဏ, ပရိသုဒ္ဓဖြစ်အောင် ကျင့်သုံးရန် ဣန္ဒြိယဂုတ္တ, ဘောဇနမတ္တညူ, ဇာဂရိယာနုယောဂ, သတိသမ္ပဇညနှင့် ပြည့်စုံပုံကို အကျယ်ဝေဖန်၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

– ဥဒါန။ ၁၀၁–၄။ ဥဒါန၊ မြန်။ ၉၃–၅။ ဥဒါန၊ ၆။ ၁၅၀–၁၆၁။
– ခုဒ္ဒကနိကာယ၊ ဥဒါန၊ ၃–နန္ဒဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင် သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ညီတော်နန္ဒထေရ် အဋ္ဌပ္ပတ္တိနှင့် ရဟန္တာဖြစ်ပုံ အစရှိသည်တို့ကို အကျယ်ဟောတော်မူသည်သုတ်။

♦ ပါဠိတော်နှင့် အဋ္ဌကထာ၌ အကြောင်းအရာ ဖွင့်ဆိုချက် အပြည့်အစုံ ပါရှိသည်။

❖ ❖ ❖

နန္ဒကသုတ္တ

– အံ၊ ၃။ ၁၆၉–၁၇၃။ အံ၊ မြန်၊ ၃။ ၁၇၁–၅။ အံ၊ ၆၊ ၃။ ၁၆၀–၁။
အံ၊ ဋီ၊ ၃။ ၂၈၃။
– အင်္ဂုတ္တရနိကာယ၊ နဝကနိပါတ၊ ပဌမပဏ္ဏာသက၊ ၁–သမ္မောဒိဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဥပဋ္ဌာနသာလာ၌ ဓမ္မကထိက အရှင်နန္ဒကထေရ် ညဉ့်သုံးယာမ်ပတ်လုံး ရဟန်းတော်တို့အား တရားဟောသည်ကို ဘုရားရှင် ရပ်တော်မူလျက် တရားနာပုံ, အရှင်နန္ဒကထေရ်အား ချီးမွမ်းတော်မူပုံ ဓမ္မဒိ ဝါ ကထာ, အရိယတုဏ္ဍိဘာဝတို့သည် အနာဂါရိကကုလပုတ္တတို့နှင့် သင့်လျော်ပုံ ရဟန်းတော်များ ပြည့်စုံရမည်တရား လေးပါးတို့ကို အရှင်နန္ဒကနှင့် ရဟန်းတော်များအား ဘုရားရှင် ဟောမိန့်တော်မူပြီး ပြန်ကြွတော်မူပုံ အရှင်နန္ဒကထေရ်က ရဟန်းတော်များအား ယင်းတရားလေးပါးနှင့် ဓမ္မသဝနာနိသံသ (၅)မျိုးကို ဟောကြားပုံကို ပြဆိုသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ မှတ်သားဖွယ်ရာများကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

နန္ဒကလိဒ္ဓိဝီသုတ္တ

- သံ၊ ၃။ ၃၄၀-၁။ သံ၊ မြန်၊ ၃။ ၃၄၃-၄။
- သံယုတ္တနိကာယ။ မဟာဝဂ္ဂသံယုတ္တ၊ ၁၁-သောတာပတ္တိသံယုတ္တ၊
  ၃- သရဏာနိဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ဝဇ္ဇီနိုင်ငံ ဝေသာလီမြို့တော်အနီး မဟာဝုန်တော ကူဋာဂါရ သာလာကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် လိဒ္ဓဝီ မဟာမတ္တနန္ဒကအား သောတာပန်ပုဂ္ဂိုလ်၏ ဂုဏ်ရည်လေးမျိုး နှင့် ဒိဋ္ဌ, မာနုသကဖြစ်သော အာယု ဝဏ္ဏ သုခ ယသ အာဓိပတေယျတို့နှင့် စပ်ယှဉ်ပုံကို အခြားသော သမဏ, ဗြာဟ္မဏတို့အထံမှ ကြားသိ၍မဟုတ်ပဲ ကိုယ်တော်တိုင် ထင်ထင်ရှားရှား သိမြင်၍ ဟောတော်မူပုံကို ဘုရားရှင် ဟောတော်မူသည်သုတ်။

နန္ဒကောဝါဒသုတ္တ

- မ၊ ၃။ ၃၁၄-၃၂၄။ မ၊ မြန်၊ ၃။ ၃၁၈-၃၂၉။
- မ၊ ၅၊ ၄။ ၂၃၉-၂၄၃။ မ၊ ဋီ၊ ၃။ ၄၂၄-၅။
- မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၅-သဠာယတနဝဂ္ဂ၊စတုတ္ထသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဘိက္ခုနီတို့.ကို သြဝါဒပေးရန်အလှည့်ကျ အရှင်နန္ဒက ထေရ်အား ဘုရားရှင်က မဟာပဇာပတိဂေါတမီ အမှူးရှိသော ဘိက္ခုနီငါးရာတို့အား သြဝါဒပေးရန် မိန့်ကြားတော်မူခြင်းကြောင့် အရှင်နန္ဒကမထေရ်သည် အဏ္ဏတ္ထိကာယတန (၆)ပါး ၊ ဗဟိဒ္ဓါယတန (၆)ပါး၊ ဝိညာဏာဓာတ် (၆)ပါးတို့တွင် တစ်ပါးစီ တစ်ပါးစီကို အနတ္တလက္ခဏာသုတ် ဒေသနာတော်နည်းအတိုင်း မိန့်ကြားတော်မူပြီး ပဒီပေါပမာ, ရုက္ခောပမာ, ဂါဝူပမာတို့ကို ပြသဟောကြားတော်မူ၍ ဗောဇ္ဈင် (၇)ပါးတို့ဖြင့် အာသဝက္ခယဉာဏ်သို့ဆိုက်အောင် နှစ်ရက်ဆက်တိုက် ဟောတော်မူပါသည်။

ဒုတိယနေ့ သြဝါဒဒေသနာတော်ပြီးစီးသည့်အခါ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်ပုံကို ဟောတော်မူပါသည်။

- ♦ အဌကထာ၌ အရှင်နန္ဒကထေရ်၏အတိတ်ဝတ္ထု၊ ပစ္စုပ္ပန်ဝတ္ထုတို့နှင့်တကွ

သိသင့်သည်များကို ဖွင့်ပြထားပါသည်။ ဋီကာ၌လည်း မှတ်သားဖွယ် ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

နန္ဒတိသုတ္တ (၂)

– သံ၊ ၁။ ၆။ သံ၊ မြန်၊၁။၆။ သံ၊ ဌ၊ ၁။ ၃၀–၁။ သံ၊ ဋီ၊ ၁။ ရ၆။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁။ ဒေဝတာသံယုတ္တ၊
၂–နန္ဒနဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ''သားသမီးများစွာရှိသူသည် သားသမီးတို့ကြောင့်, နွားများ စွာရှိသူသည်လည်း မိမိပိုင်ငြား နွားများကြောင့် နှစ်သက်ရွင်ပျော်ရ၏ ဥပဓိတို့သည် လူတို့၏ နှစ်သက်ကြောင်း ဖြစ်၏။ ဥပဓိမရှိသူသည် မနှစ်သက်နိုင်'' ဟု အညတရနတ်သား၏ နှစ်သက်ရွင်ပျော်ပုံသုံးမျိုးကို ဘုရားရှင်က ''ယင်းနှစ်သက်ကြောင်း ဝတ္ထုသုံးမျိုးသည် စိုးရိမ်ပူပန် ကြောင်းဝတ္ထုသုံးမျိုးဖြစ်ပုံ၊ ဥပဓိမရှိသူသည် စိုးရိမ်ပူပန်မှု မဖြစ်တော့ပုံ''ကို ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို၌ နတ်သား၏အလို နန္ဒနဝတ္ထုဖြစ်ပုံ ဘုရားရှင် အလိုတော်အားဖြင့် သောစနဝတ္ထုဖြစ်ပုံတို့ကို ရှင်းလင်းဖွင့်ဆိုထားပါသည်။

–သံ၊ ၁။ ၁၀၉။ သံ၊ မြန်၊ ၁။ ၁၀၅။ သံ၊ ဌ၊ ၁။ ၁၆၀။
–သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၄–မာရသံယုတ္တ၊ အဌမသုတ်။

အထက်သုတ်က အညတရနတ်သားဖြစ်သကဲ့သို့ ဤသုတ်၌ မာရ်နတ်သားဖြစ်သည်သာ ထူးသည်။

❖ ❖ ❖

နန္ဒနသုတ္တ (၂)

– သံ၊၁။၅–၆။ သံ၊မြန်၊၁။ ၅–၆။ သံ၊ဌ၊၁။ ၂၈–၉။ သံ၊ဋီ၊ ၇၃–၅။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁–ဒေဝတာသံယုတ္တ၊
၂–နန္ဒနဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌

သီတင်းသုံးတော်မူစဉ် တာဝတိံသာနတ်ပြည် နန္ဒဝန်ဥယျာဉ်သို့ ရောက်သစ်စ ပုထုဇဉ်နတ်သား၏ နန္ဒဝန်ဥယျာဉ်ကို ချီးကျူးပြောဆိုပုံဂါထာနှင့် အရိယနတ်သား၏ နတ်စည်းစိမ်နှင့်ပတ်သက်၍ အရိယာပုဂ္ဂိုလ်တို့၏ မိန့်ကြားချက်ဂါထာတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူပါသည်။

♦ အဌကထာ၌ နန္ဒဝန်ဥယျာဉ်အကြောင်း၊ နတ်တို့စုတေပုံ၊ နတ်ဘဝ၌ ဖြစ်လာပုံ အစရှိသည်တို့ကို ဖွင့်ဆိုထားပါသည်။

♦ ဋီကာ၌လည်း ဖွင့်ဆိုချက်များစွာ ပါရှိပါသည်။

– သံ၊ ၁။ ၅၁။ သံ၊ မြန်၊ ၁။ ၅၀။ သံ၊ ၆၊ ၁။ ၁၀၂။ သံ၊ ဋီ၊ ၁။ ၁၅၁။
– သံယုတ္တနိကာယ၊ ၂–ဒေဝပုတ္တသံယုတ္တ၊ ၂–အနာထပိဏ္ဍိကဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ''သီလရှိသူ၊ ပညာရှိသူ ၊ ဆင်းရဲဒုက္ခကို လွန်မြောက်၍ နေနိုင်သူ၊ နတ်တို့သည် ပူဇော်အပ်သူ''တို့ကို နန္ဒနနတ်သားက မေးလျှောက်သဖြင့် ဘုရားရှင် ဖြေဆိုတော်မူသည်သုတ်။

အဌကထာ, ဋီကာတို့၌ သဗ္ဗညုတညာဏ်တော်မြတ်၏ အနာဝဋ္ဋဖြစ်ပုံနှင့် တကွ သိသင့်သည်များကို ဖွင့်ပြတော်မူထားပါသည်။

❖ ❖ ❖

နန္ဒမာဏဝကပုစ္ဆာ

– သုတ္တနိ။ ၄၄၁–၂။ သုတ္တနိ၊ မြန်။ ၄၁၇–၉။ သုတ္တနိ၊ ၆၊ ၂။ ၃၁၀–၁။
– ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ၅–ပါရာယနဝဂ္ဂ၊ ၇–ပုစ္ဆာ။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့တော်အနီး ပါသာဏစေတီ၌ သီတင်းသုံးတော်မူစဉ် ဗာဝရီပြာဟ္မဏ ဆရာကြီး၏တပည့် (၁၆)ယောက်အနက် နန္ဒလုလင်မေးလျှောက်သဖြင့် ဖြေဆိုတော်မူအပ်သောဂါထာများ။

– စူဠနိ။ ၁၃–၄ ၁၁၂–၁၂၄။ စူဠနိ၊ ၆။ ၃၀–၁။တို့၌

အရှင်သာရိပုတ္တရာမထေရ်သည် သုတ္တနိဒ္ဒေသ၊ ပါရာယနဝဂ်၊ နန္ဒမာဏဝပုစ္ဆာဂါထာနှင့် ဘုရားရှင်၏ ဝိသဇ္ဇနာဂါထာတို့ကို ဖွင့်ဆိုဟောကြားတော်မူပါသည်။

ယင်းဖွင့်ဆိုချက်များကို အရှင်ဥပသေနထေရ်က စူဠနိဒ္ဒေသအဋ္ဌကထာဟု ဆက်လက်ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

နန္ဒမာတာသုတ္တာ

– အံ၊ ၂။၄၄၄–ရ။ အံ၊ မြန်၊ ၂။၅၆၁–၄။ အံ၊ ဌ၊ ၃။၁၆၉–၁ရ၁။ အံ၊ ဋီ၊ ၃။၁ရ၅–၆။
– အဂ်ုတ္တရနိကာယ၊ သတ္တကနိပါတ၊ ၅–မဟာယညဝဂ္ဂ၊ ဒသမသုတ်။

အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်နှင့် ရဟန်းတော်များ ဒက္ခိဏာဂိရိ ဇနပုဒ်၌ ဒေသစာရီလှည့်လည်တော်မူစဉ် အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန် အမှူးရှိသော သံဃာတော်များအား ဆွမ်းဆက်ကပ်ပြီး အရှင်သာရိပုတ္တရာထေရ်၏ မိန့်ကြားတော်မူချက်နှင့် ဆက်စပ်၍ နန္ဒမာတာ ဥတ္တရာဥပါသိကာမ၏ အစ္ဆရိယ အဗ္ဘုတဝမ္မ (၇)မျိုးကို အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်အမှူးရှိသော သံဃာတော်များအား နန္ဒမာတာ ဥတ္တရာက လျှောက်ထားသည်သုတ်။

♦ အဋ္ဌကထာ၌ ဘုရားရှင်၏ ဝမ္မဂရုကဖြစ်တော်မူပုံ ဝေဠုကဏ္ဍကီမြို့အမည်ရပုံ အဂ္ဂသာဝကနှစ်ပါး ဒေသစာရီ ကြွတော်မူပုံ၊ ပါရာယနကထာအကြောင်း အစရှိသည်တို့ကို ဖွင့်ပြတော်မူထားပါသည်။

♦ ဋီကာ၌ ပုဏ္ဏာထေရီအကြောင်း အစရှိသည်တို့ကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

နန္ဒိကဒ္ဒယသုတ္တာ(၂)

– သံ၊ ၂။ ၄၂။ သံ၊ မြန်၊ ၂။ ၄၁။ သံ၊ ဌ၊ ၂။ ၂၅၀။ သံ၊ ဋီ၊ ၂။ ၂၂၂။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊ (၆)၁–ဥပယဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အနိစ္စသာဖြစ်သော ရုပ်တရားကို အနိစ္စဟုရှုမြင်သော ရဟန်းတော်သည် သမ္မာဒိဋ္ဌိဖြစ်ပုံ၊ မှန်ကန်စွာ သိမြင်လျှင် နိဗ္ဗိန္ဒဖြစ်ပုံ ၊ နန္ဒီကုန်ခြင်းကြောင့် ရာဂကုန်ပုံ၊ ရာဂကုန်ခြင်းကြောင့် နန္ဒီကုန်ပုံ ၊ နန္ဒီရာဂကုန်ခြင်းကြောင့် ကိလေသာတို့မှ လွတ်မြောက်ပြီးသောစိတ်ကို ''သုဝိမုတ္တ'' ဟုဆိုအပ်ပုံ ဟောတော်မူပါသည်။

ဤနည်းတူ ကြွင်းခန္ဓာ (၄)ပါးကိုလည်း တစ်ပါးစီ တစ်ပါးစီ ရှုမြင်လျှင် ''သုဝိမုတ္တ'' ဖြစ်သည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– သံ၊ ၂။ ၄၂–၃။ သံ၊ မြန်၊ ၂။ ၄၁–၂။

– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁–ခန္ဓသံယုတ္တ၊ (၆)၁–ဥပယဝဂ္ဂ၊ ဒသမသုတ်။

ရုပ်ကိုကုသိုလ်တရားတို့ ဖြစ်အောင် နှလုံးသွင်းကြ၊ ရုပ်၏ အနိစ္စဖြစ်ပုံကို မှန်ကန်စွာ သိမြင်အောင် အဖန်ဖန်ရှုကြ၊ ယင်းသို့ မှန်ကန်စွာ သိမြင်အောင် အဖန်ဖန်ရှုသော ရဟန်းသည် ရုပ်တရား၌ နိဗ္ဗိန္ဒာဉာဏ်ဖြစ်၏။ နန္ဒီကုန်ခြင်းကြောင့် ရာဂကုန်ပုံ အစရှိသည်ဖြင့် ခန္ဓာတစ်ပါးစီ တစ်ပါးစီကို အထက်သုတ်တော်အတိုင်း သုဝိမုတ္တ ဖြစ်သည်အထိ ဘုရားရှင်က ရဟန်းတို့အား ဟောတော်မူသည်သုတ်။

နန္ဒိယသုတ္တ (၃)

– သံ၊ ၃။ ၁၀။ သံ၊ မြန်၊ ၃။ ၁၁။

– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁–မဂ္ဂသံယုတ္တ၊ ၁–အဝိဇ္ဇာဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နန္ဒိယပရိဗိုဇ်၏ မေးလျှောက်ချက်အရ မဂ္ဂင်ရှစ်ပါးတရားတို့ကို ပွားများအပ်, ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သည်ရှိသော် နိဗ္ဗာန်သို့ရောက်နိုင်ပုံ၊ နိဗ္ဗာန်လျှင် လည်းလျောင်းရာဖြစ်ပုံ ၊ နိဗ္ဗာန်လျှင် အပြီးအဆုံးရှိပုံကို ဟောတော်မူသည်သုတ်၊ နန္ဒိယပရိဗိုဇ် သရဏဂုံဆောက်တည်ခံယူပုံကို ဟောတော်မူသည်သုတ်။

– သံ၊ ၃။ ၃၅၃။ သံ၊ မြန်၊ ၃။ ၃၅၆–၈။

– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ (၁၁)သောတာပတ္တိသံယုတ္တ၊ ၅–သဂါထက ပုညာဘိသန္ဒဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် သက္ကနိုင်ငံ ကပိလဝတ္ထုမြို့ နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နန္ဒိယသာကီဝင်အား သောတာပန် ဂုဏ်ရည်လေးမျိုးကို ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊ ၃။ ၅၃၅။ အံ၊ မြန်၊ ၃။ ၅၂၃–၅။ အံ၊ ဋ္ဌ၊ ၃။ ၅၄၅။

– အဂုံတ္တရနိကာယ၊ ကောဒသကနိပါတ၊ ၂–အနုသ္သတိဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်း

သုံးတော်မူစဉ် နန္ဒိယသာကီဝင်၏ မေးလျှောက်ချက်အရ သဒ္ဓါ, သီလ, အာရဒ္ဓဝီရိယ, ဥပဋ္ဌိတသတိ, သမာဟိတ , ပညာဟူသော တရားခြောက်ပါးတို့၌ စွဲမြဲစွာတည်၍ တရားငါးပါးတို့၌ မိမိသန္တာန်၌ သတိကို ထင်ရှားစွာ တည်စေရမည်။ ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ ကလျာဏမိတ္တ စာဂါနုဿတိ ဒေဝတာနုဿတိဟူသော တရား(၁၁)ပါးတို့နှင့် ပြည့်စုံသော အရိယာသာဝကသည် ပါပကအကုသလဓမ္မတို့ကို ပယ်စွန့်ပုံ ၊ မစွဲလမ်းတော့ပုံ ၊ မှောက်ထားသော အိုးဥပမာ, မြက်ခြောက်တော ဥပမာတို့ဖြင့် ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နန္ဒိယသက္ကသုတ္တ

- သံ၊ ၃။ ၃၄၆–၈။ သံ၊ မြန်၊ ၃။ ၃၅၁–၂။ သံ၊ ဋ္ဌ၊ ၃။ ၃၂၀။ သံ၊ ဋီ၊ ၂။ ၅၃၆။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၁–သောတာပတ္တိသံယုတ္တ၊ ၄–ပုညာဘိ သန္ဒဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် သက္ကနိုင်ငံ ကပိလဝတ္ထုမြို့, နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နန္ဒိယသာကီဝင်၏ လျှောက်ထားချက်အရ သောတာပတ္တိယင်္ဂ တရားလေးပါးနှင့်ဆက်စပ်၍ အရိယသာဝက၏ ပမာဒဝိဟာရီ၊ အပ္ပမာဒဝိဟာရီ ဖြစ်ပုံကို ဘုရားရှင်ဟောတော်မူသည်သုတ်။

❖ ❖ ❖

နန္ဒိဝိသာလသုတ္တ

- သံ၊၁။ ၆၂။ သံ၊ မြန်၊ ၁။ ၆၁။
- သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၂– ဒေဝပုတ္တသံယုတ္တ၊ ၃–နာနာတိတ္ထိယဝဂ္ဂ၊ အဋ္ဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နန္ဒိဝိသာလနတ်သား၏ ကိုယ်ခန္ဓာ၏ ထွက်မြောက်မှုနှင့် ဆက်စပ်သောအမေးကို ဘုရားရှင် ဖြေဆိုတော်မူသည်သုတ်။

❖ ❖ ❖

နဋ္ဌိယသုတ္တ

- အံ၊ ၃။ ၃၈၉–၃၉၂။ အံ၊ မြန်၊ ၃။ ၃၈၃–၇။ အံ၊ ဌ၊ ၃။ ၃၂၅။
- အဂ္ဂိတ္တရနိကာယ၊ ဒသကနိပါတ၊ ဒုတိယပဏ္ဏာသက၊

(၉) ၄–ထေရဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ပျံ့လွန်သော ရဟန်းကို အကြောင်းပြု၍ မြင်းယုတ် မြင်းကြမ်း ဥပမာဖြင့် သီတင်းသုံးဖော်တို့၏ အရိုအသေ အလေးအမြတ် မြတ်နိုးပူဇော်မှုကို မခံယူထိုက်သော ရဟန်း၏(အရည်အချင်း) အဓမ္မဆယ်ပါးကိုလည်းကောင်း၊ အာဇာနည်မြင်းဥပမာဖြင့် သီတင်းသုံးဖော်တို့၏ အရိုအသေ အလေးအမြတ် မြတ်နိုး ပူဇော်မှုကို ခံယူရသော ရဟန်း၏(အရည်အချင်း) ဓမ္မဆယ်ပါးကိုလည်းကောင်း ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နဝသုတ္တ

- သံ၊ ၁။ ၄၆၅–၆။ သံ၊ မြန်၊ ၁။ ၄၅၄–၅။ သံ၊ ဌ၊ ၂။ ၂၁၆။ သံ၊ ဋီ။ ၂။ ၁၉၅–၆။
- သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁၀–ဘိက္ခုသံယုတ္တ၊ စတုတ္ထသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့၏ သက်နုံးချုပ်ဆိုးမှု၌ ဝေယျာဝေစ္စ မပြုလုပ်ပဲနေသော ရဟန်းကို အကြောင်းပြု၍ မေးမြန်းတော်မူရာ 'မိမိကိစ္စကို ပြုလုပ်နေပါကြောင်း' လျှောက်ထားချက်အရ အမှန်အတိုင်းသိတော်မူသဖြင့် ထိုရဟန်းငယ်အား အကြောင်းပြု၍ 'နယိဒံ' အစရှိသောဂါထာဖြင့် မိန့်ကြားတော်မူသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နဝကမ္မိကသုတ္တ

- သံ၊ ၁။ ၁၈၁–၂။ သံ၊ မြန်၊ ၁။ ၁၇၀။ သံ၊ ဌ၊ ၁။ ၂၄၃။ သံ၊ ဋီ။ ၂၇၈–၉။
- သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ။ ၇–ဗြာဟ္မဏသံယုတ္တ၊

၂–ဥပါသကဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ တောအုပ်တစ်ခုဝယ် အင်ကြင်းပင်ရင်းခ၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ သီတင်းသုံးတော်မူနေစဉ် ထိုတောအုပ်အတွင်းခ၌ လုပ်ငန်းလုပ်ကိုင်နေသော နဝကမ္မိကဘာရဒ္ဒါဇုဏ္ဏား၏ မေးလျှောက်ချက်အရ 'နမေ ဝနသ္မိ' အစရှိသော ဂါထာဖြင့် တောခ၌ တစ်ပါးတည်း မွေ့လျော်စွာ နေတော်မူပုံကို ဟောတော်မူရာ နဝကမ္မိက ဘာရဒ္ဒါဇုဏ္ဏား ဥပါသကာအဖြစ်ခံယူပုံကို ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ ဘာရဒ္ဒါဇုဏ္ဏားအကြောင်းနှင့် မှတ်သားဖွယ်ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နဝဏ်ပေါသထသုတ္တ

– အံ၊ ၃။ ၁၉၂–၃။ အံ၊ မြန်၊ ၃။ ၁၉၃–၄။ အံ၊ ဌ၊ ၃။ ၂၆၆။
– အဂုံတ္တရနိကာယ၊ နဝကနိပါတ၊ ၁–ပဌမပဏ္ဏာသက၊ ၂–သီဟနာဒဝဂ္ဂ၊ အဋ္ဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတော်တို့အား ရှစ်ပါးသီလတွင် ဝေနေယျဏာသယ အားလျော်စွာ မေတ္တာဘာဝနာထည့်သွင်း၍ နဝဏ်ပေါသထသုတ်ဟု ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နဝမသုတ္တ

– အံ၊ ၃။ ၄၅၂။ အံ၊ မြန်၊ ၃။ ၄၄၄။
– အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ ၃–တတိယပဏ္ဏာသက (၁၃) ၃–ပရိသုဒ္ဓဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မြတ်စွာဘုရား အဆုံးအမသာသနာတော်မှ အခြားခ၌ မဖြစ်ကုန်သော

သမ္မာဒိဋ္ဌိ (၀) သမ္မာညာဏ သမ္မာဝိမုတ္တိဟူသော တရားဆယ်ပါးတို့ကို ပွားများအပ် ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်ကုန်သည်ရှိသော် ဂေဟနိဿိတ၊ ဝိရာဂ၊ နိရောဓ၊ ဥပသမ၊ အဘိညာ၊ သမ္ဗောဓ၊ နိဗ္ဗာနအတွက် ဖြစ်ကုန်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နဝိတသုတ္တ

- သံ၊ ၂။ ၁၈၃-၄။ သံ၊ မြန်၊ ၂။ ၁၇၃-၄။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၃-ဒီဋ္ဌိသံယုတ္တ၊ ၄-စတုတ္ထဂမနဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ခန္ဓာရှိလျှင် ထိုခန္ဓာကိုစွဲ၍ ထိုခန္ဓာကို မှားမှားယွင်းယွင်း နှလုံးသွင်းခြင်းကြောင့် မိစ္ဆာအယူဖြစ်ပုံကို ခန္ဓာတစ်ပါးစီ တစ်ပါးစီ မိန့်ကြားတော်မူပြီး အနတ္တလက္ခဏသုတ် ဒေသနာတော်နည်းဖြင့် အရဟတ္တဖိုလ်ဆိုက်အောင် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နသန္တိသုတ္တ

- သံ၊ ၁။ ၂၁-၂။ သံ၊ မြန်၊ ၁။ ၂၁-၂။ သံ၊ ဋ္ဌ၊ ၁။ ၆၀-၁။ သံ၊ ဋီ၊ ၁။ ၁၀၆-ရ။
- သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁-ဒေဝတာသံယုတ္တ၊ ၄- သတုလ္လပကာယိကဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သတုလ္လပကာယိကာနတ်သားတစ်ယောက်၏ လျှောက်ထားမှုနှင့် ဆက်စပ်၍ ခန္ဓာငါးပါး ကင်းပျောက်သဖြင့် ဆင်းရဲကင်းပျောက်ပုံ၊ ပညာရှိတို့သည် တဏှာဆန္ဒကို ပယ်ဖျောက်ကြပုံ၊ ရဟန္တာပုဂ္ဂိုလ်အကြောင်း အစရှိသည်တို့ကို ဘုရားရှင်ဟောကြားတော်မူသည်သုတ်။

♦ အဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များစွာ ရှိပါသည်။

❖ ❖ ❖

နသေဝိတဗ္ဗာဒိ သုတ္တာနိ (၁၂)

- အံ၊ ၃။ ၄၈၈-၉။ အံ၊ မြန်၊ ၃။ ၄၇၈-၉။
- အဂ္ဂတ္တရနိကာယ၊ ဒသကနိပါတ။ ၄-စတုတ္ထပဏ္ဏာသက၊ (၂၀) ၅-အပရပုဂ္ဂလဝဂ္ဂ၊ (၁) မှ (၁၂)သုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဒုစရိုက်ဆယ်ပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို မမှီဝဲအပ် အစရှိသည်ဖြင့် ဒေသနာတော် (၁၂)မျိုးကို တစ်သုတ်စီတစ်သုတ်စီ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့် သုတ်များ။

၁- နသေဝိတဗ္ဗသုတ်၊	၇- အပ္ပတိဿသုတ်၊
၂- နဘဇိတဗ္ဗသုတ်၊	၈-နအာရာဓကသုတ်၊
၃- နပယိရုပါသိတဗ္ဗသုတ်၊	၉- နဝိသုဒ္ဓိတိသုတ်၊
၄- နပုဇ္ဇသုတ်၊	၁၀- နာဓိဘောတိသုတ်၊
၅- နပါသံသသုတ်၊	၁၁- နဝဟုတိသုတ်၊
၆- အဂါရဝသုတ်၊	၁၂- ဗဟုံ အပုညံ ပသဝတိသုတ်၊

❖ ❖ ❖

နဟောတိ တထာဂတောသုတ္တ

- သံ၊ ၂။ ၁၇၆။ သံ၊ မြန်၊ ၂။ ၁၆၈။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၃- ဒိဋ္ဌိသံယုတ္တ၊ ၁- သောတာပတ္တိဝဂ္ဂ၊ သောဠသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ခန္ဓာတစ်ပါးစီ တစ်ပါးစီကိုစွဲ၍ မှားမှားယွင်းယွင်း နှလုံး သွင်းသောသူအား ' နဟောတိ တထာဂတော ပရံ မရဏာ' ဟူသော မိစ္ဆာအယူ ဖြစ်ပေါ်လာပုံကို မိန့်တော်မူပြီး ခန္ဓာတစ်ပါးစီ တစ်ပါးစီကို အနတ္တလက္ခဏာသုတ် ဒေသနာတော်နည်းအတိုင်း အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သည်အထိ ရဟန်းတော်များအား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

နဠကပါနသုတ္တ (၃)

– မ၊ ၂။ ၁၂၅–၁၃၂။ မ၊ မြန်၊ ၂။ ၁၃၅–၁၄၂။ မ၊ ဌ၊ ၃။ ၁၂၄–၇။ မ၊ ဋ္ဌ၊ ၃။ ၈၁–၂။

– မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ၊ ၂–ဘိက္ခုဝဂ္ဂ၊ အဋ္ဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ နဠကပါနရွာ ပေါက်ပင်တောင် သီတင်းသုံးတော်မူစဉ် ထင်ရှားကုန် ထင်ရှားကုန်သော(အလွန်ထင်ရှားကုန်သော) သာသနာတော်တွင် ဝင်ရောက်ရဟန်းပြုကြကုန်သော အရှင်အနုရုဒ္ဓါအစရှိသော ရဟန်းတော်များအား – သဒ္ဓါတရားသက်သက်ဖြင့် လူဘောင်မှထွက် ရဟန်းပြုကြ, မြတ်သောအကျင့် (သာသနာတော်)၌ မွေ့လျော်ပျော်ပိုက်ခြင်းသည် ကောင်းမြတ်လှပုံ၊

– မင်း, ခိုးသူ, ဘေးရန်, ကြွေးမြီ နှိပ်စက်မှု, အသက်မွေး ကြပ်တည်းမှု တစ်ခုခုကြောင့် ရဟန်းပြုခဲ့ကြသည် မဟုတ်ပုံ၊

– ပဋိသန္ဓေနေခြင်း အစရှိသော ဆင်းရဲအစု ကုန်ဆုံးအောင် ရဟန်းပြုလာခဲ့ကြပုံ၊

– အဘိဇ္ဈာအစရှိသော တရားဆိုး (၇)ပါးတို့ ကုသိုလ်စိတ်ကိုကုန်အောင် သိမ်းယူခံရသောသူသည် စျာန်ချမ်းသာတို့ထက် သာလွန် မွန်မြတ်သောချမ်းသာကို မရနိုင်ပုံ၊

– ငါဘုရားသည် အာသဝေါတရားတို့ကို ထန်းပင်ငုတ်တိုကဲ့သို့ အကြွင်းမဲ့ ပယ်ပြီးခြင်းကြောင့် ပဋိသန္ဓေနေမှုစသည် မရှိတော့ပုံ၊ အချို့ကို ဆင်ခြင်၍ မှီဝဲပုံ၊ အချို့ကို ဆင်ခြင်၍ သည်းခံနိုင်ပုံ၊ အချို့ကို ဆင်ခြင်၍ ရှောင်ကြဉ်နိုင်ပုံ၊ အချို့ကို ဆင်ခြင်၍ ပယ်ဖျောက်နိုင်ပုံ၊

– လူအများ အံ့ဩစေရန်, ချီးမွမ်းစေရန်, လာဘ်ပူဇော်သက္ကာရဖြစ်စေရန်, ထင်ရှားကျော်ကြားစေရန်အတွက် ကွယ်လွန်ပြီးသော သာဝကတို့ အကြောင်းကို မဟောကြားပုံ၊

– ဤသာသနာတော်၌ ကွယ်လွန်ပြီးသော အရိယာသာဝက, သူတော်စဉ်တို့၏ တမလွန်ဘဝအကြောင်းကို ငါဘုရားဟောတော်မူအပ်သော စကားတော် ကြားသိရသောပုဂ္ဂိုလ်သည် ထိုပုဂ္ဂိုလ်တို့၏ သဒ္ဓါ သီလ သုတ စာဂ ပညာ အရိယဂုဏ်ရည်တို့ကို အောက်မေ့ပြီး ထိုပုဂ္ဂိုလ်တို့ကဲ့သို့ဖြစ်စေရန် မိမိ၏စိတ်ကို ညွှတ်စေခြင်းသည် ထိုရဟန်း, ရဟန်းမ, ဥပါသိကာ, ဥပါသိကာမတို့ ရှည်မြင့်စွာသော ကာလပတ်လုံး ချမ်းသာစွာနေရခြင်းသည်ဖြစ်၏ဟု အသီးအသီး အကျယ်အားဖြင့်

အရှင်အနုရုဒ္ဓါ အစရှိသော သာဝကတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ နဋကပါနရှာ၏အကြောင်းနှင့်တကွ သိသင့်သော အချက်အလက်တို့ကို ဖွင့်ဆိုထားပါသည်။

– အံ၊၃။ ၃၅၃–၆။ အံ။မြန်၊၃။ ၃၅၁–၃။ အံ၊ဋ္ဌ၊၃။ ၃၁၈။
– အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ ၂–ဒုတိယပဏ္ဏာသက။
(၇) ၂–ယမကဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် ကောသလနိုင်ငံအတွင်း ဒေသစာရိကြွတော်မူနေသောအခါ နဋကပါနနိဂုံး ပေါက်တော်၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်၏ တာဝန်ပေးချက်အရ ကုသိုလ်တရားတို့၌ သဒ္ဓါ, ဟိရိ, ဩတ္တပ္ပ, ဝိရိယ, ပညာမရှိသူသည် လဆုတ်ပက္ခ လက္ခဏာ နေ့တိုင်း နေ့တိုင်း ကုသိုလ်တရားတို့မှ ဆုတ်ယုတ်နေပုံ၊ အသဒ္ဓ, အဟိရိက, အနောတ္တပ္ပီ, ကုသီတ, ဒုပ္ပညာ, ကောဓန, ဥပနာဟီ, ပါပိစ္ဆ, ပါပမိတ္တ, မိစ္ဆာဒိट्ठि ပုရိသပုဂ္ဂလတို့သည် ဆုတ်ယုတ်နေသောပုဂ္ဂိုလ်တို့ဖြစ်ပုံနှင့် ယင်းဒေသနာတော်၏ သုက္ကပက္ခဒေသနာတော်ကို အရှင်သာရိပုတ္တရာက ရဟန်းတို့အား ဟောတော်မူပုံ၊ ယင်းဒေသနာတော်ကို ဘုရားရှင် အတည်ပြုတော်မူပုံကို ပြဆိုသည့်သုတ်။

– အံ၊၃။ ၃၅၆–၈။ အံ၊မြန်၊၃။ ၃၅၃–၅။
– အဂုံတ္တရနိကာယ၊ ––––––– အဋ္ဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံတော်အတွင်း ဒေသစာရိ လှည့်လည်တော်မူသော အခါ နဋကပါနနိဂုံး ပေါက်တော်၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်၏ တာဝန်ပေး ချက်အရ ကုသိုလ်တရားတို့၌ သဒ္ဓါ, ဟိရိ, ဩတ္တပ္ပ, ဝိရိယ, ပညာ, သောတာဝဓာန, ဓမ္မဓာရဏာ, အတ္ထူပပရိက္ခာ, ဓမ္မာနုဓမ္မပဋိပတ္တိ, အပ္ပမာဒ–မရှိသောပုဂ္ဂိုလ်သည် လဆုတ်ပက္ခလဗိမာန်ကဲ့သို့ ကုသိုလ်တရားတို့၌ ဆုတ်ယုတ်ပုံ၊ ကြီးပွားမှုမရှိပုံနှင့် သုက္ကပက္ခအားဖြင့် ကုသိုလ်တရားတို့၌ ကြီးပွားတိုးတက်ပုံ၊ ဆုတ်ယုတ်မှုမရှိပုံတို့ကို အရှင်သာရိပုတ္တရာက ရဟန်းတော်တို့အား ဟောကြားတော်မူပါသည်။ အရှင်သာရိ ပုတ္တရာထေရ်၏ ဟောကြားချက်ကို ဘုရားရှင်က ထပ်ဆင့် ဟောကြား၍ အတည်ပြုပုံ ကို ပြဆိုသည့်သုတ်။

❖ ❖ ❖

နဠကလာပိသုတ္တ

- သံ၊ ၁။ ၃၃၄-၆။ သံ၊ မြန်၊ ၁။ ၃၂၀-၅။ သံ၊ ဌ၊ ၂။ ၁၁၂-၃။ သံ၊ ဋ္ဌ၊ ၂။ ၁၂၁။
- သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁- နိဒါနသံယုတ္တ၊ ၇- မဟာဝဂ္ဂ၊ သတ္တမသုတ်။

အရှင်သာရိပုတ္တရာထေရ်နှင့် အရှင်မဟာကောဋ္ဌိကထေရ်တို့ ကာသီနိုင်ငံ ဗာရာဏသီမြို့တော်အနီး ဂ္ဂသိပတနမိဂဒါယဉ် သီတင်းသုံးတော်မူစဉ် အရှင်မဟာကောဋ္ဌိကထေရ်သည် တိတ္ထိယတို့မေးသကဲ့သို့ ဇာတိမှပြန်၍ ဝိညာဏ် အထိ အရှင်သာရိပုတ္တရာထေရ်အား မေးလျှောက်ရာ 'နာမ် ရုပ်ဟူသော အကြောင်းကြောင့် ဝိညာဏ်ဖြစ်၏။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏'ဟု ဖြေဆိုတော်မူရာ၌ အရှင်သာရိပုတ္တရာထေရ်က ကျူးစည်းနှစ်စည်း ဥပမာဖြင့် 'နာမ်ရုပ်ကြောင့် ဝိညာဏ်ဖြစ်၏။ ဝိညာဏ်ကြောင့် နာမ် ရုပ် ဖြစ်၏။နာမ် ရုပ် ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏။ ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ် ရုပ်ချုပ်၏။ နာမ်ရုပ်ချုပ်ခြင်းကြောင့် သဠာယတနချုပ်၏။ ဆင်းရဲအစု အားလုံးချုပ်၏'-ဟု ဖြေကြားတော်မူပါသည်။ အရှင်မဟာကောဋ္ဌိကထေရ်က အရှင်သာရိပုတ္တရာ၏ ဒေသနာကို ချီးကျူးတော်မူပြီး (၃၆)မျိုးသောဝတ္ထုတို့ဖြင့် အနုမောဒနာပြုပုံ 'ဓမ္မကထိကရဟန်း' ဓမ္မာနုဓမ္မပဋိပန္နရဟန်းတော်, ဒိဋ္ဌဓမ္မနိဗ္ဗာနပတ္တ ရဟန်းတော်,တို့ ခေါ်ဆိုထိုက်ပုံကို လျှောက်ထားသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ အရှင်မဟာကောဋ္ဌိကထေရ် မေးခွန်းများ မေးလျှောက်ခြင့်နှင့်တကွ သိသင့်သိထိုက်သောပုဒ်များကို ဖွင့်ပြထားပါသည်။

❖ ❖ ❖

နာဝသုတ္တ (၆)

- သံ၊ ၁။ ၄၅၈-၉။ သံ၊ မြန်၊ ၁။ ၄၄၇-၈။ သံ၊ ဌ၊ ၂။ ၂၁၂။ သံ၊ ဋ္ဌ၊ ၂။ ၁၉၂။
- သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၉-သြပမ္မသံယုတ္တ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဒါယကာတို့အိမ်သို့ အလွန်ကြာမြင့်စွာ ချဉ်းကပ်မှုနှင့်ပတ်သက်၍

မထေရ်မြတ်တို့၏ ပြောဆိုဆုံးမမှုကို မလိုက်နာသော ရဟန်းငယ်ကို အကြောင်းပြု၍ တောအုပ်အတွင်း ရေအိုင်ကြီးဝယ် ကြာစွယ်ကြာရင်းကို နုတ်ယူစားသောက်သော ဆင်ကြီးတို့ကို အတုလိုက်၍စားသဖြင့် သေဆုံးခြင်း၊ သေလုနီးပါးဆင်းရဲကို ခံစားရသော ဆင်ငယ်ဥပမာဖြင့် ရရှိဖြစ်ပေါ်လာသော လာဘ်ကို သင့်မြတ်စွာအသုံးပြုပုံ မသင့်မြတ်သောအသုံးပြုပုံတို့ကို မိန့်ကြားတော်မူပြီး ဤသာသနာတော်၌ ဖြစ်ပေါ်လာသောလာဘ်ကို မတပ်မက်, မတွေဝေ, တဏှာဖြင့် မလွှမ်းမိုး အပြစ်ကိုရှုလျက် ထွက်မြောက်ကြောင်း ပညာရှိသည်ဖြစ်၍ သုံးဆောင်ကြကုန်အံ့ဟု သင်တို့ကျင့်ကြရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

– သံ၊ ၃။ ၄၄။ သံ၊ မြန်၊ ၃။ ၄၆–ဂ။ သံ၊ ဋီ၊ ၂။ ၄၁၁။

– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁– မဂ္ဂသံယုတ္တ၊ ၆– ဗလကရဏီယဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နဂါးတို့သည် ဟိမဝန္တာတောင်မင်းကို အမှီပြုကြကုန်၍ ကိုယ်ကိုကြီးပွားစေ၍ အင်အားကိုယူစေကြကုန်၍ ထူးအိုင်မှစ၍ အဆင့်ဆင့် မဟာသမုဒ္ဒရာသို့ သက်ဆင်းကြပြီး မဟာသမုဒ္ဒရာ၌ ကိုယ်ဖြင့် ကြီးမားပြန့်ပြော ခြင်းသို့ ရောက်ကြကုန်သကဲ့သို့ ထို့အတူ ရဟန်းတော်သည် သီလ၌တည်လျက် အင္ဂဠိကအရိယ မဂ်တစ်ပါးတစ်ပါးစီကို ဝိဝေကနိဿိတ, ဝိရာဂနိဿိတ, နိရောဓ နိဿိတ, ဝေါဿဂ္ဂ ပရိဏာမီ ဖြစ်အောင် ပွားများ, ကြိမ်ဖန်များစွာ အလေ့အလာပြုလျှင် ဓမ္မတို့၌ ကြီးမြတ်ခြင်းပြန့်ပြောခြင်းသို့ ရောက်နိုင်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊ ၁။ ၄၃၁–၃။ အံ၊ မြန်၊ ၁။ ၄၄၄–၅။ အံ၊ ဋီ၊ ၂။ ၃၂၉။

– အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ ၃–တတိယပဏ္ဏာသက၊ (၁၂) ၂– ကေသိဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မင်း၏စီးတော်ဆင် မင်းအသုံးအဆောင် မင်း၏အဂ်ါ အစိတ်အပိုင်းဖြစ်ထိုက်သော စီးတော်ဆင်၏ အဂ်ါလေးပါးကို ပမာထား၍ အာဟုနေယျ အစရှိသော ရဟန္တာပုဂ္ဂိုလ်၏ အဂ်ါငါးရပ် အရည်အချင်းဖြစ်နိုင်သော ရဟန်း တော်၏ အဂ်ါလေးမျိုးနှင်းယှဉ်၍ ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ ဖွင့်ဆိုချက်များ ရှိပါသည်။

– အံ၊ ၂။ ၃၀၂–၅။ အံ၊ မြန်၊ ၂။ ၃၈၈–၃၉၂။ အံ၊ ဋ္ဌ၊ ၃။ ၁၁၀–၃။ အံ၊ ဋီ၊ ၃။ ၁၀၉–၁၁၃။
– အဂ္ဂတ္တရနိကာယ၊ ဆက္ကနိပါတ၊ ၁– ပဌမပဏ္ဏာသက၊ ၅– ဓမ္မိကဝဂ္ဂ၊ ပထမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ အစိရဝတီမြစ် ပုဇွဏ်ကောဋ္ဌက ရေချိုးဆိပ်၌ ကောသလမင်းကြီး၏ ဆင်ဖြူတော်ရတနာ ရေချပြီး ပြန်တက်လာသည့် အခါ လူအပေါင်း၏ ချီးကျူးသောစကားကို အကြောင်းပြု၍ ဘုရားရှင်က 'မဟန္တ ဗြဟန္တ ကာယူပပန္န ဖြစ်သော ဆင်, မြင်း, နွား, နဂါး, လူတို့ကို လူအပေါင်းက 'နာဂ' ဟု ပြောဆိုချီးမွမ်းကြပုံ၊ စင်စစ်သော်ကား 'သြကာသလောက, သတ္တလောက၌ ကာယ, ဝစီ, မနဒွါရ သုံးပါးတို့တွင် တစ်ပါးပါးဖြင့် မကောင်းမှုကို မပြုလုပ်, မပြောဆို, မကြံစီသူကိုသာ 'နာဂ'ဟု မိန့်ဆိုတော်မူကြောင်း မိန့်ကြားတော်မူချက် ဒေသနာတော်ကို ကာဠဒါယီထေရ်က ချီးကျူးပြီး (၁၆) ဂါထာတို့ဖြင့် ဝမ်းမြောက်နျမော် သာဓုကာရပြုသည်ကို ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဘုရားရှင် ရေသုံးသပ်တော်မူခြင်းနှင့်ဆက်စပ်၍ သိမှတ်ဖွယ်, ကြည်ညိုဖွယ်ရာများနှင့်တကွ မှတ်သားဖွယ်တို့ ဖွင့်ဆိုထားသည်။

– အံ၊ ၃။ ၂၃၀–၃။ အံ၊ မြန်၊ ၃။ ၂၃၀–၂။ အံ၊ ဋ္ဌ၊ ၃။ ၂၈၂။
– အဂ္ဂတ္တရနိကာယ၊ နဝကနိပါတ၊ ၁– ပဌမပဏ္ဏာသက၊ ၄– မဟာဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် 'ဆင်အုပ်နှင့် အတူနေရခြင်းကြောင့်ဖြစ်သော ဆင်းရဲဒုက္ခကို ငြီးငွေ့စိတ်ပျက် စက်ဆုပ် ရွံမုန်း၍ တစ်စီးတည်း နေရခြင်းကြောင့်ဖြစ်သော ချမ်းသာသုခကို အောက်မေ့ပြီး သစ်ခက်ကိုချိုး၍ ကိုယ်ကိုပွတ်သပ်ပြီး နှာမောင်းကို မြှောက်ချီ ဝမ်းသာနေသော တောဆင်ပြောင်ကြီးကဲ့သို့ အပေါင်းအဖော်ပရိသတ်နှင့် ခွဲခွာပြီး တောရကျောင်း၌ ဘာဝနာလုပ်ငန်းကို အချိန်ပြည့်အားထုတ်ရသဖြင့် စျာန်, မဂ်, ဖိုလ်,ကို ရရှိပြီး အာသဝေါကုန်ခမ်း နှစ်သက် ဝမ်းမြောက်ရပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ ဖွင့်ဆိုချက်များပါရှိပါသည်။

– ဥဒါန၊ ၁၂၅–ရ။ ဥဒါန၊ မြန်၊ ၁၁၃–၄။ ဥဒါန၊ ဌ။ ၂၂၅–၈။
– ခုဒ္ဒကနိကာယ၊ ဥဒါန၊ ၄–မေယိယဝဂ္ဂ၊ ပဋ္ဌမသုတ်။

ဘုရားရှင် ပါလိလေယျကတောအုပ်၌ တစ်ပါးတည်း သီတင်းသုံးတော်မူစဉ် (ဝိဝေကသုခ) ပရိသတ် မရှိခြင်းကြောင့်ဖြစ်သော သုခကို အကြောင်းပြုတော်မူ၍ လည်းကောင်း၊ ပါလိလေယျကဆင်မင်း၏ ဆင်အုပ်မှထွက်၍ တစ်စီးတည်းနေရခြင်း ကြောင့်ဖြစ်သော ချမ်းသာသုခကို အောက်မေ့နေပုံကိုလည်းကောင်း၊ ပါလိလေယျက ဆင်မင်း၏ စိတ်ကို ကိုယ်တော်၏စိတ်ဖြင့် သိတော်မူခြင်းကြောင့် 'တေ နာဂသဿ နာဂေန' အစရှိသော ဂါထာတော်ဖြင့် ဥဒါန်းကျူးရင့်တော်မူပုံကို ပြဆိုသည့်သုတ်။

♦ အဋ္ဌကထာ၌ ပါလိလေယျက တောအုပ်သို့ တစ်ပါးတည်း ကြွတော်မူခြင်း အကြောင်း အစရှိသည်တို့ကို ဖွင့်ပြတော်မူထားပါသည်။

❖ ❖ ❖

နာဂဒတ္တသုတ္တ

– သံ၊ ၁။ ၂၀၂။ သံ၊ မြန်၊ ၁။ ၁၈၉။ သံ၊ ဌ၊ ၁။ ၂၆၈။ သံ၊ ဋ္ဌ၊ ၁။ ၃၀၁။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၉– ဝနသံယုတ္တ၊ သတ္တမသုတ်။

အရှင်နာဂဒတ္တထေရ် ကောသလနိုင်ငံ အညတရဇနပုဒ်၌ သီတင်းသုံးနေစဉ် ရွာတွင်းသို့ စောလွန်းစွာ ဝင်ခြင်း၊ ရွာတွင်းမှ အလွန်နေမြင့်မှ ထွက်ခြင်းကိုပြုနေခြင်းကြောင့် တောအုပ်စောင့်နတ်က ' ကာလေ ပရိသ ' အစရှိသော နှစ်ဂါထာဖြင့် ရွတ်ဆို၍ သံဝေဂဖြစ်စေရန် သတိပေးသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ သိမှတ်ဖွယ်ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နာဂိတသုတ္တ (၂)

– အံ၊ ၂။ ၂၅–၆။ အံ၊ မြန်၊ ၂။ ၃၂–၅။ အံ၊ ဌ၊ ၃။ ၁၂။ အံ၊ ဋ္ဌ၊ ၃။ ၁၄။
– အဂုံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ၁– ပဌမပဏ္ဏာသက၊
၃– ပဉ္စဂိုကဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ ဣစ္ဆာနင်္ဂလပုဏ္ဏားရွာအနီး ဣစ္ဆာနင်္ဂလတော

အုပ်၌ သီတင်းသုံးတော်မူစဉ်
(က) နေကျွမ်းသုခ, ပရိဝေကသုခ, သမ္ဘောသုခ,
(ခ) မိုဃ်သုခ, မိုဃ်ခသုခ, လာဘသက္ကာရသိလောကသုခ, အချင်းချင်းဆန့်ကျင်ပုံ
(က) သုခသုံးပါးကို ရရှိနေသောပုဂ္ဂိုလ်
(ခ) သုခသုံးမျိုးကို မသာယာတော့ပုံ၊
(က) ကျင်ကြီး, ကျင်ငယ်သည် စား သောက် ခဲလျက်အပ်သော ခဲဖွယ်, ဘောဇဉ်၏ အကျိုးဆက်၊
(ခ) သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတို့သည် ဝိပရိဏာမ, အညထာဘာဝ ကြောင့်ဖြစ်သော ချစ်ခင်စုံမက် နှစ်သက်အပ်သော သတ္တဝါသခါတို့၏ အကျိုးဆက်၊
(ဂ) သုဘနိမိတ်၌ စက်ဆုပ်ရွံရှာခြင်းသည် အသုဘနိမိတ်ကို အဖန်ဖန် အားထုတ်မှု၏ အကျိုးဆက်၊
(ဃ) တွေ့ထိ(ပေါင်းဆုံ)မှု၌ စက်ဆုပ်ရွံရှာခြင်းသည် ဖဿယတန (၆)ပါးတို့၌ အနိစ္စဟု ရှုမှု ဝိပဿနာဉာဏ်၏အကျိုးဆက်၊
(c) ဥပါဒါန်တရားတို့၌ စက်ဆုပ်ရွံရှာခြင်းသည် ဥပါဒါနက္ခန္ဓာ (၅)ပါး တို့၌ ဖြစ်မှု ပျက်မှုကို ရှုမှတ်နေသော ဝိပဿနာဉာဏ်၏ အကျိုးဆက်ဖြစ်ပုံကို အရှင်နာဂိတအား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

– အံ၊ ၂။၂၉၉–၃၀၂။ အံ၊ မြန်၊ ၂။၃၈၅–၈။ အံ၊ ဋ္ဌ၊ ၃။ ၁၀၉။ အံ၊ ဋီ၊ ၃။ ၁၀၈–၉။
– အဂုံတ္တရနိကာယ၊ ဆက္ကနိပါတ၊ ၁– ပဌမပဏ္ဏာသက၊ ၄– ဒေဝတာဝဂ္ဂ၊ ဒုါဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ ဣစ္ဆာနင်္ဂလပုဏ္ဏားရွာအနီး ဣစ္ဆာနင်္ဂလ တောအုပ်၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင် နှစ်သက်တော် မမူသော ဂါမဏ္ဍိဝိဟာရီ ပုဂ္ဂိုလ်နှင့် နှစ်သက်တော်မူသော အရညဝိဟာရီပုဂ္ဂိုလ်တို့ကို မိန့်ကြားတော်မူပြီး အဖော်မပါဘဲ ခရီးသွားခြင်း၏ ချမ်းသာပုံကို အရှင်နာဂိတထေရ်အား ဘုရားရှင် ဟောတော်မူသည်သုတ်။

ဤသုတ်နှစ်သုတ်လုံး၌ ရှေ့ပိုင်းအကြောင်းအရာများ တူညီပါသည်။
♦အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

တိပိဋကသုတ္တသူစီ ဝိဘာဝိနီ

နာထသုတ္တ (၂)

- အံ၊ ၃။ ၂၅၅–၆။ အံ၊ မြန်၊ ၃။ ၂၇၅–၇။ အံ၊ ဌ၊ ၃။ ၂၉၀–၁။ အံ၊ ဋီ၊ ၃။ ၃၀၇–၉။ (ဒီ၊ ၃။ ၂၂၁–၃။ ၂၅၅–၆။)
- အဂုတ္တရနိကာယ၊ ဒသကနိပါတ၊ ၁– ပဌမပဏ္ဏာသက၊ ၂– နာထဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ ဂ္ဂစ္ဆာနဂ်လပုဏ္ဏားရွာအနီး ဂ္ဂစ္ဆာနဂ်လ တောအုပ်၌ သီတင်းသုံးတော်မူစဉ် သီလဝါ, ဗဟုသုတ, ကလျာဏမိတ္တ, သုဝစ, ဒက္ခ, အနလသ, ဓမ္မကာမ, အာရဒ္ဓဝီရိယ, သန္တုဋ္ဌ, သတိမာ, ပညဝါ ဟူသော တရားဆယ်ပါးသည် နာထကရဏတရားဖြစ်ပုံကို အကျယ်အားဖြင့် ဟောတော်မူပြီး အားကိုးဖွယ်တရား (၁၀)ပါးနှင့် ပြည့်စုံအောင်နေကြ၊ အားကိုးဖွယ်ရာ နာထတရား မရှိသူသည် ဆင်းရဲစွာနေရ၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

- အံ၊ ၃။ ၂၇၆–၉။ အံ၊ မြန်၊ ၃။ ၂၇၇–၂၈၀။
- အဂုတ္တရနိကာယ၊ ဒသကနိပါတ၊ ၁– ပဌမပဏ္ဏာသက၊ ၂– နာထဝဂ္ဂ၊ အဌမသုတ်။

အထက်သုတ်လာ နာထတရားဆယ်ပါးတို့ကိုပင် တစ်ပါးစီ တစ်ပါးစီ၏ အဆုံး၌ ထေရ မဖွဲ့မ နဝရဟန်းတို့သည်လည်း ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကြကုန်၏။ ထေရ မဖွဲ့မ နဝရဟန်းတို့ စောင့်ရှောက်ချီးမြှောက်ခံရသူသည် ကုသိုလ်တရားတို့၌ ကြီးပွားတိုးတက်ခြင်းကိုသာ အလိုရှိအပ်၏။ ဆုတ်ယုတ်ပျက်စီး ခြင်းကို အလိုမရှိအပ်ဟူသော စကားရပ်ကို ဖြည့်စွက်၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

နာနာကရဏသုတ္တ (၂)

- အံ၊ ၁။ ၄၄၁–၃။ အံ၊ မြန်၊ ၁။ ၄၅၃–၅။ အံ၊ ဌ၊ ၂။ ၃၃၁–၂။ အံ၊ ဋီ၊ ၃။ ၃၂၈–၃၃၀။
- အဂုတ္တရနိကာယ၊ စတုက္ကနိပါတ၊ ၃– တတိယပဏ္ဏာသက၊ (၁၃) ၃– ဘယဝဂ္ဂ၊

တတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ ဣစ္ဆာနင်္ဂလပုဏ္ဏားရွာအနီး ဣစ္ဆာနင်္ဂလ တောအုပ်၌ သီတင်းသုံးတော်မူစဉ် ရူပါဝစရစျာန် (၄)ပါးကို ရရှိသောပုထုဇဉ်နှင့် အရိယာသာဝကတို့၏ ခြားနားချက် အသီးအသီးကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

- အံ၊ ၁။ ၄၄၃။ အံ၊ မြန်၊ ၁။ ၄၅၅-၆။ အံ၊ ဌ၊ ၂။ ၃၃၃။
  အံ၊ ဋီ၊ ၂။ ၃၃၀-၁။
- အဂုံတ္တရနိကာယ၊ စတုက္ကနိပါတ၊ ၃-တတိယပဏ္ဏာသက၊
  (၁၃) ၃-ဘယဝဂ္ဂ၊ စတုတ္ထသုတ်။

ရူပစျာန် (၄)ပါးတို့တွင် တစ်ပါးစီ တစ်ပါးစီ၌ရှိသော ခန္ဓာငါးပါးတို့ကို တစ်ပါးစီ တစ်ပါးစီ၌ အနိစ္စတော ပလောကတောဟု အနိစ္စလက္ခဏာ, သုညတော အနတ္တတော-ဟု အနတ္တလက္ခဏာ, ဒုက္ခတော ပရတောဟု ဒုက္ခလက္ခဏာ (၇) မျိုးတို့ဖြင့် ဝိပဿနာရှုသဖြင့် အနာဂါမ်အရိယာအဖြစ်ကို ရရှိသော အရိယာသာဝက သည် ကွယ်လွန်သည်၏ အခြားမဲ့၌ ယင်းဖြစ်ရာ ပြဟ္မာ့ဘုံမှ သုဒ္ဓါဝါသဘုံ၌ဖြစ်၍ ပရိနိဗ္ဗာန်ပြုရ၏ဟု ပုထုဇဉ်ပုဂ္ဂိုလ်နှင့် အရိယာပုဂ္ဂိုလ်တို့၏ ခြားနားချက် အသီးအသီး ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နာနာတိတ္ထိယသုတ္တ (၃)

- ဥဒါန၊ ၁၅၈-၁၆၁။ ဥဒါန၊ မြန်၊ ၁၄၂-၅။ ဥဒါန၊ ဌ၊ ၃၀၇-၃၁၂။
- ခုဒ္ဒကနိကာယ၊ ဥဒါန၊ ၆- ဇစ္စန္ဓဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် ကောသလနိုင်ငံ ဣစ္ဆာနင်္ဂလပုဏ္ဏားရွာအနီး ဣစ္ဆာနင်္ဂလ တော အုပ်၌ သီးတင်းသုံးတော်မူစဉ် အယူဝါဒ အမျိုးမျိုးရှိကြကုန်သော နာနာတိတ္ထိယ၊ သမဏ ပြာဟ္မဏပရိဗ္ဗာဇကတို့ အယူဝါဒ (၁၀)မျိုးနှင့် ဆက်စပ်၍ 'ဓမ္မသည် ဤသို့ သဘောရှိ၏၊ ဓမ္မသည် ဤသို့သဘောမရှိ၊ ဓမ္မသည် ဤသို့သဘောမရှိ၊ ဓမ္မသည် ဤသို့သဘောရှိ၏ဟု သာဝတ္ထိမြို့တော်၌ ငြင်းခုံကြ ခိုက်ရန်ဖြစ်ကြ ဆန့်ကျင်ဘက်

ပြောဆိုနေကြ နှုတ်လှန်ထိုးနှက်နေကြပုံကို ရဟန်းတို့က ဘုရားရှင်အား လျှောက်ထားကြပါသည်။

ဘုရားရှင်က အညတိတ္ထိယပရိဗ္ဗာဇကတို့သည် ပညာမျက်စိနှစ်ကွင်းအလင်းမရကြကုန်ခြင်းကြောင့် အတ္တ အနတ္တ ဝမ္မ အဝမ္မ ကို မသိကြကုန်ခြင်းကြောင့် ဤခြင်းခုံနေကြပုံ၊ သာဝတ္ထိမြို့တော်၌ လက်ဖြင့် စမ်းသပ်သိမြင်သည့်အရာကို ဆင်ဟု ခြင်းခုံခိုက်ရန်ပြုကုန်သော သူကန်း (မျက်မမြင်)တို့နှင့်တူပုံကို မိန့်ကြားတော်မူပြီး 'ဣမေသု'အစရှိသောဂါထာဖြင့် ဘုရားရှင်ဥဒါန်းကျူးရင့်တော်မူပုံကို ပြဆိုသည့်သုတ်။

- အဌကထာ၌
- သဿတော လောကောဖြင့် သဿတဝါဒလေးမျိုး၊
- အသဿတော လောကောဖြင့် ဥစ္ဆေဒဝါဒ (၇)မျိုး၊
- အန္တဝါ လောကောဖြင့် အတ္တဝါဒ၊
- အနန္တဝါ လောကောဖြင့် ကပိလ ကဏာဒိဝါဒ၊
- တံ ဇီဝံ တံ သရီရံဖြင့် ရူပီအတ္တဝါဒ၊
- အညံ ဇီဝံ အညံ သရီရံဖြင့် အရူပီ အတ္တဝါဒ၊
- ဟောတိ တထာဂတော ပရံ မရဏာဖြင့်
- သညီဝါဒ (၁၆)မျိုး၊
- အသညီဝါဒ (၈) မျိုး၊
- နေဝသညီ နာသညီဝါဒ (၈) မျိုး၊
- နဟောတိ တထာဂတော ပရံ မရဏာဖြင့် ဥစ္ဆေဒဝါဒ
- ဟောတိ စ နဟောတိဖြင့် ဧကစ္စသဿတ သညီဝါဒ (၇)မျိုး၊
- နေဝဟောတိ နန ဟောတိဖြင့် အမရာဝိက္ခေပဝါဒကို ပြကြောင်း ဖွင့်ဆိုထားပါသည်။

သိသင့်သိထိုက်သော အချက်အလက်များစွာတို့ကိုလည်း ဖွင့်ဆိုထားပါသည်။

- ဥဒါန။ ၁၆၁-၃။ ဥဒါန၊ မြန်။ ၁၄၅-၇။ ဥဒါန၊ ဌ။ ၃၁၃-၄။
- ခုဒ္ဒကနိကာယ၊ ဥဒါန၊ ၆-ဇစ္စန္ဓဝဂ္ဂ၊ ပဋ္ဌမသုတ်။

ပဋ္ဌမသုတ်၌ လောကကိုသာ သဿတ, အသဿတဟု တစ်မျိုးစီ ယူကြသည်။ ဤသုတ်၌ အညတိတ္ထိယတို့သည် အတ္တ နှင့် လောကတို့ကို -

(က) (၁) သဿတ
(၂) အသဿတ
(၃) သဿတော စ အသဿတော စ
(၄) နေဝ သဿတော နာသဿတောဟု လည်းကောင်း။

(ခ) (၁) သယံကတော
(၂) ပရံကတော
(၃) သယံကတော စ ပရံကတော စ
(၄) အသယံ ကာရော အပရံ ကာရော အဓိစ္စသမုပ္ပန္နော။

(ဂ) (၁) သဿတံ သုခဒုက္ခံ
(၂) အသဿတံ သုခဒုက္ခံ
(၃) သဿတဉ္စ အသဿတဉ္စ သုခဒုက္ခံ
(၄) နေဝ သဿတံ နာသဿတံ သုခဒုက္ခံ။

(ဃ) (၁) သယံ ကတံ သုခဒုက္ခံ
(၂) ပရံ ကတံ သုခဒုက္ခံ
(၃) သယံ ကတဉ္စ ပရံကတဉ္စ သုခဒုက္ခံ
(၄) အသယံ ကာရံ အပရံ ကာရံ အဓိစ္စသမုပ္ပန္နံဟူသော မိစ္ဆာအယူ (၁၆) မျိုးကို ပြဆိုထားခြင်းသာ ထူးပါသည်။ ဥဒါနဂါထာမှတပါး ကျန်ဒေသနာတော်သည် ရှေ့သုတ်နှင့်တူပါသည်။

♦ အဌကထာ၌ ဖွင့်ဆိုချက်များ ရှိပါသည်။
– ဥဒါန။ ၁၆၄–၆။ ဥဒါန၊ မြန်။ ၁၄၇–၁၅၀။ ဥဒါန၊ ဌ။ ၃၁၄–၆။
– ခုဒ္ဒကနိကာယ၊ ဥဒါန၊ ၆–ဇစ္စန္ဓဝဂ္ဂ၊ ဆဌသုတ်။

ဤသုတ်၌ မိစ္ဆာဝါဒများသည် အထက်သုတ်ဒေသနာတော် အတိုင်းပင် ဖြစ်ပါသည်။ ဥဒါနဂါထာများသာ ထူးပါသည်။

♦ အဌကထာ၌ ရှေးသုတ်များနှင့် မတူသော ဤသုတ်၌ ခြားနားချက်များနှင့်တကွ ဂါထာပါပုဒ်တို့၏ အဓိပ္ပါယ်များကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

နာနာတိတ္ထိယသာဝကသုတ္တ

– သံ၊ ၁။ ၆၅–၇။ သံ၊ မြန်၊ ၁။ ၆၄–၆။ သံ၊ ဌ၊ ၁။ ၁၁၆–၈။ သံ၊ ဋီ၊ ၁။ ၁၆၇–၈။

– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၂–ဒေဝပုတ္တသံယုတ္တ၊ ၃– နာနာတိတ္ထိယဝဂ္ဂ၊ဒသမသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်

– ပုရာဏ ကဿပ၏တပည့် အသမနတ်သား၊

– မက္ခလိဂေါသာလ၏တပည့် သဟလိနတ်သား၊

– နိဂဏ္ဌနာဋပုတ္တ၏တပည့် နိဂန်နတ်သား၊

– တိတ္ထိဆရာကြီးများ၏ အလုပ်အကျွေး အာကောင်္ဂကနတ်သား အထက်နတ်သား (၃)ဦးသည် မိမိတို့ ဆရာတိတ္ထိတို့၏ ဂုဏ်ကို ချီးကျူး၍လျှောက်သည်။ အာကောင်္ဂကနတ်သားက တိတ္ထိဆရာကြီး အားလုံးကို ချီးကျူးလျှောက်ထားသည်။

– ဒေဝဂဗ္ဘရိနတ်သားက အာကောင်္ဂကနတ်သား၏စကားကို ကဲ့ရဲ့သည့်ဂါထာဖြင့် ရွတ်ဆိုပါသည်။

– မာရ်နတ်က ဒေဝဂဗ္ဘရိနတ်သားကို ပူးဝင်၍ တိတ္ထိဆရာကြီးများ၏ ဂုဏ်ကို ချီးကျူးလျှောက်ထားသည်။

– ဘုရားရှင်က မာရ်နတ်၏စကားကို ပြန်လည်မိန့်ကြားတော်မူသည်။

– မာဂဝဂါမိယနတ်သားက ဘုရားရှင်၏ဂုဏ်တော်တို့ကို ချီးကျူးလျှောက်ထားသည်။

♦ အဌကထာ၊ ဋီကာတို့၌ မှတ်သားဖွယ်ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နာနာဓာတုသုတ္တ

– သံ၊ ၃။ ၂၆၆။ သံ၊ မြန်၊ ၃။ ၂၆၈။

– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၈– အနုရုဒ္ဓသံယုတ္တ၊ ၂– ဒုတိယဝဂ္ဂ၊ အဌမသုတ်။

အရှင်အနုရုဒ္ဓါ ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သတိပဋ္ဌာန်လေးပါးကို ပွားများအပ် ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သည်၏အဖြစ်ကြောင့် အနေကဓာတု နာနာဓာတုလောကကို အမှန်အတိုင်း သိတော်မူနိုင်၏ဟု ရဟန်းတို့အား အရှင်အနုရုဒ္ဓါ ဟောတော်မူသည်သုတ်။

❖ ❖ ❖

နာနာဓိမုတ္တိသုတ္တ

– သံ၊ ၃။ ၂၆၆။ သံ၊ မြန်၊ ၃။ ၂၆၉။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ နဝမသုတ်။

အရှင်အနုရုဒ္ဓါ ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သတိပဋ္ဌာန်လေးပါးကို ပွားများခြင်း ကြိမ်ဖန်များစွာ အလေ့အလာ ပြုလုပ်ခြင်းကြောင့် သတ္တဝါတို့၏ အမျိုးမျိုးသော နှလုံးသွင်းခြင်းကို ဟုတ်တိုင်းမှန်စွာ သိနိုင်၏ဟု ရဟန်းတော်များအား အရှင်အနုရုဒ္ဓါ ဟောတော်မူသည်သုတ်။

❖ ❖ ❖

နာမသုတ္တ

– သံ၊ ၁။ ၃၆။ သံ၊ မြန်၊ ၁။ ၃၅–၆။ သံ၊ ဋ္ဌ၊ ၁။ ၈၉။ သံ၊ ဋီ၊ ၁။ ၁၃၂။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁–ဒေဝတာသံယုတ္တ၊
၇– အဒ္ဓဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အညတရ နတ်သား၏ မေးမြန်းလျှောက်ထားချက်အရ

– အမည်သည် အလုံးစုံသော အရာဝတ္ထုသို့ လျှော်စွာကျ၏။
– အမည်ထက် လွန်သော သဘောသည် မရှိ။
– အလုံးစုံသော တရားတို့သည်သာလျှင် အမည်ဟု ဆိုအပ်သော တစ်ခုသော တရား၏အလိုသို့ အစဉ်လိုက်ရ၏ဟု ဘုရားရှင် ဖြေဆိုဟောတော်မူသည်သုတ်။

❖ ❖ ❖

နာမရူပသုတ္တ

– သံ၊ ၁။ ၃၁၆–ရ။ သံ၊ မြန်၊ ၁။ ၃၀၃။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁– နိဒါနသံယုတ္တ၊ ၆– ဒုက္ခဝဂ္ဂ၊ အဋ္ဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သံယောဇနိယဓမ္မတို့၌ အသာဒဟု အဖန်ဖန်ရှုမှတ်၍ နေသော ပုဂ္ဂိုလ်အား နာမ် ရုပ်၏ သက်ဝင်ခြင်းဖြစ်၏၊ နာမ် ရုပ် ဟူသော အကြောင်းကြောင့် အဒ္ဌတ္တိကာယတန (၆)ပါး ဖြစ်၏။

သုခမဖက် ဒုက္ခသက်သက်ဖြစ်သော ဆင်းရဲအစု၏ ဖြစ်ခြင်းသည် ထင်ရှားပုံကို သစ်ပင်တည်နေပုံ ဥပမာဖြင့်လည်းကောင်း, သံယောဇနိယဓမ္မတို့၌ အာဒီနဝဟု အဖန်ဖန်ရှုနေသောပုဂ္ဂိုလ်အား နာမ် ရုပ်၏ သက်ဝင်မှု မဖြစ်၊ နာမ် ရုပ် ချုပ်ခြင်းကြောင့် အဒ္ဌတ္တိကာယတန (၆)ပါးချုပ်၏။

ဆင်းရဲအစု ချုပ်ပုံကို သစ်ပင်ကြီးလဲကျ ပျက်စီးပုံ ဥပမာဖြင့် ပဋိစ္စသမုပ္ပါဒ် အနုလောမ, ပဋိလောမ ဒေသနာတော်ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

နာရဒသုတ္တ

– အံ၊ ၂။ ၅၀–၅။ အံ၊ မြန်၊ ၂။ ၆၂–ရ။ အံ၊ ဌ၊ ၃။ ၂၅။ အံ၊ ဋီ၊ ၃။ ၂၁။
– အဂ္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ၁– ပဌမပဏ္ဏာသက၊ ၅– မုဏ္ဍရာဇဝဂ္ဂ၊ ဒသမသုတ်။

အရှင်နာရဒ မဂဓနိုင်ငံ ပါဋလိပုတ္တမြို့ ကုက္ကုဋာရာမကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးအပ်သော ဘဒ္ဒါဒေဝီ ကွယ်လွန်ခြင်းကြောင့် ရေမချိုးနိုင် မစား မသောက်နိုင် လုပ်ငန်းများ မဆောင်ရွက်နိုင်အောင် သောကဒဏ်ချက် ပြင်းထန်စွာ နှိပ်စက်ခံနေရသော မုဏ္ဍာဘုရင်အား ကောသာရက္ခ အမတ်ခေါ်ဆောင်၍ အရှင်နာရဒထံသို့ ပို့ဆောင်ခဲ့ရာ အရှင်နာရဒ ထေရ်က 'လောကဌ် သမဏ ဗြဟ္မဏ ဒေဝ မာရ ဗြဟ္မာ တစ်စုံတစ်ယောက်မျှ တောင့်တ၍ မရနိုင်သော ဇရာ ဗျာဓိ မရဏ ခယဓမ္မ နသယနဓမ္မ တရားငါးမျိုးတို့၌

အသုတဝတ ပုထုဇဉ်ပုဂ္ဂိုလ် ခံစားရပုံနှင့် သုတဝန္တအရိယာပုဂ္ဂိုလ်၏ ရှုမြင်သုံးသပ်မှုကြောင့် သောကတည်းဟူသော အဆိပ်ဆူးကို နုတ်ပယ်နိုင်ပုံကို ဟောကြားတော်မူသဖြင့် မုဏ္ဍာမင်း၏ သောကကင်းပျောက်ပြီး မိဖုရား၏ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ခိုင်းပုံ၊ ဤတရားတော်၏ ' သောကသလ္လ ဟရဏ' မည်ပုံကို ဟောတော်မူသည့်သုတ်။

❖ ❖ ❖

နာလကသုတ္တ

– သုတ္တနိ။ ၃၈၅–၃၉၀။ သုတ္တနိ၊ မြန်၊ ၃၆၃–၈။ သုတ္တနိ၊ ဌ၊ ၂။ ၂၀၂–၂၁၉။
– ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ၃– မဟာဝဂ္ဂ၊ ကောဒသမသုတ်။

ဘုရားရှင် ကာသီနိုင်ငံ ဗာရာဏသီမြို့တော်အနီး ဣသိပတနတောအုပ်၌ သီတင်းသုံးတော်မူနေစဉ် ဓမ္မစက္ကပဝတ္တနသုတ်တော် ဟောတော်မူပြီး (၅)ရက်မြောက်နေ့၌ အသိတအမည်ရှိသော ကာဠဒေဝိလရသေ့၏ တူဖြစ်သော နာလကရသေ့အား ဘုရားရှင်ဟောတော်မူသည့်သုတ်။

ဤနာလကသုတ်၌ (၆၈၄)ဂါထာ မှ (၇၀၃)ဂါထာအထိ ဂါထာ (၂၀)သည် ဝတ္ထုဂါထာများဖြစ်ပါသည်။ (၇၀၄)(၇၀၅) နှစ်ဂါထာသည် ပုစ္ဆာဂါထာများ ဖြစ်ပါသည်။ (၇၀၆) ဂါထာသည် ဘုရားရှင်၏ ဥယျောဇနဂါထာဖြစ်ပါသည်။ (၇၀၇) ဂါထာမှ (၇၂၈) ဂါထာအထိ (၂၂)ဂါထာသည် မောနေယျအကျင့်ကို ဟောတော်မူသော ဂါထာများ ဖြစ်ပါသည်။

♦ အဋ္ဌကထာ၌ နာလကသုတ်တော်အကြောင်း၊ အသိတ (ကာဠဒေဝိလ) ရသေ့အကြောင်း၊ တာဝတိံသာနတ်ပြည်အကြောင်း၊ အလောင်းတော် သိဒ္ဓတ္ထမင်းသားငယ်အကြောင်း၊ နာလကထေရ်အကြောင်း၊ နာလကပဋိပဒါပုဒ်များအဖွင့်၊ နာလကပဋိပဒါကျင့်သည့် ပုဂ္ဂိုလ်သုံးမျိုးတို့တွင် အရှင်နာလကထေရ်သည် ဥက္ကဋ္ဌပဋိပဒါဖြစ်ပုံ၊ ရဟန္တာဖြစ်ပုံ၊ ပရိနိဗ္ဗာန်စံပုံ၊ ဘုရားရှင်ကိုယ်တော်တိုင် သရီရကိစ္စပြုစေပြီး ဓါတ်တော်တို့ကို စေတီတည်ပုံတို့ကို ပြည့်ပြည့်စုံစုံ ဖွင့်ပြထားပါသည်။

❖ ❖ ❖

နာလန္ဒသုတ္တ

- သံ၊ ၃။ ၁၃၇-၉။ သံ၊ မြန်၊ ၃။ ၁၄၂-၄။ သံ၊ ဌ၊ ၃။ ၂၄၁-၅။ သံ၊ ဋီ၊ ၂။ ၄၇၄-၈။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၃- သတိပဋ္ဌာနသံယုတ္တ၊ ၂- နာလန္ဒဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင် မဂဓနိုင်ငံ နာလန္ဒာမြို့ ပါဝါရိကမ္ဗဝန၌ သီတင်းသုံးတော်မူစဉ် '' မြတ်စွာဘုရား ဘုရားရှင်၏ သဗ္ဗညုတညာဏ်တော်၌ ဘုရားရှင်ထက် အထူးသဖြင့် လွန်ကဲသော သဗ္ဗညုတညာဏ်ရှိသော ဘုရားရှင်မှတစ်ပါးသော သမဏ, ဗြဟ္မဏ မရှိစဘူး, ဖြစ်လတ္တံ့လည်း မဟုတ်, ယခုအခါ၌လည်းမရှိပါဟု တပည့်တော်သည် သို့ကလောက် ဘုရားရှင်အပေါ်၌ ကြည်ညိုပါသည်''ဟု အရှင်သာရိပုတ္တရာ၏ လျှောက်ထားမှုနှင့် ဆက်စပ်၍ ဘုရားရှင်က ''သာရိပုတ္တရာ သင်လျှောက်ထားသော သီဟနာဒသည် အလွန် မွန်မြတ်လှပါပေစွ၊ အစရှိသည်ဖြင့် မိန့်ကြားတော်မူပြီး ''သာရိပုတ္တရာ သင်သည် ပွင့်တော်မူပြီး, ပွင့်တော်မူလတ္တံ့, ပွင့်တော်မူဆဲ ဘုရားရှင်တို့၏ အကြောင်းကိုသိနိုင်သော စေတောပရိယညာဏ်ဖြင့်သိ၍ လျှောက်ထားသလော''ဟု မေးတော်မူရာ အရှင်သာရိပုတ္တရာထေရ်က ''ပစ္စုန္နရာဇ်မြို့၌ မြို့စောင့် ဥပမာဖြင့် ဘုရားရှင်တို့၏ အကြောင်းအပြည့်အစုံကို သိနိုင်သော စေတောပရိယညာဏ် မရှိသော်လည်း ဓမ္မန္ဒယ (ဓမ္မကို မျက်မှောက်ပြု၍ သိနိုင်သော အနုမာန) ဉာဏ်ဖြင့် မှန်းဆ၍ သိပါကြောင်း,''သိပုံကို လျှောက်ထားပါသည်။

ဘုရားရှင်က ''ဘုရားရှင်၌ တွေးတော, ယုံမှားမှုဖြစ်သော မောဃပုရိသများ ဤတရားတော်ကို နာယူ၍ တွေးတော, ယုံမှားမှု ပယ်နိုင်ရန်အတွက် ပရိသတ် လေးပါးတို့အား အမြဲမပြတ် ဟောကြားလေ''ဟု အရှင်သာရိပုတ္တရာအား တိုက်တွန်း တော်မူပုံကို ပြဆိုသည့်သုတ်။

♦ အဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် အဓိပ္ပါယ်များကို ကျယ်ကျယ်ပြန့် ပြန့် ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

နာဝါသုတ္တ (၂)

- သံ၊ ၃။ ၄၇–၈။ သံ၊ မြန်၊ ၃။ ၅၀–၁။ သံ၊ ဌ၊ ၃။ ၁၇၃။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁– မဂ္ဂသံယုတ္တ၊ ၆– ဗလကရဏီယဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ခြောက်လတို့ပတ်လုံး ရေ၌သွားလာပြီး ဆောင်းလအခါ၌ ကြည်းကုန်း၌ တင်ထားအပ်သော သမုဒ္ဒရာ၌သွားလာသော ကြိမ်ဖြင့်ဖွဲ့တုပ်ချည် နှောင်ထားသော လှေ၏ လေ,နေပူတို့ဖြင့် တွေ့ထိကုန် အနှောင်အဖွဲ့တို့သည် ရွာသွန်းသော မိုးရေဖြင့် တွေ့ထိပါက လျင်မြန်စွာပြတ်တောက် ပုတ်ဆွေးကုန်သကဲ့သို့ အဋ္ဌဂိကအရိယမဂ်၏ သမ္မာဒိဋ္ဌိအစရှိသော တစ်ပါးစီ တစ်ပါးစီသော မဂ္ဂင်တို့ကို ဝိဝေကနိဿိတ, ဝိရာဂနိဿိတ, နိရောဓနိဿိတ, ဝေါဿဂ္ဂပရိဏာမီဖြစ်အောင် ပွားများသော ကြိမ်ဖန်များစွာ အလေ့အလာပြုသော ရဟန်း၏သံယောဇဉ်တို့သည် လျင်မြန်စွာသာလျှင် ပျက်စီးပုတ်ဆွေးကုန်၏ဟု တစ်ပါးစီ တစ်ပါးစီပွားများပုံ အကျယ်ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

- သုတ္တနိ၊ ၃၂၅–၆။ သုတ္တနိ၊ မြန်၊ ၃၀၈၊ သုတ္တနိ၊ ဌ၊ ၂။ ၆၀–၅။
- ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ၂၊ စူဠဝဂ္ဂ၊ အဋ္ဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဆရာဖြစ်သော အရှင်အဿဇိထေရ် သီတင်းသုံးရာအရပ်ကို ရှိခိုးသော အရှင်သာရိပုတ္တရာကို ကဲ့ရဲ့သော ရဟန်းတို့အား–

(က) ဆရာပူဇော်သောသူသည် ဓမ္မကို ထင်ထင်ရှားရှား သိနိုင်, ဝိညူ, ဝိဘာဝီ, နိပုဏာပုဂ္ဂိုလ်ဖြစ်နိုင်ပုံ၊

(ခ) မြစ်ရေ၌မျောပါနေသူသည် သူတစ်ပါးကို မဆယ်နိုင်သကဲ့သို့ ယုတ်ညံ့အရည်အချင်းမရှိသောဆရာသည် တပည့်ကိုတတ်သိနားလည်အောင် မသင်ပြနိုင်, တပည့်လည်း အရာရာကို မဆုံးဖြတ်နိုင်သူဖြစ်ပုံ၊

(ဂ) လှော်တက်, တက်မစသည်နှင့် ပြည့်စုံကျွမ်းကျင်သူသည် သူတစ်ပါးကို ဆယ်ယူ ကယ်တင်နိုင်သကဲ့သို့ အရည်အချင်းပြည့်ဆရာကို ဆည်းကပ်သူသည် အကြားအမြင်များ, အနက်သဘာဝကိုသိ, ဓမ္မအမှန်ကို ကျင့်သုံးသောကြောင့်

လောကုတ္တရာတရားကို သိမြင်ပြီး ချမ်းသာကို ရနိုင်၏ဟု ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ၌ မှတ်သားဖွယ်များ ပြည့်စုံစွာ ဖွင့်ပြထားပါသည်။

❖ ❖ ❖

နာသေနွိသုတ္တ

– သံ၊ ၂။ ၄၄၄။ သံ၊ မြန်၊ ၂။ ၄၄၀။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ မာတုဂါမသံယုတ္တ၊ ၃–ဗလဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် (က) ဖျက်ဆီးနှင်ထုတ်ထိုက်၊ အိမ်၌ မနေစေရသော၊ (ခ) မဖျက်ဆီး မနှင်ထုတ်ထိုက်၊ အိမ်၌နေစေရသော မာတုဂါမ၏ အားငါးမျိုးတို့ကို ဝေဖန်၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နာဠန္ဒသုတ္တ

– သံ၊ ၂။ ၃၂၈။ သံ၊ မြန်၊ ၂။ ၃၂၂။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁– သဠာယတနသံယုတ္တ၊ (၁၃) ၃–ဂဟပတိဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် မဂဓနိုင်ငံ နာဠန္ဒာမြို့ ပါဝါရိကသူဌေး၏ အမွေဝန်ကျောင်းတော်ဝယ် သီတင်းသုံးတော်မူစဉ် ဥပါလိသူကြွယ်၏ ဤလောက၌ အချို့သော သတ္တဝါတို့ မျက်မှောက်ဘဝ၌ (က) ကိလေသာမငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့၊ (ခ) ကိလေသာငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကို မေးလျှောက်သဖြင့် ဘုရားရှင်ဟောတော်မူသည်သုတ်။

❖ ❖ ❖

နာတကသုတ္တ

– အံ၊ ၂။ ၅၀၉။ အံ၊ မြန်၊ ၂။ ၆၃၄။
– အဂုံတ္တရနိကာယ၊ သတ္တကနိပါတ၊ ၉–သမဏဝဂ္ဂ၊ ပဌမသုတ်။

နိုက္ခန္တသုတ္

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူစဉ် ရဟန်းတို့ တရားခုနှစ်မျိုးကို ဆေးကြောသုတ်သင် အပ်ပြီးသောကြောင့် ''နှာတက'' မည်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နိကဋ္ဌသုတ္တ

- အံ၊ ၁။ ၄၅၄-၅။ အံ၊ မြန်၊ ၁။ ၄၆၆-ရ။ အံ၊ ဌ၊ ၂။ ၃၃၈။
- အဂ္ဂိတ္တရနိကာယ၊ စတုက္ကနိပါတ၊ ၃-တတိယပဏ္ဏာသက၊ (၁၄) ၄- ပုဂ္ဂလဝဂ္ဂ၊ အဋ္ဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူစဉ်-

(၁) နိကဋ္ဌကာယ အနိကဋ္ဌစိတ္တပုဂ္ဂိုလ်
(၂) အနိကဋ္ဌကာယ နိကဋ္ဌစိတ္တပုဂ္ဂိုလ်
(၃) နိကဋ္ဌကာယ နိကဋ္ဌစိတ္တပုဂ္ဂိုလ်
(၄) အနိကဋ္ဌကာယ အနိကဋ္ဌစိတ္တပုဂ္ဂိုလ် ဟူသော ပုဂ္ဂိုလ်လေးမျိုးကို အကျယ် ဝေဘန်၍ ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

❖ ❖ ❖

နိက္ခန္တသုတ္တ

- သံ၊ ၁။ ၁၈၇။ သံ၊ မြန်၊ ၁။ ၁၇၅။ သံ၊ ဌ၊ ၁။ ၂၄ဖ-ရ။ သံ၊ ဋီ၊ ၁။ ၂၈၂။
- သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၈-ဝဏ္ဏသသံယုတ္တ၊ ပထမသုတ်။

အရှင်ဝဏ္ဏသ ရဟန်းဖြစ်စအခါ ဥပဇ္ဈာယ်ဆရာနိဂြောဓကပ္ပထေရ် နှင့်အတူ အာဠဝီနိုင်ငံ အာဠဝီမြို့တော် အဂ္ဂါဠဝေစေတီ၌ ကျောင်းစောင့်နေစဉ် ကျောင်းကြည့် လာသော မာတုဂါမတို့ကို တွေ့မြင်၍ သာသနာတော်၌ မမွေ့မလျော်သောစိတ်ကို ထိန်းချုပ်နိုင်ပုံနှင့် ဆက်စပ်၍ ''နိက္ခန္တ ဝတ'' အစရှိသောဂါထာတို့ကို ရွတ်ဆိုပုံကို ပြဆိုသည်သုတ်။

♦ အဋ္ဌကထာ၌ အဂ္ဂါဠဝေစေတီ၊ နိဂြောဓကပ္ပထေရ်၊ ဝိဟာရပါလ အဖွင့်တို့

နှင့်တကွ သိသင့်ဖွယ်တို့ကို ဖွင့်ပြထားပါသည်။ ဋီကာ၌လည်း မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နိဂဿသုတ္တ (၁၁)

- အံ၊ ၁။ ၂၂၁-၂။ အံ၊ မြန်၊ ၁။ ၂၃၈-၂၄၀။ အံ၊ ဋ္ဌ၊ ၂။ ၂၀၂-၃။ အံ၊ ဋီ၊ ၂။ ၁၈၁-၂။
- အဂုံတ္တရနိကာယ၊ တိကနိပါတ၊ ၂- ဒုတိယပဏ္ဏာသက၊ (၈) ၃- အာနန္ဒဝဂ္ဂ၊ စတုတ္ထသုတ်။

အရှင်အာနန္ဒာထေရ် ဝဇ္ဇီနိုင်ငံ ဝေသာလီမြို့တော်အနီး မဟာဝုန်တောကူဋာဂါရသာလာကျောင်းတော်ဝယ် သီတင်းသုံးနေတော်မူစဉ် အဘယလိစ္ဆဝီနှင့် ပဏ္ဍိတကုမာရကလိစ္ဆဝီမင်းသားတို့ရောက်ရှိလာပြီး အဘယလိစ္ဆဝီက နာဋပုတ္တနိဂဏ္ဌ၏ ''သန္ဒိဋ္ဌိက နိဗ္ဗာဝိသုဒ္ဓိ'' ကိုလျှောက်ထားပြီး ဘုရားရှင်၏ ယင်းနှင့်ဆက်စပ်သော မိန့်ကြားချက်ကို အရှင်အာနန္ဒာထေရ်အား မေးလျှောက်သဖြင့် အရှင်အာနန္ဒာထေရ်၏ ဘုရားရှင်၏ နိဗ္ဗာဝိသုဒ္ဓိသုံးမျိုးကို မိန့်ကြားတော်မူရာ ပဏ္ဍိတကုမာရကလိစ္ဆဝီက အဘယလိစ္ဆဝီ၏ ဝမ်းမြောက်မှုမရှိပုံကို မေးမြန်းရာ အဘယလိစ္ဆဝီက အရှင်အာနန္ဒာ၏ မိန့်ကြားချက်ကို လက်မခံသူသည် ဦးခေါင်း ပြတ်ကျသေနိုင်ပုံကို ပြောကြားသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

- အံ၊ ၂။ ၂၄၄။ အံ၊ မြန်၊ ၂။ ၃၁၅။
- အဂုံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ၂-သိက္ခာပဒပေယျာလ၊ နဝမသုတ်မှ သတ္တရသမသုတ်အထိ ၉-သုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နိဂဏ္ဌသာဝက မုဏ္ဍ, ဇဋိလက, ပရိဗ္ဗာဇက, မာဂဏ္ဍိက, တောဒဏ္ဍိက, အာရုဒ္ဓက, ဂေါတမက, ဒေဝဓမ္မိကတို့သည် ငါးပါးသီလကို မစောင့်ရှောက်ခြင်းကြောင့် ငရဲ၌ဖြစ်ကြရ၏ဟု ရဟန်းတို့အား တစ်သုတ်စီ တစ်သုတ်စီ ဘုရားရှင်ဟောတော်မူသည့် (၉)သုတ်။

- အံ၊ ၃။ ၃၇၅။ အံ၊ မြန်၊ ၃။ ၃၇၁-၂။

– အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ ၂–ဒုတိယပဏ္ဏာသက၊ (၈) ၃–အာကခ်ံဝဂ္ဂ၊ အဋ္ဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နိဂဏ္ဌတို့၏ အသဒ္ဓမ္မ (၁၀)မျိုးတို့ကို ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

❖ ❖ ❖

နိဂဏ္ဌနာဋပုတ္တသုတ္တ

– သံ၊ ၂။ ၄၈၇–၉။ သံ၊ မြန်၊ ၂။ ၄၈၁–၃။ သံ၊ ဋ္ဌ၊ ၃။ ၁၃၈။
သံ၊ ဋီ၊ ၂။ ၃၇၇–၈။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၇–စိတ္တသံယုတ္တ၊ အဋ္ဌမသုတ်။

နာဋပုတ္တနိဂဏ္ဌ နိဂဏ္ဌပရိသတ်နှင့်အတူတကွ မစ္ဆိကာသဏ္ဍမြို့ ရောက်ရှိစဉ် နိဂဏ္ဌက ''သမဏာ ဂေါတမ၏ အဝိတက္က အဝိစာရသမာဓိ, ဝိတက္ကဝိစာရနိရောဓ'' ရှိသလောဟု မေးမြန်းရာ စိတ္တသူကြွယ်က ''ယင်းသမာဓိကို မိမိကိုယ်တိုင် ရှိပုံကို ဖြေဆိုရာ နိဂဏ္ဌက စိတ္တသူကြွယ်အား ချီးကျူးပါသည်။ စိတ္တသူကြွယ်က ''ရူပစျာန်လေးပါးကို မိမိရရှိဝင်စားနေခြင်းကြောင့် ယင်းသမာဓိရှိပုံပြောပြရာ နိဂဏ္ဌက ကဲ့ရဲ့ပုံ၊ စိတ္တသူကြွယ်က ဒသသဟဓမ္မိကပုစ္ဆာတို့ကို မေးမြန်းပြီး ပြန်ခဲ့ပုံကို ပြဆိုသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နိုကြောဓကပ္ပ(ဝံဂီသ)သုတ္တ

– သုတ္တနိ။ ၃၂၉–၃၃၂။ သုတ္တနိ၊ မြန်။ ၃၁၁–၃။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၇၇–၈၄။
– ခုဒ္ဒကနိကာယ၊ သုတ္တနိပါတ၊ ၂–စူဠဝဂ္ဂ၊ ဒွါဒသမသုတ်။

ဘုရားရှင် အာဠဝိနိုင်ငံ အာဠဝိမြို့တော် အဂ္ဂါဠဝစေတီ၌ သီတင်းသုံးနေတော်မူစဉ် ဥပဇ္ဈာယ်ဆရာ နိကြောဓကပ္ပထေရ် ပရိနိဗ္ဗာန်ဝင်စံမှုနှင့်ဆက်စပ်၍ အရှင်ဝံဂီသထေရ် (၁၂) ဂါထာတို့ဖြင့် ဘုရားရှင်၏ဂုဏ်တော်တို့ကို ချီးမွမ်းတော်မူ၍ လျှောက်ထားပါသည်။ အမှတ် (၁၃) ဂါထာဖြင့် ဘုရားရှင်က ဖြေကြားတော်မူပါသည်။ အမှတ် (၁၄၊ ၁၅၊ ၁၆) ဂါထာတို့ဖြင့် နိကြောဓကပ္ပမထေရဂုဏ်ရည်တို့ကို

လျှောက်ထားပါသည်။

♦ အဋ္ဌကထာ၌ ဖွင့်သင့်သမျှ ပြည့်ပြည့်စုံစုံ ဖွင့်ထားပါသည်။

❖ ❖ ❖

နိဒ္ဒေဝိသုတ္တ

– သံ၊ ၁။ ၄၄၈။ သံ၊ မြန်၊ ၁။ ၄၃၇။ သံ၊ ဋ္ဌ၊ ၂။ ၂၀၁။ သံ၊ ဋီ၊ ၂။ ၁၈၃။ (ဝိ၊ ၁။ ၁၄၅။ ဝိ၊ ဋ္ဌ၊ ၂။ ၉၈။)

– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၈–လက္ခဏသံယုတ္တ၊ ၁–ပဌမဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်လက္ခဏထေရ၏ မေးလျှောက်မှုကို အကြောင်းပြု၍ အရေမရှိသော ပြိတ္တာအကြောင်းကို အရှင်မောဂ္ဂလာန်ထေရ်နှင့် ဘုရားရှင်တို့ ဖြေဆို မိန့်ကြားတော်မူသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နိဒ္ဒေဝိတ္ထိသုတ္တ

– သံ၊ ၁။ ၄၅၀။ သံ၊ မြန်၊ ၁။ ၄၄၀။ သံ၊ ဋ္ဌ၊ ၂။ ၂၀၃။ သံ၊ ဋီ၊ ၂။ ၁၈၅။

– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၈–လက္ခဏသံယုတ္တ၊ ၂–ဒုတိယဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်လက္ခဏထေရ၏ မေးလျှောက်ချက်အရ အရေမရှိသော မိန်းမပြိတ္တာမကို တွေ့ခဲ့ပုံကို အရှင်မောဂ္ဂလာန်ထေရ်က ဖြေဆိုရာ ဘုရားရှင်က အတိစာရိနီဖြစ်ခဲ့ပုံကို ဟောတော်မူသည့်သုတ်။

❖ ❖ ❖

နိဒ္ဒေသသုတ္တ

- အံ၊ ၃။ ၄၃၀-၁။ အံ၊ မြန်၊ ၃။ ၄၂၂-၄။ အံ၊ ဌ၊ ၃။ ၃၃၄-၅။
  ဒီ၊ ၃။ ၂၅၉-　　၂၆၀။ ဒီ၊ မြန်၊ ၃။ ၂၈၃။ ဒီ၊ ဌ၊ ၃။ ၂၄၈။
  ဒီ၊ ဦ၊ ၃။ ၂၈၈-၉။
- အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ ၃-တတိယပဏ္ဏာသက၊
  (၁၁) ၁-သမဏသညာဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ပျက်စီးစေနိုင်သော သမ္မာဒိဋ္ဌိ အစရှိသော သုဂ္ဂဟဟ္ဒတရား ဆယ်မျိုးနှင့် ပျက်စီးသွားသော ကဏှပက္ခ မိစ္ဆာဒိဋ္ဌိ အစရှိသော တရားဆယ်မျိုး ကုသိုလ်တို့ ဘာဝနာပါရိပူရိဖြစ်ပြီး အကုသိုလ်တရားတို့ နိဒ္ဒိဏ္ဍာဖြစ်ပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နိဒ္ဒေသသုတ္တ

- အံ၊ ၃။ ၃၅၁။ အံ၊ မြန်၊ ၃။ ၃၄၉။ အံ၊ ဌ၊ ၃။ ၃၁၈။
- အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ ၂-ဒုတိယပဏ္ဏာသက၊
  (၅) ၂-ယမကဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ငါဘုရားအပေါ်၌ ယုံမှားသံသယ ကင်းရှင်းကြသူ အားလုံးတို့သည် မဂ်ဉာဏ်အမြင်နှင့် ပြည့်စုံကြကုန်၏။ ထိုပုဂ္ဂိုလ်တို့တွင် ဤပစ္စပ္ပန်ဘဝ၌ ဘဝပြီးဆုံးကြသူ ပုဂ္ဂိုလ်(၅)မျိုး၊ ဒုတိယဘဝ၌ ဘဝဒုက္ခပြီးဆုံးမည်သူ (၅)မျိုးတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နိဒါနသုတ္တ (၅)

- သံ၊ ၁။ ၃၁၅-၉။ သံ၊ မြန်၊ ၁။ ၃၀၄-၅။ သံ၊ ဌ၊ ၂။ ၇၉-၉၀။
  သံ၊ ဦ၊ ၂။ ၉၈-၁၀၄။

– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၁–နိဒါနသံယုတ္တ၊ ၆–ဒုက္ခဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ကုရုနိုင်ငံ ကမ္မာသဒမ္မနိဂုံးဌ သီတင်းသုံးတော်မူစဉ် မြတ်စွာဘုရား ဤပဋိစ္စသမုပ္ပါဒသည် အလွန်နက်နဲ (သိရန်ခက်ခဲ)ခြင်း၊ နက်နဲ (ခက်ခဲ) သကဲ့သို့ ထင်ရသော်လည်း တပည့်တော်မှာ အလွန်ထင်ရှား ပေါ်လွင်သကဲ့သို့ ထင်ရပါ၏ဟု လျှောက်ထားသော အရှင်အာနန္ဒာကို တားမြစ်တော်မူပြီး ပဋိစ္စသမုပ္ပါဒ၏ နက်နဲခက်ခဲပုံ နက်နဲခက်ခဲစွာ ထင်မြင်ပုံ သတ္တဝါအပေါင်းသည် ရက်ကန်းချည်ထွေး စာပေါင်းသိုက် ဖြူဆံမြက် ဇြိတ်မြက်တို့ကို ကဲ့သို့ဖြစ်၍ အပါယ်လေးဘုံ သံသရာတို့ကို မလွန်မြောက်နိုင်ပုံ ဥပါဒါနိယတရားတို့၌ တဏှာဖြစ်ပုံမှစ၍ ဆင်းရဲအစုအဝေးဖြစ်ပေါ်လာပုံကို သစ်ပင်ဥပမာဖြင့်လည်းကောင်း ဥပါဒါနိယတရားတို့၌ အာဒီနဝကို ရှုနေသောပုဂ္ဂိုလ်အား တဏှာနိရောဓဖြစ်ပုံမှ အစပြု၍ ဆင်းရဲအစုအဝေးချုပ်ငြိမ်းသွားပုံကိုလည်းကောင်း အရှင်အာနန္ဒာအား ဘုရားရှင်ဟောတော်မူသည်သုတ်။

အဋ္ဌကထာ၌ အရှင်အာနန္ဒာအကြောင်း ဘုရားရှင်တားမြစ်ပုံ ရေသတ္တဝါကြီးများ ရာဟုအသူရိန် အရှင်အာနန္ဒာ ပဋိစ္စသမုပ္ပါဒ သိမြင်ခြင်းအကြောင်း အစရှိသည်တို့ကို ဖွင့်ပြထားပါသည်။ ဋီကာ၌လည်း ဖွင့်သင့်သည်များကို ဖွင့်ပြထားပါသည်။

– အံ၊ ၁။ ၁၃၃–၅။ အံ၊ မြန်၊ ၁။ ၁၅၁–၃။ အံ၊ ဌ၊ ၂။ ၁၀၃–၁၁၅။
  အံ၊ ဋီ၊ ၂။ ၁၀၀–၁၁၀။
– အဂုံတ္တရနိကာယ၊ တိကနိပါတ၊ ၁–ပဌမပဏ္ဏာသက၊
  ၄–ဒေဝဒူတဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မပုပ်မဆွေးသေးသော သစ်စေ့ဥပမာဖြင့် လောဘ,ဒေါသ,မောဟ, ကဏှပက္ခ,ကမ္မသမုဒယနိဒါနတရားတို့ အကျိုးပေးပုံ၊ သစ်ပင်ကို ဖြတ်တောက်မီးပုံရှိ၍ ပြာကိုလေထဲသို့လွှင့်ပစ်၊ ရေထဲသို့ မျှောချပုံ ဥပမာဖြင့် အလောဘ,အဒေါသ, အမောဟ, သုက္ကပက္ခ, ကမ္မသမုဒယ နိဒါနတို့ကြောင့် ကဏှပက္ခ ကမ္မသမုဒယ နိဒါနဝမ္မ တို့ ချုပ်ပျောက်ပုံတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ သုတ္တန္တိကပရိယာယ ဇောဒသကမ္မဝိဘတ္တိ၊ အဘိဓမ္မပရိယာယ သောဠသကမ္မဝိဘတ္တိ, ပဋိသမ္ဘိဒါမဂ္ဂပရိယာယဒွါဒသကမ္မဝိဘတ္တိ တို့ကို ယင်းပါဠိတော်အဖွင့်များ၊ သာဓကဝတ္ထုများဖြင့် ပြည့်ပြည့်စုံစုံ ဖွင့်ပြထားပါသည်။ ဋီကာ၌လည်း ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ပြထားပါသည်။

– အံ၊ ၁။ ၂၆၆–၇။ အံ၊ မြန်၊ ၁။ ၂၈၃–၄။ အံ၊ ဌ၊ ၂။ ၂၃၂။
– အဂုံတ္တရနိကာယ၊ တိကနိပါတ၊ ၃–တတိယပဏ္ဏာသက၊ (၁၁) ၁၊ သမ္မောဝဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် လောဘ, ဒေါသ, မောဟတို့သည် ကမ္မသမုဒယနိဒါန၊ အကုသလ၊ သာဝဇ္ဇ၊ ဒုက္ခဝိပါက၊ ကမ္မသမုဒယဖြစ်ပုံ၊ ကမ္မနိရောဓမဖြစ်ပုံ၊ အလောဘ၊ အဒေါသ၊ အမောဟတို့သည် ကုသလ၊ အနဝဇ္ဇ၊ သုခဝိပါက၊ ကမ္မနိရောဓဖြစ်ပုံ၊ ကမ္မသမုဒယ အကျိုးငှါမဖြစ်ပုံ တစ်ပါးစီ တစ်ပါးစီကို ရဟန်းတော်တို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊ ၁။ ၂၆၇–၈။ အံ၊ မြန်၊ ၁။ ၂၈၄–၆။ အံ၊ ဌ၊ ၂။ ၂၃၂။ အံ၊ ဋ္ဌ၊ ၂။ ၂၀၃။
– အဂုံတ္တရနိကာယ၊ တိကနိပါတ၊ ၃–တတိယပဏ္ဏာသက၊
(၁၁) ၁၊ သမ္မောဝဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလသုံးပါးတို့တွင် တစ်ပါးပါး၌ ဆန္ဒရာဂဌာနီယဝမ္မတို့ကို အာရုံပြု၍ အဖန်ဖန်ကြံစီ,သုံးသပ်နေသောပုဂ္ဂိုလ်အား တဏှာဆန္ဒဖြစ်ပုံ၊ တဏှာဆန္ဒသည် ထိုဝမ္မတို့နှင့် ယှဉ်စပ်သော စိတ်၏ပြင်းထန်စွာ တပ်မက်သောတရားအပေါင်းကို သံယောဇဉ်ဟုဟောတော်မူပုံ သုဏ္ဏပက္ခကိုင်း ကာလတစ်ပါးစီ တစ်ပါးစီ၌ ဆန္ဒရာဂဌာနီယဝမ္မတို့၏ ဖြစ်လတ္တံ့သော အကျိုးကို သိခြင်းကြောင့် ထိုဆန္ဒရာဂကို နစ်စေ(ဝိပဿနာပွား)၍ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်း၊ ဝိပဿနာပညာ၊ မဂ်ပညာဖြင့် ထိုးထွင်း၍ သိမြင်ခြင်းကြောင့် ဆန္ဒရာဂဌာနီယဝမ္မတို့ကို အာရုံပြု၍ ဆန္ဒမဖြစ်တော့ဟု သုဏ္ဏပက္ခအားဖြင့်လည်းကောင်း ကမ္မသမုဒယနိဒါနတို့ တစ်ပါးစီ တစ်ပါးစီကို ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

– အံ၊ ၂။ ၂၉၇–၈။ အံ၊ မြန်၊ ၂။ ၃၈၂–၃။ အံ၊ ဌ၊ ၃။ ၁၀၈။
– အဂုံတ္တရနိကာယ၊ ဆက္ကနိပါတ၊ ၁–ပဌမပဏ္ဏာသက၊
၄–ဒေဝတာဝဂ္ဂ၊ နဝမသုတ်။

အထက်သုတ်တော်၌ ဟောတော်မူအပ်သော ကမ္မနိဒါန သမုဒယတရား

တို့ကိုပင် ကဏ္ဍပဋ္ဌာနတရားသုံးပါးကြောင့် သုက္ကပဋ္ဌာနတရား သုံးပါးတို့မဖြစ်ပုံ အပါယ်လေးဘုံ၌ဖြစ်ပုံ သုက္ကပဋ္ဌာနတရားသုံးပါးကြောင့် ကဏ္ဍပဋ္ဌ တရားသုံးပါးမဖြစ်ပုံ သုဂတိဘဝ၌ဖြစ်ရပုံတို့ကို ရဟန်းတို့အား ဘုရားရှင် အကျယ်တဝင့် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

နိဒ္ဒသသုတ္တ (၂)

- အံ၊ ၂။ ၄၂၄-၅။ အံ၊ မြန်၊ ၂။ ၅၃၆-၈။
- အဂုံတ္တရနိကာယ၊ သတ္တကနိပါတ၊ ၄-ဒေဝတာဝဂ္ဂ၊ ကောဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ပရိဗ္ဗာဇကအာရာမ်၌ အညတိတ္ထိယတို့က ''(၁၂)နှစ်ပတ်လုံး ဗြဟ္မစရိယကို ပရိပုဏ္ဏ ပရိသုဒ္ဓဖြစ်အောင် ကျင့်ပြီးသူကို ''နိဒ္ဒသဘိက္ခု''ဟုခေါ်ဆိုထိုက်၏''ဟူသောစကားကို မနှစ်သက်၍ အရှင်သာရိပုတ္တရာက ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က ''ဤဓမ္မဝိနယ သာသနာတော်၌ ဓမ္မမဖက်နှစ်အရေအတွက်မျှဖြင့် ''နိဒ္ဒသ ဘိက္ခု''ဟု သတ်မှတ်ပညတ်ခြင်းငှါ မထိုက်ပုံ ငါဘုရား ကိုယ်တော်တိုင် ထူးသောဉာဏ်ဖြင့် သိတော်မူ၍ မျက်မှောက်ပြုတော်မူ၍ ဟောကြားတော်မူအပ်ကုန်သော သိက္ခသမာဒါန, ဓမ္မနိသန္တိ, ဣဒ္ဓိပါဒဝိနယ, ပဋိသလ္လာန, ဝိရိယာရမ္ဘ, သတိနေပက္ခ, ဒိဋ္ဌိပဋိဝေဓ,ဟူသော နိဒ္ဒသဝတ္ထု (၇)မျိုးတို့ကို (၁၂)နှစ်, (၂၄)နှစ်, (၃၆)နှစ်, (၄၈)နှစ်တို့ပတ်လုံး ပရိပုဏ္ဏ, ပရိသုဒ္ဓဖြစ်အောင် ဗြဟ္မစရိယကို ကျင့်သုံးလျှင် နိဒ္ဒသဘိက္ခုဟုခေါ်ထိုက်၏ဟု အရှင်သာရိပုတ္တရာအား ဘုရားရှင် ဟောတော်မူသည့် သုတ်။

- အံ၊ ၂။ ၄၂၅-၇။ အံ၊ မြန်၊ ၂။ ၅၃၈-၅၄၀။
- အဂုံတ္တရနိကာယ၊ သတ္တကနိပါတ၊ ၄-ဒေဝတာဝဂ္ဂ၊ ဒွါဒသမသုတ်။

ဘုရားရှင် ဝံသနိုင်ငံ ကောသမ္မိမြို့ ဃောသိတာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အထက်သုတ်အတိုင်း တိတ္ထိယတို့၏ နိဒ္ဒသဘိက္ခု သတ်မှတ်ပုံနှင့်ဆက်စပ်၍ အရှင်အာနန္ဒာက လျှောက်ထားသဖြင့် ''ဤဓမ္မဝိနယသာသနာတော်၌ နှစ်အရေအတွက်မျှဖြင့် ''နိဒ္ဒသဘိက္ခု'' ဟုမသတ်မှတ်ပုံ၊ ငါဘုရားကိုယ်တော်တိုင် ထူးသောဉာဏ်ဖြင့် သိတော်မူ၍ မျက်မှောက်ပြုတော်မူ၍ ဟောကြားတော်မူအပ်ကုန်သော သဒ္ဓ, ဟိရိမာ, ဩတ္တပ္ပီ, ဗဟုသုတ, အာရဒ္ဓဝိရိယ, သတိမာ, ပညဝါ

ဟူသော နိဒ္ဒသဝတ္ထု (၇)ပါးတို့နှင့်ပြည့်စုံသော ရဟန်းသည် (၁၂)နှစ်၊ (၂၄)နှစ်၊ (၃၆)နှစ်၊ (၄၈)နှစ်တို့ပတ်လုံး ပရိပုဏ္ဏာ, ပရိသုဒ္ဓဖြစ်အောင် ကျင့်သုံးသော ရဟန်းတော်ကို ''နိဒ္ဒသဘိက္ခု'' ဟုခေါ်ထိုက်ပုံကို အရှင်အာနန္ဒာထေရ်အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နိဒ္ဒသဝတ္ထုသုတ္တ

- အံ၊ ၂။ ၄၀၇၊ အံ၊ မြန်၊ ၂။ ၅၁၅–၆။ အံ၊ ဌ၊ ၃။ ၁၅၀–၁။ အံ၊ ဋီ၊ ၃။ ၁၅၈–၉။ (ဒီ၊ ၃။ ၂၀၉။ ဒီ၊ မြန်၊ ၃။ ၂၃၂။ ဒီ၊ ဌ၊ ၃။ ၂၂၂။)
- အဂ္ဂံတ္တရနိကာယ၊ သတ္တကနိပါတ၊ ၂–အနုသယဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သိက္ခာသမာဒါန၊ ဓမ္မနိသန္တိ၊ ဂ္ဂဆ္ဆာဝိနယ၊ ပဋိသလ္လာန၊ ဝိရိယာရမ္ဘ၊ သတိနေပက္ကာ၊ ဒိဋ္ဌိပဋိဝေဓ ဟူသော ဓမ္မ (၇)ပါးတို့၌ ယခုအခါထက်မြက်သောဆန္ဒ နောင်အခါ မကင်းသောချစ်ခြင်း (လိုလားနှစ်သက်ခြင်း) တို့ဖြင့် ပရိပုဏ္ဏာ၊ ပရိသုဒ္ဓ ဖြစ်အောင်ကျင့်သုံးလျှင် နိဒ္ဒသအစရှိသော ရဟန္တာပုဂ္ဂိုလ်ဖြစ်နိုင်ပုံ (ရဟန္တာပုဂ္ဂိုလ် ဖြစ်နိုင်သောတရား (၇)မျိုးတို့) ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ ယင်းနိဒ္ဒသ ဝေါဟာရအကြောင်းနှင့်တကွ ဖွင့်သင့်ဖွင့်ထိုက်သောပုဒ်တို့ကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

နိဒ္ဒါတန္ဒီသုတ္တ

- သံ၊ ၁။ ၇။ သံ၊ မြန်၊ ၁။ ၇။ သံ၊ ဌ၊ ၁။ ၃၄။ သံ၊ ဋီ၊ ၁။ ၇၉–၈၀။
- သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁–ဒေဝတာသံယုတ္တ၊ ၂–နန္ဒနဝဂ္ဂ၊ ဆဌသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နိဒ္ဒါ၊ တန္ဒီ၊ ဝိဇမ္ဘိတာ၊ အရတိ၊ ဘတ္တသမ္မဒဟူသော သတ္တဝါတို့အား အရိယမဂ် မဖြစ်နိုင်သောတရား (၅) ပါးကို အညတရနတ်သားက ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က ယင်းတရား (၅) ပါးတို့ကို အရိယမဂ်နှင့်ယှဉ်သော

ဝိရိယဖြင့် ထုတ်ပယ်လိုက်ခြင်းကြောင့် အရိယမဂ်၏ဝိသုဒ္ဓိဖြစ်ပုံကို အညတရနတ်သားအား ဟောတော်မူသည်သုတ်။

- ♦ အဌကထာ,ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နိဒ္ဒမနိယသုတ္တာ

- အံ၊ ၃။ ၄၃၅–၆။ အံ၊ မြန်၊ ၃။ ၄၂၈–၉။ အံ၊ ဌ၊ ၃။ ၃၃၅။
- အဂ္ဂံတ္တရနိကာယ၊ ဒသကနိပါတ၊ ၃–တတိယပဏ္ဏာသက၊ (၁၁) ၁–သမဏသညာဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မဂ္ဂင်ရှစ်ပါး, သမ္မာဉာဏ, သမ္မာဝိမုတ္တိ ရှိသောပုဂ္ဂိုလ်သည် ယင်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိအစရှိသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာသော အကုသိုလ်တရားတို့ကို မှတ်လွင့်ဖျက်ဆီးနိုင်ပုံ, သမ္မာဒိဋ္ဌိ (အစရှိသော) များစွာသော ကုသိုလ်တရားတို့ ဘာဝနာပါရိပူရိဖြစ်ပုံ ''နိဒ္ဒမနိယ'' တရား(၁၀)ပါးတို့ကို တစ်ပါးစီ တစ်ပါးစီ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နိဓိကဏ္ဍသုတ္တာ

- ခုဒ္ဒက။ ၉–၁၀။ ခုဒ္ဒက၊ မြန်။ ၈–၁၀။ ခုဒ္ဒက၊ ဌ။ ၁၈၂–၁၉၇။
- ခုဒ္ဒကနိကာယ၊ ခုဒ္ဒကပါဋ၊ အဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဘုရားအမှူးရှိသော သံဃာတော်အား ဆွမ်းကပ်လှူနေစဉ် ကောသလဘုရင်က အခေါ်လွှတ်လိုက်သော မင်းချင်းယောက်ျားကို '' ပြီးလျှင်လာခဲ့ပါမည်၊ ရွှေအိုးမြှုပ်နေလို့ပါ '' ဟုပြောလိုက်သောစကားကို အကြောင်းပြု၍ ဘုရားရှင်က ''နိဓိ နိဓေတိ''အစရှိသော နိဓိကဏ္ဍသုတ္တာနှင့်ဖြင့် သူကြွယ်အား ဆွမ်းအနုမောဒနာပြုတော်မူသည်သုတ်။

ဂါထာ (၁၂)တို့ဖြင့် ရွှေအိုးမြှုပ်နှံပုံနှင့် ရည်ရွယ်ချက်ကိုလည်းကောင်း

(၃)ဂါထာဖြင့် မြှုပ်ထားသော ရွှေအိုး၏ အစိုးမရပုံကိုလည်းကောင်း၊ (၄၊၅)ဂါထာတို့ဖြင့် မြှုပ်ထားသောရွှေအိုး ပျောက်ဆုံးနိုင်ပုံကိုလည်းကောင်း၊ (၆)ဂါထာဖြင့် အနုဂါမိက ရွှေအိုး (၃)မျိုး မြှုပ်နှံပုံကိုလည်းကောင်း (၇)ဂါထာဖြင့် ရွှေအိုးမြှုပ်နှံရာဌာနတို့ကိုလည်း ကောင်း (၈၊၉)ဂါထာတို့ဖြင့် ရတနာနိဓိနှင့်ပုညနိဓိတို့၏ ခြားနားပုံကိုလည်းကောင်း (၁၀၊၁၁၊၁၂၊၁၃၊၁၄) ဂါထာတို့ဖြင့် ပုညနိဓိ၏ အကျိုးကျေးဇူးအမျိုးမျိုး ရရှိခံစားနိုင် ပုံကိုလည်းကောင်း (၁၆)ဂါထာဖြင့် ပုညနိဓိမြှုပ်နှံဖို့ရန် တိုက်တွန်းပုံကို လည်းကောင်း ဟောကြားတော်မူပါသည်။

အဌကထာ၌ သုတ်တော်၏နိဒါန်းနှင့် ဂါထာအလိုက်သိသင့်သမျှ သာဓက ပါဠိများဖြင့် ပြည့်ပြည့်စုံစုံ ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

နိဗ္ဗာနသုတ္တ (၄)

– အံ၊ ၁။ ၄၈၆။ အံ၊ မြန်၊ ၁။ ၅၀၁။ အံ၊ ဌ၊ ၂။ ၃၅၆၊ အံ၊ ဋီ၊ ၂။ ၃၅၃-၄။
– အဂ်ုတ္တရနိကာယ၊ စတုက္ကနိပါတ၊ ၄-စတုတ္ထပဏ္ဏာသက၊
(၁၈)၃-သဠေဝတနိယဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်ဝယ် အရှင်အာနန္ဒာထေရ်၏ မေးလျှောက်ချက်အရ ဟာနဘာဂိယသည်၊ ဌိတိဘာဂိယ သည်၊ ဝိသေသဘာဂိယသည်၊ နိဗ္ဗေဓဘာဂိယသည်တို့ကို မှန်ကန်စွာ မဂ်ဉာဏ် ဖြင့် မသိကြခြင်းကြောင့် မျက်မှောက်ဘဝ၌ အချို့သောသတ္တဝါတို့ ပရိနိဗ္ဗာန် မပြုနိုင်ကြပုံ၊ ယင်းသည်လေးပါးတို့ကို မှန်ကန်စွာ မဂ်ဉာဏ်ဖြင့် သိမြင်ကြခြင်း ကြောင့် အချို့သော သတ္တဝါတို့ မျက်မှောက်ဘဝ၌ ပရိနိဗ္ဗာန်ပြုနိုင်ကြပုံကို အရှင်သာရိ ပုတ္တရာထေရ် ဖြေကြားတော်မူသည်သုတ်။

♦ အဌကထာ,ဋီကာတို့၌ ဟာနဘာဂိယပညာကို ဖွင့်ပြထားပါသည်။

– အံ၊ ၂။ ၃၈၅။ အံ၊ မြန်၊ ၂။ ၄၈၆။
– အဂ်ုတ္တရနိကာယ၊ ဆက္ကနိပါတ၊ ၂-ဒုတိယပဏ္ဏာသက၊
၁၀-အာနိသံသဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် နိဗ္ဗာန်ကို ဒုက္ခဟု အဖန်ဖန်ရှုသူအား အနုလောမိကခန္တီဉာဏ်မဖြစ်၊ ယင်းဉာဏ်မဖြစ်လျှင် သမ္မတ္တနိယာမသို့ မသက်ဝင်၊ ယင်းသို့ မသက်ဝင်လျှင်

ဖိုလ်ဉာဏ် (၄) ပါးကို မျက်မှောက်မပြုနိုင်၊ နိဗ္ဗာန်ကို သုခဟု အဖန်ဖန်ရှုသူအား အနုလောမိကခန္တီဉာဏ်ဖြစ်ပုံ၊ သမ္မတ္တနိယာမသို့ သက်ရောက်ပုံ၊ ဖိုလ်ဉာဏ် (၄)ပါးကို မျက်မှောက်ပြုနိုင်ပုံကို ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

– အံ၊ ၂။ ၄၀၆။ အံ၊ မြန်၊ ၂။ ၅၁၄–၅။ (အဘိ၊ က။ ၂၉၅)
– အဂ်ုတ္တရနိကာယ၊ သတ္တကနိပါတ၊ ၂–အနုသယဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နိဗ္ဗာန်ကိုသုခဟု အဖန်ဖန်ရှုလျက် သုခသညီ သုခပဋိသံဝေဒီသတတ သမိတ အဗ္ဘောကိဏ္ဏ စေတသော အဓိမုစ္စမာန ပညာယပရိယောဂါဟမာနဖြင့် နေခြင်းကြောင့် ရဟန္တာပုဂ္ဂိုလ် (၂)မျိုး, အနာဂါမ်ပုဂ္ဂိုလ် (၅)မျိုးဖြစ်နိုင်ပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊ ၃။ ၂၄၆။ အံ၊ မြန်၊ ၃။ ၂၄၅။
– အဂ်ုတ္တရနိကာယ၊ နဝကနိပါတ၊ ၁–ပဌမပဏ္ဏာသက၊
၅–သာမညဝဂ္ဂ၊ သတ္တမသုတ်။

အရှင်အာနန္ဒာထေရ် ဝံသနိုင်ငံ ကောသမ္ဗီမြို့ ဃောသိတာရုံ ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဘုရားရှင်သည် အဘယ်မျှလောက်ဖြင့် နိဗ္ဗာန်ဟု ဟောတော်မူပါသနည်းဟူသော အရှင်ဥဒါယီ၏ မေးလျှောက်ချက်အရ သမာပတ် (၈)ပါး၊ မဂ်ဉာဏ် (၄)ပါး၊ ဖိုလ်ဉာဏ် (၄)ပါး ရရှိလျှင် နိဗ္ဗာန်ဟု ဘုရားရှင် ဟောတော်မူကြောင်း အရှင်အာနန္ဒာဟောတော်မူသည်သုတ်။

❖ ❖ ❖

နိဗ္ဗာနဓာတုသုတ္တ

– ဣတိဝုတ်။ ၂၂၀–၁။ ဣတိဝုတ်၊ မြန်။ ၂၀၄–၅။ ဣတိဝုတ်၊ ၆။ ၁၅၇–၁၆၀။
- ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ ၂–ဒုကနိပါတ၊ ၂–ဒုတိယဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင်ဟောကြားတော်မူအပ်သော နိဗ္ဗာနဓာတ် (၂)မျိုးကို ရဟန္တာအရှင်မြတ်တို့ထံမှ နာယူခဲ့ရသည့်အတိုင်း ခုဇ္ဈတ္တရာက ဝံသနိုင်ငံ ကောသမ္ဗီမြို့ ဥတေနမင်းနန်းတော်၌ သာမာဝတီအမှူးရှိသော မိဖုရား (၅၀၀)တို့အား ပြည့်ပြည့်စုံစုံ ဟောသည်သုတ်။

♦ အဋ္ဌကထာ၌ ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

နိဗ္ဗာနဝဂ္ဂသုတ္တ

– သံ၊ ၂။ ၄၄ရ။ သံ၊ မြန်၊ ၂။ ၄၄၃။ သံ၊ ဋ္ဌ၊ ၃။ ၁၂ရ။ သံ၊ ဋီ၊ ၂။ ၃၆၆–၃၆ရ။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၄–ဇမ္ဗုခါဒကသံယုတ္တ၊ ပဌမသုတ်။

အရှင်သာရိပုတ္တရာထေရ် မဂဓနိုင်ငံ နာဠကဂ္ဂာ၌ သီတင်းသုံးနေတော်မူစဉ် ဇမ္ဗုခါဒကပရိဗိုဇ်၏ မေးလျှောက်ချက်အရ နိဗ္ဗာန်နှင့်နိဗ္ဗာနသစ္စာကိရိယာပဋိပဒါကို ဖြေကြားတော်မူသည့်သုတ်။

♦ အဋ္ဌကထာ,ဋီကာတို့၌ နိဗ္ဗာန်နှင့်ဆက်စပ်သော ဆွေးနွေးချက်များကို ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

နိဗ္ဗာနပဋိသံယုတ္တသုတ္တ (၄)

– ဥဒါန။ ၁ရရ။ ဥဒါန၊ မြန်။ ၁၆၀–၁။ ဥဒါန၊ ဋ္ဌ။ ၃၅၁–၅။
– ဥဒါန။ ၁ရရ–၈။ ဥဒါန၊ မြန်။ ၁၆၁။ ဥဒါန၊ ဋ္ဌ။ ၃၅၅–၆။
– ဥဒါန။ ၁ရ၈။ ဥဒါန၊ မြန်။ ၁၆၁–၂။ ဥဒါန၊ ဋ္ဌ။ ၃၅၆–၉။
– ဥဒါန။ ၁ရ၈–၉။ ဥဒါန၊ မြန်။ ၁၆၂။ ဥဒါန၊ ဋ္ဌ။ ၃၅၉–၃၆၀။
– ခုဒ္ဒကနိကာယ။ ဥဒါန။ ၈–ပါဋ္ဌလိဂါမိယဝဂ္ဂ၊ ပဌမ,ဒုတိယ,တတိယ, စတုတ္ထသုတ်များ

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့အား နိဗ္ဗာပဋိသံယုတ္တဓမ္မကထာကို ဟောကြားတော်မူသည်ကို လေးမြတ်ရိုသေစွာ စိတ်ဝင်စားစွာဖြင့် နာယူမှုကို အကြောင်းပြု၍ နိဗ္ဗာန်၏ သဘာဝဓမ္မတို့ကို တစ်မျိုးစီတစ်မျိုးစီထုတ်ဖော်၍ ဥဒါနကထာ မိန့်တော်မူသည့်သုတ်များ။

♦ အဋ္ဌကထာ၌ သုတ်တိုင်းသုတ်တိုင်း မှတ်သားဖွယ် အကျယ်ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နိဒ္ဒာနသင်္ဂါယပဋိပဒါသုတ္တာ

– သံ၊ ၂။ ၃၄၈။ သံ၊ မြန်၊ ၂။ ၃၄၂–၃။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ။
(၁၅) ၅–နဝပုရာဏဝဂ္ဂ၊ ပဉ္စမသုတ်။

ဘုရားရှင် သက္ကနိုင်ငံ ဒေဝဒဟနိဂုံးဌ် သီတင်းသုံးတော်မူစဉ် နိဒ္ဒာနသင်္ဂါယ ပဋိပဒါကို ဟောတော်မူမည်ဟု မိန့်တော်မူပြီး အဇ္ဈတ္တိကာယတန (၆)ပါး၊ ဗဟိဒ္ဓါယတန (၆)ပါး၊ ဝိညာဏ် (၆)ပါး၊ သမ္ဖဿ (၆)ပါး၊ ဝေဒနာ (၆)ပါးတို့ကို တစ်ပါးစီ တစ်ပါးစီ အနတ္တလက္ခဏာသုတ် ဒေသနာတော်နည်းဖြင့် အရဟတ္တဖိုလ်အထွတ်တပ်၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နိဒ္ဒာနသုခသုတ္တာ

– အံ၊ ၃။ ၂၁၃–၅။ အံ၊ မြန်၊ ၃။ ၂၁၃–၆။ အံ၊ ဋ္ဌ၊ ၃။ ၂၇၇။
– အဂုံတ္တရနိကာယ၊ နဝကနိပါတ၊ ၁–ပဌမပဏ္ဏာသက၊
၄–မဟာဝဂ္ဂ၊ တတိယသုတ်။

အရှင်သာရိပုတ္တရာထေရ် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်ဌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာထေရ် ရဟန်းတို့အား မိန့်ကြားတော်မူသော နိဗ္ဗာန်ချမ်းသာကို ဝေဒယိတမရှိ၍ ချမ်းသာမဟုတ်ဟု လာဠုဒါယီ လျှောက်ထားချက်နှင့် ပတ်သက်၍ အရှင်သာရိပုတ္တရာထေရ်က–

– ပထမစျာန်ရရှိသောပုဂ္ဂိုလ်၏ အာဗာဓသည် ကာမသဟဂတသညာ မနသိကာရ
– ဒုတိယစျာန်ရရှိသောပုဂ္ဂိုလ်၏ အာဗာဓသည် ဝိတက္ကသဟဂတသညာ မနသိကာရ
– တတိယစျာန်ရရှိသောပုဂ္ဂိုလ်၏ အာဗာဓသည် ပီတိသဟဂတသညာ မနသိကာရ
– စတုတ္ထစျာန်ရရှိသောပုဂ္ဂိုလ်၏ အာဗာဓသည် ဥပေက္ခာသဟဂတသညာ မနသိကာရ
– အာကာသာနဉ္စာယတနစျာန်ရရှိသောပုဂ္ဂိုလ်၏ အာဗာဓသည် ရူပသဟဂတ သညာမနသိကာရ၊
– ဝိညာနဉ္စာယတနစျာန်ရရှိသောပုဂ္ဂိုလ်၏ အာဗာဓသည် အာကာသာနဉ္စာယတန

သဟဂတသညာမနသိကာရ၊
– အာကိဉ္စညာယတနစျာန်ရရှိသောပုဂ္ဂိုလ်၏ အာဘာဝသည် ဝိညာနဉ္စာယတန သဟဂတသညာမနသိကာရ၊
– နေဝသညာနာသညာယတနစျာန်ရရှိသောပုဂ္ဂိုလ်၏ အာဘာဝသည် အာကိဉ္စညာယတန သဟဂတသညာမနသိကာရ၊

အာဘာဝအားလုံးကို ဘုရားရှင်က ဒုက္ခဟု ဟောတော်မူကြောင်း အာဘာဝမရှိရာဖြစ်သော သညာဝေဒယိတနိရောဓပညာဖြင့် အာသဝတို့ ကုန်ခမ်းပုံ ဤအကြောင်းကြောင့် နိဗ္ဗာန်သည်သုခဖြစ်ပုံကို ရဟန်းတို့အား အရှင်သာရိပုတ္တရာ ဟောတော်မူသည်သုတ်။

❖ ❖ ❖

နိဗ္ဗိဒါသုတ္တ (၃)

– သံ၊ ၃။ ၇၅။ သံ၊ မြန်၊ ၃။ ၇၉။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၂–ဗောဇ္ဈင်သံယုတ္တ၊
၃–ဥဒါယိဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် ဗောဇ္ဈင် (၇)ပါးကို ဘာဝိတ ဗဟုလီကတဖြစ်အောင် ပွားများလျှင် ဇောန္တနိဗ္ဗိဒ၊ နိရောဓ၊ ဥပသမ၊ အဘိညာ၊ သမ္ဗောဓ၊ နိဗ္ဗာန်အကျိုးငှါ ဖြစ်ကုန်၏–ဟု ဗောဇ္ဈင်တစ်ပါးစီ တစ်ပါးစီ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– သံ၊ ၃။ ၂၂၃။ သံ၊ မြန်၊ ၃။ ၂၂၅။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၇–ဣဒ္ဓိပါဒသံယုတ္တ၊
၁–စာပါလဝဂ္ဂ၊ စတုတ္ထသုတ်။

ဣဒ္ဓိပါဒ်လေးပါးကို အထက်သုတ်အတိုင်းပွားလျှင် ဇောန္တနိဗ္ဗိဒ၊ နိရောဓ၊ ဥပသမ၊ အဘိညာ၊ သမ္ဗောဓ၊ နိဗ္ဗာန်အကျိုးငှါ ဖြစ်ကုန်၏ဟု ဣဒ္ဓိပါဒ်တစ်ပါးစီ တစ်ပါးစီကို ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

– အံ၊ ၂။ ၇၃။ အံ၊ မြန်၊ ၂။ ၈၉။
– အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ၂–ဒုတိယပဏ္ဏာသက၊ (၇) ၂–သညာ ဝဂ္ဂ၊ နဝမသုတ်။

''ကာယေ အသုဘာနုပဿီ၊ အာဟာရေပဋိကူလသညာ၊ သဗ္ဗလောကေ အနဘိရတသညီ၊ သဗ္ဗသင်္ခါရေသု အနိစ္စာနုပဿီ၊ အဇ္ဈတ္တံ မရဏသညာ သူပဋ္ဌိတာ'' ဟူသော တရားငါးမျိုးကို အထက်သုတ်အတိုင်း ပွားများလျှင် ''ဂေဟနိဿိတ၊ နိရောဓ၊ ဥပသမ၊ အဘိညာ၊ သမ္မောဓ၊ နိဗ္ဗာန်အကျိုးငှါ ဖြစ်ကုန်၏''ဟု ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည့်သုတ်။

❖ ❖ ❖

နိဗ္ဗိဒါဓဟူလသုတ္တ

- သံ၊ ၂။ ၁၄၇။ သံ၊ မြန်၊ ၂။ ၁၃၈-၉။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁-ခန္ဓသံယုတ္တ၊ (၁၄) ၄- ကုက္ကုလဝဂ္ဂ၊ ဂေါဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရူပကွန္ဒာ၌ မျှားစွာသော နိဗ္ဗိဒါဉာဏ်ဖြင့် ရှုနေသောရဟန်းသည် ရူပကွန္ဒာကို ပိုင်းခြားရှုသိ၏။ ယင်းသို့သိလျှင် ရူပကွန္ဒာမှလွတ်၏။ ဇာတိ ဇရာ မရဏာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့မှ ဆင်းရဲအစုမှ လွတ်မြောက်၏ဟု သဒ္ဓါပဗ္ဗဇိတ ရဟန်းတော်အား သင့်လျော်သောတရားပေတည်းဟု ခန္ဓာတစ်ပါးစီ တစ်ပါးစီ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

နိဗ္ဗုတာသုတ္တ

- အံ၊ ၁။ ၁၅၈-၉။ အံ၊ မြန်၊ ၁။ ၁၇၇-၈။ အံ၊ ဌ၊ ၂။ ၁၄၁။ အံ၊ ဋီ၊ ၂။ ၁၂၈။
- အဂုံတ္တရနိကာယ၊ တိကနိပါတ၊ ၂-ဒုတိယပဏ္ဏာသက၊ (၆) ၁-ပြဟ္မဏဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဇာဏုဿောဏိပုဏ္ဏား၏ မေးလျှောက်ချက်အရ သန္ဒိဋ္ဌိက၊ အကာလိက၊ ဧဟိပဿိက၊ ဩပနေယျိက၊ ပစ္စတ္တံဝေဒိတဗ္ဗဝိညူဟိ ဖြစ်သော နိဗ္ဗာန ဖြစ်ပုံကို ဘုရားရှင်ဟောတော်မူသည့်သုတ်။

♦ အဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက် အနည်းငယ်ရှိပါသည်။

❖ ❖ ❖

နိဗ္ဗေဓေဘာဂိယသုတ္တ

- သံ၊ ၃။ ၇၈-၉။ သံ၊ မြန်၊ ၃။ ၈၃။ သံ၊ ဌ၊ ၃။ ၁၈၇။ သံ၊ ဋီ၊ ၂။ ၄၂၆။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၂-ဗောဇ္ဈင်သံယုတ္တ၊
  ၃-ဥဒါယိဝဂ္ဂ၊ အဋ္ဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဗောဇ္ဈင်ခုနှစ်ပါးတို့တွင် တစ်ပါးစီ တစ်ပါးစီကို ဝိဝေကနိဿိတ၊ ဝိရာဂနိဿိတ၊ နိရောဓနိဿိတ၊ ဝေါဿဂ္ဂပရိဏာမီ၊ ဝိပုလ၊ မဟဂ္ဂတ၊ အပ္ပမာဏ၊ အဗျာပဇ္ဇဖြစ်အောင်ပွားများလျှင် မဖောက်ထွင်းအပ်ဘူး၊ မခွဲဖျက်အပ်ဘူးသော လောဘတုံး၊ ဒေါသတုံး၊ မောဟတုံးတို့ကို ဖောက်ခွဲနိုင်၏၊ ခွဲဖျက်နိုင်၏ဟု နိဗ္ဗေဓဘာဂိယမဂ္ဂဒေသနာတော်ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့် သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

နိဗ္ဗေဓိကသုတ္တ

- အံ၊ ၂။ ၃၅၈-၃၆၄။ အံ၊ မြန်၊ ၂။ ၄၅၁-၈။ အံ၊ ဌ၊ ၃။ ၁၃၅-၆။
  အံ၊ ဋီ၊ ၃။ ၁၃၈-၁၄၀။
- အဂ္ဂုတ္တရနိကာယ၊ ဆက္ကနိပါတ၊ ၂-ဒုတိယပဏ္ဏာသက၊ ၆-မဟာဝဂ္ဂ၊ နဝမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကာမ၊ ဝေဒနာ၊ သညာ၊ အာသဝ၊ ကမ္မ၊ ဒုက္ခဟူသော နိဗ္ဗေဓိကပရိယာယ (၆)ပါးတို့ကို ဥဒ္ဒေသ၊ နိဒ္ဒေသအစဉ်အားဖြင့် အကျယ်ဝေဖန်၍ ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

နိဗ္ဗေဓိကပညာသုတ္တ

- သံ၊ ၃။ ၃၆၁-၂။ သံ၊ မြန်၊ ၃။ ၃၆၇။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၁-သောတာပတ္တိသံယုတ္တ၊

၇–မဟာပညာဝဂ္ဂ၊ တေရသမသုတ္တ။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူစဉ် သပ္ပုရိသသံသေဝ၊ သဒ္ဓမ္မသဝန၊ ယောနိသော မနသိကာရ၊ ဓမ္မာနုဓမ္မ ပဋိပတ္တိဟူသော တရားလေးပါးကို ပွားများ ကြိမ်ဖန်များစွာ အလေ့အလာပြုလျှင် နိဗ္ဗေဓိကပညတာ အကျိုးငါးဖြစ်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နိဒါနသုတ္တ

– အံ၊ ၁။ ၂၅၈–၂၆၀။ အံ၊ မြန်၊ ၁။ ၂၇၇–၈။ အံ၊ ဌ၊ ၂။ ၂၂၈–၉။ အံ၊ ဋီ၊ ၂။ ၂၀၁။
– အဂ္ဂုတ္တရနိကာယ၊ တိကနိပါတ၊ ၂–ဒုတိယပဏ္ဏာသက၊ (၁၀) ၅–လောဏကပလ္လဝဂ္ဂ၊ ကောဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူစဉ် သမထ၊ ဝိပဿနာဟူသော အဓိစိတ္တကို အားထုတ်နေသောယောဂီ ရဟန်းတော်သည် ကောသဇ္ဇကို ကျော်လွန်အောင် ရုံဖန်ရုံခါ သမာဓိနိမိတ်ကို၊ ဥဒ္ဓစ္စ ကိုကျော်လွန်အောင် ရုံဖန်ရုံခါ ပဂ္ဂဟနိမိတ်ကို၊ အရဟတ္တဖိုလ်အကျိုးငှါ ရုံဖန်ရုံခါ ဥပေက္ခာနိမိတ်ကို နှလုံးသွင်းရမည်ဟု ရှေပန်းထိမ်ဆရာ၊တပည့်တို့ ရှေမိုက်ထုတ်သော ဥပမာဖြင့် ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

နိမောက္ခသုတ္တ

– သံ၊ ၁။ ၂။ သံ၊ မြန်၊ ၁။ ၂။ သံ၊ ဌ၊ ၁။ ၁၉–၂၀။ သံ၊ ဋီ၊ ၁။ ၆၁–၃။
– သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တ၊ ၁–ဒေဝတာသံယုတ္တ၊ ၁–နဠဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် အညတရနတ်သားတ၏ မေးလျှောက်ချက်အရ သတ္တဝါတို့၏ နိမောက္ခ၊

ပမောက္ခ၊ ဝိဝေကတို့ကို သိတော်မူပုံအကြောင်းကို ဘုရားရှင် ဖြေကြားတော်မူသည့် သုတ်။ ဗုဒ္ဓသီဟနာဒသုတ်။

♦ အဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

နိရယသုတ္တ (၅)

– အံ၊ ၁။ ၃၈၂။ အံ၊ မြန်၊ ၁။ ၃၉၇။
– အဂ်ုတ္တရနိကာယ၊ စတုက္ကနိပါတ၊ ၂–ဒုတိယပဏ္ဏာသက၊
(၇) ၂–ပတ္တကမ္မဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ပါဏာတိပါတီ၊ အဒိန္နာဒါယီ၊ ကာမေသုမိစ္ဆာစာရီ၊ မုသာဝါဒီဟူသော တရားလေးမျိုးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် သေလွန်သည့်အခါ ငရဲသို့ရောက်လိမ့်မည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

– အံ၊ ၂။ ၁၅၀–၁။ အံ၊ မြန်၊ ၂။ ၁၉၀။
– အဂ်ုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ၃–တတိယပဏ္ဏာသက၊
(၁၅) ၅–တိကဏ္ဍကီဝဂ္ဂ၊ ပဉ္စမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ငါးပါးသီလ မမြဲသူ,မြဲသူတို့၏ လားရောက်ရမည့် ဂတိကို ကဏ္ဍပက္ခ, သုက္ကပက္ခခွဲ၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

– အံ၊ ၂။ ၁၇၉။ အံ၊ မြန်၊ ၂။ ၂၂၈–၉။
– အဂ်ုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ၄–စတုတ္ထပဏ္ဏာသက၊
(၁၈) ၃–ဥပါသကဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ငါးပါးသီလ မမြဲသောဥပါသကာသည် သေလျှင် ငရဲသို့ရောက်မည်၊ ငါးပါးသီလမြဲသော ဥပါသကာသည် ကွယ်လွန်လျှင် နတ်ပြည်သို့ ရောက်ရမည်ဟု

(၃၁၄) တိပိဋကသုတ္တသူစိ ဝိဘာဝိနီ

ကဏ္ဍပက္ခ, သုက္ကပက္ခအားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

- အံ၊ ၂။ ၃ရရ။ အံ၊ မြန်၊ ၂။ ၄ရ၅–၆။
- အဂ်ုတ္တရနိကာယ၊ ဆက္ကနိပါတ၊ ၂–ဒုတိယပဏ္ဏာသက၊
  ၈–အရဟတ္တဝဂ်၊ သတ္တမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သုရာမေရယမှတစ်ပါး ငါးပါးသီလ ရှေ့သိက္ခာပုဒ် လေးပါးပျက်စီးသူနှင့် ပါပိစ္ဆာ, မိစ္ဆာဒိဋ္ဌိတရား ခြောက်ပါးနှင့်ပြည့်စုံသူ ကွယ်လွန်လျှင် ငရဲသို့ရောက်လိမ့်မည့်, ယင်းသိက္ခာပုဒ်သီလလေးပါး စောင့်ထိန်းသူနှင့် အပ္ပိစ္ဆ, သမ္မာဒိဋ္ဌိဟူသော တရား ခြောက်ပါးနှင့် ပြည့်စုံသူကွယ်လွန်လျှင် နတ်ပြည်သို့ရောက်လိမ့်မည်ဟု ကဏ္ဍပက္ခ, သုက္ကပက္ခအားဖြင့် ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည့်သုတ်။

- အံ၊ ၂။ ၃ရရ။ အံ၊ မြန်၊ ၂။ ၄ရ၆။
- အဂ်ုတ္တရနိကာယ၊ ဆက္ကနိပါတ၊ ၂–ဒုတိယပဏ္ဏာသက၊
  ၈–အရဟတ္တဝဂ်၊ အဋ္ဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ငါးပါးသီလ ရှေ့ပိုင်းသိက္ခာပုဒ် လေးမျိုးမစောင့်ထိန်းသူနှင့် လုဒ္ဓ, ပဂဇ္ဈဟူသော တရားခြောက်ပါးနှင့်ပြည့်စုံသူ သေလျှင်ငရဲ၌ဖြစ်မည်၊ ယင်းသိက္ခာပုဒ်လေးပါးကို စောင့်ထိန်းသူနှင့် အလုဒ္ဓ, အပဂဇ္ဈဟူသော တရားခြောက်ပါးနှင့်ပြည့်စုံသူ ကွယ်လွန်လျှင် နတ်ပြည်၌ ဖြစ်လိမ့်မည်ဟု ကဏ္ဍပက္ခ, သုက္ကပက္ခအားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

နိရယဒေဝနိရယာဒိသုတ္တ (၃)

- သံ၊ ၃။ ၄၁၃။ သံ၊ မြန်၊ ၃။ ၄၂၀။
- သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂–သစ္စသံယုတ္တ၊
  ၁၁–ပဋ္ဌဂတိ ပေယျာလဝဂ်၊ သောဋ္ဌသမ, သတ္တရသမ, အဋ္ဌာရသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ငါဘုရား၏ လက်သည်းခွံပေါ်၌ တည်ရှိသော မြေမှုံ့အနည်းငယ်ကဲ့သို့

(၁) ငရဲမှစုတေ၍ နတ်ပြည်၌ဖြစ်သောပုဂ္ဂိုလ်–
(၂) ငရဲဘဝမှစုတေ၍ တိရစ္ဆာန်မျိုး၌ ဖြစ်သောပုဂ္ဂိုလ်
(၃) ငရဲဘဝမှစုတေ၍ ပြိတ္တာဘုံ၌ဖြစ်သောပုဂ္ဂိုလ် နည်းလှကုန်၏။ ငရဲဘဝမှစုတေ၍ ငရဲဘဝ၌ ပြန်ဖြစ်သောပုဂ္ဂိုလ်တို့သည်သာ မြေကြီးပေါ်၌တည်ရှိသော မြေမှုံ့တို့ပမာ အလွန်များလှကုန်၏–ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သတ်။

❖ ❖ ❖

နိရယမနုဿနိရယာဒိသုတ္တ (၃)

– သံ၊ ၃။ ၄၁၃။ သံ၊ မြန်၊ ၃။ ၄၂၀။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁၂–သစ္စသံယုတ္တ၊ ၁၁–ပဋ္ဌဂတိ ပေယျာလဝဂ္ဂ၊ တေရသမ,စုဒ္ဒသမ,ပန္နရသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ငရဲမှစုတေ၍–

(က) လူဘုံ၌ဖြစ်သောပုဂ္ဂိုလ်၊
(ခ) တိရစ္ဆာန်ဘဝ၌ဖြစ်သောပုဂ္ဂိုလ်၊
(ဂ) ပြိတ္တာဘဝ၌ဖြစ်သောပုဂ္ဂိုလ်တို့သည် ငါဘုရား၏ လက်သည်းခွံပေါ်၌ရှိသော မြေမှုံ့ပမာ အလွန်နည်းကုန်၏။ ငရဲဘဝမှစုတေ၍ ငရဲဘဝ၌ပြန်၍ဖြစ် သောပုဂ္ဂိုလ်တို့သည် မြေကြီးပေါ်၌တည်ရှိသော မြေမှုံ့များပမာ အလွန်များလှကုန်၏ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သတ်။

❖ ❖ ❖

နိရယာသဂ္ဂသုတ္တ (၂)

– အံ၊ ၃။ ၄၉၀–၂။ အံ၊ မြန်၊ ၃။ ၄၈၀–၂။
– အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ (၂၁) ၁– ကရဇကာယဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဒုစရိုက်ဆယ်ပါးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ကွယ်လွန်သည့်အခါ ငရဲ၌ဖြစ်ရမည်၊ သုစရိုက်ဆယ်ပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ကွယ်လွန်သည့်အခါ

နတ်ပြည်၌ ဖြစ်ရမည်ဟု ဒုစရိုက်,သုစရိုက်တို့၏ သဘာဝအကျယ်ကို ကဏ္ဍပက္ခ, သုက္ကပက္ခအားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

- အံ၊ ၃။ ၄၉၂-၃။ အံ၊ မြန်၊ ၃။ ၄၈၂-၃။-အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ (၂၁) ၁-ကရဇကာယဝဂ္ဂ၊ ဒုတိယသုတ်။

အထက်သုတ်တော်အတိုင်း ဒုစရိုက်ဆယ်ပါး, သုစရိုက်ဆယ်ပါးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့ ကွယ်လွန်သည့်အခါ ရောက်ရှိမည့်ဘဝအသီးသီးကို ရဟန်းတော်တို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နိဂုံးမိသသုတ္တ

- သံ၊ ၃။ ၄၃၃-၅။ သံ၊ မြန်၊ ၃။ ၄၂၈-၄၃၁။ သံ၊ ဋ္ဌ၊ ၃။ ၁၂၄။ သံ၊ ဋီ။ ၂။ ၃၆၂-၃။
- သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂ၊ ၂-ဝေဒနာသံယုတ္တ၊ ၃- အဋ္ဌသတ ပရိယာယဝဂ္ဂ၊ ကောဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် (က)ပိတိသုံးမျိုး၊ (ခ) သုခသုံးမျိုး၊ (ဂ) ဥပေက္ခာသုံးမျိုး၊ (ဃ) ဝိမောက္ခသုံးမျိုးတို့ကို ဥဒ္ဒေသ, နိဒ္ဒေသအားဖြင့် အကျယ်ဝေဖန်၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နိဂုံးတိပဏ္ဍိတသုတ္တ

- သံ၊ ၂။ ၅၉-၆၀။ သံ၊ မြန်၊ ၂။ ၅၇-၈။ သံ၊ ဋ္ဌ၊ ၂။ ၂၅၇-၈။ သံ၊ ဋီ၊ ၂။ ၂၂၇-၉။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၁- ခန္ဓသံယုတ္တ၊ (၆) ၁-ပယဝဂ္ဂ။ ဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်သုံး

တော်မူစဉ် ပညာရှိ သမဏဗြာဟ္မဏတို့သည် မတားမြစ်အပ်, မစွန့် အပ်သော ခန္ဓာငါးပါးနှင့် ဆက်စပ်နေသော 'အဟောသိ' 'ဘဝိဿတိ' 'အတ္ထိ' ဟူသော သဒ္ဒါ, အမည်,ပညတ်တို့ကို ရှေးကလည်း မစွန့်အပ်, ယခုလည်း စွန့်ဆဲမဟုတ်, နောင်လည်းစွန့်လတ္တံ့ မဟုတ်ပုံကို ခန္ဓာတစ်ပါးစီ တစ်ပါးစီ ရှင်းလင်း၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

အဟေတုကဝါဒ,အကိရိယဝါဒ,နတ္ထိကဝါဒတို့ကို တိထွင်ခဲ့သော ဥက္ကလာ ဇနပုဒ်သား ဝဿနှင့် ဘညတို့လည်း ကဲ့ရဲ့,ပုတ်ခတ်,ပြစ်တင်, စွပ်စွဲမည်ကို ကြောက်သောကြောင့် ကဲ့ရဲ့ဖွယ်,တားမြစ်ဖွယ်ဟု မထင်ခဲ့ပုံကိုလည်း ဟောတော်မူပါသည်။

♦ အဌကထာ,ဋီကာတို့၌ ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

နိရောဓသုတ္တ (၄)

– သံ၊ ၃။ ၁၁၇–၈။ သံ၊ မြန်၊ ၃။ ၁၂၂–၃။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၂–ဗောဇ္ဈင်သံယုတ္တ၊
၈– နိရောဓဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူစဉ် ဗောဇ္ဈင်တစ်ပါးစီ တစ်ပါးစီကို နိရောဓသညာနှင့်တကွ ဝိဝေကနိဿိတ, ဝိရာဂနိဿိတ, နိရောဓနိဿိတ,ဝေါဿဂ္ဂပရိဏာမီ ဖြစ်အောင်ပွားများလျှင် ကြိမ်ဖန်များစွာ အလေ့အလာပြုလျှင် မဟပ္ဖလ မဟာနိသံသဖြစ်ပုံ အကျယ်ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။
– အံ၊ ၂။ ၁၆၈–၁၇၂။ အံ၊ မြန်၊ ၂။ ၂၁၄–၈။ အံ၊ ဌ၊ ၃။ ၅၈–၉၊
အံ၊ ဋီ၊ ၃။ ၅၂။
– အဂ္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ၄–စတုတ္ထပဏ္ဏာသက၊
(၁၇) ၂– အာယာတဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူစဉ် သညာဝေဒယိတ နိရောဓသမာပတ္တိကထာနှင့် ဆက်စပ်၍ ရဟန်းတို့အား အရှင်သာရိပုတ္တရာ၏ မိန့်ကြားချက်ကို ဘုရားရှင်၏ မျက်ကွယ်၌ သုံးကြိမ်, မျက်

မှောက်သုံးကြိမ် ကန့်ကွက်ပြောဆိုသော လာဠုဒါယီကို ဘုရားရှင် ငေါက်ငမ်းတော်မူပြီး၊ မထေရ်ကြီးအား ညှင်းဆဲနှိပ်စက်သည် လျစ်လျူရှုနေသော အရှင်အာနန္ဒာနှင့် ရဟန်းများကို ကဲ့ရဲ့တော်မူ၍ အရှင်သာရိပုတ္တရာထေရ်၏ မိန့်ကြားချက်ကို အတည်ပြု မိန့်ကြားတော်မူသည်။

ထိုအကြောင်းအရာနှင့် ပတ်သက်၍ ဘုရားရှင်၏ မိန့်ကြားတော်မူချက်အရ အရှင်ဥပဝါဏထေရ်က သီတင်းသုံးဖော်တို့ ပိယ,မနာပ,ဂရု,ဘာဝနီယ ဖြစ်သောထေရ်ကြီး၏ အရည်အချင်း (၅)မျိုးတို့ကို လျှောက်ထားရာ ဘုရားရှင်က သာဓုခေါ် အနုမောဒနာပြုတော်မူပြီး ဤအရည်အချင်းများနှင့်ပြည့်စုံသော မထေရ်ကြီးကိုသာ သီတင်းသုံးဖော်တို့ အလေးအမြတ်ပြုကြပုံ၊ အသက်အရွယ်ကြီးရုံမျှဖြင့် အလေးအမြတ် မပြုပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

- အံ၊ ၃။ ၂၄၉။ အံ၊ မြန်၊ ၃၊ ၂၄၈၊
- အဂ္ဂတ္တရနိကာယ၊ နဝကနိပါတ၊ ၂–ဒုတိယပဏ္ဏာသက၊
(၆) ၁–ခေမဝဂ္ဂ၊ နဝမသုတ်။

အရှင်အာနန္ဒာနှင့် အရှင်ကာဠုဒါယီထေရ်တို့ ဝံသနိုင်ငံ ကောသမ္မိမြို့ ဃောသိတာရုံကျောင်းတော်၌ သီတင်းသုံးနေကြစဉ် နိရောဓနှင့်ဆက်စပ်၍ အရှင်ကာဠုဒါယီထေရ်က မေးလျှောက်သဖြင့် သမာပတ်(၈)ပါးနှင့် အရဟတ္တဖိုလ်တရားတို့၏ အစဉ်အတိုင်း နိရောဓဖြစ်ပုံကို အရှင်အာနန္ဒာထေရ် ဖြေဆိုတော်မူသည့်သုတ်။

နိရောဓမွေသုတ္တ (၃)

- သံ၊ ၂။ ၁၆၁။ သံ၊ မြန်၊ ၂။ ၁၅၄။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၂–ရာဓသံယုတ္တ၊ ၂–ဒုတိယဝဂ္ဂ၊ ဒွါဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်ရာဓမထေရ်၏ မေးလျှောက်ချက်အရ ခန္ဓာတစ် ပါးစီ တစ်ပါးစီသည် 'နိရောဓမွေ' ဖြစ်ပုံ၊ ဤသို့ သိမြင်သော အရိယာသာဝက သည် ထိုခန္ဓာ၌ ငြီးငွေ့၏ အစရှိသည်ဖြင့် အရဟတ္တဖိုလ်ဆိုက်သည်တိုင်အောင် အကျယ်ဝေ ဖန်၍ ဘုရားရှင် ဖြေကြားတော်မူသည့်သုတ်။

- သံ၊ ၂။ ၁၆၃။ သံ၊ မြန်၊ ၂။ ၁၅၅။
- သံယုတ္တနိကာယ၊ ၃–အာယာစနဝဂ္ဂ၊ ဒွါဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာ၀တ္ထိမြို့ ဇေတ၀နကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်ရာဓ၀ေထရ် ပဋိပတ်လုပ်ငန်းအားထုတ်ရန် အလုပ် ပေးတရားတော်ကို ဟောတော်မူပါရန် လျှောက်ထားချက်အရ နိရောဓ၀မ္မ ဖြစ်သော ခန္ဓာတစ်ပါးစီ တစ်ပါးစီ၌ ဆန္ဒ, ရာဂ, ဆန္ဒရာဂကို ပယ်ရမည်ဟု အသီးအသီး အရှင်ရာဓ၀ေထရ်အား ဘုရားရှင် ဟောတော်မူသည်သုတ်။

- သံ၊ ၂။ ၁၆၄။ သံ၊ မြန်၊ ၂။ ၁၆၅။
- သံယုတ္တနိကာယ၊ ခန္ဓ၀ဂ္ဂသံယုတ္တ၊ ၂–ရာ၀သံယုတ္တ၊ ၄– ဥပနိသိန္နဝဂ္ဂ၊ ဒွါဒသမသုတ်။

အရှင်ရာဓ၀ေထရ်အား အထက်သုတ်အတိုင်း ခန္ဓာငါးပါး၌ ဆန္ဒရာဂကို ပယ်ရန် ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နိရောဓသမာပတ္တိသုတ္တ

- သံ၊ ၂။ ၁၉၉–၂၀၀။ သံ၊ မြန်၊ ၂။ ၁၉၀။
- သံယုတ္တနိကာယ၊ ခန္ဓ၀ဂ္ဂသံယုတ္တ၊ ၇–သာရိပုတ္တသံယုတ္တ၊ နဝမသုတ်။

အရှင်သာရိပုတ္တရာထေရ် ကောသလနိုင်ငံ သာ၀တ္ထိမြို့တော်အနီး အန္ဓ၀နတောအုပ်၌ နေသန့်နေတော်မူစဉ် အရှင်အာနန္ဒာထေရ်၏ မေးလျှောက်ချက်အရ သညာ၀ေဒယိတ နိရောဓသမာပတ် ၀င်စားရှိနေပုံ ၊ 'ထိုသမာပတ်ကို' ငါ၀င်စားနေ၏ ၊ ၀င်စားနေပြီ၊ ထိုသမာပတ်မှ ငါထ၏'ဟု တဏှာ,ဒိट्ठि မရှိတော့ပုံကို အရှင်အာနန္ဒထေရ်အား အရှင်သာရိပုတ္တရာ ဟောတော်မူသည်သုတ်။

❖ ❖ ❖

နိဝါပသုတ္တ

- မ၊ ၁။ ၂၀၅–၂၁၅။ မ၊ မြန်၊ ၁။ ၂၁၂–၂၂၂။ မ၊ ဋ္ဌ၊ ၂။ ၆၅–၉။ မ၊ ဋီ၊ ၂။ ၁၂၁–၄။
- မဇ္ဈိမနိကာယ ၊ မူလပဏ္ဏာသ၊ ၃– သြပမ္မ၀ဂ္ဂ၊ ပဉ္စမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မာရ်နတ်ကို မုဆိုး, မာရ်နတ်၏ ပရိသတ်ကို မုဆိုး၏ ပရိသတ် ကာမဂုဏ် (၅)ပါးကို မြက်ခင်း, သားသမင်များကို သမဏဗြာဟ္မဏ–ဟု ဥပမာန, ဥပမေယျ အနေအားဖြင့် ဟောတော်မူပါသည်။

ပထမသမင်အုပ်စုဖြင့် သပုတ္တဘရိယ ပဗ္ဗဇိသမဏ, ဗြာဟ္မဏတို့ကို ဟောတော်မူပါသည်။ တဏှာဖြင့် တွေဝေခြင်း, မာနဖြင့် ယစ်မူးခြင်း, ပမာဒဖြင့် သတိလက်လွတ်ဖြစ်ခြင်းတို့ကို ဟောတော်မူပါသည်။

ဒုတိယသမင်အုပ်စုဖြင့် ဗြာဟ္မဏဓမ္မိက ပဗ္ဗဇိ သမဏ ဗြာဟ္မဏတို့ကို ဟောတော်မူပါသည်။

တတိယသမင်အုပ်စုဖြင့် မိစ္ဆာအယူရှိသော သမဏ ဗြာဟ္မဏတို့ကို ဟောတော်မူပါသည်။

စတုတ္ထသမင်အုပ်စုဖြင့် ဤသာသနာတော်ရှိ သမဏဗြာဟ္မဏတို့ကို ဟောတော်မူပါသည်။

သမာပတ်ကိုးပါး, အရဟတ္တဖိုလ်တို့ကို ရရှိအောင် အားထုတ်မှု, ရရှိပေါက်မြောက်ခြင်းတို့ဖြင့် မာရ်နတ်မျက်စိဖြင့် မမြင်နိုင်ရာဒေသကို ဟောတော်မူပါသည်။

◆ အဌကထာ,ဋီကာတို့၌ မှတ်သားသိမှတ်ဖွယ်တို့ကို ပြည့်ပြည့်စုံစုံ ဖွင့်ဆိုထားပါသည်။

❖ ❖ ❖

နိဝေသကသုတ္တ

– အံ၊ ၁။ ၂၂၃–၄။ အံ။ မြန်၊ ၁။ ၂၄၀–၁။ အံ၊ ဌ၊ ၂။ ၂၀၃–၄။
အံ၊ ဋီ။ ၂။ ၁၈၂။
– အဂုံတ္တရနိကာယ၊ တိကနိပါတ၊ ၂–ဒုတိယပဏ္ဏာသက၊
(၈) ၃– အာနန္ဒ ဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ချဉ်းကပ်ရောက်ရှိလာသော အရှင်အာနန္ဒာထေရ်အား–

(က) ဘုရားရှင်၏ ဂုဏ်တော်ကိုးပါး၌ သက်ဝင်ကြည်ညိုမှု၊ (ခ) တရားတော်

၏ဂုဏ်တော်ခြောက်ပါး၌ သက်ဝင်ကြည်ညိုမှု၊ (၇) သံဃာတော်၏ ဂုဏ်တော်ကိုးပါး၌ သက်ဝင်ကြည်ညိုမှုဟူသော အရာဌာနသုံးပါးတို့၌ သနားစောင့်ရှောက်ချီးမြှောက်ထိုက်သူ, မိမိ၏ မိန့်ဆိုညွှန်ကြားချက်ကို နာယူလိုက်နာပြုကျင့်မည် မိတ်ဆွေ, ရင်းနှီးသူ, ဆွေမျိုး, သားချင်းတို့ကို ဆောက်တည်စေရမည်၊ တည်စေရမည်၊ စွဲမြဲစွာတည်စေရမည်။ မဟာဘုတ်လေးပါးတို့သည် မိမိတို့ကိုယ်ပိုင်သဘောမှ ဖေါက်ပြန်၍ ဖြစ်နိုင်လျှင် ဖြစ်နိုင်၏ ရတနာသုံးပါး ဂုဏ်တော်များ၌ သက်ဝင်ကြည်ညိုကြသော အရိယာသာဝကများ အပါယ်လေးပါးသို့ လုံးဝမကျရောက်နိုင် အယူဝါဒ လုံးဝမပြောင်းနိုင်ဟု ဘုရားရှင် ဟောတော်မူသည်သတ်။

♦ အဌကထာ, ဋီကာတို့၌ မှတ်သားဖွယ် ဖွင့်ဆိုချက်များရှိပါသည်။

❖ ❖ ❖

နိဿယသုတ္တ (၃)

– အံ၊ ၂။ ၂၃၈။ အံ၊ မြန်၊ ၂။ ၃၀၄။ (၀၊ ၃။ ၉၀၊)
– အဂ္ဂုတ္တရနိကာယ၊ ပဋ္ဌကနိပါတ၊ (၂၆) ၆– ဥပသမ္ပဒါဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နိဿယည်းဆရာဖြစ်သော ရဟန်း၏အရည်အချင်း (ဂုဏ်အင်္ဂါ) ငါးပါးကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သတ်။

– အံ၊ ၃။ ၁၆၅–၆။ အံ၊ မြန်၊ ၃။ ၁၆၇–၈။ အံ၊ ဌ၊ ၃။ ၂၅၈။
– အဂ္ဂုတ္တရနိကာယ၊ နဝကနိပါတ၊ ၁– ပဌမပဏ္ဏာသက၊
၁– သမ္မောဒိဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အညတရရဟန်း၏ မေးလျှောက်ချက်အရ သဒ္ဓါ,ဟိရိ, သြတ္တပ္ပ, ဝီရိယ, ပညာတရားတို့ကို အမှီပြု၍ အကုသိုလ်ကို ပယ်စွန့်၏ ကုသိုလ်ကို ပွားများ၏၊ အရိယပညာဖြင့် သိမြင်၍ ပယ်အပ်ပြီးသော အကုသိုလ်ကို အကြွင်းမဲ့ ပယ်ပြီးဖြစ်ပုံ၊ ဤတရားငါးပါး၌တည်၍ ပညာဖြင့် ဆင်ခြင်၍ မှိုဝဲအပ်သည်ကို မှိုဝဲခြင်း, သည်းခံအပ်သည်ကို သည်းခံခြင်း, ရှောင်ကြဉ်အပ်သည်ကို ရှောင်ကြဉ်ခြင်း, ပယ်ဖျောက်အပ်သည်ကို ပယ်ဖျောက်ခြင်းဟူသော တရားလေးပါးတို့ကို အမှီပြု၍ နေသောရဟန်း

သည် 'နိဿယသမ္ပန္န' ဖြစ်၏ဟု ဘုရားရှင် ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ၌ ဖွင့်ဆိုချက်များ ရှိပါသည်။

– အံ၊ ၃။ ၃၁၃။ အံ၊ မြန်၊ ၃။ ၃၁၂–၃။
– အဂုံတ္တရနိကာယ၊ ဒသကနိပါတ၊ ၁ ပဌမပဏ္ဏာသက၊ ၄ ဥပါလိဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်ဥပါလိထေရ်၏ မေးလျှောက်ချက်အရ နိဿယည်းဆရာ ရဟန်း၏ အရည်းအချင်း (ဂုဏ်အင်္ဂါ) (၁၀)မျိုးတို့ကို ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နိဿရဏိယသုတ္တ

– ဣတိဝုတ်။ ၂၃၂။ ဣတိဝုတ်၊ မြန်။ ၂၂၁။ ဣတိဝုတ်၊ ၆။ ၂၀၉–၂၁၀။
– ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ ၃–တိကနိပါတ၊ ၃–တတိယဝဂ္ဂ၊ တတိယသုတ်။

(က) ကာမမှ ထွက်မြောက်ရာ နေကျွမ်းဝင်တတ်၊ (ခ) ရူပ်တရားတို့မှ ထွက်မြောက်ရာ အရူပစျာန်၊ (ဂ) သခါရတရားတို့၏ ချုပ်ရာ နိဗ္ဗာနဓာတ်–ဟူသော နိဿရဏိယဓာတ်တို့ကို ရဟန်းတော်တို့အား ဘုရားရှင် ဟောတော်မူသည်ဟု ခုဇ္ဈတ္တရာက သာမာဝတီအမှူးရှိသော မိဖုရားတို့အား ဝံသနိုင်ငံ ကောသမ္ဗီမြို့ ဥတေနမင်းနန်းတော်၌ ဟောပြသည်သုတ်။

♦ အဋ္ဌကထာ၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နိဿဘရဏိယသုတ္တ (၂)

– အံ၊ ၂။ ၂၁၄–၅။ အံ၊ မြန်၊ ၂။ ၂၆၈–၂၇၀။ အံ၊ ၆၊ ၃။ ၇၄–၅။
အံ၊ ဋီ၊ ၃။ ၇၄–၅။
– အဂုံတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ၄–စတုတ္ထပဏ္ဏာသက၊
(၂၀) ၅–ဗြာဟ္မဏဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်း

နိဿသုတ္တ

သုံးနေတော်မူစဉ်-
(၁) ကာမမှထွက်မြောက်ရာ နေကျွမ္မဓာတ်၊
(၂) ဗျာပါဒမှ ထွက်မြောက်ရာ အဗျာပါဒဓာတ်၊
(၃) ဝိဟေသာမှ ထွက်မြောက်ရာ အဝိဟေသာဓာတ်၊
(၄) ရူပ်တို့မှ ထွက်မြောက်ရာ အရူပစျာန်၊
(၅) သက္ကာယမှ ထွက်မြောက်ရာ သက္ကာနိရောဓဓာတ်တို့ ငါးမျိုးနှင့် ထွက်မြောက်ပုံတို့ကိုလည်းကောင်း၊ ထိုဓာတ်ငါးမျိုးရှိသောပုဂ္ဂိုလ်ကို ကာမနန္ဒီ, ဗျာပါဒနန္ဒီ, ဝိဟေသာနန္ဒီ, ရူပနန္ဒီ, သက္ကာယနန္ဒီတို့မကိန်း၊ ထိုပုဂ္ဂိုလ်ကို 'နိရာနုသယ၊ တဏှံ အစ္ဆေစ္ဆိ၊ သံယောဇနံ ဝိဝတ္တယိ၊ ဒုက္ခအန္တကရ'ဟု ဆိုအပ်၏ဟု ရဟန်းတို့အား ဘုရားရှင်ဟောတော်မူသည်သုတ်။

♦ အဋ္ဌကထာ,ဋီကာတို့၌ ဖွင့်ဆိုချက်များရှိပါသည်။

– အံ၊ ၂။ ၂၅၇-၉။ အံ၊ မြန်၊ ၂။ ၃၃၃-၆။ အံ၊ ဋ္ဌ၊ ၃။ ၉၅-၆။
အံ၊ ဋီ၊ ၃။ ၉၅-၆။
– အဂ်ုတ္တရနိကာယ၊ ဆက္ကနိပါတ၊ ၁-ပဌမပဏ္ဏာသက၊
၂-သာရဏီယ ဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် (၁) မေတ္တာစေတောဝိမုတ္တိ၊ (၂) ကရုဏာစေတောဝိမုတ္တိ၊ (၃) မုဒိတာစေတောဝိမုတ္တိ၊ (၄) ဥပေက္ခာစေတောဝိမုတ္တိ၊ (၅) အနိမိတ္တာစေ တောဝိမုတ္တိ၊ ဘာဝိတာ, ဗဟုလီကတာ, ယာနီကတာ, ဝတ္ထုကတာ, အနုဋ္ဌိတာ, သုသမာရद္ဓါ ဖြစ်လျှင် ဗျာပါဒ, ဝိဟေသာ, အရတိ, ရာဂ, နိမိတ္တာနုသာရိဝိညာဏ မဖြစ်တော့ပုံ၊ (၅) အသ္မိမာနသမုဂ္ဃါတဟူသော နိဿာရဏီဓာတ်(၆)ပါးကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နိဿသုတ္တ

– သံ၊ ၃။ ၅၃၊ သံ၊ မြန်၊ ၃။ ၅၅။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁-မဂ္ဂသံယုတ္တ၊ ၇-ဃနာဝဂ္ဂ၊ အဋ္ဌမသုတ်။
ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး

တော်မူစဉ် ရာဂ ဒေါသ မောဟဟူသော နိုယတရားတို့ကို ထူးသောဉာဏ်ဖြင့်သိရန်, ပိုင်းခြားရှုသိရန်, ကုန်ခမ်းစေရန်, ပယ်စွန့်ရန် အရိယ အဋ္ဌင်္ဂိကမဂ်ကို ပွားများရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နိဝရဏသုတ္တ (၃)

– သံ၊ ၃။ ၅၆၊ သံ၊ မြန်၊ ၃။ ၆၀၊
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၁–မဂ္ဂသံယုတ္တ၊ သြဃဝဂ္ဂ၊ သတ္တမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူစဉ် ကာမစ္ဆန္ဒနိဝရဏ (၅) ဝိစိကိစ္ဆာနိဝရဏဟူသော နိဝရဏတရားငါးပါးတို့ကို ထူးသောဉာဏ်ဖြင့်သိရန်, ပိုင်းခြားရှုသိရန်, ကုန်ခမ်းစေရန်, ပယ်စွန့်ရန် အဋ္ဌင်္ဂိက အရိယမဂ်ကို ပွားများရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– သံ၊ ၃။ ၈၆၊ သံ၊ မြန်၊ ၃။ ၉၁။
– သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တ၊ ၂– ဗောဇ္ဈင်သံယုတ္တ၊
  ၄–နိဝရဏဝဂ္ဂ၊ ဒသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကာမစ္ဆန္ဒအစရှိသော နိဝရဏငါးပါးတို့သည် ပညာမျက်စိ ကန်းအောင်, ပညာမျက်စိမရှိအောင်, အသိဉာဏ်ပညာမရှိအောင်, အသိဉာဏ် ပညာချုပ်ငြိမ်းရန်, ပင်ပန်းဆင်းရဲခြင်း အဖို့ရှိအောင် ပြုတတ်ကုန်၏။ (ကိလေသာမှ) ငြိမ်းအေးခြင်းငှါ မဖြစ်ကုန်, ဗောဇ္ဈင်ခုနှစ်ပါးတို့သည် ပညာမျက်စိဖြစ်အောင်, အသိဉာဏ်ပညာ ဖြစ်ပေါ်လာအောင်, အသိဉာဏ်ပညာ တိုးပွားအောင်, ပင်ပန်းဆင်းရဲခြင်း အဖို့မရှိ အောင် (ကိလေသာ) ငြိမ်းအောင်ပြုတတ်ကုန်၏ဟု အသီသီး နိဝရဏတစ်ပါးစီ, ဗောဇ္ဈင်တစ်ပါးစီတို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– အံ၊ ၃။ ၂၅၀။ အံ၊ မြန်၊ ၃။ ၂၄၉–၂၅၀။
– အဋ္ဌကနိပါတ၊ နဝကနိပါတ၊ ၂– ဒုတိယပဏ္ဏာသက၊
  (၇) ၂–သတိပဋ္ဌာနဝဂ္ဂ၊ ဒုတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး

တော်မူစဉ် ကာမစ္ဆန္ဒအစရှိသော နီဝရဏငါးပါးတို့ကို ပယ်စွန့်ရန် သတိပဋ္ဌာန်လေးပါး တို့ကို ပွားများရမည်ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

နီဝရဏပဟာနဝဂ္ဂ (၁၀-သုတ်)

- အံ၊ ၁။ ၂-၄။ အံ၊ မြန်၊ ၁။ ၃-၅။ အံ၊ ဌ၊ ၁။ ၂၂-၃၉။ အံ၊ ဋ္ဌ၊ ၁။ ၇၂- ၈၈။
- အဂုံတ္တရနိကာယ၊ ဇကကနိပါတ၊ ဒုတိယဝဂ္ဂ။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူစဉ် သုဘနိမိတ်ကို အယောနိသောမနသိကာရဖြစ်လျှင် မဖြစ်သေးသော ကာမစ္ဆန္ဒဖြစ်၏။ ဖြစ်ပြီးသော ကာမစ္ဆန္ဒတိုးပွား ပြန့်ပွားလာ၏။ အသုဘနိမိတ်ကို ယောနိသောမနသိကာရဖြစ်လျှင် မဖြစ်သော ကာမစ္ဆန္ဒမဖြစ်, ဖြစ်ပြီးသော ကာမစ္ဆန္ဒကို ပယ်နိုင်၏ အစရှိသည်ဖြင့် နီဝရဏငါးပါးဖြစ်ပွားသော တရားနှင့် နီဝရဏငါးပါးတို့ကို ပယ်နိုင်သောတရားတို့ကို ကဏ္ဍပက္ခ, သုက္ကပက္ခအားဖြင့်ခွဲ၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့် သုတ်(၁၀)သုတ်။

❖ ❖ ❖

နေဝရူပီ နာရူပီအတ္တာသုတ္တ

- သံ၊ ၂။ ၁၈၀။ သံ၊ မြန်၊ ၂။ ၁၇၂။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၃-ဒိဋ္ဌိသံယုတ္တ၊
  ၂-ဒုတိယဂမနဝဂ္ဂ၊ ဗာဝီသတိမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူစဉ် ''အတ္တသည် ရုပ်ရှိသည်မဟုတ်, ရုပ်မရှိသည်မဟုတ်, သေပြီး နောက်မြဲ၏''ဟူသော မိစ္ဆာအယူသည် ခန္ဓာငါးပါးကိုစွဲ၍ မှားမှားယွင်းယွင်း နှလုံး သွင်းခြင်းကြောင့်ဖြစ်ပုံ ခန္ဓာငါးပါးသည် အနိစ္စ, ဒုက္ခ, ဝိပရိဏာမဖြစ်ပုံကို သိမြင်လျှင် မိစ္ဆာအယူမဖြစ်တော့ပုံ၊ ဒုက္ခ(ဖြစ်သောခန္ဓာ)ရှိသော် ဒုက္ခ (ဖြစ်သော ခန္ဓာ)ကို စွဲ၍ မှားမှားယွင်းယွင်းနှလုံးသွင်းလျှင် ဒိဋ္ဌိဖြစ်ပုံကို ခန္ဓာတစ်ပါးစီ တစ်ပါးစီ၌ ရဟန်း တို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

တိပိဋကသုတ္တသူစီ ဝိဘာဝိနီ

နေဝသညာနာသညာယတနသုတ္တ

– သံ၊ ၂။ ၁၉၉။ သံ၊ မြန်၊ ၂။ ၁၉၀။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၇–သာရိပုတ္တသံယုတ္တ၊ အဋ္ဌမသုတ်။

အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာထေရ်တို့ ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်အာနန္ဒာ၏ မေးလျှောက်ချက်အရ အရှင်သာရိပုတ္တရာက နေဝသညာနာသညာယတနသမာပတ္တိ ဝိဟာရဖြင့်နေကြောင်း ထိုသမာပတ္တိဝိဟာရကို အကြောင်းပြု၍ အဟက်ာရ, မမက်ာရ, မာနာနုသယတို့ မဖြစ်ပုံကို မိန့်ကြားတော်မူပါသည်။

အရှင်အာနန္ဒာထေရ်က အရှင်သာရိပုတ္တရာထေရ်အား ထိုတရားများကို ပယ်နုတ်ပြီးခြင်းကြောင့် မဖြစ်ပုံကို လျှောက်ထားသည်သုတ်။

❖ ❖ ❖

နေဝသညာနာသညာယတနပဋ္ဌာသုတ္တ

– သံ၊ ၂။ ၄၆၁–၂။ သံ၊ မြန်၊ ၂။ ၄၅၆–ဂ။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၆–မောဂ္ဂလ္လာနသံယုတ္တ၊ အဋ္ဌမသုတ်။

အရှင်မောဂ္ဂလာန်ထေရ် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်မောဂ္ဂလ္လာန်ထေရ်က နေဝသညာနာသညာယတနသမာပတ်နှင့် ဆက်စပ်၍ အကြံဖြစ်ပုံ၊ နေဝသညာနာသညာယတနစျာန်ရရှိပုံ၊ အာကိဉ္စညာယတနနှင့်တကွဖြစ်သော သညာမနသိကာရတို့ဖြစ်လာပုံ၊ ဘုရားရှင်တန်ခိုးတော်ဖြင့် ကြွတော်မူလာပြီး မိန့်ကြားပုံ၊ အလုံးစုံသော အခြင်းအရာအားဖြင့် အာကိဉ္စညာယတနစျာန်ကို လွန်မြောက်၍ နေဝသညာနာ သညာယတနသမာပတ်ဖြင့် နေနိုင်ပုံ မြတ်စွာဘုရားရှင် ချီးမြှောက်တော်မူခြင်းကြောင့် သာဝကသည် မဟာဘိညာတာအဖြစ်သို့ ရောက်လေပြီဟု ပြောဆိုလျှင် မှန်ကန်စွာ ပြောဆိုသည် မည်ပုံကို ရဟန်းတို့အား မိန့်ကြားတော်မူသည်သုတ်။

❖ ❖ ❖

နေဝဟောတိ နှ နဟောတိသုတ္တ

- သံ၊ ၂။ ၁၇၉။ သံ၊ မြန်၊ ၂။ ၁၇၀–၁။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၃–ဒိဋ္ဌိသံယုတ္တ၊
  ၂–ဒုတိယဂမနဝဂ္ဂ၊ အဋ္ဌာရသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ခန္ဓာရှိလျှင် ခန္ဓာကိုစွဲ၍ မှားမှားယွင်းယွင်း နှလုံးသွင်းခြင်းကြောင့် ''နေဝဟောတိ နနဟောတိ''ဟူသော မိစ္ဆာအယူဖြစ်ပုံ, ခန္ဓာတစ်ပါးစီ တစ်ပါးစီကို အနိစ္စ, ဒုက္ခ, ဝိပရိဏာမဓမ္မဟု သိမြင်လျှင်ခန္ဓာကို တဏှာဒိဋ္ဌိတို့ဖြင့် မစွဲယူတော့ခြင်းကြောင့် မိစ္ဆာအယူမဖြစ်တော့ပုံ, ဒုက္ခ (ဖြစ်သောခန္ဓာ)ရှိလျှင် ဒုက္ခ (ဖြစ်သောခန္ဓာ)ကို စွဲ၍ မှားမှားယွင်းယွင်း နှလုံးသွင်းခြင်းကြောင့် ခန္ဓာတစ်ပါးစီ၌ မိစ္ဆာအယူဖြစ်ပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နေဝဟောတိ နနဟောတိ တထာဂတောသုတ္တ

- သံ၊ ၂။ ၁၇၇။ သံ၊ မြန်၊ ၂။ ၁၆၉။
- သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ ၃–ဒိဋ္ဌိသံယုတ္တ၊
  ၁–သောတာပတ္တိဝဂ္ဂ၊ အဋ္ဌာရသမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အထက်သုတ်အတိုင်း ''နေဝဟောတိ နနဟောတိ တထာဂတော ပရံမရဏာ''ဟူသော မိစ္ဆာအယူဖြစ်ပုံ, မဖြစ်တော့ပုံ, သောတာပန် အရိယာ သာဝကအား သစ္စာလေးပါးတို့၌ ယုံမှားမှု ''ကခ်ီ''ကို ပယ်ပြီးသောကြောင့် အဝိနိပါတဓမ္မ, နိယတ, သမ္မောဓိပရာယနဖြစ်ပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နေသဒ္ဓိကသုတ္တ

- အံ၊ ၂။ ၁၉၄။ အံ၊ မြန်၊ ၂။ ၂၄၇။
- အဂ္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ၄–စတုတ္ထပဏ္ဏာသက၊

(၁၉) ၄–အရည ဝဂ္ဂ၊ ဆဋ္ဌသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နေသဇ္ဇိကဓုတင်ဆောင် ပုဂ္ဂိုလ်ငါးမျိုးနှင့် ယင်းတို့တွင် အမြတ်ဆုံး နေသဇ္ဇိကဓုတင်ဆောင်ပုဂ္ဂိုလ်ကို ဂေါရသငါးမျိုးဥပမာဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နောစ မေ သိယာသုတ္တ (၂)

– သံ၊ ၂။ ၁၅၀။ သံ၊ မြန်၊ ၂။ ၁၄၁–၂။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ၊ (၁၅) ၅–ဒိဋ္ဌိဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ခန္ဓာရှိလျှင် ခန္ဓာကိုစွဲ၍ မှားမှားယွင်းယွင်း နှလုံးသွင်းခြင်းကြောင့် ''နောစသံ၊နော စ မေ သိယာ,နာ ဘဝိဿ၊ နု မေ ဘဝိဿတိ''ဟူသော မိစ္ဆာအယူဖြစ်ပုံ, မိစ္ဆာအယူမဖြစ်ပုံကို ရှေးသုတ်များကဲ့သို့ ခန္ဓာတစ်ပါးစီ တစ်ပါးစီ ဝေဖန်၍ ဟောတော်မူပြီး အနတ္တလက္ခဏာသုတ် ဒေသနာတော်နည်းအတိုင်း အရဟတ္တဖိုလ်ဆိုက်ရောက်သည်အထိ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

– သံ၊ ၂။ ၁၆၉။ သံ၊ မြန်၊ ၂။ ၁၆၀။
– သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တ။ ၃–ဒိဋ္ဌိသံယုတ္တ၊
၁–သောတာပတ္တိဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အထက်သုတ်များအတိုင်း ခန္ဓာကိုစွဲ၍ ''နောစသံ၊ နော စ မေ သိယာ၊ နာ ဘဝိဿ၊ နု မေ ဘဝိဿတိ''ဟူသော မိစ္ဆာအယူဖြစ်ပုံ၊ မဖြစ်ပုံ၊ ဒိဋ္ဌ၊ သုတ၊ မုတ၊ ဝိညာတ၊ ပတ္တ၊ ပရိယေသိတ၊ မနသာအနုစရိတတို့၌ မိစ္ဆာအယူမဖြစ်တော့ပုံ၊ သောတာပန်ဂုဏ်ရည်တို့ကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နောစေအာသာဒသုတ္တ (၂)

– သံ၊ ၂။ ၂၄၄–၅။ သံ၊ မြန်၊ ၂။ ၂၃၆။ သံ၊ ဋ္ဌ၊ ၃။ ၃–၄။ သံ၊ ဋီ၊ ၂။ ၂၈၄။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊ ၂–ယမကဝဂ္ဂ၊ ပဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အဖျတ္တိကာယတန တစ်ပါးစီ တစ်ပါးစီတို့၏ အသာဒကို အသာဒ, အာဒီနဝကိုအာဒီနဝ, နိဿရဏာကိုနိဿရဏာအားဖြင့် အမှန်အတိုင်း ထူးသောဉာဏ်ဖြင့် မသိကြသေးသမျှ သတ္တဝါတို့သည် ဩကာသလောက, သတ္တလောကမှ ကျွတ်လွတ်, ကွေကွင်း, လွတ်ကင်းကြကုန်သည်ဖြစ်၍ (ကိလေသာ) အပိုင်းအခြားကင်းသော စိတ်ဖြင့်မနေနိုင်ကြကုန်။ ထူးသောဉာဏ်ဖြင့် သိကြလျှင် သတ္တဝါတို့သည် ဩကာသလောက, သတ္တလောကမှ ကျွတ်လွတ်, ကွေကွင်း, လွတ်ကင်းကြကုန်သည်ဖြစ်၍ (ကိလေသာ) အပိုင်းအခြားကင်းသောစိတ်ဖြင့် နေနိုင်ကြကုန်၏ဟု ရဟန်းတို့အား ဘုရားရှင် အကျယ်အားဖြင့် ဟောတော်မူသည်သုတ်။

♦ အဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

– သံ၊ ၂။ ၂၄၅–၆။ သံ၊ မြန်၊ ၂။ ၂၃၇။
– သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ ၁–သဠာယတနသံယုတ္တ၊ ၂–ယမကဝဂ္ဂ၊ ဆဌသုတ်။

ဗာဟိရာယတန ခြောက်ပါးတို့ကို အထက်သုတ်အတိုင်း ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည်သုတ်။

❖ ❖ ❖

နောစေဒံ သုတ္တ

– သံ၊ ၁။ ၃၈၁–၂။ သံ၊ မြန်၊ ၁။ ၃၆၉–၃၇၀။ သံ၊ ဋ္ဌ၊ ၂။ ၁၄၄။
သံ၊ ဋီ၊ ၂။ ၁၄၈။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၃–ဓာတုသံယုတ္တ၊ ၄– စတုတ္ထဝဂ္ဂ၊ စတုတ္ထသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး

တော်မူစဉ် ''**နော စေ အဿာဒ**''သုတ်တော်ဒေသနာအတိုင်း မဟာဘုတ် လေးပါး တစ်ပါးစီ တစ်ပါးစီကို ဟောတော်မူပြီး ဝိမရိယာဒိကတစိတ်ဖြင့် မနေနိုင်ပုံ၊ နေနိုင်ပုံတို့ကို အကျယ်တဝင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက်များ ရှိပါသည်။

❖ ❖ ❖

နောပရိယေသနာနာနတ္တာသုတ္တာ

– သံ၊ ၁။ ၃၆၁။ သံ၊ မြန်၊ ၁။ ၃၄၆၊ သံ၊ ဋ္ဌ၊ ၂။ ၁၂၃။ သံ၊ ဋီ၊ ၂။ ၁၃၂။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၃– ဓာတုသံယုတ္တ၊
၁– နာနတ္တဝဂ္ဂ၊ အဋ္ဌမသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဓာတုနာနတ္တ, သညာနာနတ္တ, သင်္ကပ္ပနာနတ္တ, ဆန္ဒနာနတ္တ, ပရိဠာဟနာနတ္တ, ပရိယေသနာနာနတ္တတို့တွင် နောက်နာနတ္တကို စွဲ၍ အစဉ်အတိုင်း ရှေ့နာနတ္တတို့ ဖြစ်ပုံ, ရှေ့နာနတ္တကိုစွဲ၍ နောက်နာနတ္တတို့ မဖြစ်ပုံ၊ ဗာဟိရာယတန တစ်ပါးစီ တစ်ပါးစီကို နာနတ္တနှင့်ဆက်စပ်၍ ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

❖ ❖ ❖

နော ဖဿနာနတ္တာသုတ္တာ

– သံ၊ ၁။ ၃၅၈–၉။ သံ၊ မြန်၊ ၁။ ၃၄၃–၄။ သံ၊ ဋ္ဌ၊ ၂။ ၁၂၁။ သံ၊ ဋီ၊ ၂။ ၁၃၀။
– သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တ၊ ၃–ဓါတုသံယုတ္တ၊
၁–နာနတ္တဝဂ္ဂ၊ တတိယသုတ်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဓာတုနာနတ္တကိုစွဲ၍ ဖဿနာနတ္တဖြစ်ပုံ၊ ဖဿနာနတ္တကိုစွဲ၍ ဓာတုနာနတ္တမဖြစ်ပုံကို အကျယ်အားဖြင့် ရဟန်းတို့အား ဘုရားရှင် ဟောတော်မူသည့်သုတ်။

♦ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုချက် ရှိပါသည်။

❖ ❖ ❖

တိပိဋကသုတ္တသူစိဝိဘာဝိနီကျမ်း
(စ–ဝဂ်၊ စက္ကသုတ် မှ
တ–ဝဂ်၊ နောဖဿနာနုတ္တသုတ် အထိ
သုတ်အရေအတွက်ပေါင်း ၈၀၂–သုတ်)

ဒုတိယတွဲ ပြီးပါပြီ။

❖ ❖ ❖ ❖ ❖

တိပိဋကသုတ္တသူစိ ဝိဘာဝိနီကျမ်း
တတိယတွဲ
ဆက်လက် ထုတ်ဝေလျှောဒါန်းပါမည်။

သရုတပညာမျိုး
ပဟာသိမ်ကွန်ယူနီတာ
(၀၅–၁၁–၂၀၁၂)

ယော ဝေါ အာနန္ဒ
မယာ ဓမ္မော စ ဝိနယော စ
ဒေသိတော ပညတ္တော ၊
သော ဝေါ မမစ္စယေန သတ္ထာ ။

(ဒီ၊ ၂။ ၁၂၇။)

အာနန္ဒာ ငါဘုရားသည် သင်ချစ်သားတို့အား ဓမ္မကိုလည်း ဟောတော်မူအပ်ပြီ။ ဝိနယကိုလည်း ပညတ်တော်မူအပ်ပြီ။ ထို ငါဘုရား - ဟောအပ်ပြီးသော 'ဓမ္မ'၊ ပညတ်အပ်ပြီးသော'ဝိနယ' တို့သည် ငါဘုရား လွန်တော်မူရာအခါ၌ ဘုရားရှင်(၃၄၀၀၀)တို့ ဖြစ်ပေလိမ့်မည်။

အနုတီတသတ္တုကမေဝ ပါဝစနံ
လောကဒ္ဓ
ဓမ္မ, ဝိနယတို့ တည်ရှိနေသမျှ
(၃၄၀၀၀)သော ဘုရားရှင်တို့
အထင်အရှား ရှိနေပါသေးသည်။

အရှင်မဟာကဿပ

Graphic Design : Shwemyay-Nanda